www.burmeseclassic.com

2200
105006

ရန်အောင်စာပေ



# ဦးအေးမောင်

# စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိချက်များ

တတိယအကြိမ်

2007 GRAPHIC DESIGN KYAW MINN MOUNG

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# စိတ်ဝိညာဉ်ဆိုင်ရာလေ့လာတွေ့ရှိရချက်များ

## ဦးအေးမောင်

www.burmeseclassic.com

www.burmeseclassic.com

**စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ**

ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်**

၄၀၀၆၀၅၀၅၀၇

■

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၄၀၀၈၀၄၀၈၀၇

■

**ပုံနှိပ်ခြင်း**

တတိယအကြိမ်၊ ဒီဇင်ဘာလ ၂၀၀၇

■

အုပ်ရေ ၅၀၀

■

**မျက်နှာဖုံးဒီဇိုင်း**

ကျော်မင်းမောင်

■

**ပုံနှိပ်သူ**

ဦးတင်မောင်ဝင်း(သင်းလဲ့ဝင်းပုံနှိပ်တိုက်)

၁၊ ဗိုလ်ရာညွှန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ရန်ကုန်မြို့။

■

**ထုတ်ဝေသူ**

ဦးလှတိုး(ရန်အောင်စာပေ)

၃၄၃/၁၈၊ အနောက်ရန်ကင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

■

**ဖြန့်ချိရေး**

ရန်အောင်စာပေ

ဖုန်း-၇၂၂၅၇၂၊ ၀၉၅၁၇၉၃၉၈

■

**တန်ဖိုး**

၂၀၀၀ ကျပ်

BURMESE CLASSIC .com

## မာတိကာ


* စာရေးသူ၏အမှာ ၇
* တတိယအကြိမ် ထုတ်ဝေသူ၏အမှာစာ ၉
* ဆရာအောင်သင်းရဲ့ ဆရာကြီးဦးအေးမောင် ၁၁
* ဆရာကြီးဦးအေးမောင် ၁၃
* လူ့ဝင်စားမှုသုတေသီ ဒေါက်တာစတီဗင်ဆင် ၁၈

၁။ လူ့ဘဝ၏ အဓိကပြဿနာ ၂၅

၂။ စိတ်နှင့်ရုပ် ၃၁

၃။ စိတ်ဝိညာဉ်သုတေသန ၃၈

၄။ တယ်လီပသီ ၄၆

၅။ အနာဂတ်ကိုသိမြင်မှု ၅၄

၆။ လူတစ်ကိုယ် နှစ်ကိုယ်ခွဲ ၆၂

၇။ တစ္ဆေ ၆၉

၈။ စိတ်ကရုပ်ကိုစေစားခြင်း ၈၃

၉။ အပမှီခြင်း ၉၃

၁၀။ နတ်ဝင်တို့ကို လေ့လာတွေ့ရှိချက် ၁၀၃

၁၁။ သေသူနှင့် ဆက်သွယ်မှုလော ၁၁၆

၁၂။ စဉ်းစားရန်အချက်များ ၁၂၇

၁၃။ လူဝင်စားမှု ၁၃၄

၁၄။ လူဝင်စားမှုသုတေသန ၁၄၂

၁၅။ မယုံသူများ၏အဆို ၁၅၄

၁၆။ ပြန်လည်သုံးသပ်ချက် ၁၆၈

၁၇။ အခြားစဉ်းစားဖွယ်ရာများ ၁၇၇

၁၈။ ဒိဋ္ဌမမှကောက်ချက် ၁၈၅

၁၉။ ဤဘဝထိုဘဝ ၁၉၂

၂၀။ နိဂုံး [illegible]


www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ


(၁) တယ်လီပသီအကြောင်း နောက်ထပ်လေ့လာတွေ့ရှိရချက် ၂၁၀

(၂) သေခါနီးလူနာများ၏ နိမိတ်အာရုံထင်မှု ၂၁၅

(၃) အတိတ်ဘဝနှင့် ယခုဘဝခံစားမှု ၂၁၉

(၄) မြန်မာနိုင်ငံမှ လူဝင်စားမှုနှစ်မှု ၂၂၂
၁။ ဗလပြန်အမှု၊ ၂။ မပုရိအမှု

(၅) အလိုဆန္ဒ၊ ယုံကြည်မှုနှင့် လူဝင်စားမှု ၂၂၅

(၆) ဘဝသစ်တစ်ဖန်ဖြစ်ခြင်းနှင့်ပတ်သက်၍
ကမ္ဘာ့အသိပညာရှင်နှစ်ဦး၏ခံယူချက် ၂၂၇

(၇) တန်ခိုးဣဒ္ဓိရှိရန် ကျင့်ကြံအားထုတ်မှု ၂၂၉

(၈) ပရစိတ်ညာဉ်အားနည်းမှု ၂၃၁

(၉) ပြင်သစ်နိုင်ငံမှ အမြင်ရပုဂ္ဂိုလ်ထူးများ ၂၃၆

(၁၀) ပရစိတ်ညာဉ်ဖြင့် ရောဂါကုသခြင်း ၂၃၈

(၁၁) ရေကြောဝိဇ္ဇာများ ၂၄၀

(၁၂) တိရစ္ဆာန်များနှင့် ပရစိတ်ညာဉ် ၂၄၂

(၁၃) စိတ်ဝိညာဉ်သုတေသနနှင့် သိပ္ပံပညာ ၂၄၅

* ဝေါဟာရများ ၂၄၈

* မှီငြမ်းပြုသော စာအုပ်များ ၂၄၉


BURMESE CLASSIC .com

## စာရေးသူ၏အမှာ

လူသတ္တဝါသည် ကမ္ဘာပေါ်ရှိ အခြားသတ္တဝါများထက် များစွာသာလွန်ကြီးမားသော စိတ်တန်ခိုးသတ္တိရှိသည်။ အချို့လူများသည် စိတ်တန်ခိုးဖြင့် အတိတ်နှင့် အနာဂတ်ကို တိကျမှန်ကန်စွာ သိမြင်နိုင်သည်။ သက်မဲ့အရာဝတ္ထုများကို အလိုလိုရွေ့လျားသွားအောင် ပြုလုပ်နိုင်သည်။ ဝေးလံသော အရပ်ဒေသ၌ မိမိ၏ခန္ဓာကိုယ်ခွဲကို ရုတ်ချည်းပေါ်လာအောင် ဖန်တီးနိုင်သည် စသည်ဖြင့် ကမ္ဘာပေါ်ရှိ လူအများ ယုံကြည်ကြ၏။ ဤရှေးအစဉ်အလာ ယုံကြည်ချက်နှင့် စပ်လျဉ်း၍ ဓမ္မဓိဋ္ဌာန်ကျကျ ဆင်ခြင်သုံးသပ်ဖွယ်ရာများကို ဤစာအုပ်၌ တင်ပြထားပါသည်။

ထိုယုံကြည်ချက်ကို လက်ခံထားသောသူများမှာ ဒဏ္ဍာရီပုံပြင်သဖွယ် မှတ်ယူပစ်ပယ်ထားသော သူတို့ထက် လူဦးရေ အဆပေါင်းများစွာ အင်အားသာလိမ့်မည်ဟု ယူဆဖွယ်ရှိ၏။ ယုံကြည်သောပုဂ္ဂိုလ်များတွင် အချို့မှာ လူတို့၏ အံ့ဖွယ်သရဲ အတွေ့အကြုံများနှင့် မိမိတို့ရှေ့မှောက် ပြုလုပ်ပြသမှုများကို သိပ္ပံနည်းကျကျ ဂဃနဏ စူးစမ်းလေ့လာရာမှ ယုတ္တိအထောက်အထားခိုင်မာကြောင်း တွေ့ရှိကြသောကြောင့် ယုံကြည်ကြခြင်းဖြစ်၏။ သို့ရာတွင် ထိုသူများမှာ လူနည်းစု စိတ်ဝိညာဉ်သုတေသီနှင့် အခြားအသိပညာရှင်များဖြစ်၍ လူအများမှာမူ မစဉ်းစား မဆင်ခြင်ဘဲ ကျမ်းဂန်စွဲ၊ ဆရာစွဲ၊ ဆန္ဒစွဲများဖြင့် ယုံကြည်ကြ၏။

ထိုသို့ ယုံကြည်သူများသည် တန်ခိုးဣဒ္ဓိရှင်များအဖြစ် သူတို့အသိအမှတ်ပြုထားသော ပုဂ္ဂိုလ်တို့အကြောင်း စဉ်းစားဖွယ်ရာ သံသယဖြစ်ဖွယ်ရာများကို

www.burmeseclassic.com

www.burmeseclassic.com



လုံးဝသတိမပြုကြချေ။ ထိုပုဂ္ဂိုလ်တို့၏ စိတ်တန်ခိုးသတ္တိသည် လေ့ကျင့်အားထုတ်မှုမရှိဘဲ ရုတ်တရက်ပေါ်လာ၍ ကြာရှည်မတည်မြဲဘဲ ကာလအနည်းငယ်ကြာသောအခါ ပျောက်ကွယ်သွားစမြဲ ဖြစ်၏။ ငယ်ရွယ်စဉ်က အံ့ဖွယ်ဘာနန်းသင်္ချာစွမ်းပြခဲ့သောသူငယ်သည် နောက်ကာလ၌ သင်္ချာပညာထူးချွန်သော တက္ကသိုလ်ကျောင်းသား ဖြစ်လာလိမ့်မည်ဟု သေချာတပ်အပ် မဆိုနိုင်ချေ။ တန်ခိုးဣဒ္ဓိနှင့် အကျင့်သီလသည်လည်း မည်သို့မျှ မဆက်စပ်ဘဲ တခြားစီဖြစ်ဟန်ရှိ၏။ စိတ်တန်ခိုးသတ္တိဖြင့် ထင်ရှားကျော်စောသော အချို့လူများမှာ ကိုယ်ကျင့်တရားကောင်းသူများ မဟုတ်ချေ။

ဤကား စဉ်းစားဖွယ်ရာများမှာ အံ့ဖွယ်သရဲ စိတ်တန်ခိုးသတ္တိရှိသူများ အကြောင်းကို နှိုက်ချွတ်လေ့လာခဲ့သော အနောက်နိုင်ငံ စိတ်ဝိညာဉ်သုတေသီတို့၏ မှတ်တမ်းများမှ သိရှိရချက်များ ဖြစ်၏။ ယင်းတို့ကို လုံးဝဂရုမပြုဘဲ ဣဒ္ဓိရှင်များကို ယုံကြည်ကိုးစားသော သူတို့သည် ကြောင်သူတော်တို့၏ လှည့်စားခြင်းခံရ၍ ဘေးဒုက္ခကြုံတွေ့မည့် အန္တရာယ်ရှိ၏။ မကြာသေးမီက ဂျပန်နိုင်ငံ၌ ဘာသာရေး ဂိုဏ်းဆရာကြီးတစ်ဦး၏ လုပ်ရပ်ကြောင့် တစ်နိုင်ငံလုံး တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။ တန်ခိုးဣဒ္ဓိရှိသည်ဟု သူ၏တပည့်များက ယုံကြည်သော ထိုဆရာကြီးသည် (အဆိပ်ငွေ့ဖြင့်) နိုင်ငံအစိုးရကို ဖျက်ဆီးချေမှုန်းရန် ကြံစည်ရာ သူ၏စီမံကိန်း အောင်မြင်ရန် ကူညီဆောင်ရွက်သော သူ့တပည့်များတွင် သိပ္ပံဆရာနှင့် အခြားပညာရှင်အချို့ ပါဝင်ကြောင်း . သိရ၏။

ဗုဒ္ဓစာပေ၌ အချို့သော အရိယာပုဂ္ဂိုလ်တို့၏ တန်ခိုးအဘိညာဉ်များကို ပြဆိုထား၏။ သို့ရာတွင် တန်ခိုးဣဒ္ဓိအပေါ် ဗုဒ္ဓ၏ရှုမြင်ရပ်တည်ချက်မှာ ပွင့်လင်းပြတ်သား၏။ ဒီဃနိကာယ်ကေဝဋ္ဋသုတ်၌ ဗုဒ္ဓကိုယ်တော်တိုင်က တန်ခိုးပြဋ္ဌိဟာပြမှုကို ပြစ်တင်ရှုတ်ချ၍ “မိမိသည် တန်ခိုးပြာဋိဟာပြရန် ရှက်သည်၊ ဝန်လေးသည်၊ စက်ဆုပ်သည်”ဟု မိန့်ကြားကြောင်း ဒီဃနိကာယ်ကေဝဋ္ဋသုတ်၌ ဖော်ပြထား၏။ စင်စစ် ထေရဝါဒဗုဒ္ဓဝါဒသည် မိမိ၏ ကြီးပွားအောင်မြင်ရေးအတွက် နတ်ပြဟ္မာနှင့် အခြားတန်ခိုးဣဒ္ဓိရှင်များအပေါ် အမှီအခိုကင်းသော ကိုယ့်အားကိုယ်ကိုး လမ်းစဉ်ဖြစ်ကြောင်း ယုံမှားစရာ မရှိချေ။

အေးမောင်

# တတိယအကြိမ် ထုတ်ဝေသူ၏အမှာစာ

စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ စာအုပ်သည် ဆရာကြီးဦးအေးမောင်၏ လက်ရာမွန်တစ်ခုဖြစ်ပြီး စိတ်ဝိညာဉ်ရှိသူ လူသားတိုင်းတစ်ကြွေ့မဟုတ်တစ်ကြွေ့ ကြုံတွေ့ရနိုင်သည့် အကြောင်းအရာများကို ဖော်ပြထားသည်။ ရုပ်နာမ်နှစ်ပါး တွဲလျက်ရှိကြသော လူသားတို့အတွက် စိတ်ဝိညာဉ်ဆိုင်ရာ အကြောင်းအရာတို့သည် ရိုးသွားဟောင်းသွားသည် မရှိ။ အမြဲတစေ စိတ်ဝင်စားစရာသာ ဖြစ်နေပေသည်။ ရုပ်ဝါဒ အလွန်မိုးဆုံး၊ ရုပ်ဝတ္ထု အတိုးတက်ဆုံးသော နိုင်ငံများတွင်ပင် စိတ်ဝိညာဉ်ဆိုင်ရာ ဘာသာရပ်များသည် လေ့လာစူးစမ်းချင်စရာ အကြောင်းအရာများအဖြစ် တက္ကသိုလ် ကောလိပ်တို့၏ ပရိဝုဏ်အတွင်း ချဉ်းနင်းဝင်ရောက်ခဲ့ကြပြီဖြစ်သည်။

ဤကျမ်းကို ပြုစုသူ ဆရာကြီးဦးအေးမောင်သည် စာအုပ်တစ်တမ်းတစ်ခုတစ်လေမှ ဆူလွယ်နပ်လွယ် ဘာသာပြန်ဆိုလိုက်သည်မဟုတ်ဘဲ ကမ္ဘာကျော် ကျမ်းအစောင်စောင်ကို မွှေနှောက်ဖတ်ရှု လေ့လာပြီးမှ ဆရာကြီး၏ မူအတိုင်း အစွဲကင်းကင်း ခမ္မမိဋ္ဌာန်ကျကျ ဝေဖန်သုံးသပ်ပြထားသည်မှာ စာဖတ်သူများအဖို့ ထမင်းပွဲရှေ့ရောက် စားရသည်နှင့်ပင် တူနေသေးတော့၏။ ဆရာကြီးက ကိုယ်တိုင်စဉ်းစားတွေးခေါ်နိုင်ဝါသနာပါသူတို့အတွက်လည်း အချက်အလက်များ ရှာဖွေပေးထားပြန်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တယ်လီပသီ၊ အနာဂတ်ကိုသိခြင်း၊ လူတစ်ကိုယ်နှစ်ကိုယ်ခွဲခြင်း၊ ပုဗ္ဗာကတိုက်ခြင်း၊ အပမှီခြင်း၊ ဓာတ်စီးနတ်ဝင်ခြင်း၊ လူဝင်စား စသည့် အကြောင်းအရာတို့ကို ဝိဇ္ဇာသိပ္ပံပညာရှင်တို့၏ ထောက်ခံချက်၊ ကန့်ကွက်ချက်၊ စဉ်းစားရန် အချက်များဖြင့် ထောင့်စေ့အောင် တင်ပြထားသည်ဖြစ်ရာ နာမ်လောက၏ ပြဿနာအားလုံးကို ဤစာအုပ်တစ်အုပ်တည်းဖြင့် ထိထိမိမိ ခြုံငုံဖော်ပြနိုင်သော ကျမ်းတစ်စောင်လည်း ဖြစ်ပါ၏။

အချုပ်ဆိုရသော် ဤစာအုပ်သည် ကျမ်းလေးကျမ်း အိတ်ကြီးမဟုတ်မူဘဲ အပျင်းပြေဖတ်လျှင်လည်း ရ၊ ဗဟုသုတရှာလိုလျှင်လည်း ဖြစ်၊ စဉ်းစားဉာဏ်ရင့်သန်လိုလျှင်လည်း သင့်မြတ်လျော်ကန်လှသည် ဖြစ်သောကြောင့် တတိယအကြိမ်မြောက်အဖြစ် ရန်အောင်စာပေမှ ဂုဏ်ယူဝမ်းမြောက်စွာ ပြန်လည် ထုတ်ဝေလိုက်ရပါသည်။

ရန်အောင်စာပေ

ဆရာအောင်သင်း အားကျကြည်ညိုခဲ့ရတဲ့

## ဆရာကြီးဦးအေးမောင်

စာပေကျမ်းဂန်နှံ့စပ်ပြီး ဗဟုသုတကြီးသော ပုဂ္ဂိုလ်များကို ကျွန်တော် အလွန်လေးစားတတ်ပါသည်။ ကိုယ်ပိုင်ဉာဏ်ကို ဝံ့ဝံ့စားစားရှုရှုရှုရှ သုံးတတ်သော ပုဂ္ဂိုလ်များကို ရှိသေတတ်ပါသည်။ ၎င်းနှစ်ပါးစုံသော ပုဂ္ဂိုလ်တို့ကိုမူကား ကြည်ညိုအားကျခြင်း ဖြစ်မိတတ်ပါသည်။ ဆရာကြီးဦးအေးမောင်မှာ ကျွန်တော် အားကျကြည်ညိုမိသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ သူပြုစုခဲ့သော အောက်ပါစာအုပ်များကို လေ့လာကြည့်ရှုကြလျှင် ကျွန်တော့်အဆိုကို သဘောတူ ယုံကြည်မည်သာ ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ | ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ (သုံးတွဲ) | ၁၉၆၃–၆၅ |
| ၂။ | ဗိဇနှင့် ပတ်ဝန်းကျင် | ၁၉၆၅ |
| ၃။ | လူ့စိတ်သဘာဝ | ၁၉၆၇ |
| ၄။ | သိပ္ပံနည်းစူးစမ်းမှုနှင့် သိပ္ပံသဘော | ၁၉၆၈ |
| ၅။ | ဘဝဆည်းဆာ | ၁၉၇၂ |
| ၆။ | စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ | ၁၉၇၄ |
| ၇။ | စိတ်ပညာနှင့် ကိုယ်ကျင့်တရား | ၁၉၇၇ |
| ၈။ | စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းမှု | ၁၉၈၁ |
| ၉။ | ပိဋကတ်မှ ဗုဒ္ဓနှင့်ဓမ္မ | ၁၉၉၃ |
| ၁၀။ | သေသည်၏ အခြားမဲ့၌ (ပဋ္ဌမအကြိမ်) | ၁၉၉၄ |

စာအုပ်များ၏အမည်ကို ကြည့်လိုက်လျှင် ဆရာကြီးသည် လေးနက်ခက်ခဲသည့် အကြောင်းအရာများကို စူးစမ်းရေးသားလျက်ရှိကြောင်းကို သိနိုင်ပါသည်။ သူ့စာအုပ်တစ်အုပ်လောက်ကို ကောက်ကိုင်လိုက်ပြီး ကျမ်းကိုး

www.burmeseclassic.com

www.burmeseclassic.com



ကျမ်းညွှန်းစာရင်းကို ကြည့်လိုက်လျှင် အဘယ်မျှ အားထုတ် ကြိုးပမ်းထားကြောင်းကို တွေ့ရမည်ဖြစ်ပါသည်။ ကောက်ကိုင်လိုက်မိသည့် စာအုပ်တစ်အုပ်ကို ဖတ်ကြည့်လိုက်မိလျှင် ကိုယ်ပိုင်ဉာဏ်ကို မခိုမကပ်သုံးထားကြောင်း တွေ့ရမည်ဖြစ်ပါသည်။ အားလုံးကို ဖတ်ကြည့်လိုက်မိလျှင် ကျွန်တော့်လိုပင် အားကျကြည်ညိုမိခြင်း ဖြစ်လာပါလိမ့်မည်။

သို့ပါလျက်နှင့် . .

သို့ပါလျက်နှင့်ပင် စာဖတ်ပရိသတ် (အထူးသဖြင့် လူငယ်စာဖတ်ပရိသတ်)အတော်များများက သူ့ကို ကောင်းကောင်းသိကြပါ။ သူ့စာအုပ်တွေအကြောင်းကို ပို၍ မသိကြပါ။ ကျွန်တော့်ထံတွင် မေးလေ့ရှိကြသော စာစုံအောင် ကြိုးစားဖတ်ကြသည့် လူငယ်များထဲ၌ပင်လျှင် အများစုက မဖတ်မှုကြပါ။

အကြောင်းရင်းကို တတ်အားသမျှ စဉ်းစားကြည့်လိုက်တော့ လေးနက်သော အတွေးအခေါ်စာအုပ်များ ခါးပြတ်သွားသည်ဟု ဆိုချင်ပါသည်။ စာအုပ်တွေက ဈေးကြီးလာသည်။ ကိုယ်ပိုင်ဝယ်ပြီး ဖတ်နိုင်ဖို့က မလွယ်။ အငှားဆိုင်ကလည်း စင်ပေါ်တွင် အိပ်နေမည့် ဤသို့သော စာအုပ်ကြီးမျိုးကို တင်ကြမည် မဟုတ်။ စာကြည့်သင်း၊ စာဖတ်သင်း ဆိုတာမျိုးတွေကလည်း ခေါင်းပါးလွန်းလှသည်။ ဒီလိုစာအုပ်မျိုးကို ပြန်ပြီး ရိုက်မည်ဆိုလျှင်လည်း ဈေးက မြင့်လာရဦးမည်။ အရောင်းသွက်မည့် စာအုပ်မျိုးမဟုတ်။ သည်တော့ တော်ရုံတန်ရုံ ထုတ်ဝေသူကလည်း စိတ်ဝင်စားစရာ အကြောင်းမရှိ။ ဤသို့အားဖြင့် လူငယ်ပရိသတ်နှင့် ဆရာကြီးဦးအေးမောင် အဆက်ပေးသွားမည်ဟု ထင်မိသည်။

တကယ်တော့ လူငယ်တွေက (အားလုံးမဟုတ်လျှင်တောင်) စာသမားလူငယ်တချို့က ဒါမျိုးကို ဖတ်ချင်ကြပါသည်။ ကျွန်တော်က ညွှန်လိုက်သောအခါ သူတို့တစ်တွေ ရှာဖွေပြီး ဖတ်ကြည့်သည်။ ဖတ်လိုက်ပြီးတော့ အငမ်းမရ စိတ်ဝင်စားလာကြပြန်သည်။ ဆရာကြီးဦးအေးမောင်၏စာအုပ်များကို အဟောင်းတန်းမှာသွားပြီး ရှာကြသည်။ ဖတ်ကြသည်။

အဲသည်နောက်မှာတော့ ဆရာကြီးကိုယ်တိုင်နှင့် တွေ့ချင် မေးချင်လာကြသည်။

**အောင်သင်း၏အင်တာဗျူးစာအုပ်**
**၁၉၉၇၊ အောက်တိုဘာလ။**

## ဆရာကြီးဦးအေးမောင်
## (၁၉၁၄–၂၀၀၂)

၁၉၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြင်ဦးလွင်မြို့၌ အဖေ ဦးသိန်းကျော်နှင့် အမိ ဒေါ်သင်တို့မှ ဖွားမြင်သည်။

မန္တလေးမြို့ ဝယ်စလီကျောင်း၌ ပညာသင်ကြားခဲ့ကာ ၁၉၃၂ ခုနှစ်တွင် ဆယ်တန်းအောင်မြင်သည်။ ရန်ကုန်ဆရာဖြစ်သင်ကောလိပ်သို့တက်ရောက်၍ ၁၉၃၇ ခုနှစ်၌ ဆရာဖြစ် စာမေးပွဲအောင်မြင်သည်။ မုံရွာမြို့ ဝယ်စလီကျောင်း၌ ၁၉၃၈ မှ ၁၉၄၀ ထိ သုံးနှစ်ကြာ ကျောင်းဆရာလုပ်ခဲ့သည်။ ထို့နောက် ရန်ကုန်ဆရာဖြစ်သင်ကောလိပ် လေ့ကျင့်ရေးကျောင်း၌ ဆရာအဖြစ် ၂ နှစ်ကြာလုပ်ကိုင်ခဲ့သည်။

စစ်ပြီးခေတ်တွင် ၁၉၄၉ ခုနှစ်မှစ၍ ၁၉၇၅ ခုနှစ်အထိ စာပေဗိမာန်၊ ဘာသာပြန် စာပေအသင်း၌ လက်ထောက်အယ်ဒီတာ(စာတည်း)အဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် အငြိမ်းစားယူသည်။

မြဝတီမဂ္ဂဇင်း၊ ဂါးဒီးယန်းမဂ္ဂဇင်း၊ လုပ်သားပြည်သူ့နေ့စဉ်(မြန်မာ–အင်္ဂလိပ်) သတင်းစာနှင့် အခြားမဂ္ဂဇင်းသတင်းစာများတွင် ဘာသာရေး၊ စိတ်ပညာ၊ သိပ္ပံပညာနှင့် အခြားပညာရေးဆောင်းပါးများကို နှစ်ပေါင်း ၂၀ ကျော်မျှ ရေးသားခဲ့သည်။

ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ(သုံးတွဲ)၊ ဗိဇနှင့် ပတ်ဝန်းကျင်၊ လူ့စိတ်သဘာဝ၊ သိပ္ပံနည်းကျရှုစမ်းမှုနှင့် သိပ္ပံပညာသဘော၊ စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိရချက်များ၊ ဘဝဆည်းဆာ၊ စိတ်ပညာနှင့် ကိုယ်ကျင့်တရား၊ စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းရေး၊ သေသည်၏ အခြားမဲ့၌ ပိဋကတ်မှ ဗုဒ္ဓနှင့် ခေမ္မသိပ္ပံနည်းရှုစမ်းလေ့လာမှုနှင့် အတွေးအမြင် စာစုများ၊ လူ့ဘဝလူ့လောကအမြင် (ပထမတွဲနှင့် ဒုတိယတွဲ)၊ ဗုဒ္ဓအပြင်လူသားစွမ်းအင်၊ လူတစ်ယောက်၏ခွန်အား၊ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ၏ ထူးခြားချက်များ စသည့်စာအုပ်များ ပြုစုရေးသားခဲ့သည်။ မဟာစည်ဆရာတော်ဘုရားကြီး၏ တရားစာအုပ် ငါးအုပ်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့ပြီး ပိဋကတ်ဘာသာပြန် ဖြန့်ချိရေးအဖွဲ့အတွက် ပိဋကတ်ကျမ်း စာအုပ်ကိုလည်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့သည်။

ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ(သုံးတွဲ)ကို ပေါင်းချုပ်အဖြစ် ပြန်လည်ပြုပြင် ရေးသားခဲ့ပြီး THE BUDDHA AND HIS TEACHING အမည်ဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆို ရေးသားခဲ့သည်။

၂၀၀၂ ခုနှစ် မေလ ၁၁ ရက်တွင် စမ်းချောင်းရပ် နေအိမ်၌ ကွယ်လွန်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေထဲပျံဝဲပြနေသောသိဒ္ဓိရှင်ဒီဒီဟုမ်း



ဓာတ်စီးနတ်ဝင်ပြီးပစ္စည်းများလေထဲပျံဝဲနေပုံ



ဓာတ်စီးနတ်ဝင်သည်မစ္စကက်ပိုက်ပါ




နတ်မျက်စိရှင်အက်ဒဂါကေစီ




မနာမကျင်အစွမ်းပြနေသူတစ်ဦးအားစက်များဖြင့်စမ်းသပ်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com





သစ်ကိုင်းတောင်ဝှေးသုံးပြီးရေရှာနေသောရေဝိဇ္ဇာတစ်ဦး




ဦးခေါင်းကိုမြေမြှုပ်ပြီးအစွမ်းပြနေသောဖကီတစ်ဦး



စိတ်စွမ်းအင်ပိုင်ရှင်ယူရီဂယ်လာ



အလိုအလျောက်ရေးသောစာ(အော်တိုမတ်တစ်စာပေ)



တယ်လီပသီစစ်ဆေးရာတွင်သုံးသောဇီနာကတ်ပြားများ

www.burmeseclassic.com

www.burmeseclassic.com

## လူဝင်စားမှုသုတေသီ ဒေါက်တာစတီဗင်ဆင်

လွန်ခဲ့သောတစ်လလောက်က ဩစတြေးလျနိုင်ငံ စိတ်ပညာ ပါမောက္ခတစ်ဦးထံမှ စာတစ်စောင် ကျွန်တော့်ထံရောက်လာ၏။ ရှေ့နှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံသို့လာ၍ လူဝင်စားမှုများလေ့လာရန် မျှော်လင့်ကြောင်း ရေးသား၍ သူ့အား ကျွန်တော်နှင့် မိတ်ဆက်ပေးသော အမေရိကန်နိုင်ငံသား ပရစိတ္တ သုတေသီပညာရှင် ဒေါက်တာစတီဗင်ဆင်နှင့် သတင်းစာဆရာတစ်ဦး၏ တွေ့ဆုံမေးမြန်းခန်း မိတ္တူကို သူ့စာနှင့်အတူ ပေးပို့လိုက်၏။

ဒေါက်တာစတီဗင်ဆင်အကြောင်းကို ကျွန်တော်၏ "သေသည်၏အခြားမဲ့၌" စာအုပ်ဖတ်ဖူးသောသူများအနည်းအကျဉ်းသိရှိပြီးဖြစ်၏။ အမေရိကန်နိုင်ငံ ဗာဂျီးနီးယားတက္ကသိုလ်၌ စိတ္တဇရောဂါဗေဒ ပါမောက္ခရာထူးကို ထမ်းရွက်၍ ကမ္ဘာအနှံ့အပြားရှိ လူဝင်စားမှုများကို နှစ်ပေါင်းများစွာ သိပ္ပံနည်းကျ လေ့လာခြင်းဖြင့် နာမည်ထင်ရှားလာသူဖြစ်၏။ စာအုပ်အတော်များများ ရေးသား၍ အချို့ကို ဥရောပဘာသာများသို့ ပြန်ဆိုထုတ်ဝေရ၏။ ကျွန်တော်၏စာအုပ်၌ ပါရှိသော လူဝင်စားမှုအကြောင်းအရာများမှာ သူ၏စာအုပ်အချို့ကို အခြေခံပြု၍ ဖော်ပြထားခြင်းဖြစ်၏။ သူ၏စူးစမ်းလေ့လာမှုကို သိပ္ပံဆရာအများစုက လျစ်လျူရှုထားသော်လည်း အချို့က စိတ်ဝင်စားကြ၏။

မည်သို့ဖြစ်စေ ဒေါက်တာစတီဗင်ဆင်သည် လူဝင်စားမှု ပြဿနာကို လေ့လာရာ၌ အစွဲဥပါဒါန်မရှိဘဲ တတ်နိုင်သမျှ စိတ်ရှည်လက်ရှည် မေ့မိဋ္ဌာန်ကျကျ လေ့လာခဲ့ကြောင်း ယုံမှားဖွယ်ရာမရှိချေ။ သို့ဖြစ်၍ သူ့ကို တွေ့ဆုံမေးမြန်းသော သတင်းစာဆရာအား သူ၏ပြောပြချက်များမှ မြန်မာဗုဒ္ဓဘာသာဝင်များ သိမှတ်ဖွယ်ရာ ဆင်ခြင်သုံးသပ်ဖွယ်ရာအချို့ကို ဖော်ပြပါအံ့။



**(မေး) တမလွန်ဘဝပြဿနာကို နှစ်ပေါင်း (၄၀)ကြာအောင် ဆရာ စူးစမ်းလေ့လာပြီးနောက် တမလွန်ဘဝရှိတယ်လို့ ယုံကြည်ရန် အခိုင်အမာဆုံး အထောက်အထားက ဘာဖြစ်ပါသလဲ?**

(ဖြေ) ဘဝသစ်တစ်ဖန် ဖြစ်မှုကို ယုံကြည်ရန် အတော်အတန် ခိုင်မာတဲ့ အထောက်အထားကတော့ အတိတ်ဘဝကို ပြန်လည်မှတ်မိတဲ့ ကလေးတွေ ရှိခြင်းပါပဲ။ အဲဒီလို လူဝင်စားကလေးသူငယ်ပေါင်း ၂၆၀၀ လောက်ကို ကျွန်တော် စူးစမ်းလေ့လာပြီး မှတ်တမ်းတင်ထားတယ်။ လေ့လာရာမှာ ယခုဘဝမိသားစုနဲ့ ဘဝဟောင်းမှဆိုင်ရာ မိသားစုတို့ လုံးဝ သိကျွမ်းမှုမရှိသေးတဲ့ ကလေးသူငယ်တွေကို ဦးစားပေးပြီး ကျွန်တော်တို့ စူးစမ်းလေ့လာကြတယ်။ ဒီလိုစိစစ်ရွေးချယ်မှုမရှိရင် လေ့လာတွေ့ရှိရချက်တွေဟာ ယုံမှားသံသယဖြစ်ဖွယ်ရှိနေမယ်မဟုတ်လား။ ဒီလိုသက်ဆိုင်ရာ မိသားစုများ သူစိမ်းပြင်ပြင်လိုဖြစ်နေတဲ့ ကလေးသူငယ် သုံးဆယ်လောက်အကြောင်း ကျွန်တော်တို့ ကိုယ်တိုင်လေ့လာတွေ့ရှိရချက်များကို အထူးဂရုပြုပြီး မှတ်တမ်းတင်ထားပါတယ်။ သူတို့အကြောင်း စုံစုံစေ့စေ့လေ့လာရန် အခက်အခဲ သိပ်မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဘဝဟောင်းချုပ်ငြိမ်းမှုနဲ့ ဘဝသစ်ဖြစ်မှုရဲ့ ကြားကာလဟာ အများအားဖြင့် တိုတောင်းပြီး တစ်ခါတစ်ရံ တစ်ရက်မျှသာ ကြာပါတယ်။

**(မေး) ကလေးတွေဟာ အမြဲစိတ်လှုပ်ရှားနေတော့ သူတို့ပြောတဲ့ စကားကို ဆရာတို့ အခါခပ်သိမ်း လက်ခံယုံကြည်လို့ ဖြစ်ပါ့မလား?**

(ဖြေ) စိတ်ပညာရှင်တွေရဲ့စူးစမ်းလေ့လာချက်အရ ကလေးတွေဟာ အကြောင်းမဲ့သက်သက် လိမ်မပြောတတ်ကြပါဘူး။ ကျွန်တော်တို့ရဲ့ သုတေသနလုပ်ငန်းကလဲ ကလေးပြောပြချက်နဲ့ မပြီးဆုံးပါဘူး။ သူ့စကားကို အမှားအမှန်ဆုံးဖြတ်ရန် ဘဝဟောင်းက သူ့ဆွေမျိုးသားချင်းတွေရဲ့ ပြောပြချက်ကို နှိုင်းယှဉ်ချိန်ကိုက်ကြည့်ရပါတယ်။

**(မေး) လူဝင်စားကလေးတွေရဲ့ ပြောပြချက်ထက် ပိုမိုခိုင်မာတဲ့ အခြားအထောက်အထားတွေကို ဆရာတို့တွေ့ရပါသေးလား?**

(ဖြေ) တွေ့ရပါတယ်။ အဲဒီတွေ့ရချက်က လူဝင်စားကလေးအချို့ဟာ [illegible] ယွင်းမှုများ တူညီနေခြင်းပါပဲ။ ဘဝဟောင်းက သေနတ်ထိမှန်[illegible] သေဆုံးတဲ့ကလေး ၄၃ ယောက်အကြောင်းကို ကျွန်တော်တို့ စုံစမ်း[illegible]က သူတို့ကို ခွဲစိတ်လေ့လာတဲ့ ဆရာဝန်များရဲ့ တွေ့ရှိချက် မှတ်[illegible]တတ်ပုံတွေထဲမှာ သေနတ်ကျည်ဆံ ထွက်ပေါက်ဝင်ပေါက်တွေဟာ [illegible]

www.burmeseclassic.com



တည်နေရာအားဖြင့် ဆိုင်ရာလူဝင်စားကလေးတွေရဲ့ မွေးရာပါ အမှတ်လက္ခဏာတွေနဲ့ အံ့ဖွယ်လိလိ တူညီနေတာတွေ့ရပါတယ်။

**(မေး) ဒီလို အသေဆိုးသေပြီး ဘဝသစ်ဖြစ်လာတဲ့ ကလေးတွေဟာ သူတို့ရဲ့ ဘဝဟောင်းအဖြစ်အပျက်ကို မှန်ကန်တိကျစွာ ပြောပြနိုင်ကြရဲ့လား?**

(ဖြေ) သူတို့ မှတ်မိသမျှ ပြောပြတာတွေဟာ အတော်တိကျမှန်ကန်ပါတယ်။ အများအားဖြင့် အသက် ၂ နှစ်နဲ့ ၆ နှစ်ကြားအရွယ်မှာ ပြောပြတတ်ကြတယ်။ အသက် ၂ နှစ် ၃ နှစ်အရွယ်မှာတော့ သူတို့ဟာ စကားကောင်းကောင်း မပြောတတ်သေးတဲ့အပြင် ဘဝအတွေ့အကြုံတွေက များတဲ့အတွက် ဘဝဟောင်းကို မှတ်မိတဲ့ (ဇာတိဿရ) ဉာဏ်ဟာ သိပ်မထင်ရှားဘူး။ ဒါပေမယ့် ဘဝဟောင်းက ဖြစ်ပျက်မှုနဲ့ ဆက်စပ်နေတဲ့ စိတ်လှုပ်ရှား ခံစားမှုလက္ခဏာတွေကတော့ အထင်အရှားပြလာတတ်ကြတယ်။ ဥပမာ ထိတ်လန့်ကြောက်ရွံ့တဲ့ အမူအရာမျိုးပေါ့။

အဲဒီ ဘုမသိဘမသိ ကြောက်ရွံ့တဲ့ပုံတ်ကို သီရိလင်္ကာနိုင်ငံမှ လူဝင်စားမှုတစ်ခုမှာ ကျွန်တော်တွေ့ဖူးတယ်။ နို့စို့အရွယ် မိန်းကလေးတစ်ယောက်ဟာ ရေချိုးတဲ့နေရာနဲ့ ဘတ်(စ)ကားကို အကြောင်းမဲ့သက်သက် အလွန်ကြောက်တယ်။ ရေချိုးခန်းထဲခေါ်သွားရင် အတင်းအော်ဟစ်ရုန်းကန်တာပဲ။ ဘတ်(စ)ကားတစ်စီးအနီး အမှုမဲ့အမှတ်မဲ့ရောက်သွားရင်လဲ ထိတ်လန့်ပြီး အော်ငိုကော့ကာပဲ။ စကားပြောတတ်တဲ့အရွယ်ရောက်မှ သူ့ရဲ့ဘဝဟောင်း အဖြစ်အပျက်ကို ပြောပြတယ်။ သူ့အဆိုအားဖြင့် သူ အသက် ၉ နှစ်အရွယ်လောက်က တစ်နေ့မှာ ရေလျှံနေတဲ့ လယ်ကွင်းတစ်ခုရဲ့ ကန်သောင်ရိုးမှာ လမ်းလျှောက်သွားနေစဉ် ဘတ်(စ)ကားတစ်စီးက သူ့အနား ရုတ်တရက် ဖြတ်သွားလို့ သူထိတ်လန့်ပြီး လယ်ကွင်းထဲကျသွားရာမှ ရေနစ်သေဆုံးခဲ့ရတယ်။

ဒီအချက်တွေဟာ မှန်ကန်ကြောင်း နောက်မှ ကျွန်တော်တို့သိရ တယ်။ ရေနစ်သေတဲ့ မိန်းကလေးရဲ့မိသားစုကို ၄ မိုင်လောက်ဝေးတဲ့ နေရာမှာ တွေ့လို့ မေးကြည့်တော့ လူဝင်စားကလေးမ ပြောတဲ့ စကားတွေအားလုံး မှန်ကန်နေတယ်။ သူတို့မိသားစုဟာ ဘဝဟောင်းမှ မိသားစုနဲ့ သိကျွမ်းဆက်သွယ်မှု လုံးဝမရှိကြပါဘူး။

**(မေး) တစ်ခါက အမေရိကန်နိုင်ငံမှာ အချို့လူတွေကို အိပ်မွေ့ချပြီး ဘဝဟောင်းကို စူးစမ်းလေ့လာတဲ့သတင်း ကျွန်တော်တို့ ကြားဖူးတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး ဆရာ ဘယ်လိုထင်ပါသလဲ?**



(ဖြေ) ဒီသတင်းတွေဟာ အများအားဖြင့် မခိုင်လုံပါဘူး။ ၁၉၅၂ ခုနှစ်က ဘရိုက်ဒီမာဖီဆိုတဲ့ အမျိုးသမီးတစ်ဦးရဲ့ သတင်းကတော့ အခြေအမြစ် အတန်အသင့်ရှိပါတယ်။ သူဟာ ၁၉ ရာစုခေတ် အိုင်ယာလန်နိုင်ငံ မြို့ကလေးတစ်မြို့ရဲ့ လူနေမှုစနစ်ကို အသေးစိတ်ပြောပြပါတယ်။ သူပြောတဲ့အချို့အချက်တွေဟာ လူသိနည်းပေမယ့် မှန်ကန်နေတော့ အံ့သြဖွယ်ရာ ကောင်းတာပေါ့။ ဒါပေမယ့် သူ့ရဲ့ဘဝဟောင်းအကြောင်း စုံစမ်းကြည့်တော့ သဲလွန်စ ဘာမှ ရှာမရပါဘူး။

အိပ်မွေ့ချခံရတဲ့ ရှေးကာလ ဘယ်တုန်းကမှ မိမိတို့ လုံးဝမသိနားမလည်တဲ့ နိုင်ငံခြားဘာသာစကားကို ပြောတဲ့ အချို့လူတွေလဲ ရှိတယ်။ သူတို့က နည်းပါတယ်။ သူတို့ကို လူဝင်စားဟုတ်မဟုတ် စူးစမ်းလေ့လာရန်ကိစ္စကလဲ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။

**(မေး) ကမ္ဘာပေါ်မှာ တမလွန်ကို လက်ခံယုံကြည်တဲ့လူတွေ အတော်များပါသလား?**

(ဖြေ) ဟုတ်ကဲ့၊ အထူးသဖြင့် ရှေးပဝေသဏီကစပြီး မိရိုးဖလာ အယူဝါဒဖြစ်နေတဲ့ အာရှတောင်ပိုင်းမှာ ဒီအယူကို စွဲစွဲမြဲမြဲလက်ခံထားတဲ့ လူဦးရေ အများဆုံးပါပဲ။ ဒါပေမယ့် ရိုးရာဘာသာကျမ်းများရဲ့ ထောက်ခံမှုမရှိဘဲ အချို့နိုင်ငံတွေမှာ ဒီအယူပြန့်ပွားနေတာကိုလဲ တွေ့ရပါတယ်။ ဥပမာ အလက်စကားပြည်နယ်က အက်စကီးမိုးတွေဟာ ဘဝသစ်တစ်ဖန်ဖြစ်မှုကို ယုံကြည်ကြပါတယ်။ အာဖရိကတိုက်အနောက်ပိုင်းမှာလဲ နိုင်ဂျီးရီးယားနိုင်ငံမှ ဆီနီဂယ်နိုင်ငံအထိ ဒီအယူပျံ့နှံ့နေပါတယ်။

လူတွေရဲ့ ခံယူချက်ကတော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အနည်းငယ် ကွဲပြားခြားနားပါတယ်။ ဟိန္ဒူဘာသာဝင်တွေက လူသေလျှင် ဘဝကူးပြောင်းတယ် ယူဆတာကို အာရှတောင်ပိုင်း ဗုဒ္ဓဝါဒီတွေက လက်မခံကြဘူး။ သူတို့က ဖယောင်းတိုင်နှစ်တိုင်ရဲ့ ဆီမီးကူးစက်မှုကို ဥပမာဆောင်ပြီး ဘဝသစ်တစ်ဖန်ဖြစ်တဲ့လူဟာ လူသစ်လဲမဟုတ်၊ လူဟောင်းလဲမဟုတ်ဘူးလို့ ယုံကြည်ကြတယ်။ ဗုဒ္ဓကလဲ ဒီပြဿနာကို တွေးခေါ်ကြံဆနေခြင်းဟာ ဘာမျှအကျိုးမရှိဘူးဆိုပြီး ပြတ်ပြတ်သားသား ရှင်းမပြခဲ့ဘူး။

**(မေး) လူသတ္တဝါတိုင်း ဘဝသစ်တစ်ဖန် ဖြစ်တယ်လို့ ဆရာယုံကြည်ပါသလား?**

(ဖြေ) အဲဒီလိုယုံကြည်ချက်မျိုး မရှိပါဘူး။ အချို့ကလေးသူငယ်များရဲ့အပြုအမူ

www.burmeseclassic.com

www.burmeseclassic.com



စရိုက်သနှာ စသည်တို့ကို လေ့လာတဲ့အခါ သူတို့ရဲ့ အတိတ်ဘဝကို ထည့်သွင်းစဉ်းစားသင့်ကြောင်းကိုသာ ကျွန်တော် ထောက်ပြလိုပါတယ်။ ယခုခေတ် အနောက်တိုင်း သိပ္ပံဆရာတွေကတော့ ကလေးရဲ့ရုပ်နာမ်တရားဟာ ပဋိသန္ဓေတည်ပြီးတဲ့နောက်မှ ဖြစ်ပေါ်လာပြီး သူ့ရဲ့စိတ်နေစိတ်ထားကို ဖန်တီးတယ်လို့ အစွဲအမြဲခံယူထားကြတယ် မဟုတ်လား။ အမှန်စင်စစ်ဆိုရင် လူအများမသိနားမလည်တဲ့အရာကို တစ်ခုတည်းသောအကြောင်းတရားဖြင့် မည်သူမဆို ကျေကျေနပ်နပ် လက်ခံနိုင်အောင် ယုတ္တိအထောက်အထားပြနိုင်စွမ်းရှိတာဟာ သဗ္ဗညုပညာမှတစ်ပါး အခြားသိပ္ပံပညာမရှိပါဘူး။

**(မေး)** **ဆရာ့ရဲ့ လူ့ဝင်စားမှုသုတေသနလုပ်ငန်းကို ပြစ်တင်ဝေဖန်တဲ့လူတွေ မရှိဘူးလား?**

(ဖြေ) ရှိတာပေါ့။ ဒါပေမယ့် ချီးကျူးထောက်ခံတဲ့လူတွေလဲ ရှိပါတယ်။ အချို့သော တစ်သီးပုဂ္ဂလသုတေသီတွေဆိုရင် ကျွန်တော့်ရဲ့ နည်းနာဥပဒေသနဲ့အညီ လူ့ဝင်စားကလေးတွေကို လေ့လာပြီး ကျွန်တော်တွေ့ရှိထားတဲ့ အချက်တွေကို တွေ့ရှိနေကြပါပြီ။ သူတို့ရဲ့ လေ့လာမှုနဲ့ တွေ့ရှိရချက်တွေကို သိပ္ပံနည်းစူးစမ်းရှာဖွေမှုအသင်းရဲ့ ဂျာနယ်မှာ အများအားဖြင့် သူတို့ရေးသားခဲ့ကြတယ်။ အဲဒီအသင်းဟာ လွန်ခဲ့သော နှစ်ပေါင်း (၁၄) နှစ်က အချို့သောအကြောင်းအရာတွေကို သိပ္ပံနည်း စူးစမ်းမှုနယ်မှ ဖယ်ထုတ်ထားပြီး သမားရိုးကျသိပ္ပံနည်းကို ဖက်တွယ်ထားလိုတဲ့ သိပ္ပံဆရာတွေနဲ့ ဆန့်ကျင်ဖက်သုတေသီပညာရှင်တစ်စု တည်ထောင်ခဲ့တဲ့အသင်းပါပဲ။

**(မေး)** **လူ့ဝင်စားမှု သုတေသနနယ်မှ ဆရာရရှိခဲ့တဲ့ အဓိကသင်ခန်းစာများကို ကျွန်တော် သိပါရစေ?**

(ဖြေ) အရေးအကြီးဆုံးအချက်ကတော့ ဘယ်အရာကိုမှ အစွဲဥပါဒါန် မထားဘဲ သိရှိရသမျှကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်တတ်တဲ့အကျင့်ပါပဲ။ အထင်ကရ ရှေးဆရာကြီးတွေရဲ့ အဆိုအမိန့်များကို မျက်စိမှိတ်လက်ခံခြင်းမပြုဖို့လဲ အရေးကြီးပါတယ်။ ပြဿနာတစ်ခု သိပ္ပံနည်းကျ လေ့လာရာမှာ သိရှိရတဲ့အချက်တွေကို ဖြစ်ကတတ်ဆန်း စုဆောင်းမထားဘဲ ခွဲခြားစိစစ်ပြီး စနစ်တကျ မှတ်တမ်းတင်ထားဖို့ လိုတယ်။ အကြောင်းတရားရှာကြရာမှာ ရှေးယခင်က မိမိလုံးဝစိတ်မကူးမိတဲ့အချက်ကို “ဒါကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး”ဆိုပြီး ပစ်ပယ်မထားသင့်ဘူး။ ဖြစ်နိုင်တဲ့ အကြောင်းတရားအားလုံးကို ရေဆုံးရေဖျား ဆင်ခြင်သုံးသပ်ဖို့ အရေးကြီးတယ်။



သိပ္ပံနည်းကျ စူးစမ်းလေ့လာရာမှာ လုံ့လဝိရိယ၊ ဇွဲသတ္တိ အစရှိတဲ့အရည်အချင်းများရှိရန် လိုအပ်ကြောင်း အထူးပြောဖို့မလိုပါဘူး။ ဒါပေမယ့် ခေတ်တစ်ခေတ်မှာ အဲဒီစိတ်ဓာတ်ခွန်အားမျိုးရှိတဲ့ သုတေသီပညာရှင်တွေ စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းအနေနဲ့ဖြစ်စေ လူ့ဝင်စားပြဿနာကို စူးစမ်းလေ့လာကြရုံမျှဖြင့် ထိထိရောက်ရောက် ဖြေရှင်းနိုင်မယ်လို့ထင်ရင် မှားမှာပဲ။ ဘာကြောင့်လဲဆိုတော့ ဒီပြဿနာကို ကမ္ဘာ့အတိုင်းအတာအရ လေးလေးနက်နက် စိတ်ဝင်စားတဲ့ နိုင်ငံအစိုးရတွေနဲ့ သိပ္ပံပညာရှင်တွေ နည်းပါတယ်။ သို့ဖြစ်၍ ယခုကြိုးစားအားထုတ်ပြီး စူးစမ်းလေ့လာနေကြတဲ့ သုတေသီပုဂ္ဂိုလ်တစ်စုရဲ့နေရာကို ဆက်ခံမယ့် မျိုးဆက်သစ်ပညာရှင်များ တိုးတက်ပေါ်ထွန်းပါစေလို့ ကျွန်တော် ဆန္ဒပြုပါတယ်။

* * *

ဒေါက်တာစတီဗင်ဆင်သည် ၁၉၆၁ ခုနှစ်က အိန္ဒိယနိုင်ငံသို့သွားရောက်လည်ပတ်ရာမှ အစပြု၍ လူ့ဝင်စားမှုနှင့် အခြားစိတ်ဝိညာဉ်ဆိုင်ရာ အကြောင်းရပ်များတွင် စိတ်ဝင်စားလာခဲ့၏။ အထူးသဖြင့် မြန်မာ၊ ထိုင်း၊ သီရိလင်္ကာစသော အာရှတောင်ပိုင်း ထေရဝါဒဗုဒ္ဓဘာသာထွန်းကားရာ နိုင်ငံများနှင့် အခြားကမ္ဘာ့အရပ်ရပ်သို့ သွားရောက်၍ လူ့ဝင်စားမှုများကို သုတေသနပြုခဲ့၏။ ယခုအခါ၌မူ အသက် ၇၈ နှစ်ရှိပြီဖြစ်၍ ခရီးမထွက်တော့ဘဲ ဗာဂျီးနီးယားတက္ကသိုလ်၌ စာအုပ်များ ဆက်လက်ရေးသားလျက်ရှိ၏။ တေးဂီတမှတစ်ပါး အခြားအပျင်းဖြေမှုမရှိဘဲ မိမိ၏သုတေသနလုပ်ငန်း၌ ပျော်မွေ့နေသူဖြစ်၏။

မြန်မာနိုင်ငံသို့ ဒေါက်တာစတီဗင်ဆင် မကြာခဏလာရောက်စဉ်က သုတေသနပြုရာတွင် သူနှင့်အတူလိုက်ပါ၍ သူ၏စူးစမ်းလေ့လာမှုကို တက်တက်ကြွကြွ ကူညီဆောင်ရွက်ပေးသောသူမှာ ဦးဝင်းမောင်ဖြစ်၏။ ဦးဝင်းမောင်မှာ ယခု ကွယ်လွန်ပြီဖြစ်ရာ လူ့ဝင်စားမှုများကို လေ့လာရန် နိုင်ငံခြားမှ သုတေသီများ မြန်မာနိုင်ငံသို့ရောက်ရှိလာပါက သူတို့အား ကူညီရန် ဦးဝင်းမောင်ကဲ့သို့သော ဒေသခံသုတေသီလက်ထောက်ရရှိရန် မလွယ်ကူချေ။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၌ ရှေးမိရိုးဖလာ ယုံကြည်မှုကြောင့်ပေလားမသိ။ လူ့ဝင်စားမှု(ဝါ) ဘဝသစ်တစ်ဖန်ဖြစ်မှုပြဿနာကို လေးလေးနက်နက် စိတ်ဝင်စားသောသူ အလွန်နည်းပါး၏။ လူ့ဝင်စားကလေးသူငယ်တစ်ယောက်အကြောင်း သတင်းထွက်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာပါက ကလေး၏ မိဘဆွေမျိုးသားချင်းများ၏ ပြောပြချက်ကို ကြားသိရကာမျှဖြင့် စိတ်ဝင်စားမှု ပြေပျောက်သွားစမြဲဖြစ်၏။ အနောက်တိုင်းသုတေသီပုဂ္ဂိုလ်တို့ကမူ ထိုသို့ကြားသိရရုံမျှနှင့် မကျေနပ်ဘဲ ကလေး၏ဘဝဟောင်းမှ မိသားစုကိုရှာဖွေ၍ တွေ့ဆုံမေးမြန်းပြီးလျှင် နိုက်ချွတ်လေ့လာသိရှိရသမျှကို ဓမ္မဓိဋ္ဌာန်ကျကျ ဆင်ခြင်သုံးသပ်၍ ဆုံးဖြတ်ပေလိမ့်မည်။

သူတို့၏ စူးစမ်းလေ့လာမှုမှာ မဇ္ဈိမနိကာယ်၌ ကာလာမအမျိုးသားတို့အား အမှန်တရားရှာဖွေနည်းကို ညွှန်ပြထားသော ဗုဒ္ဓ၏ဆုံးမဩဝါဒနှင့်အညီဖြစ်၏။ စင်စစ် အနောက်တိုင်းသားတို့အား ဗုဒ္ဓသာသနာသို့ ဆွဲဆောင်သော ဗုဒ္ဓတရားနှစ်ပါးမှာ အများအားဖြင့် ဘဝသံသရာနှင့် ကမ္မဝါဒဖြစ်ကြောင်း ကျွန်ုပ်တို့ သိရှိရ၏။ ယခုအခါ ဒေါက်တာစတီဗင်ဆင်၏ သိပ္ပံနည်းကျ သုတေသနပြုမှုကြောင့် လူသတ္တဝါသည် အကိတ်ဘဝက၏ ပြုပြင်စီမံမှုနှင့် မကင်းနိုင်ကြောင်း လက်ခံယုံကြည်သော အနောက်နိုင်ငံသားများ တိုးပွားနေလိမ့်မည်ဟု ယူဆဖွယ်ရှိ၏။ သို့ဖြစ်၍ ပြည်ပသာသနာပြုလုပ်ငန်းခွင်၌ ဆောင်ရွက်ရန် စိတ်ဆန္ဒပြင်းပြသော မြန်မာဗုဒ္ဓဝါဒီတို့သည် ဒေါက်တာစတီဗင်ဆင်ကို အတုယူ၍ လူဝင်စားမှုများကို သိပ္ပံနည်းကျ စူးစမ်းလေ့လာခြင်းဖြင့် ဗုဒ္ဓသာသနာ ကမ္ဘာပြန့်ပွားရေးကို ကူညီပံ့ပိုးနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

●

အခန်း [ ၁ ]

# လူ့ဘဝ၏ အဓိကပြဿနာ

ရှေးပဝေသဏီကစ၍ ယနေ့အထိ ကမ္ဘာပေါ်ရှိ အသိပညာရှင်များနှင့် လူ့ဘဝကို အလေးအနက်ဆင်ခြင်သုံးသပ်လိုသော ပုဂ္ဂိုလ်များ တစ်ညီတစ်ညွတ်တည်း တိတိကျကျ ဆုံးဖြတ်၍မရဘဲ အငြင်းပွားနေကြသောပြဿနာမှာ ရုပ်နှင့်နာမ် (ဝါ) ခန္ဓာကိုယ်နှင့်စိတ် ဆက်သွယ်မှုပြဿနာဖြစ်၏။ လူ့ဘဝ၌ ရုပ်တရားသည် ပဓာနဖြစ်သလော။ နာမ်တရားသည်ပင်လျှင် ပဓာနဖြစ်လေသလော။ လူ၏ကံကြမ္မာကို ရုပ်တရားကပင် ဖန်တီးလေသလော။ နာမ်တရားကပင် စီရင်ပြုပြင်လေသလော။ ရုပ်နာမ်တရား နှစ်ပါးရှိရာတွင် ရုပ်သည် မူလဘူတဖြစ်၍ နာမ်သည် အစွယ်အပွားမျှသာဖြစ်လေသလော။ သို့တည်းမဟုတ် နာမ်တရားမှာ အကြီးအမှူးဖြစ်၍ ရုပ်တရားသည် နောက်လိုက်မျှသာဖြစ်လေသလော။

အသိပညာရှင်နှင့် အတွေးအခေါ်သမားများ ဤပြဿနာ၌ စိတ်ဝင်စားကြခြင်းမှာ ၎င်းသည် လူ့ဘဝဆိုင်ရာ အခြားဒဿနိက (ဖိလော်ဆိုဖီ) ပြဿနာများနှင့် ဆက်စပ်နေသောကြောင့်ဖြစ်၏။ လူသတ္တဝါသည် လူ့အဖြစ်ကိုရရှိရာ၌ ဦးတည်ချက်ရှိပါသလော။ ဦးတည်ချက်မရှိဘဲ အဓိပ္ပာယ်ကင်းမဲ့သော အသက်ရှင်နေမှုမျိုး ဖြစ်နေလေသလော။ လူသည် မိမိကိုယ်မိမိ အစိုးရ၍ မိမိကံကြမ္မာကို မိမိဖန်တီးနိုင်ပါ၏လော။ မိမိကိုယ်မိမိ အစိုးမရဘဲ အတိတ်ကာလအကြောင်းတရားများ၏ ပြုပြင်စီရင်မှုကို ခံနေရလေသလော။ လူသည် အသိအလိမ္မာ တိုးတက်ရန် အလားအလာရှိသော သတ္တဝါဖြစ်ပါ၏လော။ သို့တည်းမဟုတ် ယနေ့လူသားသည် သမိုင်းဦးကျောက်ခေတ်လူသားနှင့် ထူးမခြားနားဖြစ်နေလေ

www.burmeseclassic.com



လော။ လူ့ဘဝသည် ဆင်းရဲဒုက္ခထက် ချမ်းသာသုခက ပိုများပါသလော။ သို့တည်းမဟုတ် ဆင်းရဲဒုက္ခက ပိုမိုအင်အားသာနေပါသလော။

ဤပြဿနာများမှာ ရုပ်တရားသည် မူလဘူတဖြစ်သလော။ နာမ်တရားသည်ပင် အခြေခံပဓာနဖြစ်လေသလော ဟူသောမေးခွန်းနှင့် ဆက်စပ်နေသောကြောင့် ယင်းတို့ကို ဆင်ခြင်သုံးသပ်ရာ၌ ရုပ်နာမ်ပြဿနာကို ထည့်သွင်းစဉ်းစားရပေလိမ့်မည်။

များစွာသော လူတို့၏ အစဉ်အလာယုံကြည်ချက်များသည်လည်း ရုပ်နာမ်ပြဿနာနှင့် ဆက်သွယ်နေကြောင်း အထူးဖော်ပြရန်မလိုချေ။ လူသည် မိမိကံကြမ္မာကို မိမိဖန်တီးသည်။ အချို့လူတို့သည် စိတ်တန်ခိုးသတ္တိဖြင့် မိမိတို့အလိုဆန္ဒကို ဖြည့်စွမ်းနိုင်သည်။ သူတစ်ပါးကိုဆွဲဆောင်နိုင်သည်။ အချို့မှာ အလွန် စိတ်တန်ခိုးကြီးမား၍ သူတစ်ပါးအကြံကို သိသည်။ အဝေး၌ဖြစ်ပျက်နေသမျှကို မြင်နိုင်သည်။ အနာဂတ်ကို ကြိုတင်သိမြင်သည်။ တစ္ဆေ နတ်စသော တမလွန်ဘုံသားများသည် ကေန်ရှိ၍ အချို့ပုဂ္ဂိုလ်တို့သည် ၎င်းတို့နှင့်ဆက်သွယ်နိုင်သည်။ လူသည် သေသောအခါ တမလွန်လောကသို့ ရောက်ရှိသွားသည်။ သို့တည်းမဟုတ် လူပြန်ဖြစ်သည်။ ဤသည်တို့မှာ များစွာသော ကမ္ဘာ့သူကမ္ဘာ့သားတို့၏ အချို့သောရှေးအစဉ်အလာ ယုံကြည်ချက်များဖြစ်ပေရာ ယင်းတို့ကို ဝေဖန်ဆန်းစစ်ရာ၌ ရုပ်နာမ်ပြဿနာကို စဉ်းစားရပေလိမ့်မည်။

စူးစမ်းလေ့လာမှု၌ အထုံဝါသနာမပါသော သာမန်လူတို့အဖို့မူကား ရုပ်နာမ်ကိစ္စနှင့် အထက်ပါယုံကြည်မှုများသည် ပြဿနာဖြစ်မည်မဟုတ်ချေ။ များစွာသောလူတို့သည် စိတ်သည်သာ ကိုယ်ခန္ဓာ၏ အကြီးအမှူးရှေ့သွားဖြစ်သည်။ စိတ်တန်ခိုးဖြင့် အံ့ဖွယ်သရဲအမှုများကို ပြုလုပ်နိုင်သည်။ လူသေလျှင် ဘဝပြတ်မသွားဘဲ ဘဝသစ်တစ်ဖန်ဖြစ်သည်ဟု အစွဲအမြဲယုံကြည်ကြ၍ သူတို့၏ ယုံကြည်မှုများကို အခြားမည်သူကမျှ လှုပ်ခြောက်နိုင်မည်မဟုတ်ချေ။ အချို့ကမူ စိတ်၏အစွမ်းသတ္တိကို လက်မခံဘဲ ရုပ်ဝါဒကို ခံယူထားကြ၏။ ရုပ်တရားသည်သာ မူလဘူတဖြစ်၍ စိတ်စွမ်းအားနှင့် ပတ်သက်သော ယုံကြည်ချက်များမှာ အားလုံးလွဲသည်ဟု စွဲမှတ်ထားကြ၏။ သို့ဖြင့် လူများအဖို့ ရုပ်ဝါဒသို့မဟုတ် နာမ်ဝါသည် ယုံကြည်မှုအပေါ်၌ အခိုင်အမာတည်ဆောက်ထား၍ စိုးစိမျှ သံသယဝင်စရာမလိုသော ဝါဒများဖြစ်၏။

လူ့သမိုင်း၏ ပထမရှေးဦးခေတ်သည် နာမ်ဝါဒထွန်းကားသော ခေတ်ဖြစ်၏။ ရှေးဂရိတို့သည် စိတ်၏စွမ်းအင်သတ္တိကို ယုံကြည်ကြ၍ ပလေတို၊



ဆော့ကရေတိ စသော ဂရိပညာရှင်များသည် ရုပ်နာမ်ဝါဒကို လက်ခံကြ၏။ နာမ်ဝါဒကို လက်မခံဘဲ အစစအရာရာ၌ ရုပ်တရားသည်သာ မူလဖြစ်သည်ဟု ခံယူသော တွေးခေါ်ရှင်များ ထွက်ပေါ်ခဲ့သော်လည်း ထိုပုဂ္ဂိုလ်များမှာ ပလေတိုတို့ကဲ့သို့ မထင်ရှားချေ။ ရှေးအိန္ဒိယနှင့် တရုတ်ပြည်ရှိ လူထုနှင့် အသိပညာရှင်အများစု၏ အတွေးအခေါ်မှာလည်း နာမ်ဝါဒအတွေးအခေါ်ဖြစ်၏။

ရှေးအခါက ကမ္ဘာ့အရပ်အရပ်၌ နာမ်ဝါဒထွန်းကားခြင်းမှာ ဘာသာတရား၏ ကူညီအားပေးမှုကြောင့် ဖြစ်၏။ ကမ္ဘာ့ဘာသာတရားကြီး အားလုံးလိုလိုပင် ရုပ်ဝါဒကိုပယ်၍ စိတ်၏အရေးပါမှု၊ စွမ်းဆောင်မှုကို အလေးအနက် ဟောပြောကြ၏။ ၁၈-ရာစုခေတ်သို့ ရောက်သောအခါ၌ကား ဥရောပတိုက်၌ ဘာသာတရားကို စောကြောဝေဖန်သော တွေးခေါ်ရှင်များ ပေါ်ပေါက်လာကြ၏။ သူတို့သည် ဘာသာတရား၏ အဆိုအမိန့်များကို မျက်စိမှိတ်၍ လက်မခံဘဲ ဘာမဆိုဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ရမည်ဟု ရေးသားဟောပြောကြ၏။ ထိုသူများမှာ ထိုခေတ်ကလူထုကို ပညာဉာဏ်မျက်စိဖွင့်ပေး၍ အလင်းသို့ပို့ဆောင်ပေးသော အသိပညာရှင်များအနေဖြင့် ထင်ပေါ်ကျော်ကြားသော ပုဂ္ဂိုလ်များဖြစ်ရကား နာမ်ဝါဒသည် ဘာသာတရားနှင့်အတူ အနည်းငယ်မှေးမှိန်စပြုလာလေသည်။

နာမ်ဝါဒကို ပိုမိုအားနည်းအောင် ဖန်တီးလိုက်သောအရာသည်ကား သိပ္ပံပညာဖြစ်၏။ ၁၉-ရာစုခေတ်က အနောက်တိုင်းသားတို့သည် သိပ္ပံပညာကို အလွန်ယုံကြည်ကိုးစား၍ သိပ္ပံပညာ၏ အဆိုအမိန့်များသည်သာ မှန်ကန်သည်။ ယင်းနှင့်ဆန့်ကျင်သော အခြားအဆိုအားလုံး လွဲမှားသည်ဟု တထစ်ချစွဲမှတ်ထားကြ၏။ သိပ္ပံပညာ၏ လောကအမြင်မှာ ရုပ်ဝါဒ၏အမြင်ဖြစ်၍ ထိုအမြင်နှင့် ဘောင်မဝင်သော ရှေးအစဉ်အလာ ယုံကြည်ချက်များကို ပစ်ပယ်လိုကြ၏။ ယင်းတို့မှာ ရှေးလူတို့၏ မသိနားမလည်မှု၊ ဗဟုသုတခေါင်းပါးမှု၊ ဆင်ခြင်ဉာဏ်နည်းပါးမှုနှင့် စိတ်ကူးယဉ်မှုမှ ပေါက်ဖွားလာသော ယုံကြည်ချက်များဖြစ်သည်ဟု မှတ်ယူထားကြ၏။

ယခု ၂၀-ရာစုခေတ်၌ကား အသိပညာရှင်တို့သည် သိပ္ပံပညာ၏ ဟာကွက်နှင့် အားနည်းချက်ကို သိမြင်လာကြ၏။ သိပ္ပံပညာသည် နယ်နိမိတ် အကန့်အသတ်ရှိ၍ လူ့ဘဝလူ့လောက ပြဿနာအားလုံးကို ဖြေရှင်းပေးနိုင်မည် မဟုတ်ကြောင်း သိရှိလာကြ၏။ ကမ္ဘာစစ်ကြီးနှစ်ကြိမ်ဖြစ်ပွားရာ၌ သိပ္ပံပညာ၏ ကြောက်မက်ဖွယ်ရာ အဖျက်စွမ်းအားကို မျက်ဝါးထင်ထင် တွေ့မြင်၍ တုန်လှုပ်

www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားလာကြ၏။ သိပ္ပံပညာသည် လူကို၏ ရုပ်ပိုင်းဘဝဖွံ့ဖြိုးမှုကို အကျိုးပြုသော်လည်း စိတ်နှလုံးသိမ်မွေ့ယဉ်ကျေးအောင် လုံးဝမကူညီနိုင်ကြောင်း သိမြင်လာကြ၏။ အသိအလိမ္မာတိုးတက်မှုအတွက် သိပ္ပံပညာနှင့် စိတ်ဝိညာဉ်ဆိုင်ရာ အကြောင်းတရားများကို စူးစမ်းလေ့လာရန် လိုအပ်ကြောင်း သိရှိနားလည်လာကြလေသည်။

ထို့ကြောင့် ယနေ့အခါ အနောက်နိုင်ငံများ၌ စိတ်ဝိညာဉ်ကို လူအတော်များများ ပြန်လည်စိတ်ဝင်စားလာကြပြီဖြစ်၏။ စိတ်ဝိညာဉ်ကို အဦးပြုသော အရှေ့တိုင်းအယူဝါဒများ အထူးရေပန်းစား၍ လေ့လာလိုက်စားသောသူများ တစ်နေ့တခြား ဦးရေတိုးပွားလျက်ရှိ၏။ ဇင် ခေါ် ဂျပန်ဗုဒ္ဓတရားနှင့် အိန္ဒိယနိုင်ငံမှ ဟိန္ဒူယောဂီတို့၏ တရားများအကြောင်း ဖော်ပြထားသော စာအုပ်များမှာ လူကြိုက်များ၍ ယင်းတို့ကို ကျင့်ကြံအားထုတ်သောအဖွဲ့များရှိ၏။ အမေရိကန်နိုင်ငံ၌ ပရိတ်ရွတ်ဖတ်၍ ဆုတောင်းပတ္ထနာပြုမှုကို ရှေ့တန်းတင်ထားသော ဆောကဂတ်ကော ခေါ် ဂျပန်ဗုဒ္ဓဝါဒမှာ ၁၉၆၅ ခုနှစ်ကပင် အဖွဲ့ဝင် သုံးသောင်းမျှရှိရာမှ ယခုအခါ လူတစ်သိန်းခုနစ်သောင်းကျော်ရှိ၍ လစဉ် အဖွဲ့ဝင်နှစ်ထောင်ခန့် တိုးတက်လျက်ရှိသည်ဆို၏။

ရှေးအခါက သိပ္ပံဆရာတို့၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံခဲ့ရသော အယူဝါဒအားလုံးလိုလိုပင် ပြန်လည်၍ရှင်သန်ကြီးထွားနေကြပြီဖြစ်၏။ အနောက်ဂျာမနီ၌ ကုမ္ပဏီကြီးများသည် လူသစ်များကို အလုပ်ခန့်ထားရာ၌ ဗေဒင်ဆရာအကျော်အမော်များကို ရှေးဦးစွာတိုင်ပင်လေ့ရှိကြ၏။ အမေရိကန်ပြည်တွင် ဗေဒင်ဆရာ ငါးထောင်ခန့်ရှိ၍ ဗေဒင်ကို လေးလေးနက်နက် ယုံကြည်သောသူများမှာ ၁၀ သန်းကျော်မျှရှိ၏။ သတင်းစာ ၁၂၀၀ ခန့်တွင် ဗေဒင်ခန်းများ နေ့စဉ်ပါရှိသည်ဆို၏။

မကြာသေးမီက ထုတ်ဝေသော အမေရိကန်သတင်းဂျာနယ်တစ်ခု၌ အမေရိကန်ပြည်တွင် ပြသနေသော သရဲတစ္ဆေ ရုပ်ရှင်ကားတစ်ခုအကြောင်းကို သတင်းထူးအနေဖြင့် ဦးစားပေး၍ ဖော်ပြထား၏။ ဇာတ်လမ်းမှာ မိစ္ဆာသရဲပူးဝင်နေသော မိန်းကလေးတစ်ယောက်အကြောင်း ဖြစ်၏။ ထိုကားကို မြို့ကြီး ၂၂ မြို့၌ ရုံတင်ပြသရာ ရုပ်ရှင်ကြည့်ပရိသတ်မှာ လေးသန်းကျော်၍ အချို့မှာ လက်မှတ်ဝယ်ရန် လေးနာရီကြာမျှ တန်းစီစောင့်ကြရ၏။ ဇာတ်ကားမှာ ဝင်ငွေဒေါ်လာ ၁၀ သန်းကျော်၍ သူတို့ရုပ်ရှင်သမိုင်းတွင် ဝင်ငွေအကောင်းဆုံးဇာတ်ကား ဖြစ်လျက်ရှိ၏။ ဇာတ်လမ်းကို မွေးထုတ်ပေးသော ဝတ္ထုမှာလည်း ကိုးသန်းကျော်ရောင်း၍ ရောင်းအချွဲဆုံးစာအုပ် ဖြစ်၏။



ဤသို့ စိတ်ဝိညာဉ်အကြောင်းခြင်းရာများ၌ စိတ်ဝင်စားသော အနောက်တိုင်းသားများမှာ အားလုံးအသိပညာနှင့် အဆင်ခြင်တရား နည်းပါးသောသူများဖြစ်သည်ဟု မမှတ်သင့်ချေ။ ဂျပန်ပြည်မှ ဇင် ဗုဒ္ဓဝိပဿနာတရားကို နှစ်သက်သော အချို့ပုဂ္ဂိုလ်များမှာ နာမည်ကျော် စိတ်ပညာရှင် တွေးခေါ်ရှင်များဖြစ်ကြ၏။ အမေရိကန်၊ အင်္ဂလန်နှင့် ဥရောပနိုင်ငံများတွင် စိတ်ဝိညာဉ်၏ ထူးခြားဆန်းကျယ်သော အခြင်းအရာများကို သိပ္ပံနည်းကျ နှိုက်ချွတ်လေ့လာသော သုတေသနအသင်းများရှိ၏။ ယင်းတို့အကြောင်းကို ရှေ့အခန်းများတွင် အကျယ်ဖော်ပြပါအံ့။

အင်္ဂလန်နိုင်ငံ၌ သိပ္ပံပညာဂျာနယ်တစ်ခုက သိပ္ပံဆရာနှင့် အတတ်ပညာရှင်များအား စုံစမ်းမေးမြန်းကြည့်ရာ အချို့လူများ၌ နားမျက်စိစသော အာရုံခံအင်္ဂါများနှင့် စဉ်းစားဉာဏ်ကို မသုံးဘဲ အလိုလိုသိမြင်သော ပရစိညာဉ်ရှိသည်ဟု မိမိတို့ယုံကြည်ကြောင်း ပညာရှင် ၇၀ ရာခိုင်နှုန်းခန့်က ဝန်ခံကြ၏။ အမေရိကန်ပြည်၌ ပရဝိညာဉ်အကြောင်း လေ့လာသော ပရစိတ္တဗေဒကို သင်ကြားပို့ချသော တက္ကသိုလ်ကျောင်းပေါင်း တစ်ရာကျော်မျှရှိ၏။

အမေရိကန်ပြည် ဂျူ့ တက္ကသိုလ်၌ ဒေါက်တာရိုင်းသည် ပရိဝိညာဉ်ကို သိပ္ပံနည်းကျကျ စမ်းသပ်လေ့လာ၍ သူ၏တွေ့ရှိချက်များကို ကမ္ဘာအရပ်ရပ်မှ ပညာရှင်များ အာရုံစူးစိုက်နေကြ၏။ အပိုလို ၁၄ ယာဉ်ဖြင့် လဆီသို့ ပျံသန်းခဲ့စဉ်က ကမ္ဘာပေါ်ရှိ အသိမိတ်ဆွေများနှင့် စိတ်ဓာတ်ချင်း အဆက်အသွယ်ပြုခဲ့သော အာကာသသူရဲကောင်း အက်ဒဂါမစ်ကယ်သည် ကာလီဖိုးနီးယားပြည်နယ်၌ စိတ်ဝိညာဉ်အကြောင်း စူးစမ်းရန် သုတေသနဌာနတစ်ခု တည်ဆောက်ထား၏။ အမေရိကန်အစိုးရ ကာကွယ်ရေးဌာနသည် စတင်းဖို့တက္ကသိုလ်သုတေသနဌာန၌ ပရဝိညာဉ်ကို စူးစမ်းလေ့လာရန် သုတေသနအဖွဲ့တစ်ခု စေလွှတ်ထား၏။

ထို့နောက် အနောက်နိုင်ငံများ၌ ယခုအခါ စိတ်ဝိညာဉ်ကို စိတ်ဝင်စားသောသူ၊ စူးစမ်းလေ့လာသူ အမြောက်အမြားရှိသော်လည်း နာမ်ဝါဒမှာ သိပ္ပံပညာနှင့် ရုပ်ဝါဒကဲ့သို့ အင်အားကြီးထွားနေပြီဟု မဆိုသာချေ။ နက္ခတ်ဗေဒင်၊ တမလွန်လောက၊ တစ္ဆေသရဲစသည်တို့ကို ယုံကြည်သောသူများ ရှိသည်နှင့်အမျှ ၎င်းတို့ကို လုံးဝလက်မခံသောသူများလည်း အမြောက်အမြားရှိ၏။ ပရဝိညာဉ်၏ ထူးခြားဆန်းကျယ်သော အခြင်းအရာကို သိပ္ပံနည်းကျကျ စူးစမ်းလေ့လာနေသော ပညာရှင်များရှိသည့်နည်းတူ အယုံအကြည်မရှိဘဲ မုန်းတီးသည့်ဆရာ လူလိမ်

www.burmeseclassic.com



လူ့ညာတို့၏ လက်ရာဖြစ်သည်ဟု အတပ်စွပ်စွဲ၍ လျစ်လျူပြုထားသော ပညာရှင်များမှာလည်း မနည်းလှချေ။

စင်စစ် ကျွန်ုပ်တို့သည် ရုပ်ဝါဒသို့မဟုတ် နာမ်ဝါဒကို လက်ခံသော အသိပညာရှင်များနှင့် အခြားလူများ မည်ရွေ့မည်မျှရှိသည်ဟု ထောက်ပြ၍ မည်သည်က မှန်ကန်သည်ဟု ဆုံးဖြတ်ရန် မဖြစ်နိုင်ချေ။ ရုပ်နာမ်ပြဿနာကို ယထာဘူတကျကျ လေ့လာရန်အတွက် ပညာရှင်တို့ ရှုစမ်းလေ့လာ၍ အခိုင်အမာသိရှိရသော အကြောင်းအရာများကို စဉ်းစားရပေလိမ့်မည်။

လူ့ဘဝ၌ ရုပ်တရားသည် မည်မျှအရေးပါအရာရောက်ပါသနည်း။ စိတ်ဓာတ်က မည်မျှပြုပြင်ဖန်တီးပါသနည်း။ ရုပ်နှင့်စိတ်သည် အချင်းချင်း မည်သို့ဆက်သွယ်နေပါသနည်း။ မည်သို့ အညမည အကျိုးပြုပါသနည်း။ စိတ်ဟူသည် မည်သို့သောအရာဖြစ်ပါသနည်း။

သိပ္ပံပညာသည် လူ၏စိတ်ပိုင်းဘဝကို မည်ရွေ့မည်မျှ လေ့လာပြီးဖြစ်ပါသနည်း။ ပရဝိဉာဉ်ဟူသည် အဘယ်နည်း။ ၎င်း၏ စွမ်းအင်နှင့်ပတ်သက်၍ လူတို့၏ ရှေးအစဉ်အလာ ယုံကြည်ချက်များသည် မည်မျှယုတ္တိ အထောက်အထားရှိပါသနည်း။

ဤမေးခွန်းများကို ဖြေဆိုရန်အတွက် ကျွန်ုပ်တို့သည် ရှေးစာပေကျမ်းဂန်များ၊ ရှေးခေတ်နှင့် ယခုခေတ်ပညာရှင်များ၏ အဆိုအမိန့်နှင့် အတွေးအခေါ်များကို မစဉ်းစားဘဲ သိပ္ပံပညာရှင်၊ သုတေသိပညာရှင်တို့၏ တွေ့ရှိရချက်များကို အခြေပြု၍ စဉ်းစားရပေလိမ့်မည်။ သို့မှသာ ကျွန်ုပ်တို့၏ လေ့လာမှုမှာ ယထာဘူတကျ၍ တိကျပြတ်သားသော အဖြေမရရှိသည့်တိုင် ခံယူချက်မှာ သဘာဝယုတ္တိရှိပြီး အထောက်အထား ခိုင်မာပေလိမ့်မည်။

အခန်း [၂]

# စိတ်နှင့်ရုပ်

လူသတ္တဝါတွင် ရုပ်နာမ်တရား နှစ်ပါးရှိသည့်အနက် သာမန်အမြင်အားဖြင့် ရုပ်တရားသည် မူလဘူတဖြစ်သည်ဟု ယူဆရန်အကြောင်း အမြောက်အမြားရှိ၏။

ခန္ဓာကိုယ်လုံးဝပျက်စီးသွားသောအခါ၌ နာမ်တရားချုပ်ငြိမ်းသွားရခြင်းမှာ ကျွန်ုပ်တို့ မျက်မြင်အထင်အရှားဖြစ်၏။ ထိုသို့နာမ်တရားသည် ရုပ်ကို မှီနေဟန်ရှိသော်လည်း ရုပ်ကနာမ်ကို မှီနေသောလက္ခဏာကို မတွေ့ရချေ။ လူတစ်ဦးသည် အိပ်မက်မမက်ဘဲ အိပ်မောကျနေသောအခါ၌ သို့မဟုတ် ဆေးရုံခွဲစိတ်ခန်းတွင် မေ့ဆေးပေးထားသောအခါ၌ အခိုက်အတန့်အားဖြင့် နာမ်ခန္ဓာနှင့်လုံးဝကင်းကွာနေသော သတ္တဝါဖြစ်၏။ သို့စဉ်လျက် အသက်ရှင်နေခြင်းမှာ အရေးပါသော ကိုယ်အင်္ဂါများ အလုပ်လုပ်နေကြသောကြောင့် ဖြစ်၏။ သို့ဖြင့် သတ္တဝါတစ်ဦး အသက်ရှင်နေရန်အတွက် ရုပ်တရားသည် ပဓာနဖြစ်၏။

အသက်ရှင်နေမှုအတွက် ရုပ်တရားသည် အချုပ်ပဓာနဖြစ်ကြောင်း သိပ္ပံပညာက ပြဆိုထားသော အထောက်အထားများမှာ လူးတွေများပြားလှပေ၏။

သတ္တဗေဒအလိုအားဖြင့် လူသည် ကမ္ဘာပေါ်၌ ဘွားခနဲ အလိုလိုပေါ်လာသည်မဟုတ်။ တိရစ္ဆာန်ဘဝအမျိုးမျိုးကို ဖြတ်ကျော်၍ တရွေ့ရွေ့ အဆင့်ဆင့်ပြောင်းလဲပြီးမှ လူအဖြစ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်၏။ သတ္တဝါမျိုးစုံ အသီးသီးသည် အသက်ရှင်နေရန်အတွက် ပတ်ဝန်းကျင်ရုပ်လောကနှင့် သဟဇာတဖြစ်ရန်

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်ပေရာ ထိုသဟဇာတဖြစ်မှုသို့ ဦးတည်သော ဘဝတိုက်ပွဲ၌ လူသည် အများဆုံးအောင်မြင်၍ အဆင့်အတန်းအမြင့်ဆုံး သတ္တဝါအဖြစ်သို့ ရောက်ရှိခဲ့၏။ သို့ဖြစ်၍ သတ္တလောက၌ လူ၏အောင်မြင်မှုအတွက် ရုပ်တရားကို ကျေးဇူးတင်ရပေမည်။ စင်စစ် ယခုအခါ၌ပင် လူသတ္တဝါမျိုးစုံသည် ရုပ်လောက၏ ပြုပြင်စီရင်မှုနှင့် မကင်းနိုင်ချေ။ အကယ်၍ ကမ္ဘာ၏မြေမျက်နှာသွင်ပြင် အပူရှိန် သို့မဟုတ် လေထဲရှိဓာတ်များ အကြီးအကျယ်ပြောင်းလဲသွားပါက လူသားသည် အသက်မရှင်နိုင်ဘဲ အမျိုးဆိတ်သုဉ်းသွားရမည် အမှန်ဖြစ်၏။

လူသတ္တဝါတစ်ဦး၏ အရင်းမူလကို ဆန်းစစ်ကြည့်လျှင်လည်း ရုပ်တရား၏ ပဓာနကျမှုသည် ထင်ရှား၏။ လူသတ္တဝါ၏ဘဝသည် မိဘနှစ်ပါးထံမှရရှိသော ခရိုမိုဆုန်း (မျိုးစေ့ဗီဇ) များဖြင့် အစပြု၏။ လူသည် ထိုမျိုးစေ့ဗီဇနှင့် ပတ်ဝန်းကျင်ကို အမှီပြု၍ အသက်ရှင်ကြီးပွားရ၏။ ပတ်ဝန်းကျင်ဟူသည် မိဘများ၏စောင့်ရှောက်မှု၊ ပေါင်းသင်းဆက်ဆံမှု၊ တိုင်းပြည်၏ရာသီဥတု စသည်ဖြင့် ဗီဇမှအပ အခြားပြုပြင်သောအရာအားလုံးကို ဆိုလိုခြင်းဖြစ်၏။ ဗီဇနှင့် ပတ်ဝန်းကျင်နှစ်ခုစလုံးသည် ရုပ်တရားပေါ်၌အခြေခံသော အကြောင်းတရားများ ဖြစ်၏။

ဗီဇ၌ အခြေတည်၍ လူ၏စိတ်ပိုင်းဘဝကို တိုက်ရိုက်အကျိုးပြုသော ကိုယ်အင်္ဂါများမှာ ဦးနှောက်နှင့် နာဗ်ကြောစုဖြစ်၏။ ယင်းတို့နှင့် လူ၏အပြုအမူ စိတ်နေစရိုက် ဆက်သွယ်နေပုံကို ဖီဆီဩလိုဂျီနှင့် စိတ္တဗေဒကျမ်းများ၌ အကျယ် ပြဆိုထား၏။ စိတ်ကိုပြုပြင်သော အခြားရုပ်တရားမှာ အင်ဒိုကရင်းဂလင်းခေါ် ကိုယ်အင်္ဂါများဖြစ်၏။

ယင်းတို့အလုပ်လုပ်ရာ၌ လွန်ကဲမှုသို့မဟုတ် ချွတ်ယွင်းမှုသည် စိတ်ဓာတ် ကို ထိခိုက်၍ အချို့ဆရာတို့က လူ၏ကံကြမ္မာကို ဖန်တီးသောဂလင်းများဟု ခေါ်ဆိုကြ၏။

ဦးနှောက်နာဗ်ကြောစုနှင့် ဂလင်းများက လူ၏စိတ်ပိုင်းဘဝအား ပြုပြင် ပုံကို အခြားစာအုပ်များ၌ အတန်စုံလင်စွာ ရေးသားပြီးဖြစ်၍ ထပ်မံဖော်ပြရန် မလိုတော့ချေ။ စင်စစ် အမွန်မြတ်ဆုံးသော စိတ်ဓာတ်အနေဖြင့် ကျွန်ုပ်တို့ အသိအမှတ်ပြုထားသော မိခင်၏ချစ်ခြင်းမေတ္တာသည်ပင် ရုပ်တရားနှင့် ဆက်စပ် နေကြောင်း ပညာရှင်တို့၏ စူးစမ်းလေ့လာချက်အရ သိရပေပြီ။ မိခင်၏မေတ္တာ ဓာတ်သည် ဦးနှောက်အောက်ပိုင်းရှိ ပိတျူတရီဂလင်းမှ စိမ့်ကျလာသော ဟော်မုန်း ကြောင့် ဖြစ်ပေါ်လာကြောင်း ထင်ရှား၏။ ဟော်မုန်းကို ကြွက်မပျို၏ကိုယ်



တွင်းသို့ ထိုးသွင်းလိုက်သောအခါ ၎င်းသည် မိခင်၏အမူအရာကိုပြ၍ အသိုက် အပြင်သို့ရောက်ရှိသောအခါ ကြွက်ငယ်များကို အသိုက်ထဲသို့ ချီယူလေ့ရှိ၏။ ဟော်မုန်းက လှုံ့ဆော်နေသောအခါ၌ ကြွက်ငယ်များကိုသာမဟုတ် အနီးအနားရှိ ယုန်ငယ်ကြွက်ငယ်များကိုလည်း အသိုက်သို့ ချီယူလေ့ရှိသည်ကို တွေ့ရ၏။

ကိုယ်ခန္ဓာ၏ အခြေအနေကို စိတ်ဓာတ်ပြောင်းလဲခြင်းသည် အချို့သော ရောဂါဝေဒနာများ၌ ထင်ရှား၏။ အချို့သော စိတ္တဇဝေဒနာများသည် ဦးနှောက် ပျက်စီး ယိုယွင်းမှုကြောင့်ဖြစ်၏။ အရက်နှင့်ကုတ်ကင်း၊ မော်ဖီးယား စသော ဆေးဝါးများကြောင့် စိတ်ဓာတ်ပြောင်းလဲပုံမှာ လူအများ သိပြီးဖြစ်၍ အထူး ဖော်ပြရန် မလိုချေ။

ဤသို့ ခန္ဓာကိုယ်က စိတ်ကိုပြုပြင်ဖန်တီးမှုများမှာ အလွန်ထင်ရှား သောကြောင့် အချို့ပညာရှင်များသည် စိတ်ကို လုံးဝအသိအမှတ်မပြုလိုကြချေ။ စင်စစ် စိတ်ဟူ၍မရှိ။ စိတ်ပညာဟူသည် လူ၏အပြုအမူများကို လေ့လာသော ပညာဖြစ်သည်။ ကြံစည်မှု၊ မှတ်သားမှု၊ ခံစားမှုစသော ဖြစ်စဉ်များသည် ကိုယ် ခန္ဓာအတွင်း၌ဖြစ်ပွားသော ရုပ်ဖြစ်စဉ်များဖြစ်သည်ဟု ယူဆကြ၏။ ကျွန်ုပ်တို့၏ များစွာသော အပြုအမူများမှာ ပတ်ဝန်းကျင်အခြေအနေအရ အလိုလိုတုံ့ပြန်မှု များဖြစ်၏။ ဤအချက်ကို ရုရှားသိပ္ပံဆရာတစ်ဦးက အမျိုးမျိုးစမ်းသပ်၍ပြခဲ့၏။ အခြေအနေအရ တုံ့ပြန်မှုများကို ကလေးသူငယ်များ၌ဖြစ်အောင် ပြုပြင်ဖန်တီးနိုင် ကြောင်း အမေရိကန်ပညာရှင်တစ်ဦး၏ စမ်းသပ်လေ့လာချက်အရ ထင်ရှား၏။

ဤသည်တို့မှာ ရုပ်တရားက စိတ်ကိုပြုပြင်ဖန်တီးမှုကို ပြသောအချက် များဖြစ်၏။ သို့ရာတွင် ရုပ်သည်သာ မူလဘူတဖြစ်သည်ဟု ယူဆရန်မဖြစ် နိုင်ချေ။ ရုပ်က စိတ်ကိုပြုပြင်သကဲ့သို့ စိတ်က ရုပ်ကိုပြုပြင်သောအခြင်းအရာ များမှာလည်း သိသာထင်ရှား၏။

ထိုင်ခြင်း၊ ထခြင်း၊ သွားလာခြင်း စသောအမူများကို ကျွန်ုပ်တို့ အလို ရှိသောအခါ၌ ပြုလုပ်နိုင်ခြင်းသည် စိတ်က ကိုယ်ခန္ဓာကို စေ့ဆော်မှုဖြစ်ကြောင်း ယုံမှားစရာမရှိချေ။ ခေါင်းကိုက်ခြင်း၊ ရင်ကျပ်ခြင်း၊ အစာမကျေခြင်း စသည် တို့၌ တစ်ခါတစ်ရံ စိတ်သည် အကြောင်းတရားတစ်ခုဖြစ်၏။ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ပန်းနာ စသည်တို့၌ စိတ်၏အရေးပါမှုကို ဆရာဝန်များက အသိအမှတ်ပြုကြ၏။ အချို့သော စိတ္တဇရောဂါများသည် ဦးနှောက်၏ချို့ယွင်း မှုကို ရှာ၍မရအပ်ချေ။ ဤသို့သော အချို့ကိုယ်ရောဂါ စိတ်ရောဂါများသည် ဆေးဝါးဖြင့် ကုသ၍မရဘဲ စိတ်ပညာဖြင့်ကုသမှသာ ပျောက်ကင်းစမြဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်သည် စိတ်၏တည်ရာဖြစ်သည်ဆိုသော်လည်း ပညာရှင်တို့သည် စိတ်လက္ခဏာခြင်းရာ တစ်ခုစီအတွက် ဦးနှောက်ကို နေရာအတိအကျ ခွဲခြားသတ်မှတ်ခြင်း မပြုနိုင်ကြသေးချေ။ အမှတ်သညာ၊ ဝေဒနာ၊ စဉ်းစားဉာဏ်နှင့် ကြံစည်အားထုတ်မှုဆိုင်ရာ ဗဟိုများကို ဦးနှောက်၌ ရှာ၍မရသေးချေ။ အတိတ်မှ အဖြစ်အပျက်များ ကျွန်ုပ်တို့ မှတ်မိခြင်းကို မည်သည့်သိပ္ပံဆရာမှ ခြေခြေမြစ်မြစ် ရှင်းမပြနိုင်ကြချေ။

စိတ်, စေတသိက်တို့သည် ဦးနှောက်နှင့် ဆက်စပ်နေသည်။ သို့တည်းမဟုတ် ဦးနှောက်အတွင်းရှိ ရုပ်တရားဖြစ်စဉ်များ ဖြစ်သည်ဆိုသောစကားသည် မှန်သည်ဆို၏။ ဦးနှောက်သည် လောက၌ သိပ္ပံဆရာတို့ အများဆုံးမသိနားမလည်သော ကိုယ်အင်္ဂါအစိတ်အပိုင်းဖြစ်၏။ သိပ္ပံဆရာသည် အဏုမြူဓာတ်အားကို နှိုက်ချွတ်လေ့လာ၍ လကမ္ဘာပေါ်သို့ လူသားရောက်ရှိအောင် စီမံဖန်တီးနိုင်စေကာမူ လူ့ခန္ဓာကိုယ်၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုဖြစ်သည့် ဦးနှောက်၏ လုပ်ငန်းလုပ်ဟန်များကို သေချာဂန ခရေစေ့တွင်းကျ မသိရှိသေးချေ။

ဤသို့ သိပ္ပံဆရာသည် ဦးနှောက်အကြောင်းကို အကုန်အစင်မလေ့လာရသေးပါက ယင်းနှင့်ဆက်သွယ်နေသော စိတ်အကြောင်းကို အဘယ်မှာ တိတိပိုင်ပိုင် သိရှိနိုင်ပါမည်နည်း။ ယနေ့အထိ စိတ်ပညာဆိုင်ရာတို့သည် မှတ်မိမှု (သညာ) နှင့် ကြံစည်အားထုတ်မှု (စေတနာ) တို့၏ ဖြစ်စဉ်များကို စေ့ငုသေချာ ရှင်းမပြနိုင်ကြသေးချေ။ ထို့အပြင် ယနေ့ စိတ်ပညာရှင်တို့ သိရှိနားလည်သော စိတ်, စေတသိက်တို့သည် လူ၏နာမ်တရား (ဝါ) စိတ်ပိုင်းဘဝတစ်ခုလုံးကို ခြုံမိငုံမိပါသည်ဟု မဆိုနိုင်ချေ။

လူအများ နားလည်သော စိတ်ဝိညာဉ်နယ်၌ မပါဝင်ဘဲ စိတ်ပညာရှင်များ ထိထိမိမိ နှိုက်ချွတ်လေ့လာရန်ခက်ခဲသော စေတသိက်တစ်ခုရှိကြောင်း ယခု ကျွန်ုပ်တို့ သိရပေပြီ။ ထို စေတသိက်သည်ကား မသိစိတ်ဖြစ်၏။ မသိစိတ်ဟူသည် လုံးဝအကြောင်းရှာ၍ မရအပ်သော အပြုအမူများ၏ နောက်ကွယ်ရှိ စိတ်ကို ဆိုလိုခြင်းဖြစ်၏။

မသိစိတ်ရှိကြောင်းပြရန် ထင်ရှားသောစမ်းသပ်ချက်မှာ ဤသို့ဖြစ်၏။ လူတစ်ယောက်အား အိပ်မွေ့ချပြီးနောက် သူသည် အိပ်ရာနိုး၍ တစ်နာရီကြာသောအခါ တစ်စုံတစ်ခုပြုလုပ်စေရန် ညွှန်ကြား၏။ စမ်းသပ်မှု၌ အိပ်မွေ့ချခံ ပုဂ္ဂိုလ်သည် သာမန်လူမဟုတ်ဘဲ အသိပညာရှင်တစ်ဦးဖြစ်၏။ သူပြုလုပ်ရမည့်



အမှုမှာလည်း အဓိပ္ပာယ်မရှိသော၊ အမှုပုံစံအားဖြင့် သူထိုင်သော ကုလားထိုင်ကို အခန်းအပြင်ဘက်သို့ ယူဆောင်သွားရမည့်အမှု ဖြစ်သည်။ သူသည် အိပ်ရာမှ နိုးလာသောအခါ အိပ်မွေ့ဆရာက သူ့အားပြောထားချက်ကို ဘာမှမသိချေ။ သို့စဉ်လျက် တစ်နာရီကြာသောအခါ ကုလားထိုင်ကို အခန်းအပြင်ဘက်သို့ ယူသွားလိုသော ဆန္ဒပေါ်လာ၏။ ဘာကြောင့် ယူသွားလိုသည်ကို သူမသိ။ သို့ရာတွင် စိတ်ဆန္ဒမှာ အလွန်ပြင်းပြ၍ သူသည် ဆရာက ပြောထားသည့်အတိုင်း ဘုမသိဘမသိ ပြုလုပ်တော့၏။

မသိစိတ်အကြောင်းကို စိတ်ပညာရှင် ဖရိုက်၏ စိတ်ခွဲပညာကျမ်းများ၌ အကျယ်ပြဆိုထား၏။ ဖရိုက်သည် လူ့စိတ်ကို ကမ္ဘာ့မြောက်ဖျား ပင်လယ်ထဲရှိ ရေခဲတောင်ကြီးနှင့် ပုံခိုင်း၍ ရေအောက်ရှိအပိုင်းသည် ရေမျက်နှာပြင်ပေါ်ရှိ အပိုင်းထက် များစွာပိုမို ကြီးမားသကဲ့သို့ မသိစိတ်သည် သိစိတ်ထက် ပိုမို ကျယ်ပြန့်နက်ရှိုင်းလှပါသည်ဆို၏။ ယနေ့ပညာရှင်တို့သည် ဖရိုက်၏ အချို့သော အယူများကို လက်မခံသော်လည်း လူ၏များစွာသော အပြုအမူများသည် မသိစိတ်၌ အရင်းခံကြောင်းကိုကား အားလုံး လက်ခံယုံကြည်ကြ၏။

မသိစိတ်အကြောင်း ဖရိုက် ရှုစမ်းလေ့လာ၍ သိရှိရချက်များမှာ လူ၏ စိတ်ဝိညာဉ်ကို ကျွန်ုပ်တို့ အထင်ကြီးဖွယ်ရာ မဟုတ်ချေ။ မသိစိတ်သည် လူတို့ ပဋိသန္ဓေကပါလာသော တဏှာရာဂ လောဘ မာန စသည့် ဇာတိစိတ်များနှင့် ဆက်စပ်နေကြောင်း စိတ်ခွဲပညာကျမ်းများ၌ ပြဆိုထား၏။ ဤသည်မှာ စိတ်ခွဲပညာသည် စိတ်ပုံမှန်မဟုတ်သော သူများနှင့် စိတ္တဇဝေဒနာရှင်များကို အဦးပြု၍ လေ့လာခဲ့သောကြောင့်ဖြစ်၏။ စင်စစ် မသိစိတ်သည် မကောင်းသောဘက်က စွမ်းဆောင်နိုင်သည့်နည်းတူ ကောင်းသောဘက်ကလည်း စွမ်းဆောင်နိုင်သော တရားဖြစ်၏။ ဤအချက်မှာ အနုပညာရှင် အသိပညာရှင်နှင့် သိပ္ပံပညာရှင် တို့၏ အောင်မြင်မှု၌ ထင်ရှား၏။

အနုပညာရှင်တို့၏ တီထွင်ဖန်တီးမှုသည် အသိဝိညာဉ်နှင့်မဆိုင်ဘဲ မသိစိတ်နယ်၌ ပေါက်ပွားသော အရာဖြစ်၏။ တစ်နည်းဆိုသော် အနုပညာဂုဏ်မြောက်သော ကဗျာ၊ ဂီတ၊ စာပေတို့သည် မသိစိတ်နယ်မှလာ၍ စိတ်ဝိညာဉ်၏လုပ်ငန်းမှာ ယင်းတို့ကို ဖန်တီးရန်မဟုတ်ဘဲ မသိစိတ်က ပို့ဆောင်လိုက်သောအရာကို မှတ် သို့မဟုတ် စာဖြင့် ဖော်ပြရန်ဖြစ်၏။ ရှေးဂရိပညာရှင် ဆော့ကရေးတီသည် ဤအချက်ကို သိမြင်၍ ကဗျာဆရာများသည် သူတို့အသိဉာဏ်ဖြင့် ကဗျာစပ်ဆိုခြင်းမပြုဘဲ ပရဝိညာဉ်ဖြင့် အလုပ်လုပ်ကြပါသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆို၏။ အင်္ဂလိပ်ကဗျာစာဆို ရှယ်လီကမူ ကဗျာဆိုသည်မှာ ကြိုးစားအားထုတ်၍ စိတ်ကူးကြံစည်ခြင်းဖြင့် ရရှိအပ်သော အရာမဟုတ်ဟု ရေးသားခဲ့၏။ အခြား နာမည်ကျော် ကဗျာဆရာများကလည်း သူတို့ကဗျာများသည် အားမထုတ်ရဘဲ သူတို့ခေါင်းထဲသို့ အလိုလိုဝင်ရောက်လာပုံကို ဖော်ပြခဲ့ကြလေသည်။

နာမည်ကျော် ဝတ္ထုရေးဆရာများ၏ စိတ်ကူးဉာဏ်များသည်လည်း ထိုနည်းအတူ ဦးနှောက်ကို အသုံးမပြုဘဲ မသိစိတ်ကမွေးထုတ်လိုက်သော အရာများဖြစ်၏။ ချား(စ)ဒစ်ကင်း၊ သက်ကရီ၊ ကစ်ပလင်း၊ အာအယ်စတီဗင်ဆင် စသော စာရေးဆရာများသည် မိမိတို့စာရေးရာ၌ စိတ်အားမစိုက်ထုတ်ရဘဲ ကိုယ်စောင့်နတ်များက ကူညီစောင်မနေသကဲ့သို့ ရေးစရာအချက်များ အလိုလို ပေါ်လာပါသည်ဟု ဝန်ခံခဲ့ကြလေသည်။

သိပ္ပံဆရာတို့၏ တွေ့ရှိမှုသည်လည်း မသိစိတ်ကိုအမှီပြု၍ တွေ့ရှိမှု ဖြစ်၏။ သိပ္ပံဆရာသည် ပြဿနာတစ်ခုကို လေ့လာရာ၌ ရှေးဦးစွာ ဆိုင်ရာ အကြောင်းအချက်များကို ခွဲခြားစိစစ်မှု၊ လက်တွေ့စမ်းသပ်မှု၊ တွေးခေါ်ကြံစည် မှုများ ပြုရသည်မှန်သော်လည်း ရှာဖွေနေသောအဖြေသည် စူးစမ်းနေဆဲကာလ၌ ပေါ်မလာဘဲ စူးစမ်းမှုသို့မဟုတ် စိတ်ကူးကြံစည်မှုကို လုံးဝရပ်စဲထားသောခဏ၌ မမျှော်လင့်ဘဲ ရုတ်ခြည်းပေါ်လာလေ့လာရှိ၏။ ဤသည်မှာ သိပ္ပံဆရာများ ကိုယ်တိုင် ထုတ်ဖော်ဝန်ခံသော အချက်ဖြစ်၏။ သူတို့သည် စူးစမ်းလေ့လာ နေသောအချိန်၌ အဖြေကို မတွေ့ရဘဲ ပြဿနာကို လုံးဝမေ့လျော့၍ ရေချိုးနေစဉ် သို့မဟုတ် လမ်းလျှောက်နေစဉ် သို့မဟုတ် ပြဿနာနှင့် ဘာမျှမဆိုင်သော အခြားအလုပ်တစ်ခုခုကို အမှတ်မထင်ပြုလုပ်နေသောခဏ၌ ဘွားခနဲ အဖြေ ထွက်ပေါ်လာတတ်သည်ဆို၏။

ဤသို့ အနုပညာရှင်၊ သိပ္ပံပညာရှင်တို့၏ အောင်မြင်မှု မသိစိတ်သည် အလွန်အရေးပါသော အထောက်အကူဖြစ်ကြောင်း ယုံမှားစရာ မရှိချေ။ ဤအချက်သည် လူတို့၏ နေ့စဉ်အတွေ့အကြုံအားဖြင့်လည်း ထင်ရှား၏။ ပုဂ္ဂိုလ်တစ်ဦး၏နာမည်ကို မေ့နေသောအခါ၌ ဆက်လက်စဉ်းစားမနေဘဲ အခြား ကိစ္စတစ်ခုခုသို့ အာရုံလွှဲပြောင်းလိုက်ပါက မေ့နေသောနာမည်သည် မကြာမီ အလိုလိုပေါ်လာတတ်၏။ ညအိပ်ရာမဝင်မီက စဉ်းစားထားသော ပြဿနာသည် နံနက်အိပ်ရာမှအထတွင် အဖြေထွက်ပေါ်လာတတ်၏။ တစ်ရေးနိုးသော်အကြံ ပေါ်ဆိုသော မြန်မာစကားပုံသည် မသိစိတ်၏စွမ်းဆောင်မှုကို ရည်ညွှန်းသော စကားဖြစ်၏။



သိပ္ပံပညာသည် မသိစိတ်၏စွမ်းဆောင်မှုကို မည်သို့မျှ ရှင်းမပြနိုင်ချေ။ စင်စစ် မသိစိတ်၏ စွမ်းအင်သတ္တိမှာ တစ်ခါတစ်ရံ အံ့ဖွယ်လိလိ နက်နဲဆန်း ကြယ်လှ၏။ မသိစိတ်၏အစွမ်းဖြင့် အံ့ဖွယ်သရဲပြုလုပ်ပြသနိုင်သော ပုဂ္ဂိုလ် တစ်စုမှာ သင်္ချာဝိဇ္ဇာများဖြစ်၏။ သူတို့သည် သင်္ချာပညာကျော်များပင် များစွာ အချိန်ကုန်လူပန်း၍ တွက်ချက်ရမည်ဖြစ်သော အလွန်ခက်ခဲသည့် ဂဏန်းပုစ္ဆာ များကို တစ်မုဟုတ်ချင်းဖြေဆိုနိုင်ကြ၏။ ပုံစံအားဖြင့် အလွန်ရှည်လျားသော ကိန်းများပါဝင်သည့် အမြှောက်ပုစ္ဆာ၊ အစားပုစ္ဆာ၊ နှစ်ထပ်ကိန်းရင်း၊ သုံးထပ် ကိန်းရင်းရှာရသော ပုစ္ဆာ၊ အခွဲအမြှောက်ကိန်းရှာရသော ပုစ္ဆာများကို မြင်လိုက် သည်နှင့် တစ်ပြိုင်နက် ဒိုးခနဲဒေါက်ခနဲ တိကျမှန်ကန်စွာ အဖြေပြောနိုင်ကြ၏။ မည်သို့မည်ပုံ အဖြေရရှိကြောင်းကိုကား သူတို့မသိကြ။ သိပ္ပံဆရာများကလည်း ရှင်းမပြနိုင်ကြချေ။

အနုပညာရှင်၏ တီထွင်ဖန်တီးမှု၊ သိပ္ပံဆရာ၏ ပြဿနာအဖြေတွေ့ရှိ မှုနှင့် သင်္ချာဝိဇ္ဇာ၏ စွမ်းဆောင်မှုများမှာ မသိစိတ်၏ ဆန်းကြယ်နက်နဲပုံကို ပြသော အထောက်အထား တစ်စိတ်တစ်ဒေသမျှသာဖြစ်၏။ ယင်းတို့မှာ ရုပ်ဝါဒ သမားများ မငြင်းဆိုနိုင်သောအချက်များဖြစ်လေရာ ယင်းတို့နှင့်အလားတူ အခြား အထောက်အထား အမြောက်အမြားရှိပေသေး၏။ တစ်ယူသန် ရုပ်ဝါဒီတို့သည် ယင်းတို့ကို လုံးဝလက်ခံကြမည်မဟုတ်သော်လည်း အနောက်တိုင်းသုတေသီ တို့သည် နှစ်ပေါင်းများစွာ သိပ္ပံနည်းကျကျ စူးစမ်းလေ့လာခဲ့ကြပြီးဖြစ်၍ သူတို့ လေ့လာသိရှိရသမျှကို မကျဉ်းမကျယ် တင်ပြပါအံ့။

www.burmeseclassic.com

www.burmeseclassic.com

အ ခ န်း [ ၃ ]

# စိတ်ဝိညာဉ်သုတေသန

များစွာသော ကမ္ဘာသူကမ္ဘာသားတို့သည် သူတစ်ပါး၏ စိတ်အကြံကို သိခြင်း၊ အနာဂတ်ကို ကြိုတင်သိမြင်ခြင်း စသော စိတ်တန်ခိုးသတ္တိများကို ယုံကြည်ကြ၏။ တမလွန်လောကရှိသည်။ တမလွန်ဘုံသားများနှင့် လူသားတို့ ဆက်သွယ်နိုင်သည်ဟု ယူဆကြ၏။ ကမ္ဘာ့ရှေးဟောင်းစာပေများ၌ ထိုစိတ်တန်ခိုးသတ္တိများနှင့် တမလွန်လောကအကြောင်း ရေးသားဖော်ပြထား၏။

ဤသို့ ယုံကြည်သူများက ထောက်ပြသော သာဓကများမှာလည်း ရှေးပဝေသဏီမှစ၍ ယနေ့အထိ များပြားလှပေ၏။ ရှေး ဂရိသမိုင်းကျမ်းတစ်စောင်၌ လာသည်ကား ထင်ရှားကျော်ကြားသော ခရိစပ်ဘုရင်ကြီးသည် နိုင်ငံအတွင်းရှိ နတ်ဗေဒင်ဆရာများကို ပညာစမ်းလိုသောကြောင့် သူ၏အမတ်များကို စေလွှတ်ပြီး ယခုအချိန်၌ ဘုရင်ကြီးဘာလုပ်နေသနည်းဟု မေးစေ၏။ ထိုအချိန်၌ ဘုရင်ကြီးသည် လိပ်တစ်ကောင်နှင့် သိုးတစ်ကောင်ကို ခုတ်ထစ်၍ ကြေးအိုးထဲတွင် ထည့်ပြီးချက်ပြုတ်နေပေရာ နတ်ဗေဒင်ဆရာ ခုနစ်ဦးအနက် နာမည်ကျော်ဒယ်လဖိဗေဒင်ဆရာက ဘုရင်ကြီး ကြံကြီးစည်ရာ ပေါက်ပေါက်ရှာရှာပြုလုပ်နေပုံကို ခရေစေ့တွင်းကျ သေချာဂနပြောပြသည်ဆို၏။

ယခုခေတ်၌လည်း အလားတူ အံ့ဖွယ်သရဲ အမှုများအကြောင်းကို မကြာခဏကြားသိရ၏။ အိန္ဒိယပြည်မှ ဟိန္ဒူယောဂီများနှင့် တိဗက်ပြည်မှ ဗုဒ္ဓဘာသာဘုန်းကြီးများ၏ တန်ခိုးဣဒ္ဓိများအကြောင်းကို မကြာခဏဖတ်ရှုရ၏။ အမေရိကန်ပြည်မှ ဂျင်းဒစ်(ခ)ဆင် ဆိုသောမိန်းမမှာ အကြားအမြင်ရ၍ သူ၏



ဟောပြောချက်များမှာ အံ့ဖွယ်လိလိ မှန်ကန်ကြောင်း၊ သမ္မတကနေဒီအသတ်မခံရမီက သမ္မတအား ကြမ္မာဆိုး ဆိုက်ရောက်မည့် အတိတ်နိမိတ်ကို မြင်၍ မိတ်ဆွေများအား တင်ကြိုပြောပြခဲ့ကြောင်း သိရ၏။

ဤသို့ စိတ်တန်ခိုးသတ္တိနှင့်ပတ်သက်သော ရှေးအစဉ်အလာယုံကြည်မှုများကို ယခုခေတ်သိပ္ပံပညာရှင်တို့သည် ရှေးအခါက မလေ့လာခဲ့ကြချေ။ ၎င်းတို့ကို သိပ္ပံပညာနှင့်ဆန့်ကျင်သည်။ လိမ်လည်လှည့်စားမှု အမြင်မှားမှုသို့မဟုတ် အကြောင်းမဲ့တိုက်ဆိုင်မှုများ ဖြစ်သည်ဆို၍ လုံးဝပစ်ပယ်ထားကြ၏။ သို့ရာတွင် အချို့သောပုဂ္ဂိုလ်တို့သည် ပညာရှင်အများစု၏ ခံယူချက်ကို မကျေမနပ်ဖြစ်၍ ဓမ္မဓိဋ္ဌာန်ကျကျ စူးစမ်းလေ့လာလိုသော ဆန္ဒရှိကြ၏။ ထိုပညာရှင်တစ်စုသည် ၁၈၈၇ ခုနှစ်၌ အင်္ဂလန်နိုင်ငံတွင် စိတ်ဝိညာဉ်သုတေသနအသင်းကို တည်ထောင်ကြ၏။ အသင်း၏ရည်ရွယ်ချက်မှာ စိတ်ဝိညာဉ်ဆိုင်ရာ လူတို့၏ အစဉ်အလာ ယုံကြည်မှုများကို မှားသည်မှန်သည် မည်သို့မျှ တစ်ဖက်သတ်မဆုံးဖြတ်ဘဲ သိပ္ပံနည်းကျကျ စေ့ငုသေချာစွာ နိုက်ချွတ်လေ့လာရန်ဖြစ်၏။ ထိုအခါက အသင်းဖြစ်မြောက်အောင် စိတ်အားထက်သန်စွာ ကူညီအားပေးသောသူများမှာ နယ်နယ်ရရပုဂ္ဂိုလ်များမဟုတ်။ ဆာအော်လီဗာလော့၊ ပရိဖက်ဆာဗရော၊ စစ်ဂျဝစ် စသော နာမည်ကျော်သိပ္ပံပညာရှင် အသိပညာရှင်များ ဖြစ်ကြပေသည်။

နောက်ကာလ၌ စိတ်ဝိညာဉ်သုတေသနလုပ်ငန်းသည် ဥရောပနှင့် အမေရိကန်နိုင်ငံများသို့ ပျံ့နှံ့သွား၍ ယခုအခါ ထိုနိုင်ငံများ၌လည်း သုတေသနအသင်းများ ရှိလာကြ၏။ အသင်းဂျာနယ်များ မှန်မှန်ထုတ်ဝေ၍ လေ့လာသိရှိရသမျှကို ဖော်ပြကြ၏။ နိုင်ငံတကာဆိုင်ရာ စိတ်ပိညာဉ်သုတေသနအဖွဲ့ ရှိ၍ နှစ်စဉ် အစည်းအဝေး ကျင်းပကြ၏။ အချို့တက္ကသိုလ်များ၌ စိတ်ဝိညာဉ်သုတေသနဌာနများရှိ၍ အမေရိကန်စိတ်ဝိညာဉ် သုတေသနအသင်းသည် ယခုအခါ သိပ္ပံပညာတိုးတက်ရေးအဖွဲ့၏ အဖွဲ့ဝင်အသင်းတစ်ခု ဖြစ်လျက်ရှိပေပြီ။

ယခုခေတ်ပညာရှင်တို့ စူးစမ်းလေ့လာသောနည်းများမှာ ရှေးခေတ်ကနှင့် မတူတော့ဘဲ တိုးတက်လျက်ရှိပေပြီ။ အင်္ဂလန်စိတ်ဝိညာဉ်သုတေသနအသင်းတည်ထောင်စက သုတေသီတို့သည် အထောက်အထားခိုင်မာသော ကိုယ်တွေ့သာဓကများကို စုဆောင်း၍ စိစစ်လေ့လာရာမှ ယခုအခါ၌မူ ခေတ်မီစည်းကိရိယာများဖြင့် သိပ္ပံနည်းကျကျ စမ်းသပ်လေ့လာနေကြပေပြီ။ စူးစမ်းလေ့လာ

www.burmeseclassic.com

www.burmeseclassic.com



သောနယ်မှာလည်း ရှေးကထက် ကျယ်ပြန့်၍ ရှေးအခါက စိတ်ကူးကြံစည်မှု မပြုခဲ့သော အကြောင်းခြင်းရာများကို လေ့လာနေကြပေပြီ။ ပုံစံအားဖြင့် လူ့ဝင်စားမှု၊ လူနှင့်တိရစ္ဆာန် စိတ်ချင်းဆက်သွယ်မှု၊ လူသတ္တဝါ၏ ကိုယ်ရောင်ခြည်စသည်တို့ကို လေ့လာလျက်ရှိကြပေပြီ။

စိတ်ဝိညာဉ်အကြောင်း စူးစမ်းလေ့လာရာ၌ သိပ္ပံနည်းကျမှုဟူသည် အဘယ်သို့သော စူးစမ်းမှုမျိုးကို ဆိုလိုပါသနည်းဟု မေးဖွယ်ရှိ၏။

ရှေးဦးစွာ သုတေသီဆရာ ဆန်းစစ်လေ့လာရမည့် အကြောင်းအချက်များသည် တိကျမှန်ကန်ဖို့လို၏။ ပုံစံအားဖြင့် လူတစ်ဦးသည် တစ်ညတွင် ရပ်ဝေးရှိ မိမိ၏ဖခင် မကျန်းမမာဖြစ်နေကြောင်း အိပ်မက်မြင်မက်ပြီး နောက်နှစ်ရက်အကြာတွင် ထိုအိပ်မက် မက်သောညကပင် ဖခင်ဖြစ်သူကွယ်လွန်ကြောင်း ကြားသိရပါသည်ဆိုကြပါစို့။ သူသည် မိမိဖခင် မမာနေကြောင်း အမှန်တကယ် အိပ်မက်မက်ပါ၏လောဟု စဉ်းစားရန်ရှိ၏။ အိပ်မက်မမက်မီက ဖခင်ဖြစ်သူ မမာနေကြောင်း တစ်နည်းနည်း သိရှိပြီး ဖြစ်ကောင်းဖြစ်ပေမည်။ အကယ်၍ ဖခင်ဖြစ်သူ မမာနေကြောင်း တစ်နည်းနည်း သိရှိပြီးဖြစ်ပါက အိပ်မက် မက်သည်ဆိုခြင်းမှာ သူ၏စိတ်အထင်သက်သက် ဖြစ်ကောင်းဖြစ်ပေမည်။ အကယ်၍ ဖခင်ဖြစ်သူ ကျန်းမာရေးအခြေအနေကို ဘာမျှမသိ။ အိပ်မက်မက်ပြီး နောက်တစ်နေ့တွင် စာနှင့်ရေးမှတ်ထားမည်။ သို့မဟုတ် အခြားလူတစ်ဦးဦးအား ပြောပြခဲ့သည်ဆိုပါက သူ၏ကိုယ်တွေ့သည် မှန်ကန်သေချာသည်ဟု ဆိုရပေမည်။

စိတ်ဝိညာဉ်သုတေသနအသင်းသည် ထိုသို့အထောက်အထားခိုင်မာသော ကိုယ်တွေ့သာဓကများကို ဦးစားပေး၍ လက်ခံစဉ်းစား၏။ သို့ရာတွင် ထိုသို့ အထောက်အထားခိုင်မာသည့်တိုင် ထိုသာဓကသည် စိတ်ဝိညာဉ်နှင့်ဆိုင်သော ကိုယ်တွေ့ဖြစ်သည်ဟု ကောက်ချက်ချမည်မဟုတ်ချေ။ တစ်နည်းဆိုသော် အထက်ပါ သာဓကသည် အိပ်မက်မက်ခြင်းမှာ အတိတ်နိမိတ်ပြခြင်းဖြစ်သည်။ သို့မဟုတ် စိတ်ဓာတ်ချင်း ဆက်သွယ်မှု(တယ်လီပသီ)ကြောင့် ဖြစ်သည်ဟု တစ်ထစ်ချမယူဆဘဲ အကြောင်းမဲ့တိုက်ဆိုင်မှုဖြစ်နိုင်ခြင်းကိုလည်း လက်ခံစဉ်းစားပေလိမ့်မည်။

အကြောင်းမဲ့တိုက်ဆိုင်မှုသည် လောက၌ မကြာခဏဖြစ်တတ်၍ သိပ္ပံနည်းကျကျ စိတ်ဝိညာဉ်သုတေသနပြုရာ၌ ယင်းကို ထည့်သွင်းစဉ်းစားဖို့လို၏။ ဖြစ်ပျက်မှုတစ်ခုသည် ထူးခြားဆန်းကြယ်ကာမျှဖြင့် ထန်းသီးကြွေခိုက် ကျီးနားခိုက် တိုက်ဆိုင်မှုမျိုးမဟုတ်ဘဲ စိတ်ဝိညာဉ်၏ ဆန်းကြယ်မှုဖြစ်သည်ဟု မဆို



သာချေ။ အဘယ်ကြောင့်ဆိုသော် လောက၌ အလွန်အံ့ဩဖွယ်ကောင်းသော အကြောင်းမဲ့တိုက်ဆိုင်မှုများ တစ်ခါတစ်ရံဖြစ်ပေါ်တတ်၏။ တစ်ခါက အာဖရိကတိုက်၌ နေထိုင်သော အင်္ဂလိပ်တစ်ယောက်သည် ပျဉ်ပြားတစ်ချပ်ပေါ်၌ သူ့နာမည်ကို အမှတ်မထင်ရေးသွင်းပြီးလျှင် ပင်လယ်ထဲသို့ ပစ်ချလိုက်ရာ နောက်လပေါင်း အတန်ကြာသောအခါ အင်္ဂလန်ကမ်းခြေပေါ်သို့ လှိုင်းပုတ်၍တင်နေသော ထိုပျဉ်ချပ်ကို နှမဖြစ်သူက တွေ့ရှိသွားသည်ဆို၏။ ဤသို့တကယ်ဖြစ်သည် မဖြစ်သည် အပထား၍ ဤကဲ့သို့သော အံ့ဖွယ်လိလိ တိုက်ဆိုင်မှုမျိုး တစ်ခါတစ်ရံ ဖြစ်တတ်ခြင်းကို မငြင်းဆိုနိုင်ချေ။

သိပ္ပံသုတေသီသည် ဆန်းကြယ်သော ဖြစ်ရပ်တစ်ခုကို တတ်နိုင်ပါက တိုက်ဆိုင်မှုအနေဖြင့်သာ လက်ခံမည်ဖြစ်၏။ ဤခံယူချက်မှာ သိပ္ပံနည်းကျ စူးစမ်းလေ့လာရာ၌ အရေးကြီးသော နည်းဥပဒေသတစ်ခုနှင့်အညီဖြစ်၏။ သိပ္ပံဆရာသည် သဘာဝဖြစ်ရပ်တစ်ခုကို ရှင်းပြရာ၌ တတ်နိုင်သမျှ ရိုးရိုးစင်းစင်းရှင်းပြဖို့လိုအပ်ပေရာ၊ တိုက်ဆိုင်မှုဖြစ်သည်ဆိုခြင်းမှာ ပရဝိညာဉ်ကြောင့် ဖြစ်သည်ဆိုခြင်းထက် ပိုမိုရိုးစင်းသော ရှင်းပြချက်ဖြစ်၏။ ပရဝိညာဉ်နှင့် တမလွန်လောက အယူနှစ်ခုအနက် တစ်ခုခုဖြင့်ရှင်းပြရန်လိုအပ်လျှင်လည်း ပရဝိညာဉ်မှာ တမလွန်လောကထက် ပိုမိုရိုးစင်းသောကြောင့် ပရဝိညာဉ်ဖြင့်သာ ရှင်းပြရပေမည်။ ပုံစံအားဖြင့် အကြားအမြင်ရရှိသည်ဆိုသောပုဂ္ဂိုလ်သည် လူတစ်ဦး၏လျှို့ဝှက်ချက်များကို ပြောပြ၍ သူ၏ပြောပြချက်သည် အံ့ဖွယ်လိလိ တိကျမှန်ကန်သည်ဆိုကြပါစို့။ နတ်သိကြားများနှင့် ဆက်သွယ်၍ သိရှိရသည်ဆိုသောစကားကို လက်မခံဘဲ ပရဝိညာဉ် (ဝါ) တယ်လီပသီဖြင့် သိရှိခြင်း ဖြစ်သည်ဟု ယူဆရပေမည်။

အယူတစ်ခုသည် ဖြစ်ရပ်များနှင့် လုံးဝမဝင်ဆန့်သောအခါ၌မှ ထိုအယူကို ဆုပ်ကိုင်ထားရန်မလိုချေ။ တစ်နည်းဆိုသော် ဒိဋ္ဌဓမ္မများကို အယူတစ်ခုဖြင့် ရှင်းပြရန် မဖြစ်နိုင်ပါက အခြားဖြစ်နိုင်သော အယူကို စဉ်းစားရပေမည်။ ဒိဋ္ဌဓမ္မသည် အလွန်ထူးထွေဆန်းပြား၍ တိုက်ဆိုင်မှုဖြစ်ရန် ခဲယဉ်းပါက တယ်လီပသီကို လက်ခံရပေမည်။ တယ်လီပသီဖြင့် ရှင်းပြရန်လည်း မဖြစ်နိုင်ပါက တမလွန်လောကကို ထည့်သွင်းစဉ်းစားရပေလိမ့်မည်။ ဤအကြောင်းကို ဆိုင်ရာအခန်းများ၌ ဖော်ပြပါအံ့။

ဤသို့ ဝါဒစွဲ ဆန္ဒစွဲကင်းခြင်းသည် စိတ်ဝိညာဉ်သုတေသန၏ သိပ္ပံနည်းမှု လက္ခဏာတစ်ရပ်ဖြစ်၏။ သုတေသီဆရာတို့သည် မည်သည့်အယူကိုမှ

www.burmeseclassic.com



တညီတညွတ်တည်း ပုံသေစွဲမှတ်မထားကြချေ။ တစ်ဦးနှင့်တစ်ဦး သဘောအယူ ကွဲလွဲသော်လည်း မိမိတို့၏ ထင်မြင်ချက်ကို အသင်းဂျာနယ်၌ လွတ်လပ်စွာ ရေးသားနိုင်ကြပေသည်။

စိတ်ဝိညာဉ်သုတေသနပြုရာ၌ တယ်လီပသီနှင့် အခြား အနည်းငယ်သော စုံစမ်းမှုများမှတစ်ပါး လက်တွေ့စမ်းသပ်မှုကို ထိထိရောက်ရောက် မပြုလုပ်နိုင်ချေ။ သို့ရာတွင် မနုဿဗေဒ၊ နက္ခတ္တဗေဒ စသည်တို့ကဲ့သို့ အခြားအချို့သော သိပ္ပံပညာရပ်များ၌လည်း စမ်းသပ်မှုမပြုလုပ်နိုင်ကြောင်း သတိပြုရပေမည်။ စမ်းသပ်မှုသည် သိပ္ပံနည်းကျလေ့လာရာ၌ အရေးပါသည်မှန်သော်လည်း ယင်း မပါဘဲ အထိုက်အလျောက် လေ့လာရန် မဖြစ်နိုင်စရာအကြောင်း မရှိပေ။

စိတ်ဝိညာဉ်သုတေသနနယ်၌ မရေရာမသေချာသော အချက်များ ရှိသည် မှန်၏။ သို့ရာတွင် ဤသုတေသနလုပ်ငန်းမှာ အသက်နုနယ်၍ ၎င်းထက်များစွာ ရင့်ကျက်သော အခြားသိပ္ပံသုတေသနနယ်၌လည်း မသေချာမရေရာမှုများ ရှိခြင်းကို သတိပြုသင့်၏။ သိပ္ပံပညာဟူသမျှသည် တင်းပြည့်ကျပ်ပြည့် တိကျ သေချာသော ပညာဖြစ်သည်ဟု လူအများထင်မြင်လေ့ရှိကြရာ ဤသည်မှာ ယနေ့သိပ္ပံဆရာတို့၏ ခံယူချက်မဟုတ်ချေ။ ဤအကြောင်းကို အခြားစာအုပ် တစ်အုပ်၌ အကျယ်ရှင်းပြခဲ့ပေပြီ။ ***(သိပ္ပံနည်း စူးစမ်းမှုနှင့် သိပ္ပံပညာသဘော)***

မည်သည့်သိပ္ပံပညာရပ်၌မဆို သိပ္ပံဆရာတို့ မသိနားမလည်သေးသော အကြောင်းအရာများ၊ ဖြေရှင်း၍မရသေးသော ပြဿနာများ အနည်းအများရှိစမြဲ ဖြစ်၏။ ယင်းတို့ကို မဆိုထားဘိ။ ကျွန်ုပ်တို့ မကြာခဏတွေ့မြင်နေကျ အခြင်း အရာများကိုပင် သိပ္ပံပညာသည် ခြေခြေမြစ်မြစ် ရှင်းမပြနိုင်ချေ။

ပုံစံအားဖြင့် ငှက်များ၏ ပျံသန်းသွားလာမှုသည် သိပ္ပံဆရာများအဖို့ မဖြေရှင်းနိုင်သော ပြဿနာဖြစ်၏။ အင်္ဂလန်ပြည်ရှိ ပျံလွှားငှက်များသည် နှစ်စဉ် ဆောင်းကုန်ခါနီးတွင် ခရီးမိုင်ထောင်သောင်းမကဝေးသော ကမ္ဘာတောင်ပိုင်းသို့ ပျံသန်းသွားကြ၍ နောက်နှစ်ဆောင်းဦးပေါက်တွင် မိမိတို့အသိုက်ဟောင်းသို့ ပြန်လာကြ၏။ အင်္ဂလန်ပြည်မှ သံကွင်းစွပ်၍လွှတ်လိုက်သော ငှက်ကို တောင် အာဖရိကတိုက်၌ တွေ့ရ၏။ ဤသို့ပင်လယ်ရပ်ခြား တိုင်းတစ်ပါးသို့ ပျံသွား၍ မိမိအသိုက်ဟောင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်လာသောငှက်များတွင် ငှက် ပေါက်စကလေးများလည်း ပါဝင်၏။ ၎င်းတို့သည် မိဘများ၏ ကူညီစောင့် ရှောက်မှုမရှိဘဲ ထိုမျှဝေးလံသော ခရီးကို ပျံသန်းသွားလာနိုင်ခြင်းမှာ အံ့ဩ ဖွယ်ရာဖြစ်၏။



ထိုသို့ ငှက်များ သို့မဟုတ် ပရွက်ဆိတ်၊ ပျား စသော ပိုးမွှားတိရစ္ဆာန် များ၏ ထူးဆန်းအံ့ဩဖွယ်ရာ အပြုအမူများကို ရှင်းပြရန်လိုသောအခါ သိပ္ပံ ဆရာတို့သည် အင်းစတင့် (*instinct* "လူ့စိတ်သဘာဝ" အခန်း-၅) ဇာတိ စိတ်ကို ထောက်ပြကြ၏။ သို့ရာတွင် ဇာတိစိတ်သည် မည်သို့သောအရာဖြစ် ကြောင်းကိုကား ဘာမျှမပြောနိုင်ကြချေ။ စင်စစ် ဇာတိစိတ်သည် မသိစိတ်၊ ပရစိညာဉ်၊ တစ္ဆေစသည်တို့ကဲ့သို့ စိတ်ပညာဆရာတို့ မသိနားမလည်သော အရာကို ခေါ်ဝေါ်သည့် စကားမျှသာဖြစ်၏။ စိတ်ပညာဆရာသည် စိတ်ဝိညာဉ် သုတေသနဆရာက တစ္ဆေအကြောင်းကို နားလည်သည်ထက် ပို၍ ဇာတိစိတ် အကြောင်းကို နားလည်မည်မဟုတ်ချေ။

စိတ်ဝိညာဉ်သုတေသနလုပ်ငန်းမှာ အခြားသိပ္ပံသုတေသနလုပ်ငန်းများ ထက် ပိုမိုခက်ခဲကြောင်းကိုကား ကျွန်ုပ်တို့ ဝန်ခံရပေမည်။ စိတ်ဝိညာဉ်အကြောင်း ခြင်းရာကို လေ့လာရာ၌ အခါခပ်သိမ်း စမ်းသပ်မှု ပြုလုပ်နိုင်သည်မဟုတ်။ လူတို့၏ မျက်မြင်ကိုယ်တွေ့ သာဓကများမှာ၊ ၁ည်း ရာခိုင်နှုန်းပြည့် တိကျသေချာ ပါသည်ဟု မဆိုသာချေ။ ထို့အပြင် ရှေးအခါကစ၍ ယနေ့အထိ စိတ်ဝိညာဉ် ပညာနယ်သည် လူလိမ်၊ လူညာများ၏ စားကျက်ဖြစ်ခဲ့၍ အတုနှင့်အစစ်ကို ခွဲခြားရန် မလွယ်ကူချေ။ လူတို့သည် အများအားဖြင့် အထူးအဆန်းဟူသမျှကို စိတ်ဝင်စား၍ မစူးစမ်းမဆင်ခြင်ဘဲ လက်ခံယုံကြည်လေ့ရှိကြပေရာ တစ်ခါတစ်ရံ အသိပညာရှင်များသည်ပင် အလိမ်ခံကြရ၏။

ရှားလော့ဟုမ်း စုံထောက်ဝတ္ထုများကိုရေးသား၍ ကမ္ဘာကျော်ခဲ့သော အင်္ဂလိပ်စာရေးဆရာကြီး ဆာအာသာကင်နွန်ဒွိုင်းသည် တမလွန်လောကကို အတော်စွဲလမ်း၍ တစ်ခါက နတ်သမီးနတ်သားများ ကေန်ရှိကြောင်း ဓာတ်ပုံ များနှင့် စာအုပ်တစ်အုပ်ရေးသားဖူး၏။ သူပြထားသော နတ်သမီးဓာတ်ပုံများမှာ ကင်မရာ လှည့်စားထားချက်များဖြစ်ကြောင်း နောက်မှသိကြရ၏။ ပညာရှင် တစ်ဦးသည် နတ်ဝင်တို့၏ လိမ်နည်းများကို လေ့လာမှတ်သားပြီးလျှင် လက်တွေ့ စမ်းသပ်ကြည့်ခဲ့ဖူး၏။ သူသည် အဖော်တစ်ဦးနှင့်အတူ အစစအရာရာ သေချာ ကျနစွာ ကြိုတင်ပြင်ဆင်ပြီးလျှင် လူခြောက်ယောက်ကို ဖိတ်ခေါ်၍ နတ်ဝင်တို့ ပြသနေကျဖြစ်သော အမှုများကိုပြုလုပ်ပြသ၏။ "နတ်ပွဲ" ပြီးဆုံးသောအခါ ပွဲကြည့်ပရိသတ်က သူ့စကားကို မယုံကြချေ။

စိတ်ဝိညာဉ် သုတေသီဆရာတို့သည် စိတ်ဝိညာဉ်ပညာနယ်၌ လူများ မစူးစမ်းဘဲ ယုံကြည်တတ်ကြခြင်းကိုသော်လည်းကောင်း၊ လူလိမ်လူညာများ

www.burmeseclassic.com

www.burmeseclassic.com



ရှိခြင်းကိုသော်လည်းကောင်း သိရှိပြီးဖြစ်၍ မျက်မြင်ကိုယ်တွေ့ဖြစ်သည်ဆိုသော အမှုများကိုပင် စေ့ငုသေချာစွာ လိုက်လံစိစစ်ကြ၏။ နတ်ဝင်ကဲ့သို့ အံ့ဖွယ်သရဲအမှု ပြုလုပ်နိုင်သည်ဆိုသော ပုဂ္ဂိုလ်များကို လေ့လာရာ၌ ၎င်းတို့ မလိမ်ညာနိုင်အောင် အမျိုးမျိုးကြိုတင် ကာကွယ်ပြီးမှလေ့လာကြ၏။ ဤအကြောင်းကို ဆိုင်ရာအခန်းများတွင် ဖော်ပြပါအံ့။

ထူးခြားဆန်းကြယ်သော စိတ်ဝိညာဉ်အကြောင်းခြင်းရာနှင့် ပတ်သက်၍ ခံယူချက် အစွန်းတစ်ဖက်ရောက်နေသော ပုဂ္ဂိုလ် နှစ်မျိုးနှစ်စားရှိ၏။ ပထမ ပုဂ္ဂိုလ်မှာ လူတို့၏ရှေးအစဉ်အလာ အစွဲဥပါဒါန်များကို မစူးစမ်းဘဲ လက်ခံ၍ စိတ်သည် အလွန်တန်ခိုးသတ္တိရှိသည်ဟု ယုံကြည်သောသူဖြစ်၏။ အခြားပုဂ္ဂိုလ်မှာကား ထိုရှေးအယူများကို အကြွင်းမဲ့ပယ်၍ စိတ်ဝိညာဉ်သုတေသနပြုမှုကိုလည်း လက်မခံဘဲ ကျောခိုင်းထားသူဖြစ်၏။ ဤဒုတိယပုဂ္ဂိုလ်မျိုးကို အများအားဖြင့် သိပ္ပံလောက၌ တွေ့ရတတ်၏။

စိတ်ဝိညာဉ်သုတေသနလုပ်ငန်းသည် ယနေ့အထိ သိပ္ပံပညာရှင်အများစု၏ အားပေးကူညီမှုကို မရရှိသေးချေ။ ဤသည်မှာ စိတ်ဝိညာဉ်သုတေသီတို့၏ လေ့လာတွေ့ရှိရချက်များကို သိပ္ပံပညာဖြင့် နှိုက်ချွတ်လိုက်စစ်၍ မရအပ်သောကြောင့် ဖြစ်၏။ စိတ်ဝိညာဉ်သုတေသနနယ်၌ အထောက်အထား အခိုင်မာဆုံးမှာ တယ်လီပသီဖြစ်ရာ ၎င်းကိုမယုံသော သိပ္ပံဆရာများသည်ပင် အတော်များများရှိ၏။ သူတို့သည် တယ်လီပသီကို ယခုထက် အထောက်အထား ပိုမိုခိုင်မာလာစေကာမူ လက်ခံလိုကြမည်မဟုတ်ချေ။ နာမည်ကျော် ရူပဗေဒပညာရှင်တစ်ဦးကမူ "စိတ်ဝိညာဉ်သုတေသနအသင်းက သက်သေအထောက်အထားမည်မျှပြစေကာမူ သို့မဟုတ် ကျွန်ုပ်ကိုယ်တိုင် မျက်စိနှင့် တပ်အပ်တွေ့မြင်ရစေကာမူ တယ်လီပသီကို ကျွန်ုပ် လက်မခံနိုင်ပါ"ဟု ဆိုလေသည်။

စိတ်ဝိညာဉ်သုတေသနလုပ်ငန်းကို အချို့သိပ္ပံဆရာတို့ မလိုလားခြင်းမှာကား ထိုသုတေသနနယ်၌ တွေ့ရှိရချက်များသည် သူတို့ခံယူထားသော သိပ္ပံနိယာမတရားများနှင့် ဘောင်မဝင်သောကြောင့် ဖြစ်၏။ ဤသည်မှာ သိပ္ပံပညာရှင်တို့၌ ရှိသင့်ရှိထိုက်သော စိတ်ထားမျိုးမဟုတ်ချေ။ သိပ္ပံပညာသည် အထောက်အထားခိုင်လုံသော သဘောအယူအဆကို လက်ခံသည်မှန်သော်လည်း ဝါဒစွဲရှိမှုကို ဆန့်ကျင်၏။ သိပ္ပံနည်းကျ စူးစမ်းလေ့လာရာ၌ သဘောအယူကို မည်သည့်အခါမျှ အစွဲအမြဲ ဆုပ်ကိုင်မထားဘဲ ဒိဋ္ဌဓမ္မများနှင့် ချိန်ကိုက်ရစမြဲဖြစ်၏။ စိတ်ဝိညာဉ်သုတေသနနယ်၌ တွေ့ရှိရချက်များသည် သိပ္ပံပညာ၏



မူလခံယူချက်များနှင့် မကိုက်ညီပါက ထိုမူလခံယူချက်များကို ပြောင်းလဲတန်ပြောင်းလဲရပေမည်။ ဒိဋ္ဌဓမ္မတွေ့ရှိရချက်များကိုကား မျက်ကွယ်ပြု၍ ရမည်မဟုတ်ချေ။

အစဉ်အလာခံယူချက်များနှင့် ဆန့်ကျင်သော ဒိဋ္ဌဓမ္မများကို မျက်နှာလွှဲဖယ်ထားခြင်းသည် သိပ္ပံပညာနယ်၌ ကြာရှည်မတည်မြဲဘဲ ယုတ္တိအထောက်အထား တစ်နေ့တခြား ပိုမိုတိကျခိုင်မာလာသောအခါ စူးစမ်းလေ့လာကြရမည်သာဖြစ်၏။ ဤအချက်မှာ သိပ္ပံပညာသမိုင်း၌ ထင်ရှား၏။ ယခုအခါ သိပ္ပံဆရာတို့သည် ရှေးအခါက ပစ်ပယ်ထားခဲ့သော တရုတ်အပ်စိုက်ကုသနည်းကို စူးစမ်းလေ့လာနေကြရပြီဖြစ်၏။ စိတ်ဝိညာဉ်သုတေသနလုပ်ငန်းကိုလည်း ရှေးကကဲ့သို့ လျစ်လျူမပြုကြတော့ဘဲ လေးလေးနက်နက် စိတ်ဝင်စားသော ပညာရှင်များမှာ တစ်နေ့တခြား တိုးတက်များပြားလျက်ရှိပေပြီ။

ထိုသို့ ပညာရှင်များ စိတ်ဝင်စား၍ သိပ္ပံနည်းကျ စူးစမ်းလေ့လာရာမှ တွေ့ရှိရသောအချက်များမှာ ထူးထွေဆန်းပြားလှပေရာ ဤစာအုပ်၌ ယင်းတို့ကို အသေးစိတ် အားလုံးပြဆိုရန် ဖြစ်မည်မဟုတ်ချေ။ သို့ဖြစ်၍ ရှေးဦးစွာ စိတ်ဝိညာဉ်၏ အချို့သော ထူးဆန်းအံ့သြဖွယ်ရာ လက္ခဏာခြင်းရာများကို ပြဆိုပါမည်။ ထို့နောက် လူအများ အထူးစိတ်ဝင်စားမည်ဖြစ်သော ခန္ဓာကိုယ်လုံးဝပျက်စီးမှုနှင့်အတူ စိတ်ဝိညာဉ်သည် လုံးဝချုပ်ငြိမ်းပြတ်စဲခြင်း ရှိ, မရှိ (ဝါ) လူသေပြီးနောက် ဘဝသစ်တစ်ဖန် ဖြစ်ခြင်းရှိ မရှိ ပြဿနာနှင့် ပတ်သက်၍ သုတေသီဆရာတို့ စူးစမ်းလေ့လာရာမှ တွေ့ရှိရချက်များကို ဆက်လက်ဖော်ပြပါအံ့။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၄ ]

## တယ်လီပသီ

တယ်လီပသီဟူသည်ကား နား မျက်စိစသော ကိုယ်အင်္ဂါများကို မသုံးဘဲ စဉ်းစားဆင်ခြင်ခြင်းလည်း မပြုဘဲ သူတစ်ပါး၏စိတ်ကို အလိုလိုသိရှိမှုဖြစ်၏။ ဤသည်မှာ တယ်လီပသီ၏ ရှေးဦးမူလအဓိပ္ပာယ်ဖြစ်၍ ယခုအခါ၌မူ ရှေးက ထက် များစွာ အဓိပ္ပာယ် နက်နဲကျယ်ဝန်းလာပြီဖြစ်၏။ စိတ်ဝိညာဉ်သုတေသန နယ်၌ တယ်လီပသီနေရာတွင် အီးအက်စပီ E.S.P (*Extru sensory perception*) ဆိုသော အခြား အင်္ဂလိပ်ဝေါဟာရတစ်ခု ခေတ်စားလာ၏။ အီးအက်စပီ၏ အဓိပ္ပာယ်ကား ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အတိတ်၊ သို့မဟုတ် ပစ္စုပ္ပန် သို့မဟုတ် အနာဂတ်ဖြစ်ပျက်မှုကို အလိုလိုသိရှိမှုဖြစ်၏။ အီးအက်စပီ ကို ဤစာအုပ်၌ ပရဝိညာဉ်ဟူ၍ ခေါ်ဝေါ်ပါအံ့။ ဤအခန်း၌ သူတစ်ပါး၏ ပစ္စုပ္ပန်ဖြစ်ပျက်မှုနှင့် ပတ်သက်သော သိမြင်နိုင်စွမ်းကို ရေးသား၍ အတိတ် အနာဂတ်သိမြင်မှုကို ရှေ့အခန်းတွင် ဖော်ပြပါမည်။

ပုဂ္ဂိုလ်သတ္တဝါနှစ်ဦးသုံးဦးတွင် တစ်ချိန်တည်း၌ စိတ်ကူးအကြံအစည် တူညီနေမှု၊ သို့မဟုတ် တစ်ဦး၏ဖြစ်ပျက်မှုကို တစ်ဦးကသိမှု၊ မြင်ယောင်ကြား ယောင် ဖြစ်လာမှုများမှာ လူအများ ရံဖန်ရံခါ ကြုံတွေ့ရတတ်သဖြင့် စိတ်ဝိညာဉ် သုတေသနအကြောင်း မကြားဖူးစေကာမူ ပရဝိညာဉ်ကိုကား လက်ခံယုံကြည် ကြပေလိမ့်မည်။ သို့ရာတွင် ထိုကိုယ်တွေ့ သာဓကများမှာ အကြောင်းမဲ့တိုက် ဆိုင်မှု သို့မဟုတ် အမှတ်အသား ချွတ်ယွင်းမှုများလည်း ဖြစ်နိုင်သောကြောင့် သုတေသီဆရာတို့အဖို့ ခိုင်လုံသော အထောက်အထားများ ဖြစ်မည်မဟုတ်ချေ။



အကယ်၍ ကိုယ်တွေ့သာဓကတစ်ခု၌ တိုက်ဆိုင်နေသောအချက်မှာ တစ်ခုနှစ်ခုသာမကဘဲ သုံးလေးခုဖြစ်နေပါမူကား အကြောင်းမဲ့တိုက်ဆိုင်မှုဖြစ် သည်ဟုဆိုရန် ခဲယဉ်း၏။ လွန်ခဲ့သောအခန်းတစ်ခု၌ ဖော်ပြခဲ့သည့် ခရိုစပ် ဘုရင်ကြီး ဘာလုပ်နေကြောင်း နတ်ဝင်၏ဟောပြောချက်မှာ အချက်သုံးလေးချက် မှန်ကန်နေရကား အကြောင်းမဲ့တိုက်ဆိုင်မှုမဖြစ်နိုင်ချေ။ ဤသို့ သုံးလေးနေရာ၌ အံ့သြဖွယ်ရာတိုက်ဆိုင်၍ အမှတ်အသား ချွတ်ယွင်းမှုလည်း မရှိဘဲ တိကျမှန်ကန် သော သာဓက၌ကား ပရဝိညာဉ်၏ အစွမ်းသတ္တိသည် ထင်ရှား၏။

ပုံစံကား တောင်အာဖရိကနိုင်ငံ၌ စိတ္တဇဆရာဝန်တစ်ဦးသည် အကြား အမြင်ရသည်ဆိုသော တိုင်းရင်းသား ပယောဂဆရာတစ်ဦးကို ပညာစမ်းလိုသော ကြောင့် တစ်ခါသော် မိမိအကြံအစည်ကို မည်သူ့အားမျှမပြောဘဲ ပိုက်ဆံအိတ် တစ်အိတ်ကို တစ်နေရာ၌ မြေကြီးထဲတွင် မည်သူမျှမသိအောင် တိတ်တဆိတ် မြှုပ်နှံပြီးလျှင် မိုင် ၆၀ ခန့်ဝေးသော ဆရာနေထိုင်သည့်ရွာသို့ ကားဖြင့်သွား၏။ ပယောဂဆရာသည် ဝှက်ထားသော ဝတ္ထုပစ္စည်းနှင့် နေရာဒေသ အကြောင်းအရာ များကို တိကျမှန်ကန်စွာ အသေးစိတ်ပြောပြနိုင်လေသည်။

ဤသာဓက၌ ဝတ္ထုပစ္စည်း၏ အမျိုးအစား၊ အရောင်အဆင်း၊ အရွယ် ပမာဏ၊ အထဲ၌ပါသော ငွေကြေးပမာဏ၊ ဝှက်ထားသောနေရာ စသည်တို့ကို မှန်ကန်စွာပြောနိုင်ခြင်းမှာ ပရဝိညာဉ်၏ အစွမ်းသတ္တိဖြစ်သည်ဟု ယူဆရပေ မည်။ စိတ်ဝိညာဉ်သုတေသနအသင်း၏ မှတ်တမ်း၌ အလားတူသာဓက အတော် များများ ရှိ၏။ ယင်းတို့မှာ ကမ္ဘာအရပ်ရပ်မှပေးပို့သော ထောင်သောင်းမက သော သာဓကများအနက် မရေရာမသေချာသော သာဓကများကိုပယ်၍ သုတေသနအသင်းကို ဆိုင်ရာပုဂ္ဂိုလ်များအား စေ့ငုသေချာစွာ မေးမြန်းစိစစ်ပြီး အထောက်အထား ခိုင်လုံသည်ဟု ယူဆရ၍ မှတ်သားထားသော သာဓကများ ဖြစ်၏။

ထိုသာဓကများကို ဤစာအုပ်၌ မဖော်ပြတော့ဘဲ သုတေသီတို့၏ စူးစမ်း လေ့လာမှုများကို ဖော်ပြပါမည်။

ဆာဟူးဘတ်ဝီးလကင်သည် မြောက်ဝင်ရိုးပေါ်သို့ ပထမပျံသန်းသော လေသူရဲဖြစ်၏။ သူသည် အာတိတ်နှင့် အန္တာတိတ်ဒေသသို့ အကြိမ်ကြိမ်စွန့်စား သွားရောက်ခဲ့ဖူး၏။ ၁၉၃၇ ခုနှစ်၌ ရုရှားလေယာဉ်မောင်းသမားတစ်ဦးသည် မြောက်ဝင်ရိုးပေါ်သို့ ပျံသန်းပြီးနောက် ပျောက်ကွယ်သွားခဲ့ရာ ဝီးလကင်သည် ထိုလေယာဉ်သမားကို ရှာဖွေရန် ထွက်ခွာသွား၏။ ရှာဖွေမှုမှာ ၁၉၃၇ ခု၊

www.burmeseclassic.com

www.burmeseclassic.com



အောက်တိုဘာလမှ ၁၉၃၈ ခု မတ်လအထိ ခြောက်လမျှကြာလေသည်။

ဝီးလကင်နှင့်သိကျွမ်းသော အမေရိကန်စာရေးဆရာ ဟာရိုးရှားမင်သည် ဝိုင်ယာလက်အဆက်အသွယ်ပြတ်သွားပါက မည်သို့ဖြစ်ပျက်နေသည်ကို သိရှိရန် ဝီးလကင်နှင့် ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ် စိတ်ချင်းဆက်သွယ်ရန် စီစဉ်၏။ ထိုအချိန်များ၌ သူသည် စိတ်ထဲသို့ဝင်လာသော အာရုံများကို သေချာစွာရေးမှတ်ထား၍ ဝီးလကင်ကလည်း မိမိပြုလုပ်သမျှကို နေ့စဉ် ဒိုင်ယာရီရေးမှတ်ထား၏။

ဝီးလကင် လေယာဉ်ဖြင့်ထွက်ခွာသွားပြီးနောက် ရက်များမကြာမီ ရှားမင်သည် ပါတီတစ်ခုသို့ ဝီးလကင်ရောက်နေသည်ကို အာရုံထင်လာ၏။ ဤသည်မှာ မဖြစ်နိုင်ဟုထင်ရသော်လည်း စင်စစ် ထိုအချိန်၌ ဝီးလကင်မှာ နှင်းမြူများ ပိတ်နေသဖြင့် မြို့တစ်မြို့တွင် ဆင်းသက်ရပြီး မြို့လူကြီးများက ဖိတ်သော ပါတီတစ်ခုကို တက်ရောက်နေရ၏။ နောက်တစ်ကြိမ်၌ ရှားမင်သည် ပင်လယ်ကမ်းခြေအနီး ရေထဲ၌ ဝီးလကင်လေယာဉ်ကိုမြင်ရ၍ ကမ်းပေါ်၌ အက်စကီးမိုးတို့၏တဲများ မီးလောင်နေသည်ကိုလည်း မြင်ရ၏။

ရှားမင်သည် သူ့စိတ်ထဲ၌ ထင်မြင်လာသမျှကို ရေးမှတ်ထားပြီး ကိုလံဘီယာတက္ကသိုလ်မှ ပါမောက္ခ ဂါနာမာဖီထံသို့ ပေးပို့၍ ဝီးလကင်ကလည်း သူ့ဒိုင်ယာရီ မိတ္တူတစ်ခုကို မာဖီထံသို့ ပို့လိုက်၏။ ပါမောက္ခက ဒိုင်ယာရီနှင့် တိုက်ကြည့်သောအခါ ရှားမင်၏မှတ်တမ်းနှင့် ဝီးလကင်၏ဒိုင်ယာရီမှာ အံ့ဖွယ်လိလိ ကိုက်ညီနေသည်ကို တွေ့ရလေသည်။

ရုရှားနိုင်ငံ၌ စိတ်ဝိညာဉ်သုတေသနလုပ်ငန်းကို အစိုးရက ကူညီအားပေး၍ သိပ္ပံပညာရှင်များ ဆောင်ရွက်နေကြသည်ဆိုပါက လူအများ ယုံကြည်ကြမည်မဟုတ်ပေ။ စင်စစ် ရုရှားတို့သည် ရုပ်ဝါဒီများဖြစ်၍ သူတို့အသိအမြင်နယ်၌ စိတ်ဝိညာဉ်အတွက် နေရာကဏ္ဍမရှိချေ။ သို့ရာတွင် သူတို့သည် တယ်လီပသီကို ရုပ်တရား၏ လက္ခဏာခြင်းရာအနေဖြင့် လက်ခံ၍ ရုပ်ဝါဒအမြင်ဖြင့် စူးစမ်းလေ့လာလျက်ရှိကြ၏။ လီနင်ဂရက်တက္ကသိုလ် ဖိဆိုဩလိုဂျီဌာနမှ ပါမောက္ခ လီအိုနီဗာဆီယက် (*Leanid Vasilyev*) သည် တယ်လီပသီကို စူးစမ်းလေ့လာခဲ့သည်မှာ နှစ်ပေါင်းလေးဆယ်ကျော်မျှရှိပေပြီ။

တစ်ခါသော် ပါမောက္ခ ဗာဆီယက်သည် ဆရာဝန်များ၏ ရှေ့တွင် တယ်လီပသီကို စမ်းသပ်ပြ၏။ ဆရာဝန်တစ်ဦးသည် လူနာတစ်ဦးကို အိပ်မွေ့ချလိုက်၏။ ဗာဆီယက်သည် လူနာ၏အိပ်ရာခေါင်းရင်းမှ ကိုက်အတော်ဝေးသောနေရာတွင် ရပ်လျက်ရှိ၏။ ထို့နောက် ဆရာဝန်တစ်ဦးက ညွှန်ကြားချက်များပါရှိသည့် စာရွက်တစ်ရွက်ကိုပေး၍ ဗာဆီယက်သည် ထိုညွှန်ကြားချက်များနှင့်အညီ ပြုလုပ်ရန် လူနာအား စိတ်ဖြင့်စေခိုင်း၏။ လူနာသည် ဗာဆီယက်က စိတ်ဖြင့် ညွှန်ကြားသည့်အတိုင်း လက်များမြှောက်ခြင်း၊ လက်ပိုက်ခြင်း၊ ခေါင်းထောင်ခြင်းအမှုများကို လိုက်နာပြုလုပ်လေသည်။



ထိုထက်ပို၍ အံ့ဩဖွယ်ရာကောင်းသော စမ်းသပ်မှုမှာကား ပိုလန်နိုင်ငံ ဝါဆောမြို့၌ပြုလုပ်သော စမ်းသပ်မှုဖြစ်၏။ မစ္စတာစတီဖင်အော်ဆိုဝစ္စကီ (*Stefan Ossowiecki*) သည် အကြားအမြင်ရရှိသည်ဆို၍ ထင်ရှားကျော်ကြားသော ပိုလန်ပြည်သားဖြစ်၏။ လန်ဒန် စိတ်ဝိညာဉ်သုတေသနအသင်းသည် အော်ဆိုဝစ္စကီ၏ ပညာကို စမ်းလိုသောကြောင့် စက္ကူတစ်ရွက်ပေါ်၌ မင်အိုးတစ်အိုးပုံကို ဆွဲသွားပြီးလျှင် ပုံ၏လက်ဝဲဘက်၌ Swan ဆိုသော စကားကိုရေး၍ အောက်မှ အပြာမျဉ်းသားထား၏။ပုံ၏လက်ယာဘက်၌ Ink ဆိုသော စကားကိုရေး၍ အောက်က အနီမျဉ်းသားထား၏။ ထို့နောက် ပုံကို အပြင်ကဘာမျှမမြင်ရသော စာအိတ်ထဲ၌ထည့်၊ ထိုပထမစာအိတ်ကို ဒုတိယစာအိတ်၌ထည့်၊ ထိုဒုတိယစာအိတ်ကို တတိယစာအိတ်၌ထည့်ပြီးလျှင် စာအိတ်များကို ဖွင့်ပြကြည့်ပါက ကြည့်ကြောင်းသိသာနိုင်ရန် လျှို့ဝှက်အမှတ်အသားများ ပြုလုပ်ထား၏။ ဝါဆောမြို့မှ အကြားအမြင်ဆရာသည် စိတ်ဝိညာဉ်အသင်းသားနှစ်ဦးနှင့် အခြားပုဂ္ဂိုလ်တစ်ဦး၏ ရှေ့၌ စာအိတ်များကို ကိုင်တွယ်ကြည့်ပြီးသော် ပုံသုံးပုံရေးဆွဲပြ၏။ ပထမပုံမှာ မင်အိုးပုံဖြစ်၏။ ဒုတိယပုံမှာလည်း မင်အိုးပုံဖြစ်၍ လက်ဝဲဘက်၌ Swan၊ လက်ယာဘက်၌ In ဟုရေးသားထား၏။

တတိယပုံမှာကား Swan ကို အနီ၊ Ink ကိုအပြာမျဉ်းသားထားသည်ကလွဲ၍ နဂိုမူလရေးဆွဲထားသောပုံနှင့် ထပ်တူဖြစ်နေလေသည်။

အခြားစမ်းသပ်မှုတစ်ခု၌ သုတေသီဆရာသည် ရုပ်ပုံကို စက္ကူတစ်ရွက်ပေါ်၌ ရေးဆွဲ၍ စာရွက်ကိုခေါက်ပြီး စာအိတ်အနီတစ်ခုထဲသို့ ထည့်၏။ ထိုစာအိတ်အနီကို စာအိတ်အမည်းတစ်ခုထဲသို့ ထည့်၏။ ထို့နောက် ထိုစာအိတ်အမည်းကို စာအိတ်အညိုတစ်ခုထဲသို့ ထည့်ပြီး အော်ဆိုဝစ္စကီအား ပြ၏။ အော်ဆိုဝစ္စကီသည် စာရွက်ပေါ်၌ပါသော ရုပ်ပုံကို ရေးဆွဲနိုင်သည်သာမက စာရွက်၏ ကျောဘက်၌ ပြင်သစ်ဘာသာဖြင့် စာရေးထားကြောင်း စာရွက်ကို အရောင်မတူသော စာအိတ်သုံးခုအနက် အောက်ဆုံးစာအိတ်ထဲ၌ထည့်ထားကြောင်း မှန်ကန်စွာ ပြောပြနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပရဝိညာဉ်အကြောင်းကို သိပ္ပံနည်းကျကျ စူးစမ်းလေ့လာ၍ ယခုအခါ ကမ္ဘာကျော်ကြား လူသိများလျက်ရှိသော ပညာရှင်မှာကား အမေရိကန်နိုင်ငံ ဂျူ့တက္ကသိုလ်မှ ဒေါက်တာရိုင်း (*Dr. Rhine*) ဖြစ်၏။ ဒေါက်တာရိုင်းသည် ပရဝိညာဉ်ကိုလေ့လာရန်အတွက် မျိုးမတူသော ဖဲချပ်ငါးမျိုးကို အသုံးပြု၏။ ဖဲချပ်တစ်မျိုးလျှင် ၁၀ ချပ်ပါသော ဖဲချပ်ငါးဆယ်ကို သေချာစွာ ကုလားဖန်ထိုးပြီးလျှင် မှောက်ထား၍ လူတစ်ယောက်က တစ်ချပ်စီလှန်ကြည့်ပြီးလျှင် ရေးမှတ်ထားရ၏။ ထိုခဏ၌ပင် အစမ်းခံပုဂ္ဂိုလ်သည် မိမိထင်သောဖဲအမျိုးအစားကို ပြောပြ၏။ လှန်လိုက်သောဖဲအကြောင်းကို ရိုးရိုးနည်းဖြင့် သူ ဘာမျှမသိစေရန် စီမံကာကွယ်ထား၏။ ဖဲချပ်များ၏နောက်ကျောကိုပင် သူ့အား မမြင်စေရ။ ဖဲချပ်ကိုလှန်ကြည့်သောသူသည် စကားလုံးဝမပြောရ။ သူတို့နှစ်ဦး၏အကြား၌ လိုက်ကာ ကာထား၏။ တစ်ခါတစ်ရံ ကိုက် ၂၀၀ ခန့်ကွာဝေးသော အဆောက်အဦတစ်ခုစီမှနေ၍ စမ်းသပ်မှုများ ပြုလုပ်ကြ၏။

အစမ်းသပ်ခံပုဂ္ဂိုလ်၏ ထင်မြင်ချက်သည် အကြောင်းမဲ့တိုက်ဆိုင်မှန်ကန်မှုဖြစ်ပါက (ဝါ) ပရဝိညာဉ်ကြောင့်မဟုတ်ဘဲ ကြက်ကန်းဆန်အိုးတိုးသော မှန်ကန်မှုဖြစ်နေပါက ဖဲချပ် ၅၀ လျှင် ၁၀ ချပ် (ဝါ) ငါးချိုးတစ်ချိုး မှန်ကန်ပေလိမ့်မည်။ ဤသည်မှာ ပျမ်းမျှအချို့ဖြစ်၍ တစ်ခါတစ်ရံ ထိုအချိုးထက်ပို၍ တစ်ခါတစ်ရံ နည်းပေလိမ့်မည်။ သို့ရာတွင် စမ်းသပ်သောအကြိမ်ပေါင်း အလွန်များ၍ ထိုအချိုးထက် အလွန်ကြီးမားသော အချိုးဖြစ်နေပါက အကြောင်းမဲ့တိုက်ဆိုင်မှုဖြစ်သည်ဟု မဆိုသာချေ။ တစ်နည်းဆိုသော် ပရဝိညာဉ်ကြောင့်ဖြစ်သည်ဟု ယူဆရပေမည်။ စမ်းသပ်သောအကြိမ်ပေါင်းနှင့် မှန်ကန်သောအကြိမ်ပေါင်းကို အခြေပြု၍ အကြောင်းမဲ့ တိုက်ဆိုင်မှန်ကန်မှုဖြစ်ရန် အလားအလာကို အထက်တန်းသင်္ချာနည်းဖြင့် တွက်ချက်ခန့်မှန်းနိုင်ပေသည်။ **(လူ့စိတ်သဘာဝ)**

ဒေါက်တာရိုင်းသည် အထက်ကဖော်ပြခဲ့သည့်အတိုင်း ဖဲချပ်များဖြင့် လူအမြောက်အမြားကို အကြိမ်ကြိမ်စမ်းသပ်ကြည့်ရာ တယ်လီပသီကြောင့်ဖြစ်ဟန်လက္ခဏာများမှာ အကြောင်းမဲ့တိုက်ဆိုင်မှုဖြစ်ဟန် လက္ခဏာများထက် အဆပေါင်းထောင်သောင်းမက ရှိသည်ကို တွေ့ရ၏။ ဖဲချပ်များဖြင့် စူးစမ်းလေ့လာမှုကို အချို့ပညာရှင်တို့က မကျေနပ်ဘဲ ပြစ်တင်ဝေဖန်ကြ၏။ ရာခိုင်နှုန်းပြည့် သိပ္ပံနည်းမကျဘဲ ချွတ်ယွင်းမှုများရှိသည်ဟု ဆိုကြ၏။ သို့ဖြစ်၍ ဒေါက်တာရိုင်းသည် တယ်လီပသီမှတစ်ပါး အခြားနည်းဖြင့် မသိနိုင်အောင် တင်းကြပ်စွာ



စည်းကမ်းများ ထပ်မံချမှတ်၍ အကြိမ်ကြိမ်စမ်းသပ်ပြန်သောအခါ အစမ်းခံလူများ၏ မှန်ကန်သော အကြိမ်များ အနည်းငယ်ယုတ်လျော့သွားသည်ကို တွေ့ရ၏။ သို့ရာတွင် ထိုအကြိမ်များမှာလည်း အတော်များ၍ သင်္ချာနည်းဖြင့် တွက်ကြည့်ပါက တယ်လီပသီကြောင့် ဖြစ်သည်ဟု ယူဆရန် လက္ခဏာများမှာ အံ့ဖွယ်လိလိ ကြီးမားများပြားလျက်ပင်ရှိသည်ကို တွေ့ရ၏။

ဒေါက်တာရိုင်း၏ စူးစမ်းလေ့လာမှုကို မကျေနပ်သော ပညာရှင်တို့၏ အကြောင်းပြချက်တစ်ခုမှာ ပုဂ္ဂိုလ်တစ်ဦးတည်းကို ထပ်ခါတလဲလဲ စမ်းသပ်၍ တယ်လီပသီ၏ စွမ်းရည်သတ္တိကို ပြသရန်မဖြစ်နိုင်သောအချက် ဖြစ်၏။ သိပ္ပံနည်းကျ စမ်းသပ်မှုတစ်ခုသည် နဂိုမူလအခြေအနေ၌ ပြန်လည်စမ်းသပ်ပါက နဂိုမူလအဖြေသည်ပင် ထွက်ပေါ်လာရမည်ဖြစ်၏။ စိတ်ဝိညာဉ်သုတေသန၌မူ အစမ်းခံပုဂ္ဂိုလ်သည် ပထမအကြိမ်စမ်းသပ်ရာ၌ အဖြေမှန်ပေးနိုင်စေကာမူ သူ့ကိုပင် နောက်တစ်ကြိမ် ထပ်မံစမ်းသပ်သောအခါ အဖြေမှန်မပေးနိုင်ဘဲ ရှိတတ်၏။ ဤနေရာ၌ စိတ်ဝိညာဉ်သုတေသနမှာ အခြားသိပ္ပံသုတေသနများနှင့် အခြေခံမတူကြောင်း သတိပြုရပေမည်။ ပရဝိညာဉ်၏ အစွမ်းသတ္တိပေါ်လွင်ထင်ရှားလာရန်အတွက် စိတ်ကြည်လင်၍ ယုံကြည်မှုရှိရန် အရေးကြီး၏။ စိတ်ညစ်ညူးငိုင်းမှိုင်း၍ သံသယဝင်နေသောအခါ၌ ပရဝိညာဉ်သည်လည်း အားနည်းနေတတ်သည်ဟု သုတေသီဆရာတို့ ယူဆကြ၏။

မည်သို့ဖြစ်စေ အထက်ပါသုတေသနပြုမှုများကြောင့် ပရဝိညာဉ်အတွက် အထောက်အထားများ ခိုင်လုံလာခြင်းကိုကား ယုံမှားစရာမရှိချေ။ စူးစမ်းလေ့လာရာ၌ အလွန်စည်းကမ်းတင်းကြပ်ပြီး စိတ်ဝိညာဉ်သုတေသန လုပ်ငန်းကို စေ့ငုသေချာစွာ လေ့လာခဲ့သော ဗြိတိသျှစိတ်ပညာရှင်တစ်ဦးက အောက်ပါအတိုင်း ရေးသားခဲ့သည်။

“ကမ္ဘာအရပ်ရပ်ရှိ တက္ကသိုလ်ပေါင်း ၃၀ မှ သုတေသနဌာနများသည် လည်းကောင်း၊ ကျွန်ုပ်တို့၏ အထူးယုံကြည်လေးစားခြင်းခံရသော သိပ္ပံပညာရှင်ပေါင်း မြောက်မြားစွာတို့သည် လည်းကောင်း၊ ပရဝိညာဉ်အကြောင်း သုတေသနပြုခဲ့ကြ၏။ ထိုသုတေသနပညာရှင်တို့အနက် ပုဂ္ဂိုလ်အတော်များများသည် လက်ဦးပထမက ပရဝိညာဉ်ကို လက်မခံခဲ့ကြချေ။ ထိုသိပ္ပံပညာရှင်တို့ စူးစမ်းလေ့လာရာမှ တွေ့ရှိရချက်များသည် အကယ်၍ သူတို့အားလုံး ပူးပေါင်းကြံစည်၍ လိမ်လည်လုပ်ကြံမှုများမဟုတ်ပါက ဆန္ဒစွဲ ဝါဒစွဲကင်းသောပုဂ္ဂိုလ်အဖို့ လက်ခံရန်အချက်တစ်ခုသာလျှင် ရှိ၏။ ယင်းမှာ အခြားလူများ၏ စိတ်ထဲ၌

www.burmeseclassic.com

www.burmeseclassic.com



သော်လည်းကောင်း၊ ပြင်ပလောကၨ္ဗသော်လည်းကောင်း ရှိသောအကြောင်းအရာကို သိပ္ပံပညာက ယခုအထိ နားမလည်သေးသောနည်းဖြင့် အချို့လူများ သိရှိနိုင်သည်ဆိုသော အချက်ဖြစ်၏"

တယ်လီပသီကို အချို့သိပ္ပံပညာရှင်တို့က လက်မခံလိုကြခြင်းမှာ သိပ္ပံနိယာမတရားများဖြင့် ရှင်းပြ၍ မရသောကြောင့်ဖြစ်၏။ တယ်လီပသီသည် ရေဒီယေးရှင်း (Radiation) ကြောင့် ဖြစ်သည်ဟု အချို့ကဆိုကြ၏။ ရုရှားပညာရှင် ဗာဆီယက်သည် ထိုအဆိုကို စမ်းသပ်ရန် ရေဒီယိုလှိုင်း အိတ်စရေးရောင်ခြည် သို့မဟုတ် ဂမ္မာရေး (Gamma rays) ရောင်ခြည် မထိုးဖောက်နိုင်သောအခန်းငယ်တစ်ခုကို အထူးစီမံပြုလုပ်ပြီးလျှင် အခန်းထဲရှိလူတစ်ဦးကို ပြင်ပမှ အခြားပုဂ္ဂိုလ်တစ်ဦးက စိတ်ဖြင့် အမိန့်ပေးပြီး အိပ်မွေ့ချကြည့်၏။ အစမ်းခံပုဂ္ဂိုလ်သည် ညွှန်ကြားသည့်အတိုင်း အိပ်ပျော်၍ စိတ်ဖြင့်နှိုးသောအခါ ပြန်လည်နိုးလာလေသည်။

ထို့ကြောင့် ပါမောက္ခ ဗာဆီယက်က တယ်လီပသီမှာ ရိုးရိုးလျှပ်စစ်သံလိုက်လှိုင်းကြောင့် မဟုတ်ဘဲ သိပ္ပံပညာက မသိရသေးသော စွမ်းအင်တစ်မျိုးကြောင့် ဖြစ်သည်ဟု ဆိုလေသည်။

မည်သို့ဆိုစေ တယ်လီပသီကို ရေဒီယေးရှင်းသဘောတစ်မျိုးအနေဖြင့် ရှင်းပြခြင်းမှာ များစွာသော ပညာရှင်တို့၏ အမြင်အားဖြင့် သိပ္ပံပညာနှင့် မဝင်ဆန့်ချေ။ တယ်လီပသီဖြင့်သိမှုသည် အလွန်ဝေးလံသော ခရီးကိုကျော်လွန်နိုင်ရကား သတင်းပို့ရသော တန်ဆာပလာသည် အတန်အားကောင်း၍ အရွယ်ပမာဏ ကြီးရပေလိမ့်မည်။ လူ၏ဦးနှောက် သို့မဟုတ် ကိုယ်ခန္ဓာထဲ၌ ထိုသို့သော တန်ဆာပလာမျိုးကို ရှာ၍မရအပ်ချေ။ ရူပဗေဒဆရာတို့သည် သိမ်မွေ့သောကိရိယာများဖြင့် ရေဒီယေးရှင်းအမျိုးမျိုးကို ဖမ်းယူနိုင်ကြသော်လည်း တယ်လီပသီသည် ရေဒီယေးရှင်းကိုကား ဖမ်း၍မရနိုင်ချေ။ အကြောင်းအရာတစ်ခုကို လူတစ်ဦးအား ရုပ်ဝတ္ထုနည်းဖြင့် သိရှိစေရာ၌ ကနဦးက နှစ်ဦးနှစ်ဖက်နားလည်ထားသော လက္ခဏာအမှတ်အသားများကို သုံးရမည်ဖြစ်၏။ ပုံစံအားဖြင့် ဘာသာစကား မျက်နှာအမူအရာ စသည်တို့သည် ထိုအမှတ်အသားများဖြစ်၏။ တယ်လီပသီ၌မူ ထိုအမှတ်အသားမျိုးကို အလျဉ်းမတွေ့ရပေ။

သို့ဖြစ်၍ သိပ္ပံပညာရှင်တို့သည် တယ်လီပသီ၏ မူလအရင်းအမြစ်ကို ယနေ့တိုင် အသိပညာရှင်အများကျေနပ်လက်ခံအောင် ရှင်းမပြနိုင်ကြသေးချေ။ သို့ရာတွင် တယ်လီပသီနှင့်ပတ်သက်၍ စူးစမ်းလေ့လာတွေ့ရှိရသော အချက်များမှာ မည်သူမျှ မငြင်းသာသော ဒိဋ္ဌဓမ္မများဖြစ်၍ စိတ်ဝိဉာဉ်သုတေသနနယ်မှ အခြားတွေ့ရှိချက်များကို ငြင်းဆိုလိုသော သိပ္ပံပညာရှင်များသည် တယ်လီပသီကိုကား လက်ခံယုံကြည်ကြပေမည်။



www.burmeseclassic.com

www.burmeseclassic.com

အ ခ န်း [ ၅ ]

## အနာဂတ်ကိုသိမြင်မှု

အချို့သောပုဂ္ဂိုလ်တို့သည် အနာဂတ်ကို ကြိုတင်၍ သိမြင်ကြသည်ဟု ကမ္ဘာအရပ်ရပ်၌ လူအများ ယုံကြည်ကြ၏။ ဤအယူမှာ သိပ္ပံပညာနှင့် ဆန့်ကျင်သော်လည်း သိပ္ပံပညာအလွန်ထွန်းကားသော အနောက်နိုင်ငံကြီးများ၌ပင် လက်ခံယုံကြည်သောသူ တစ်နေ့တခြား တိုးပွားလျက်ရှိ၏။ သူတို့နိုင်ငံများ၌ ဗေဒင်လက္ခဏာဆရာနှင့် နတ်ဝင်များမှာ ရှေ့ဖြစ်ကို ဟောပြော၍ အထူးစီးပွားလမ်းဖြောင့်လျက်ရှိကြ၏။

ဤသည်မှာ အကြောင်းတစ်ခုရှိရပေမည်။ ဗေဒင်နှင့် နတ်ဝင်ဆရာများကို အားလုံး လူလိမ်လူညာများဖြစ်သည်ဟု စွပ်စွဲရန်မဖြစ်နိုင်ချေ။ သူတို့၏ ဟောပြောချက်မှန်ကန်ခြင်းမှာ အခါခပ်သိမ်း အကြောင်းမဲ့တိုက်ဆိုင်မှုများဖြစ်သည်ဟု မဆိုသာချေ။ သမ္မတကနေဒီ အသတ်ခံရမည်ဟု တင်ကြိုဟောပြောသော ဂျင်းဒစ်ဆင်၏ စကားမှန်ကန်ခြင်းသည် တစ်ကြိမ်တစ်ခါသာ မှန်ကန်ခြင်းဖြစ်ပါက အကြောင်းမဲ့တိုက်ဆိုင်မှုဖြစ်သည်ဟု ဆိုနိုင်ပေရာ၏။ သို့ရာတွင် အခြားဟောပြောချက်များမှာလည်း အတော်များများ မှန်ကန်ခဲ့ပေရာ သူ၏ ပရစိတ်ဉာဏ်အစွမ်းသတ္တိကို ကျွန်ုပ်တို့ မျက်ကွယ်ပြု၍ မရအပ်ချေ။

ရှေ့ဖြစ်ဟောပြောချက် မှန်ကန်မှုသည် အကြိမ်ကြိမ်အခါခါ မဟုတ်ဘဲ တစ်ကြိမ်တစ်ခါတည်းသာလျှင် ဖြစ်သည်ဆိုစေ၊ အကယ်၍ မှန်ကန်သောအချက်များမှာ တစ်ခုနှစ်ခုမဟုတ်ဘဲ အတော်အတန်များပြားပါက ပရစိတ်ဉာဏ်ကို ထည့်သွင်းစဉ်းစားရပေမည်။ မြန်မာနိုင်ငံမှ နတ်ကတော်တစ်ဦး၏ ဗေဒင်မှန်ကန်ခဲ့ပုံ



အင်္ဂလိပ်တစ်ဦး၏ ကိုယ်တွေ့ရေးသားချက်ကို အင်္ဂလိပ်မဂ္ဂဇင်းတစ်စောင်၌ ဖတ်ရဖူး၏။ အင်္ဂလိပ်–ဂျပန် စစ်ဖြစ်ကာနီး၌ မြန်မာပြည်ရောက် ဗြိတိသျှစစ်သားသုံးဦးသည် နတ်ကတော်တစ်ဦးနှင့်တွေ့၍ နတ်ကတော်က စစ်သားတစ်ဦးမှာ တိုက်ပွဲ၌ ကျဆုံးမည်၊ တစ်ဦးမှာ ဒဏ်ရာရပြီး နိုင်ငံခြားသို့ သွား၍ ဆေးကုသရမည်။ ကျန်တစ်ဦးမှာ နိုင်ငံခြားသို့ရောက်ပြီးမှ မြန်မာပြည်သို့ပြန်လာရ၍ မိန်းမတစ်ယောက်နှင့် လက်ထပ်ရမည်ဟုဟောလိုက်ရာ နောက်ကာလ၌ ဟောသည့်အတိုင်း အားလုံးဖြစ်ပျက်သည်ဆို၏။ ဤသာဓက၌ ဟောပြောချက်တိတိကျကျ အားလုံးမှန်ကန်ခြင်းမှာ အကြောင်းမဲ့တိုက်ဆိုင်မှုဖြစ်သည်ဟု မဆိုသာချေ။

စိတ်ပညာရှင်တစ်ဦး၏ မှတ်တမ်း၌လာသော သာဓကတစ်ခုမှာလည်း အကြောင်းမဲ့မဟုတ်ဘဲ ပရစိတ်ဉာဉ်နှင့်သက်ဆိုင်ကြောင်း ယုံမှားစရာမရှိချေ။ စိတ်ပညာဆရာထံသို့ လူတစ်ဦးလာ၍ သူ့အား နတ်ဝင်တစ်ဦးက “သင်၏ အဖေသည် ယနေ့မှစ၍ နောက်တစ်နှစ်စေ့လျှင် သေလိမ့်မည်။ သင်သည် စစ်တပ်ထဲဝင်လိမ့်မည်။ သို့ရာတွင် ကြာရှည်စစ်မှုထမ်းရမည်မဟုတ်ဘဲ ငယ်ရွယ်စဉ် အိမ်ထောင်ကျ၍ သားသမီးနှစ်ယောက်ရရှိမည်။ အသက် ၂၆ နှစ်၌ သေလိမ့်မည်” ဟု ဟောပြောခဲ့ပါသည်။ နောက်ဆုံးအချက်မှတစ်ပါး အခြားအချက်အားလုံး ဟောသည့်အတိုင်း ဖြစ်ပျက်ခဲ့ပြီဖြစ်ရာ ယခု အသက် ၂၆ နှစ်ပြည့်ရန် အချိန်နီးကပ်လာပြီဖြစ်၍ အလွန်ကြောက်နေသည်ဆိုပါ၏။ စိတ်ပညာဆရာသည် စိတ်ညှို့ဆရာတစ်ဦး၏ အကူအညီဖြင့် လူနာကိုကြောက်စိတ်ပျောက်အောင် လုပ်ပေးလိုက်၏။ လူနာသည် စိတ်သက်သာမှုရ၍ အသက် ၂၆ နှစ်မြောက် မွေးနေ့လွန်သောအခါ ကြောက်စိတ်လုံးဝမရှိတော့ချေ။ သို့ရာတွင် နောက်ရှစ်လအကြာ အသက် ၂၆ နှစ်အတွင်း၌ပင် ရုတ်တရက် အူရောင်နာဖြစ်၍ သေဆုံးလေသည်။

အလားတူ သာဓကများကို စိတ်ဝိညာဉ်သုတေသနအသင်း မှတ်တမ်း၌ တွေ့ရပေလိမ့်မည်။ ၁၉၃၄ ခုနှစ်၌ သုတေသနအသင်းသည် အနာဂတ်ကြိုတင်သိမြင်မှုနှင့်ပတ်သက်၍ မှတ်တမ်းတင်ထားရန် သင့်တော်သော သာဓကပေါင်း ၃၄၉ ခု စုဆောင်းရရှိခဲ့၏။ ယင်းတို့ကို ထပ်မံစစ်ဆေးပြီး သာဓက ၁၆၆ ခုမှာ ကျေနပ်ဖွယ်မရှိသဖြင့် ပယ်လိုက်၍ အမာခံသာဓက ၁၈၃ ခုကျန်ရှိ၏။ ယင်းတို့ကဲ့သို့ပင် သုတေသနအသင်းသို့ မရောက်ရှိသော်လည်း အထောက်အထားအတန်ခိုင်လုံသော အခြားသာဓကများလည်း အတော်များများ ရှိပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သုတေသနအသင်း မှတ်တမ်း၌လာသော အချို့သာဓကများအရဆိုသော် အချို့ပုဂ္ဂိုလ်တို့၏ကိုယ်တွေ့မှာ အနာဂတ်ကို သိမြင်မှုမဟုတ်ဘဲ မြန်မာတို့ ယုံကြည်လေ့ရှိသော ကိုယ်စောင့်နတ်က လာမည့်ဘေးကို ကြိုတင်သတိပေးပုံမျိုး ဖြစ်၏။ ပုံစံကား အမေရိကန်စစ်အရာရှိတစ်ဦးသည် မိမိ၏ကလေးနှစ်ယောက်နှင့်အတူ ဇာတ်ပွဲတစ်ပွဲကြည့်ရန် လက်မှတ်သုံးစောင် ကြိုတင်၍ဝယ်ထား၏။ ဇာတ်ပွဲကပြမည့်နေ့သို့ရောက်သောအခါ "ကလေးတွေကို ပြဇာတ်ခေါ်မသွားနဲ့၊ ခေါ်မသွားနဲ့" ဟု တစ်စုံတစ်ယောက်က သတိပေးနေသလို နားထဲ၌ထပ်တလဲလဲ ကြားယောင်နေသဖြင့် ပြဇာတ်သို့မသွားဘဲနေရန် ဆုံးဖြတ်လိုက်၏။ ထိုနေ့ညဉ့် ပြဇာတ်ရုံမှာ မီးလောင်၍ လူ ၃၀၀ ခန့် သေဆုံးလေသည်။

အင်္ဂလိပ်ဆရာဝန်တစ်ဦးသည် လန်ဒန်ဆေးရုံကြီး၌ လူနာများ ခွဲစိတ်ရန်အတွက် အလျင်အမြန်ရောက်လိုသောစိတ်စော၍ ကားကိုမောင်းလျက်ရှိ၏။ သူ့ကား၏ရှေ့၌ ကားငယ်ကလေးတစ်စီးသည် အေးအေးဆေးဆေး သွားနေ၏။ ကားငယ်ကလေးကို ကျော်တက်လျှင် ဖြစ်နိုင်သော်လည်း ဆရာဝန်သည် ကားတိုက်မှုတစ်ခုခု ဖြစ်တော့မည်ဟု စိတ်ထဲ၌ထင်လာသဖြင့် ကျော်မတက်ဘဲနေ၏။ သို့ဖြင့် မကြာမီ ရှေ့မှကားသည် လော်ရီကားတစ်စီးကိုဝင်တိုက်၍ ကားထဲ၌ပါသော သားအမိနှစ်ယောက်မှာ ဒဏ်ရာရသွားလေသည်။

အချို့သာဓကများ၌ အနာဂတ်သည် အိပ်မက်ထဲ၌ အာရုံထင်လာ၏။ အင်္ဂလိပ်ကုန်သည်တစ်ဦးသည် ပင်လယ်ကူးသင်္ဘောကြီး တိုက်တန်းနစ်နှင့် နယူးယော့မြို့သို့သွားရန် လက်မှတ်ဝယ်ထား၏။ သင်္ဘောမထွက်မီ ၁၀ ရက်ခန့် အလိုတွင် သူသည် ပင်လယ်ထဲ၌ သင်္ဘောကြီးပျက်စီးလျက် လူများရေကူးနေကြသည်ကို အိပ်မက်မြင်မက်၏။ နောက်တစ်ညဉ့်၌လည်း ထိုအတိုင်းထပ်၍ အိပ်မက်မက်ပြန်၏။ သို့ဖြင့် ဘာလုပ်ရမည်မသိဖြစ်နေစဉ် အမေရိကမှ ကြေးနန်းရောက်လာ၍ ကြေးနန်းစာမှာ သူလာရန်ကိစ္စကို ရက်ရွှေ့လိုက်ရန် အမှာစာဖြစ်၏။ သင်္ဘောကြီးမှာ လန်ဒန်မှထွက်ခွာ၍ သုံးရက်မြောက်သောနေ့၌ ပင်လယ်တွင် ရေခဲတောင်နှင့်တိုက်မိ၍ ပျက်စီးနစ်မြုပ်သွားတော့၏။ ကုန်သည်သည် သင်္ဘောမထွက်မီ ရက်သတ္တတစ်ပတ်လောက်က သူ၏အိပ်မက်အကြောင်းကို မိမိတို့အား ပြောပြခဲ့ပါသည်ဟု သူ၏ဇနီးနှင့် မိတ်ဆွေသုံးယောက်က သက်သေထွက်ဆိုကြ၏။

အိပ်မက်ထဲ၌ အနာဂတ်အာရုံထင်လာသော အခြားသာဓကတစ်ခုမှာ ပို၍ ဆန်းကြယ်၏။ အင်္ဂလိပ်အမျိုးသမီးတစ်ဦးသည် သူ၏ဦးလေးတစ်ယောက်



မြင်းစီးသွားရင်း လမ်း၌သေဆုံးသည်ကို အိပ်မက်မြင်မက်၏။ ဦးလေး၏ အလောင်းကို အိမ်မှ သုံးမိုင်အကွာ တစ်နေရာ၌ တွေ့ရပုံ၊ ထိုအခါက ဦးလေးမှာ မီးခိုးရောင်သိုးမွေးထည်အင်္ကျီဝတ်ထားပုံ၊ အလောင်းကို မြင်းလှည်းဖြင့် အိမ်သို့ သယ်ဆောင်လာပုံ၊ ဦးလေးမှာ အရပ်ရှည်ရှည်နှင့် ကိုယ်လုံးကိုယ်ထည်ကြီးမားသောကြောင့် လူနှစ်ယောက်က အလောင်းကို အိမ်အပေါ်ထပ်သို့ ခက်ခက်ခဲခဲ သယ်ယူရပုံ စသည်ဖြင့် အိပ်မက်မှာ အချက်အလက်စုံလင်သော အိပ်မက်ဖြစ်၏။ ထိုအခါက ဦးလေးမှာ အသက်ထင်ရှားရှိသေး၏။ နောက်နှစ်နှစ်ကြာသောအခါ ထိုအိပ်မက်ကို ထပ်မံမြင်မက်၏။ နောက်လေးနှစ်ကြာသောအခါ ထိုအိပ်မက်ကို ပင် တတိယအကြိမ်မြင်မက်ပြန်၍ ထိုနောက်ဆုံးအိပ်မက် မြင်မက်ပြီးမကြာမီ သူ၏ဦးလေး သေဆုံး၏။ သေဆုံးပုံနှင့် အိမ်သို့အလောင်းသယ်ယူလာပုံစသော အချက်များမှာ အိပ်မက်ထဲ၌ သူတွေ့မြင်သည့်အတိုင်းပင်ဖြစ်၏။ အိပ်မက်မှာ ကနဦးကရေးမှတ်ထား၍ သေဆုံးစဉ်က အဖြစ်အပျက်များနှင့် ပတ်သက်၍ အခြားလူများ၏ထောက်ခံချက်များရှိသောကြောင့် အထောက်အထားခိုင်လုံသော သာဓကဖြစ်သည်ဟု ဆိုရပေမည်။

အနာဂတ်အာရုံထင်သော အချို့အိပ်မက်များမှာကား အိပ်မက်မက်သူနှင့် လုံးဝမပတ်သက်သော အိပ်မက်များဖြစ်နေတတ်၏။ တစ်ခါက အင်္ဂလိပ်အမျိုးသမီးတစ်ဦးသည် သူ၏အဖော် အခြားအမျိုးသမီးတစ်ဦးအား သူ့ကို ညနေ ၄ နာရီ၌နှိုးရန် မှာကြား၍ ၂ နာရီနှင့် ၃ နာရီအကြား၌ အိပ်ပျော်သွား၏။ ၄ နာရီ၌ အိပ်ရာမှနိုးသောအခါ သူက ကြောက်မက်ဖွယ်ရာ အိပ်မက်တစ်ခုကို မြင်မက်ကြောင်း၊ အိပ်မက်ထဲ၌ လူတစ်ယောက်အား ခြသေ့်များကိုက်နေသည်ကို မြင်မက်ကြောင်း အဖော်အားပြောပြ၏။ နောက်တစ်နေ့ သတင်းစာများ၌ တိရစ္ဆာန်ရုံထဲတွင် လူတစ်ယောက် ခြသေ့်ကိုက်ခံရကြောင်း သတင်းပါလာ၏။ သတင်းစာများအဆိုအားဖြင့် အကိုက်ခံရသောသူသည် အဖော်တစ်ဦးနှင့်အတူ ညနေ ၄ နာရီခန့်လောက်၌ ခြသေ့်များကို သွား၍ကြည့်သည်ဆိုရကား အိပ်မက်မက်ခြင်းမှာ အကိုက်မခံရမီ အချိန်ကလေးတွင် ဖြစ်ကြောင်း ထင်ရ ၁း၏။

သာဓကတစ်ခု၌ကား မိန်းမတစ်ယောက်သည် ရှေးအိမ်ကြီးတစ်ခုထဲသို့ ရောက်ရှိနေသည်ကို အိပ်မက်မြင်မက်၏။ အိမ်မှာ ရှေးကမိမိတွေ့မြင်ဖူးသော အိမ်များနှင့်မတူဘဲ မြင့်မားသော ပြတင်းပေါက်များရှိပုံ၊ အိမ်ခြံဝင်းထဲ၌ မပြုပြင်ဘဲ ပစ်ထားသော ဥယျာဉ်တစ်ခုရှိပုံ၊ မြက်ခင်းပြင်ကို နံရံသုံးခုကာထားပုံ စသည်တို့ကို သတိပြုမိ၏။ နောက်တစ်နေ့နံနက်၌ မိန်းမသည် မိမိ၏ခင်ပွန်းအား

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်အကြောင်းပြောပြ၏။ ထို့နောက် ရက်များမကြာမီ အခြားမြို့တစ်မြို့၌ သူ့ခင်ပွန်းအတွက် အလုပ်နေရာသစ်တစ်ခုရှိကြောင်း ကြားသိရ၍ အိပ်မက်မက်သောအိမ်ကို ထိုမြို့၌တွေ့ရလိမ့်မည်ဟု သူ မျှော်လင့်၏။ ထိုမြို့သို့ပြောင်းရွှေ့ရန်စီစဉ်နေစဉ်သူတို့၏အသိ မိန်းမတစ်ဦးက သူ၏အိမ်ကြီးတစ်လုံးကို ငှားလိုကြောင်း ပြော၏။ သူတို့သည် ထိုမိန်းမနှင့်အတူ အိမ်ကိုသွား၍ကြည့်ကြရာ အိမ်မှာ အိပ်မက်ထဲမှအိမ်နှင့် အသေးစိတ်တူနေသည်ကို တွေ့ရ၏။ သို့စဉ်လျက် သူတို့သည် ကနဦးက လက်ခံထားသောအလုပ်ရှိရာမြို့သို့ ပြောင်းရွှေ့ရန်ဆုံးဖြတ်ကြ၏။ သို့ရာတွင် ထိုဆုံးဖြတ်ချက်ကို ပယ်ဖျက်ရန် မလွှဲမရှောင်သာသောအကြောင်းကိစ္စတစ်ခု ပေါ်ပေါက်လာသောကြောင့် အိပ်မက်ညွှန်းသော အိမ်ကြီးသို့ ပြောင်းရွှေ့ နေထိုင်ကြရလေသည်။

ဤသည်တို့မှာ အနာဂတ်နှင့်ဆိုင်သော အိပ်မက်များဖြစ်၍ အိပ်မက်အားလုံးသည် အနာဂတ်ကို ဖော်ညွှန်းသည်ဟူ၍ကား ကောက်ချက်ချရန်မဖြစ်နိုင်ချေ။ စင်စစ် အနာဂတ်ကို လှစ်ပြသော အိပ်မက်များမှာ အနည်းငယ်သာရှိပေလိမ့်မည်။ အမေရိကန်လေသူရဲ ကာနယ်လင်းဘတ်၏ ကလေးကို ပြန်ပေးဆွဲစဉ် ၁၉၃၂ ခုနှစ်က သုတေသီတို့သည် ပြန်ပေးဆွဲမှုနှင့်ပတ်သက်၍ အိပ်မက်မက်သောသူများကို စုံစမ်းကြည့်ကြ၏။ လူ ၁၃၀၀ ၏ အိပ်မက်များကို မှတ်သားထား၍ နောက်ရက်သတ္တပတ်ပေါင်းများစွာကြာမှ သိရှိရသော ကလေး၏ ကံကြမ္မာ (ကလေးမှာအသတ်ခံရသည်) အဖြစ်အပျက်များနှင့် ချိန်ကိုက်စိစစ်ကြည့်သောအခါ ငါးရာခိုင်နှုန်းမျှသာ အိပ်မက်များကသာ ကလေးအသတ်ခံရမည်ကို ကြိုတင်သိမြင်၍ ဒိဋ္ဌစမ္မများနှင့် အသေးစိတ်ကိုက်ညီသော အိပ်မက်မှာ လေးခုသာရှိသည်ကို တွေ့ရ၏။

စိတ်ဝိညာဉ်သုတေသီတို့သည် အနာဂတ်ကို ကြိုတင်သိမြင်သော ပရစိညာဉ်၏ စွမ်းအင်ကို လက်ခံယုံကြည်ကြခြင်းမှာ အိပ်မက်များကြောင့်မဟုတ်ဘဲ သိပ္ပံနည်းကျ စမ်းသပ်လေ့လာမှုများကြောင့်ဖြစ်၏။ ဗြိတိသျှသုတေသီပညာရှင်တစ်ဦးကြီးကြပ်သော စမ်းသပ်မှုတစ်ခု၌ အစမ်းခံပုဂ္ဂိုလ်တို့သည် အခြားလူတစ်ယောက် နောက်တစ်ကြိမ် လှန်မည့်ဖဲချပ်ကို တင်ကြိုပြီး မှန်ကန်စွာပြောပြနိုင်ကြ၏။ အကြိမ်ပေါင်း ၃၇၈၉ ကြိမ် စမ်းသပ်ကြည့်ရာမှ တွေ့ရှိရသော မှန်ကန်မှုများကို စမ်းသပ်မှု အကြိမ်ပေါင်းနှင့် ချိန်ထိုးတွက်ချက်ကြည့်ရာ အကြောင်းမဲ့ တိုက်ဆိုင်မှန်ကန်မှုမှာ အကြိမ်ပေါင်း ကုဋေကုဋာတွင် တစ်ကြိမ်ထက် ပို၍မရှိနိုင်ကြောင်း တွေ့ရ၏။ အခြားပညာရှင်တစ်စုကလည်း လူ ၂၅၀



အား စမ်းသပ်ကြည့်ရာ၌ ထိုသူတို့သည် နောက်တစ်နေ့၌ **အခြား**လူများရေးဆွဲမည့် ရုပ်ပုံများကို ကြိုတင်၍ **ရေး**ဆွဲကြသည်ကို တွေ့**ရ၏**။ ဤစမ်းသပ်လေ့လာမှုများ၌ ထင်ရှားသော **ပရစိညာဉ်မှာ တယ်လီပသီမဟုတ်**ဘဲ ကြိုတင်သိမြင်သော စိတ်သတ္တိတစ်မျိုးဖြစ်သည်ဟု **ဆိုရပေမည်**။

ဤပရစိညာဉ်အစွမ်းသတ္တိနှင့်ပတ်သက်၍ သုတေသီပညာရှင်တို့၏ ထင်မြင်ချက်ကို ယခု စဉ်းစားရန်ရှိ၏။

ကြိုတင်သိမြင်မှုသည် ရုပ်ဝါဒီတို့ လက်ခံယုံကြည်ရန် အခက်ခဲဆုံးအခြင်းအရာဖြစ်၏။ ၎င်း၏အနက်အဓိပ္ပာယ်ကို ပညာရှင်တို့ အမျိုးမျိုးကြံဆကြသော်လည်း ကျေနပ်ဖွယ်ကောင်းသောအဖြေကို မရရှိကြသေးချေ။ အချို့က အချိန်ကာလကို အလျားအနံနှင့် အမြင့်ကဲ့သို့ သူတို့လှုပ်ရှားသွားလာရာ နယ်၏ ဘောင်တစ်ခုအနေဖြင့် မြင်ကြ၏။ ဥပမာကား မြေကြီးပေါ်၌ အမြဲနေ၍ အထက်သို့သော်လည်းကောင်း၊ အောက်သို့သော်လည်းကောင်း၊ မမြင်နိုင်သော ပုရွက်ဆိတ်အဖို့ မြေပြင်သည်သာလျှင် စကြာဝဠာကြီးဖြစ်၍ အပေါ်မှ တစ်စုံတစ်ခုကျလာခြင်းသည် အံ့ဖွယ်သရဲဖြစ်ပေလိမ့်မည်။ အချိန်ကာလကို လူကသိမှုသည်လည်း ထိုနည်းအတူဖြစ်တန်ရာ၏။ မရောက်ဖူးသော နေရာဒေသ၌ မီးရထားစီးရင်း ပြင်ပရှုခင်းများကို ကြည့်သွားသောသူကဲ့သို့ ကျွန်ုပ်တို့သည် ပစ္စုပ္ပန်ကိုသာမြင်၍ အတိတ်ကိုမှတ်မိ၏။ မီးရထားခရီးသည်သည် နောင်တွေ့မြင်ရမည့် ဇကန်ထင်ရှားရှိပြီးဖြစ်သော ရှုခင်းများကို ကြိုတင်၍မြင်နိုင်စွမ်းမရှိသကဲ့သို့ ကျွန်ုပ်တို့သည် ရှိပြီးဖြစ်သော အနာဂတ်ကို ကြိုတင်မမြင်ကြခြင်းဖြစ်တန်ရာ၏။

စင်စစ် အနာဂတ်နှင့် အတိတ်၏ ခြားနားခြင်းမှာ အနာဂတ်ကမဖြစ်သေးဘဲ အတိတ်က ဖြစ်ပြီးခြင်းမျှသာ ဖြစ်၏။ ပစ္စုပ္ပန်တွင်ကား အနာဂတ်နှင့် အတိတ် နှစ်ခုစလုံးမရှိ။ သို့စဉ်လျက် အတိတ်သည် တစ်ခါတစ်ရံ ပစ္စုပ္ပန်၌ ဆန်းကြယ်စွာ ထင်လာတတ်၏။ ဗြိတိသျှသစ်တောအရာရှိဟောင်းတစ်ဦး ရေးသားသော မြန်မာနိုင်ငံအကြောင်း စာအုပ်တစ်အုပ် (William, "Elephant Bill")၌ ဖော်ပြထားသည်ကား တစ်ခါက ထိုအရာရှိသည် အထက်မြန်မာပြည် တစ်နေရာတောထဲ၌ စခန်းချနေစဉ် နံနက်အရုဏ်တက်ခါနီး၌ လူများအော်ဟစ်စကားပြောသံ၊ ကလေးငိုသံ၊ မောင်းထောင်းသံ၊ ခွေးဟောင်သံများကို ကြားရ၏။ ထိုနေရာအနီးအနား၌ ရွာမရှိ။ သူ၏တပည့်နှင့် ဆင်ဦးစီးများကလည်း ထိုအသံများကို မကြားရချေ။ နောက်မှ စုံစမ်းကြည့်ရာ သူစခန်းချသော နေရာ၌

www.burmeseclassic.com

www.burmeseclassic.com



.ရှေးက ရွာတစ်ရွာရှိခဲ့၍ ဝမ်းရောဂါနှင့် ရွာလုံးကျွတ် ပျက်စီးခဲ့ဖူးသည်ဟု သိရှိရသည်ဆို၏။

ဤကိုယ်တွေ့မှာ တစ္ဆေအချောက်ခံရမှုဖြစ်သည်ဟု မြန်မာတို့ယူဆကြမည်ဖြစ်သော်လည်း သုတေသီဆရာတို့၏ အမြင်အားဖြင့်မူ အတိတ်မှအာရုံထင်လာမှုဖြစ်၏။ ဤသို့သော အတိတ်မှအာရုံထင်မှုကို ကြုံတွေ့ဖူးသော အခြားပုဂ္ဂိုလ်များရှိ၏။ တစ်ခါက အင်္ဂလိပ်အမျိုးသမီးနှစ်ဦးသည် ပြင်သစ်ပြည် ဟိုတယ်တစ်ခု၌ တည်းခိုနေကြစဉ် တစ်ညဉ့် အမြောက်ပစ်သံ၊ လေယာဉ်ပျံဗုံးကြဲသံများကို နှစ်နာရီကြာမျှကြားရ၏။ နောက်မှ သုတေသီတစ်ဦးက စုံစမ်းကြည့်ရာ ထိုနေရာမှာ ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်များ ဝင်ရောက်တိုက်ခိုက်သော နေရာဖြစ်၍ အသံများကြားရသောအချိန်မှာ တိုက်ခိုက်သောအချိန်နှင့် တိုက်ဆိုင်နေသည်ကို တွေ့ရလေသည်။

၁၉၀၁ ခုနှစ်က အင်္ဂလန်ပြည်မှ ကျောင်းအုပ်ဆရာမနှစ်ဦးသည် ပြင်သစ်ပြည် တစ်နေရာ၌ ထူးဆန်းသော အဆောက်အအုံ လူသတ္တဝါနှင့် ရှုခင်းများကို တွေ့မြင်၍ စာအုပ်တစ်အုပ် ရေးသားခဲ့ကြသည်။ သူတို့၏ကိုယ်တွေ့များကို ပညာရှင်တို့က လေ့လာကြည့်ကြရာ ၁၇၈၉ ခုနှစ်က ပြင်သစ်မိဖုရား၊ နန်းတွင်းသူနန်းတွင်းသားများနှင့် ထိုခေတ်ကအခြေအနေကို ဖော်ပြထားခြင်းဖြစ်ကြောင်း တွေ့ရ၏။ ထိုအမျိုးသမီးနှစ်ဦးမှာ စင်စစ် ပြင်သစ်နိုင်ငံသမိုင်းကို စိုးစိမျှလေ့လာဖူးသူများမဟုတ်။ စိတ်ဝင်စားသူများလည်းမဟုတ်ချေ။

ဤသို့ အတိတ်သည် ပစ္စုပ္ပန်၌ တစ်ခါတစ်ရံ အာရုံထင်လာသည့်နည်းတူ အနာဂတ်သည်လည်း တစ်ခါတစ်ရံ အာရုံထင်လာခြင်း ဖြစ်လေသလောဟု စဉ်းစားရန်ရှိ၏။ ခက်သည်ကား အတိတ်သည် ယခုမရှိသော်လည်း တစ်ခါက ရှိခဲ့ဖူး၏။ အနာဂတ်မှာမူ ယခု လုံးဝမရှိ။ နောင်ရှိလာရန်မှာလည်း ကျွန်ုပ်တို့ စီမံဖန်တီးမှုဖြစ်မည်ဟု လူတို့အစွဲအမြဲ ခံယူထားကြ၏။ သို့ဖြစ်၍ ယခု မရှိသေးသော သို့မဟုတ် မည်သို့မျှ စီမံဖန်တီးခြင်း မပြုရသေးသော အနာဂတ်သည် မည်သို့သောနည်းဖြင့် အာရုံထင်လာနိုင်ပါမည်နည်း။

အချို့ပညာရှင်တို့၏ အလိုအားဖြင့် ပရစိတ်ညာဉ်ဖြင့် မြင်ရသောအရာသည် ပစ္စုပ္ပန်ပင်ဖြစ်၍ ရိုးရိုးစိတ်ဖြင့်သိသော ပစ္စုပ္ပန်နှင့် အတိုင်းအတာခြားနားပေလိမ့်မည်။ သာမန်အမြင်အားဖြင့် ပစ္စုပ္ပန်သည် ခဏတာမျှသာဖြစ်၏။ ပရစိတ်ညာဉ်၌ထင်လာသော ပစ္စုပ္ပန်မှာမူ ကာလတာရှည်၍ ရိုးရိုးစိတ်ဖြင့်မမြင်ရသော အဖြစ်အပျက်များကို တစ်စိတ်တစ်ဒေသ ငုံမိပေလိမ့်မည်။

မည်သို့ဆိုစေ ပရစိတ်ညာဉ်ဖြင့် အနာဂတ်ကို ကြိုတင်သိမြင်နိုင်သည်ဆိုခြင်းမှာ လူတို့၏ အသိအမြင် အစဉ်အလာခံယူချက်များနှင့် ဆန့်ကျင်လျက်ရှိ၏။ အကယ်၍ အနာဂတ်ကို ကြိုတင်သိမြင်နိုင်သည်မှန်ပါက ကျွန်ုပ်တို့၏ အနာဂတ်လမ်းကြောင်းသည် ချမှတ်ပြီး ဖြစ်ရပေမည်။ တစ်နည်းဆိုသော် လူသတ္တဝါသည် လွတ်လပ်မှုမရှိ။ မိမိစိတ်ဆန္ဒအတိုင်း အလိုအလျောက်ပြုမှုသည်ဆိုခြင်းမှာ စိတ်၏လှည့်စားမှုမျှသာ ဖြစ်ရပေလိမ့်မည်။



သို့ဖြစ်စေကာမူ အနာဂတ်ကို သိမြင်သည်ဆိုခြင်းမှာ စိတ်ဝိညာဉ်သုတေသန မှတ်တမ်းလာ များစွာသော သာဓကများနှင့် ဒေါက်တာရိုင်းနှင့် အခြားပညာရှင်တို့၏ စမ်းသပ်လေ့လာချက်များအရ အထောက်အထားခိုင်လုံသောကြောင့် ယင်းဒိဋ္ဌဓမ္မကို ငြင်းဆိုရန် မဖြစ်နိုင်ချေ။ ယင်းဒိဋ္ဌဓမ္မနှင့် ချိန်ထိုး၍ အစဉ်အလာခံယူချက်ကို ပြန်လည်ဆန်းစစ်ကြရပေမည်။ စင်စစ် လူသတ္တဝါသည် မိမိကံကြမ္မာကို လွတ်လွတ်ကျွတ်ကျွတ် စီမံဖန်တီးနိုင်သည်ဆိုသောအယူကို လက်မခံဘဲ ဖြစ်ပျက်မှုအားလုံးသည် အတိတ်အကြောင်းတရားများ၏ စေ့ဆော်ဖန်တီးမှုများဖြစ်၍ လူသား၏ အပြုအမူအားလုံးမှာ ထိုအကြောင်းတရားများ၏ စီမံပြဋ္ဌာန်းချက်များဖြစ်သည်။ တစ်နည်းဆိုသော် လူသား၏ဘဝလမ်းကြောင်းမှာ တင်ကြိုချမှတ်ပြီးဖြစ်သည်ဟု ယုံကြည်သော သိပ္ပံပညာရှင်၊ တွေးခေါ်ပညာရှင်များ ရှိကြပေသည်။

ထိုပုဂ္ဂိုလ်တို့၏ အကြောင်းပြချက်များကို ဤစာအုပ်၌ဖော်ပြရန်မလိုချေ။ **(ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ။)** လူသည် သဘာဝအားဖြင့် လွတ်လပ်သောသတ္တဝါဖြစ်သည်ဟူသော အဆိုနှင့် သဘာဝအားဖြင့် မလွတ်လပ်ဘဲ အတိတ်အကြောင်းတရားများ၏ စီရင်ပြုပြင်မှုကို ခံယူသည်ဟူသောအဆိုမှာ သိပ္ပံနည်းဖြင့် အတိအကျ ဆုံးဖြတ်၍မရအပ်ဘဲ ယနေ့တိုင် ဒဿနိကပညာနယ်၌ အငြင်းပွားလျက်ရှိသော ပြဿနာဖြစ်၏။ သို့ရာတွင် လူသည် မိမိကိုယ်ကို အစိုးရမဘဲ အတိတ်က ချမှတ်ထားသော ဘဝခရီးလမ်းအတိုင်း မလွဲမသွေ လျှောက်သွားရသည်ဆိုသောအယူမှာ အိုင်းစတိန်း၊ စပီနိုဇာ (Einstein, Spinoza) စသော နာမည်ကျော်သိပ္ပံပညာရှင် တွေးခေါ်ရှင်တို့၏ အယူဖြစ်၍ လေးလေးနက်နက် စဉ်းစားသင့်ပေသည်။

မည်သို့ဖြစ်စေ၊ အနာဂတ်ကို သိမြင်မှုနှင့်ပတ်သက်၍ စိတ်ဝိညာဉ်သုတေသနပညာရှင်တို့၏ စုံစမ်းတွေ့ရှိချက်များအရ ပရစိတ်ညာဉ်သည် သိမ်မွေ့နက်နဲစွာ စွမ်းအင်ကြီးမားကြောင်း ထင်ရှားရာ၏။ ၎င်းသည် ရုပ်ဝါဒအမြင်နှင့်ဆန့်ကျင်၍ သိပ္ပံပညာဖြင့် ရှင်းပြ၍မရအပ်သော စွမ်းအင်သတ္တိတစ်မျိုးဖြစ်ကြောင်း ယုံမှားစရာမရှိချေ။

www.burmeseclassic.com

www.burmeseclassic.com

အ ခ န်း [ ၆ ]

# လူတစ်ကိုယ် နှစ်ကိုယ်ခွဲ

ရုပ်ဝါဒီတို့သည် လောက၌ နား၊ မျက်စိ စသည်တို့ဖြင့် ထိတွေ့၍ ရအပ်သော အရာများကိုသာ ကေန်ထင်ရှားရှိသည်ဟု ခံယူကြ၏။ ရုပ်ဝါဒအရ ကိုယ်ခန္ဓာသည်သာ လူ၏မူလဘူတဥစ္စာဖြစ်၏။ ထိုစကားမှန်သည်ဖြစ်စေ၊ ရုပ်ဝါဒီတို့ ရှင်းပြရန်လိုသော အချက်တစ်ခုကား ရှိ၏။ ယင်းမှာ အချို့ပုဂ္ဂိုလ်တို့တွင် ကိုယ်ခန္ဓာနှစ်ခုရှိနေခြင်း (ဝါ) ကိုယ်ပွားရှိနေခြင်းပင် ဖြစ်၏။

စိတ်ဝိညာဉ်သုတေသနအသင်း၏ မှတ်တမ်းများအရ အချို့သောပုဂ္ဂိုလ်တို့သည် တစ်ချိန်တည်း၌ နှစ်ကိုယ်ခွဲ၍ နေရာဌာနနှစ်ခုတွင် ရှိနေတတ်၏။ ပုဂ္ဂိုလ်တစ်ဦးက နှစ်ကိုယ်ခွဲနိုင်ခြင်းကို ရှေးစာပေကျမ်းဂန်များ၌ သူတော်သူမြတ်တို့၏ တန်ခိုးအဘိညာဉ်အနေဖြင့် ပြဆိုထား၍ ထိုပုဂ္ဂိုလ်မျိုးအကြောင်းကို ရာဇဝင်သမိုင်းများ၌လည်း ဖတ်ရှုရ၏။

ရှေးက နာမည်ကျော် ဥရောပ ခရစ်ယာန်သာသနာပြုဘုန်းကြီး စိန့်ဖရန်စစ်ဇေးဗီးယားသည် တစ်ခါသော် ဂျပန်ပြည်နှင့် တရုတ်ပြည်အကြား သင်္ဘောနှင့် ခရီးသွားလာနေစဉ် လူ ၁၅ ယောက်သည် ကိစ္စတစ်ခုအတွက် လှေတစ်စင်းကို ပင်လယ်ထဲချပြီး လှော်ခတ်သွားကြ၏။ ထိုခဏ၌ လေမုန်တိုင်းကျလာ၍ သင်္ဘောပေါ်၌ကျန်ရစ်သော လူတို့သည် သူတို့အဖော်များအတွက် စိုးရိမ်မကင်းဖြစ်ကြ၏။ ဘုန်းကြီးက အားပေးနှစ်သိမ့်၍ သုံးရက်အတွင်း ထိုလူများပြန်လာလိမ့်မည်ဟု ပြော၏။ ပြောသည့်အတိုင်း ထိုလူများပြန်လာ၍ သူတို့သွားလာနေစဉ် ဘုန်းကြီးဖရန်စစ်မှာ သူတို့နှင့်အတူ လှေထဲ၌ အမြဲပါရှိနေသည်ဟုဆိုကြ၏။



စပိန်ပြည် မတုတ္တဖိလစ်ဘုရင်လက်ထက်က ဆော်မာရီယာအမည်ရှိ သီလရှင်မသည် သူ၏ကျောင်းတိုက်မှ တစ်ဖဝါးမျှမခွာဘဲ တောင်အမေရိကန်ပြည်တောထဲ၌ တိုင်းရင်းသားများအား တရားဟောခဲ့သည်ဆို၏။ ထိုတိုင်းရင်းသားများသည် ဥရောပတိုက်သားတစ်ဦးတစ်ယောက်မျှ မရောက်ပေါက်သေးသော သူတို့အရပ်ဒေသသို့ လာ၍ သူတို့အား ကယ်ချွတ်သော မျက်နှာဖြူသီလရှင်မ၏ ရုပ်ပုံသဏ္ဌာန်ကို ပြောပြကြရာ ထိုပုံသဏ္ဌာန်မှာ ဆော်မာရီယာ၏ ပုံသဏ္ဌာန်နှင့် ချွတ်စွတ်တူနေသည်ဆို၏။

ဤသည်တို့မှာ ယုံတမ်းစကားများဖြစ်သည်ဟု ယခုခေတ်အချို့လူတို့က ထင်ကြပေမည်။ သို့ရာတွင် စိတ်ဝိညာဉ်သုတေသီဆရာတို့၏ စူးစမ်းလေ့လာချက်အရ လူတစ်ကိုယ်က နှစ်ကိုယ်ခွဲနိုင်ကြောင်း အသေအချာသိရပေပြီ။ ၁၉-ရာစုကုန်ခါနီးလောက်က သုတေသီသုံးဦးသည် ထိုနှစ်ကိုယ်ခွဲပုဂ္ဂိုလ် ခုနစ်ရာကျော်တို့အကြောင်းကို စုဆောင်းလေ့လာ၍ စာအုပ်ရေးသားခဲ့၏။ ယင်းတို့မှာ စိတ်ဝိညာဉ်သုတေသနအသင်း၏ အစဉ်အလာအရ သေချာစွာ လေ့လာဆန်းစစ်၍ အထောက်အထားခိုင်မာသော သာဓကမျ ား ဖြစ်၏။

အချို့သောသုတေသီဆရာတို့က ထိုနှစ်ကိုယ်ခွဲမှုများမှာ တယ်လီပသီနည်းဖြင့် အာရုံထင်မှုများဖြစ်သည်ဟု ယူဆကြ၏။ ပုံစံအားဖြင့် A သည် အဝေးတစ်နေရာ၌ရှိသော B ကို မိမိပတ်ဝန်းကျင် မနီးမဝေးတွင် တွေ့မြင်ငြားအံ့။ ထိုမြင်ရသော B ၏ ကိုယ်ခွဲသည် B က A ကို သတိရဆဲ အာရုံပြုနေဆဲခဏ၌ စိတ်ဓာတ်ကူးဆက်၍ A ၏ မနောဝိညာဉ်၌ B ကို အာရုံထင်လာခြင်းဖြစ်သည်ဟုဆို၏။ ဤအဆိုမှာ အချို့သောတွေ့ရှိချက်များနှင့် ဘောင်မဝင်ချေ။ စိတ်ဝိညာဉ်သုတေသနအသင်း၏ မှတ်တမ်းလာ အောက်ပါသာဓကများကို စဉ်းစားသင့်ပေ၏။

၁၉၀၈ ခုနှစ်က ဗြိတိသျှပါလီမန်အမတ်တစ်ဦးဖြစ်သော ဆာကာန်းရစ်သည် အဆိုတစ်ခုနှင့်ပတ်သက်၍ အစိုးရအား ပါလီမန်အစည်းအဝေး၌ ထောက်ခံရန် ဆန္ဒပြင်းပြနေစဉ် ရုတ်တရက်ဖျားနာ၍ အစည်းအဝေးသို့ မတက်ရောက်နိုင်တော့ချေ။ သို့ရာတွင် ပါလီမန်၌ အဆိုကိုဆွေးနွေးနေစဉ်က ဆာကာန်းရစ်မှာ သူ့ခါတိုင်းထိုင်နေကျနေရာ၌ ထိုင်နေသည်ကို အမတ်သုံးဦးက အသေအချာမြင်လိုက်ကြရသည်ဆို၏။

ဤသာဓက၌ မိမိအိမ်တွင် အပြင်းဖျားနေသော ဆာကာန်းရစ်၏ ကိုယ်ခွဲကို ပါလီမန်အစည်းအဝေးခန်း၌ မြင်ရခြင်းမှာ တယ်လီပသီဖြင့် အာရုံထင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



မှုသာ ဖြစ်သည်မှန်ပါက အဘယ်ကြောင့် ပုဂ္ဂိုလ်သုံးဦးက မြင်ရပါသနည်းဟု မေးဖွယ်ရှိ၏။ လူတစ်ဦးတည်းက မြင်ရသောအရာသည် ရုပ်ဝတ္ထုမရှိဘဲ စိတ်အထင်သာဖြစ်ကောင်းဖြစ်ပေမည်။ လူအများမြင်သောအရာကိုမူ ထိုနည်းအတူ ပေါ့ပေါ့တန်တန် မှတ်ယူရန် မဖြစ်နိုင်ချေ။ အကယ်၍ တယ်လီပသီဖြင့် ဖန်တီးမှုသာဖြစ်သည်ဆိုလျှင်လည်း တယ်လီပသီမှာ လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ခြင်းမှုသာ မဟုတ်ဘဲ လူပေါင်းများစွာသို့ စိတ်ဓာတ်တစ်ပြိုင်နက် ကူးစက်မှုဖြစ်သည်ဟု ယူဆရန်ရှိ၏။

၁၈၉၁ ခုနှစ်၊ ဇန်နဝါရီ ၃ ရက် စနေနေ့၌ အင်္ဂလန်ပြည် နယူးကတ်ဆဲမြို့နေ ဂျိမ်းအက်စသွန်မဆင်ဆိုသူသည် ဓာတ်ပုံဆိုင်တစ်ဆိုင်သို့သွား၍ မိမိမှာထားသော ဓာတ်ပုံများအကြောင်း စုံစမ်းမေးမြန်း၏။ ဆိုင်ရှင် ဒစ်ကင်ဆင်က ဓာတ်ပုံများ ကူးမပြီးသေးကြောင်းပြောရာ သွန်မဆင်သည် အတော်စိတ်ပျက်သွားပုံရ၍ သူ့မှာ အချိန်အနည်းငယ်သာရှိတော့ကြောင်း၊ ဓာတ်ပုံများယူရန် နောက်ထပ်လာနိုင်တော့မည်မဟုတ်ကြောင်း ပြောဆိုပြီးလျှင် ဆိုင်ထဲမှထွက်သွား၏။

ဤသည်မှာ ထိုစဉ်အခါက ဗြိတိသျှစိတ်ဝိညာဉ်သုတေသနအသင်းက အထူးလေ့လာဆွေးနွေးခဲ့သော အဖြစ်အပျက်ကလေးတစ်ခု ဖြစ်၏။ သုတေသီဆရာတို့သည် ထိုအဖြစ်အပျက် မည်မျှမှန်ကန်ကြောင်း အချိန်ကုန်လူပန်းခံ၍ စူးစမ်းလေ့လာကြ၏။ သွန်မဆင်သည် ဓာတ်ပုံဆိုင်သို့ လာခြင်းမှာ မည်သို့မျှ သံသယရှိရန် မလိုချေ။ ဆိုင်ရှင်နှင့် စာရေးများက ထိုအချက်ကို ကျိန်ဆို၍ အခိုင်အမာပြောကြ၏။ ဓာတ်ပုံဆိုင်မှတ်တမ်းစာအုပ်၌ ထိုနေ့က သွန်မဆင်လာကြောင်း ရေးမှတ်ထားသည်ကိုလည်း တွေ့ရ၏။

ထူးဆန်းသည်ကား ထိုစနေနေ့နံနက်က သွန်မဆင်မှာ မိမိအိမ်၌ အိပ်ရာထဲတွင် အသည်းအသန် မကျန်းမမာဖြစ်နေ၍ သူနာပြုဆရာမတစ်ဦးက အမြဲတစေ စောင့်ကြပ်ကြည့်ရှုနေရ၏။ သူသည် သူ၏ဓာတ်ပုံများအကြောင်း ကယောင်ကတမ်း တတွတ်တွတ်ပြောရင်း ဓာတ်ပုံဆိုင်သို့ သူ၏ကိုယ်ခွဲရောက်ရှိပြီး နောက်နာရီအနည်းငယ်အကြာတွင် သေဆုံးသွားလေသည်။

ဤသာဓကေ၌ လူအများက အထင်အရှားမြင်လိုက်၍ ဆိုင်ရှင်နှင့်တောတော ဆိုင်ဆိုင် စကားပြောဆိုသွားသူမှာ စိတ်အထင်မှုသာဖြစ်သည်ဟု မှတ်ယူရပါမည်လော။

လူတစ်ကိုယ်က နှစ်ကိုယ်ခွဲနိုင်ခြင်းသည် မူလပထမက အတွင်းစိတ်၏



စေ့ဆော်မှုကြောင့် ဖြစ်သည်မှန်ပေလိမ့်မည်။ စိတ်စွမ်းအားသတ္တိဖြင့် မိမိကိုယ်ကို နှစ်ကိုယ်ခွဲသော ပုဂ္ဂိုလ်တို့၏ သာဓကများရှိ၏။ သို့ရာတွင် ထိုကိုယ်ခွဲမှာ ကေန်ထင်ရှားမရှိဘဲ စိတ်အထင်မှုသာဖြစ်သည်ဟု မှတ်ယူရန်အကြောင်းယုတ္တိမခိုင်လုံချေ။

စိတ်ဝိညာဉ်သုတေသနအသင်း၏ မှတ်တမ်း၌လာသော ပုဂ္ဂိုလ်တစ်ဦး၏ အောက်ပါကိုယ်တွေ့မှာ စိတ်ဝင်စားဖွယ်ရာဖြစ်၏။

"ကျွန်ုပ်သည် လမရစ်မြို့မှ နယူးယောက်မြို့သို့ သင်္ဘောဖြင့်ထွက်ခွာလာပါသည်။ ဒုတိယနေ့၌ ပင်လယ်တွင် လေပြင်းမုန်တိုင်းစတင်ကျရောက်ပါတော့သည်။ ရှစ်ရက်မြောက်သောနေ့၌ လေငြိမ်သွား၍ ကျွန်ုပ်မှာ ပထမအကြိမ် နှစ်ခြိုက်စွာအိပ်ရပါသည်။ အိပ်ပျော်နေစဉ် ကျွန်ုပ်၏ဇနီးသည်ကို အိပ်မက်မြင်မက်ပါသည်။ အိပ်မက်ထဲ၌ ဇနီးသည်သည် ကျွန်ုပ်၏အိပ်ခန်းတံခါးအနီးသို့ ညအိပ်ဝတ်စုံဖြင့် ရောက်လာပါသည်။ အခန်းထဲ၌ အခြားလူတစ်ဦးရှိကြောင်း သိရှိသွားဟန်တူ၍ ခဏရပ်တန့်နေပါသည်။ ထို့နောက် ကျွန်ုပ်၏အနီးသို့ချဉ်းကပ်လာ၍ ကျွန်ုပ်ကို နမ်းပါသည်။

ကျွန်ုပ်သည် အိပ်ရာမှနိုးသောအခါ တစ်ဖက်ရှိ အပေါ်အိပ်စင်မှ ခရီးသွားဖော်သည် ကျွန်ုပ်အားစိုက်ကြည့်နေသည်ကို တွေ့ရပါသည်။ သူက 'ခင်ဗျားဟာ အတော်ထူးတဲ့လူပဲ' ဟုဆိုပါသည်။ ကျွန်ုပ်က ရှင်းပြရန်ပြောသောအခါ သူက သူ၏အိပ်စင်ပေါ်၌ လှဲနေစဉ် သူမြင်လိုက်ပုံကို ပြောပြပါသည်။ သူ၏ပြောပြချက်မှာ ကျွန်ုပ်၏အိပ်မက်နှင့် တိတိကျကျကိုက်ညီနေပါသည်။ သူသည် ဘာသာတရားလေးစားပြီး သိက္ခာသမာဓိရှိသောသူဖြစ်၍ ဘယ်အခါမျှ ကချော်ကချွတ် နောက်ရွှတ်၍ ပြောလေ့မရှိချေ။

နယူးယောက်မြို့သို့ သင်္ဘောဆိုက်ကပ်ပြီး နောက်တစ်နေ့တွင် ကျွန်ုပ်၏သားမယားများရှိရာ ကွန်နက်တီကပ်ပြည်နယ်သို့ ခရီးဆက်ပါသည်။

အိမ်သို့ရောက်သောအခါ ဇနီးသည်က 'လွန်ခဲ့တဲ့အင်္ဂါနေ့က ရှင့်ဆီကို ကျွန်မလာတာ ရှင်သိရဲ့လား' ဟု ပထမ မေးပါသည်။ 'မင်း ဘယ့်နှယ်ငါ့ဆီလာနိုင်ပါ့မလဲ၊ အဲဒီအချိန်တုန်းက ငါဟာ မိုင်တစ်ထောင်ကျော်ဝေးတဲ့ ပင်လယ်ထဲရောက်နေတာပဲ' ဟု ကျွန်ုပ်ကပြောရာ 'ဟုတ်ပါတယ်၊ ဒါပေမယ့် ရှင့်ဆီ ကျွန်မ ရောက်ခဲ့တယ်ထင်တာပဲ'ဟု သူက ဆိုပါသည်။ 'ဒါဟာ မဖြစ်နိုင်ဘူး၊ မင်း ဘာကြောင့် ဒီလိုထင်ရတာလဲ' ဟု ကျွန်ုပ်က မေးပါသည်။

ထိုအခါ ဇနီးသည်က သူသည် ထိုနေ့က ရာသီဥတုအခြေအနေမကောင်း

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကျွန်ုပ်အတွက် များစွာစိုးရိမ်ပူပန်မိကြောင်း၊ ကျွန်ုပ်ထံသို့ စိတ်အာရုံ ရောက်၍ အိပ်မပျော်ဘဲရှိရာ နံနက်လေးနာရီလောက်တွင် ကျွန်ုပ်ရှိရာသို့ သူရောက် သွားသည်ထင်ကြောင်း၊ တစ်ဖက်အိပ်စင်ထက်၌ လူတစ်ယောက် သူ့ကိုစိုက် ကြည့်နေသဖြင့် ပထမသော် အခန်းထဲသို့ဝင်ရန် တွန့်ဆုတ်နေကြောင်း၊ နောက်မှ အရဲစွန့်၍ ကျွန်ုပ်အိပ်စင်နားသို့လာ၍ ငုံ့ပြီး ကျွန်ုပ်ကို နမ်းကြောင်းပြောပါသည်။ သင်္ဘော၏ပုံပန်းသဏ္ဌာန်ကိုလည်း ပြောပြပါသည်။ သူသည် သင်္ဘောကိုမမြင် ဖူးသော်လည်း သူ၏ပြောပြချက်မှာ အသေးစိတ်အားလုံး မှန်ကန်နေပါသည်။

ဤသာဓကဒြ ကိုယ်ခွဲသည် ယင်းကိုမြင်သောပုဂ္ဂိုလ်၏ စိတ်အထင်မျှ သာ ဖြစ်သည်မှန်ပါက ယင်းရောက်ရှိနေသောနေရာနှင့် တွေ့မြင်သမျှကို ဆိုင်ရာ ပုဂ္ဂိုလ်က မှန်ကန်စွာ ပြောပြနိုင်မည်မဟုတ်ချေ။ ကိုယ်ခွဲဖြင့် ရပ်ဝေးတစ်နေရာ သို့သွားရောက်ခြင်းမှာ လောကီပညာဝေါဟာရ စကားအားဖြင့် လိပ်ပြာ (ဝါ) ဝိညာဉ်စေလွှတ်ခြင်းဖြစ်သည်ဟု ဆိုရပေမည်။ တစ်ခါက ဆွီဒင်ပြည် ဥပ္ပဆလ မြို့၌ စိတ္တဇဆရာဝန်တစ်ဦးသည် မိန်းမပျိုတစ်ယောက်ကို အိပ်မွေ့ချပြီးလျှင် မိုင် ၂၅၀ ကွာဝေးသောဒေသရှိ သူ့မိသားစုထံစေလွှတ်လိုက်၏။ မိန်းမပျိုသည် ထိုင်ရာမှမရွေ့ဘဲ သူတွေ့ကြုံခဲ့ရပုံကို ပြန်ပြောပြ၏။ သူသည် အိမ်သို့ပြန်ရောက် ရှိ၍ မီးဖိုခန်းထဲ၌ ကုလားထိုင်ပေါ်တွင် ခြေတစ်ဖက်တင်၍ ထိုင်ခဲ့ကြောင်း၊ သူ့အမေမှာ မီးဖိုခန်းထဲ၌ အလုပ်လုပ်နေ၍ သူ့အဖေက သတင်းစာဖတ်နေ သည်ကို မြင်ခဲ့ကြောင်း ပြောပြ၏။ နောက်နာရီအနည်းငယ်ကြာသောအခါ ဥပ္ပဆလမြို့ရှိ သူတို့မိတ်ဆွေတစ်ဦးထံမှ သူ့မိဘများက တယ်လီဖုန်းဆက်၍ မိန်းမပျိုအကြောင်း စုံစမ်းမေးမြန်းကြ၏။ သူ့ကို မီးဖိုခန်းထဲ၌ ကုလားထိုင်ပေါ် ခြေတစ်ဖက်တင်၍ ထိုင်နေသည်ကို မြင်လိုက်ရကြောင်း၊ ထို့နောက် စကား မပြောဘဲ ပျောက်ကွယ်သွားကြောင်း သတင်းပေးပို့ကြလေသည်။

အချို့ပုဂ္ဂိုလ်တို့သည် မိမိတို့ကိုယ်ခွဲကို မြင်ကြရသည်ဆို၏။ ဆာအတ် ကလင်ဂက်ဒီးဆိုသူ ဆေးပညာပါမောက္ခတစ်ဦးသည် ၁၉၃၇ ခုနှစ်က အိဒင်ဗားရား ဆေးသိပ္ပံပညာအသင်းအား သူ့မိတ်ဆွေဆရာဝန်တစ်ဦး၏ အတွေ့ အကြုံကို တင်ပြဖူး၏။ သူ၏မိတ်ဆွေမှာ အသည်းအသန်ဖျားနာနေသော်လည်း သတိကောင်းစွာရ၍ မိမိသည် ကိုယ်ခန္ဓာ၏ပြင်ပသို့ရောက်ရှိနေသည်ကို တွေ့ ရ၏။ ဇနီးဖြစ်သူ အခန်းထဲသို့ဝင်လာပြီး တယ်လီဖုန်းရှိရာသို့ ပြေးသွားသည် ကို မြင်ရ၏။ သူ၏ဆရာဝန်က လူနာများကိုထားခဲ့၍ သူ့ထံကသောကမျော လာပြီး သူ့အား ဆေးထိုးပေးသည်ကိုလည်း မြင်ရ၏။ ထို့နောက် သူ့နှလုံးမှာ



ပို၍လျှင်မြန်စွာခုန်လာပြီး မိမိခန္ဓာကိုယ်ထဲသို့ ပြန်ရောက်သွားသလို ခံစားလိုက် ရသည်ဆို၏။

အထက်ဖော်ပြပါ ဆရာဝန်ကဲ့သို့ မိမိကိုယ်မှခွာ၍ မိမိလုပ်ကိုင်သမျှကို အေးမှ လူတစ်ဦးမြင်ရသကဲ့သို့ မြင်ဖူးသော ပုဂ္ဂိုလ်အတော်များများရှိ၏။ တစ်ခါက အင်္ဂလန်ပြည်ရှိ သုတေသနဌာနတစ်ခုသည် သတင်းစာနှင့် ရေဒီယိုမှ နေ၍ စုံစမ်းရာ ထိုသို့တွေ့ကြုံဖူးသော လူလေးရာခန့်ထံမှ စာများရရှိ၏။ အချို့ကအိပ်ရင်း၊ လမ်းလျှောက်ရင်း မိမိတို့ကိုယ်ကို မြင်ကြရသည်ဆို၏။ အချို့က တစ်ကြိမ်သာမြင်ဖူးပြီး အချို့ကမူ အကြိမ်ကြိမ်မြင်ဖူးကြောင်း၊ အချို့က မိမိတို့အလိုရှိသောအခါ မြင်နိုင်ကြောင်း၊ အချို့က ခန္ဓာကိုယ်အပြင်ဘက်သို့ ရောက်နေသောအခါ မိမိတို့စိတ်ဝိညာဉ်မှာ ကိုယ်ခွဲတစ်ခုထဲသို့ ရောက်ရှိနေ ကြောင်း၊ အချို့ကမူ ကိုယ်ခန္ဓာပြင်ဘက်၌ မိမိတို့မှာ ရုပ်ရှိသည်မထင်ရဘဲ အသိဝိညာဉ်စိတ်ဖြင့်သာ လေထဲ၌လွင့်ပါးနေကြသည်ထင်ရကြောင်း ရေးသား ပေးပို့ကြ၏။ အချို့ကမူ ကိုယ်ခန္ဓာနှင့်ကင်းကွာနေစဉ် မိမိတို့အသိမိတ်ဆွေများ ထံ သွားရောက်နိုင်ကြောင်း၊ အများအားဖြင့် ထိုအချိန်အခါများ၌ လွတ်လပ် ပေါ့ပါး၍ အသိအမြင် လေးနက်လာသလို ခံစားကြရကြောင်း ဖော်ပြကြ၏။

ဤသို့ဖြင့် ကိုယ်ခွဲသည် မြင်ရသောသူ၏ စိတ်အထင်မျှသာမဟုတ်ဘဲ ဆိုင်ရာပုဂ္ဂိုလ်သတ္တဝါ၏ အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ယူဆရန် ခိုင်လုံသော အထောက်အထားများရှိ၏။ စင်စစ် လူ၏ကိုယ်ခွဲကို အလေးချိန် ကြည့်ခဲ့ဖူးကြောင်း ၁၉၀၇ ခုနှစ် မေလထုတ် အမေရိကန် စိတ်ဝိညာဉ်သုတေသန ဂျာနယ်၌ ဖော်ပြထား၏။

ထိုသို့ ရှုးစမ်းလေ့လာခဲ့သော ပညာရှင်မှာ အမေရိကန်ပြည် မက်ဆာ ချူးဆက် ဆေးရုံကြီးမှ ဆရာဝန်ဒေါက်တာ ဒန်ကန်မက်ဒူးဂဲဖြစ်၏။ ဒေါက်တာ မက်ဒူးဂဲသည် လူတို့သည် သေသောအခါ၌ ကိုယ်အလေးချိန်အနည်းငယ်လျော့ သွားကြောင်း၊ ကိုယ်အလေးချိန်လျော့သွားခြင်းမှာ ရုတ်ချည်းဖြစ်၍ သမားရိုးကျ သိပ္ပံပညာနိယာမများဖြင့် ရှင်းပြ၍မရကြောင်း ပြသခဲ့၏။ သူသည် တစ်အောင်စ ၏ ဆယ်ပုံတစ်ပုံအထိ တိကျမှန်ကန်စွာညွှန်ပြသော မောင်းတံချိန်ခွင်တစ်ခုကို ကြံစည်တီထွင်ပြီးလျှင် သေခါနီးလူနာများကို ချိန်ကြည့်၏။ လူနာများမှာ အသက်ထွက်ကာနီးဆဲဆဲဖြစ်၍ ရှေးမဆွက အစမ်းသပ်ခံရန် သဘောတူညီခဲ့ ကြပြီးသော လူနာများဖြစ်၏။ ချိန်တွယ်ရာ၌ လူနာ၏အိပ်ရာ၊ ရှုတ်လိုက် သောလေနှင့် ကိုယ်ငွေ့၏အလေးချိန်များကိုပါ ထည့်သွင်းစဉ်းစား၏။ သို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အသက်ထွက်ကာနီးဆဲဆဲ လူနာလေးဦးကို သိပ္ပံနည်းကျကျ စမ်းသပ်လေ့လာကြည့်သောအခါ အသက်ထွက်ကာနီး၌ ကိုယ်အလေးချိန်တစ်အောင်စ၏ လေးပုံသုံးပုံခန့် ယုတ်လျော့သွားသည်ကို တွေ့ရ၏။

ဒေါက်တာ မက်ဒူးဂဲ၏ မှတ်တမ်းမှ ကောက်နုတ်ဖော်ပြရမည်ဆိုသော်–

"လူနာမှာ အဆုတ်ရောဂါဖြင့် အသက်ထွက်ကာနီးနေပြီဖြစ်၏။ သူ့ကို အသက်မထွက်မီ သုံးနာရီနှင့် မိနစ်လေးဆယ်ကြာမျှ စောင့်ကြပ်ကြည့်ရှုခဲ့၏။ အသက်ရှူခြင်း၊ ချွေးထွက်၍ ကိုယ်ငွေ့ပျံခြင်းကြောင့် သူ၏ကိုယ်အလေးချိန်မှာ တစ်နာရီလျှင် တစ်အောင်စခန့် တဖြည်းဖြည်း လျော့လာသည်ကို တွေ့ရ၏။ အသက်ဇီဝိန်ချုပ်သည်နှင့် တစ်ပြိုင်နက် မောင်းတံမှာ ဒေါက်ခနဲတစ်ချက်မြည်၍ ကျသွား၏။

ထိုသို့ ရုတ်တရက်လျော့ကျသွားသော အလေးချိန်မှာ တစ်အောင်စ၏ လေးပုံသုံးပုံရှိသည်ကို တွေ့ရ၏။"

ကိုယ်ခွဲအကြောင်း ဆက်လက်၍ ရှုစမ်းလေ့လာရန်လိုပေလိမ့်ဦးမည်။ ကိုယ်ခွဲကို ဓာတ်ပုံရိုက်၍ ရမရ၊ ကိုင်တွယ်စမ်းသပ်၍ ရမရ မသိရသေးချေ။ ၎င်းသည် မည်သို့သောအရာဖြစ်သည်ဟူ၍လည်း သုတေသီပညာရှင်တို့က ရှင်းမပြနိုင်ကြသေးချေ။ မည်သို့ဖြစ်စေ လက်ရှိအထောက်အထားများအရ ၎င်းမှာ မြင်ရသူ၏ စိတ်အထင်မျှသာမဟုတ်ကြောင်း ထင်ရှား၏။ စိတ်အထင်မဟုတ်ဘဲ ကိုယ်ခန္ဓာ၏ လျှို့ဝှက်နက်နဲသော အစိတ်အပိုင်းဖြစ်ဟန်ရှိသောကြောင့် လူသေလျှင် ၎င်းမှာကျန်ရှိ၍ ဘဝသစ်ပြန်ဖြစ်ရမည်ဟူ၍ကား မဆိုသာချေ။ ကိုယ်ခန္ဓာပျက်စီးသောအခါ ကိုယ်ခွဲသည်လည်း လုံးဝချုပ်ငြိမ်းပျောက်ကွယ်ကောင်း ပျောက်ကွယ်သွားပေလိမ့်မည်။ သို့ရာတွင် လူသတ္တဝါသည် မိမိကိုယ်ခွဲကို လိုရာသို့ စေလွှတ်နိုင်ခြင်း၊ မူလကိုယ်ခန္ဓာနှင့်ကင်းကွာနေသော ကိုယ်ခွဲသည် သက်ရှိလူကဲ့သို့ သွားလာလှုပ်ရှား၍ သိမြင်ခြင်းဟု ငြင်းဆို၍မရသော အချက်များဖြစ်ရကား လူသားသည် ရုပ်ကောင်သက်သက်ဖြစ်၍ စိတ်မှာ ရုပ်တရားပေါ်၌ လုံးဝမှီတည်နေသည်ဟူသော အဆိုကို အကြွင်းမဲ့လက်ခံရန် ခဲယဉ်းလှပေသည်။

အခန်း [၇]

## တစ္ဆေ

ရှေးပဝေသဏီကစ၍ ယနေ့အထိ ကမ္ဘာပေါ်ရှိ တိုင်းပြည်နိုင်ငံတိုင်းလိုလို၌ သေပြီးသောသူများကို တစ်ခါတစ်ရံတွေ့မြင်ဖူးသည်ဆိုသော လူအတော်များများ ရှိ၏။ ဤသည်မှာ ကမ္ဘာလူသားတို့၏ ရှေးအစဉ်အလာ ယုံကြည်ချက်ဖြစ်ပေရာ ယင်းကို အကြောင်းပြု၍ တစ္ဆေခေါ်သည်၊ သေသူက တမလွန်ဘဝမှလာ၍ ကိုယ်ထင်ပြသည် စသည်ဖြင့် ပြောစမှတ်ပြုကြ၏။

ယခုကာလ စိတ်ဝိညာဉ်သုတေသီပညာရှင်တို့ကမူ ထိုရှေးအစဉ်အလာယုံကြည်ချက်ကို လက်မခံလိုကြချေ။ တစ္ဆေခေါ်သည်၊ သေသူက ကိုယ်ထင်ပြသည်စသော စကားများမှာ လောက၌ တစ္ဆေဟူသော တမလွန်ဘုံသားဧကန်မုချရှိသည်ဟု ဆိုလိုရာရောက်၍ သုတေသီဆရာတို့ အလိုအားဖြင့်မူ ထိုသို့ယူဆရန် ခိုင်လုံသောအကြောင်းမရှိချေ။ တစ္ဆေကို မြင်ရသည်ဆိုခြင်းမှာ လွန်ခဲ့သောအခန်း၌ပြဆိုခဲ့သော သက်ရှိပုဂ္ဂိုလ်တစ်ဦး၏ကိုယ်ခွဲကို မြင်ရခြင်းမျိုးပင်ဖြစ်ရာ ကိုယ်ခွဲအတွက် သက်ဆိုင်ရာပုဂ္ဂိုလ်ရှိသော်လည်း တစ္ဆေနှင့်ဆိုင်ရာပုဂ္ဂိုလ်သတ္တဝါ သို့မဟုတ်၊ လိပ်ပြာဝိညာဉ်ရှိ မရှိ မသိရချေ။ တစ္ဆေက ကိုယ်ထင်ပြရာ၌ သေသူ၏ ပယောဂပါဝင်သည်ဆို၍ တစ္ဆေသည် သေပြီး လူတစ်ဦးတစ်ယောက် ဖြစ်သည်ဟု အတပ်မဆိုသာချေ။ ၎င်းမှာ သေသူ၏ အရိပ်နိမိတ်မျှသာ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

သို့ဖြစ်၍ စိတ်ဝိညာဉ် သုတေသီဆရာတို့သည် သေသူသွားလေ့လှုပ်ရှားသည်ကို တွေ့မြင်ဖူးသည်ဆိုသော လူတို့အတွေ့အကြုံကို သေသူ၏ ပုံသဏ္ဌာန်

www.burmeseclassic.com

www.burmeseclassic.com



အသံ အနံ့စသည်တို့က စိတ်အာရုံ၌ထင်မှု (Hallucination)အနေဖြင့်သာ အသိအမှတ်ပြုကြ၏။ ဤအာရုံထင်ခြင်းသည် ဆိုင်ရာပုဂ္ဂိုလ်၏ စိတ်ဝိညာဉ် ပေါ်၌သာ တည်ပါသလော။ သို့တည်းမဟုတ် ပြင်ပယောဂကြောင့် ဖြစ်ပါ သလောဟု စူးစမ်းရန်ရှိ၏။

၁၈၉၀ ခုနှစ်က ဗြိတိသျှစိတ်ဝိညာဉ်သုတေသနအသင်းသည် အသင်း ကိုယ်စားလှယ်များကို စေလွှတ်၍ အာရုံထင်ခြင်းနှင့်ပတ်သက်ပြီး အတော်ကျယ် ကျယ်ပြန့်ပြန့် စူးစမ်းလေ့လာခဲ့ဖူး၏။ အသင်းက မေးမြန်းသော လူပေါင်း ၁၇၀၀၀ ရှိသည့်အနက် လူ ၂၂၇၂ ယောက်က အာရုံထင်ခြင်း ရှိခဲ့ဖူးပါသည်ဟု ဖြေဆိုကြ၏။ ၎င်းတို့ထဲမှ ဖြေဆိုပုံ မရေရာမသေချာသောလူများကို ပယ်လိုက်၍ လူ ၁၆၈၄ ဦး ကျန်ရှိ၏။ သို့ဖြင့် သုတေသနအသင်းက မေးမြန်းစုံစမ်းသော လူများတွင် အရက်သောက်ခြင်း၊ ဖျားနာခြင်းကြောင့်မဟုတ်ဘဲ အလိုလိုအာရုံ ထင်ဖူးသော သူများမှာ တစ်ဆယ်ရာနှုန်းနီးပါးမျှ ရှိ၏။ ၁၉၄၈ခုနှစ်၌ အခြား သုတေသနအဖွဲ့တစ်ခုက အလားတူစုံစမ်းကြည့်ရာ အသေအချာအာရုံထင်ဖူး သောသူများမှာ ၁၄ ရာခိုင်နှုန်းမျှရှိကြောင်း တွေ့ရ၏။

အာရုံထင်မှုသည် ယောကျ်ားများမှာထက် မိန်းမများ၌ ပို၍ဖြစ်တတ်၏။ အာရုံထင်သောလူဦးရေမှာ သုတေသီဆရာတို့ တွေ့ရှိသည်ထက် ပိုမိုများပြား တန်ရာ၏။ အကြောင်းမူ မေးမြန်းစုံစမ်းခြင်း ခံရသူများတွင် မိမိတို့ကိုယ်တွေ့ အာရုံထင်မှုကို မေ့သွားသောကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုခု ကြောင့်သော်လည်းကောင်း ဖွင့်ဟဝန်ခံခြင်းမပြုသော ပုဂ္ဂိုလ်အတော်များများ ရှိပေလိမ့်မည်။

စိတ်ဝိညာဉ်သုတေသနသင်းက စူးစမ်းလေ့လာ၍ စုဆောင်းခဲ့သော အာရုံထင်မှု သာဓကများမှာ အများအားဖြင့် လွန်ခဲ့သောအခန်း၌ ပြဆိုခဲ့သည့် သက်ရှိပုဂ္ဂိုလ်တို့၏ ကိုယ်ခွဲများကို တွေ့မြင်မှုများနှင့် လက္ခဏာပုံစံအတူတူ ဖြစ်၏။ ယင်းတို့အနက် သာဓက ၆၅ ခုမှာ ဆိုင်ရာပုဂ္ဂိုလ်သေဆုံးပြီးနောက် သို့မဟုတ် မသေဆုံးမီ ၁၂ နာရီအတွင်း အာရုံထင်မှုများဖြစ်၏။ ဤသည်မှာ အကြောင်းမဲ့ တိုက်ဆိုင်ခြင်းမဟုတ်၊ တစ်နည်းဆိုသော် အာရုံထင်မှုသည် လူတို့ သေဆုံးမှုနှင့် တစ်နည်းနည်း ဆက်စပ်နေတန်ရာသည်ဟု သုတေသီဆရာတို့ ယူဆကြ၏။

ဗြိတိသျှစိတ်ဝိညာဉ်သုတေသနအသင်းက အစပြု၍ သုတေသီပညာရှင် တို့သည် သေပြီးသူကိုမြင်သည်။ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် အာရုံထင်



သည်ဆိုသော လူတို့၏အတွေ့အကြုံများကို နှစ်ပေါင်းများစွာ အဆက်ဆက် လေ့လာခဲ့ကြ၏။ သူတို့သည် တစ္ဆေမြင်ဖူးသည်ဆိုသော လူတို့၏တင်ပြချက် အားလုံးကို အရမ်းလက်မခံဘဲ စေ့စေ့သေချာစွာ ဆန်းစစ်၍ အထောက်အထား ခိုင်လုံပြည့်စုံသောတင်ပြချက်များကိုသာ လက်ခံကြ၏။ ထိုသို့ သိပ္ပံနည်းကျ စူးစမ်းလေ့လာရာမှ သိရှိရသောအချက်များမှာ လူအများကြားဖူးဖတ်ဖူးသော တစ္ဆေပုံပြင်များနှင့် မတူချေ။

ထိုသုတေသန မှတ်တမ်းများအရဆိုသော် တစ္ဆေဟူသည် လူတို့ထင်မြင် ကဲ့သို့မဟုတ်ဘဲ အမာခံရုပ်ဒြပ်ကင်းမဲ့သော အရာဖြစ်၏။ ၎င်းကို ထိတွေ့၍ မရအပ်။ ၎င်းသည် ရုတ်တရက်ပေါ်လာ၍ ရုတ်တရက်ပျောက်ကွယ်သွားတတ် ၏။ တံခါးအလုံပိတ်ထားသော အခန်းထဲ၌လည်း ပေါ်လာတတ်၏။ ၎င်းကို ဓာတ်ပုံရိုက်၍မရအပ်။ ၎င်းပြောသောစကားကို အသံသွင်း၍မရအပ်။ ခြေသံ များကို ကြားရသောအခါ လေထဲ၌ လှိုင်းထလာခြင်းမရှိချေ။

တစ္ဆေခြောက်သည်ဆိုခြင်းမှာ ယေဘုယျအားဖြင့် ကိုယ်ထင်ပြခြင်း၊ အသံ ပြုခြင်းမျှသာဖြစ်၍ ၎င်း၏ လက်ရာခြေရာကို လုံးဝမတွေ့ရချေ။ ကုလားထိုင် များရွေ့သံ လဲကျသံကိုကြားရပြီးနောက် သွားကြည့်ပါက ကုလားထိုင်များကို နဂိုမူလအတိုင်း လက်ရာခြေရာမပျက် တွေ့ရမည်ဖြစ်၏။ တစ္ဆေသည် ၎င်း၏ ပတ်ဝန်းကျင်၌ များစွာစိတ်ဝင်စားသော အမူအရာကိုမပြ။ တစ်ခါတစ်ရံ ပြုံး၍ ခေါင်းညိတ်တတ်၏။ စကားတစ်ခွန်းနှစ်ခွန်းသာ လေသံဖြင့်ပြော၍ လူတို့နှင့် ကြာရှည်စကားပြောလိုဟန် လက္ခဏာမရှိ။ စိတ်ဒုက္ခရောက်နေဟန်၊ တစ်စုံတစ်ခု မျှော်လင့်နေဟန် စိတ်ဆန္ဒစောနေဟန် လက္ခဏာမရှိ။ ၎င်း၏အပြုအမူမှာ မိန်းမောတွေဝေ၍ မှင်တက်မိနေဟန် အပြုအမူမျိုး ဖြစ်၏။

ဤသို့ တစ္ဆေသည် ရုပ်ဝတ္ထုမဟုတ်သော်လည်း တွေ့မြင်သောပုဂ္ဂိုလ်၏ စိတ်အထင်သက်သက်ဖြစ်သည်ဟု မဆိုသာချေ။ စိတ်အထင်မျှသာဖြစ်သည် မှန်ပါက စိတ်ဝိညာဉ်သုတေသနအသင်းက စေ့စေ့သေချာစွာ စူးစမ်းလေ့လာ၍ မှတ်တမ်းတင်ထားသော အကြောင်းအရာများမှာ ရှေးပဝေသဏီကစ၍ ယနေ့ အထိ ကမ္ဘာ့လူသားတို့၏ ယုံကြည်ချက်လမ်းချက်များနှင့် ကိုက်ညီနေပေရာ၏။ ယခုမူ ၎င်းတို့သည် တစ္ဆေပုံပြင်များနှင့် လုံးဝမတူဘဲ တစ်မျိုးတစ်ဘာသာ တစ်ပုံစံတည်း ဖြစ်နေခြင်းကို သတိပြုရပေမည်။

တစ္ဆေသည် စိတ်အထင်သက်သက်မဟုတ်ကြောင်း အခြားအထောက် အထားများ ရှိသေး၏။ တစ္ဆေမြင်ဖူးသောအချို့သူတို့က မှန်[illegible]၌ တစ္ဆေ၏

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပုံအရိပ်ထင်သည်ကိုသော်လည်းကောင်း၊ မီးရောင်ရှေ့၌ တစ္ဆေဖြတ်သွားသော အခါ မီးကို ခဏကွယ်သွားသည်ကိုလည်းကောင်း မြင်ကြရပါသည်ဆို၏။ တစ္ဆေခြောက်သောအိမ်၌ တစ္ဆေကိုတွေ့မြင်လိုသောဇောနှင့် စောင့်မျှော်နေသော်လည်း တစ္ဆေသည် လုံးဝပေါ်မလာဘဲ ရှိတတ်၏။ တစ္ဆေက ကိုယ်ထင်ပြသော အခါ၌ ပုဂ္ဂိုလ်တစ်ဦးသာလျှင် မြင်ရလေ့ရှိသည်မှန်သော်လည်း လူသုံးလေးဦးက တစ်ပြိုင်နက် မြင်ကြရသောသာဓကများကို တစ်ခါတစ်ရံ တွေ့ရတတ်၏။

စိတ်ဝိညာဉ်သုတေသီဆရာတို့သည် အများအားဖြင့် တစ္ဆေအတွေ့အကြုံများကို စိတ်ဓာတ်ဆက်သွယ်ခြင်း (ဝါ) တယ်လီပသီဖြင့် အာရုံထင်မှုများ ဖြစ်သည်ဟု ယူဆကြ၏။ တစ္ဆေကို လူအများမြင်ကြရခြင်းမှာ တစ်ဦးမှတစ်ဦးသို့ စိတ်ဓာတ်ကူးဆက်သွားသောကြောင့် ဖြစ်သည်ဆို၏။ တစ္ဆေအကြောင်းကို ရှေးဦး ပထမနှိုက်ချွတ်လေ့လာခဲ့သော ဒေါက်တာဖရီးဒရစ်မေးယား၏ အလိုအားဖြင့် လူတစ်ဦးသေပြီးသည့်နောက် နာရီပိုင်းအတွင်း အခြားလူတစ်ဦးက သေသူကို မြင်ရခြင်းမှာ သေမည့်သူသည် သေခါနီးတွင် အခြားလူတစ်ဦးကို သတိရပေမည်။ သို့ဖြင့် သူ၏စိတ်သည် ဒုတိယလူ၏စိတ်နှင့် ဆက်သွယ်ပြီး ထိုလူ၏ ဘဝင်၌ ကိန်းဝပ်နေပေမည်။ သူသေပြီးမှ ထိုစိတ်သည် သက်ရှိလူ၏ မနော ဝိညာဉ်အပေါ်လွှာသို့ ရောက်ရှိ၍ အာရုံထင်လာခြင်း ဖြစ်ပေလိမ့်မည်။

သို့ရာတွင် တစ္ဆေသည် မကြာသေးမီက သေဆုံးသွားသောလူတစ်ဦး၏ အရိပ်သဏ္ဌာန်မဟုတ်ဘဲ နှစ်ပေါင်းများစွာက သေဆုံးခဲ့သော ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် မည်သူမှုမသိသော အခြားပုဂ္ဂိုလ်တစ်ဦး၏ ပုံသဏ္ဌာန်ကိုလည်း ဆောင်နေလေ့ရှိပေရာ ဤအခြင်းအရာကို ရှင်းပြရန်အတွက် စိတ်ဝိညာဉ် သုတေသီဆရာတို့၏ အခြားအဆိုတစ်ခုကို ထည့်သွင်းစဉ်းစားရပေမည်။

ထိုအဆိုကား ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏ သညာဝေဒနာ အသိအမြင်စသော စေတသိက်များသည် ပတ်ဝန်းကျင်၌ ထင်ဟပ်နေတတ်၏။ နေထိုင်သော နေရာဌာန သို့မဟုတ် ပတ်ဝန်းကျင်ရှိ ရုပ်ဝတ္ထုများနှင့် တစ်နည်းနည်းဖြင့် ဆက်စပ်နေတတ်၏။ သို့ဖြင့် ဆိုင်ရာပုဂ္ဂိုလ်သေဆုံးပြီးနောက် သို့မဟုတ် ထိုနေရာမှ ဖယ်ခွာသွားပြီးနောက် နှစ်ပေါင်းအတန်ကြာ၍ ထိုနေရာသို့ အခြား လူတစ်ဦး ရောက်လာပြီး ပတ်ဝန်းကျင်ရုပ်ဝတ္ထုများနှင့် ထိတွေ့သောအခါ ပထမ လူ၏ အကြောင်းအရာများသည် အလိုလိုအာရုံထင်လာတတ်၏။ တစ်နည်း ဆိုသော် ရုပ်ဝတ္ထုများသည် လူတစ်ဦးနှင့်တစ်ဦးကို စိတ်ဓာတ်ချင်းဆက်သွယ် ပေး၍ ထိုသို့ဆက်သွယ်ပေးရာ၌ အချိန်ကာလသည် ပဓာနမဟုတ်(ဝါ) လူနှစ်ဦး



အနက် တစ်ဦးက အသက်ထင်ရှားရှိခြင်း မရှိခြင်းသည် ပဓာနမဟုတ်ချေ။

ဤသည်မှာ တယ်လီပသီ၏ နက်နဲဆန်းကျယ်သော အခြင်းအရာတစ်ခု ဖြစ်၍ အချို့သောပုဂ္ဂိုလ်တို့၏ အံ့ဖွယ်သရဲ သိမြင်နိုင်စွမ်းရှိမှု၌ ထင်ရှား၏။ ထိုသူတို့သည် လူတစ်ဦးတစ်ယောက်၏ ပစ္စည်းတစ်ခု (လက်ကိုင်ပဝါ၊ ဖိနပ်၊ ဦးထုပ် စသည်)ကို ကိုင်လိုက်ရုံမျှဖြင့် ထိုသူ၏ အကြောင်းအရာကို သိမြင်ကြ၏။ ဒေါက်တာအော်စတိဆိုသော ပြင်သစ်စိတ်ဝိညာဉ်သုတေသီတစ်ဦးသည် ထိုဉာဏ်ရှိရှင် ပုဂ္ဂိုလ်များကို နှစ်ပေါင်းများစွာ လေ့လာခဲ့ဖူး၏။ သူ၏ ရှုးစမ်း လေ့လာချက်အရဆိုသော် ဤပရဝိညာဉ် သိမြင်မှုမျိုး၌ ကိုင်တွယ်ကြည့်သော ပစ္စည်း၏ အမျိုးအစား၊ မူလပုဂ္ဂိုလ်၏လက်ဝယ် ယင်းပစ္စည်းရှိသော ကာလ အပိုင်းအခြားနှင့် ထိုပုဂ္ဂိုလ် နောက်ဆုံးကိုင်တွယ်ပြီးသည့်နောက် ကုန်လွန်ခဲ့ သော ကာလပရိစ္ဆေဒ စသည်တို့မှာ အရေးမကြီးလှချေ။ ပစ္စည်း၏ လုပ်ငန်း ကိစ္စမှာ ဆိုင်ရာပုဂ္ဂိုလ်၏ အကြောင်းအရာကို သိမှီးထားခြင်းမဟုတ်ဘဲ ယင်းတို့ ဆီသို့ ကိုင်တွယ်သူ၏ ပရဝိညာဉ်ကို ဦးတည်ပေးရန် ဖြစ်ဟန်ရှိ၏။ အထူးအံ့သြ ဖွယ်ကောင်းသော အချက်မှာ ပစ္စည်းကိုကိုင်ကြည့်ပြီးလျှင် ရှေးယခင်က ၎င်းကို ကိုင်ခဲ့ဖူးသောသူ၏ နောက်ဖြစ်ကိုသာမက ရှေ့ဖြစ်ကိုပါ ပရဝိညာဉ်ဖြင့် သိမြင်မှု ဖြစ်၏။

နေရာဌာနတစ်ခုနှင့်တစ်ခု ဆက်စပ်နေသော အတိတ်ကာလက အဖြစ် အပျက်များသည် ထိုနေရာသို့ ရောက်ရှိသွားသောအခါ အချို့ပုဂ္ဂိုလ်များအား အရိပ်နိမိတ်ထင်လာသော သာဓကများရှိပေရာ ယင်းတို့ကို လွန်ခဲ့သောအခန်း၌ ဖော်ပြခဲ့ပေပြီ။ အိမ်တစ်အိမ်ကို တစ္ဆေခြောက်သည်ဆိုခြင်းမှာ ထိုအိမ်၌ ရှေးက နေထိုင်ဖူးသောလူနှင့် ယခုနေထိုင်သောလူကို အိမ်က စိတ်ဓာတ်ချင်းဆက်သွယ် ပေး၍ အာရုံအရိပ်နိမိတ်များ ထင်လာခြင်းဖြစ်သည်ဟု စိတ်ဝိညာဉ်သုတေသီ တို့ ယူဆကြ၏။ အချို့လူများ တစ်အိမ်ပြီးတစ်အိမ် ပြောင်းရွှေ့သွားသော်လည်း တစ္ဆေလိုက်အခြောက်ခံရသည်ဟုအဆိုရှိရာ ဤသို့ဖြစ်ရခြင်းမှာ တစ္ဆေကို ဖန်တီး သောအရာသည် အိမ်၌မရှိဘဲ တစ်နေရာမှတစ်နေရာသို့ သယ်ဆောင်သွားသော ပစ္စည်းတစ်ခုခု၌ မှီးကပ်နေသောကြောင့် ဖြစ်တန်ရာ၏။ တစ္ဆေကို လူတိုင်း မမြင်ရဘဲ အချို့လူများသာ မြင်ရခြင်းမှာ ထိုမြင်သောသူတို့သည် လူအများနှင့် မတူဘဲ အာရုံတစ်ခုကို ကွက်ကွက်ကွင်းကွင်း ပေါ်လာအောင် ဖန်တီးနိုင်စွမ်း ရှိသောကြောင့် ဖြစ်သည်ဆို၏။ ဤသည်မှာ အတွေးအခေါ်မျှသာဖြစ်၍ စေ့ငု သေချာစွာ သုတေသန မပြုရသေးချေ။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ တစ္ဆေခြောက်ခြင်းကို သေသူ၏ ပယောဂအနေဖြင့် မဟုတ်ဘဲ တယ်လီပသီအာရုံထင်မှု သက်သက်အနေဖြင့် ရှင်းပြခြင်းမှာ သဘာဝယုတ္တိ ရှိသည်ထင်ရသော်လည်း ကျွန်ုပ်တို့သိရှိရသော အချက်အားလုံးကို မငုံမိချေ။ အထက်ပါ တယ်လီပသီနည်းအရဆိုသော် သက်ရှိလူများကို အာရုံထင်မှုမှာ အလွန်များပြားနေပေရာ၏။ ထို့ပြင် လွန်ခဲ့သောအခန်း၌ ပြဆိုခဲ့သည့် သက်ရှိလူက ကိုယ်ခွဲပြခြင်းမှာ တစ္ဆေခြောက်ခြင်းနှင့် တခြားစီဖြစ်ကြောင်း သတိပြုသင့်ပေ၏။

တစ္ဆေကို တွေ့မြင်ခြင်းနှင့် သေပြီးသူသို့မဟုတ် သေခါနီးလူများ ဆက်စပ်နေခြင်းမှာ အကြောင်းတစ်ခုခု ရှိကောင်းရှိပေလိမ့်မည်။ လူတို့သည် သေခါနီး၌ ရှေးက ကွယ်လွန်သူတို့၏ ပုံသဏ္ဌာန်ကို မြင်လေ့ရှိသည်ဟု အဆိုရှိရာ စိတ်ဝိညာဉ်သုတေသီပညာရှင်တစ်ဦးသည် သေခါနီးလူနာများအား စောင့်ကြည့်ခဲ့သော ဆရာဝန်နှင့် သူနာပြုများကို မေးမြန်းစုံစမ်း၍ ထိုအဆိုမှန်ကန်ကြောင်း အတည်ပြုခဲ့၏။ သူက လူအတော်များများသည် သေခါနီး သတိကောင်းစွာ ရနေလျက်နှင့်ပင် ကွယ်လွန်ပြီးသော ဆွေမျိုးသားချင်းများကို အာရုံထင်မြင်လာကြောင်း တွေ့ရှိရသည်ဆို၏။ အသက်ထွက်ခါနီး၌ ထင်လာသော နိမိတ်များတွင် လူနာအား ကွယ်လွန်သူများက လာခေါ်သည်ဆိုသော ထင်မြင်မှုမှာ အထူးများပြားကြောင်း၊ ဤအဖြစ်မျိုးမှာ လူနာ၏ပညာအခြေခံ ဘာသာရေး ယုံကြည်ချက် သို့မဟုတ် ရောဂါအမျိုးအစားနှင့်မဆိုင်ဘဲ လူအမျိုးမျိုးအစားစား၏ အတွေ့အကြုံဖြစ်ဟန်ရှိကြောင်း သိရှိရ၏။

တစ္ဆေသည် အကယ်၍ စိတ်ထင်မှုသက်သက်ဖြစ်သည်မှန်ပါက ၎င်း၏ ဖြစ်ပေါ်မှုသည် အဓိပ္ပာယ်မရှိသော အခြင်းအရာဖြစ်ရပေမည်။ စင်စစ် တစ္ဆေ၏ ကိုယ်ထင်ပြမှုနှင့် ၎င်း၏ အပြုအမူသည် အများအားဖြင့် အဓိပ္ပာယ်ကင်းမဲ့သော အရာများဖြစ်၏။ သို့ရာတွင် အချို့သောလူတို့၏ ကိုယ်တွေ့သာဓကများ၌မူ တစ္ဆေ၏အပြုအမူမှာ အဓိပ္ပာယ်ရည်ရွယ်ချက်ရှိသည်ဟု ဆိုရပေမည်။ တစ်နည်းဆိုသော် သေသူသည် တမလွန်ဘဝမှနေ၍ သက်ရှိလူများနှင့် ဆက်သွယ်လိုဟန်၊ တစ်စုံတစ်ခုပြောကြားလိုဟန် လက္ခဏာရှိ၏။

စိတ်ဝိညာဉ်သုတေသီဆရာတို့၏ စူးစမ်းလေ့လာချက်အရ အချို့လူများ တွေ့မြင်ရသော တစ္ဆေများမှာ ကွယ်လွန်ပြီဖြစ်သော အသိမိတ်ဆွေများ ပုံသဏ္ဌာန် ဖြစ်၍ ရှေးအခါက ပထမ အရင်သေသူက ကျန်ရစ်သူအား ကိုယ်ထင်ပြရန် တစ်ဦးနှင့်တစ်ဦး ကတိပြုခဲ့ကြကြောင်း သိရ၏။ အချို့သေပြီးသူများသည်



ဖိမိတို့သေကြောင်း မသိသေးသော အသိမိတ်ဆွေများအား ကိုယ်ရောင်ပြ၍ သတင်းပေးပို့လေ့ရှိ၏။ တမလွန်ဘဝမှနေ၍ ကျန်ရစ်သော ဆွေမျိုးသားချင်းများ၏ ကိုယ်ရေးကိစ္စများတွင် စိတ်ဝင်စားဟန် ပါဝင်ဆောင်ရွက်လိုဟန် လက္ခဏာများပြတတ်၏။

ဤနေရာတွင် အင်္ဂလန်ပြည် စိတ်ဝိညာဉ်သုတေသနအသင်းဂျာနယ်နှင့် မှတ်တမ်းများ၌လာသော သာဓကအနည်းငယ်ကို ဖော်ပြပါအံ့။ ယင်းတို့မှာ စိတ်ဝိညာဉ်သုတေသနအသင်းက စေ့ငုသေချာစွာ ဆန်းစစ်၍ ယုံကြည်ရန် အထောက်အထားခိုင်လုံပြည့်စုံသောကြောင့် လက်ခံထားသော သာဓကများ ဖြစ်၏။ ယင်းတို့ကို ယခုတင်ပြရာ၌ နဂိုမူရင်းအတိုင်း အပြည့်အစုံမဟုတ်ဘဲ ဆိုင်ရာ အထောက်အထားများကိုလည်း ချန်လှပ်၍ အကျဉ်းချုပ်တင်ပြပါမည်။ နာမည်များကိုလည်း အင်္ဂလိပ်အက္ခရာဖြင့် ဖော်ပြပါမည်။

ပထမသာဓကမှာ ဂျာမနီပြည်၌ လယ်သမားကြီးတစ်ဦး ကြုံတွေ့ရသော အဖြစ်အပျက်တစ်ခုဖြစ်၏။ သူနေထိုင်သော ဒေသအနီးအနားရှိ ရွာတစ်ရွာ၌ သူ့မိတ်ဆွေ W နေထိုင်လျက်ရှိရာ သူသည် ထိုရွာသို့ရောက်ခဲ့၍ W ဖျားနာပြီး သေဆုံးသွားကြောင်း မသိရချေ။

"ထိုနေ့ည ၉ နာရီက ကျွန်ုပ်သည် မောမောပန်းပန်းနှင့် အိပ်ရာဝင်၍ ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွား၏။ ခဏကြာသော် W ၏ ကျယ်လောင်သောအသံကိုကြား၍ လန့်နိုးပါသည်။ ဇနီးဖြစ်သူက ကလေးအတွက် မီးအိမ်မငြိမ်းဘဲထားသဖြင့် အခန်းမှာ မီးရောင်ဖြင့် လင်းနေပါသည်။ အခန်းပြတင်းပေါက်အောက်နားမှ W ၏အော်ဟစ်သံကို ကြားရသဖြင့် ကျွန်ုပ်သည် အိပ်ရာပေါ်၌ထိုင်ပြီး နားထောင်ပါသည်။ သို့ရာတွင် သူဘာပြောသည်ကို နားမလည်ပါ။ ထို့နောက် W သည် ရုတ်တရက် အခန်းထဲသို့ရောက်လာပါသည်။ မိန်းမနှင့် ကလေး၏ အိပ်ရာများကို ကျော်၍ ကျွန်ုပ်၏အိပ်ရာအနီးသို့ ချဉ်းကပ်လာပြီး "သူငယ်ချင်း၊ မင်း ဘယ်လိုထင်သလဲ၊ ကနေ့ညနေ ငါးနာရီမှာ ငါသေပြီးပြီ" ဟု ဆိုပါသည်။ ကျွန်ုပ်မှာ ထိတ်လန့်ပြီး "အို ဒါဟာ မဖြစ်နိုင်ဘူး" ဟုပြောပါသည်။ သူက "ငါပြောတာအမှန်ပဲ၊ သူတို့က ငါ့ကို အင်္ဂါနေ့ညနေ နှစ်နာရီမှာ မြေမြှုပ်ချင်ကြတယ်" ဟု ပြန်ပြောပါသည်။

"ကျွန်ုပ်သည် မိမိကိုယ်မိမိ အိပ်မက်မက်နေသလားဟု စစ်ဆေးကြည့်ပါသည်။ အခန်းထဲရှိ မီးရောင်၊ ရေချိုင့်နှင့် ကြည့်မှန်၊ အိပ်ပျော်နေသောကလေးနှင့် မိန်းမတို့ကို မျက်စိနှင့်သေချာတပ်အပ်မြင်ရသောအခါ သံသယပျောက်၍

www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ် နိုးကြားနေကြောင်း ယုံကြည်လာပါသည်။ ထိုအခါဇနီးဖြစ်သူ နိုးသွားလျှင် ခက်ရချေရဲ့ဟု စိုးရိမ်စိတ်ဝင်လာပါသည်။ သို့ဖြင့် ကျွန်ုပ်က W အား "တိုးတိုးပြောပါ၊ ငါ့မိန်းမနိုးသွားရင် ခက်မယ်"ဟု ဆိုရာ သူက "မင်း မစိုးရိမ်ပါနဲ့၊ မင်းမိန်းမကို ငါမနှောင့်ယှက်ပါဘူး" ဟု ပြောပါသည်။ ကျွန်ုပ်က "မင်းသေပြီဆိုတာမှန်ရင် ငါ ဝမ်းနည်းပါတယ်၊ မင်းရဲ့ကလေးတွေကို ငါ ကြည့်ရှုစောင့်ရှောက်လိုက်ပါ့မယ်" ဟု ပြောပါသည်။ ထိုအခါ W သည် လက်နှစ်ဖက်ကိုဆန့်တန်း၍ ကျွန်ုပ်ကို နှုတ်ဆက်တော့မည့်ကဲ့သို့ အနီးသို့ကပ်လာရာ ကျွန်ုပ်က "မင်း ငါ့နား သိပ်ကပ်မလာနဲ့"ဆိုပြီး ညာဘက်လက်ကို မြှောက်၍ လက်ရမ်းပြပါသည်။ ထိုခဏ၌ W သည် ပျောက်ကွယ်သွားပါသည်။ အိပ်ရာမှထ၍ ကျွန်ုပ်၏လက်ပတ်နာရီကိုကြည့်လိုက်ရာ အချိန်မှာ ၁၂ နာရီနှင့် ၇ မိနစ်ရှိနေကြောင်း သိရပါသည်။ W မှာ ထိုနေ့ညနေ ၅ နာရီကသေဆုံး၍ နောက် အင်္ဂါနေ့ညနေ ၂ နာရီ၌ မြေမြှုပ်သင်္ဂြိုဟ်ပါသည်။

ဤသာဓက၌ သေသူက သေဆုံးသောနေ့ရက် အချိန်နာရီနှင့် မြေမြှုပ်သည့်နေ့ရက် အချိန်နာရီကို ပြောနိုင်ခြင်းမှာ မသေမီက သူ့ထံမှလယ်သမား ရရှိထားသော တယ်လီပသီသတင်းကြောင့် မဖြစ်နိုင်ချေ။ အောက်ပါဖြစ်ရပ်မှာ နှစ်ပေါင်းများစွာက ကွယ်လွန်ပြီဖြစ်သော အမေဖြစ်သူက သမီးအား လာ၍ သတိပေးသော သာဓကဖြစ်၏။

"ကျွန်မသည် ၁၈၈၇ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ညက ၁၁ နာရီနှင့် ၁၂ နာရီအကြားတွင် နိုးနေပါသည်။ ကျွန်မ၏နာမည်ကို သုံးကြိမ်တိတိခေါ်သံ ကြားရပါသည်။ တတိယအကြိမ်တွင် အသံမှာ လွန်ခဲ့သော ၁၆ နှစ်က သေဆုံးသော မေမေ၏အသံဖြစ်ကြောင်း မှတ်မိ၍ မေမေသည် ကျွန်မအိပ်ရာအနီး လိုက်ကာနောက်ကွယ်မှ ထွက်လာပါသည်။ သူ၏လက်ထဲ၌ ကလေးနှစ်ယောက် ပါလာ၍ သူသည် ကျွန်မလက်ထဲသို့ ကလေးများကိုထည့်ပြီး "လူစီ၊ သူတို့အမေ သေပြီ၊ ဒီတော့ မင်း သူတို့ကို စောင့်ရှောက်ပါမယ်လို့ ကတိပြုရမယ်" ဟုဆိုပါသည်။ ကျွန်မက "ဟုတ်ကဲ့မေမေ၊ ကျွန်မ စောင့်ရှောက်ပါမယ်" ဟု ကတိပြုပါသည်။ ထို့နောက် မေမေသည် လိုက်ကာနောက်သို့ ဝင်သွားသည်ထင်ရ၍ ကျွန်မလည်း အိပ်ပျော်သွားပါသည်။ နိုးလာသောအခါ ဘာကိုမျှ မတွေ့ရတော့ပါ။

ဇွန်လ ၇ရက် အင်္ဂါနေ့၌ ကျွန်မ၏ယောက်မ ကွယ်လွန်ကြောင်း သတင်း ရရှိပါသည်။ သူသည် ဇွန်လ ၅ရက်နေ့ည ၉နာရီက သေဆုံးကြောင်း၊ သူ့မှာ



ကလေးနှစ်ယောက်ရှိကြောင်း သိရှိရပါသည်။ မေမေလာပြောစဉ်က ကျွန်မမှာ မည်သည့်ကလေးများကို သူရည်ရွယ်ပြောကြောင်း မသိပါ။ ကျွန်မ၏ယောက်မ ဖျားနာနေကြောင်းကိုလည်း မသိပါ။ သူ၏ ဒုတိယကလေးမှာ သူမသေမီ ရက်သတ္တသုံးပတ်က မွေးဖွားကြောင်း သူသေပြီးမှ ကျွန်မသိရခြင်း ဖြစ်ပါသည်။

သေပြီးသူတို့သည် သေခါနီးဆဲဆဲလူများအား နိမိတ်ပြတတ်ကြောင်း အထက်က ဖော်ပြခဲ့ပေပြီ။ တစ်ခါတစ်ရံ လူတစ်ဦးသေမည့်အကြောင်းကို ထိုလူ အား တိုက်ရိုက် နိမိတ်မပြဘဲ အခြားလူတစ်ဦးမှတစ်ဆင့် နိမိတ်ပြလေ့ရှိ၏။ အောက်ပါမှာ အမေရိကန်ပြည် ကုန်တိုက်ကြီးတစ်ခုမှ အရောင်းကိုယ်စားလှယ် တစ်ဦး၏ ကိုယ်တွေ့ဖြစ်၏။

"၁၈၇၆ ခုနှစ်က ကျွန်ုပ်၏ တစ်ဦးတည်းသောနှမငယ်မှာ အသက် ၁၈ နှစ်၌ ဝမ်းရောဂါဖြစ်ပြီး ကွယ်လွန်ခဲ့ပါသည်။ ကျွန်ုပ် အလွန်ချစ်သောနှမ ဖြစ်၍ ကျွန်ုပ်မှာ များစွာစိတ်ထိခိုက်ခဲ့ပါသည်။"

"၁၈၇၆ ခုနှစ်က ကျွန်ုပ်သည် အလုပ်ကိစ္စတစ်ခုဖြင့် စိန့်ဂျိုးဇက်မြို့ သို့ ရောက်ရှိနေပါသည်။ တစ်ခုသောနေ့ခင်း မွန်းတည့်ချိန်လောက်တွင် အခန်း ထဲ၌ စားပွဲတွင် ဆေးပြင်းလိပ်သောက်ရင်း စာရေးနေပါသည်။ ထိုသို့စာရေး နေစဉ် ကျွန်ုပ်၏နံဘေး၌ တစ်စုံတစ်ယောက်ထိုင်နေသည်ထင်သဖြင့် ရုတ်တရက် လှည့်ကြည့်လိုက်ရာ ကွယ်လွန်သောနှမ၏ ပုံသဏ္ဌာန်ကို အထင်အရှားမြင်ရပါ သည်။ သူ့မျက်နှာကို တစ်စက္ကန့်မျှစိုက်ကြည့်၍ နှမအစစ်ဖြစ်ကြောင်းသိရ သည်နှင့် ဝမ်းသာအားရ နာမည်ခေါ်၍ အနီးသို့တိုးသွားရာ သူသည် ချက်ချင်း ကွယ်ပျောက်သွားပါသည်။ ထိုအခါ ကျွန်ုပ်မှာ ထိတ်လန့်ပြီး ပထမသော် မိမိကိုယ်မိမိ သံသယဖြစ်မိပါသည်။ သို့ရာတွင် အချိန်မှာ နေ့ခင်းကြောင်တောင် ဖြစ်၍ ပါးစပ်၌ ဆေးပြင်းလိပ်ကိုက်ထားခြင်း၊ လက်ထဲ၌ဖောင်တိန်ကိုင်ထား ခြင်းကို ထောက်ချင့်ပြီး အိပ်မက်မက်နေခြင်းမဟုတ်ဘဲ ကောင်းစွာသတိရှိ နိုးကြား နေကြောင်း သိရပါသည်။ နှမဖြစ်သူ၏ အဝတ်အစားပုံသဏ္ဌာန်၊ လက္ခဏာ သွင်ပြင် စသည်တို့ကို ကျွန်ုပ် အသေအချာမှတ်မိ၍ မြင်လိုက်ရသော ရုပ်သဏ္ဌာန် မှာ သူအသက်ရှိစဉ်ကအတိုင်း ဖြစ်ပါသည်။

"ကျွန်ုပ်မှာ ထိုနေ့တွင် အထူးစိတ်လှုပ်ရှားနေသဖြင့် အလုပ်မလုပ်တော့ဘဲ မိရာရထားဖြင့် ကိုယ့်ရပ်ရွာသို့ ပြန်ခဲ့ပါသည်။ ကျွန်ုပ်၏မိဘများအား ကျွန်ုပ်၏ ကိုယ်တွေ့ကိုပြောပြရာ ဖခင်ဖြစ်သူမှာ မယုံဘဲ ကျွန်ုပ်ကို ပြက်ရယ်ပြုလိုက်ပါ သည်။ သို့ရာတွင် ကျွန်ုပ်က နှမငယ်၏ ညာဘက်ပါးပြင်ပေါ်၌ ခြစ်ရာလိုလို

www.burmeseclassic.com

www.burmeseclassic.com



အနိကြောင်းတစ်ခုကိုပင် အသေအချာ မြင်မိလိုက်ကြောင်း ပြောသောအခါ ကျွန်ုပ်၏အမေမှာ များစွာတုန်လှုပ်၍ မူးမေ့သွားတော့မလို ဖြစ်သွားပါသည်။ ထို့နောက် သူသည် မျက်ရည်များကျဆင်းလျက် ကျွန်ုပ်မြင်ခဲ့သောသူမှာ သူ၏သမီးအစစ်ဖြစ်ကြောင်း၊ ထိုခြစ်ရာကို သူ (မေမေ)မှတစ်ပါး အခြားမည်သူမျှ မသိကြောင်း၊ သမီးသေဆုံးပြီးနောက် အလောင်းကို သူကိုယ်တိုင်ပြုပြင်ရင်း မတော်တဆ မျက်နှာကိုခြစ်မိကြောင်း၊ သမီး၏မျက်နှာ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားသဖြင့် သူ့မှာ များစွာစိတ်မကောင်းဖြစ်ပြီး အခြားမည်သူမျှမသိအောင် ပေါင်ဒါလိမ်းဆေးစသည်ဖြင့် ခြစ်ရာကို ဖုံးဖိပြုပြင်ခဲ့ကြောင်း၊ ထိုအဖြစ်အပျက်ကို မည်သူ့ကိုမျှမပြောဘဲ လျှို့ဝှက်ထားခဲ့ကြောင်း ပြောပြပါသည်။ ဖေဖေနှင့် အခြားဆွေမျိုးသားချင်းများအားလုံးမှာ ထိုသို့ မေမေက ဖွင့်ဟပြောပြမှအဖြစ်မှန်ကို သိကြရပါသည်။ ထို့နောက် ရက်များစွာမကြာမီ မေမေကွယ်လွန်ပါသည်"

အိပ်မက်ထဲ၌ တစ္ဆေ(သေသူ)၏ ပြောပြချက်အရ တရားရုံးတော်က စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်ခဲ့သော အမေရိကန်နိုင်ငံမှ ထူးဆန်းအံ့ဩဖွယ်အမှုတစ်ခုမှာ အောက်ပါအတိုင်း ဖြစ်၏။

ဂျိမ်းစအယ်ရှာဖင်သည် အမေရိကန်နိုင်ငံ မြောက်ကရိုလီးနားပြည်နယ်မှ လယ်သမားတစ်ဦးဖြစ်၏။ သူ့မှာ သားလေးယောက်ရှိ၏။ ၁၉၀၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့၌ ရှာဖင်သည် သက်သေနှစ်ဦး၏ရှေ့တွင် သေတမ်းစာရေးခဲ့ရာ ထိုသေတမ်းစာအရ သူသေလျှင် သူ၏လယ်မြေအားလုံးကို တတိယသားဖြစ်သူ မာရှယ်ရှာဖင်တစ်ဦးကတည်းက အမွေဆက်ခံရမည်ဖြစ်၍ သူ၏ဇနီးနှင့် အခြားသားသုံးယောက်မှာ ဘာမျှအကျိုးခံစားခွင့် မရှိချေ။

သူသည် သေတမ်းစာရေးပြီးနောက် ၁၆ နှစ်ကြာမှ သေဆုံးခဲ့၏။ လယ်မြေများမှာ သေတမ်းစာနှင့်အညီ တတိယသား မာရှယ်လက်ထဲသို့ ရောက်ရှိသွား၏။ ၁၉၂၅ ခုနှစ်၊ ဇွန်လ၌ ဒုတိယသားဖြစ်သူ ဂျိမ်းစ်ရှာဖင်သည် သူ့အဖေကို အိပ်မက်မက်၏။ အိပ်မက်ထဲ၌ သူ့အဖေက သူ၏အပေါ်ကုတ်အင်္ကျီကို ကိုင်၍ "ငါ့ကုတ်အင်္ကျီထဲမှာ ငါ့သေတမ်းစာကို မင်းတွေ့လိမ့်မယ်" ဟု ဆို၏။ ထိုမှနောက် သားဖြစ်သူ ဂျိမ်းစ၏ ကိုယ်တွေ့ကို သူပြောပြသည့်အတိုင်း ဖော်ပြရမည်ဆိုသော်...

"နောက်တစ်နေ့နံနက်၌ ကျွန်တော်သည် အမေ၏အိမ်သို့သွား၍ အဖေ၏ကုတ်အင်္ကျီအကြောင်း မေးပါသည်။ အမေကက ဂျွန်အားပေးလိုက်သည်ဆိုသဖြင့် မိုင် ၂၀ ခန့်ဝေးသော ဂျွန်၏အိမ်သို့ သွားပါသည်။ ထိုအိမ်၌ကုတ်အင်္ကျီကိုတွေ့ရ၍ အတွင်းလိုင်နင်များကို ဖြတ်ခွဲလိုက်ရာ အတွင်းအိတ်ထဲ၌ ကြိုးစည်းထားသော စာရွက်အလိပ်ငယ်တစ်ခုကို တွေ့ရပါသည်။ စာရွက်ပေါ်၌ "ငါ့အဖေ၏ သမ္မာကျမ်းစာဟောင်း ၂၇ ခုမြောက်အခန်းကို ဖတ်ပါ"ဟု ရေးသားထားပါသည်။

"ထိုအခါ၌ ကျွန်တော်သည် ကေန်မုချ တစ်ခုခုထူးထူးခြားခြားတွေ့ရတော့မည်ဟု ယုံကြည်သဖြင့် အဘိုး၏သမ္မာကျမ်းစာကို သက်သေတစ်ဦးဦးနှင့် အတူ ကြည့်ရှုရန် ဆုံးဖြတ်လိုက်ပါသည်။ ထို့ကြောင့် ကျွန်တော်၏သမီး အိမ်နီးချင်းဖြစ်သူ မစ္စတာဘလက်ဝဲလဒါးနှင့် သူ၏သမီးတို့ကိုခေါ်၍ သမ္မာကျမ်းစာကို ရှာဖွေကြပါသည်။ အတော်ကြာရှာဖွေရ၍ အိမ်အပေါ်ထပ်အခန်းတစ်ခုထဲရှိ စားပွဲအံဆွဲတစ်ခုထဲ၌ ၎င်းကို တွေ့ရပါသည်။ စာအုပ်မှာ ဟောင်းနွမ်းဆွေးမြေ့နေပြီဖြစ်၍ ဆွဲယူလိုက်သည်နှင့် အတွင်းမှစာရွက်များ ကွာကျသွားပါသည်။ အခန်း ၂၇ ကို ရှာဖွေကြည့်ရှုကြရာ စာမျက်နှာနှစ်ရွက်ကို ပူးတွဲလိမ်ခေါက်ထား၍ အထဲတွင် သေတမ်းစာရေးထားသော စာရွက်ကလေးကို တွေ့ရပါသည်။

သေတမ်းစာ၌ ရေးသားထားသည်ကား 'ကျွန်ုပ် ဂျိမ်းစရှာဖင်သည် သမ္မာကျမ်းစာ အခန်း ၂၇ ကို ဖတ်ရှုပြီးနောက် အောက်ပါအတိုင်း နောက်ဆုံးသေတမ်းစာကို ရေးသားခဲ့ပါသည်။ ကျွန်ုပ်၏ကိုယ်ခန္ဓာကိုယ်ကို သင့်တင့်လျောက်ပတ်စွာ မြှုပ်နှံပြီးနောက် ကျွန်ုပ်၏ပစ္စည်းများကို ကျွန်ုပ်၏သားလေးယောက်အား ညီတူမျှတူ ခွဲဝေယူကြရမည်ဖြစ်ပါသည်။ ကျွန်ုပ်ကွယ်လွန်သောအခါ၌ သူတို့အသက်ရှင်လျက်မရှိပါက ပစ္စည်းများကို သူတို့၏သားသမီးများအား ခွဲဝေ၍ ပေးစေလိုပါသည်။ ကျွန်ုပ်၏ဇနီး အသက်ရှင်လျက်ရှိပါက သင်တို့အားလုံးသည် သင်တို့၏မိခင်ကို ကြည့်ရှုစောင့်ရှောက်ကြရမည်။'

သေတမ်းစာ၏အဆုံးတွင် ဂျိမ်းစရှာဖင် ၁၉၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်ဟူ၍ လက်မှတ်ရေးထိုးပြီး နေ့ရက်ဖော်ပြထား၏။ ထိုသေတမ်းစာကို သေသူ၏ဆန္ဒပြုချက် အစစ်အမှန်အနေဖြင့် တရားရုံးသို့တင်ပြ၍ သက်သေ ၁၀ ဦးက လက်ရေးမှာ သေသူဂျိမ်းစရှာဖင်၏ လက်ရေးအမှန်ဖြစ်ပါသည်ဟု ထွက်ဆိုကြ၏။ တရားသူကြီးနှင့် ဂျူရီလူကြီးတို့က ထိုဒုတိယသေတမ်းစာကို လက်ခံအတည်ပြုလိုက်ကြလေသည်။

တစ္ဆေအကြောင်းကို ရှေးဦးပထမ စေ့စေ့စပ်စပ်သေချာစွာ စူးစမ်းလေ့လာခဲ့သော အင်္ဂလိပ်စိတ်ဝိညာဉ်ပညာရှင် အက်ဒမွန်ဂါနီ၏ အလိုအားဖြင့် တစ္ဆေသည်



www.burmeseclassic.com

www.burmeseclassic.com



မြင်သောပုဂ္ဂိုလ်၏ အာရုံထင်မှုသက်သက်မဟုတ်ဘဲ သေဆုံးပြီးသောပုဂ္ဂိုလ်တစ်ဦးနှင့် တစ်နည်းနည်း ဆက်စပ်နေရန်အတွက် အချက်သုံးခုနှင့် ညီညွတ်ရမည်ဖြစ်၏။ ပထမအချက်မှာ တစ္ဆေကို လူနှစ်ဦးသုံးဦးက မြင်နိုင်ရပေမည်။ ဒုတိယအချက်မှာ တစ္ဆေသည် မြင်သူအား သတင်းတစ်ခုခုပေးနိုင်ရမည်။ ထိုသတင်းကို မြင်သူက ကြားသိပြီး မဖြစ်စေရ။ သတင်းသည် မှန်ကန်သောသတင်းဖြစ်ကြောင်း နောက်ကာလ၌ အတည်ပြုနိုင်ရမည်။ တတိယအချက်မှာ တစ္ဆေကို မြင်သောသူသည် ရှေးအခါက ဆိုင်ရာလူသေကို တစ်ကြိမ်တစ်ခါမျှ မြင်ဖူးခြင်းမရှိရ။ သို့ရာတွင် သူမြင်ရသော တစ္ဆေသည် ထိုသေပြီးသောသူနှင့် ပုံပန်းသဏ္ဍာန် တူရမည်ဖြစ်၏။

စိတ်ဝိညာဉ်သုတေသနအသင်း၏ မှတ်တမ်းများအရဆိုသော် တစ္ဆေကို ပုဂ္ဂိုလ်နှစ်ဦးသုံးဦးပင် မဟုတ်။ ထိုထက်မက များပြားသောပုဂ္ဂိုလ်များ တစ်ပြိုင်နက် မြင်ဖူးသော သာဓကများရှိ၏။ အထက်ဖော်ပြပါ သာဓကလေးခုမှာ ဒုတိယအချက်နှင့် ကိုက်ညီသော သာဓကများဖြစ်၏။ တတိယအချက်နှင့် ညီညွတ်သော သာဓကများမှာလည်း မရှားလှချေ။

အောက်ပါသာဓကမှာ အထက်ပါအချက်သုံးခုအနက် ပထမနှင့် တတိယအချက်များပါဝင်သော သာဓကဖြစ်၏။ ၁၈၉၂ ခုနှစ်က မစ္စမော်ကန် M က ရေးသားပေးပို့သော အကြောင်းအရာဖြစ်၏။ မစ္စ M မှာ သိပ္ပံနည်းကျရှုးစမ်းလေ့လာတတ်သော ဝါသနာရှိ၍ ထိုစဉ်အခါက ဆေးတက္ကသိုလ်တက်ရောက်သင်ကြားနေသူဖြစ်၏။ သူ၏တစ္ဆေလေ့လာမှုမှာ စေ့စပ်သေချာလှ၍ စိတ်ဝိညာဉ်သုတေသနအသင်းမှတ်တမ်း၌ အကျယ်တဝင့် ဖော်ပြထား၏။

M ၏တင်ပြချက်ကို အချဉ်းချုပ်မဖော်ပြမီ တစ္ဆေခြောက်သောအိမ်၏ ရာဇဝင်ကို အနည်းငယ်ဖော်ပြရပေမည်။ အိမ်မှာ ပထမက S ဆိုသူအင်္ဂလိပ်ကပြားတစ်ဦး ၁၆ နှစ်ကြာမျှ နေထိုင်သွားသောအိမ်ဖြစ်၏။ S သည် ပထမဇနီးသေဆုံး၍ အခြားမိန်းမတစ်ယောက် H နှင့် နောက်အိမ်ထောင်ပြု၏။ S နှင့် H သည် မကြာခဏ လင်မယားချင်းရန်ဖြစ်၏။ ရန်ဖြစ်ရခြင်းမှာ ပထမမိန်းမ၏ သားသမီးများကို အုပ်ထိန်းရေးနှင့် ထိုမိန်းမ၏လက်ဝတ်လက်စားများကို H က ရရှိလိုမှုကြောင့် ဖြစ်၏။ S သည် ပထမမိန်းမ၏ ရွှေငွေရတနာများကို သူ့သားသမီးများအတွက် မပျောက်မပျက်စေရန် လက်သမားတစ်ဦးအား အိမ်ရှေ့ဧည့်ခန်းတစ်နေရာ၌ ကြမ်းပြင်ကိုခွာစေပြီး သို့ဝှက်ထားခဲ့၏။ ၁၈၇၆ ခုနှစ်တွင် S မသေမီ လပိုင်းအလိုတွင် H သည် S နှင့်ခွဲပြီး အခြားတစ်နေရာ



သို့ သွားရောက်နေထိုင်၏။ သူ့ယောကျ်ားသေဆုံးပြီးနောက် နှစ်နှစ်ကျော်အကြာတွင် H သည်လည်း သေဆုံး၏။

(တစ္ဆေခြောက်သောအိမ်များမှာ အများအားဖြင့် ဥပစ္ဆေဒကကံဖြင့် သေသောလူများ၊ စိတ်တုန်လှုပ်ချောက်ချားဖွယ်ရာ အဖြစ်အပျက်များနှင့် ဆက်စပ်နေတတ်သည်ဟု အဆိုရှိရာ စိတ်ဝိညာဉ်သုတေသနမှတ်တမ်းများအရ ဤအစဉ်အလာ ယုံကြည်ချက်မှာ မမှန်ကန်ချေ။ ယခု သာဓက၌ နောင်တစ္ဆေခြောက်မှုနှင့် ပတ်သက်နေသော မိန်းမသည် တစ္ဆေခြောက်သောအိမ်၌ မသေဘဲ အခြားတစ်နေရာ၌ သွေးရိုးသားရိုး သေဆုံးခြင်းဖြစ်ကြောင်း သတိပြုသင့်ပေ၏။)

S သေဆုံးပြီးနောက် အိမ်ကို သက်ကြီးပုဂ္ဂိုလ်တစ်ဦးက ဝယ်လိုက်၍ သူသည်လည်း အိမ်သို့ပြောင်းရွှေ့နေထိုင်ပြီး ၆လ အကြာတွင် ရုတ်တရက် သေဆုံးသွား၏။ သို့ဖြင့် ၁၈၈၂ ခုနှစ်၌ ထိုအိမ်ကို M တို့မိသားစု ငှားရမ်းနေထိုင်ကြ၏။ M တို့မိဘနှစ်ပါး M နှင့်ညီမလေးယောက် မောင်ငယ်နှစ်ယောက် ပါဝင်၏။

တစ္ဆေကို ပထမဆုံး တွေ့မြင်ရသောသူမှာ ဆေးကောလိပ်ကျောင်းသူ M ဖြစ်၏။ တစ်ညတွင် M သည် အိပ်ခန်းပြင်မှ လူသံကြားသဖြင့်ထွက်ကြည့်ရာ လှေကားထိပ်၌ရပ်နေသော မိန်းမတစ်ယောက်ပုံသဏ္ဍာန်ကို မြင်ရ၏။ ထိုမိန်းမမှာ လင်သေပြီးစ မုဆိုးမဝတ်စုံ (အင်္ကျီဂါဝန်အနက်)နှင့် အရပ်ရှည်ရှည်ဖြစ်၏။ မိန်းမသည် လှေကားကို ဖြည်းဖြည်းခြင်း ဆင်းသွား၍ M သည် နောက်မှလိုက်ကြည့်ရာ လက်ထဲ၌ပါသော ဖယောင်းတိုင်မီးငြိမ်းသွား၍ ဘာမှ မမြင်ရတော့သဖြင့် အခန်းသို့ပြန်လာရ၏။ ထိုနေ့မှစ၍ နောက်နှစ်နှစ်အတွင်း M သည် ထိုပုံသဏ္ဍာန်ကို ခြောက်ကြိမ်ခန့်တွေ့မြင်ရ၏။ သူသည် ရှုးစမ်းလိုသောဝါသနာရှိ၍ တစ်ခါတစ်ရံ ထိုမိန်းမကို စကားပြောကြည့်ရာ မိန်းမသည် ဘာမျှပြန်မပြောဘဲ တခြားနေရာသို့ လျှောက်သွားတတ်၏။ ကိုင်တွယ်ကြည့်ရန် ကြိုးစားသော်လည်း မအောင်မြင်ချေ။ ချောင်၌ပိတ်ဖမ်းကြည့်ရာ ပျောက်ကွယ်သွားသည်ကို တွေ့ရ၏။ လှေကား၌ ကြိုးများတန်းထားရာ ကြိုးများမပြတ်စေဘဲ ဖြတ်သွား၏။ ၎င်းကို ဓာတ်ပုံရိုက်ကြည့်သော်လည်း ဖလင်၌ ရုပ်ပုံပေါ်မလာချေ။

M ၏မိဘနှစ်ပါးမှတစ်ပါး အခြားညီမများ၊ မောင်များနှင့် အိမ်ဖော်များသည်လည်း တစ်ခါတစ်ရံ တစ္ဆေကို အတူတကွမြင်ကြရ၏။ ညဉ့်သာသာ လမ်းလျှောက်သွားသံကို သူတို့သုံးလေးယောက် တစ်ပြိုင်နက်ကြားရ၏။ သူတို့မြင်ရသောတစ္ဆေမှာ M မြင်ရသော တစ္ဆေကဲ့သို့ပင် မုဆိုးမဝတ်စုံနှင့် အရပ်

www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည် မိန်းမဖြစ်၏။ သူတို့ တစ္ဆေကိုအကြိမ်အများဆုံး မြင်ရသောလများမှာ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလများဖြစ်ရာ ဇူလိုင်လမှာ မစ္စတာ S သေဆုံးသောလ၊ ဩဂုတ်လမှာ သူ၏ပထမဇနီးသေဆုံးသောလ၊ စက်တင်ဘာလမှာ ဒုတိယဇနီး သေဆုံးသောလဖြစ်၏။

M တို့ အိမ်သားများသည် မည်သူမျှ ဒုတိယဇနီးကို မြင်ဖူးခြင်းမရှိ။ သို့ရာတွင် တစ္ဆေသည် မုဆိုးမအဝတ်ကို ဝတ်ဆင်ထားခြင်း၊ အသက်ရှင်စဉ်က မြင်ဖူးသောအခြားသူတို့က M တို့ ပြောပြချက်သည် ဒုတိယဇနီး၏ပုံသဏ္ဌာန်နှင့် ကိုက်ညီသည်ဆိုခြင်း၊ တစ္ဆေကို မြင်တွေ့ရသော နေရာများမှာ ထိုမိန်းမအသက်ရှိစဉ်က သွားလာနေထိုင်လေ့ရှိသော နေရာများဖြစ်နေခြင်း စသောအချက်များကြောင့် တစ္ဆေသည် S ၏ ဒုတိယဇနီးမိန်းမနှင့် ဆက်စပ်နေကြောင်း ယုံမှားစရာမရှိချေ။

ဤမျှဖြင့် တစ္ဆေ၏သဘာဝကို ကျွန်ုပ်တို့ အတော်ခန့်မှန်းသိရှိနိုင်ပေပြီ။ တစ္ဆေသည် ရှေးလူတို့၏ သရဲတစ္ဆေပုံပြင်များ၌လာသော ကြောက်စရာသတ္တဝါမဟုတ်။ စင်စစ် ၎င်းသည် အမာခံဒြပ်ဝတ္ထုမရှိသော အရာဖြစ်၏။ သို့ရာတွင် ၎င်းကိုမြင်ရသောသူ၊ အသံကိုကြားရသောသူ၏ စိတ်အထင်သက်သက်ဖြစ်သည်ဟု မဆိုသာချေ။ ၎င်းသည် သေပြီးသော လူတစ်ဦးတစ်ယောက်နှင့် တစ်နည်းနည်း ဆက်သွယ်နေသည်ဟု ယူဆရန် အထောက်အထားများရှိ၏။ လွန်ခဲ့သောအခန်း၌ ပြဆိုခဲ့သော အသက်ထင်ရှားရှိသူ၏ ကိုယ်ခွဲကဲ့သို့ တစ္ဆေသည် သေပြီးပုဂ္ဂိုလ်၏ ကိုယ်ခွဲဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့တည်းမဟုတ် သေပြီးပုဂ္ဂိုလ်၏ စိတ်ဓာတ်အကြွင်းအကျန်နှင့် သက်ရှိပုဂ္ဂိုလ် (တစ္ဆေမြင်သောသူ) တို့၏ ဘဝင်စိတ်ပေါင်းဆုံရာမှ ပေါက်ဖွားလာသော ဓမ္မာရုံဖြစ်ကောင်း ဖြစ်ပေမည်။ မည်သို့ဖြစ်စေ တစ္ဆေအကြောင်း ကျွန်ုပ်တို့ လေ့လာသိရှိရချက်မှာ လူသေလျှင် ဘဝပြတ်သည်ဆိုသော ရုပ်ဝါဒနှင့် ဆန့်ကျင်နေကြောင်း ထင်ရှား၏။

အခန်း [ ၈ ]

# စိတ်ကရုပ်ကို စေစားခြင်း

## (က) ပုဗ္ဗကတိုက်ခြင်း

လွန်ခဲ့သောအခန်း၌ တစ္ဆေဟူသည် စင်စစ် လူတို့ကြားဖူးသောပုံပြင်များထဲမှ တစ္ဆေသရဲ နာနာဘာဝမျိုးနှင့် လုံးဝမတူကြောင်း၊ ၎င်းသွားလာလှုပ်ရှားသည်ကို မြင်ရသော်လည်း ပတ်ဝန်းကျင်အရာဝတ္ထုများမှာ လက်ရာခြေရာမပျက်ဘဲ နဂိုအတိုင်းရှိမည်ဖြစ်ကြောင်း ပြဆိုခဲ့ပေပြီ။ ပုံစံအားဖြင့် တစ္ဆေသည် ကျွန်ုပ်တို့မျက်စိအောက်၌ တံခါးဖွင့်မှု သို့မဟုတ် တံခါးပိတ်မှုပြုလုပ်ပြီးနောက် ပျောက်ကွယ်သွားငြားအံ့။ ကနဦးက ပိတ်ထားသောတံခါးသည် ပိတ်ထားမြဲဖြစ်၍ နဂိုကပွင့်နေသော တံခါးမှ ပွင့်နေမြဲဖြစ်သည်ကို တွေ့ရမည်ဖြစ်၏။

ဤသည်မှာ ရုပ်ဝါဒီတို့အဖို့ အံ့ဩစရာမရှိချေ။ တစ္ဆေသည် မြင်သောသူ၏ အာရုံထင်မှုသို့မဟုတ်၊ သေသူ၏ စိတ်ဓာတ်အကြွင်းအကျန်နှင့် ဆက်စပ်၍ ဖြစ်ပေါ်လာခြင်းဖြစ်ပေရာ ထိုသို့ စိတ်ဝိညာဉ်နှင့်သာဆိုင်သော အရာသည် ရုပ်ဝတ္ထုကို မည်သည့်နည်းနှင့်မျှ အစိုးရမည်မဟုတ်ဟု ရုပ်ဝါဒီတို့က ဆိုကြပေမည်။ စင်စစ် စိတ်ဝိညာဉ်သုတေသီဆရာတို့သည်ပင် ပရဝိညာဉ်ဖြင့် သူတစ်ပါး၏ စိတ်ကို သိရှိနိုင်သည်၊ အနာဂတ်ကို ကြိုတင်သိမြင်နိုင်သည်ဟု ယုံကြည်ကြသော်လည်း စိတ်၏စွမ်းအင်ဖြင့် ပိတ်ထားသောတံခါးကို အလိုလိုပွင့်သွားအောင် ကုလားထိုင်တစ်လုံးကို အလိုလို အပေါ်သို့မြောက်တက်အောင် ပြုလုပ်နိုင်သည် ဆိုခြင်းကိုမူ အများအားဖြင့် လက်ခံယုံကြည်ကြမည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်စေကာမူ ပြုလုပ်သူအထင်အရှားမရှိဘဲ ရုပ်ဝတ္ထုများ အလိုအလျောက် လှုပ်ရှားဖြစ်ပျက်မှုမှာ ကမ္ဘာအရပ်ရပ်၌ အချို့သောလူများနှင့် တစ်ခါတစ်ရံ စိတ်ဝိညာဉ်သုတေသီဆရာများ မျက်ဝါးထင်ထင် တွေ့မြင်ကြရသော ဒိဋ္ဌဓမ္မဖြစ်၏။ ထိုဒိဋ္ဌဓမ္မမှာ ပုဏ္ဏာကတိုက်သည်(Poltergeist Phenomena) ဟု မြန်မာတို့ခေါ်သော ဖြစ်ပျက်မှုမျိုးဖြစ်၏။ ပုဏ္ဏာကတိုက်ခြင်းသည် ရှေးပဝေသဏီကစ၍ ယနေ့အထိ ကမ္ဘာအရပ်ရပ်၌ဖြစ်ပွားဖူး၍ တစ်ခါတစ်ရံ အနောက်နိုင်ငံသတင်းစာများ၌ ရေးသားဖော်ပြကြ၏။

ပုဏ္ဏာကတိုက်မှုများမှာ အားလုံးလက္ခဏာခြင်းရာ တစ်ပုံစံတည်းလိုဖြစ်၏။ ၎င်းဖြစ်ပွားသောအိမ်များ၌ တံခါးခေါက်သံ၊ ထုသံ၊ ရိုက်သံ၊ လေးလံသော အရာဝတ္ထုများ ကြမ်းပေါ်သို့ကျလာသောအသံများကို ကြားရ၏။ အိပ်ရာ၊ ခုတင်၊ စားပွဲ၊ ကုလားထိုင်နှင့် အခြားပစ္စည်းများ သွက်သွက်ခါအောင်လှုပ်ရှားခြင်း၊ တစ်စုံတစ်ယောက်က ဆွဲယူသွားသလို ရွေ့လျားသွားခြင်း၊ အဝတ်များကို မီးစွဲလောင်ခြင်း၊ မည်သည့်နေရာကမှန်းမသိ ကျောက်ခဲနှင့်သဲများ ကျလာခြင်းနှင့် အခြားထူးဆန်းသော အခြင်းအရာများ ဖြစ်ပွားတတ်၏။ အိမ်ထဲရှိလူများအား အန္တရာယ်ဖြစ်လောက်အောင် ဖြစ်ပွားမှုမျိုးကား မရှိ။ လူကိုခဲထိမှန်သောအခါ၌ပင် ခဲသည် အရှိန်မပြင်းဘဲ ညင်ညင်သာသာ ထိမှန်တတ်သည်ဆို၏။

ပုဏ္ဏာကတိုက်မှုကို သေချာစွာ ရှုစမ်းလေ့လာခဲ့သော စိတ်ပညာရှင် ဆာဝိလယံဘာရက်၏ ရေးသားချက်အရဆိုသော် အရာဝတ္ထုများသည် ဓမ္မတာအတိုင်းမဟုတ်ဘဲ လေထဲသို့ပျံတက်ပြီး ဖြည်းဖြည်းဆေးဆေး ကွေ့ကောက်ရွေ့လျားနေတတ်၏။ အောက်သို့ကျသောအခါ ကြည့်နေသူများကို မထိခိုက်စေဘဲ ညင်သာစွာကျလာတတ်၏။ တစ်ခါတစ်ရံ ပန်းကန်ခွက်ယောက်များမှာ တစ်စုံတစ်ယောက်က လွှင့်ပေါက်လိုက်သကဲ့သို့ ပြန့်ကြဲ၍ကွဲအက်ပျက်စီးသွား၏။ အိပ်ရာပေါ်၌ အိပ်နေသူများကို ညင်သာစွာမယူဆွဲချပြီး အိပ်ရာခင်း၊ ခေါင်းအုံး စသည်များကို ဆွဲယူသွားတတ်၏။ ပုဏ္ဏာကတိုက်ခြင်းသည် ညအခါ၌သာမဟုတ် နေ့ခင်းကြောင်တောင်၌လည်း ဖြစ်ပွားတတ်၏။

ဤဖြစ်ပျက်မှုမျိုးမှာ သရဲတစ္ဆေတို့၏ ပယောဂကြောင့်ဖြစ်သည်ဟု မြန်မာတို့ အယူရှိသော်လည်း သုတေသီဆရာတို့ကမူ ထိုသို့မယူဆကြချေ။ ၎င်းမှာ လွန်ခဲ့သောအခန်း၌ ဖော်ပြခဲ့သော တစ္ဆေခြောက်မှုနှင့် မတူကြောင်း သတိပြုရပေမည်။ ဖြစ်ပျက်ပုံမှာ သေသူတစ်ဦးဦးနှင့် ဆက်စပ်ခြင်းမရှိ။ အာရုံထင်မှုလည်း မဟုတ်။ လူတစ်ဦးနှစ်ဦးသာ ကြုံတွေ့ရမှုမျိုးလည်းမဟုတ်ဘဲ ကြည့်ရှုလေ့လာ



သူအားလုံး အထင်အရှားတွေ့မြင်ရသော အရာဝတ္ထုများ ထူးဆန်းစွာ ဖြစ်ပျက်ရွေ့လျားမှုများဖြစ်၏။

ဤဖြစ်ပျက်မှုမျိုး ကြုံတွေ့ရသော မိသားစုများ၌ များသောအားဖြင့် မြီးကောက်ပေါက် ယောကျ်ားကလေး သို့မဟုတ် မိန်းကလေး တစ်ယောက်ယောက် ရှိတတ်၍ သူတို့၏ကျီစားနှောက်ပြောင်မှုဖြစ်သည်ဟု အချို့ကယူဆကြ၏။ သူတို့မရှိသောအခါ ထူးဆန်းစွာဖြစ်ပျက်မှုများ ရပ်စဲသွားသည်ဆို၏။ သို့ရာတွင် အိမ်တစ်အိမ်၌ ပုဏ္ဏာကတိုက်နေသောအခါ၌ ရုတ်ရုတ်သဲသဲဖြစ်၍ လူအများ လာရောက်ကြည့်ရှုလေ့ရှိပေရာ အိမ်သားထဲ၌ မြီးကောင်ပေါက်တစ်ယောက်က ရှုပ်ရှုပ်ပွေပွေ ပြုလုပ်နေသည်ကို လက်ပူးလက်ကြပ်မိသောသာဓကများမရှိပေ။ ထိုမျှ အံ့ဖွယ်သရဲများကို ဆယ်ကျော်သက်အရွယ်တစ်ဦးက ပြုလုပ်နိုင်ပါမည်လောဟူ၍လည်း သံသယဝင်ဖွယ် ဖြစ်၏။ တစ်ခါတစ်ရံ ၎င်းကို စောင့်ကြပ်ကြည့်ရှုနေသောအခါ၌ပင် ပုဏ္ဏာကတိုက်မှုများလည်း ရှိသည်ဆို၏။

သို့ဖြစ်စေကာမူ ပုဏ္ဏာကတိုက်သောအိမ်များ၌ အပျိုပေါက် လူပျိုပေါက် တစ်ဦးဦးရှိတတ်၍ ၎င်းတို့မရှိသောအခါ အံ့ဖွယ်သရဲအမှုများ ရပ်စဲသွားလေ့ရှိရကား ၎င်းတို့၏လက်ချက်မဟုတ်သော်လည်း ၎င်းတို့ကို အကြောင်းပြု၍ ထိုအမှုများဖြစ်ပွားသည်ဟု ယူဆရန်ရှိ၏။ ဖြစ်ပျက်မှုများမှာ အဓိပ္ပာယ်ဦးတည်ချက်မရှိဘဲ လူငယ်များ သွေးသားပြောင်းလဲ၍ စိတ်ရှုပ်ပေါက်နေသော အသက်အရွယ်၌ ပြုလုပ်တတ်သောအမှုများ ဖြစ်၏။ ပုဏ္ဏာကတိုက်သောအိမ်၌ တွေ့ရတတ်သော လူငယ်များမှာလည်း အများအားဖြင့် စိတ်မတည်ငြိမ် စိတ်ပုံမမှန်သောသူများ ဖြစ်သည်ဆို၏။

ပုဏ္ဏာကတိုက်နေသောအိမ်မှ မိန်းကလေးတစ်ယောက်ကို လေ့လာခဲ့သော သုတေသီတစ်ဦး၏ အဆိုမှာကား မိန်းကလေးမှာ အသက် ၁၄ နှစ်ရှိ၍ စိတ်မတည်ငြိမ်သောသူဖြစ်၏။ မိဘများမှာ အထက်တန်းခေတ်ပညာတတ်များဖြစ်၍ အခြားလူများနှင့်ပူးပေါင်းပြီး အကြောင်းရင်းအစစ်အမှန်ကို ရှာဖွေလိုသောဆန္ဒရှိကြ၏။ သူငယ်မ အိပ်ပျော်နေစဉ် အနီးကပ်၍ ကြည့်ရှုလေ့လာကြရာ အိပ်ရာမှာ ပြင်းထန်စွာတုန်ခါ၍ ထူးဆန်းသောအသံများ ထွက်ပေါ်လာသည်ကို တွေ့ကြရ၏။ ဤအချက်ကို ထောက်ချင့်၍ ထူးဆန်းသောဖြစ်ပျက်မှုများမှာ သူငယ်မ မသိသော စိတ်ဝိညာဉ်အောက်ပိုင်းအလွှာနှင့် တစ်နည်းနည်း ဆက်စပ်နေဟန် လက္ခဏာရှိသည်ဟု ဆိုရပေမည်။

လူငယ်တစ်ဦး၏ စိတ်ဝိညာဉ်နှင့် ဆက်သွယ်နေသော ရုပ်ဝတ္ထုများ

www.burmeseclassic.com

www.burmeseclassic.com



အလိုအလျောက် လှုပ်ရှားမှုကို ၁၉၆၇ ခုနှစ်က ဂျာမနီပြည် ဟန်းဘတ်မြို့၌ ပညာရှင်များ လေ့လာခဲ့ကြ၏။ လူငယ်မှာ အသက် ၁၆ နှစ်ရှိ၍ ဖန်မှန်ပစ္စည်း ရောင်းသောဆိုင်၌ အလုပ်လုပ်နေသူဖြစ်၏။ ဆိုင်ရှိ ဖန်ခွက်နှင့် ပန်းကန်ပြား များ အလိုလိုကြမ်းပေါ်သို့ ကျ၍ကွဲကုန်သောကြောင့် ရဲအဖွဲ့ဝင်များ လာရောက် စုံစမ်းရာ ထူးထူးခြားခြား ဘာမျှ မတွေ့ရချေ။ သို့ဖြင့် စိတ်ပညာဆရာတစ်ဦး သည် လူငယ်ကို ခေါ်၍လေ့လာ၏။ ထိုအခါ ဆိုင်၌ ပန်းကန်ဖန်ခွက် ကျကွဲမှုများ မရှိတော့ဘဲ စိတ်ပညာဆရာ၏ အခန်းထဲရှိ ဖန်ခွက်များ အလိုအလျောက် ကျကွဲကုန်တော့၏။ သို့ဖြစ်၍ စိတ်ပညာဆရာသည် ဖရိဗတ်တက္ကသိုလ်စိတ် ဝိညာဉ် သုတေသနဌာနရှိ သိပ္ပံဆရာအား အကူအညီတောင်းရတော့၏။

သိပ္ပံဆရာနှင့် အခြားသုတေသီဆရာတို့သည် လူငယ်အား စက်ပစ္စည်း များ တပ်ဆင်ထားသော အလုပ်ရုံတစ်ခု၌ လေ့လာကြ၏။ လူငယ်ရှိသောအခါ၌ လေးလံသော လျှပ်စစ်ကြိုးများကို သွယ်တန်းရာ၌ အသုံးပြုသောသံချိတ်ကြီးများ သည် အလိုလိုချောင်၍လာသည်ကို တွေ့ရ၏။ နံရံမှ တစ်ကိုက်အကွာတွင် လူငယ်ရပ်နေသောအခါ၌ ဝက်အူများသည် နှစ်မိနစ်အတွင်း အလိုလိုချောင်လာ သည်ကိုလည်း တွေ့ရ၏။ မည်သို့မည်ပုံ ချောင်လာသည်ကို သုတေသီဆရာတို့ မသိကြချေ။ နောက်ကာလတွင် လူငယ်၏မိဘများက ကန့်ကွက်သဖြင့် စုံစမ်း လေ့လာမှုကို ရပ်စဲလိုက်ကြရသည် ဆို၏။

အထက်ပါအမှုများနှင့် စိတ်ဝိညာဉ်သုတေသန မှတ်တမ်းလာ အခြား အလားတူအမှုများကို ထောက်ချင့်၍ ပုဏ္ဏကတိုက်ခြင်းမှာ ရေးမြန်မာတို့အစဉ် အလာ ယုံကြည်ခဲ့ကြသကဲ့သို့ ပယောဂဆရာ၏ အောက်လမ်းပညာအစွမ်း ကြောင့် မဟုတ်ဘဲ စိတ်ဂဏှာမငြိမ်ဖြစ်နေသော လူပျိုအပျိုရွယ် လူငယ်များ၏ စိတ်ဝိညာဉ်က ရုပ်ဝတ္ထုများကို အံ့ဖွယ်သရဲ သွားလာလှုပ်ရှားအောင် ပြုလုပ် ဖန်တီးခြင်း (ဝါ) သိပ္ပံဆရာတို့ ရှင်းမပြနိုင်သောနည်းဖြင့် ရုပ်ကို စိတ်က စေစားခြင်းတစ်မျိုးဖြစ်ကြောင်း ထင်ရှားပေသည်။

## (ခ) နတ်ဝင်တို့၏ အံ့ဖွယ်သရဲ

ပုဏ္ဏကတိုက်မှုမှာကဲ့သို့ လူ၏ပယောဂမပါဘဲ သက်မဲ့ရုပ်ဝတ္ထုများ သွားလာလှုပ်ရှားအောင် ဖန်တီးပြုလုပ်နိုင်သည်ဆိုသောသူများမှာ နတ်ဝင်များ ဖြစ်ကြ၏။ နတ်ဝင်များမှာ ဓာတ်စီးနေသောအခါ၌ ပရဝိညာဉ် နိုးကြားထကြွ လာ၍ အံ့ဖွယ်သရဲ အစွမ်းသတ္တိပြသနိုင်သောသူများဖြစ်၏။ အနောက်နိုင်ငံများ၌



နတ်ဝင်နှစ်မျိုးနှစ်စားရှိ၏။ ပထမနတ်ဝင်များမှာ ရုပ်ဝတ္ထုများနှင့်ပတ်သက်သော အံ့ဖွယ်သရဲအမှုများ ပြုလုပ်နိုင်သူများဖြစ်၍ ဒုတိယနတ်ဝင်များမှာ စိတ်ဝိညာဉ် ဆိုင်ရာ အံ့ဖွယ်သရဲအမှုများ ပြုလုပ်နိုင်သောသူများဖြစ်၏။ ပထမနတ်ဝင်များ အကြောင်းကို ယခုဖော်ပြ၍ ဒုတိယနတ်ဝင်များအကြောင်းကို ရှေ့အခန်းများ၌ ပြဆိုပါအံ့။

ရုပ်ဝတ္ထုများနှင့်ပတ်သက်၍ အံ့ဖွယ်သရဲပြုလုပ်ပြသနိုင်သော နတ်ဝင် များမှာ အနောက်နိုင်ငံများ၌ ထွက်ပေါ်ခဲ့ဖူး၍ များသောအားဖြင့် လူလိမ်လူညာ များဖြစ်ကြ၏။ ၎င်းတို့ကို တန်ခိုးဣဒ္ဓိရှင်များအနေဖြင့် အချို့လူများက လက်ခံ ယုံကြည်ကြသော်လည်း စိတ်ဝိညာဉ်သုတေသီဆရာတို့က စုံစမ်းလေ့လာ၍ ၎င်းတို့၏ အံ့ဖွယ်သရဲအမှုများမှာ နည်းပရိယာယ်အမျိုးမျိုးဖြင့် လူတို့ကို လိမ်လည် လှည့်စားမှုများဖြစ်ကြောင်း အခိုင်အမာ ထုတ်ဖော်ပြသခဲ့ကြ၏။

သို့ဖြစ်စေကာမူ ထိုအံ့ဖွယ်သရဲအမှုများ ပြုလုပ်ပြသနိုင်သော နတ်ဝင် အားလုံးသည် လူလိမ်လူညာချည်းဖြစ်သည်ဟု မဆိုသာချေ။ ပဋ္ဌလက်အတတ် ဖြင့် လှည့်စားမှုဖြစ်ပါသည်ဟု မည်သူကမျှ မစွပ်စွဲနိုင်သော နတ်ဝင်များလည်း ရှိ၏။ ၎င်းတို့မှာ ယနေ့အထိ သုံးလေးဦးမျှသာရှိပေရာ ပညာရှင်တို့လေ့လာ ခဲ့သော နတ်ဝင်နှစ်ဦးအကြောင်း အနည်းငယ်ဖော်ပြပါအံ့။

ပထမနတ်ဝင်မှာ ၁၉ ရာစုခေတ် နောက်ပိုင်း၌ ထင်ရှားကျော်စောခဲ့ သော အင်္ဂလိပ်နတ်ဝင် **ဒင်နီယယ်ဒန်ဂလပ်(စ်)ဟုမ်း**ဖြစ်၏။ ဟုမ်းသည် အထက် တန်းစားလူကုံထံနှင့် မင်းစိုးရာဇာအသိုင်းအဝိုင်း၌ သွားလာကျက်စား၍ ဘယ် အခါမျှ အခကြေးငွေမယူဘဲ တန်ခိုးဣဒ္ဓိများ ပြသခဲ့၏။ သူကဲ့သို့သော နတ်ဝင် မျိုးမှာ သူ့ခေတ်မတိုင်မီကသော်လည်းကောင်း၊ သူ့ခေတ်နောက်ကျမှသော်လည်း ကောင်း မပေါ်ခဲ့ဖူးချေ။ သူသည် မည်သည့်အချိန် မည်သည့်နေရာဌာန၌မဆို တန်ခိုးဣဒ္ဓိ ပြနိုင်သည်ဆို၏။

ဟုမ်း၏ အံ့ဖွယ်သရဲအမှုများမှာ ယုံနိုင်စရာမရှိချေ။ သူ၏နတ်ပွဲ၌ စားပွဲ ကုလားထိုင်များသည် အလိုလိုလှုပ်ရှား၍ အပေါ်သို့မြောက်တက်၏။ ကိုယ် မပါသော လက်များ ပေါ်လာ၍ လေ့လာသူများ၏ ခေါင်းပေါ်မှပျံဝဲသွားကြ၏။ လက်ဆွဲဗာဂျာတစ်ခုသည် ကိုင်တွယ်သူမရှိဘဲ အလိုလိုအသံမြည်၍ လေထဲ၌ ရွေ့လျားသွား၏။ ဟုမ်းသည် ရဲရဲတောက်နေသော မီးခဲများကို လက်ဖြင့်ကိုင်ပြ၏။ တစ်ခါကမူ မျက်မြင်သက်သေသုံးဦး၏ရှေ့တွင် အခန်းတစ်ခု၏ ပြတင်းပေါက်မှ ကိုယ်အလျားလိုက် ပျံထွက်ပြီး အခြားပြတင်းပေါက်မှ ဝင်လာသည်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ဟုမ်း၏ ပညာစွမ်းပြမှုကို တွေ့မြင်ခဲ့ကြရသောသူများသည် သာမန်လူများဖြစ်သည်ဆိုပါက ၎င်းတို့၏ စကားကို ယခုကာလပညာရှင်များက လက်ခံယုံကြည်ကြမည်မဟုတ်ချေ။ ၎င်းတို့တွေ့မြင်ခဲ့ရသမျှမှာ လိမ်လည်လှည့် စားမှုများသာ ဖြစ်သည်ဟု ယူဆကြပေလိမ့်မည်။ သို့ရာတွင် ဟုမ်း၏ ပညာစွမ်းအကြောင်း ရေးသားခဲ့ကြသော မျက်မြင်သက်သေများမှာ နယ်နယ်ရရ ပုဂ္ဂိုလ်များမဟုတ်။ ထိုခေတ်က မင်းစိုးရာဇာ နာမည်ကြီးသတင်းစာဆရာနှင့် သိပ္ပံပညာကျော်များ ဖြစ်ကြ၏။ သူတို့သည် အမျိုးမျိုးစုံစမ်းလေ့လာကြသော်လည်း လိမ်လည်ပြသပါသည်ဟု မည်သူကမျှ မစွပ်စွဲနိုင်ချေ။

စိတ်၏တန်ခိုးသတ္တိကို လက်မခံလိုသော ယခုခေတ်လူတို့သည် ဟုမ်း မည်သို့မည်ပုံ အံ့ဖွယ်သရဲအမှုများ ပြုလုပ်ပြသသည်ဟု အဖြေမပေးနိုင်ကြချေ။ တစ်ခုတော့ ပြောစရာရှိ၏။ ဟုမ်းထွက်ပေါ်ခဲ့သော ခေတ်က စိတ်ဝိညာဉ် သုတေသနလုပ်ငန်းမှာ ယခုခေတ်လောက် တိုးတက်ခြင်းမရှိသေးချေ။ ပုံစံအား ဖြင့် ဟုမ်းရှာန်ပွဲပြသစဉ်က မိမိရရ ဓာတ်ပုံရိုက်ထားခဲ့ပါမူ သူ၏ အချို့သော ပညာစွမ်းပြမှုမှာ အထောက်အထား ပိုမိုခိုင်မာပေလိမ့်မည်။

စိတ်ဝိညာဉ်သုတေသနအသင်းက စေ့စေ့သေချာစွာ စူးစမ်းလေ့လာခဲ့သော နာမည်ကျော် နတ်ဝင်မှာ **ယူစာပီယာပါလာဒီနို** ဖြစ်၏။ ပါလာဒီနိုသည် အီတလီ ပြည်မှ တောသူအမျိုးသမီးကလေးဖြစ်၍ ဥရောပနှင့် အမေရိကန်နိုင်ငံများ၌ ပညာစွမ်းပြသခဲ့၏။ သူ့ကို လိမ်လည်လှည့်စားသည်ဟု အချို့ကစွပ်စွဲကြ၏။ သို့ရာတွင် ဥရောပအသိပညာရှင်အချို့သည် သူ့ကို နှစ်ပေါင်း ၅၀ နီးပါးစူးစမ်း လေ့လာခဲ့ကြပေရာ ထိုမျှ ပညာရှင်တို့၏စိတ်အာရုံကို ဆွဲဆောင်နိုင်ခြင်းမှာ သူ၏ ပဥ္စလက်အတတ်ပညာကြောင့်သာဖြစ်သည်ဟု မဆိုနိုင်ချေ။

ဗြိတိသျှစိတ်ဝိညာဉ် သုတေသနအသင်းသည် ပါလာဒီနိုကို စူးစမ်းလေ့ လာရန် အီတလီပြည်သို့ လူသုံးဦးစေလွှတ်လိုက်၏။ သုံးဦးအနက် တစ်ဦးမှာ လူလိမ်လူညာနတ်ဝင်များကို ဖော်ထုတ်ဖူးသောသူ၊ တစ်ဦးမှာ နတ်ဝင်တို့၏ လိမ်နည်းအမျိုးမျိုးကို လေ့လာနေသောသူနှင့် ကျန်တစ်ဦးမှာ နတ်ဝင်တို့၏ တန်ခိုးဣဒ္ဓိကို ပြနိုင်သည်ဆိုခြင်းကို လုံးဝအယုံအကြည်မရှိသောသူဖြစ်၏။ **နတ်ပွဲ၌ သူတို့ထဲမှလူနှစ်ယောက်သည်** နတ်ဝင်၏ နံဘေးတစ်ဖက်တစ်ချက် တွင် **ကပ်ထိုင်၍ လက်နှင့်ခြေကို** ချုပ်ကိုင်ထားကြ၏။ ကျန်တစ်ယောက်က **စားပွဲအောက်၌ထိုင်၍ နတ်ဝင်၏**ခြေထောက်နှစ်ဖက်ကို လက်ဖြင့်ကိုင်ထား၏။

သုတေသီဆရာသုံးဦး၏ မှတ်တမ်းမှ အချို့ကို ကောက်နုတ်ဖော်ပြရ



မည်ဆိုသော် ‘ကျွန်ုပ်တို့ထိုင်နေသော စားပွဲသည် လှုပ်ရှားလာ၍ အပေါ်သို့ လျင်မြန်စွာ မြောက်တက်သွား၏။ လေထဲ၌ အတန်ကြာတည်နေပြီး အောက်သို့ ပြန်ဆင်းလာပါသည်။ ထိုအချိန်က မီးရောင်မှာ ထိန်လင်းနေ၍ နတ်ဝင်သည် စိုးစိမျှ လှုပ်ရှားခြင်းမပြုပါ။’

‘ကျွန်ုပ်တို့၏ ခေါင်းနှင့်လက်မောင်းကို ကျွန်ုပ်တို့မမြင်ရသောအရာ တစ်ခုက မကြာခဏလာထိပါသည်။ လိုက်ကာကြားမှ လူ၏လက်များထွက် ပေါ်လာ၍ ကျွန်ုပ်တို့ကိုယ်ကို ကိုင်တွယ်စမ်းသပ်ပါသည်။ ထိုအချိန်၌ နတ်ဝင်၏ လက်များကို စားပွဲပေါ်၌ ကျွန်ုပ်တို့ ချုပ်ကိုင်ထားကြပါသည်။

နတ်ဝင်၏ ရှေ့တစ်ကိုက်ခန့်အကွာ ကြမ်းပေါ်၌ ထိုင်ခုံကလေးတစ်ခု ရှိပါသည်။ ၎င်းသည် နတ်ဝင်ရှိရာသို့ အလိုလိုရွေ့လာပါသည်။ ကျွန်ုပ်တို့အထဲမှ လူတစ်ယောက်က ၎င်းကို ကိုင်လိုက်သော်လည်း ၎င်းမှာ ရွေ့မြဲရွေ့နေပါသည်။’

ပါလာဒီနိုကိုလေ့လာသော အချို့သုတေသီဆရာတို့ စွပ်စွဲသည့်အတိုင်း သူသည် တစ်ခါတစ်ရံ လိမ်လည်လှည့်စားသည်ဆိုခြင်းမှာ မှန်ကောင်းမှန်ပေ လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ပါလာဒီနိုမှာ အင်္ဂလိပ်နတ်ဝင်ဟုမ်းကဲ့သို့ မဟုတ်ဘဲ အခကြေးငွေယူ၍ အံ့ဖွယ်သရဲပြသသော နတ်ဝင်ဖြစ်၏။ အံ့ဖွယ်သရဲ ပြသရန်မှာ ပရဝိညာဉ်နှိုးကြားထကြွနေသော အချိန်အခါ၌သာ ဖြစ်နိုင်ပေရာ ပရဝိညာဉ်ငြိမ်ဝပ်နေသောအခါ နတ်ဝင်သည် ပိုက်ဆံကြေးငွေ လိုချင်သဖြင့် တစ်ခါတစ်ရံ ပဥ္စလက်အတတ်ဖြင့် တန်ခိုးပြပေလိမ့်မည်။ ဘယ်အခါမျှ အခကြေးငွေမယူဘဲ တန်ခိုးပြသော ဟုမ်းကိုကား မည်သူမျှ မစွပ်စွဲခဲ့ကြောင်း သတိပြုသင့်ပေသည်။

သို့ဖြစ်စေကာမူ အီတလီနတ်ဝင် ပါလာဒီနိုသည် တစ်ခါတစ်ရံ လိမ်လည် လှည့်စားဖူးသောကြောင့် သူ၏ အံ့ဖွယ်သရဲအမှုအားလုံးသည် လိမ်လည်မှုများ ဖြစ်သည်ဟု မဆိုသာချေ။ မျက်လှည့်ဆရာမတစ်ဦးမျှသာ ဖြစ်ပါက သူ၏ပညာ စွမ်းကို သုတေသီပညာရှင်တို့က နှစ်ပေါင်းများစွာကြာအောင် စိတ်ဝင်စားနေ ဟန် အကြောင်းမရှိ။ သူ့ကို သိပ္ပံနည်းကျကျ စူးစမ်းလေ့လာခဲ့သော ထိုပညာ ရှင်များက သူ၏ အချို့သောအံ့ဖွယ်သရဲအမှုများမှာ လိမ်လည်မှုများဖြစ်ပါသည်။ အချို့မှာကား လိမ်လည်မှုမဟုတ်ဘဲ ကျွန်ုပ်တို့မသိနားမလည်သော နည်းဖြင့် သူပြုလုပ်ပြသခြင်း ဖြစ်ပါသည်ဟု ဝန်ခံကြ၏။

စင်စစ် ပါလာဒီနိုနှင့် ဟုမ်းကဲ့သို့ နတ်ဝင်တို့၏အံ့ဖွယ်သရဲအမှုများမှာ သိပ္ပံပညာနှင့် ရုပ်ဝါဒကို အကြွင်းမဲ့လက်ခံသောသူများမှတစ်ပါး အခြားလူများ

www.burmeseclassic.com

www.burmeseclassic.com



အဖို့ အသစ်အဆန်းမဟုတ်ချေ။ အလားတူ တန်ခိုးဣဒ္ဓိမျိုးပြသနိုင်သော ပုဂ္ဂိုလ်များအကြောင်းကို ရှေးစာပေကျမ်းဂန်များ၌ ကျွန်ုပ်တို့ ဖတ်ရှုကြရပြီးဖြစ်၏။ ၁၇–ရာစုအတွင်းက စိန့်ဂျိုးဇက်ဆိုသော အီတလီဘုန်းကြီးတစ်ပါးသည် နေ့ခင်းကြောင်တောင်၌ ရျာန်ပျံကြွသည်ကို မြင်ကြရကြောင်း၊ မိုးရွာနေစဉ် လမ်းလျှောက်သွားသော်လည်း ကိုယ်ကိုရေမစိုကြောင်း၊ လေပြင်းထန်စွာတိုက်ခတ်နေစဉ် သူ၏လက်ထဲရှိ ဖယောင်းတိုင်သည် မီးမငြိမ်းဘဲ ရှိကြောင်း မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များ ရှိ၏။

အထက်ပါနတ်ဝင်တို့၏ အံ့ဖွယ်သရဲအမှုများကဲ့သို့ သိပ္ပံဆရာတို့ ရှင်းမပြနိုင်သော အခြားအံ့ဖွယ်သရဲအမှုများအကြောင်းကိုလည်း ကမ္ဘာအရပ်ရပ်မှ ရံဖန်ရံခါ သတင်းကြားသိရ၏။ နတ်ဝင်ဟုမ်းက မီးခဲများကိုင်ပြသည်ဆိုခြင်းမှာ ကုလားမီးနင်းပွဲကြည့်ဖူးသောသူများအဖို့ ဘာမျှ အံ့သြစရာမရှိချေ။ အိန္ဒိယယောဂီဘုန်းကြီးတို့၏ လောကီပညာစွမ်းကို စာရှုသူများ ကြားဖူးကြမည်ဖြစ်၏။ အထောက်အထားခိုင်မာသော သာဓကမှာ ၁၈၃၇ ခုနှစ်က လဟိုမြို့၌ မဟာရာဇာ ရန်ဂျစ်ဆင်းနှင့် ဗြိတိသျှအရာရှိများရှေ့တွင် အရှင်လတ်လတ် မြေမြှုပ်ခဲ့သော ယောဂီဟာရိဒတ်၏ ပညာစွမ်းပြမှုဖြစ်၏။ မြေမြှုပ်သောနေရာကို ပန်းချာပီစစ်သားများသည် ရက်ပေါင်း ၄၀ တိတိ နေ့ရောညပါ စောင့်ကြပ်နေပြီးနောက် တူးဖော်ကြည့်ကြရာ ယောဂီမှာ အသက်ရှင်လျက်ပင် ရှိသည်ကို တွေ့ကြရ၏။

တိဗက်ပြည်၌ အနောက်တိုင်းသားတို့ ကြုံတွေ့ခဲ့ရသော အံ့ဖွယ်သရဲအမှုများအကြောင်း၊ အနောက်နိုင်ငံများ၌ တစ်ခါတစ်ရံ ထွက်ပေါ်ခဲ့သော စိတ်တန်ခိုးဖြင့် လူနာများကို အံ့ဖွယ်သရဲ ကုသပေးသည့် ပျောက်စေဆရာများအကြောင်း စသည်ဖြင့် ယခုခေတ်၌ သိပ္ပံပညာက ရှင်း၍မပြနိုင်သော အံ့ဖွယ်သရဲများကို စုံစုံစေ့စေ့ ဖော်ပြရမည်ဆိုပါက ဆုံးနိုင်မည်မဟုတ်ချေ။ ၎င်းတို့မှာ စိတ်ဝိညာဉ် သုတေသီဆရာတို့ သိပ္ပံနည်းကျကျ စူးစမ်းလေ့လာမှုမပြုရသောကြောင့် လိမ်လည်လှည့်စားမှုများလည်း ပါဝင်ကောင်း ပါဝင်ပေလိမ့်မည်။ သို့ရာတွင် ၎င်းတို့အားလုံးကို လိမ်လည်မှုများဖြစ်သည်ဟု စွဲမှတ်ထားပါက ယထာဘူတကျမည်မဟုတ်ချေ။ ထိုအံ့ဖွယ်သရဲများကို မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သော အချို့သောပုဂ္ဂိုလ်များမှာ လှည့်စား၍ရမည်မဟုတ်သော အသိပညာရှင်များဖြစ်ခြင်း၊ အချို့သော ပျောက်စေဆရာများ လူနာအမြောက်အမြားကို အောင်မြင်စွာ ကုသ၍ ဆရာဝန်များ အံ့သြကြရခြင်း စသည်တို့ကို သတိပြုရပေမည်။

ရုပ်ဝါဒီများကမူ ယင်းတို့မှာ ပဉ္စလက်အတတ်ဖြင့် လိမ်လည်မှုမဟုတ်



ပါက စိတ်ညို့၍ မျက်စိလှည့်စားမှုဖြစ်သည်ဟု ဆိုကြ၏။ လူတစ်ယောက်အား စိတ်ညို့၍ တုတ်တစ်ချောင်းကို မြွေတစ်ကောင်အနေဖြင့် ထင်မြင်လာအောင် တယ်လီပသီဖြင့် ပြုလုပ်၍ ရကောင်းရပေလိမ့်မည်။ သို့ရာတွင် လူအများအား ထိုသို့ တစ်ပြိုင်နက် မျက်စိလှည့်စားရန် မလွယ်ကူချေ။ အထူးသဖြင့် နတ်ဝင်များကို သတိဝီရိယနှင့် စူးစမ်းလေ့လာသော သုတေသီပညာရှင်တို့အား အာရုံထင်အောင် ပြုလုပ်ရန်မဖြစ်နိုင်ချေ။ နတ်ဝင်တို့၏ အံ့ဖွယ်သရဲပြပွဲမှာ တစ္ဆေခြောက်မှုကဲ့သို့မဟုတ်၊ ပြပွဲ၌ သူ့လိုလိုရွေ့လျားသွားသော အရာဝတ္ထုမှာ နောက်ကာလ၌ ခြေရာလက်ရာပျက်၍ အမှန်တကယ် နေရာရွေ့နေသည်ကို တွေ့ရ၏။ အရာဝတ္ထုများ အလိုလိုသွားလာလှုပ်ရှားကြောင်းပြရန် ဓာတ်ပုံအထောက်အထားများလည်း ရှိ၏။

နတ်ဝင်တို့ကမူ များသောအားဖြင့် သူတို့ပြပွဲ၌ တွေ့မြင်ရသော အံ့ဖွယ်သရဲများမှာ သေသူ့ဝိညာဉ်များ၏ ပယောဂကြောင့်ဖြစ်ပါသည်ဟု ဆိုကြ၏။ ဤအဆိုကို သုတေသီဆရာတို့ လက်မခံကြချေ။

အိန္ဒိယယောဂီများနှင့် တိဗက်လားမားများကလည်း သူတို့၏ အံ့ဖွယ်သရဲများမှာ တမလွန်ဘုံသားတို့၏ ပညာစွမ်းပြခြင်းဖြစ်သည်ဟု မဆိုချေ။ ပုဏ္ဏကတိုက်သောအိမ်၌ တွေ့မြင်ရသော အံ့ဖွယ်သရဲများမှာလည်း သေသူနှင့် မည်သို့မျှ ဆက်စပ်မှုမရှိကြောင်း ထင်ရှား၏။

ထို့ကြောင့် သုတေသီဆရာတို့သည် နတ်ဝင်တို့၏ အံ့ဖွယ်သရဲများမှာ တမလွန်ဘုံသားတို့၏ ပယောဂကြောင့် ဖြစ်သည်ဆိုသော စကားကို လက်မခံကြဘဲ နတ်ဝင်၏ စိတ်ဝိညာဉ်နှင့် တစ်နည်းနည်း ဆက်သွယ်နေလိမ့်မည်ဟု ယူဆကြ၏။ စိတ်ဝိညာဉ်သက်သက်ဖြင့် ထိုအံ့ဖွယ်သရဲများကို ဖန်တီးသည်ဆိုပါက ရုပ်ဝါဒီတို့က လက်ခံလိုကြမည်မဟုတ်ချေ။ သို့ရာတွင် စိတ်ဝိညာဉ်က ရုပ်တရားကို စေစား၍ အတော်အတန် ပြုပြင်ဖန်တီးနိုင်ကြောင်းကိုကား စိတ်ဝိညာဉ်ပညာရှင်တို့၏ အခြားသော စူးစမ်းလေ့လာမှုအရ အခိုင်အမာသိရှိရပေပြီ။

ထိုလေ့လာတွေ့ရှိရချက်များထဲမှ အနည်းငယ်ကို ဖော်ပြရမည်ဆိုသော်–

လန်ဒန်မြို့၌ စိတ္တဇဆရာဝန်တစ်ဦးသည် လူနာတစ်ဦးကို အိပ်မွေ့ချပြီးလျှင် လက်မောင်းကို လက်ချောင်းဖြင့် အသာတို့၍ သူ့ကို ရဲရဲနီနေသော သံပူဖြင့် ထိလိုက်ပြီဖြစ်ကြောင်းပြော၏။ ထိုသို့ပြောပြီး မကြာမီ မျက်နှင့်တို့လိုက်သောနေရာ၌ မီးလောင်ဖုများ ပေါ်လာ၏။ ထို့နောက် အိပ်မွေ့ချထားသော

www.burmeseclassic.com

www.burmeseclassic.com



အခြားလူတစ်ဦးအား မီးဖုတ်ထား၍ ပူနေသော သံချောင်းတစ်ခုဖြင့် ထိလိုက်ပြီးသော် သူသည် လုံးဝနာကျင်ခြင်းရှိမည်မဟုတ်ဟု ပြော၏။ သံချောင်းမှာ အတော်ပူနေသဖြင့် လက်မောင်း၌ မီးလောင်ဖုကလေးများပေါ်လာ၏။ သို့ရာတွင် ၎င်းတို့မှာ မနာကျင်ဘဲ လျင်မြန်စွာ ပျောက်ကွယ်သွား၍ မီးလောင်ဖုနေရာ ပတ်ဝန်းကျင်၌ တွေ့ရမြဲဖြစ်သော အသားအရေနီနေခြင်းကိုလည်း မတွေ့ရချေ။

အမေရိကန် သုတေသနပညာရှင် ဒေါက်တာရိုင်းသည် အချို့သောလူများအား မိမိတို့အလိုရှိသော အံစာတုံး၏ မျက်နှာစာကို ဆန္ဒပြုစေ၍ အံစာတုံးကို ပစ်နိုင်းပြီး တွေ့ရှိရပုံကို စူးစမ်းလေ့လာခဲ့ရာ မူလပြုထားသော ဆန္ဒအတိုင်း တစ်နည်းဆိုသော် မူလက စိတ်စေ့ဆော်ထားသည့် မျက်နှာစာနှင့် အံစာတုံး ကျလာသည်ကို တွေ့ရ၏။ ထိုသို့တွေ့ရသောအကြိမ်ပေါင်းမှာ အတန်များ၍ အကြောင်းမဲ့တိုက်ဆိုင်မှု (ဝါ) ကံစွပ်၍ အလိုရှိသည့်အတိုင်း ကျလာမှုဖြစ်ရန် ခဲယဉ်းကြောင်း တွက်ချက်သိရှိရ၏။ သို့ရာတွင် ဤစမ်းသပ်လေ့လာမှုမှာ တယ်လီပသီလေ့လာမှုကဲ့သို့ သိပ္ပံနည်းကျကျ ခိုင်မာခြင်းမရှိသေးရကား နောက်နှစ်ပေါင်းအတန်ကြာ ဆက်လက်ပြုလုပ်ဖို့ လိုလိမ့်မည်ဟု သုတေသနဆရာတို့ ယူဆကြ၏။

ဤစာအုပ် ရေးသားပြုစုနေသောအချိန်၌ အမေရိကန် သိပ္ပံပညာရှင်များ အထူးစိတ်ဝင်စားနေသောပုဂ္ဂိုလ်မှာ အသက် ၂၆ နှစ်အရွယ် အစ္စရေလီ အမျိုးသား ဣဒ္ဓိရှင် **ယူရီဂယ်လာ** ဖြစ်၏။ ဂယ်လာသည် အကြားအမြင်ရသည့်အပြင် ဇွန်းနှင့်ခက်ရင်းများကို စိတ်တန်ခိုးဖြင့် ကောက်ကွေးသွားအောင် ပြုလုပ်နိုင်သဖြင့် စတန်းဖို့တက္ကသိုလ်မှ သိပ္ပံဆရာတစ်စုသည် အထူးလေ့လာလျက်ရှိကြ၏။ သိပ္ပံဆရာတို့သည် သူ မလိမ်နိုင်စေရန် တင်းကျပ်သော စီမံကာကွယ်မှုများ ပြုလုပ်၍ အထူးသတိဝီရိယထားလျက် လေ့လာခဲ့ကြရာ ဂယ်လာက ဇွန်းခက်ရင်းများကို အလိုလိုကောက်ကွေးအောင် ပြုလုပ်နိုင်ခြင်းမှာ မျက်မြင်အထင်အရှားဖြစ်ရကား သူမည်သို့မည်ပုံ ပြုလုပ်သည်ဟု ရှင်းမပြနိုင်ဘဲ ဦးနှောက်ခြောက်လျက် ရှိကြ၏။ *[လုပ်သားပြည်သူ့နေ့စဉ် (အင်္ဂလိပ်) ၂၀-၃-၇၄]*

အ ခ န်း [ ၉ ]

# အပမှီခြင်း

မြန်မာလူမျိုးတို့သည် နတ်၊ တစ္ဆေ၊ သရဲ စသော တမလွန်ဘုံသားများက တစ်ခါတစ်ရံ လူတို့နှင့်ဆက်သွယ်နိုင်သည်ဟု ယုံကြည်ကြ၏။ ဆက်သွယ်သော နည်းအမျိုးမျိုးရှိသည့်အနက် အထူးထင်ရှားသောနည်းမှာ လူကိုဝင်ပူးခြင်းဖြစ်သည်ဟု အယူရှိကြ၏။ ဤသို့ဖြစ်ခြင်းကို နတ်ပူးသည်၊ သရဲစီးသည်၊ ဖုတ်ဝင်သည်၊ အပမှီသည်၊ ဓာတ်စီးသည် စသည်ဖြင့် ပြောစမှတ်ပြုကြ၏။

ဤအယူမှာ မြန်မာနိုင်ငံ၌သာလျှင် တွေ့ရသောအယူ မဟုတ်ချေ။ ရှေးပဝေဏီကစ၍ ယနေ့အထိ ကမ္ဘာအရပ်ရပ်ရှိ လူတို့၏ အစဉ်အလာ ယုံကြည်ချက်ဖြစ်၍ ရှေးလူတို့၏ သမိုင်းပုံပြင် ရာဇဝင်ကျမ်းဂန်များ၌ ထိုယုံကြည်ချက်ကို ထောက်ကူသော သာဓကများ အထင်အရှားရှိ၏။ ဤနေရာ၌ မြန်မာသမိုင်းရာဇဝင်၌ လာသော သာဓကများကို ချန်လှပ်၍ ဥရောပတိုက်၌ တစ်ခါက ဟိုးလေးတကျော် ဖြစ်ပွားခဲ့သော အဖြစ်အပျက်တစ်ခုကို ဖော်ပြပါအံ့။

အချိန်မှာ ၁၆၃၅ ခုနှစ်။ နေရာမှာ ပြင်သစ်ပြည် လွှန်ဒန်အရပ်ဒေသရှိ သီလရှင်ကျောင်းတိုက်တစ်ခု ဖြစ်၏။ တိုက်အုပ် သီလရှင်မသည် သူ့ကို ရဟန်းပျိုတစ်ပါးက ဖျက်ဆီးရန်ကြံစည်နေပါသည်ဟု စွပ်စွဲရာ အာဏာပိုင်ဘုန်းကြီးများက သီလရှင်မကို နတ်မိစ္ဆာတစ်ကောင် ဝင်စီးနေပြီဟု ဆုံးဖြတ်၍ ရဟန်းပျိုမှာ နတ်မိစ္ဆာကို ချွတ်လွှဲရန် တာဝန်ယူရ၏။ သို့ရာတွင် သူ၏ကြိုးပမ်းမှုမှာ အချည်းနှီးဖြစ်၍ သီလရှင်အားလုံး နတ်မိစ္ဆာမကောင်းဆိုးဝါးများ၏ ဝင်စီးခြင်းကို ခံကြရတော့၏။ ရုပ်သွင်ပြင်အမူအရာမှာ အကြီးအကျယ် ပြောင်းလဲသွား၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာအမူအရာမှာ ခက်ထန်မာကြော၍ ဒေါသထွက်ခြင်း၊ မုန်းတီးခြင်း၊ မထီမဲ့မြင်ပြုလိုခြင်း၊ ဖြောင်လှောင်သရော်လိုခြင်း စသော စိတ်စရိုက်ကြမ်းများ ပေါ်လွင်ထင်ရှားလာ၏။ နောက်ဆုံး၌ ရဟန်းပျို့မှာ သူကိုယ်တိုင် သရဲမိစ္ဆာ ဝင်စီးခြင်းခံနေရသည်ဟု စွပ်စွဲခံရပြီး မီးရှို့အသတ်ခံရလေသည်။

နတ်တစ္ဆေသရဲ စသည်တို့က လူတို့အား ဝင်ပူးသည်ဆိုခြင်းကို ယခုကာလ ခေတ်ပညာတတ်ပုဂ္ဂိုလ်များက လက်ခံယုံကြည်ကြမည်မဟုတ်ချေ။ စင်စစ် ယုံကြည်သောသူတို့သည် မျက်မြင်ကိုယ်တွေ့ မဟုတ်ဘဲ လူပြောသူပြော တစ်ဆင့်စကားဖြင့် စွဲမှတ်ထားကြသည်က များ၏။ မကောင်းဆိုးဝါးများ ဝင်ပူးသည်ဟု လူတို့ထင်သော အဖြစ်အပျက်များကိုလည်း ယခုခေတ် စိတ်ပညာရှင်တို့က တစ်မျိုးတစ်ဖုံ ရှင်းပြပေလိမ့်မည်။ သူတို့၏အမြင်အားဖြင့် ပြင်သစ်ပြည်၌ ရှေးက အမှန်တကယ်ဖြစ်ပွားခဲ့သည်ဆိုသော အထက်ပါအမှုတွင် တိုက်အုပ်သီလရှင်မသည် သူကိုယ်နှိုက်က ရဟန်းပျို့ကို တပ်မက်၍ မိမိအပြစ်ကို ဖုံးဖိရန် သူ့ခိုးက လူလူဟစ်ပြီး စွပ်စွဲခြင်းဖြစ်ပေရာ၏။ အခြားသီလရှင်အားလုံး စိတ်ဓာတ်စရိုက်ပြောင်းလဲ၍ အမူအရာလက္ခဏာ ခက်ထန်ကြမ်းတမ်းလာခြင်းမှာ တစ်ဦးမှ တစ်ဦးသို့ စိတ်ဓာတ်ကူးစက်ကာ နှစ်ကာလတာရှည် မျိုသိပ်ဖိနှိပ်ထားသော ဝသီစရိုက်အလိုရမ္မက်များ ပွင့်ထွက်လာခြင်း ဖြစ်ပေလိမ့်မည်။

လူ၏စိတ်သည် ဆန်းကြယ်၏။ လွန်ခဲ့သောအခန်းတစ်ခု၌ ပြဆိုခဲ့သည်အတိုင်း လူသတ္တဝါသည် တစ်ချိန်တည်းတွင် နေရာဌာနနှစ်ခု၌ နှစ်ကိုယ်ခွဲ၍ သွားလာလှုပ်ရှားနေနိုင်သကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါတစ်ဦး အသက်ထင်ရှားရှိနေစဉ် နာမ်ခန္ဓာ (ဝါ) စိတ်အစဉ်သည် လုံးလုံးလျားလျား ဘဝပြောင်းလဲသွားတတ်၏။

၁၈၈၆ ခုနှစ်၌ ဗြိတိသျှစာရေးဆရာ ရောဗတ်လူဝီစတီဗင်ဆင်သည် ဒေါက်တာဂျက်ကောနှင့် မစ္စတာဟိုက်ဆိုသော ဝတ္ထုတစ်ပုဒ်ရေးသားထုတ်ဝေရာ လူအများ စိတ်ဝင်စား၍ ထိုဝတ္ထုအကြောင်းကို ပြောဆိုဆွေးနွေးလာကြ၏။

ဝတ္ထုဇာတ်လမ်းမှာ ဒေါက်တာဂျက်ကောဆိုသော ဂုဏ်သရေရှိ လူကြီးလူကောင်း ဆရာဝန်တစ်ဦး ဆေးဝါးတစ်မျိုးကိုစားသုံးရာမှ မစ္စတာဟိုက်ဆိုသော လူဆိုးကြီးအဖြစ်သို့ ပြောင်းလဲသွားပုံ၊ ဆရာဝန်အနေဖြင့် စိတ်နှလုံးနူးညံ့သိမ်မွေ့၍ မစ္စတာဟိုက်အနေဖြင့် စိတ်ဓာတ်စရိုက် ရန့်ရင်းကြမ်းတမ်းလာပုံကို ရေးသားထားသော ဇာတ်လမ်းဖြစ်၏။ လူသတ္တဝါသည် စိတ်ကောင်းနှင့် စိတ်ယုတ် ဒွန်တွဲနေသော သတ္တဝါဖြစ်ကြောင်း ရှေးဟောင်းစာပေနှင့် ဘာသာရေးကျမ်း



များ၌ ပြဆိုထားရာ လူတို့စရိုက်ကို စူးစမ်းလေ့လာဖူးသော သူသည်လည်းကောင်း၊ လူအမျိုးမျိုးနှင့် ပေါင်းသင်းဆက်ဆံဖူးသော သူသည်လည်းကောင်း၊ လူ့စိတ်၏ ဖောက်ပြန်ပြောင်းလဲတတ်သော သဘောကို ယုံမှားသံသယရှိမည် မဟုတ်ချေ။

သို့ရာတွင် ဒေါက်တာဂျက်ကောနှင့် မစ္စတာဟိုက်ဝတ္ထုသည် လူတစ်ဦး၏ ချစ်ခြင်း၊ မုန်းခြင်း၊ သနားကြင်နာခြင်း၊ ရက်စက်ခြင်း၊ ရဲရင့်ခြင်း၊ ကြောက်တတ်ခြင်း စသော စရိုက်အမျိုးမျိုးအနက် တစ်ခုတည်းသော စရိုက်ယာယီပြောင်းလဲမှုကိုသာလျှင် ပြဆိုသောဝတ္ထုမဟုတ်ချေ။ အလိုဆန္ဒစရိုက်ဝါသနာ၊ စိတ်ခံစားချက် စသည်တို့ကို အားလုံးပါဝင်သော စိတ်ပိုင်းဘဝတစ်ခုလုံးပြောင်းလဲမှုကို ထောက်ပြသော ဝတ္ထုဖြစ်၏။ ဤအဖြစ်အပျက်မျိုးသည် ရုပ်ရှင်ဝတ္ထု ဇာတ်လမ်းမျှသာမဟုတ်ဘဲ လူ့လောက၌ တစ်ခါတစ်ရံ ကြုံတွေ့ရ၍ စိတ်ပညာရှင်တို့ စေ့ငုသေချာစွာ စူးစမ်းလေ့လာခဲ့သော သာဓကများရှိ၏။ ထိုသာဓကများသည် ရုပ်ရှင်ဝတ္ထုဇာတ်လမ်းများကဲ့သို့ လျှို့ဝှက်သည်းဖိုအဖြစ်အပျက်များ မဟုတ်စေကာမူ ထူးဆန်းထွေလာ စိတ်ဝင်စားဖွယ်ရာကောင်းလှပေ၏။

ပညာရှင်တို့ သေချာစွာ စူးစမ်းလေ့လာခဲ့သော အဖြစ်အပျက်အချို့ကို ဖော်ပြရမည်ဆိုသော် တစ်ခါက ပညာတတ်မိန်းမပျိုတစ်ဦးသည် အတော်ကြာအောင် အိပ်ပျော်သွား၍ ပြန်နိုးလာသောအခါ မိမိ၏အတိတ်ဘဝကို လုံးဝသတိမရတော့ချေ။ သူ့၏စိတ်သဏ္ဍာန်မှာ ဗလာနတ္ထိဖြစ်၍ သူသည် အစားအစာ၊ အထည်အဝတ်စသည်တို့၏ အမည်များကို ပြန်လည်မှတ်သားရ၏။ စာရေးခြင်း၊ စာဖတ်ခြင်းကိုလည်း ပြန်သင်ကြားရ၍ သူ၏လက်ရေးလက်သားမှာ ရှေးကနှင့်မတူဘဲ ပြောင်းလဲသွားတော့၏။ သို့ရာတွင် သူသည် နောက်တစ်ကြိမ် အိပ်မောကျသွား၍ နိုးလာသောအခါ ထိုကြားကာလအဖြစ်အပျက်များကို မမှတ်မိတော့ချေ။ ဤသို့ သူသည် ဘဝသစ်ရောက်လိုက်၊ ဘဝဟောင်းပြန်သွားလိုက်နှင့် လေးနှစ်ကြာမျှ စိတ်ပိုင်းဘဝ အပြောင်းအလဲဖြစ်ခဲ့သည်ဆို၏။

နာမည်ကျော် ပြင်သစ်ဆရာဝန်တစ်ဦး လေ့လာခဲ့သော မိန်းမငယ်၏ အဖြစ်အပျက်မှာ ပို၍ အံ့သြစရာကောင်း၏။ မိန်းမငယ်မှာ ကြောက်တတ်၍ စိတ်အားငယ်သောသူဖြစ်၏။ တစ်နေ့တွင် သူသည် မေ့မြောသွားရာမှ သတိရလာသောအခါ စိတ်ဓာတ်သိသိသာသာ ပြောင်းလဲသွား၏။ ရှေးအခါက စိတ်မချမ်းမသာ ဖြစ်ခဲ့သည်နှင့်အမျှ ဒုတိယစိတ်ပိုင်းဘဝ၌ကား စိတ်ပျော်ရွှင်၍

www.burmeseclassic.com



လှုပ်ရှားတက်ကြွလာ၏။ သို့ရာတွင် သူသည် ထိုဘဝ၌ ကြာရှည်မနေရဘဲ တစ်ဖန် မေ့မြော၍ သတိရလာသောအခါ ဘဝဟောင်းသို့ ပြန်ရောက်သွား၍ ရေးကကဲ့သို့ပင် ကြောက်တတ်ပြီး စိတ်ညှိုးနွမ်းလာ၏။ ဤသို့ဖြင့် စိတ်ပိုင်းဘဝ နှစ်ခုကို အပြန်အလှန် ကူးပြောင်းကျင်လည်နေရ၍ တစ်ခါသော် ရွှင်ပြသော စိတ်အစဉ် ရိုးမိုးနေစဉ် ချစ်သူတစ်ဦးနှင့်တွေ့၍ ကိုယ်ဝန်ရှိလာ၏။ သူသည် မူလဘဝသို့ ပြန်လည်ရောက်ရှိနေစဉ် ကိုယ်ဝန်ရှိကြောင်း သိရှိရပေရာ ဒုတိယ စိတ်ပိုင်းဘဝအကြောင်း ဘာမျှမသိသဖြင့် များစွာ ထိတ်လန့်တုန်လှုပ်သွား၏။ ကာအားလျော် စွာ ထိုအချိန်၌ သူ၏နာမ်ခန္ဓာသည် ပြောင်းလဲသွားပြန်၍ သူသည် အဖြစ်မှန် ကို သတိရလာ၏။ သူကြီးပြင်းလာသောအခါ ဒုတိယနာမ်ခန္ဓာသည် ပထမ နာမ်ခန္ဓာကို ပို၍လွှမ်းမိုးလာပြီး သူသည် စိတ်လန်းဆန်းရွှင်ပြနေ၍ နောက်ဆုံး၌ နဂိုမူလ စိတ်အစဉ်မှာ လုံးဝချုပ်ငြိမ်းသလောက် ဖြစ်သွား၏။

ဤသို့ ပုဂ္ဂိုလ်တစ်ဦးတည်းတွင် နာမ်ခန္ဓာနှစ်ခုကွဲသော အဖြစ်အပျက်များအနက် စိတ်ပညာစာပေ၌ စိတ်ဝင်စားစရာအကောင်းဆုံးအမှုမှာ အမေရိကန်ပြည် ဘော်စတန်မြို့မှ ဒေါက်တာမော်ကန်ပရင့်(စ) စူးစမ်းလေ့လာခဲ့သော မစ္စဘီချန့်ဆိုသူ အမျိုးသမီး၏ အမှုဖြစ်၏။ ပရင့်(စ)သည် ထိုအမှုကို ခုနစ်နှစ်ကျော်ကြာမျှ စေ့စေ့စပ်စပ် စူးစမ်းလေ့လာပြီးလျှင် သူ၏တွေ့ရှိရချက်များကို စာမျက်နှာ ၆၀၀ နီးပါးရှိ စာအုပ်တစ်အုပ် ရေးသားခဲ့၏။

မစ္စဘီချန့်၏ ငယ်စဉ်က အဖြစ်အပျက်များမှာ စိတ်မချမ်းသာဖွယ်ရာ ဖြစ်၏။ သူသည် မိဘများကို ချစ်သော်လည်း သူတို့၏မေတ္တာတုံ့ပြန်မှုကို မရရှိခဲ့ချေ။ သူ အသက် ၁၃ နှစ်၌ မိခင်သေဆုံး၍ စိတ်များစွာ ထိခိုက်ခဲ့ရ၏။ ထိုနောက် အကြင်နာတရားကင်းသောဖခင်နှင့် သုံးနှစ်ကြာမျှ အတူနေခဲ့ရ၍ စိတ်မချမ်းမသာဖြစ်ပြီး ခေါင်းခဲခြင်း၊ အလိုလိုမောခြင်း၊ ညအခါ အိပ်မက်တွေ ကယောင်ချောက်ချားမက်ခြင်း စသည်တို့ကိုခံစားရ၏။ စိတ်မှာလည်း ကြောင်တောင်တောင်ဖြစ်လာ၍ တစ်ညတွင် အိပ်နေရာမှ သတိလစ်၍ ညဝတ်အကျီနှင့် မြို့ထဲတွင် တစ်ယောက်တည်း လျှောက်သွားခြင်း၊ ပတ်ဝန်းကျင်ကို လုံးဝ မေ့၍ တွေဝေငေးမောနေခြင်း စသော ချွတ်ယွင်းမှုလက္ခဏာ အမှုအရာများ ပြလာ၏။

အသက် ၁၆ နှစ်အရွယ်၌ သူသည် အိမ်မှထွက်ပြေး၍ ဘော်စတန်မြို့ အနီး ဆေးရုံတစ်ခု၌ သူနာပြုဆရာမအတတ်ကို လေ့လာသင်ကြား၏။ သို့ရာတွင် သူ၏ဘဝမှာ အဆင်မပြေဘဲ စိတ်တုန်လှုပ်ချောက်ချားဖွယ်ရာများကို



ဆက်လက်ကြုံတွေ့ခံစားရ၏။ လေမိုးထန်၍ လျှပ်စီးပြက်နေသောညတစ်ည၌ ကယောင်ကတမ်းဖြစ်နေသော လူနာတစ်ဦးသည် သူ့ထံသို့ပြေးလာပြီး သူ့ကို အတင်းဖမ်းချုပ်ထားရာ သူ့မှာ အသည်းစင်ထွက်ခမန်း ထိတ်လန့်သွား၏။ ထိုနေ့ည၌ပင် သူသည် သူ့အဆောင်ထဲ၌ သူငယ်ချင်းတစ်ဦးအား သူ့အတွေ့အကြုံကို ပြောပြနေစဉ် ပြတင်းပေါက်၌ လူတစ်ဦး၏ မျက်နှာ ရုတ်တရက်ပေါ် လာသည်ကို မြင်ရသဖြင့် ကြက်သီးမွေးညင်းထပြီး ခေါင်းနပန်းကြီးသွား၏။ နောက်မှ ထိုသူမှာ သူ့ကိုကျီစားလိုသဖြင့် အလုပ်သမားတစ်ဦးထားခဲ့သော လှေကားဖြင့် အဆောင်ပြတင်းပေါက်ရှိရာသို့ တက်ပြီး ခြောက်သော ငယ်သူငယ်ချင်း ယောကျ်ားတစ်ဦးဖြစ်ကြောင်း သိရ၏။

ဤစိတ်လှုပ်ရှား ခံစားရမှုနှစ်ခုကြောင့် နဂိုမူလ ခနော်ခနဲ့ ခပ်ယဲ့ယဲ့ ဖြစ်နေသော သူ၏နာမ်ခန္ဓာမှာ ပြိုလဲ၍ သုံးမျိုးသုံးစား ကွဲသွား၏။ ဒေါက်တာ ပရင့်(စ) အဆိုအားဖြင့် ထိုနာမ်ခန္ဓာ (ဝါ) စိတ်သုံးခုမှာ သူတော်ကောင်းစိတ်၊ မိန်းမသားစိတ်နှင့် လူရှုပ်လူပွေစိတ်ဖြစ်၏။ သူတော်ကောင်းစိတ်ဝင်နေသော အခါ၌ မစ္စဘီချန့်သည် ဘုရားတရားကို ကြည်ညိုလေးစားသော အမျိုးသမီး ဖြစ်၏။ သူသည် တစ်ကိုယ်ကောင်းစိတ်ရှိခြင်း၊ အမျက်ထွက်ခြင်း၊ ရိုင်းပျခြင်း၊ ကိုယ်ချင်းစာနာမှုမရှိခြင်း၊ မဟုတ်မမှန် လိမ်လည်ပြောခြင်း စသည်တို့ကို ဒုစရိုက်မကောင်းမှုများအနေဖြင့် မြင်၍ သူ၏ရည်ရွယ်ချက်မှာ ဘာသာတရားက ဟောကြားသော တရားနှင့်အညီ ကျင့်ကြံနေထိုင်ရန်ဖြစ်၏။ မိန်းမသားစိတ် လွှမ်းမိုးနေသောအခါ၌မူ သူ၏ စိတ်ဓာတ်စရိုက်မှာ စိတ်တိုခြင်း၊ ကိုယ်ရေးကိစ္စများ၌ အာရုံစူးစိုက်ခြင်း၊ ကြီးပွားချမ်းသာလိုခြင်း၊ သူတစ်ပါးအကျိုးကို မကြည့်ဘဲ မိမိအကျိုးစီးပွားကို ရှေ့ရှုဆောင်ရွက်လိုခြင်း စသည်တို့ဖြင့် ထင်ရှား၏။ လူရှုပ်လူပွေစိတ် ကြီးစိုးနေသောအခါ၌ကား မစ္စဘီချန့်သည် နဂိုမူလ နာမ်ခန္ဓာနှင့် ဆန့်ကျင်သော စိတ်ပိုင်းဘဝသို့ ရောက်ရှိသွား၏။ ထိုအခါ၌ သူသည် မိမိကိုယ်ကို စယ်လီဟုခေါ်၍ စယ်လီမှာ စိတ်ဓာတ်စရိုက်အလေ့အကျင့်အားဖြင့် မစ္စဘီချန့်နှင့် လုံးဝမတူဘဲ သူ့ကို အမျိုးမျိုးနှောင့်ယှက်၍ ဒုက္ခပေးရန် ထွက်ပေါ်လာသော သူ၏ခန္ဓာနာမ်ကွဲတစ်ခု ဖြစ်၏။

ထူးဆန်းသည်ကား မစ္စဘီချန့်သည် မူလပကတိစိတ်ဖြင့် စယ်လီကို မသိ (ဝါ) စယ်လီအနေဖြင့် မိမိပြုလုပ်သမျှကို မမှတ်မိသော်လည်း စယ်လီကမူ မစ္စဘီချန့်၏ စိတ်နေသဘောထားကို သိရှိနေခြင်းဖြစ်၏။ သို့ဖြင့် စယ်လီသည် မစ္စဘီချန့်ကို နောက်ပြောင်ကျီစယ်လိုသောသဘောနှင့် ဒုက္ခကြိုက်သော

www.burmeseclassic.com

www.burmeseclassic.com



အမှုများကို တမင်ပြုလုပ်လေ့ရှိ၏။ မစ္စဘီချန့်မှာ ဣန္ဒြေသိက္ခာနှင့် တည်ကြည်သလောက် စယ်လီမှာ စည်းမဲ့ကမ်းမဲ့နေသော မိန်းမရှုပ် မိန်းမပွေကလေး ဖြစ်၏။ မစ္စဘီချန့်မှာ ဆေးလိပ်သောက်သူမဟုတ်ချေ။ တစ်ခါသော် စယ်လီသည် ဒေါက်တာပရင့်(စ)ထံမှ စီးကရက်တောင်း၍ သောက်၏။ စယ်လီစိတ်ပျောက်၍ နဂိုစိတ်ဝင်လာသောအခါ မစ္စဘီချန့်မှာ ပါးစပ်ထဲတွင် ခါးသက်သက်အရသာတစ်မျိုး ခံစားမိကြောင်း ဒေါက်တာအားပြောပြ၏။ စယ်လီမှာ မစ္စဘီချန့်ကို ဩဇာလွှမ်းမိုးနေဟန် လက္ခဏာရှိ၏။ သူ မရှိသောအခါ၌ပင် မစ္စဘီချန့်သည် တစ်ခါတစ်ရံ ကတိပျက်ကွက်ခြင်း၊ မဟုတ်မှန်သော စကားပြောတတ်ခြင်း စသောအကျင့်သိက္ခာဖောက်ပြန်မှု လက္ခဏာများ ပြလာတတ်၏။

ဤသာဓကအားဖြင့် ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏ စိတ်ဓာတ်စရိုက်နှင့် အပြုအမူများသည် တစ်ခါတစ်ရံ ထူးထူးဆန်းဆန်း ပြောင်းလဲတတ်ကြောင်း၊ ထိုပြောင်းလဲမှုများကို အပမှီသောကြောင့် ဖြစ်သည်ဟု ယူဆကြပေမည်။ စိတ်ပညာရှင်တို့၏ အမြင်အားဖြင့်မူ ယင်းတို့မှာ မနောဝိညာဉ်၏ အောက်ဆုံးအလွှာ၌ ငုတ်နေသော မသိစိတ်တို့၏ အုံကြွထွက်ပေါ်မှုများ ဖြစ်ပေသည်။

သို့ရာတွင် ဤအဖြစ်အပျက်မျိုးအားလုံးသည် မသိစိတ်အုံကြွထွက်ပေါ်မှု၊ စိတ်အစဉ်၏ ပြောင်းလဲဖောက်ပြန်မှု ဖြစ်သည်ဟု မဆိုသာချေ။ အချို့သောအဖြစ်အပျက်များမှာ နာမ်ခန္ဓာဘဝပြောင်းလဲမှုများပင် ဖြစ်သော်လည်း အထက်ဖော်ပြပါ သာဓကများနှင့်မတူဘဲ ကွဲပြားခြားနား၏။ အထက်ပါ သာဓကများတွင် ကာယကံရှင်၏ ခံစားရချက်သည် သေသူနှင့် ဆက်စပ်နေသည်ဟု မည်သူကမျှ မဆို။ စိတ်ပညာရှင်တို့ကလည်း ယင်းတို့ကို လူ့စိတ်သဘောတရားများဖြင့် ရှင်းပြနိုင်ကြ၏။ ယခုဖော်ပြမည့် သာဓကများ၌မူ ကာယကံရှင်များကိုယ်တိုင်က သူတို့၏ခံစားရမှုများမှာ သေသူ၏ ပယောဂကြောင့်ဖြစ်ကြောင်း ပြောဆို၍ စိတ်ပညာဆရာတို့ကလည်း သူတို့အဖြစ်သနစ်ကို စူးစမ်းလေ့လာပြီး ရှင်းပြခြင်း မရှိခဲ့ချေ။

ကျွန်ုပ်တို့ စဉ်းစားရန် ပထမသာဓကမှာ လူရန်စီဆိုသူ မိန်းမငယ်တစ်ဦး၏ ဘဝဖြစ်စဉ်တစ်ခုဖြစ်၏။ လူရန်စီသည် အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်၌ မိဘများနှင့်အတူ နေထိုင်လျက်ရှိစဉ် တစ်နေ့တွင် နံနက်အိပ်ရာနိုးသောအခါ သူ့မိဘများကို ရေးက မမြင်ဖူးဘိသကဲ့သို့ စိုက်ကြည့်ပြီးလျှင် သူ့မိဘများထံ ပြန်သွားလိုသည်။ သူ့ကို သူ့အိမ်သို့ပြန်ပို့ပေးပါဟု ပြော၏။ သူ့မိဘများက သူစိတ်အထင်မှားကြောင်း၊ သူတို့ပင် သူ၏မိဘများဖြစ်ကြောင်း



ပြောသော်လည်း သူ မယုံချေ။ သူက မိမိသည် မေရီရော့(ဖ) ဖြစ်၍ မိဘများထံ ပြန်ပို့ရန်သာ ထပ်တလဲလဲပြောနေတော့၏။

မေရီရော့(ဖ) ဆိုသူမှာ လူရန်စီမိဘများ၏ အိမ်နီးချင်းတစ်ဦး၏ သမီးဖြစ်၍ လွန်ခဲ့သော ၁၂ နှစ်လောက်က စိတ္တဇဆေးရုံ၌ ကွယ်လွန်ခဲ့ပြီဖြစ်၏။ လူရန်စီသည် မေရီရော့(ဖ)ကို မမြင်ဖူးချေ။ ရော့(ဖ)မိဘများမှာ သူတို့သမီး၏ ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်ကို ပြောလေ့ပြောထမရှိသဖြင့် မေရီရော့(ဖ) အကြောင်းကို လူရန်စီ ကြားဖူးမည်ပင်မဟုတ်ချေ။

လူရန်စီ၏မိဘများသည် သူက အမျိုးမျိုးနာပူနေသဖြင့် နောက်ဆုံး၌ မစ္စတာရော့(ဖ)ထံ သွားက ပြောရတော့၏။ မစ္စတာရော့(ဖ)သည် အိမ်သို့လိုက်ပါလာရာ လူရန်စီသည် သူ့ကိုမြင်သည်နှင့်တစ်ပြိုင်နက် ဖေဖေဟုအော်ပြီး ရင်ခွင်ထဲသို့ ပြေးဝင်လေသည်။ မစ္စတာရော့(ဖ)သည် လူရန်စီကို သူ့အိမ်သို့ ခေါ်ထားပြီး မကြာမီ လူရန်စီမှာ သူ့သမီးမေရီအစစ်ဖြစ်ကြောင်း ယုံကြည်ရန် အထောက်အထားများကို တွေ့ရလေသည်။

"ရော့(ဖ)မိသားစုနှင့် လူရန်စီမိသားစုများမှာ ကနဦးက သိကျွမ်းသူများမဟုတ်သည့်အပြင် မေရီ သေဆုံးသောအခါက လူရန်စီမှာ အသက်နှစ်နှစ်အရွယ်သာ ရှိသေးရကား မေရီအကြောင်းကို သူ ဘာမျှမသိချေ။ သို့စဉ်လျက် လူရန်စီသည် လွန်ခဲ့သောနှစ်ပေါင်း ၁၂ နှစ်နှင့် ၂၅ နှစ်အတွင်းက မေရီသိရှိသော လူများနှင့် အရာအားလုံးကို သိရှိနေတော့၏။ မေရီ၏ အသိမိတ်ဆွေများကို နာမည်နှင့်တကွ ကောင်းစွာမှတ်မိ၍ မေရီ၏ဘဝမှဖြစ်ရပ်များကို အပ်ချမတ်ချ ပြောပြနိုင်၏။ သူ၏ပြောပြချက်များမှာ ဘယ်အခါမျှ မမှားချေ။ သူသည် သူ၏မိဘများကို တစိမ်းတရံစာကဲ့သို့ ဆက်ဆံ၍ မေရီ၏မိဘများကိုမူ များစွာ ခင်မင်လေးစား၏။ ရှေးကကဲ့သို့ စိတ်လိုက်မာန်ပါ ထင်ရာတဇွတ်ထိုးမလုပ်တော့ဘဲ မေရီကဲ့သို့ စိတ်နှလုံးသိမ်မွေ့နူးညံ့သော အဖြစ်သို့ ပြောင်းလဲလာ၏။

သို့ဖြင့် နောက် ရက်သတ္တ ၁၄ ပတ်ကြာသောအခါ လူရန်စီ၏ နာမ်ခန္ဓာပြန်ဝင်လာ၍ သူမသည် မစ္စတာရော့(ဖ)အား အိမ်သို့ပြန်ပို့ရန် ပြော၏။ အိမ်သို့ရောက်သော် မိဘအစ်ကိုညီမများကို ပွေ့ဖက်နမ်းရှုပ်၍ ဝမ်းသာအားရသောအမူအရာကိုပြ၏။ ထိုမှ နောက်၌ကား လူရန်စီသည် ရှေးကလိုမဟုတ်တော့ဘဲ အသိအလိမ္မာရှိ၍ ယဉ်ကျေးသိမ်မွေ့သော မိန်းမပျိုကလေးဖြစ်လာပြီးနောက် ရှစ်နှစ်ကြာသောအခါ အိမ်ထောင်ကျသွား၏။

စိတ်ပညာဖြင့်ရှင်းပြ၍ မရအပ်သော အခြားအဖြစ်အပျက်တစ်ခုမှာ

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့မှ မိန်းမပျိုအမှုဖြစ်၏။ ထိုမိန်းမပျိုမှာ အိုင်းရစ်ဖဇာဒီဟုခေါ်၍ အိုင်းရစ်သည် ပရိတက်စတင့်ဘာသာဝင် မျိုးကောင်းဆွေကောင်းမှ ဖွားမြင်ခဲ့သော မိန်းကလေးဖြစ်၏။ ငယ်စဉ်ကပင် ပညာဉာဏ်ထူးချွန်၍ ဟန်ဂေရီဘာသာစကားအပြင် ဂျာမန်၊ ဒတ်(ချ်)နှင့် ပြင်သစ်ဘာသာစကားများကို တတ်မြောက်၏။

၁၉၃၃ ခုနှစ်၌ အိုင်းရစ်သည် အပြင်းအထန်ဖျားနာပြီးနောက် အိပ်ရာမှ နိုးသောအခါ မိမိအတိတ်ဘဝကို လုံးလုံးသတိမရတော့ချေ။ စိတ်မှာလည်း ကယောင်ချောက်ချားဖြစ်၍ ဟန်ဂေရီစကားကို တစ်လုံးမျှမပြောတတ်တော့ဘဲ မိဘဆွေမျိုးသားချင်းများ လုံးဝနားမလည်သော ဘာသာစကားတစ်မျိုးကို ပြော၏။ ထိုဘာသာစကားမှာ စပိန်ဘာသာစကားဖြစ်ကြောင်း နောက်မှသိကြရ၏။ အိုင်းရစ်က သူသည် တစ်ခါက စပိန်ပြည် မဒရစ်မြို့တော်၌ နေထိုင်ခဲ့သော အလုပ်သမ တစ်ဦးဖြစ်ကြောင်း၊ အသက် ၄၀ ရွယ်၌ အဆုတ်ရောဂါဖြင့် သေဆုံးခဲ့ရကြောင်း မိမိ၏ကလေးများကို ခိုကိုးရာမဲ့ ပစ်ထားခဲ့ရသဖြင့် စိတ်မကောင်းကြောင်း ပြောပြလေသည်။

အိုင်းရစ်သည် မိမိကိုယ်မိမိ လူစီယာဟုခေါ်၍ ဘဝသစ်တစ်ခုသို့ ရောက်ရှိသလို ဖြစ်သွား၏။ ရှေးက ပရိတက်စတင့် ဘာသာဝင်ဖြစ်သော်လည်း လူစီယာဘဝတွင် ကက်သလစ်ဘာသာဝင် ဖြစ်လာ၏။ မဒရစ်မြို့ရှိ ဘုရားရှိခိုးကျောင်းများအကြောင်းကို အားလုံးအသေးစိတ် ပြောပြနိုင်၍ ရှေးက မိတ်ဆွေသူငယ်ချင်း ကျောင်းနေဖက်များကိုမူ လုံးဝ မမှတ်မိတော့ချေ။ ရှေးက ခပ်တည်တည်နေသော မိန်းကလေးဖြစ်သော်လည်း ယခုအခါ ပျော်ပျော်နေတတ်သော မဒရစ်မြို့ကြီးသူ ဖြစ်လာ၏။ သူသည် မိဘဆွေမျိုးများထံ လုံးဝပြန်မသွားတော့ချေ။

စိတ်ဝိညာဉ် သုတေသနမှတ်တမ်း၌ အထောက်အထား အခိုင်မာဆုံး အပမှီမှုမှာ အမေရိကန်ပြည်သား သွန်မဆင်၏အမှုဖြစ်သည်။

မစ္စတာ ဖရက်ဒရစ်သွန်မဆင် (Frederick Thompson) သည် နယူးယောက်မြို့မှ ရတနာကုန်သည်တစ်ဦးဖြစ်သည်။ သူသည် ပန်းချီပညာ၌ ဝါသနာမပါ။ ပုံဆွဲလိုသောဆန္ဒ မရှိ။ သို့စဉ်လျက် တစ်ခါသော် ဘာကြောင့်မှန်းမသိ။ ပန်းချီရေးဆွဲလိုသော ဆန္ဒပြင်းပြစွာဖြစ်ပေါ်လာ၏။ သူရေးဆွဲလိုသော ပုံများသည် မျက်စိအာရုံတွင် ကွက်ကွက်ကွင်းကွင်း ပေါ်လာ၏။ သူရေးဆွဲသော ပန်းချီကားများမှာ ဂစ်ဖို့ဆိုသူ ပန်းချီဆရာတစ်ဦး၏ ကားများနှင့် အလွန်ဘူသည်ဟု လူတိုင်းက ပြောကြ၏။ သွန်မဆင်သည် ဂစ်ဖို့အကြောင်း အနည်းငယ်



ကြားဖူးသော်လည်း သူပန်းချီစတင်ရေးဆွဲစဉ်က ဂစ်ဖို့သေဆုံးသည်မှာ ၆-လ ခန့်ရှိပြီဖြစ်ကြောင်း မသိချေ။

သူသည် တစ်ခါတစ်ရံ သူ့အား တစ်စုံတစ်ယောက်က ပန်းချီရေးဆွဲရန် တိုက်တွန်းနေသောအသံကို ကြားယောင်၏။ ပုံရေးဆွဲလိုသောစိတ်မှာ အလွန်ပြင်းပြ၏။ သူ၏ နေ့စဉ်အလုပ်ကိုပင် ထိခိုက်လာ၏။ တစ်ခါတစ်ရံ ခရီးထွက်၍ ပြင်ပရှုခင်းများကို ရေးဆွဲရာ ထိုရှုခင်းများမှာ ဂစ်ဖို့ရေးဆွဲပြီးသော ရှုခင်းများ သို့မဟုတ် ဂစ်ဖို့နှစ်သက်၍ ဓာတ်ပုံရိုက်ကူးထားသော ရှုခင်းများ ဖြစ်နေ၏။

သွန်မဆင်သည် ဂစ်ဖို့၏ ပန်းချီကားများကို မမြင်ဖူးချေ။ ကွယ်လွန်သူ ပန်းချီဆရာ၏ ဇနီးထံ သွားရောက် စုံစမ်းမည်ပြုသောအခါ စိတ်ဝိညာဉ်သုတေသနဆရာတစ်ဦး၏ အကြံပေးချက်အရ သူနောက်ဆုံးရေးဆွဲထားသော ပန်းချီကားကို ထိုသုတေသီဆရာ၏ လက်ထဲသို့ပေးအပ်ခဲ့၏။ ထို့နောက် ဂစ်ဖို့၏ အိမ်သို့သွားရောက်ရာ ထိုအိမ်ရှိ ဂစ်ဖို့ အလုပ်လုပ်သော စတူဒီယိုထဲ၌ ဂစ်ဖို့ သေဆုံးခါနီးက အပြီးမသတ်ဘဲ တစ်ပိုင်းတစ်စရေးဆွဲသွားသော ပန်းချီကားမှာ သုတေသီဆရာအား မိမိပေးအပ်ခဲ့သော ပန်းချီကားနှင့် အံ့ဖွယ်လိလိ တူညီနေသည်ကို တွေ့ရ၏။ သို့ဖြစ်၍ သွန်မဆင်၏ ပန်းချီကားများနှင့် ဂစ်ဖို့ပန်းချီကားများ တူညီနေခြင်းမှာ အကြောင်းမဲ့တိုက်ဆိုင်နေခြင်းမဟုတ်ဟု သုတေသီဆရာတို့က ယူဆကြလေသည်။

ဤအဖြစ်အပျက်များမှာ အထက်ကဖော်ပြခဲ့သော စိတ်ပညာရှင်များ ရှင်းပြသည့် ရိုးရိုး နာမ်ခန္ဓာပြောင်းလဲမှုများနှင့်မတူဘဲ သေသူများနှင့် ဆက်စပ်သော သဘောလက္ခဏာ ပါဝင်နေကြောင်း သတိပြုရပေမည်။ အချို့သော စိတ်ဝိညာဉ်သုတေသီတို့ကမူ ယင်းတို့ကို အပမှီသောအမှုများဖြစ်သည်ဟု ယူဆကြ၏။ တမလွန်ဘဝကို ယုံကြည်သောပုဂ္ဂိုလ်တို့၏ အမြင်အားဖြင့်ကား ယင်းတို့မှာ လူဝင်စားသောအမှုများ ဖြစ်ပေလိမ့်မည်။ စင်စစ် အပမှီမှုနှင့် လူဝင်စားမှုမှာ ဆင်တူယိုးမှား ဖြစ်နေတတ်ကြောင်း ရှေ့အခန်းတစ်ခုတွင် ဖော်ပြပါအံ့။

မည်သို့ဖြစ်စေ အနောက်နိုင်ငံ စိတ်ဝိညာဉ်သုတေသီပုဂ္ဂိုလ် အတော်များများသည် ကျွန်ုပ်တို့ မမြင်ရသော တမလွန်လောက၌ သေသူ၏ ဝိညာဉ် (ဝါ) ရုပ်မဲ့ဝိညာဉ်များ ရှိသည်ဟုယုံကြည်ကြ၏။ ထိုသို့ ယုံမှားခြင်းမှာ သေသူများနှင့် အဆက်အသွယ် ရှိသည်ဆိုသော နတ်ဝင်သည်များ၏ ဖွမ်းဖောင်မှုကို လေ့လာရာမှ ခိုင်မာသော အထောက်အထား တွေ့ရှိရသောကြောင့် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အနောက်နိုင်ငံ နတ်ဝင်သည်များမှာ အခြေခံအားဖြင့် မြန်မာနတ်ကတော်များနှင့် တူသော်လည်း အထူးခြားနားချက်မှာ သူတို့၏လုပ်နည်းလုပ်ဟန်နှင့် စွမ်းဆောင်မှုကို သုတေသနဆရာတို့က စေ့ငုသေချာစွာ စူးစမ်းလေ့လာခဲ့ကြခြင်း ဖြစ်၏။ ထိုသို့ လေ့လာရာမှ စိတ်ဝင်စားဖွယ်ရာ တွေ့ရှိရချက်များကို ရှေ့အခန်း၌ ပြဆိုပါအံ့။

အ ခ န် း [ ၁၀ ]

## နတ်ဝင်တို့ကို လေ့လာတွေ့ရှိရချက်

အနောက်နိုင်ငံများ၌ လူသေလျှင် ဘဝပြတ်မသွား၊ လူပြန်ဖြစ်ခြင်းလည်းမရှိ။ ဘုရားသခင်၏ ထာဝရဘုံသို့လည်း မရောက်ဘဲ အတ္တဝိညာဉ်အနေဖြင့် တမလွန်လောက၌ သွားလာကျင်လည်နေသည်ဟု ယုံကြည်သောသူ အမြောက်အမြားရှိ၏။ ဤဝိညာဏဝါဒီတို့၏ အထူးအားထားရာ ပုဂ္ဂိုလ်များမှာ နတ်ဝင်များ ဖြစ်ကြ၏။ နတ်ဝင်တို့သည် သေသူ့ဝိညာဉ်များနှင့် ဆက်သွယ်နိုင်သည်ဆို၍ ကွယ်လွန်လေပြီးသော ဆွေမျိုးသားချင်း မိတ်ဆွေအပေါင်းအသင်း တစ်ဦးဦး၏ သတင်းကို ကြားသိလိုသော သူတို့သည် နတ်ဝင်များကို ဆည်းကပ်ကြရ၏။

နတ်ဝင်တို့သည် တမလွန်ဘုံသားများနှင့် သူတို့ ဆက်သွယ်နိုင်ကြောင်း လူတို့ ယုံကြည်စေရန် အံ့ဖွယ်သရဲ အမှုများကို ပြုလုပ်ပြကြ၏။ နတ်ပွဲ၌ သေသူက ကိုယ်ထင်ပြခြင်း၊ လူများနှင့် စကားပြောခြင်း၊ သက်မဲ့အရာဝတ္ထုများ အလိုလို လှုပ်ရှားလာခြင်း၊ နတ်မေးသူ ကိုင်ထားသော ကျောက်သင်ပုန်းပေါ်၌ သေသူရေးသောစာများ ပေါ်လာခြင်း စသည်တို့ကို တွေ့မြင်ကြရသည်ဆို၏။ စိတ်ဝိညာဉ်သုတေသီဆရာတို့ကမူ နတ်ဝင်တို့မှာ အများအားဖြင့် လူလိမ်များ ဖြစ်၍ ပဉ္စလက်နည်းဖြင့် အံ့ဖွယ်သရဲအမှုများ ပြုလုပ်ပြသခြင်း ဖြစ်သည်ဟု ယူဆကြ၏။ သုတေသီဆရာတို့သည် နတ်ဝင်တို့ လိမ်ပုံနည်းပရိယာယ်မျိုးစုံကို ဖော်ထုတ်ပြသခဲ့ကြ၏။

အချို့ပညာရှင်များပင် အလိမ်ခံကြရပုံ၊ သုတေသီတစ်ဦးက နတ်ဝင်တို့

www.burmeseclassic.com

www.burmeseclassic.com



ပြသနေကျ အံ့ဖွယ်သရဲများကို ပြုလုပ်ဖန်တီးပြသပုံ စသည်များကို အခန်း (၃)၌ ဖော်ပြခဲ့ပေပြီ။ သုတေသီဆရာတို့က နတ်ဝင်တို့၏လိမ်နည်းများကို သေချာစွာ ဖော်ထုတ်ပြသခဲ့သော်လည်း လူတို့၏ ယုံလွယ်မှု၊ စူးစမ်းဆင်ခြင်လိုသော စိတ်မရှိမှု၊ အတ္တဝိညာဉ်အစွဲကြီးမှု၊ နာမည်ကြီးပုဂ္ဂိုလ်အချို့၏ ထောက်ခံအားပေးမှုများကြောင့် နတ်ဝင်တို့ကို ယုံကြည်ကိုးစားသော ဝိညာဏဝါဒီတို့မှာ ဦးရေယုတ်လျော့သွားခြင်း မရှိပေ။

သို့ဖြစ်စေကာမူ နတ်ဝင်များသည် အားလုံးလူလိမ်လူညာများ ဖြစ်သည်ဟု စွဲမှတ်မထားသင့်ချေ။ အသိပညာရှင်များနှင့် စိတ်ဝိညာဉ်သုတေသီဆရာတို့ စူးစမ်းလေ့လာ၍ လိမ်လည်မှုဖြစ်သည်ဟု မည်သို့မျှ စွပ်စွဲ၍မရနိုင်သော (ဝါ) စိတ်တန်ခိုးသတ္တိဖြင့် အကယ်ပင် အံ့ဖွယ်သရဲ ပြုလုပ်ပြသသည်ဟု ယူဆရန် အထောက်အထား ခိုင်လုံသောနတ်ဝင်များအကြောင်း လွန်ခဲ့သောအခန်း၌ ပြဆိုခဲ့ပေပြီ။ ဤနတ်ဝင်တို့ကဲ့သို့ အံ့ဖွယ်သရဲအမှုများကြောင့် မဟုတ်ဘဲ အကြားအမြင် ရသည်ဆို၍ ဝိညာဏဝါဒီတို့ ယုံကြည်ကိုးစားသော နတ်ဝင်တစ်မျိုး ရှိသေး၏။ ထိုနတ်ဝင်တို့သည် သက်ရှိလူများကို တမလွန်လောကသို့ ရောက်ရှိနေသော သေသူ့ဝိညာဉ်များနှင့် ဆက်သွယ်ပေးနိုင်သည်ဆို၏။ စိတ်ဝိညာဉ်သုတေသီဆရာတို့၏ လေ့လာချက်အရ အချို့သော ဤနတ်ဝင်များ အကြားအမြင်ရသည်ဆိုခြင်းမှာ ယုံမှားစရာမရှိချေ။ သေသူများနှင့် ဆက်သွယ်သည်ဆိုခြင်းကား အချို့ဆရာတို့က လက်ခံ၍ အချို့ဆရာတို့ မယုံကြည်ကြချေ။

သေသူများနှင့် ဆက်သွယ်သည်ဆိုရာ၌ နတ်ဝင်၏ လုပ်နည်းလုပ်ဟန်မှာ ဤသို့ဖြစ်၏။ နတ်ဝင်သည် ဘဝင်ကျနေစဉ် တမလွန်လောကမှ ဝိညာဉ်မှ တစ်ဆင့် မိမိတို့သိလိုသော သေသူ့ဝိညာဉ်နှင့် ဆက်သွယ်ကြရ၏။ တစ်ခါတစ်ရံ၌မူ သေသူ့ဝိညာဉ်ကိုယ်တိုင် နတ်ဝင်ကို ပူးကပ်၍ (ဝါ) ဓာတ်စီး၍ ၎င်းနှင့် တိုက်ရိုက်ဆက်သွယ်နိုင်၏၊ ဓာတ်စီးနေသော နတ်ဝင်သည် လူများမေးသမျှကို သေသူ့ဝိညာဉ်အနေဖြင့် ဖြေဆိုမှ သေသူက ပြောလိုသော အကြောင်းအရာများကိုလည်း နတ်မေးသူများအား ပြောပြ၏။

ဓာတ်စီးနေသောအခိုက်အတန့်၌ နတ်ဝင်သည် နတ်မေးသူ၏ အကြောင်းအရာကိုသော်လည်းကောင်း၊ နတ်မေးသူ၏ ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်း တစ်ဦးဦး၏ အကြောင်းခြင်းရာကိုသော်လည်းကောင်း တိကျမှန်ကန်စွာ ပြောပြလေ့ရှိ၏။ သို့ရာတွင် ဤသည်မှာ သေသူ့ဝိညာဉ်၏ အစွမ်းသတ္တိဖြင့် သိရှိ၍ပြောပြနိုင်ခြင်း ဖြစ်သည်ဟု တပ်အပ်မဆိုသာချေ။ ဤနေရာ၌



နတ်ဝင်၏ တယ်လီပသီစွမ်းအင်ကို ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားရပေမည်။ တယ်လီပသီနည်းအားဖြင့် နတ်ဝင်သည် အနီးအနားရှိ ပုဂ္ဂိုလ်တစ်ဦး၏စိတ်ကူးစက်၍ ထိုသူသိရှိသမျှကို အလိုလိုသိရှိနိုင်စွမ်းရှိရကား နတ်ဝင်ပြောသော စကားများ တိကျမှန်ကန်နေခြင်းသည် သေသူ၏ပယောဂကြောင့် လုံးဝမဟုတ်ဘဲ နတ်ဝင်၏ တယ်လီပသီစွမ်းအင်ကြောင့်သာလျှင် ဖြစ်ပေလိမ့်မည်။ နတ်ဝင်သည် အနီးအနားရှိ လူတစ်ဦးတစ်ယောက်၏ အတိတ်နှင့်ပစ္စုပ္ပန်ကိုသာမက အနာဂတ်ကိုပင် မှန်ကန်စွာ ဟောပြောနိုင်သည်ဆိုစေ၊ ထိုအစွမ်းသတ္တိမှာ သေသူ့ဝိညာဉ်နှင့် မဆိုင်ဘဲ နတ်ဝင်၏ ပရဝိညာဉ်စွမ်းအင်မျှသာ ဖြစ်နေပေရာ၏။

သို့ရာတွင် အချို့သောနတ်ဝင်တို့၏ လုပ်ဆောင်မှုကို လေ့လာရာ၌ကား ကျွန်ုပ်တို့သည် တယ်လီပသီကို ထည့်သွင်းစဉ်းစား၍ မရအပ်ချေ။ အဘယ်ကြောင့်ဆိုသော် နတ်ဝင်သည် အနီးရှိလူတစ်ဦးထံမှ စိတ်ဓာတ်ကူးစက်၍ သိနိုင်ရန် အကြောင်း မရှိသောကြောင့်ဖြစ်၏။ ဤနေရာ၌ နာမည်ကျော် နတ်ဝင်တစ်ဦးဖြစ်သော မစ္စက်အော့စဗွန်လီအိုနတ် (Mrs Osborne Leonard) ၏ ပညာစွမ်းပြမှုကို ဖော်ပြပါအံ့။

မစ္စလီအိုနတ်သည် ဗြိတိသျှစိတ်ဝိညာဉ်သုတေသနအသင်းက အထူးစေ့စပ်သေချာစွာ လေ့လာခဲ့သော နတ်ဝင်ဖြစ်၏။ သူ့ကိုလေ့လာရာ၌ သူ့ထံသွားရောက်သော လူများအကြောင်း သူဘာမျှမသိအောင် လျှို့ဝှက်ထားခြင်း၊ သူ့မှာ ထိုလူများအကြောင်း သတင်းရနိုင်သော နည်းများရှိ မရှိ စုံထောက်များလွှတ်၍ စုံစမ်းစေခြင်း စသည်ဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြ၏။ သို့စဉ်လျက် မစ္စက်လီအိုနတ်သည် မိမိထံလာသူများ အကြောင်းကို အသေးစိတ်မှန်ကန်စွာ ပြောပြနိုင်၏။ သူသည် လျှို့ဝှက်သောနည်းဖြင့် စူးစမ်း၍ ထိုသို့သိရှိခြင်းဖြစ်သည်ဟု မည်သူကမျှ မစွပ်စွဲနိုင်ချေ။

ဤသည်မှာ တယ်လီပသီစွမ်းအင် ဖြစ်ဟန်ရှိသဖြင့် စိတ်ဝိညာဉ်သုတေသီဆရာတို့သည် အခြားတစ်နည်းဖြင့် ပညာစမ်းကြ၏။ လူတစ်ဦးသည် မည်းမှောင်နေသော အခန်းထဲရှိ စာအုပ်ပုံထဲမှ စာအုပ်တစ်အုပ်ကို အမှတ်မထင်ဆွဲယူပြီးလျှင် အိတ်တစ်ခုထဲသို့ထည့်၍ အိတ်ကို ချိပ်ပိတ်လိုက်၏။ သို့ဖြင့် ထိုစမ်းသပ်ပွဲ၌ရှိသော လူအားလုံးသည် စာအုပ်အကြောင်းကို ဘာမျှမသိကြချေ။ ထို့နောက် ဓာတ်စီးနေသော မစ္စက်လီအိုနတ်အား စာအုပ်အကြောင်းကို မေး၏။ မစ္စက်လီအိုနတ်သည် စာအုပ်အကြောင်း အချက်ငါးချက်ကို ပြောပြ၏။ ပထမအချက်မှာ စာအုပ်စာမျက်နှာ ၁၅ ၌ ဂျိုသြမေတြီနှင့်ဆိုင်သော အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အရာ ပါရှိသည်ဆိုသောအချက်ဖြစ်၏။ သူ၏ပြောဆိုချက်များကို ရေးမှတ်ထားပြီးလျှင် ထိုအချက်အားလုံး မှန်ကန်နေသည်ကို တွေ့ကြရလေသည်။

ဤစမ်းသပ်မှု၌ အချက်ငါးချက်စလုံး မှန်ကန်နေခြင်းမှာ အကြောင်းမဲ့ တိုက်ဆိုင်နေခြင်းကြောင့် မဖြစ်နိုင်ချေ။ မည်သူမျှ မသိသောအရာကို သိရှိမှု ဖြစ်သောကြောင့် တယ်လီပသီကို စဉ်းစားရန်လည်း မလိုချေ။

အခြားစမ်းသပ်မှုတစ်ခုမှာ အီအာဒေါ့ဆိုသော ပါမောက္ခတစ်ဦး၏ စမ်းသပ်မှုဖြစ်၏။ ပါမောက္ခသည် နတ်ဝင်က သေသူ့ဝိညာဉ်နှင့် ဆက်သွယ်နိုင်သည်ဆိုသောစကားကို လုံးဝမယုံချေ။ သို့ဖြစ်၍ မစ္စတာ သောမတ်ဆိုသော သူ၏မိတ်ဆွေတစ်ဦးအား မစ္စက်လီအိုနတ်ထံသို့ စေလွှတ်၍ ပညာစမ်းစေ၏။ စမ်းပုံကား မစ္စတာသောမတ်သည် နတ်ဝင်အား မိမိသည် အယ်လ်မာဆိုသော အမျိုးသမီးတစ်ဦး၏ကိုယ်စား သူ၏ဖခင်ဖြစ်၍ ၁၉၃၃ ခုနှစ် မေလ ၂၀ ရက်နေ့က ကွယ်လွန်သော ဝီလယမ်မက်ကောလေးနှင့် ဆက်သွယ်လိုကြောင်း ပြောရမည်။ ထိုသေသူ့ဝိညာဉ်နှင့် အဆက်အသွယ်ရရှိသောအခါ "ခင်ဗျားမသေမီက ခင်ဗျားနှင့်အတူ ရင်းရင်းနှီးနှီး အလုပ်လုပ်သွားသော လူနှစ်ဦးအကြောင်း ပြောပြနိုင်ပါမည်လား" ဟု မေးရမည်ဖြစ်၏။ မက်ကောလေးအကြောင်းကို မစ္စတာသောမတ် ဘာမျှမသိချေ။

ပါမောက္ခအကြံပေးသည့်အတိုင်း မစ္စတာသောမတ်သည် မစ္စက်လီအိုနတ်အား မေးမြန်းစုံစမ်းရာ မစ္စက်လီအိုနတ်သည် အားလုံး အချက် ၉၄ ချက် ပြောပြ၏။ ယင်းတို့အနက် အချက် ၇၀ မှန်ကန်၍ အချက် ၂၁ ချက်မှာ မရေမရာဖြစ်ပြီး အချက်သုံးချက်သာလျှင် မှားကြောင်းတွေ့ရ၏။ သို့ဖြစ်၍ ပါမောက္ခဒေါ့က "ဤအချက်များ မှန်ကန်နေခြင်းမှာ လိမ်လည်သောကြောင့် မဖြစ်နိုင်ပါ။ တယ်လီပသီကြောင့်လည်း မဖြစ်နိုင်ပါ။ ဤစမ်းသပ်မှုဖြင့် ကျွန်ုပ်မှာ မစ္စက်လီအိုနတ်သည် မိမိနှင့်သော်လည်းကောင်း၊ မိမိထံလာသောသူနှင့်သော်လည်းကောင်း အဆက်အသွယ်လုံးဝမရှိသော သက်ရှိပုဂ္ဂိုလ်၏ စိတ်ကို သိနိုင်စွမ်းရှိသည်။ သို့တည်းမဟုတ် သေပြီးပုဂ္ဂိုလ်၏ စိတ်ကို သိနိုင်စွမ်းရှိသည်ဟု ကျွန်ုပ်တို့ ယုံကြည်ရမလို ဖြစ်နေပါသည်။ ဤကောက်ချက်နှစ်ခုစလုံးကို မျက်ကွယ်ပြုရန် နည်းလမ်းမမြင်ပါ" ဟု ဝန်ခံခဲ့လေသည်။

သေသူ၏ သတင်းပေးပို့မှု ဖြစ်ဟန်ရှိသော မစ္စလီအိုနတ်အကြောင်း မှတ်တမ်းတစ်ခုကို ဗြိတိသျှစိတ်ဝိညာဉ် သုတေသနဂျာနယ်၌ ဖော်ပြထား၏။ မစ္စက်ဟူးတယ်လဘော့ဆိုသော အမျိုးသမီးတစ်ဦးသည် တစ်ခါက မစ္စက်



လီအိုနတ်ထံသို့ သွားရောက်၍ ကွယ်လွန်သော မိမိခင်ပွန်းယောက်ျားအကြောင်းကို စုံစမ်း၏။ "ထိုအချိန်က မစ္စလီအိုနတ်သည် ကျွန်မအမည်နှင့် နေရပ်ကို မသိပါ။ ကျွန်မမှာလည်း ရှေးယခင် သူ့ထံမသွားဖူးပါ။ အခြားနတ်ဝင်တစ်ဦးဦးနှင့်လည်း တစ်ခါမျှ မဆက်သွယ်ခဲ့ဖူးပါ" ဟု မစ္စက်ဟူးတယ်လဘော့က ဆိုလေသည်။

ဓာတ်စီးနေသော နတ်ဝင်သည် ကွယ်လွန်သော မစ္စတာဟူးတယ်လဘော့၏ ရုပ်လက္ခဏာ၊ သူတို့ဇနီးမောင်နှံနှစ်ဦးသာ သိရှိသော အတိတ်ကဖြစ်ရပ်များနှင့် သူအမြတ်တနိုးထားသော ကိုယ်ပိုင်ပစ္စည်းများအကြောင်းကို မှန်ကန်စွာ စုံစုံစေ့စေ့ပြောပြ၏။ ထို့နောက် စာအုပ်တစ်အုပ်အကြောင်းကို နတ်ဝင်၏ ဓာတ်စီးက စေ့ငုသေချာစွာ ပြောပြ၏။

ဓာတ်စီး၏အဆိုအားဖြင့် စာအုပ်မှာ အရှည် ၁၀ လက်မခန့်၊ အကျယ် ၅ လက်မခန့် အရွယ်ရှိပြီး ပုံနှိပ်စာအုပ်မဟုတ်ဘဲ အထဲ၌ ရေးမှတ်ထားသော မှတ်စုစာအုပ်ဖြစ်ကြောင်း၊ စာအုပ်အဖုံးမှာ အညိုရောင် သားရေဖုံးဖြစ်ကြောင်း သိရှိရ၏။ ဓာတ်စီးက မစ္စတာတယ်လဘော့သည် သူ၏ဇနီးအား ထိုစာအုပ်ကို ရှာဖွေ၍ စာမျက်နှာ ၁၂ သို့မဟုတ် ၁၃ ကို ကြည့်စေလိုကြောင်း၊ ထိုစာမျက်နှာ၌ ရေးသားထားချက်မှာ ယခု သူတို့စကားပြောပြီးသည့်နောက်ပိုင်း၌ စိတ်ဝင်စားဖွယ်ရာ ကောင်းမည်ဖြစ်ကြောင်း ပြောပြလေသည်။

မစ္စက်တယ်လဘော့မှာ ထိုစာအုပ်၌ သိပ်စိတ်မဝင်စားလှချေ။ တစ်ခါက စာအုပ်ကို သူမြင်ဖူးသလို ရှိသော်လည်း ယခု မည်သည့်နေရာသို့ ရောက်နေသည်ကို သူမသိတော့ချေ။ သို့ဖြင့် စာအုပ်ကိုတွေ့လျှင် သူကြည့်ပါမည်ဟု မတင်မကျ ပြန်ပြော၏။ သို့ရာတွင် နတ်ဝင်၏ ဓာတ်စီးက ယခုပြောသော စာအုပ်ကို ရှာဖြစ်အောင်ရှာရန်ပြော၍ "စာအုပ်နှစ်အုပ်ရှိပါသည်။ ယခုပြောသော စာအုပ်မှာ အတွင်းရှေ့ စာမျက်နှာ၌ ဥရောပနှင့် အခြားဘာသာစကားများ အကြောင်း ဇယားပါရှိသည်"ဟု ဆိုလေသည်။

မစ္စက်တယ်လဘော့သည် စိတ်မပါတပါနှင့်ပင် စာအုပ်ကို ရှာဖွေရာ စာအုပ်စင်တစ်ခု၏နောက်တွင် မိမိခင်ပွန်းသည်၏ မှတ်စုစာအုပ်ဟောင်းနှစ်ခုကို တွေ့ရှိ၏။ စာအုပ်တစ်အုပ်မှာ ဓာတ်စီးပြောသည့် အညိုရောင်အဖုံးနှင့်အရွယ် အတိုင်းပင်ဖြစ်၏။ အဖုံးကို လှန်ကြည့်ရာ ဥရောပနှင့် အခြားဘာသာများ၏ စာရင်းဇယားကို တွေ့ရ၏။ စာမျက်နှာ ၁၃ ၌ အောက်ပါအတိုင်း စာအုပ်တစ်အုပ်မှ ကူးရေးထားသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်သည် ပတ်ဝန်းကျင်ရှိ လူများအချင်းချင်း လေသံဖြင့်ပြောသော စကားများ သနားကြင်နာသော အမူအရာလက္ခဏာဖြင့် ကြည့်ပုံများကို ထောက်ချင့်၍ သေခါနီးပြီဖြစ်ကြောင်း သိရှိပါသည်။ မကြာမီ ကျွန်ုပ်၏စိတ်မှ နောင်ခံစားရမည့် ချမ်းသာသုခနှင့် ကျွန်ုပ် ယခုတကယ်ခံစားနေရသော ချမ်းသာသုခ ဆီသို့ အာရုံရောက်သွားပါသည်။ အတိတ်၌ မေ့နေပြီဖြစ်သော ကစားဖော်များ၊ ကျောင်းနေဘက်များ၊ ငယ်ရွယ်စဉ်က အပေါင်းအဖော်များနှင့် သက်ကြီးရွယ်အိုဘဝက မိတ်ဆွေများ၏ ပုံသဏ္ဍာန်များကို မြင်လာပါသည်။ သူတို့၏ပြုံးပုံမှာ သနားသောအမူအရာမပါပါ။ ထိုသနားမှုကို ကျွန်ုပ် မလိုတော့ပါ။ ချမ်းသာသုခရရှိသော ပုဂ္ဂိုလ်များအချင်းချင်း ကြင်နာသော အမူအရာလက္ခဏာမျိုးနှင့် သူတို့ ပြုံးနေကြပါသည်။ အရင်က ကွယ်လွန်သွားသော ကျွန်ုပ်၏အမေ၊ အဖေနှင့် အစ်မများကို ကျွန်ုပ်မြင်ပါသည်။ သို့သော် စကားမပြောသော်လည်း သူတို့၏မေတ္တာစိတ် ကြီးမားလေးနက်မှုကို ကျွန်ုပ်သိပါသည်။ သူတို့ပေါ်ပေါက်လာသောအချိန်၌ ကျွန်ုပ်သည် စိတ်ဝိညာဉ်ကို အိပ်ရာပေါ်ရှိ ကိုယ်ခန္ဓာနှင့် ဆက်စပ်ပေးရန် ကြိုးစားပါသေးသည်။ သို့ရာတွင် အချည်းနှီးဖြစ်၍ ကျွန်ုပ်အသက်ဇီဝိန် ချုပ်ငြိမ်းသွားပြီဖြစ်ပါသည်။"

မစ္စက်လီအိုနတ်ကဲ့သို့ပင် ထင်ရှားကျော်ကြား၍ စိတ်ဝိညာဉ်သုတေသီတို့၏ အထူးလေ့လာခြင်းခံရသော နတ်ဝင်မှာ အမေရိကန်အမျိုးသမီး မစ္စက်ပိုက်ပါ (Mrs Piper) ဖြစ်၏။ မစ္စက်ပိုက်ပါကို နှစ်ပေါင်းများစွာ စူးစမ်းလေ့လာသောသူများမှာ အနိယတ ပုဂ္ဂိုလ်များမဟုတ်၊ နဂိုမူလက နတ်ဝင်များကို လုံးဝမယုံသော စိတ်ပညာပါမောက္ခ ဝီလီယမ်ဂျိမ်း၊ နတ်ဝင်လူလိမ်များကို လိုက်လံဖော်ထုတ်နေသော ဒေါက်တာရိချက်ဟော့ဆင်(Richard Hodgson) နှင့် အခြားနာမည်ကျော် ပညာရှင်များဖြစ်ကြ၏။

သူတို့သည် မစ္စက်ပိုက်ပါကို မျက်ခြည်မပြတ် လိုက်လံကြည့်ရှုကြ၏။ စုံထောက်များငှား၍ သူနှင့်သူ့ဆွေမျိုးသားချင်းများနောက်သို့ လိုက်လံစုံထောက်စေ၏။ သူ့ကို ပတေစမ်းသော ပုဂ္ဂိုလ်တို့သည် မိမိတို့ကို မည်သူမှန်း မသိအောင် ရုပ်ဖျက်ထားကြ၏။ သို့စဉ်လျက် မစ္စက်ပိုက်ပါသည် သူ့ထံသို့လာသော လူများ၏အကြောင်းအရာကို တိကျမှန်ကန်စွာ ပြောပြနိုင်လေသည်။

မစ္စက်ပိုက်ပါသည် အမေရိကန်ပြည်၌ ကျော်ကြားပုံသဖြင့် ၁၈၈၉ ခုနှစ်တွင် ဗြိတိသျှ စိတ်ဝိညာဉ်သုတေသနအသင်းက သူ့အား ပညာစမ်းရန် အင်္ဂလန်ပြည်သို့ ဖိတ်ခေါ်၏။ သူသည် မိမိအား ပညာစမ်းမည့် လီဗာပူတက္ကသိုလ်



မှ ရူပဗေဒပါမောက္ခ ဆာအော်လီဗါလော့၏ အိမ်၌နေထိုင်လျက်ရှိစဉ် မစ္စတာလော့သည် သူမလိမ်နိုင်အောင် အိမ်ရှိဓာတ်ပုံများ မိသားစုမှတ်တမ်း စသည်တို့ကို သော့ခတ်ထားခြင်း၊ သူ၏သေတ္တာကို တိတ်တဆိတ်ရှာဖွေခြင်း၊ သူ့ထံလာသော လူများအမည်ကို ပြောင်းလဲထားခြင်း စသော ကြိုတင်ကာကွယ်မှုများကို ပြုလုပ်၏။ သို့ရာတွင် မစ္စက်ပိုက်ပါသည် အမရိကန်ပြည်မှာကဲ့သို့ပင် ပညာရှင်တို့၏ စမ်းသပ်ပွဲကို အောင်မြင်၍ သူ့ကို လိမ်ညာပါသည်ဟု မည်သူကမျှ မစွပ်စွဲနိုင်ကြချေ။

ပါမောက္ခလော့သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ က သေဆုံးခဲ့သော မိမိဦးလေးတစ်ယောက်၏ နာရီဟောင်းတစ်ခုကို မစ္စပိုက်ပါအား ဓာတ်စီးနေစဉ် ပေးပြီးလျှင် သူသိသမျှကို ပြောပြစေ၏။ ဓာတ်စီးသည် နာရီ၏မူလပိုင်ရှင် မည်သူမည်ဝါဖြစ်ကြောင်း ချက်ချင်းပြောပြ၍ နောက်ကာလ၌မူ ဓာတ်စီး၏နေရာကို လေ့လာ၏။ ဦးလေးဖြစ်သည်ဆိုသော ဝိညာဉ်က ယူပြီးလျှင် မိမိငယ်စဉ်က အဖြစ်အပျက်များကို အကြိမ်ကြိမ်ပြောပြ၏။ လော့သည် မိမိဦးလေး၏ ကျောင်းသားဘဝ ဖြစ်ရပ်များကို ဘာမျှမသိချေ။ နတ်ဝင်၏ ပြောပြချက်များကို ရေးမှတ်ထားပြီးလျှင် မိမိဦးလေးနှင့်အတူ ငယ်စဉ်က အတူနေခဲ့သော ဆွေမျိုးသားချင်း ငယ်ပေါင်းကြီးဖော်များအား စုံစမ်းကြည့်ရာ အတော်များများ မှန်ကန်နေသည်ကို တွေ့ရလေသည်။

ဗြိတိသျှနှင့် အမေရိကန်စိတ်ဝိညာဉ်သုတေသန အသင်းများသည် မစ္စက်ပိုက်ပါကို နှစ်ပေါင်းများစွာ စူးစမ်းလေ့လာခဲ့ကြရာ စုစုပေါင်း ဒေါ်လာငွေ တစ်သိန်းငါးသောင်းခန့် ကုန်ကျ၍ သူ့အကြောင်း သုတေသနမှတ်တမ်းများမှာ စာမျက်နှာ သုံးထောင်ကျော်ရှိ၏။

ထိုမှတ်တမ်းများ၌ အထက်ကပြဆိုခဲ့သော ပါမောက္ခလော့၏ တွေ့ရှိရချက်ကဲ့သို့ မစ္စက်ပိုက်ပါသည် သေသူများနှင့် ဆက်သွယ်သည်ဟု ယူဆရန် အထောက်အထားများကို ဖော်ပြထား၏။ ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်တွေ့မှာ အောက်ပါအတိုင်းဖြစ်၏။

"ကျွန်ုပ်သည် မစ္စက်ပိုက်ပါထံသို့ သွားရင်း လမ်းတွင် သတင်းစာထဲ၌ လူတစ်ဦး၏ နာရေးကြော်ငြာကို ဖတ်လိုက်ရပါသည်။ ထိုနေ့၌ပင် မစ္စက်ပိုက်ပါကို ကွယ်လွန်သူ (F ဟု ခေါ်ကြပါစို့)၏ တူမဖြစ်၍ F ၏ အရင်က သေဆုံးခဲ့သော E က ဝင်ပူးပြီးလျှင် F မှာ ထိုနေရာ၌ သူနှင့်အတူရှိကြောင်း၊ သို့ရာတွင် တိုက်ရိုက်စကားမပြောနိုင်ကြောင်း သူမသည် F သေခါနီး၌ အနီး

www.burmeseclassic.com

www.burmeseclassic.com



တွင် ရှိ၍ စကားပြောခဲ့ကြောင်း၊ F သည် သူ့ကိုမှတ်မိ၍ သူပြောသောစကားကို ကြားဟန်လက္ခဏာပြကြောင်း စာရေးပြပါသည်။ နောက်တစ်ရက်ခန့်ကြာသောအခါ F သေခါနီး၌ အနီးတွင်ရှိနေသော ဆွေမျိုးသားချင်းတစ်ဦးက F သည် အသက်ထွက်ခါနီးတွင် တူမ E ကိုမြင်၍ E က သူ့အား စကားပြောသွားကြောင်း ပြောပြခဲ့သည်ဟု အလိုအလျောက်ထွက်ဆိုပါသည်။ E က F အား သေခါနီးတွင် ပြောသောစကား (ထိုစကားကို သတင်းပို့သူက မဖော်ပြဘဲ လျှို့ဝှက်ထားသည်)နှင့် ပတ်သက်၍ နတ်ဝင်၏ အဆိုနှင့် ဆွေမျိုးသားချင်း၏ အဆိုမှာလည်း ထပ်တူဖြစ်နေပါသည်။"

မစ္စက်ပိုက်ပါအကြောင်း သုတေသနမှတ်တမ်းလာ သေသူနှင့် ဆက်သွယ်မှုများအနက် စိတ်ဝိညာဉ်သုတေသီတို့ အထူးစိတ်ဝင်စားသော အမှုမှာ G.P ၏ အမှုဖြစ်၏။

G.P မှာ ၁၈၈၈ ခုနှစ်က မစ္စက်ပိုက်ပါထံသို့ လာဖူး၍ သုတေသနဆရာတို့က အမည်မှန်ကို နတ်ဝင်မသိအောင် ပြောင်းလွဲထားသော အမည်ဝှက်ဖြစ်၏။ ၎င်းမှာ လူငယ်တစ်ဦးဖြစ်၍ နတ်ဝင်၏ ပညာစွမ်းကို မယုံချေ။ နတ်ဝင်၏ အချို့သောဟောပြောချက်များ မှန်ကန်ခြင်းမှာ ပညာစွမ်းကြောင့်မဟုတ်ဘဲ လျှို့ဝှက်သော ရိုးရိုးနည်းများဖြင့် သိရှိသောကြောင့် ဖြစ်သည်ဟု ယူဆ၏။

နောက်လေးနှစ်ကြာသောအခါ G.P သည် ရုတ်တရက် သေဆုံးသွား၏။ မစ္စက်ပိုက်ပါသည် ဤအကြောင်းကို မသိ။ သိသည့်တိုင်အောင် စိတ်ဝင်စားမည် မဟုတ်။ အဘယ်ကြောင့်ဆိုသော် သူသည် သေသူ၏အမည်မှန်ကို မကြားဖူးသည့်အပြင် G.P ကို တစ်ကြိမ်သာမြင်ဖူး၏။

နောက်ရက်အနည်းငယ်ခန့်အကြာတွင် ဒေါက်တာဟော့ဆင် (နတ်ဝင်လူလိမ်များကို လိုက်လံဖော်ထုတ်နေသော သုတေသနဆရာ)သည် G.P ၏ မိတ်ဆွေတစ်ဦးနှင့်အတူ မစ္စပိုက်ပါထံသို့ လိုက်ပါသွား၏။ နတ်ပွဲ၌ G.P သည် မစ္စပိုက်ပါကို ခာတ်စီးပြီး မိမိအမည် G.P ဖြစ်ကြောင်းပြော၍ နတ်ပွဲလာပုဂ္ဂိုလ်များ၏ အမည်များကိုလည်း ပြောပြ၏။ မိမိမသေမီက အသိမိတ်ဆွေ မစ္စတာဟောဝပ်၏သမီး ကက်သရင်းနှင့်စကားပြောခဲ့ပုံ၊ သေသောအခါ မိမိအကျီမှ ကြယ်သီးတစ်ခုကို မိခင်ဖြစ်သူက ချွတ်ယူ၍ ယခုနတ်ပွဲလာသူငယ်ချင်းထံ အမှတ်တရပေးပို့ခဲ့ပုံ စသည်များကိုလည်း ပြောပြ၏။ နောက်ရက်သတ္တနှစ်ပတ် ကြာသောအခါ ဟောဝပ်တို့မိသားစုသည် နတ်ဝင်ထံလာကြ၍ G.P



က အတွင်းကျကျကိစ္စများကို ဖော်ထုတ်ပြောသောအခါ များစွာ အံ့ဩသွား၏။ နောက်တစ်ကြိမ်၌ နတ်ပွဲလာ ပုဂ္ဂိုလ်များမသိသော ထိုအချိန်က မစ္စက်ဟောဝပ်နှင့် သူ့မိဘများ ပြုလုပ်နေသော အမှုများကို တိကျမှန်ကန်စွာ ပြောပြ၏။

အခြားနတ်ပွဲများ၌ G.P သည် အသက်ရှိစဉ်က မိမိပိုင်ဆိုင်၍ ယခုလူများက နတ်ဝင်ထံသို့ ယူလာသောပစ္စည်းများအကြောင်းကို အသေးစိတ်မှန်ကန်စွာ ပြောပြ၏။ မိမိ၏အခြားပစ္စည်းများအကြောင်းကိုလည်း သူကောင်းစွာ မှတ်မိသိရှိသော လက္ခဏာအထောက်အထားများ ပြ၏။ ထိုပစ္စည်းများအကြောင်းပြောပြရာ၌ G.P သည် ဘယ်အခါမှ မမှားချေ။

G.P သည် နတ်ဝင်တို့ထံ ယူလာသော ပစ္စည်းများအကြောင်းကို အသေးစိတ် မှန်ကန်စွာ ခွဲခြားမှတ်မိ၏။ မိမိ မိတ်ဆွေများနှင့် ပတ်သက်၍ သူမှတ်မိသမျှ ပြောပြချက်မှာလည်း ဘယ်အခါမှ လွဲမှားသည်မရှိ။ အခြားထူးခြားချက်များမှာ သူ့မိတ်ဆွေများသည် အမှန်တကယ် G.P က သူတို့အား စကားပြောနေသည်ဟု ယုံကြည်ကြရာ ထိုသို့ယုံကြည်ခြင်းမှာ သူ၏ပြောပြချက်များ မှန်ကန်သောကြောင့်မဟုတ်၊ ပြောပြသောပုဂ္ဂိုလ်မှာ ပြောပုံဆိုပုံဟန်ပန်အမူအရာ လက္ခဏာအားဖြင့် သက်ရှိ G.P နှင့် တစ်ထေရာတည်း တူနေသောကြောင့် ဖြစ်၏။ ဤသည်မှာ G.P ကို ဘယ်အခါကမျှ မသိခဲ့သော နတ်ဝင်၏ အတုခိုးသရုပ်ဆောင်မှု မဖြစ်နိုင်ချေ။

ဒေါက်တာဟော့ဆင်သည် G.P အမှုကို စူးစမ်းလေ့လာ၍ စိတ်ဝိညာဉ်သုတေသနအသင်းသို့ တင်ပြသောမှတ်တမ်းမှာ စာမျက်နှာ သုံးရာခန့်ရှိ၏။ ထိုအခါက မစ္စက်ပိုက်ပါ၏ ပညာစွမ်းကို ကိုယ်တိုင် ဂရုတစိုက်လေ့လာခဲ့သော အမေရိကန် စိတ်ပညာရှင် ဝီလီယမ်ဂျိမ်း၏ မှတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်၏။

"ဒေါက်တာဟော့ဆင်သည် မစ္စက်ပိုက်ပါ၏ အမှုမှာ လိမ်လည်မှုမဖြစ်နိုင်ဟု ယူဆရာ ကျွန်ုပ်သည် သူနှင့်သဘောတူ ဖြစ်ပါသည်။ ဤနတ်ဝင်ကို လူအတော်များများက နှစ်ပေါင်း ၁၅ နှစ်ကြာမျှ စောင့်ကြပ်ကြည့်ရှုခဲ့ရာ ထိုသူများမှာ မသင်္ကာဖွယ်ရာ အချက်တစ်ခုခု တွေ့ရှိသည်နှင့် တစ်ပြိုင်နက် ဖော်ထုတ်ရန် အသင့်စောင့်နေကြသူများ ဖြစ်ပါသည်။ သို့စဉ်လျက် သူသည် မိမိထံလာသော သူများအကြောင်းကို ရိုးရိုးသဘာဝနည်းများဖြင့် သိရှိခြင်းဖြစ်သည်ဟု မည်သူကမျှ မဆိုပါ။ သိပ္ပံပညာရှင်တို့ကမူ လိမ်လည်လှည့်စားမှု ဖြစ်သည်ဟု ဆိုပါလိမ့်မည်။ သို့ရာတွင် သိပ္ပံပညာ၌ အဆိုတစ်ခုသည် အထောက်အထား

www.burmeseclassic.com

www.burmeseclassic.com



ရှိရမည်ဖြစ်ရာ အထောက်အထားကင်းမဲ့သော ထိုအဆိုမှာ မစ္စက်ပိုက်ပါ၏ အမှု၌ ဒိဋ္ဌဓမ္မများကို ရှင်းပြရန်အတွက် သိပ္ပံနည်းကျသော အဆိုမဖြစ်နိုင်ချေ။"

နတ်ဝင်တို့သည် တစ်ခါတစ်ရံ ဓာတ်စီးထံမှရရှိသော သတင်းကို နှုတ်ဖြင့်မပြောဘဲ စာဖြင့် ရေးပြလေ့ရှိ၏။ ဤနည်းကို အော်တိုမက်တစ် Automatic Writing (အလိုအလျောက်) စာရေးသားခြင်းဟု ခေါ်၏။ လုပ်နည်းလုပ်ဟန်မှာ နတ်ဝင်သည် ခဲတံတစ်ချောင်းကို လက်ထဲတွင် ခပ်ဖော့ဖော့ကိုင်ထား၍ အခြားအရာတစ်ခုခုတွင် အာရုံစူးစိုက်ထားရ၏။ ထိုအခါ ခဲတံမှာ အလိုလို မသိမသာရွေ့လျား၍ အဓိပ္ပာယ်ရှိသောစာသားများ ပေါ်လာ၏။ ဤစာရေးသားခြင်းမျိုးမှာ နတ်ဝင်များသာ ပြုလုပ်နိုင်သော အမှုမဟုတ်၊ မည်သူမဆို စိတ်ရှည်လက်ရှည် ကြိုးစားလေ့ကျင့်ပေးပါက ထိုစာမျိုးရေးသားနိုင်သည်ဟု ဆို၏။

စိတ်ပညာရှင်တို့ကမူ အော်တိုမက်တစ်စာများသည် ဓာတ်စီးသို့မဟုတ် သေသူ့ဝိညာဉ်၏လက်ရာ မဟုတ်။ စာရေးသူ၏ ဘဝင်စိတ် (ဝါ) မသိစိတ်မှ ထွက်ပေါ်လာခြင်းဖြစ်သည်ဟု ယုံကြည်ကြ၏။ ထိုစာမျိုးရေးနေသော အခိုက်အတန့်၌ မသိစိတ်တို့သည် မနောဝိညာဉ်၏ အနှောင်အဖွဲ့မှ ကင်းလွတ်၍ အသိနယ်ထဲသို့ ရောက်လာကြ၏။ ဉာဏ်ကြီးရှင် ကဗျာစာဆိုနှင့် စာရေးဆရာတို့သည် စာရေးနေသောအခါ အားထုတ်မှုမရှိ၊ စိတ်ဝိညာဉ်က စေ့ဆော်မှုမရှိဘဲ သူတို့ကလောင်က အလိုအလျောက် ရွေ့လျားရေးသား၍ ပြောင်မြောက်သော ကဗျာစာပေများ ထွက်ပေါ်လာခြင်းဖြစ်သည်ဟု ဆို၏။ ဤအဆိုမှာ စိတ္တဗေဒဆရာတို့ စူးစမ်းလေ့လာတွေ့ရှိရချက်များနှင့် ကိုက်ညီသော်လည်း စိတ်ဝိညာဉ်သုတေသနနယ်မှ အချို့သော ဒိဋ္ဌဓမ္မများနှင့် မဝင်ဆံ့ချေ။

ဤနေရာ၌ ၁၉၁၃ ခုနှစ်က အမေရိကန်အမျိုးသမီး မစ္စက်ကာရန် Mrs. Curran ၏ အော်တိုမက်တစ် စာပေများကို စဉ်းစားရပေမည်။ ထိုစာပေများမှာ ပေးရှင့်ဝါ့သ် Patience Worth ဟု သူ့ကိုယ်သူ ခေါ်သော ဓာတ်စီး၏ ပယောဂဖြင့် ထွက်ပေါ်လာသော စာပေများဖြစ်၍ ပေးရှင့်ဝါ့သ်မှာ ၁၇–ရာစုအတွင်းက အင်္ဂလန်ပြည်မှ အမေရိကန်ပြည်သို့ ပြောင်းရွှေ့လာသော အင်္ဂလိပ်အမျိုးသမီးတစ်ဦး ဖြစ်သည်ဆို၏။ ပေးရှင့်ဝါ့သ်သည် ဝတ္ထုကဗျာအတော်များများ ရေးသားခဲ့ပေရာ ယင်းတို့မှာ အတန်အဆင့်အတန်းမြင့်သည်ဟု စာပေပညာရှင်များက ယူဆကြ၏။ ထူးခြားချက်မှာ သူ၏ဝတ္ထုများတွင် ၁၇–ရာစုခေတ်က သုံးစွဲသော အင်္ဂလိပ်ဆက်ဆွန်စကားများ ၉၀ ရာခိုင်နှုန်းမျှ



ပါရှိ၍ ထိုခေတ်က အင်္ဂလန်ပြည်၏ အခြေအနေကို တိကျမှန်ကန်စွာ ဖော်ပြထားခြင်း ဖြစ်၏။

သုတေသီဆရာဟုံ့သည် မစ္စက်ကာရန်၏ အော်တိုမက်တစ်စာပေများကို သေချာစွာ ဆန်းစစ်လေ့လာ၍ အရင်းအမြစ်ကို အမျိုးမျိုးတွေးခေါ်ကြံဆကြ၏။ အချို့က မစ္စက်ကာရန်သည် ၁၇–ရာစုခေတ် အင်္ဂလိပ်စာပေနှင့် သမိုင်းကို တစ်ချိန်က လေ့လာမှတ်သားထားပြီး ထိုသို့ပြုလုပ်ခဲ့ခြင်းကို ယခု သတိမရတော့ဘဲ အော်တိုမက်တစ် စာပေအနေဖြင့် ဖော်ထုတ်ခြင်းဖြစ်သည်ဟု ဆိုကြ၏။ သို့ရာတွင် မစ္စက်ကာရန်မှာ အင်္ဂလန်ပြည်ကို ရောက်ဖူးသူမဟုတ်။ သမိုင်းပညာအခြေခံဗဟုသုတလည်း အလွန်နည်းပါး၍ ၁၇–ရာစုခေတ် အင်္ဂလန်ပြည်အကြောင်းကို အထူးလေ့လာရန် အခွင့်အလမ်းမရှိ။ စိတ်ဆန္ဒလည်း မရှိခဲ့ချေ။

အချို့ကမူ ဤအော်တိုမက်တစ်စာပေများသည် မစ္စက်ကာရန်၏ နာမ်ခန္ဓာကွဲ (ဝါ) ဘဝင်စိတ်၏ လုပ်ဆောင်ဖန်တီးမှု ဖြစ်သည်ဟု ယူဆကြ၏။ သို့ရာတွင် ဤအမှုနှင့် လွန်ခဲ့သော အခန်း (၆)၌ ပြဆိုခဲ့သည့် နာမ်ခန္ဓာကွဲအမှုများ၏ ကွဲပြားခြားနားသော အချက်တစ်ခုရှိ၏။ နာမ်ခန္ဓာကွဲအမှုများတွင် မူလခန္ဓာနှင့် ခန္ဓာကွဲသည် တစ်ချိန်တည်းတွင် အတူမရှိဘဲ တစ်ခုဖြစ်ပေါ်လျှင် အခြားတစ်ခုက ပျောက်ကွယ်နေစမြဲဖြစ်၏။ မစ္စက်ကာရန်၏ အမှု၌ကား မူလကာယကံရှင်သည် ဘယ်အခါမျှ လုံးဝဖယ်ထုတ်ခြင်း မခံရချေ။ "ဤစာရေးသားမှုနှင့် ပတ်သက်၍ ထူးဆန်းသောအချက်မှာ ဓာတ်စီးနေသောအခါ၌ ကျွန်မ ဘယ်အခါမျှ သတိလက်လွတ်မသွားပါ။ စာရေးနေစဉ် ကျွန်မ ပတ်ဝန်းကျင်ရှိ အရာအားလုံးနှင့် ကျွန်မ မည်သူမည်ဝါဖြစ်ကြောင်း ကောင်းစွာ သိရှိနေပါသည်" ဟု မစ္စက်ကာရန်က ဆိုလေသည်။

သေသူနှင့် ဆက်သွယ်သည်ဆိုသော အမှုများအနက် အပြည့်အစုံမှတ်တမ်းတင်ထားသော စိတ်ဝင်စားဖွယ်အကောင်းဆုံးအမှုမှာ ၁၉၀၆ ခုနှစ်ကစ၍ သေသူများနှင့် ဆက်သွယ်ခဲ့သည်ဆိုသော အင်္ဂလိပ်အော်တိုမက်တစ် စာရေးသူများ၏ အမှုဖြစ်၏။ ထိုစာရေးသူများတွင် မစ္စက်ပိုက်ပါ ပါဝင်သော်လည်း ၎င်းတို့မှာ အများအားဖြင့် နတ်ဝင်များမဟုတ်ဘဲ မစ္စက်ဗာရယ်ဆိုသူ တက္ကသိုလ်ကထိက ဆရာမတစ်ဦးနှင့် အခြားပညာတတ် ဂုဏ်သရေရှိ အမျိုးသမီးများဖြစ်၍ အများအားဖြင့် စိတ်ဝိညာဉ်သုတေသနလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေကြသူများ ဖြစ်၏။ သူတို့နှင့်ဆက်သွယ်သည်ဆိုသော တမလွန်သားများမှာ မကွယ်လွန်မီက ဗြိတိသျှ စိတ်ဝိညာဉ်သုတေသနအသင်းကို တည်ထောင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော ပညာရှင်သုံးဦး၊ အမေရိကန် စိတ်ဝိညာဉ်သုတေသီ ဒေါက်တာဟော့ဆင်နှင့် အခြားဂုဏ်သရေရှိ ပုဂ္ဂိုလ်သုံးဦး ဖြစ်ကြ၏။

ထိုတမလွန်ဘုံသားများထံမှ ရရှိသည်ဆိုသော အော်တိုမက်တစ် စာများ၏ ထူးခြားချက်မှာ အကြောင်းရပ် တစ်ခုအား ရည်ညွှန်းထားသော စာများကို စာရေးသူတို့ တစ်ချိန်တည်းလိုလို တစ်သီးတခြားစီ ရရှိကြခြင်းဖြစ်၏။ စာရေးသူ တစ်ဦးစီ၏ ရေးသားချက်များကို ကြည့်ပါက ဆိုင်ရာအကြောင်းရပ်ကို သိရမည်မဟုတ်။ ထိုရေးသားချက်အားလုံးကို စုပေါင်း ဆက်စပ်ကြည့်ပါမှ ဆိုင်ရာ အကြောင်းရပ်သည် ထင်ရှားပေါ်လွင်လာမည်ဖြစ်၏။ ကွယ်လွန်သူ မေယာနှင့် သူ၏အဖော်များမှာ အသက်ထင်ရှားရှိစဉ်က ရှေးဟောင်းဂရိနှင့် လက်တင်စာပေပညာရှင်များဖြစ်ကြ၍ သူတို့ထံမှရရှိသော အော်တိုမက်တစ်စာများမှာလည်း အများအားဖြင့် ထိုရှေးဟောင်းစာပေမှ အကြောင်းတစ်ရပ်ရပ်ကို ဦးတည်ရေးသားထားသည်ကို တွေ့ရ၏။ ၎င်းတို့တွင် ရှေးဟောင်းစာပေနှင့် ဆိုင်သော ရည်ညွှန်းချက်များ မရှင်းလင်းသော စာပိုဒ်များနှင့် ပဟေဠိဆန်ဆန် ရေးသားထားချက်များလည်း ပါရှိ၏။ ဂရိနှင့်လက်တင်စာပေများကို ကျွမ်းကျင်နှံ့စပ်သော ပညာရှင်များသာလျှင် ၎င်းတို့ကို လေ့လာဆန်းစစ်၍ အနက် အဓိပ္ပာယ်ဖော်နိုင်ကြလေသည်။

ဤအော်တိုမက်တစ် ပဟေဠိစာပေမှာ ကနဦးမူလက တစ်စုံတစ်ခုသော ရည်ရွယ်ချက်ဖြင့် တမင်သက်သက် စီမံဖန်တီးထားခြင်း ဖြစ်ကြောင်း ယုံမှားစရာ မရှိချေ။ စာရေးသူများနှင့် ဆက်သွယ်သည်ဆိုသော ကွယ်လွန်သူများက တမလွန်လောကဌ် သူတို့ ဧကန်မုချရှိကြောင်း ထင်ရှားစေရန် တမင်ဖန်တီးခြင်း ဖြစ်သည်ဟု ဆိုကြ၏။ ဤအဆိုကို လက်မခံလိုသော သူတို့ကမူ သက်ရှိပုဂ္ဂိုလ်များက တယ်လီပသီနည်းအားဖြင့် စာရေးသူများထံ ပေးပို့ခြင်းဖြစ်ရမည်ဟု ယူဆကြ၏။ သို့ရာတွင် သက်ရှိလူတစ်စု၏ စိတ်ဝိညာဉ်များသည် မည်သူမျှ မသိစေဘဲ အချင်းချင်းတိုင်ပင်၍ စုပေါင်းလုပ်ဆောင်ကြသည်ဆိုခြင်းမှာ သေသူများက စီမံဖန်တီးခြင်းဖြစ်သည်ဆိုခြင်းကဲ့သို့ပင် ယုံတမ်းစကားလိုလိုဖြစ်နေမည် မဟုတ်ပါလော။

ဤပဟေဠိစာပေများသည် စာရေးသူတို့၏ နာမ်ခန္ဓာကွဲများမှ ထွက်ပေါ်လာခြင်း ဖြစ်သည်ဟူ၍လည်း အချို့ကဆိုကြ၏။ ဤအဆိုမှာ ယုတ္တိမတန်ချေ။ ကာယကံရှင်များသည် ရှေးဟောင်းစာပေဗဟုသုတ နည်းပါးသူများဖြစ်ရာ ထိုမျှ ခက်ခဲနက်နဲသော စာပေကို အဘယ်မှာ ဖန်တီးနိုင်ပါမည်နည်း။ စာရေး



သူများတွင် ပဟေဠိစာပေ၏ ဆယ်ပုံကိုးပုံကို ထုတ်ဖော်သူမှာ မစ္စက်ဝီလက်ဆိုသော အမျိုးသမီးဖြစ်ပေရာ ၎င်း၏ထူးခြားချက်ကိုလည်း ကျွန်ုပ်တို့ သတိပြုဖို့လို၏။ မစ္စက်ဝီလက်မှာ ရှေးဟောင်းစာပေကို လုံးဝလေ့လာဖူးသူ မဟုတ်။ ထို့အပြင် သူသည် နာမ်ခန္ဓာကွဲအား နေရာဖယ်ပေးရခြင်းမရှိ။ အထက်ကဖော်ပြခဲ့သော မစ္စက်ကာရန်ကဲ့သို့ပင် သူသည် စာရေးနေသောအချိန်၌ ကောင်းစွာ သတိရှိနေ၍ တစ်ခါတစ်ရံ မိမိအားစေ့ဆော်နေသော မေယာ၏ဝိညာဉ်မှာ မိမိအနီးအနား၌ ရှိနေသည်ဟု ထင်မြင်ယုံကြည်မိပါသည်ဟု မစ္စက်ဝီလက်က ဆိုလေသည်။

ဤပဟေဠိစာပေမှာ တမလွန်လောကရှိကြောင်း ခိုင်မာသောအထောက်အထား ဖြစ်သည်ဟု စိတ်ဝိညာဉ်သုတေသီ အတော်များများ ခံယူထားကြ၏။ ၎င်းအကြောင်း မှတ်တမ်းများမှာ စာမျက်နှာထောင်ကျော်၍ တမလွန်ဘဝကို လက်မခံလိုသော အနောက်တိုင်း ရှေးဟောင်းပြဿနာတစ်ရပ် ဖြစ်လျက် ရှိပေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၁၁ ]

# သေသူနှင့် ဆက်သွယ်မှုလော

သေသူ့ထံမှ နတ်ဝင် ရရှိသည်ဆိုသောစကားများသည် အများအားဖြင့် ရှင်းလင်းပြတ်သားခြင်း မရှိချေ။ နတ်ဝင်က နှုတ်ဖြင့် ပြောသောစကားဖြစ်စေ၊ လက်ဖြင့် ရေးပြသော စကားဖြစ်စေ သဲသဲကွဲကွဲ ပြည့်ပြည့်စုံစုံ မဟုတ်ဘဲ ကဘောက်ချိကဘောက်ချာ ဖြစ်နေတတ်၏။ ဤနေရာ၌ ပုံစံအနေဖြင့် စိတ်ဝိညာဉ်သုတေသနဆရာတစ်ဦး၏ မှတ်တမ်းမှ သာဓကတစ်ခုကို ဖော်ပြပါအံ့။

တစ်ခါက အော်တိုမက်တစ် စာရေးသူအမျိုးသမီးတစ်ဦးသည် ပထမ ကမ္ဘာစစ်ကြီးအတွင်းက စစ်ပွဲ၌ကျဆုံးသွားသော မိမိ၏အသိမိတ်ဆွေတစ်ဦး (D ဟု ခေါ်ကြပါစို့) နှင့် ဆက်သွယ်လျက်ရှိ၏။ ၁၉၁၆ ခုနှစ် ဒီဇင်ဘာလ တစ်ညတွင် D က သူသည် သူသေပြီးသည့်နောက်မှ သိရသော အဖော်တစ်ဦးနှင့် မိတ်ဆက်ပေးလိုကြောင်း။ ထိုသူမှာ အသက်ရှိစဉ်က လူကောင်းတစ်ယောက် ဖြစ်သော်လည်း သေခါနီး၌ မကောင်းမှုတစ်ခု ပြုမိ၍ ယခု စိတ်မချမ်းမသာ ဖြစ်နေကြောင်း ပြောပြ၏။ (ဝါ) စာနှင့်ရေးပြ၏။ ထို့နောက် ထိုသေသူသည် စာရေးသူကို ဓာတ်စီး၍ သူပြောလိုသောအချက်များကို စာရေးသူမှတစ်ဆင့် ရေးပြခဲ့ပေရာ အောက်ပါမှာ သေသူနှင့် နတ်မေးသူတို့၏ အမေးအဖြေများ ဖြစ်၏။

"ကျွန်တော်ဟာ ကြောက်တာနဲ့ အတော်ဆိုးဝါးတဲ့ အမှုတစ်ခုကို ပြုမိပါတယ်။ အဲဒီလိုပြုမိတဲ့အတွက် ကျွန်တော့်ကိုယ်ကျွန်တော် ခွင့်မလွှတ်နိုင်ဘူး။ အမှုက ကမ္ဘာလူသားတွေ မထင်တဲ့အမှုဖြစ်ပါတယ်။ ကျွန်တော်တော့ အခွင့်အလမ်းတစ်ခု လွတ်သွားပြီ"



"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

"ဂိုက်မင်းလို့ ခေါ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ကျွန်တော် ဒီမှာ ရှိနေခဲ့တယ်"

"B... ကောလိပ်မှာလား"

"မဟုတ်ဘူး၊ X...ကောလိပ်မှာပါ" (ကောလိပ်အမည်ကို ရေးပြသည်။)

"ဘယ်တုန်းက ခင်ဗျားသေဆုံးတာလဲ"

"ကျွန်တော်သေတာ ကြာပြီ။ နှစ်ပေါင်းငါးဆယ်ရှိပြီထင်တယ်"

ထို့နောက် သေသူက သန့်ရှင်းမြေရာ မရှိကြောင်းပြော၏။

"ခင်ဗျား စစ်ပွဲမှာ ကျဆုံးတာလား"

"မဟုတ်ဘူး၊ စစ်တိုက်ရင်းသေသွားရင် ကျွန်တော် ယခုပျော်ရွှင်နေမှာပေါ့"

"ခင်ဗျား ဘာတွေလုပ်ခဲ့သလဲ"

"ကျွန်တော်လုပ်တာ မအောင်မြင်ဘူး။ သို့ပေမယ့် တခြားလူမှာ နစ်နာပြီး ကျွန်တော် အသက်ချမ်းသာရာရခဲ့တယ်။ စိတ်ကူးကြံစည်မှုကတော့ရှိတာပဲ။ ဒါပေမယ့် ကျွန်တော်တို့နှစ်ဦးစလုံး မရှောင်နိုင်ကြဘူး"

"ဘာကိုမရှောင်နိုင်တာလဲ"

"သေခြင်းတရားကို မရှောင်နိုင်ခဲ့ဘူး"

"ခင်ဗျား ဒီမှာ (အသက်ရှိစဉ်က) ဘာလုပ်သလဲ"

"စကားကို သင်ပြတယ်"

"သာသနာ့ဝန်ထမ်း အလုပ်လား"

"ဟုတ်တယ်"

"ခင်ဗျား ဘယ်မှာအလုပ်လုပ်သလဲ"

"နေရာ နာမည်ကို မေ့နေပြီ။ နေရာက အတော်ဝေးတယ်"

"ခင်ဗျား အိမ်ထောင်နဲ့လား"

"အို..."

"ခင်ဗျားအတွက် ကျွန်တော်တို့ လုပ်ပေးနိုင်တာများ ရှိသလား"

"ကျွန်တော် ဘာလုပ်ခဲ့တယ်ဆိုတာ ခုမှပဲသိရှိနားလည်တယ်။ ဆုတောင်းပြီး ကျွန်တော့်ကို ကူညီပါ။ ဒါဟာ အရေးအကြီးဆုံးပဲ"

"ခင်ဗျား ဘယ်မှာသေသလဲ"

"လန်ဒန်" (မထင်မရှား ရေးပြသည်။)

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအဖြေမှာ အလွန်ထူးဆန်း၏။ လန်ဒန်မြို့၌သေလျှင် သင်္ချိုင်းမြေရာ ရှိရပေမည်။ သို့စဉ်လျက် သေသူက သူ့မှာ သင်္ချိုင်းမြေရာ မရှိဟု အဘယ်ကြောင့်ဆိုပါသနည်း။ X ကောလိပ်ရုံးမှတ်တမ်း၌ ရှာဖွေကြည့်ရာ ဂျွန်ဂိုက်ဆိုသူသည် ၁၈၄၇ ခုနှစ်က အသက် ၁၇ နှစ်အရွယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း။ သာသနာ့ဘောင်သို့ဝင်၍ ဩစတြေးလီယသို့ ထွက်ခွာသွားရာ သူစီးနင်း လိုက်ပါလာသော အက်(စ)အက်(စ)လန်ဒန် အမည်ရှိ သင်္ဘောမှာ ၁၈၆၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့၌ ဘစ္စကေပင်လယ်အော်၌ နစ်မြုပ်၍သေဆုံးကြောင်း တွေ့ရ၏။ အခြားမှတ်တမ်းတစ်ခု၌ ဂျွန်ဂိုက်သည် သားများမရှိဘဲ ၁၈၆၆ ခုနှစ်၌ ကွယ်လွန်သည်ဟု ဖော်ပြထား၏။

သုတေသနဆရာသည် ဆက်လက်၍ လန်ဒန်တိုင်းသတင်းစာဟောင်းများကို ရှာဖွေစစ်ဆေးကြည့်ရာ ၁၈၆၆ ခုနှစ် ဇန်နဝါရီလ ၁၈၊ ၁၇ နှင့် ၁၉ ရက်နေ့ထုတ် သတင်းစာများ၌ အက်(စ)အက်(စ)လန်ဒန် သင်္ဘောနစ်မြုပ်သော သတင်းများ ဖော်ပြထားသည်ကို တွေ့ရ၏။ သင်္ဘောခရီးသည် ၂၇၀ ရှိသည့် အနက် ၁၉ ယောက်သာလျှင် အသက်ချမ်းသာရာရ၏။ ဂျွန်ဂိုက်မင်းဆိုသူ၏ အမည်ကို ဒုတိယတန်းခရီးသည် အမည်စာရင်း၌ ဖော်ပြထား၏။ အော်တိုမက်တစ် စာရေးသော အမျိုးသမီးမှာ ထိုလန်ဒန်သင်္ဘော ပျက်စီးမှုကို ဘယ်အခါကမျှ မကြားဖူးချေ။

သို့ဖြင့် သေသူ၏ စကားများမှာ စူးစမ်းလေ့လာ၍ သိရှိရသောအချက်များနှင့် အားလုံးကိုက်ညီနေသည်ကို တွေ့ရ၏။ သို့ရာတွင် သေသူသည် သေခါနီး၌ သူပြုခဲ့သော မကောင်းမှုနှင့် သူအလုပ်လုပ်ခဲ့သော နေရာကို မပြောနိုင်ချေ။ သာသနာ့ဝန်ထမ်းဖြစ်၍ သားမယားမရှိကြောင်းကိုလည်း တိကျပြတ်သားစွာ မပြောဘဲ မေးသူက စကားထောက်ပေး၍ ကြံဆယူရကြောင်း သတိပြုသင့်ပေ၏။

စိတ်ဝိညာဉ် သုတေသနပညာရှင် ဒေါက်တာဟော့ဆင်၏ အမြင်အားဖြင့်ကား သေသူပြောသောစကားများ တစ်ခါတစ်ရံ လွဲမှားခြင်း၊ မပြည့်စုံခြင်း၊ မရှင်းလင်းမပြတ်သားခြင်းမှာ မဆန်းလှချေ။ စင်စစ် မိမိပြောလိုသောအကြောင်းကို ရေရေလယ်လယ်ပြောပြရန်ကိစ္စမှာ သေသူအဖို့ လွယ်ကူသောကိစ္စမဟုတ်ချေ။ သေပြီးသည့်နောက်တွင် သူ့မှာ အတော်ကြာမျှ စိတ်ရှုပ်ထွေးနေပေလိမ့်မည်။ ဘဝသစ်တွင် အသားကျပြီးသည့်နောက်ပိုင်း၌လည်း သက်ရှိလူများနှင့် ဆက်ဆံရသောအခါ သူ့မှာ စိတ်ကြည်လင်လာမည် မဟုတ်ချေ။ ကြာရှည်မေ့



မျှောနေရာမှ သတိရလာသောလူကဲ့သို့ ဘုမသိဘမသိ ကြောင်တောင်တောင်ဖြစ်နေမည်အမှန် ဖြစ်၏။ လူ့လောကသို့ သူရောက်လာရာ၌ မူလခန္ဓာကိုယ်နှင့် မဟုတ်ဘဲ သူတစ်ပါး၏ကိုယ်ကို အမှီပြု၍ ရောက်လာရခြင်းကိုလည်း ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားရပေမည်ဟု ဒေါက်တာဟော့ဆင်က ဆိုလေသည်။

အမှန်ဆိုသော် သေသူ့ထံမှ ကျွန်ုပ်တို့ ကြားသိရချက်များသည် နတ်ဝင်၏ ဘဝင်စိတ်နှင့် သေသူ့ဝိညာဉ် ပေါင်းဆုံရာမှ ထွက်ပေါ်လာသော တစ်ဆင့်စကားများဖြစ်၍ ရာခိုင်နှုန်းပြည့် သေသူ၏ စကားများမဖြစ်နိုင်ချေ။ သေသူများကိုယ်တိုင်ကလည်း မိမိတို့၏ အခက်အခဲများကို သိရှိနားလည်ကြ၏။ ကွယ်လွန်သူ မေယာက မိမိသည် တမလွန်ဘဝမှနေ၍ လူများနှင့်ဆက်သွယ်ရခြင်းမှာ မှန်နံရံနောက်မှနေ၍ ခပ်ထုံထုံထိုင်းထိုင်း စာရေးမတစ်ဦးအား ပြောပြနေရသည်နှင့် တူပါသည်။ ကျွန်ုပ်ပြောလိုသောအချက်ကို လူအများ နားလည်အောင်ပြောပြရန် အလွန်ခက်ပါသည်ဟု ဆိုလေသည်။

နတ်ဝင်များမှတစ်ဆင့် သေသူများ ပြောပုံဆိုပုံကို အချို့လူများ အားရကျေနပ်မှုမရှိခြင်းမှာ အစမူလက တမလွန်ဘုံသား့တို့ကို အတိုင်းထက်အလွန် အထင်ကြီးခဲ့ကြသောကြောင့် ဖြစ်၏။ စင်စစ် တမလွန်ဘုံသားများသည် ကျွန်ုပ်တို့ထက် အဆင့်အတန်းမြင့်သည်ဟု ထင်မြင်ရန် အကြောင်းမရှိချေ။ လွန်ခဲ့သော အခန်း၌ ဖော်ပြခဲ့သော သာဓကများကို ကြည့်ပါက ၎င်းတို့၏သိမှုမှာ မသေမီက ဘဝအတွေ့အကြုံများသာလျှင် ဖြစ်ကြောင်း ထင်ရှား၏။ နတ်ဝင်မစ္စက်လီအိုနတ်၏ ဟောပြောချက် အံ့ဖွယ်လီလီ မှန်ကန်နေခြင်းမှာ တယ်လီပသီနည်းမပါသော်လည်း သေသူ၏ပယောဂလည်းမပါဘဲ နတ်ဝင်၏ ပရစိညာဉ်စွမ်းဆောင်မှုဖြစ်တန်ရာ၏။

ထို့ကြောင့် သေပြီးသည့်နောက် နတ်ဝင်ကို ဓာတ်စီး၍ ပြောသည်ဆိုသော စိတ်ဝိညာဉ် သုတေသနဆရာ မေယာက မိမိသည် တမလွန်လောကသို့ ရောက်ရှိနေသော်လည်း အသိအမြင် တိုးပွားမလာပါ။ လူ့ဘဝက မဖြေရှင်းနိုင်သော ပြဿနာများကို ဆက်လက်ရင်ဆိုင်၍ အတွေးအခေါ်များဖြင့် အချိန်ကုန်ရပါသည်။ သေပြီးသည့်နောက် အသိအမြင်တိုးမလာဘဲ နဂိုအတိုင်းရှိနေခြင်းမှာ ကျွန်ုပ်တို့အဖို့ အံ့ဩစရာဖြစ်နေသည်ဟု ဆို၏။ အခြားတမလွန်ဘုံသား သုတေသနပညာရှင် ဂါနယ်ကလည်း ကျွန်ုပ်တို့၏ အသိနယ် ကျဉ်းမြောင်းမှုကို သင်တို့နားလည်ဟန် မတူပါ။ ကျွန်ုပ်သိသော်လည်း သင်တို့အား ပြောမပြနိုင်သော အချက်များရှိပါသည်။ သို့ရာတွင် ကျွန်ုပ်မသိသော အရာက များပါသည်ဟု ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ခက်ခဲနက်နဲသော လူ့ဘဝပြဿနာများနှင့် ပတ်သက်၍ တမလွန်ဘုံသားများပြောသော စကားများမှာ တစ်ဦးနှင့်တစ်ဦး ညီညွတ်ခြင်း မရှိချေ။ ပုံစံအားဖြင့် လူသေပြီးနောက် လူပြန်ဖြစ်မဖြစ်ပြဿနာနှင့်ပတ်သက်၍ တမလွန်ဘုံသားများသည် တစ်ယောက်တစ်မျိုးစီ ပြောကြ၏။ ၁၉၄၄ ခုနှစ် ဧပြီလ ၂၀ ရက်နေ့က နတ်ဝင် မစ္စက်လီအိုနတ်မှတစ်ဆင့် တမလွန်ဘုံသား ဆာအော်လီဗာလော့ ပြောသော စကားအရဆိုသော် နာမ်ခန္ဓာသည် အတွေ့ အကြုံ မရင့်ကျက်ပါက တမလွန်လောက၌ နေသားတကျဖြစ်မည်မဟုတ်။ သာမန်ပုဂ္ဂိုလ်တို့သည် တမလွန်ဘဝကို မိမိတို့အကျိုးစီးပွားအတွက် ပြည့်ပြည့်ဝဝ အသုံးမချတတ်ကြသောကြောင့် လူ့ပြည်သို့ ပြန်သွားကြရ၏။ မသေမီက ရုပ်ခန္ဓာ အစွမ်းကုန်ကြီးပွားတိုးတက်ခဲ့သောပုဂ္ဂိုလ်မှာ အမတဘုံသို့ရောက်ရှိ၍ လူ့ဘဝသို့ ပြန်သွားရန်မလို။ သို့ရာတွင် လူအများစုမှာ ပြန်သွားကြရသည် ဆို၏။

၁၈၉၅ ခုနှစ်၌ ဂျေဂျေမို့(စ) ဆိုသော နတ်ဝင်တစ်ဦးမှတစ်ဆင့် တမလွန် ဘုံသားတစ်ဦး ပြောပြချက်အရဆိုသော် ဤ လူသေလျှင်လူပြန်ဖြစ်သည်ဆိုသော စကားမှာ မမှန်ပါ။ တမလွန်လောကမှာ သေသူ၏ ကြီးပွားမှုအတွက် ပြီးပြည့် စုံပြီးဖြစ်၏။ လူသတ္တဝါ မွေးဖွားပုံ အကြောင်းအရာကို အပြည့်အစုံ လူတို့သိရှိ နားလည်သော တစ်နေ့တွင် လူသေလူဖြစ်အယူမှာ မုချပျောက်ကွယ်သွားရမည် ဖြစ်ပါသည်ဆို၏။

တမလွန်ဘုံသားများထံမှ မိမိသိရှိရသည်ဆိုသော နာမည်ကျော် အမေ ရိကန်နတ်ဝင် အက်ဒဂါကေစီကမူ တမလွန်လောကမှ သတ္တဝါများ သင်တို့ထံ လာရောက်ဝင်စားနိုင်ရန် အစစအရာရာ ပြင်ဆင်ထားပါ။ လူဝင်စားရန်အတွက် သင်နှင့်သင့်ဘဝကြင်ဖော်၏ သဘောထားမှုသည် အရေးကြီးပါသည်။ လူ့ဘဝသို့ ကူးပြောင်းလာမည့် သတ္တဝါ၏ စိတ်ဓာတ်စရိုက်သည် မိဘများ၏ စိတ်နေ သဘောထားပေါ်၌ တည်ပါသည်ဟု ဆိုလေသည်။

လွန်ခဲ့သော အခန်း၌ ပြဆိုခဲ့သည့် အံ့ချီးဖွယ်ရာ အော်တိုမက်တစ်စာပေ များ ဖန်တီးခဲ့သော မစ္စက်ကာရန်၏ ဓာတ်စီးမှုကမူ တမလွန်လောကမှ ကလေး သူငယ်ဘဝသို့ ကူးပြောင်းရန် မည်သူ့အလိုရှိပါမည်နည်း။ လူသေလူဖြစ်သည် ဆိုခြင်းမှာ မည်သို့အဓိပ္ပာယ်ရှိပါမည်နည်း။ အမှတ်သညာ လုံးဝကင်းသော ကလေး ပြန်ဖြစ်ရမည့်ဘဝမှာ အနှစ်သာရ ကင်းမဲ့လှသည်ဟု ဆိုလေသည်။

ဤသို့ဖြင့် လူသေလူဖြစ်မှုနှင့် ပတ်သက်၍ သေသူတို့က တစ်ယောက် တစ်မျိုးစီ ဆိုကြခြင်းမှာ လူသည် သေပြီးနောက်၌ တမလွန်ဘဝ၌ အသိအမြင်



ထူးထူးခြားခြား တိုးတက်မလာသောကြောင့် ဖြစ်တန်ရာ၏။ အထက်ပါစကား များမှာ သေသူသို့မဟုတ် နတ်ဝင်တို့၏ ထင်မြင်ချက်များသာ ဖြစ်ပေလိမ့်မည်။

အချို့သော နတ်ဝင်များနှင့် သေရွာပြန် ပုဂ္ဂိုလ်တို့၏ ပြောပြချက်အရ ဆိုသော် လူတို့သည် သေခါနီးဆဲဆဲ၌ မိမိတို့မှာ ခန္ဓာကိုယ်၏ ပြင်ပသို့ရောက် ရှိနေပြီး အထဲပြန်မဝင်နိုင် ဖြစ်နေသည်ကို တွေ့ကြရ၏။ မိမိတို့ပတ်ဝန်းကျင် အရာဝတ္ထုများနှင့် အသိမိတ်ဆွေများကို မြင်ရသော်လည်း မိမိတို့ကိုယ်ကို မြင်အောင်၊ ကြားအောင် မပြုလုပ်နိုင်ချေ။ ဝိညာဉ်ချုပ်ခါနီး၌ ကွယ်လွန်လေ ပြီးသော ဆွေမျိုးသားချင်းနှင့် အပေါင်းအသင်းများကို တွေ့ရ၍ ၎င်းတို့ကို ထိတွေ့နိုင် စကားပြောနိုင်သည်ဆို၏။ သေပြီးစလူများသည် မိမိတို့နေရာဟောင်း ကို တွယ်တာ၍ ရေးကကဲ့သို့ ကာမဂုဏ်စည်းစိမ် ခံစားနေလိုကြ၏။ တစ်ခါ တစ်ရံ သူတို့သည် သက်ရှိလူများကို မှီးကပ်၍ သူတို့အလိုဖြည့်ကြ၏။ အများ အားဖြင့်ကား သူတို့အရင် သေဆုံးပြီးဖြစ်သော သားချင်းသို့မဟုတ် မိတ်ဆွေ များ၏ ကူညီစောင်မမှုဖြင့် တမလွန်လောကတွင် တဖြည်းဖြည်း နေသားကျ သွား၏။

ထိုတမလွန်လောက၌ ရေမြေတောတောင် သစ်ပင်ပန်းမာလ် အဆောက် အအုံ လူသုံးပစ္စည်းနှင့် တိရစ္ဆာန် သတ္တဝါများပင် ရှိသည်ဆို၏။ ၎င်းတို့မှာ ဤကမ္ဘာပေါ်မှ သက်ရှိသက်မဲ့ ရုပ်ဝတ္ထုများနှင့် တူသလိုရှိသော်လည်း စင်စစ် မတူ။ တမလွန်ဘုံသားတို့၏ အတွေးအခေါ် လိုအင်ဆန္ဒ ရည်ရွယ်ချက်နှင့်အညီ ဖြစ်ပေါ်ကြ၏။ တမလွန်လောက၌ ဘုံအမျိုးမျိုးရှိရာ အချို့ဘုံသားများမှာ စိတ်ပျော်ရွှင်၍ အချို့မှာ ရွှင်ပျခြင်း မရှိချေ။ သေသူများသည် အလေ့အကျင့် စရိုက် ဝါသနာတူသူ အချင်းချင်း စုပေါင်းနေထိုင်ကြ၍ စိတ်ဓာတ်ရင့်ကျက် လာသည်နှင့်အမျှ ဘုံအဆင့်ဆင့် တက်ကြရသည်ဆို၏။

ဤသည်မှာ ဝိညာဏဝါဒီတို့၏ ရေးသားထားချက်များဖြစ်၍ ယင်းတို့ကို စိတ်ဝိညာဉ်သုတေသနစာပေ၌ မတွေ့ရချေ။ ဝိညာဏဝါဒီနှင့် စိတ်ဝိညာဉ် သုတေသီကို ကျွန်ုပ်တို့ ခွဲခြား၍နားလည်ဖို့လို၏။ စိတ်ဝိညာဉ်သုတေသီသည် ဝိညာဏဝါဒီကဲ့သို့ ဝါဒစွဲ ဆန္ဒစွဲ ရှိသူမဟုတ်ချေ။ နတ်ဝင်များပြောသမျှကို လည်း လက်မခံဘဲ စူးစမ်းလေ့လာသောသူ ဖြစ်၏။ အထက်ပါတမလွန်လောက အကြောင်းအရာများမှာ စင်စစ် မှားသည်မှန်သည် စူးစမ်းလေ့လာ၍ မရှိ သောကြောင့် စိတ်ဝိညာဉ်သုတေသနပညာရှင်တို့က မစဉ်းစားဘဲ လျစ်လျူပြု ထားခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တမလွန်ဘဝ ရှိမရှိ ပြဿနာနှင့် ပတ်သက်၍မူကား သုတေသနဆရာအဖို့ သိပ္ပံနည်းကျကျ စူးစမ်းလေ့လာရန် ဒိဋ္ဌမေမျှများရှိ၏။ ယင်းတို့ကို လေ့လာရာမှ တမလွန်ဘဝရှိကြောင်းယူဆရန် တွေ့ရှိသောအထောက်အထားအမျိုးမျိုးကို ဖော်ပြခဲ့ပေပြီ။

ပထမအထောက်အထားမှာ တစ္ဆေအကြောင်း ကျွန်ုပ်တို့လေ့လာသိရှိရချက်ဖြစ်၏။ တစ္ဆေသည် ရှေးလူတို့ယုံကြည်သည့်အတိုင်း အကောင်အထည်နှင့် သွားလာလှုပ်ရှားနေသော တမလွန်ဘုံသားမဟုတ်။ လူတို့၏ စိတ်ထင်မြင်မှုမျှသာ ဖြစ်သည်ဟူ၍လည်း မဆိုနိုင်ချေ။ ၎င်းသည် သေသူအစစ်မဟုတ်ဘဲ သေသူ၏ အရိပ်နိမိတ်မျှသာဖြစ်သော် ဖြစ်ပေလိမ့်မည်။ သို့ရာတွင် သေသူနှင့် တစ်နည်းနည်း ဆက်စပ်နေသည်ဟု ယူဆရန်ရှိ၏။

ထို့ထက်ပိုမိုခိုင်မာသော အထောက်အထားမှာ နတ်ဝင်တို့ကို လေ့လာရာမှ တွေ့ရှိရချက်များဖြစ်၏။ နတ်ဝင်တို့ကို လေ့လာရာ၌ လေ့လာသူမှာ မူလပထမ ၎င်းတို့ကိုယုံသောသူမဟုတ်။ သို့ဖြစ်၍ ၎င်းတို့ မလိမ်နိုင်အောင် အမျိုးမျိုးကြိုတင်ကာကွယ်၍ အစစအရာရာ စေ့စပ်သေချာစွာ စုံစမ်း၏။ နတ်မေးသူ၏ အမည်ကို လျှို့ဝှက်ထား၍ အဖြေများကို လက်ရေးတိုဖြင့် အပြည့်အစုံ ရေးမှတ်ထား၏။ နတ်ဝင်သည် အခြားနည်းဖြင့် သတင်းမှန်ရနိုင်ခြင်း ရှိမရှိ စုံထောက်များထား၍ စုံစမ်း၏။ အချုပ်ဆိုသော် နတ်ဝင်များကို လေ့လာမှုမှာ စေ့စပ်သေချာ၍ သိပ္ပံနည်းကျကြောင်း ယုံမှားစရာမရှိချေ။ သို့ဖြစ်၍ အချို့သော နတ်ဝင်တို့နှင့် ပတ်သက်သော တွေ့ရှိရချက်များမှာ လွန်စွာအံ့သြဖွယ်ကောင်းသော်လည်း လိမ်လည်လှည့်စားမှု မဟုတ်ပါဟု လေ့လာသူအားလုံးက ဝန်ခံကြရ၏။

ထိုတွေ့ရှိရချက်များမှာ နတ်ဝင်သည် သေသူနှင့် အကယ်ပင် ဆက်သွယ်မှု ရှိမရှိ ဆင်ခြင်သုံးသပ်ရာ၌ အရေးပါသော အချက်ဖြစ်၏။ ဥပမာ သူဌေးကြီးဦးနီ၏ တစ်ဦးတည်းသောသား မောင်ဘသည် အသက် ၃၀ အရွယ်၌ စုပ်စမြုပ်စ ပျောက်ကွယ်သွား၏။ မိဘဆွေမျိုးများက နှစ်ပေါင်းများစွာ စုံစမ်းရှာဖွေသော်လည်း သတင်းအစအနမျှ မရရှိသဖြင့် သေပြီဟု လက်ခံယုံကြည်ထား၏။ သို့ရာတွင် နောင်နှစ်ပေါင်း ၂၀ ကြာသောအခါ အသက် ၅၀အရွယ် ပုဂ္ဂိုလ်တစ်ဦးပေါ်လာ၍ သူသည် ပျောက်ကွယ်နေသော မောင်ဘ ဖြစ်ပါသည်ဟု ဆို၏။ ထိုသူမှာ မျက်နှာတွင် တစ်ခါက ရရှိထားသော ဒဏ်ရာအမာရွတ်များနှင့် လက်နှစ်ဖက်စလုံးလည်း ပြတ်နေ၍ မောင်ဘနှင့် ရုပ်ဆင်းသဏ္ဌာန် လုံးဝ



မတူချေ။ သူက မိမိသည် မောင်ဘအစစ် ဖြစ်ပါသည်။ ဂျပန်တော်လှန်ရေး၌ ပါဝင်ခဲ့၍ တိုက်ပွဲတွင် ဒဏ်ရာရ၊ ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး လက်ဖြတ်ပစ်လိုက်ရခြင်း ဖြစ်ပါသည်ဟု ဆို၏။ သူ၏စကားမှန် မမှန် ကျွန်ုပ်တို့ မည်သို့စူးစမ်းရပါမည်နည်း။

လက်ပြတ်နေသောကြောင့် သူ၏လက်မဗွေပုံစံကို မောင်ဘ၏လက်မဗွေပုံစံနှင့် တိုက်ကြည့်ရန်မဖြစ်နိုင်ချေ။ ကျွန်ုပ်တို့ စဉ်းစားရန် အချက်သုံးချက်သာရှိရာ ယင်းတို့မှာ သူ၏ဟန်အမူအရာ၊ အသိပညာနှင့် အမှတ်သညာတို့ဖြစ်၏။ သူသည် မောင်ဘနှင့် ဟန်အမူအရာ အသိပညာတူ၍ မောင်ဘ၏ဘဝဖြစ်ရပ်များကို မှန်ကန်စွာပြောပြနိုင်ပါက မောင်ဘပင် ဖြစ်လိမ့်မည်ဟု ယူဆရန်ရှိ၏။ ထိုနည်းအတူ နတ်ဝင်၏ ဓာတ်စီးသည် သေသူ ဟုတ်မဟုတ် စူးစမ်းရာ၌ ထိုအချက်သုံးချက်ကို အခြေပြု၍ စူးစမ်းရပေမည်။ ထိုသို့စူးစမ်းလေ့လာပါက ဓာတ်စီးမှာ နတ်ဝင်ဖြစ်သည်ဟု ယူဆရန် အထောက်အထားများကို တွေ့ရမည်ဖြစ်၏။

နတ်ဝင်သည် ဓာတ်စီးနေသောအခိုက်၌ အသံနေအသံထားနှင့် ပြောဟန်ဆိုဟန် အမူအရာလက္ခဏာများမှာ သေသူနှင့် အံ့ဖွယ်လိလိ တူပါသည်ဟု သေသူအသက်ရှိစဉ်က ရင်းနှီးကျွမ်းဝင်သော လေ့လာသူများက အားလုံးတစ်ညီတစ်ညွတ်တည်း ဝန်ခံကြ၏။ အသိပညာတူညီနေခြင်းမှာမူ မေယာနှင့် စာပေပဟေဠိအမှု၌ ထင်ရှား၏။ စာပေပဟေဠိသည် သေသူ ရှေးဟောင်းစာပေပညာရှင် မေယာ၏ လက်ရာဖြစ်သည်ဆိုခြင်းမှာ များစွာ အံ့သြစရာမရှိချေ။ သို့ရာတွင် ဤအမှုမျိုးမှာ အလွန်နည်းပါး၍ အလားတူ အမှုမျိုးကို သုတေသနဆရာတို့ ရှာဖွေလေ့လာဖို့ လိုပေလိမ့်မည်။

ဓာတ်စီး၏ အမှတ်သညာမှာ အခိုင်မာဆုံး အထောက်အထားဖြစ်၏။ သေသူ၏ ဘဝဖြစ်ရပ်လျှို့ဝှက်ချက်များကို တိကျမှန်ကန်စွာပြောပြနိုင်ပုံ၊ သေသူ၏မိတ်ဆွေ သူငယ်ချင်းများနှင့် မိမိ၏ပစ္စည်းများကို ခွဲခြားမှတ်မိပုံများကို လွန်ခဲ့သော အခန်း၌ ပြဆိုခဲ့ပေရာ ယင်းတို့မှာ စိတ်ဝိညာဉ်သုတေသနစာပေမှသာဓကအနည်းငယ်မျှသာဖြစ်၍ အလားတူ အခြားသာဓက အမြောက်အမြားရှိသေး၏။ ပြောပြချက်များမှာ သာမညမဟုတ်ဘဲ အသေးစိတ် အတွင်းရေးကိစ္စများဖြစ်၍ တိကျမှန်ကန်နေခြင်းမှာ အကြောင်းမဲ့တိုက်ဆိုင်မှုများ ဖြစ်သည်ဟု မဆိုနိုင်ချေ။

ပညာဗဟုသုတ အခြေခံနည်းပါးသော မစ္ဆက်ကာရန်က ၁၇-ရာစုခေတ်

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိန်ပြည်အကြောင်း အဆင့်အတန်းမြင့်သော ဝတ္ထုကဗျာများ ရေးသားနိုင်ခြင်းမှာလည်း သေသူ၏ လက်ရာမဟုတ်ပါက ရှင်းပြရန် ခက်ခဲသောအမှုဖြစ်၏။ အော်တိုမက်တစ်စာရေးသူ အမျိုးသမီးတစ်စု၏ နာမည်ကျော်စာပေပဟေဠိကိစ္စမှာလည်း ရည်ရွယ်ချက်ရှိမှု စနစ်တကျ စီစဉ်မှုများ ထင်ရှား၍ တယ်လီပသီနည်းဖြင့် ရှင်းပြရန် မဖြစ်နိုင်ချေ။

အထက်ပါ တွေ့ရှိရချက်များကြောင့် အချို့သော စိတ်ဝိညာဉ်သုတေသီဆရာတို့သည် လူသေလျှင် ဘဝပြတ်မသွားဘဲ ဘဝသစ်တစ်ဖန်ဖြစ်သည်ဟု ယုံကြည်ကြ၏။ ထိုသုတေသီတို့မှာ အနိယတပုဂ္ဂိုလ်များ မဟုတ်ချေ။ စိတ်ဝိညာဉ်သုတေသနအသင်းကို တည်ထောင်ရာ၌ ပါဝင်၍ မည်သည့်ဝါဒစွဲဆန္ဒစွဲမျှမရှိဘဲ တမလွန်ဘဝ ပြဿနာကို နှစ်ပေါင်းများစွာ သိပ္ပံနည်းကျကျ နိုက်ချွတ်လေ့လာခဲ့ကြသော ပညာရှင်များဖြစ်၏။ သူတို့သည် သူတို့၏ယုံကြည်ချက်မှာ ရာခိုင်နှုန်းပြည့် သိပ္ပံနည်းကျ ခိုင်မာသည်ဟု မဆို။

“ဤပြဿနာကို တိကျပြတ်သားစွာဆုံးဖြတ်ရန်ခက်ပါသည်။ သို့ရာတွင် တမလွန်ဘဝ ရှိသည်ဟု ယူဆရန် အထောက်အထားများရှိပါသည်” ဟု ဆိုကြ၏။

ဤအဆိုကို အချို့သော စိတ်ဝိညာဉ်သုတေသီဆရာတို့က လက်မခံလိုကြချေ။ ထိုသုတေသီဆရာတစ်ဦး၏ ထင်မြင်ချက်ကို ဖော်ပြရမည်ဆိုသော် “နတ်ဝင်တို့ပြောသော စကားများမှာ တမလွန်ဘဝမှ ပုဂ္ဂိုလ်တစ်ဦး အမြဲလှုပ်ရှားနေသော သဘော လက္ခဏာကို မပြချေ။ သူတို့သည် အသက်ရှိစဉ်ကကဲ့သို့ ပညာကျွမ်းကျင်နားလည်ဟန် လက္ခဏာမရှိချေ။ နတ်ဝင်၏ စကားပြောပုံဆိုပုံ အမူအရာများ၌ သေသူ၏ လုပ်နည်းလုပ်ဟန်များ ပါရှိနေခြင်းမှာ ဘဝင်ကျနေသော နတ်ဝင်က သူ၏ပရစိတ်ဝိညာဉ်ဖြင့် ပြုလုပ်ခြင်းဖြစ်ပေရာ၏။ အချို့သော နတ်ဝင်များသည် သေသူများနှင့် လုံးဝအဆက်အသွယ် မရှိသော်လည်း အံ့ဖွယ်သရဲအမှုများ ပြုလုပ်နိုင်ကြ၏။ နတ်ဝင်၏ ပရစိတ်ဝိညာဉ်ကိုပယ်၍ သေသူ၏ ပယောဂကြောင့်သာ ဖြစ်ရမည်ဟု အသေအချာ ပြနိုင်သောအမှု မရှိသေးပါ” ဟု ဆိုလေသည်။

စင်စစ် သေသူနှင့်ဆက်သွယ်သည်ဆိုခြင်းကို မယုံသောသူတို့ဘက်မှနေ၍ စဉ်းစားရန်အချက်များ ရှိ၏။ စိတ်ဝိညာဉ် သုတေသီဆရာနှစ်ဦး F,W,H. Myers and Dr. A.W Verral သည် မသေမီက စာတစ်စောင်ရေးပြီး စာအိတ်ထဲထည့်၍ စာအိတ်ကို ချိပ်ပိတ်ထားကြ၏။ ရည်ရွယ်ချက်မှာ သေပြီးသည့်



နောက်မှ သူတို့ရေးသားထားသော အကြောင်းအရာကို ပြောပြ၍ တမလွန်ဘဝရှိကြောင်း ထင်ရှားစေရန် ဖြစ်၏။ သူတို့သေသောအခါ တမလွန်ဘဝမှနေ၍ လူများနှင့်ဆက်သွယ်သည်ဆိုသော်လည်း သူတို့စီစဉ်ထားသည့်အတိုင်း မလုပ်နိုင်ခဲ့ကြချေ။ ကမ္ဘာပေါ်၌ လက်သည်မပေါ်သော လူသတ်မှုများ မကြာခဏဖြစ်ပွားခဲ့ပေရာ အသတ်ခံရသူများက တမလွန်လောကမှနေ၍ ရဲအဖွဲ့အား အကူအညီ မပေးနိုင်ခြင်းမှာလည်း တမလွန်ဘဝရှိသည်ဆိုသောစကားကို သံသယဝင်ရန် အချက်ပင်ဖြစ်နေပေသည်။

သို့ဖြစ်၍ တမလွန်ဘဝကို လက်မခံလိုသော သူတို့သည် သေသူနှင့်ဆက်သွယ်သည်ဆိုသော နတ်ဝင်၏ အံ့ဖွယ်သရဲအမှုမှာ ပရစိတ်ဝိညာဉ်(ဝါ) တယ်လီပသီ၏ စွမ်းအင်ဖြစ်သည်ဟု ယုံကြည်ကြ၏။ တယ်လီပသီကို စိတ်ဝိညာဉ်သုတေသီပညာရှင်အားလုံးက လက်ခံကြ၏။ သို့ရာတွင် လွန်ခဲ့သော အခန်း၌ ဖော်ပြခဲ့ပြီးသော သုတေသီဆရာတို့ တွေ့ရှိရချက်များအားလုံး ဘောင်ဝင်ရန်အတွက် ကျွန်ုပ်တို့သည် တယ်လီပသီကို အလွန့်အလွန် ကျယ်ပြန့်နက်ရှိုင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုရပေလိမ့်မည်။

တယ်လီပသီသည် မည်သည့်နေရာဌာန မည်သည့်အချိန်ကာလ၌မဆို ရှိသော သက်ရှိပုဂ္ဂိုလ်တစ်ဦးအကြောင်းကို အလိုလို အသေးစိတ် သိမြင်သော စိတ် ဖြစ်ရပေမည်။ အော်တိုမက်တစ်စာပေရေးသားသော မစ္စက်ကာရန်သည် ဘာမျှအားထုတ်မှုမရှိဘဲ နိုင်ငံခြားအကြောင်းအရာ သမိုင်းအချက်အလက်များ ဘာသာစကားများ စသည်တို့ကို သမိုင်းဆရာနှင့် ပညာရှင်များ သို့မဟုတ် စာအုပ်များမှ တယ်လီပသီ စိတ်တန်ခိုးဖြင့်ရရှိ၍ ဝတ္ထုများရေးသားခဲ့ခြင်းဖြစ်ရပေမည်။ အော်တိုမက်တစ် စာရေးသူတို့၏ စာပေပဟေဠိကိစ္စ၌ စာရေးသူတို့၏ စိတ်ဝိညာဉ်များသည် တယ်လီပသီနည်းဖြင့် အချင်းချင်းတိုင်ပင်ညှိနှိုင်း၍ အစီအစဉ်ချမှတ်ပြီး တာဝန်ခွဲဝေဆောင်ရွက်ကြခြင်း ဖြစ်ရပေမည်။ တယ်လီပသီသည် ဆိုင်ရာပုဂ္ဂိုလ် တစ်ခါမျှ မမြင်ဖူးသော သေသူ၏ပစ္စည်းများနှင့် မိတ်ဆွေအပေါင်းအသင်းဟောင်းများကို ခွဲခြားမှတ်မိသောစိတ် ဖြစ်ရပေမည်။ ရှေးယခင်က လုံးဝမတွေ့မမြင်ဖူးသော သေသူနှင့် ပြောပုံဆိုပုံ ဟန်ပန်အမူအရာ အလွန်တူအောင် သရုပ်ဆောင်နိုင်သော စိတ်လည်း ဖြစ်ရပေမည်။

ကျွန်ုပ်တို့သည် တယ်လီပသီ၏စွမ်းအင်ကို အစအဆုံး မသိရသေးသောကြောင့် အထက်ပါ ယူဆချက် မှားသည်ဟု တစ်ထစ်ချ မဆိုနိုင်ချေ။ သို့ရာတွင် ထိုယူဆချက် မှန်သည်ဆိုပါက ထိုမျှလောက် အတိုင်းမသိ စိတ်တန်ခိုးရရှိထား

www.burmeseclassic.com

www.burmeseclassic.com



သော လူသတ္တဝါသည် သေသောအခါ အချည်းနှီးဖြစ်သွားနိုင်ပါမည်လော။ လူသည် ထိုမျှလောက် စိတ်တန်ခိုးသတ္တိ ရှိသည်ဆိုခြင်းမှာ ရုပ်ဝါဒနှင့် ကိုက်ညီပါမည်လော။

အမှန်ဆိုသော် နတ်ဝင်တို့နှင့်ပတ်သက်သော တွေ့ရှိရချက်များကို ရှင်းပြရန်အတွက် တမလွန်ဘဝကို လက်မခံလိုသော ရုပ်ဝါဒီအဖို့ တယ်လီပသီကို ရေဆုံးရေဖျားလက်ခံရန်လည်း မလွယ်ကူချေ။ အဘယ်ကြောင့်ဆိုသော် ထိုလက်ခံရမည့် တယ်လီပသီ (ဝါ) ပရစိတ္တဉာဉ်မှာ နယ်နိမိတ် အကန့်အသတ်မရှိဘဲ အတိုင်းမသိ တန်ခိုးသတ္တိရှိသော ဘာဝနာဉာဏ်တစ်မျိုး ဖြစ်နေပေလိမ့်မည်။

အခန်း [ ၁၂ ]

## စဉ်းစားရန်အချက်များ

လွန်ခဲ့သောအခန်းများ၌ တစ္ဆေ၊ လူသတ္တဝါ၏ ကိုယ်ခွဲနှင့် နတ်ဝင်တို့အကြောင်း စိတ်ဝိညာဉ်သုတေသီ ဆရာတို့ သိပ္ပံနည်းကျ စူးစမ်းလေ့လာရာမှ တွေ့ရှိရချက်များကို ဖော်ထုတ်ခဲ့ပေပြီ။ ထိုတွေ့ရှိရချက်များမှာ အချို့သောလူများအဖို့ တမလွန်ဘဝရှိသည်ဟု ယူဆရန် အထောက်အထားများဖြစ်၍ အချို့ကမူ ထိုသို့မယူဆဘဲ ယင်းတို့ကို တယ်လီပသီဖြင့် ရှင်းပြပေလိမ့်မည်။ ယင်းတွေ့ရှိရချက်များနှင့် ပတ်သက်၍ မည်သို့ခံယူသည်ဖြစ်စေ၊ ကျွန်ုပ်တို့သည် နဂိုရှိရင်းစွဲ အတွေးအခေါ်များကို ပြန်လည်ဆန်းစစ်ဖို့ လိုပေလိမ့်မည်။

တစ္ဆေက ကိုယ်ထင်ပြသော အချို့အမှုများနှင့် သက်ရှိလူက ကိုယ်ခွဲ၍ သွားလာလှုပ်ရှားသော အချို့အမှုများမှာ တယ်လီပသီအမှုများမဖြစ်နိုင်ချေ။ တစ္ဆေကို လူအများက တစ်ချိန်တည်း၌ တွေ့မြင်မှု၊ သေသူဖြစ်နေ၍ မည်သူမျှမသိသော လျှို့ဝှက်ချက်ကို သတင်းပေးပို့မှု၊ ကိုယ်ခွဲက တစ်နေရာသို့သွား၍ တွေ့မြင်သမျှကို ပြောပြရာ ထိုပြောပြချက်များ အံ့ဖွယ်လိလိ မှန်ကန်နေမှုများမှာ တယ်လီပသီကို သံသယဝင်ရန် အချက်များဖြစ်၏။ နတ်ဝင်တို့၏ အံ့သြဖွယ်ရာ သိမြင်မှုသည် သေသူနှင့်ဆက်သွယ်သောကြောင့်မဟုတ်ဘဲ တယ်လီပသီ၏ စွမ်းအင်ဖြစ်သည်ဆိုလျှင်လည်း လွန်ခဲ့သောအခန်း၌ ပြဆိုခဲ့သည့်အတိုင်း တယ်လီပသီသည် အဆုံးအစမရှိ အတိုင်းမသိကျယ်ပြန့် နက်ရှိုင်းသော စိတ်တန်ခိုးသတ္တိ (ဝါ) ဘာဝနာဉာဏ် ဖြစ်ရပေမည်။ သို့ဖြစ်ပါက နတ်ဝင်တို့မှာ ဘာဝနာဉာဏ်ရှိသည်ဆိုခြင်းသည် သေသူနှင့် ဆက်သွယ်သည် ဆိုခြင်းထက် ပို၍ သဘာဝယုတ္တိရှိပါသလောဟု စဉ်းစားရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



တမလွန်ဘဝမရှိဟု အချို့လူများ ယုံကြည်ကြခြင်းမှာ သိပ္ပံပညာမှရရှိသော ရုပ်ဝါဒအမြင်ကြောင့် ဖြစ်ပေရာ ထိုရုပ်ဝါဒအမြင်သည် ဘာဝနာဉာဏ်နှင့် ဆင်ဆင်တူသော တယ်လီပသီနှင့်ပင် ဆန့်ကျင်နေခြင်းကို ကျွန်ုပ်တို့ သတိပြုရပေမည်။ တယ်လီပသီသည် နားမျက်စိစသော အာရုံခံအင်္ဂါများနှင့် ဦးနှောက်၏ ပယောဂ လုံးဝမပါသော သိမြင်မှုဖြစ်၍ စသည်တို့ကို စွဲမှီ၍ ဖြစ်ပေါ်လာခြင်းဖြစ်၏။ သို့ဖြစ်၍ အချို့သော သိပ္ပံပညာဆရာတို့သည် တယ်လီပသီကို ယနေ့တိုင် လက်မခံလိုကြသေး။

တမလွန်ဘဝအယူနှင့် ဆန့်ကျင်သော ရုပ်ဝါဒ၏ အခြားခံယူချက်တစ်ခုမှာ စိတ်နှင့်ကိုယ်သည် တစ်သီးတခြားစီ မဟုတ်ဘဲ တစ်သားတည်း တစ်ခုတည်း ဖြစ်သည်ဆိုသော ခံယူချက်ဖြစ်၏။ ဤသည်မှာ သိပ္ပံနည်းကျ အထောက်အထားခိုင်လုံသော အဆိုဖြစ်ကြောင်း ကျွန်ုပ်တို့ ဝန်ခံရပေမည်။ သို့ရာတွင် တစ်ခါတစ်ရံ အချို့လူတို့သည် အသက်ရှိနေစဉ် မိမိတို့ကိုယ်မှခွာ၍ အခြားတစ်နေရာသို့ ရောက်ရှိနိုင်ကြောင်း စိတ်ဝိညာဉ်သုတေသီတို့၏ တွေ့ရှိရချက်ကို လျစ်လျူမပြုသင့်ချေ။ အထူးအားဖြင့်ကား သေခါနီးဆဲဆဲ လူနာများက မိမိတို့ကိုယ်ကို စွန့်ခွာ၍ ဖြစ်ပျက်သမျှကို ဘေးလူတစ်ယောက်အနေဖြင့် ရှုမြင်သော အမှုများရှိ၏။

အောက်ပါမှာ ၁၉၂၇ ခုနှစ်က ဗြိတိသျှ ဆေးပညာသင်း၌ ဆေးပညာရှင်တစ်ဦးက ဟောပြောသော အမှုတစ်ခုဖြစ်၏။ ကာယကံရှင်မှာ သေမည့်နှုတ်ခမ်းဝသို့ ရောက်ရှိနေရာမှ ဆရာဝန်က အသက်ကိုလုယူ၍ ပြန်လည်အသက်ရှင်လာသောသူဖြစ်၏။ သူသတိရလာသည်နှင့် တစ်ပြိုင်နက် ပြောပြချက်ကို လူတစ်ဦးက လက်ရေးတိုဖြင့် ရေးမှတ်ထား၍ ဤနေရာတွင် အကျဉ်းချုပ်မျှသာ ဖော်ပြပါအံ့။

"နိုဝင်ဘာလ ၉ ရက် စနေနေ့ညက ကျွန်ုပ်သည် သန်းခေါင်ကျော်လောက်က၍ ဗိုက်ထဲတွင် အလွန်နာကျင်ပြီး နံနက် ၈ နာရီလောက်အထိ အဆက်မပြတ် အော့အန်နေပါတော့သည်။ ၁၀ နာရီလောက်တွင် ရောဂါဝေဒနာမှာ ပိုမိုဆိုးဝါးလာ၍ တယ်လီဖုန်းဖြင့် အကူအညီတောင်းရန် ကြံစည်ပါသေးသည်။ သို့ရာတွင် တယ်လီဖုန်းရှိရာသို့သွားရန် အားမရှိသဖြင့် ဘာမျှမလုပ်ဘဲ စိတ်လျှော့ချလိုက်ပါသည်။ ထိုမှနောက်၌ ကျွန်ုပ်၏ စိတ်ဝိညာဉ်အသစ်တစ်ခုသည် ဝိညာဉ်ဟောင်းမှ ခွဲထွက်သွားကြောင်း ကျွန်ုပ်သတိပြုမိပါသည်။

"ဝိညာဉ်ဟောင်းမှာ ခန္ဓာကိုယ်နှင့် ဆိုင်၍ ခန္ဓာကိုယ်ဖောက်ပြန်ယိုယွင်း



လာသည်နှင့်အမျှ ထိုဝိညာဉ်သည်လည်း တစ်စတစ်စ ပျက်စီးလာသည်ကို တွေ့မြင်ရပါသည်။ ထိုခဏ၌ ဝိညာဉ်သစ်မှာ ကိုယ်ခန္ဓာ၏ ပြင်ဘက်သို့ ရောက်ရှိနေ၍ ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် မြင်နေရပါသည်။ လူများကိုလည်း မြင်၍ အားလုံးကို မှတ်မိပါသည်။

"ထိုခဏ၌ မစ္စက် A သည် အခန်းထဲသို့ဝင်လာ၍ ထိတ်လန့်တုန်လှုပ်ပြီး တယ်လီဖုန်းဆီသို့ ပြေးသွားသည်ကိုမြင်ပါသည်။ ဆရာဝန်က သူ့လူနာများကို ထားခဲ့ပြီး ကသောကမျောလာသည်ကို မြင်ရပါသည်။ သူက ကျွန်ုပ်အား စကားပြောသည်ကို ကြားရသော်လည်း ကျွန်ုပ်မှာ ကိုယ်ခန္ဓာနှင့် ကင်းကွာနေသဖြင့် ပြန်မပြောနိုင်ပါ။ ထို့နောက် သူက ဆေးထိုးပေး၍ နှလုံးပြန်ခုန်လာပြီး ကျွန်ုပ်မှာ ကိုယ်ထဲသို့ မကျေမနပ်နှင့် ပြန်လာရပါသည်။ ကျွန်ုပ်မြင်ရသော အာရုံများမှာ မှုန်ဝါးဝါးဖြစ်လာပြီး နောက်ဆုံး၌ ကွယ်ပျောက်ပြီး နာကျင်မှုနှင့်ယှဉ်သော အသိ ပြန်ဝင်လာပါသည်။"

တောင်အာဖရိက စစ်ပွဲအတွင်းက တိုက်ဖွိုက်ရောဂါဖြင့် အပြင်းဖျား၍ သေမင်းတံခါးဝသို့ ရောက်ခဲ့ဖူးသော စစ်ဗိုလ်ကြီးတစ်ဦးကလည်း–

"ကျွန်ုပ်မှာ စိတ်ကယောင်ကတမ်းဖြစ်၍ နေ့နှင့်ည မကွဲတော့ပါ။ ကြောက်စိတ်နှင့် မျှော်လင့်သောစိတ်လည်း မရှိတော့ဘဲ အမြဲလိုလို မိန်းမောနေပါသည်။ စိတ်နှင့်ကိုယ်မှာ တခြားစီဖြစ်နေသလို ထင်ရပါသည်။ စိတ်ဝိညာဉ်သည် ကိုယ်မှခွာ၍ နေလကြယ်တာရာကင်းမဲ့သော မိုးကောင်းကင်အောက်တွင် ထီးတည်းလွင့်မျောနေပါသည်။ တစ်စုံတစ်ယောက်က ကိုယ်ခန္ဓာကို ကိုင်တွယ်မှသာ အသိဝိညာဉ်သည် ကိုယ်ခန္ဓာနှင့် ပြန်လည်ပေါင်းဆုံ၍ ၎င်းမှာ ကျွန်ုပ်ဖြစ်ကြောင်း သတိပြုမိပါသည်။ ပြင်ပလောက၌ လှည့်လည်နေရသည်မှာ သာယာကြည်နူးဖွယ်ကောင်း၍ ကိုယ်ခန္ဓာရှိရာသို့ ပြန်လာရခြင်းကို ကျွန်ုပ် မနှစ်သက်ပါ။ စိတ်မပါဘဲ ပြန်လာရခြင်းဖြစ်ပါသည်။

"သို့ဖြင့် ကိုယ်ခန္ဓာကို ဖဲခွာ၍ အပြင်၌ လှည့်လည်သွားလာသောအကြိမ်များမှာ တစ်စတစ်စ နည်းပါးလာ၍ တစ်ခါသော် ကျွန်ုပ်ပြန်လာစဉ် တစ်စုံတစ်ယောက်က "သူမသေတော့ပါဘူး" ဟု ပြောသံကို ကြားလိုက်ရပါသည်။ ထိုမှနောက်၌ ကျွန်ုပ်မှာ ကိုယ်ခန္ဓာကို ရှေးကကဲ့သို့ အေးစက်နေသည်ကို မတွေ့ရတော့ဘဲ နောက်ဆုံး၌ ကျွန်ုပ်နှင့် ကိုယ်ခန္ဓာမှာ တစ်ပေါင်းတည်းတစ်ခုတည်း ဖြစ်သွားပါသည်။ ကိုယ်ခန္ဓာ၏ အပြင်သို့ရောက်ရှိနေစဉ် ကျွန်ုပ်သည် ဆေးရုံဆေးခန်းနံရံများကို ဖောက်ထွင်း၍မြင်ရသည်ဟု ထင်ပါသည်။ အခန်းတစ်ခန်း၌

www.burmeseclassic.com

www.burmeseclassic.com



လူနာတစ်ဦးရှိမှန်း အစကမသိသော်လည်း ထိုလူနာ အော်ဟစ်ညည်းတွားပြီး သေဆုံးသွားပုံ၊ သူနာပြုများက သူ့အလောင်းကို အဝတ်များဖုံးအုပ်ပြီး တိတ်ဆိတ်စွာ သယ်ယူသွားပုံများကိုလည်း မြင်ရပါသည်။ နောက်ကာလ၌ ဆရာမများက ကျွန်ုပ်မြင်ခဲ့သည့်အတိုင်း ဖြစ်ပျက်ပါသည်ဟု ပြောကြပါသည်”ဟု သူ့ကိုယ်တွေ့ကို ဖော်ပြထားလေသည်။

ဤသေရွာပြန် လူတို့၏ ကိုယ်တွေ့မှတ်တမ်းများအရ ကျွန်ုပ်တို့ သတိပြုရန် အချက်နှစ်ခုရှိ၏။ ပထမအချက်မှာ ကိုယ်ခန္ဓာအားအင်ဆုတ်ယုတ်နေသောအခါ၌ ပရဝိညာဉ်အားကောင်းလာခြင်း ဖြစ်၏။ အစာငတ်မွတ်နေသော စိတ်သည် ပိုမိုကြည်လင်လာ၍ ရှေးအိန္ဒိယသားတို့သည် ပရမတ္ထတရားကို ထိုးထွင်းသိမြင်ရန် အသက်မသေရုံတမယ် ခြိုးခြံစွာစားသောက်၍ ကျင့်ကြံခြင်းဖြစ်သည်ဆို၏။ ဤအချက်များမှာ စိတ်သည် ကိုယ်ခန္ဓာပေါ်၌ အခြေပြုသည်ဆိုသော ရုပ်ဝါဒအမြင်နှင့် မဝင်ဆံ့ချေ။ ကိုယ်ခန္ဓာသည် သေလုမြောပါး ဖြစ်နေ၍ ဦးနှောက်၏လုပ်ငန်း ရပ်စဲသွားသောအခါ အဘယ်ကြောင့် စိတ်ဝိညာဉ်သည် ကြည်လင်တောက်ပလာပါသနည်း။

ဒုတိယအချက်မှာ စိတ်ဝိညာဉ်သည် ကိုယ်ခန္ဓာ၏အပြင်သို့ ရောက်ရှိနေသည်ဟု ဆိုထားခြင်းဖြစ်ရာ ထိုဝိညာဉ်မှာ မူလဝိညာဉ်၏ အစိတ်အပိုင်းဖြစ်ရပေမည်။ လူသတ္တဝါ၏ စိတ် (ဝါ) နာမ်တရားသည် ခွဲခြမ်းစိတ်ဖြာ၍မရအပ်သော တစ်ခုတည်းသောတရားမဟုတ်ဘဲ ရောယှက်ဖွဲ့စည်းထားသော ခန္ဓာအစုအဝေးဖြစ်ကြောင်း သိပ္ပံနည်းကျ စိတ္တဗေဒပညာက အခိုင်အမာပြဆိုထား၏။ (အခန်း-၆) ၌ ဖော်ပြခဲ့သော နာမ်ခန္ဓာမှ ကွဲထွက်မှုများသည် နာမ်တရား၏ သမူဟသဘော (ဝါ) ဖွဲ့စည်းမှုခန္ဓာသဘောကိုပြသော အထောက်အထားတစ်ခုဖြစ်၏။ သို့ဖြင့်နာမ်၏ တစ်စုံတစ်ခုသော အပိုင်းသည် တစ်ခါတစ်ရံ ကိုယ်ခန္ဓာမှ ဖယ်ခွာနိုင်သောသတ္တိ ရှိကောင်းရှိပေလိမ့်မည်။ မည်သို့မည်ပုံ ဖယ်ခွာပါသနည်းဟူ၍ြဟားအံ့။ တယ်လီပသီ၏သဘောကို ကျွန်ုပ်တို့ ခြေခြေမြစ်မြစ် မသိသော်လည်း ၎င်း၏စွမ်းဆောင်မှုကို အသိအမှတ်ပြုရသကဲ့သို့ တစ်စုံတစ်ခုသော နာမ်ခန္ဓာ အစိတ်အပိုင်း၏ လုပ်နည်းလုပ်ဟန်ကို ဘာမျှမသိရသော်လည်း သေရွာပြန်ပုဂ္ဂိုလ်တို့၏ ပြောပြချက်နှင့် ကိုယ်ခွဲသောအမှုများကို ထောက်ချင့်၍ ကိုယ်မှ ဖယ်ခွာမှုရှိခြင်းမှာလည်း ထင်ရှားပေသည်။

ဤသို့ တမလွန်ဘဝကို လက်မခံလိုသောသူအဖို့ စဉ်းစားရန် အချက်များရှိသည့်နည်းတူ လက်ခံလိုသောသူတို့အဖို့လည်း ဆင်ခြင်သုံးသပ်ရန်အချက်များရှိ၏။



အမေရိကန်အမျိုးသားတစ်ဦး ရေးသားထားသော “အမတထာဝရဘုံ” အမည်ရှိ စာအုပ်တစ်အုပ်ကို ဖတ်ဖူးရ၏။ စာရေးသူသည် စိတ်ဝိညာဉ်သုတေသနဆရာတို့၏ တွေ့ရှိချက်များကို ကိုးကား၍ လူသေသောအခါ သေခြင်းကင်းသော ထာဝရဘုံသို့ ရောက်ရှိကြောင်း ထင်ရှားပါသည်ဟု ဆို၏။ စင်စစ် သုတေသီဆရာတို့၏ တွေ့ရှိချက်မှာ လူတို့သေသည်၏ အခြားမဲ့၌ အမတထာဝရဘဝသို့ ကူးပြောင်းသည်ဟု ယူဆရန် အထောက်အထားများ မဟုတ်ချေ။ နတ်ဝင်တို့နှင့် ဆက်သွယ်သည်ဆိုသော သေသူတို့သည် တစ်ခါတစ်ရံ တမလွန်လောကအကြောင်းကို ပြောပြကြသော်လည်း ထိုတမလွန်ဘုံသားတို့၏ သက်တမ်းကိုသော်လည်းကောင်း၊ သူတို့ ထာဝရတည်မြဲခြင်းရှိ မရှိကိုသော်လည်းကောင်း ကျွန်ုပ်တို့ မသိရချေ။ တစ်ခုတော့ရှိ၏။ နတ်ဝင်တို့နှင့် ဆက်သွယ်သော တမလွန်ဘုံသားများမှာ လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာသုံးရာခန့် ကွယ်လွန်သူများ မဟုတ်ဘဲ မကြာသေးမီက ကွယ်လွန်သူများဖြစ်ကြ၏။ ဆက်သွယ်မှုမှာလည်း နှစ်ကာလကြာရှည်ခြင်း မရှိ။ ၁၉-ရာစုခေတ်က တမလွန်လောကမှနေ၍ ပညာစွမ်းပြခဲ့ကြသည်ဆိုသော မိုင်ယာ ဂန်နီ ဗာရယ် (Myeres, Gurney, Verrall)စသော ကွယ်လွန်သူ သုတေသနဆရာတို့သတင်းကို ကျွန်ုပ်တို့ ယခုဘာမျှ မကြားသိရတော့ချေ။

အမှန်ဆိုသော် တမလွန်ဘုံသား စသော စကားများသည်ပင် စိတ်ဝိညာဉ်သုတေသီတို့၏ တွေ့ရှိချက်များနှင့် အဓိပ္ပာယ်ဆီလျော်ပါ၏လောဟု စဉ်းစားရန်ရှိ၏။ သုတေသီဆရာတို့၏ တွေ့ရှိချက်များအရ ထင်ရှားသောအရာမှာ လူသည် သေပြီးနောက် ဆက်လက်တည်ရှိသော လက္ခဏာမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာ တစ်စုံတစ်ခုကျန်ရှိနေသော လက္ခဏာခြင်းရာ ဖြစ်၏။ ဤနေရာ၌ ဗြိတိသျှ တွေးခေါ်ပညာရှင် ဘရော့၏ ထင်မြင်ချက်ကို ဖော်ပြပါအံ့။

“ပုဂ္ဂိုလ်သတ္တဝါ သေပြီးနောက် ဆက်လက်ရှိနေခြင်းနှင့် တစ်စုံတစ်ခုကျန်ရှိနေခြင်းကို ကျွန်ုပ်တို့ ခွဲခြားနားလည်ဖို့ အရေးကြီး၏။ လူတစ်ဦးတစ်ယောက်၏ နာမ်တရား ဆက်လက်ရှိနေသည်ဟု ယူဆရန်အတွက် အထောက်အထားဖြစ်သည်ဆိုသော တွေ့ရှိချက်များမှာ နာမ်တရား၏ အစိတ်အပိုင်းတစ်ခုခု ကျန်ရှိနေခြင်းကိုသာ ပြသည်ဟု ကျွန်ုပ်ထင်ပါသည်။ ကျွန်ုပ်၏ နာမ်တရားသည် သူသေပြီးသည့်နောက်၌ ဆက်လက်တည်ရှိနေသည်ဟု ယူဆနိုင်ရန်မှာ သူ၏စိတ်အစဉ်သည် ဆက်လက်၍ တည်ရှိနေဖို့လို၏။ ထိုစိတ်အစဉ်သည် သူ၏သေပြီးနောက် ခံစားရချက်များ ဖြစ်ရပေမည်။ ယင်းတွင် သိမှုနှင့်

www.burmeseclassic.com



စေ့ဆော်မှု၊ မျှော်မှန်းမှု၊ အားထုတ်မှု၊ ဝမ်းသာမှုနှင့်ဝမ်းနည်းမှုများပါရှိရပေမည်။ ထိုစိတ်အစဉ်သည် အတိတ်က အတွေ့အကြုံများပေါ်၌ တည်၍ ဝိညာဉ်သည် ဆက်လက်တည်ရှိရန်အတွက် လိုသော်လည်း ယင်းတစ်ခုတည်း ရှိရုံမျှနှင့် မပြီးချေ။ အမှတ်သညာသာလျှင်ရှိ၍ သိမှု၊ ခံစားမှု၊ စေ့ဆော်မှု စသည်တို့ ပါဝင်သော စိတ်အစဉ်မရှိပါက သေပြီးနောက် ဝိညာဉ် ဆက်လက်ရှိနေသည်ဟု မဆိုနိုင်ချေ။ ဝိညာဉ်၏ နာမ်တရားမှ တစ်စုံတစ်ခုသောအပိုင်း ကျန်ရှိနေသေးသည်ဟုသာ ဆိုရပေလိမ့်မည်။"

စိတ်ဝိညာဉ် သုတေသီဆရာတို့သည် လူသေပြီးနောက် တစ်စုံတစ်ခု ကျန်ရှိမှုနှင့် ပတ်သက်၍ အမျိုးမျိုးတွေးခေါ် ကြံဆကြရာ အထက်ပါပညာရှင် ဘရော့၏ ထင်မြင်ချက်မှာ အတော်အတန် သဘာဝယုတ္တိရှိ၍ စိတ်ဝင်စားဖွယ် ကောင်းသဖြင့် ယခုဖော်ပြပါအံ့။

ဘရော့၏ အလိုအားဖြင့်ကား လူသတ္တဝါ၏ နာမ်တရားသည် ဓာတ်နှစ်ပါး ပေါင်းစပ်ထားသော သမုဟတရား ဖြစ်တန်ရာ၏။ ထိုဓာတ် အသီးသီးသည် တစ်ခုတည်းအနေဖြင့် စိတ်၏လက္ခဏာခြင်းရာ မရှိ။ ဥပမာဆိုသော် ဆားသည် ဓာတ်နှစ်ပါး ဖွဲ့စည်းထားမှုဖြစ်၍ ထိုဓာတ်အသီးသီးသည် တစ်ခုတည်းအနေဖြင့် ဆား၏ဂုဏ်သတ္တိကို ကင်းမဲ့သကဲ့သို့ ဖြစ်၏။ နာမ်တရား၌ ပါဝင်သော ဓာတ်နှစ်ပါးအနက် တစ်ခုကို မူလစေတသိက်သည် ဓာတုဒြပ်စင်ကဲ့သို့ နာမ်တရားမှ ခွဲထုတ်၍ မရအပ်သော တရားတစ်ပါး ဖြစ်၏။ နာမ်တရား၏ သဘောလက္ခဏာသည် ထိုမူလစေတသိက်နှင့် ရုပ်ဓာတ်၏ သဘောလက္ခဏာများ ပေါင်းစပ်ထားမှုအပေါ်၌ တည်နေပေလိမ့်မည်။

ဤအဆိုမှာ သဘာဝဓမ္မ၏ အခြားနယ်ပယ်၌ တွေ့ရသော အခြင်းအရာများနှင့် ညီညွတ်၏။ ရေသည် ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်ဓာတ်များကို ပေါင်းဖွဲ့ထားမှုဖြစ်၏။ ရေ၏ဂုဏ်သတ္တိကို ထိုဓာတ်အသီးသီး၌ ရှာ၍မရအပ်။ သို့ရာတွင် ၎င်းသည် ထိုဓာတ်များပေါ်၌ တည်၍ ထိုဓာတ်တစ်ခုစီနှင့် မဆိုင်သော်လည်း ယင်းတို့၏ဖွဲ့စည်းမှုကို စွဲမှီ၍ ဖြစ်ပေါ်လာရ၏။

သို့ဖြင့် လူ၏ကိုယ်ခန္ဓာ ပျက်စီးသောအခါ နဂိုမူလက ၎င်းနှင့်ပူးပေါင်း၍ နာမ်ခန္ဓာကို ဖြစ်ပေါ်စေခဲ့သော မူလစေတသိက်သည် ချုပ်ငြိမ်းမသွားဘဲ ကာလအတန်ကြာ ဆက်လက်တည်ရှိနေမည်ဖြစ်၏။ ၎င်းသည် နာမ်တရား မဟုတ်သဖြင့် နာမ်တရား၏ ဂုဏ်လက္ခဏာအင်္ဂါ အပြည့်အစုံရှိမည်မဟုတ်။ အသက်ရှိစဉ် ရရှိခဲ့သော သညာဝေဒနာ အစရှိသော စေတသိက်အချို့ကိုကား



ဆောင်ထားပေလိမ့်မည်။ ထိုမူလ စေတသိက်သည် နတ်ဝင်၏ ကိုယ်ခန္ဓာနှင့် ခေတ္တဆုံဆည်းသော်အခါ နာမ်တရားအနေဖြင့် သက်ဝင်လှုပ်ရှားလာပေလိမ့်မည်။

ဤသည်မှာ ပညာရှင်တစ်ဦး၏ အတွေးအခေါ်မျှသာဖြစ်၍ မည်မျှ မှန်ကန်မည်ဟု ကျွန်ုပ်တို့ မပြောနိုင်ချေ။ စိတ်ဝိညာဉ် သုတေသီဆရာ၏ လေ့လာတွေ့ရှိချက်များအရ အခိုင်အမာသိရသည်ကား လူသေသောအခါ အချည်းနှီး ဖြစ်မသွားဘဲ နာမ်ပိုင်းဆိုင်ရာ တစ်စုံတစ်ခု ကျန်ရှိနေသော လက္ခဏာခြင်းရာ ဖြစ်၏။ ဤအချက်ကိုပင်ငြင်းဆိုပါက ဓာတ်စီးနေခိုက် နတ်ဝင်တို့၏ အံ့ဖွယ်သရဲ သိမြင်မှုမှာ လွန်ခဲ့သောအခန်း၌ ပြဆိုခဲ့သည့်အတိုင်း ဘာဝနာဉာဏ်ကြောင့် ဖြစ်သည်ဟု ယူဆရမည်ဖြစ်ရာ ထိုယူဆချက်ထက် တစ်စုံတစ်ခု ကြွင်းကျန်သည်ဆိုသော ခံယူချက်က ပို၍ သဘာဝယုတ္တိရှိပေလိမ့်မည်။ သို့ရာတွင် ထိုကျန်ရှိသော နာမ်တရားအစိတ်အပိုင်းမှာ မည်သို့သဘောရှိသည်။ နောက်ဆုံး၌ မည်သို့ဖြစ်ပျက်သွားသည်ကိုမူ ကျွန်ုပ်တို့ ဘာမျှမသိရချေ။

အချုပ်အားဖြင့်ကား စိတ်ဝိညာဉ် သုတေသီတို့၏ လေ့လာတွေ့ရှိရချက်များကို အခြေပြု၍ တမလွန်ဘဝပြဿနာကို တိကျပြတ်သားစွာ ဆုံးဖြတ်ရန် မဖြစ်နိုင်ချေ။ လူသေလျှင် ဘဝပြတ်၍ အချည်းနှီး ဖြစ်သွားသည်ဆိုခြင်းမှာ ဒိဋ္ဌဓမ္မများနှင့် ဆန့်ကျင်ကြောင်း ထင်ရှား၏။ သို့ရာတွင် တမလွန်ဘဝရှိသည် (ဝါ) သေပြီးနောက် မူလပုဂ္ဂိုလ်သတ္တဝါ ဆက်လက်တည်ရှိသည်ဟူ၍လည်း မဆိုသာချေ။

ဤသည်မှာ စိတ်ဝိညာဉ်သုတေသနမှ ရရှိအပ်သော ကောက်ချက်ဖြစ်၏။ ကျွန်ုပ်တို့၏ လေ့လာမှုမှာ မပြီးဆုံးသေးချေ။ လေ့လာမှု ပြည့်စုံထောင့်စေ့ရန် လူဝင်စားများအကြောင်းကို လေ့လာဆန်းစစ်ဖို့ လိုပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

အ ခ န်း [ ၁၃ ]

# လူဝင်စားမှု

အရှေ့တိုင်းသားတို့သည် အနောက်တိုင်းသားတို့ကဲ့သို့ပင် လူသေသောအခါ တမလွန်လောကသို့ ရောက်ရှိသွားသည်ဟု အယူရှိကြ၏။ သို့ရာတွင် သေသူ၏ နောက်ဆုံးဘုံဌာနအနေဖြင့် အနောက်တိုင်းသားတို့ လက်ခံသော ထာဝရဘုံကိုမူ မယုံကြည်ဘဲ နတ်ပြည် ငရဲပြည် သို့မဟုတ် လူအဖြစ် တိရစ္ဆာန်အဖြစ်သို့ ကူးပြောင်းမှုကို ယုံကြည်ကြ၏။ ဤနေရာ၌ ကျွန်ုပ်တို့သည် အနောက်တိုင်းသားတို့၏ ထာဝရဘုံ အယူကဲ့သို့ပင် မည်သို့မျှ လေ့လာဆန်းစစ်၍ မရအပ်သော နတ်ဘုံ၊ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ အယူများကို ချန်လှပ်၍ လူသေလျှင် လူပြန်ဖြစ်သည်ဆိုသော အယူကို စူးစမ်းလေ့လာကြရပေမည်။

ဤလူသေလူဖြစ် အယူသည် အာရှတိုက်မှ စတင်ပေါ်ပေါက်၍ အာရှနိုင်ငံများ၌ ထွန်းကားခဲ့သော်လည်း ရှေးဂရိခေတ်ကစ၍ အနောက်နိုင်ငံများ၌လည်း ၎င်းကို လက်ခံသောသူအချို့ရှိခဲ့ကြ၏။ ယခုအခါ၌မူ လူသေလူဖြစ်သည်ဟု ယုံကြည်သော အနောက်တိုင်းသားများ အတော်များများရှိ၍ ၎င်းတို့ဦးရေမှာ တစ်နေ့တခြား တိုးတက်လျက်ရှိသည်ဟု သိရ၏။ ထိုသို့ ဤအယူ ရေပန်းစားနေခြင်းမှာ အနောက်နိုင်ငံများသို့ အရှေ့တိုင်း ဘာသာတရားများ ပြန့်ပွားသွားခြင်းနှင့် တမလွန်ဘဝဆိုင်ရာ အယူဝါဒများတွင် လူသေလူဖြစ်သည်ဆိုသော အယူက နားလည်သဘောပေါက်ရန် လွယ်ကူသောကြောင့် ဖြစ်၏။

ထာဝရဘုံ၌ မအို မနာ မသေဘဲ အမြဲထာဝရ ခံစားနေရမည်ဆိုခြင်းမှာ အပေါ်ယံအမြင်အားဖြင့် လိုလားနှစ်သက်ဖွယ်ဖြစ်သော်လည်း အချို့လူများကမူ



ဘဝင်မကျဘဲ ထိုထာဝရဘုံ၌ မည်သို့ အချိန်ကုန်လွန်ရပါမည်နည်း။ ဘာမျှမလုပ်ဘဲ အမြဲထာဝရ အသက်ရှင်နေရခြင်းသည် ပျင်းရိဖွယ်ရာ ဖြစ်နေမည်မဟုတ်ပါလော စသည်ဖြင့် စောကြောဝေဖန်လိုကြ၏။ ထာဝရဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံနှင့်ဝိညာဏဝါဒီတို့၏ အရူပဘုံရှိ သတ္တဝါတို့မှာ မည်သို့သော ရုပ်တရားရှိသည်။ မည်သို့သော ဦးတည်ချက်နှင့် ခံစားမှုရှိသည်ကိုလည်း အသေအချာမသိရချေ။ ရုပ်တရား ဦးတည်ချက်ခံစားမှုမှာ လူတို့နားလည်သော အသက်ရှင်နေမှု၏ အနှစ်သာရများဖြစ်ပေရာ ထိုအနှစ်သာရများ မထင်ရှားသော တမလွန်လောကသည် မည်မျှသာလွန်မွန်မြတ်သည်ဆိုစေ ပုထုဇဉ်လူသားတို့ နားလည်ပြီးဖြစ်သော ဘဝမျိုးသို့ ပြန်ရောက်ရှိခြင်းဖြစ်၍ လူတို့နားလည် သဘောပေါက်ရန် မခဲယဉ်းချေ။

ဤအယူကို လူတို့ နှစ်သက်ကြခြင်း၏ အခြားအကြောင်းတစ်ရပ်မှာ ၎င်းသည် ကျွန်ုပ်တို့တွေ့မြင်နေရသော သဘာဝဓမ္မ၏ ဖြစ်စဉ်နှင့်ကိုက်ညီနေမှုဖြစ်၏။ နေ့ဖြစ်ပြီးလျှင် ညရောက်၍ ညပျောက်သောအခါ နေ့ပြန်လည် ပေါ်ပေါက်လာရ၏။ နွေမိုးဆောင်း ရာသီဥတုသုံးပါးသည်လည်း ထိုနည်းအတူ အမြဲသံသရာစက် လည်လျက်ရှိ၏။ ဤသဘာဝနိယာမနှင့်အညီ လူသတ္တဝါသည် ဘဝသံသရာ လည်ရမည်ဆိုခြင်းမှာ မဖြစ်နိုင်စရာမရှိ။ သေခါနီး သက်ကြီးရွယ်အိုအချို့သည် သတိမေ့ခြင်း၊ သူငယ်ပြန်ခြင်း၊ မကြာခဏအိပ်နေခြင်း စသည်ဖြင့် ထင်ရှားပေရာ ဤသည်မှာ နို့စို့သူငယ်၏ အမူအရာလက္ခဏာများဖြစ်၍ နို့စို့သူငယ်ဘဝသို့ ရှေ့ရှုနေကြခြင်း ဖြစ်သည်ဆို၏။

အချို့လူများသည် အိပ်မက်ထဲ၌ ရှေးက မရောက်ဖူးသော နေရာများသို့ ရောက်ရှိ၍ မမြင်ဖူးသော လူများနှင့် တွေ့ဆုံပြောဆိုပြီး မပြုဖူးသော အမှုများပြုသည်ကို မြင်မက်ကြ၏။ ဤသည်မှာ အိပ်ပျော်နေစဉ် အတိတ်ဘဝက အမှတ်သညာများ ပြန်ပေါ်လာခြင်းဖြစ်သည်ဟုဆို၏။ သို့ရာတွင် ထိုအိပ်မက်မျိုးအတွက် အတိတ်ဘဝကို ထည့်သွင်းစဉ်းစားရန်မလိုချေ။ အိပ်မက်မှာ တကယ်ပင်ဆန်းကြယ်ခြင်းမရှိဘဲ အိပ်ရာမှ နိုးပြီးနောက် ဝိုးတဝါးမှတ်မိသော အိပ်မက်ကို စိတ်ကူးဉာဏ်ဖြင့် ကြံစည်ဖန်တီးထားခြင်းသာ ဖြစ်ပေလိမ့်မည်။ အိပ်ပျော်နေစဉ် ကိုယ်ခွဲသည် အခြားတစ်နေရာသို့ ရောက်ရှိသွားတတ်ခြင်းကို အထက်က ဖော်ပြခဲ့ပြီးဖြစ်ပေရာ အထက်ပါအိပ်မက်မျိုးသည် ကိုယ်ခွဲ၏အတွေ့အကြုံများကိုပြသော အိပ်မက်လည်း ဖြစ်နေတန်ရာ၏။ ထို့ပြင် အိပ်မက်ဆန်းများသည် နိုးကြားနေစဉ်က ရရှိထားသော အတွေ့အကြုံသဗ္ဗနံ့ပေါင်းကို [illegible]၍လည်း

www.burmeseclassic.com



ဖြစ်ပေါ်တတ်၏။ ပုံစံအားဖြင့် မိန်းမအတော်များများနှင့် ဆက်ဆံနေရသော သူသည် မိန်းမတစ်ယောက်၏ မျက်နှာ၊ အခြားတစ်ယောက်၏ ပုံပန်းသဏ္ဌာန်၊ အခြားတစ်ယောက်၏ ဝတ်စားဆင်ယင်မှု စသည်ဖြင့် ပေါင်းစပ်ထား၍ မိမိ တစ်ခါမျှ မမြင်မတွေ့ဖူးသော မိန်းမတစ်ဦးကို အိပ်မက်မြင်မက်ပေလိမ့်မည်။

အတိတ်ဘဝ ရှိ မရှိ ပြဿနာနှင့် ဆက်စပ်၍ စဉ်းစားဖွယ်ရာကောင်းသော လူတို့၏အတွေ့အကြုံခံစားရချက်တစ်ခုကား ရှိ၏။ အချို့လူတို့သည် နေရာတစ်ခုသို့ ရောက်သွားသောအခါ သို့မဟုတ် တစ်စုံတစ်ခုသော အခြေအနေကို ကြုံတွေ့ရသောအခါ ရှေးက ထိုနေရာသို့ ရောက်ဖူးသလို၊ ယခုမြင်တွေ့နေရသော အရာဝတ္ထု၊ အဆောက်အအုံများကို ရှေးကမြင်ဖူးသလိုလို စိတ်ထဲ၌ ဖြစ်ပေါ်လာတတ်၏။ ဤသည်မှာ မေ့ပျောက်နေသော အတိတ်ကာလမှ အတွေ့အကြုံများကို စွဲမှီ၍ ဖြစ်ပေါ်လာသော စိတ်အထင်ဖြစ်သည်ဟု အချို့ စိတ်ပညာရှင်တို့က ယူဆကြ၏။ သို့ရာတွင် ဤစိတ်တွင်းဖြစ်ပေါ်မှု ***(အနောက်နိုင်ငံများ၌ ထိုသို့ကြုံတွေ့ ခံစားဖူးသောသူများ အတော်များများရှိ၍ ထိုခံစားရမှုကို ပြင်သစ်ဘာသာဖြင့် de javu ဟု ခေါ်သည်။)*** မှာ အထင်သက်သက်မဟုတ်။ မျက်မှောက်ဘဝအတွေ့အကြုံများနှင့်လည်း မည်သို့မျှ ဆက်စပ်၍ မရနိုင်သော အမှတ်သညာမျိုး ဖြစ်နေရကား ထိုသို့ ရိုးရိုးစင်းစင်း ရှင်းပြရန် မဖြစ်နိုင်ချေ။ အတိတ်ဘဝကို ယုံကြည်သောသူတို့ကမူ အတိတ်ဘဝက အတွေ့အကြုံများ၌ အခြေခံသော စေတသိက်ဖြစ်သည်ဟု ဆိုကြပေလိမ့်မည်။

အခြားစဉ်းစားရန်ရှိသော ဒိဋ္ဌဓမ္မမှာ အချို့ကလေးသူငယ်များ အရွယ်နှင့် မလိုက်အောင် အံ့ဖွယ်သရဲ ပညာစွမ်းပြမှုဖြစ်၏။ ရှည်လျားသော ကိန်းများ ပါဝင်သည့် ဂဏန်းပုစ္ဆာများကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် အဖြေပေးနိုင်သော ဂဏန်းဝိဇ္ဇာများအကြောင်းကို (အခန်း-၂) ၌ ဖော်ပြခဲ့ပေပြီ။ အနုပညာနှင့် စစ်တုရင်အတတ်ပညာနယ်၌လည်း တစ်ခါတစ်ရံ ကလေးဝိဇ္ဇာများ ထွက်ပေါ်လာတတ်၏။ နာမည်ကျော် ဂီတဆရာများသည် ငယ်ရွယ်စဉ်ကပင် ပညာစွမ်းပြလေ့ရှိကြ၏။ ကလေးသူငယ်ဘဝကပင် သိပ္ပံနှင့် ဒဿနကျမ်းကြီးများကို လေ့လာဖူးသော ပုဂ္ဂိုလ်၊ မိမိကိုယ်ပိုင် အတွေးအခေါ်ဖြင့် ကျမ်းများရေးသားခဲ့သော ပုဂ္ဂိုလ်များလည်း ရှိ၏။

တစ်ခါက ဆွမ်ဇာလန်နိုင်ငံ၌ ပုဂ္ဂိုလ်တစ်ဦးမှာ ငယ်စဉ်ကပင် အသိဉာဏ် ချွတ်ယွင်း၍ မိဘများက အမျိုးမျိုးကြိုးစားပြုပြင်သော်လည်း အချည်းနှီးဖြစ်၏။ သို့ဖြင့် သူသည် စာမရေးတတ်၊ မဖတ်တတ်ဘဲ အသိဉာဏ်အလွန်နုံ့နှေး၍



မိမိကိုယ်ကိုပင် မစောင့်ရှောက်နိုင်ဘဲ အသက် ၄၆ နှစ်၌ သေဆုံးသွား၏။ သို့ရာတွင် သူငယ်ရွယ်စဉ် ကလေးဘဝက အပျင်းပြေရေးဆွဲသော တိရစ္ဆာန်နှင့် ကလေးများပုံ ရေဆေးပန်းချီကားများမှာ အနုပညာဂုဏ် အလွန်မြောက်၍ သူမသေမီ ဥရောပတိုက်၌ နာမည်ကျော်ကြားခဲ့၏။ ပန်းချီဆရာကြီးများက သူ၏လက်ရာကို ချီးမွမ်း၍ သူ၏ပန်းချီကားတစ်ခုကို အင်္ဂလန်ပြည့်ရှင် စတုတ္ထ ဂျော့ဘုရင်က ဝယ်ယူဖူး၏။

ဤသို့ အချို့သောပုဂ္ဂိုလ်များ ငယ်ရွယ်စဉ်ကပင် ကြိုးစားအားထုတ်မှု မရှိဘဲ ပညာတစ်ရပ်ရပ်၌ အံ့ဖွယ်လိလိ ထူးချွန်ပြောင်မြောက်ခြင်းသည် မျိုးရိုးဗီဇကြောင့် ဖြစ်သည်ဟု မဆိုနိုင်ချေ။ သူတို့မှာ အမျိုးအနွယ် မထင်ရှားဘဲ မိဘဘိုးဘွားများမှာ ပညာအားဖြင့် သူလိုကိုယ်လို သာမန်ပုဂ္ဂိုလ်များဖြစ်ကြ၏။ သိပ္ပံပညာသည် ဤအကြောင်းကို သေချာဃန ရှင်းမပြနိုင်ချေ။ လူသေလူဖြစ် အယူကို လက်ခံသော သူတို့ကမူ အတိတ်ဘဝက ဆည်းပူးခဲ့သော ပညာပါရမီ၏ တန်ခိုးသတ္တိ လက္ခဏာခြင်းရာ ဖြစ်သည်ဟု ယူဆကြပေလိမ့်မည်။

သို့ရာတွင် ဤသည်မှာ အတိတ်ဘဝရှိသည်ဆိုသော အယူအတွက် ခိုင်မာသော အထောက်အထားမဟုတ်ချေ။ အကြောင်းယုတ္တိနှင့် အခြေအမြစ်ရှိသော ခံယူချက်ဖြစ်ရန်အတွက် ခိုင်မာသော အထောက်အထားများကို သိပ္ပံနည်းကျကျ ကျွန်ုပ်တို့ ပြရပေမည်။ ထိုသို့ပြရန်လိုအပ်သောအချက်မှာ အတိတ်ဘဝကို ကောင်းစွာ ပြန်လည်မှတ်မိမှုဖြစ်၏။

လူသေလျှင် လူပြန်ဖြစ်သည်ဟု ယုံကြည်သောသူတို့သည် အများအားဖြင့် မိမိတို့၏ ဘဝကို လုံးဝမမှတ်မိကြချေ။ ထိုသို့ မမှတ်မိသောကြောင့် အတိတ်ဘဝ မရှိဟုဆိုပါက မှားပေလိမ့်မည်။ မျက်မှောက်ဘဝ၌ပင် ကျွန်ုပ်တို့မှတ်မိသော အရာများမှာ လုံးလုံးမေ့ပျောက်နေပြီဖြစ်သော အရာများနှင့်စာသော် အလွန်နည်းပါးလှပေရာ ကလေးဘဝက များစွာသောအတွေ့အကြုံများထဲမှ ယခု ကျွန်ုပ်တို့ စိတ်သဏ္ဌာန်၌ ကျန်ရှိသော အမှတ်သညာများမှာ ငါးရာနှုန်းမျှပင် ရှိမည်မဟုတ်ချေ။ စင်စစ် ရုပ်ဝါဒအမြင်အားဖြင့် မှတ်ဉာဏ်သည် လူ၏ဦးနှောက်ကို အမှီပြု၍ဖြစ်ပေါ်ရကား လူသေ၍ ဦးနှောက်ပျက်စီးသွားသည်နှင့်တစ်ပြိုင်နက် ဆိုင်ရာ အမှတ်သညာများသည်လည်း ထာဝရချုပ်ငြိမ်းသွားကြရမည်ဖြစ်၏။

သို့ရာတွင် အချို့လူများ သေသောအခါ အမှတ်သညာများ တစ်စိတ်တစ်ဒေသ ကျန်ရှိကြောင်း နတ်ဝင်များမှတစ်ဆင့် ကျွန်ုပ်တို့ သိရှိရပေပြီ။ မိမိတို့၏ အတိတ်ဘဝကို မှတ်မိသည်ဆိုသော ပုဂ္ဂိုလ်များသည်လည်း ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com



အရပ်ရပ်၌ရှိ၏။ ထိုသူတို့ပြောသောစကား မည်မျှမှန်ကန်သည်ကို စူးစမ်းလေ့လာပါက ကျွန်ုပ်တို့၏ တွေ့ရှိရချက်များသည် လူသေပြီး လူပြန်ဖြစ်မဖြစ် ပြဿနာကို ဆုံးဖြတ်ရာ၌ အထောက်အကူ ဖြစ်ပေလိမ့်မည်။

အတိတ်ဘဝကို မှတ်မိသည်ဆိုသော ပုဂ္ဂိုလ်သုံးမျိုးသုံးစားရှိ၏။ ပထမပုဂ္ဂိုလ်များသည် မိမိတို့ ရှေးသရောအခါက မည်သူမည်ဝါဖြစ်ခဲ့သည်ဟု ပြောလေ့ရှိကြ၏။ သူတို့နှင့် ရှေးဘဝက သံသရာ ဆက်နွှယ်ခဲ့သည်ဆိုသော သူများမှာ သာမန်အညတြရလူများ မဟုတ်ဘဲ ဂျူးလိယက်စီဇာ၊ အက္ကဗာ၊ ပလေတိုကဲ့သို့သော သမိုင်းဝင်ပုဂ္ဂိုလ်အကျော်အမော်များ ဖြစ်ကြ၏။ နပိုလီယန်သည် စစ်တိုက်နေစဉ် "ဟေ့ ငါဟာ ရှလမိန်းကွ။ မင်းတို့ ငါဘယ်သူလဲဆိုတာ မသိကြဘူးလား။ ငါဟာ ရှလမိန်းပဲ" ဟုအော်လေ့ရှိသည်ဆို၏။ (ရှလမိန်းမှာ စစ်ပွဲပေါင်းများစွာဆင်နွှဲခဲ့သော နာမည်ကျော် ဥရောပဧကရာဇ်ဘုရင်ကြီးဖြစ်၏။)

ဤပထမပုဂ္ဂိုလ်မျိုး၏ စကားများမှန်သည် မှားသည် မည်သို့မျှ စူးစမ်းလေ့လာရန် မဖြစ်နိုင်သောကြောင့် ၎င်းတို့အကြောင်းကို ကျွန်ုပ်တို့ စဉ်းစားရန်မလိုချေ။

အတိတ်ဘဝကို မိမိအလိုအလျောက် မမှတ်မိသော်လည်း အခြားပုဂ္ဂိုလ်တစ်ဦးဦးက ဖော်ပြသဖြင့်သိရသည်ဆိုသော သူများကိုလည်း ဤပထမ ပုဂ္ဂိုလ်အမျိုးအစား၌ ထည့်သွင်းရပေမည်။

တစ်ခါက အမေရိကန်ပြည်တွင် အက်ဒဂါကေစီဆိုသော နာမည်ကျော်နတ်ဝင်တစ်ဦးရှိ၏။ အက်ဒဂါကေစီသည် သေသူများ၏ အကူအညီအဖြင့် လူနာများကို ကုသပေးသည်ဆို၏။ ခတ်စီးနေစဉ် သူသည် လူနာ၏ရောဂါအမည်ကို ဖော်ထုတ်၍ ကုနည်းကုထုံး ညွှန်ပြ၏။ လူနာသည် နတ်ဝင်ထံသို့လာ၍ တွေ့ရန်မလိုချေ။ သူ့ထံ စာရေးအကြောင်းကြား၍ အလွန်ကွာဝေးသော နေရာမှနေ၍ အကုသခံနိုင်၏။ ကုသမှုမှာ အတော်ထူးထူးခြားခြား အောင်မြင်၍ တစ်ခါတစ်ရံ ဆရာဝန်လက်လွှတ်ထားရသော လူနာများသည်ပင် ရောဂါဝေဒနာပျောက်ကင်းကြသည်ဆို၏။

အက်ဒဂါကေစီသည် လူသေလူပြန်ဖြစ်သည်ဆိုသော အယူကို လက်ခံ၍ နောက်ကာလ၌ နတ်မေးသူ၏အတိတ်ဘဝများကို ပြောပြ၏။ သူ၏အလိုအားဖြင့် လူနာ၏ ရောဂါဝေဒနာများသည် အတိတ်ဘဝ၏ အကျိုးတရားများ ဖြစ်၏။ လူနာ၏ အတိတ်ဘဝအကြောင်း သူ၏ဟောပြောချက်များ မည်မျှမှန်ကန်သည်ကို ကျွန်ုပ်တို့ မသိရချေ။ တစ်ခါတစ်ရံ သူညွှန်းသောပုဂ္ဂိုလ်သည် အတိတ်ကာလက



ကေန်ထင်ရှားရှိခဲ့ကြောင်း ခိုင်မာသောသက်သေအထောက်အထားများ ရှိသည်ဆို၏။ သို့ရာတွင် ထိုအတိတ်ကာလက ပုဂ္ဂိုလ်သည် မျက်မှောက်ပုဂ္ဂိုလ်နှင့် အဆက်အစပ်ရှိသည်ဟု အဘယ်ကြောင့် တပ်အပ်ဆိုနိုင်ပါသနည်းဟု သံသယဝင်ဖွယ်ရှိ၏။

အတိတ်ဘဝကို မှတ်မိသည်ဆိုသော အခြားသူများမှာ အိပ်မွေ့ချထားစဉ် ဘဝဟောင်းသို့ ရောက်ရှိသွား၍ မိမိသိရှိသမျှကို အိပ်မွေ့ဆရာအား ပြောပြသည်ဆိုသော ပုဂ္ဂိုလ်များဖြစ်၏။ *(အိပ်မွေ့ချခြင်းအကြောင်းကို "လူ့စိတ်သဘာဝ"၌ အကျယ်ရေးသားထားသည်။)* အိပ်မွေ့ဆရာသည် မိမိအိပ်မွေ့ချထားသူ နက်ရှိုင်းစွာ ဘဝင်ကျနေသောအခိုက်၌ သူ၏ဘဝခရီးအတိုင်း တစ်စတစ်စ နောက်ပြန်ဆုတ်စေ၍ ကလေးအရွယ်က အဖြစ်အပျက်များကို ပြန်လည် သတိရစေနိုင်၏။ ကလေးဘဝမှတ်မိခြင်းမှာ အတော်မှန်ကန်၍ ၁၀–နှစ်မြောက် မွေးနေ့ကို ပြောနိုင်သူများမှာ ၉၃ ရာခိုင်နှုန်း၊ ၇–နှစ်မြောက်မွေးနေ့ကို မှတ်မိသူများမှာ ၈၂ ရာခိုင်နှုန်း၊ ၄–နှစ်မြောက်မွေးနေ့ကို မှတ်မိသူများမှာ ၆၉ ရာခိုင်နှုန်းခန့်ရှိ၏။ အံ့သြဖွယ်ကောင်းသောအချက်မှာ ကလေးဘဝကို မှတ်မိသောခဏ၌ အိပ်မွေ့ချထားသောသူသည် ကလေးအမူအရာ လက္ခဏာများ ပြလာသည်ဆို၏။

သို့ဖြင့် အချို့သုတေသီဆရာတို့က ပုဂ္ဂိုလ်တစ်ဦး၏ ပဋိသန္ဓေမတည်မီက အတိတ်ဘဝကို အိပ်မွေ့ချ၍ ဖော်ထုတ်နိုင်သည်ဟု ဆိုကြ၏။ ပထမကမ္ဘာစစ်ကြီး မဖြစ်မီက ပြင်သစ်စိတ်ဝိညာဉ် ပညာရှင်တစ်ဦးသည် ထိုနည်းဖြင့် အတိတ်ဘဝရှိမရှိ စူးစမ်းလေ့လာခဲ့ဖူး၏။ အိပ်မွေ့ချခံရသော သူများသည် မိမိတို့၏ အတိတ်ဘဝကို ပြန်ပြောကြရာ သူတို့၏စကားများ မည်မျှမှန်သည်ကို သေချာစွာစုံစမ်းမှု မရှိခဲ့ချေ။ ဒေါက်တာအလိဇန္ဒာကင်နွန်ဆိုသူ အင်္ဂလိပ်စိတ္တဇဆရာဝန်တစ်ဦးကမူ သူသည် ကနဦးက အတိတ်ဘဝကို မယုံကြည်သော်လည်း လူပေါင်းတစ်ထောင်ကျော်ခန့်ကို အိပ်မွေ့ချ၍ စုံစမ်းလေ့လာပြီးနောက် ယုံကြည်လာသည်ဆို၏။

၁၉၅၂ ခုနှစ်က အမေရိကန်ပြည်၌ အလားတူ စူးစမ်းလေ့လာမှုတစ်ရပ်အကြောင်းရေးသားထားသော စာအုပ်တစ်အုပ် ထွက်ပေါ်လာရာ လူများ အဟော် စိတ်ဝင်စား၍ လှုပ်လှုပ်ရွရွ ဖြစ်သွားကြ၏။ စာအုပ်မှာ မစ္စက်ဆင်မွန်ဆိုသော အမျိုးသမီးတစ်ဦးကို အိပ်မွေ့ချ၍ အတိတ်ဘဝ ရှိ မရှိ စုံစမ်းမှုအကြောင်း စာအုပ်ဖြစ်၏။ မစ္စက်ဆင်မွန်က မိမိသည် လွန်ခဲ့သောဘဝက အိုင်ယာလန်ပြည်မှ ဘရိုင်ဒီမာဖီဆိုသော အမျိုးသမီးဖြစ်ပါသည်ဆို၍ ဘရိုင်ဒီမာဖီ၏ နေရပ်မိဘ ဆွေမျိုးသားချင်းများအကြောင်းနှင့် ဘဝအတွေ့အကြုံများကို အသေးစိတ်လင်စွာ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြ၏။ အမေရိကန်သတင်းစာတိုက်တစ်ခုက အိုင်ယာလန်ပြည်သို့ သတင်းထောက်တစ်ဦး စေလွှတ်၍ စုံစမ်းကြည့်ရာ မစ္စက်ဆင်မွန်၏ စကားများ တစ်ချို့တစ်ဝက် မှန်ကန်နေကြောင်း တွေ့ရ၏။ အခြားအချက်များနှင့် စပ်လျဉ်း၍မူ အမှတ်အသားများမရှိတော့သဖြင့် မှန်မမှန် မသိရချေ။

ဤအမှု၌ အချို့အချက်များကို ရှင်းပြရန် မလွယ်ကူချေ။ မစ္စက်ဆင်မွန်သည် အိုင်ယာလန်ပြည်သို့ တစ်ကြိမ်မျှရောက်ဖူးသူမဟုတ်။ အိုင်ယာလန်ပြည်အကြောင်း စာအုပ်များကိုလည်း ဖတ်ဖူးခြင်းမရှိသဖြင့် ရှေးခေတ်က ထိုနိုင်ငံ၏အကြောင်းအရာများကိုလည်း အဘယ်ကြောင့် အသေးစိတ် ပြောပြနိုင်ပါသနည်း။ တစ်ကြိမ်၌မူ အိပ်မွေ့ဆရာ၏ တိုက်တွန်းချက်အရ အိပ်ရာမှ နိုးလာသောအခါ အတိတ်ဘဝက သူတတ်ကျွမ်းခဲ့သည်ဆိုသော ရှေးအိုင်ယာလန် အကတစ်မျိုးကို က၍ပြသည်ဆို၏။ ဤအမှုမှာ လိမ်လည်မှုလည်းမဖြစ်နိုင်ချေ။ စာအုပ်ရေးသားသော မော်ရေးဘန်စတိန်မှာ ကြေးတန်းစားအိပ်မွေ့ဆရာမဟုတ်။ သိက္ခာသမာဓိရှိသော လူကြီးလူကောင်းတစ်ဦးဖြစ်၍ မစ္စက်ဆင်မွန်ပြောသမျှကို တိပ်ခွေအသံသွင်းပြီး သူတွေ့ရှိရချက်ကို အမှန်အတိုင်း တင်ပြခြင်းဖြစ်၏။

သို့ဖြစ်စေကာမူ သိပ္ပံပညာရှင်တို့သည် မစ္စက်ဆင်မွန်၏ စကားများကို အတိတ်ဘဝရှိသည်ဟု ယူဆရန် အထောက်အထားအနေဖြင့် လက်မခံလိုကြချေ။ ဘန်စတိန်သည် အိပ်မွေ့ချ၍ စူးစမ်းလေ့လာရာ၌ သိပ္ပံနည်းမကျမှုကို ထောက်ပြကြ၏။ သူသည် အိပ်မွေ့ချထားသော မစ္စက်ဆင်မွန်အား စူးစမ်းရာ၌ "ကဲ မင်းမမွေးမီက မင်းရဲ့ အတွေ့အကြုံတွေကို ပြောပြစမ်း။ တစ်ခြားနိုင်ငံ တစ်ခြားအရပ်ဒေသအကြောင်းတွေကို မင်းမှတ်မိမှာပေါ့။ အဲဒါတွေကို မင်း ငါ့ကို ပြောနိုင်ရမယ်။ ငါမေးတာတွေကိုလည်း ဖြေနိုင်မှာပဲ" စသည်ဖြင့် စကားလမ်းကြောင်း ပေးလေ့ရှိ၏။ အိပ်မွေ့ချထားခြင်းခံရသောသူသည် အိပ်မွေ့ဆရာ၏ အမိန့်ကို နာခံစမြဲဖြစ်ရာ တစ်ခါတစ်ရံ ဆရာ၏ အလိုဆန္ဒကို ဖြည့်စွမ်းရန် တီထွင်ဖန်တီး၍ ပြုမူပြောဆိုတတ်၏။ သူ၏မှတ်ဉာဏ်မှာလည်း အိပ်မွေ့ချထားသော ခဏ၌ အစွမ်းကုန်နိုးကြားတက်ကြွနေ၍ အသက် ၄-၅နှစ်ရွယ် ကလေးဘဝက လူတစ်ဦးတစ်ယောက် အသံထွက်ဖတ်၍ သူကြားဖူးသော စာအုပ်ထဲမှ စာပိုဒ်ကိုပင် လုံးစေ့ပတ်စေ့ ပြန်လည်ရေရွတ်နိုင်သည် ဆို၏။

အချုပ်ဆိုရသော် အတိတ်ဘဝကို လက်မခံသော ပုဂ္ဂိုလ်တို့၏ အမြင်အားဖြင့် ဘရိုက်ဒီမာဖီ၏ အပြုအမူမှာ မစ္စက်ဆင်မွန် ငယ်စဉ်က အတွေ့အကြုံ ဗဟုသုတများမှ ပေါက်ဖွားလာသော အမှုဖြစ်၏။ ထိုအတွေ့အကြုံ ဗဟုသုတ



များမှာ မည်သို့မည်ပုံ ဖြစ်သည်။ မည်သည့်အချိန်က မည်သို့မည်ပုံ ရရှိခဲ့သည်ကိုကား မည်သူမျှ တိတိကျကျ ထောက်မပြနိုင်ချေ။

မည်သို့ဖြစ်စေ စိတ်ဝိညာဉ်သုတေသီဆရာတို့သည် အိပ်မွေ့ချ၍ အတိတ်ဘဝရှိ မရှိ စုံစမ်းလေ့လာမှုကို မနှစ်သက်ကြချေ။ ထိုနည်းမှာ အိပ်မွေ့ချဆရာ၏ ပယောဂ ပါဝင်နိုင်သည်ဆို၍ ယုံမှားသံသယရှိကြ၏။ အိပ်မွေ့ချခံပုဂ္ဂိုလ်၏ ပြောပြချက်များသည် သူ၏မျက်မှောက်ဘဝ အတွေ့အကြုံ ဗဟုသုတများနှင့် အလျဉ်းဆက်စပ်ခြင်းမရှိဘဲ အံ့သြဖွယ်ရာ မှန်ကန်နေသည်ဆိုစေ၊ ထိုမှန်ကန်မှုတစ်ခုတည်းကိုကြည့်၍ အတိတ်ဘဝရှိပါသည်ဟု သိပ္ပံနည်းကျ မဆုံးဖြတ်နိုင်ချေ။ နတ်ဝင်သည် သေသူနှင့် ဆက်သွယ်သည်ဆိုရာ၌ သူ၏ပြောပြချက်များ မှန်ကန်မှုကိုသာမကြည့်ဘဲ သေသူ၏ပစ္စည်းများကို ခွဲခြားမှတ်မိမှု၊ တတ်စီးနေစဉ် သေသူ၏ အမူအရာလက္ခဏာများပြမှု စသည်တို့ကိုပါ ကျွန်ုပ်တို့ စဉ်းစားရပေမည်။ ထို့အတူ အတိတ်ဘဝ ရှိမရှိ စူးစမ်းရာ၌ ထိုအတိတ်ဘဝအကြောင်း ပြောပြသော စကားများ မှန်ကန်မှုအပြင် အခြားခိုင်မာသော အထောက်အထားများကို ရှာဖွေလေ့လာရပေမည်။

ထိုအထောက်အထားများမှာ လူဝင်စားသည်ဆိုသော အမှုများ၌ ထင်ရှား၏။ ထိုအမှုများမှာ မိမိကိုယ်မိမိ အတိတ်ဘဝက မည်သူမည်ဝါဖြစ်ပါသည်ဟု ပေါ့ပေါ့တန်တန် ပြောသောသူများ၏ အမှုမဟုတ် အိပ်မွေ့ချထားခိုက် အတိတ်ဘဝကို ဖော်သောသူများ၏ အမှုလည်းမဟုတ်ဘဲ အတိတ်ဘဝက မိမိ မည်သူဖြစ်သည်ဟု အလေးအနက် ယုံကြည်၍ ထိုဘဝအကြောင်း အတော်အတန် စုံစုံလင်လင် ပြောပြနိုင်သော ကလေးသူငယ်များ၏အမှု ဖြစ်၏။ ထိုလူဝင်စားမှုများအကြောင်း သုတေသီဆရာတို့ လေ့လာသိရှိရသမျှကို ရှေ့အခန်း၌ ပြဆိုပါအံ့။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၁၄ ]

## လူဝင်စားမှုသုတေသန

ကမ္ဘာပေါ်ရှိ အချို့သောနိုင်ငံများ၌ အတိတ်ဘဝကိုကောင်းစွာမှတ်မိ၍ စေ့စေ့စပ်စပ်သေချာစွာ ပြောပြနိုင်သည်ဆိုသော ကလေးသူငယ်များ တစ်ခါတစ်ရံ ပေါ်ထွက်လာလေ့ရှိ၏။ ၎င်းတို့ကို မြန်မာတို့က လူဝင်စားဟု ခေါ်၏။ လူဝင်စားသည်ဆိုသော အမှုများကို ရှေးအခါက မည်သူမျှ သေချာကျနစွာ မလေ့လာခဲ့ချေ။ အတိတ်ဘဝကိုယုံကြည်သောသူများသည် ထိုအမှုမျိုးကို လူသတ္တဝါ၏ ဖြစ်ရိုးဖြစ်စဉ်ကိစ္စရပ်အနေဖြင့် ခံယူ၍ စိတ်မဝင်စားကြပေ။ မယုံကြည်သောသူတို့ကလည်း ကလေးပြောသောစကားများကို အလေးဂရုမပြုဘဲ အမှုမဲ့အမှတ်မဲ့ မေ့ပစ်လိုက်ကြသည်က များ၏။

မြန်မာနိုင်ငံ၌ တစ်ခါက အတန်ကြာနေထိုင်သွားသော အင်္ဂလိပ်သုတေသီ ဖရန်ဆစ်စတိုရီ၏ အဆိုအားဖြင့် အထောက်အထား အခိုင်မာဆုံး မြန်မာလူဝင်စားမှုမှာ ဒါးပိန်မှ မအညို၏အမှုဖြစ်၏။

ဖရန်ဆစ်စတိုရီ၏ ရေးသားချက်အရ ဒါးပိန်မြို့အနီးရှိ ရွှေတောင်ပန်းရွာ၌ ဦးဖိုးချုံနှင့် ဒေါ်ငွေသင်ဆိုသော လယ်သမားဇနီးမောင်နှံ ရှိ၏။ သူတို့၏ သမီးမဖွားကျင်သည် ကိုဘသင်ဆိုသူနှင့် အိမ်ထောင်ကျ၍ ကလေးမျက်နှာမမြင်ပြီး သေဆုံးသွား၏။ ထို့နောက်မကြာမီ ဒါးပိန်မြို့ရှိ ဦးဖိုးရင်နှင့် ဒေါ်သေးသေးမျှင်တို့တွင် သမီးတစ်ယောက် ဖွားမြင်၏။ အညိုဆိုသော ထိုကလေးသည် စကားပြောတတ်သောအခါ ရွှေတောင်ပန်းရွာသို့ သွားလိုကြောင်း၊ သူသည် ထိုရွာ၌ နေထိုင်ဖူး၍ သူ့အမည်မှာ အညိုမဟုတ်၊ မဖွားကျင်ဖြစ်ကြောင်း မိဘများအား ပြောပြတော့၏။



နောက်ဆုံး၌ သူ့မိဘများသည် သူ့ကို ရွာသို့ခေါ်သွား၏။ ကလေးသည် မဖွားကျင်၏အိမ်သို့ တန်းတန်းမတ်မတ် ဦးဆောင်သွား၍ လမ်းတွင် တွေ့မြင်ရသော လယ်ကွင်းနှင့် ကျွဲနွားအချို့ကို မိမိပိုင်ပစ္စည်းများအနေဖြင့် ပြသွား၏။ အိမ်သို့ရောက်သောအခါ မဖွားကျင်၏မိဘနှင့် မောင်နှစ်ယောက်ကို ချက်ချင်းမှတ်မိ၍ ရှေးဘဝက မိမိနှင့် မည်သို့တော်စပ်ကြောင်း မှန်ကန်စွာ ပြောပြ၏။ မိဘဆွေမျိုးသားချင်းအားလုံးက သူ လမ်းတွင် လက်ညှိုးထိုးပြသော လယ်ကွက်နှင့် ကျွဲနွားများမှာ အမှန်ပင် မဖွားကျင် ပိုင်ဆိုင်ခဲ့ကြောင်း၊ သူပြောပြသော မဖွားကျင်ဘဝက အဖြစ်အပျက်များမှာလည်း မှန်ကန်ကြောင်း အတည်ပြု၍ သူ့ကို အတိတ်ဘဝက မဖွားကျင်အနေဖြင့် တစ်ရွာလုံး အသိအမှတ်ပြုကြ၏။

ဤအမှုမှာ ဖရန်ဆစ်စတိုရီက မြန်မာတစ်ဦးထံမှ တစ်ဆင့် ကြားသိရခြင်းဖြစ်သည်ဆိုရာတွင် ကိုယ်တိုင်စူးစမ်းလေ့လာမှုကို အဦးပြုသော အနောက်နိုင်ငံသုတေသီဆရာတို့က လက်ခံလိုမည်မဟုတ်ချေ။ တစ်ခါတွင် အနောက်တိုင်းသတင်းစာများသို့ ဂယက်ရိုက်သွား၍ အထောက်အထား အတော်ခိုင်လုံသော လူဝင်စားမှုမှာ အိန္ဒိယပြည်မှ သျှန္တိဒေဗီ၏အမှုဖြစ်၏။

၁၉၃၇ ခုနှစ်က အိန္ဒိယပြည်နယူးဒေလီမြို့မှ သျှန္တိဒေဗီအမည်ရှိ မိန်းကလေးသည် သူ၏မိဘများအား သူ၏အတိတ်ဘဝအကြောင်းကို ပြောပြ၏။ သူသည် အတိတ်ဘဝက လတ်ဂဒီအမည်ရှိ မိန်းမတစ်ဦးဖြစ်၍ လင်ယောကျ်ားမှာ ကေဒါနတ်ဆိုသူ အထည်ကုန်သည်ဖြစ်သည်ဆို၏။ အတိတ်ဘဝက သူနေထိုင်ခဲ့သော မဂုရမြို့မှ နေရပ်လိပ်စာ၊ နေအိမ်ဟောင်း၏ ပုံသဏ္ဌာန် စသည်တို့ကို အသေးစိတ်ပြောပြ၏။ သူ၏မိဘများမှာ မွတ်စလင်များဖြစ်သော်လည်း သူသည် ဟိန္ဒူဘာသာဝါဒနှင့် ဓလေ့ထုံးစံများအကြောင်း အတော်အတန်သိ၏။

သို့ဖြင့် သူသည် မိဘများနှင့် မဂုရမြို့သို့ သွားကြရာ သူတို့နှင့်အတူ စူးစမ်းလေ့လာရန် လူ ၁၅ ဦးလိုက်ပါသွား၏။ မဂုရသို့ရောက်သောအခါ သျှန္တိသည် သူ့အဖွဲ့အား သူ့အိမ်သို့ဦးဆောင်၍ခေါ်သွား၏။ အိမ်ထဲသို့မဝင်မီ အိမ်ထဲ၌ အခန်းများဖွဲ့ထားပုံကိုပြောပြရာ သူပြောသည့်အတိုင်းမှန်နေသည်ကို တွေ့ကြရ၏။ ထို့နောက် အခြားတစ်အိမ်သို့ ခေါ်သွား၍ ထိုအိမ်၌ သူမသေမီက ဘုရားကျောင်းအတွက်လှူရန် သူရည်မှန်းထားသောငွေကို ဝှက်ထားသည့်နေရာကို ပြ၏။ ထိုနေရာ၌ ကြမ်းပြင်ကိုခွာကြည့်ရာ ဘာမျှမတွေ့ရချေ။ သို့ရာတွင် သူ၏လင်ဟောင်း ကေဒါနတ်က သူ၏ငွေကို ယူထားပါသည်ဟု ဝန်ခံ၏။ ထို့မှတစ်ဖန် သူ၏မိဘဟောင်းများနေအိမ်သို့ သူ့အဖွဲ့ကို ခေါ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်တွင် လူ ၅၀ ခန့် ရောက်ရှိနေရာ သူသည် လူ ၅၀ ထဲမှ သူ့မိဘများကို မှန်ကန်စွာရွေးထုတ်၍ ဖက်ရမ်းနှုတ်ဆက်၏။

သျှန်္တိ၏အမှုကို ဆွီဒင်ပညာရှင်တစ်ဦးက လိမ်လည်လှည့်စားမှုဟု ထင်၍ ထုတ်ဖော်ရန် အိန္ဒိယပြည်သို့ လာရောက်စုံစမ်း၏။ သို့ရာတွင် သူသည် သေချာစွာ စူးစမ်းလေ့လာပြီးနောက် ၎င်းမှာ အထောက်အထားခိုင်လုံသော လူဝင်စားမှု ဖြစ်ပါသည်ဟု ဝန်ခံ၏။

အင်္ဂလန်ပြည်၌ လူဝင်စားမှုများ အလွန်နည်းပါးသောကြောင့်ပေလား မသိ။ အင်္ဂလိပ် စိတ်ဝိဉာဉ်သုတေသနအသင်းသည် လူဝင်စားမှုများကို စူးစမ်းလေ့လာခြင်း မပြုခဲ့ချေ။ အမေရိကန်နိုင်ငံ၌မူ ဗာဂျီးနီးယားတက္ကသိုလ် ဆေးကောလိပ်မှ အိုင်ယန်စတီဗင်ဆင်ဆိုသော ပညာရှင်တစ်ဦးသည် ကမ္ဘာအရပ်ရပ်မှ လူဝင်စားမှုများကို လေ့လာလျက်ရှိ၏။ သူစာရင်းပြုလုပ်ထားသော အမှုများမှာ ၆၀၀ နီးပါးရှိ၍ ယင်းတို့အနက် သုံးပုံတစ်ပုံကို သူ့အဖော်များကိုယ်တိုင် စုံစမ်းလေ့လာပြီးဖြစ်၏။ လူဝင်စားမှုသုံးရာခန့်မှာ အိန္ဒိယ၊ သီဟိုဠ်၊ ယိုးဒယားနှင့် မြန်မာနိုင်ငံများမှဖြစ်၍ ကျန်အမှုများမှာ အများအားဖြင့် တူရကီ၊ ဆီးရီးယား၊ လက်ဘနွန်၊ ဘရာဇီးနှင့် ဥရောပနိုင်ငံများမှဖြစ်၏။ မြောက်အမေရိကတိုက်တွင် အလက်စကား ပြည်နယ်၌ လူဝင်စားမှု အတော်များများရှိ၍ ကနေဒါနှင့် အမေရိကန်နိုင်ငံများ၌မူ သိပ်မရှိလှချေ။

အိုင်ယန်စတီဗင်ဆင် ရေးသား၍ ၁၉၆၆ ခုနှစ်၌ အမေရိကန်စိတ်ဝိဉာဉ်သုတေသနအသင်းမှ ထုတ်ဝေသော စာအုပ်တစ်အုပ်၌ လူဝင်စားမှု ၂၂ မှုကို ဖော်ပြထား၏။ စတီဗင်ဆင်သည် ထိုအမှုများကို တစ်ဆင့်စကားဖြင့် မှတ်သား၍ တင်ပြခြင်းမဟုတ်ချေ။ ဆိုင်ရာနိုင်ငံများသို့ ကိုယ်တိုင်သွားရောက်၍ လူဝင်စားမှုများနှင့် သူတို့ဆွေမျိုးသားချင်း အသိသက်သေများကို တွေ့ဆုံမေးမြန်းခြင်း၊ လူဝင်စားများကို စမ်းသပ်စစ်ဆေးခြင်း၊ မိဘဆွေမျိုးများ၏ သဘောထား၊ သူတို့နှင့်အတိတ်ဘဝက ပုဂ္ဂိုလ်၏မိဘဆွေမျိုးများ အဆက်အသွယ်ရှိ မရှိ၊ လူဝင်စားသည် အတိတ်ဘဝကပုဂ္ဂိုလ်၏ အကြောင်းအရာကို တစ်နည်းနည်းဖြင့် သိရှိခြင်း ဖြစ်နိုင် မဖြစ်နိုင် စသည်ဖြင့် များစွာသော အချက်များကို စေ့စေ့သေချာစွာ လေ့လာပြီးမှ ရေးသားထားခြင်းဖြစ်၏။ သို့ဖြစ်၍ စတီဗင်ဆင်၏ လူဝင်စား စူးစမ်းလေ့လာမှုမှာ ထောင့်စေ့၍ သိပ္ပံနည်းကျသည်ဟု ဆိုရပေမည်။ သူစူးစမ်းသောအမှုများမှာ တမလွန်ဘဝပြဿနာနှင့် ပတ်သက်၍ အထူးလေ့လာသင့်သော အမှုများဖြစ်ပေရာ အမှုငါးခုကို ရွေးချယ်ဖော်ပြပါအံ့။



## ၁။ အိန္ဒိယပြည်မှ ရဗိရှန်ကာ

၁၉၅၁ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့၌ ဥတ္တပရာဆတ်နယ်ရှိ မြို့တစ်မြို့မှ ဆတ္တာသည် ဂျဂက်ရှဝါပရာဆတ်၏ တစ်ဦးတည်းသောသားဖြစ်သူ အသက် ၆ နှစ်အရွယ်ရှိ မွန်နာသည် ကစားနေရာမှ အိမ်နီးချင်းယောက်ျားနှစ်ဦး၏ သွေးဆောင်ရာသို့ လိုက်ပါသွားပြီး ရက်စက်စွာ အသတ်ခံရ၏။ လူသတ်မှု တရားခံအဖြစ် အစွပ်စွဲခံရသူနှစ်ဦးမှာ တစ်ဦးက ဆတ္တာသည်ဖြစ်၍ ကျန်တစ်ဦးမှာ ခဝါသည်ဖြစ်၏။ တစ်ဦးကဖြောင့်ချက်ပေး၍ နောက်ကာလ၌ သူ့ဖြောင့်ချက်ကို ရုပ်သိမ်းသွား၏။ တရားရုံးတွင် သက်သေမရှိသဖြင့် တရားခံနှစ်ဦးစလုံး လွတ်သွား၏။

၁၉၅၁ခုနှစ် ဇူလိုင်လတွင် ထိုမြို့ရှိ ရန်ဂွတ်ပတားဇနီးမောင်နှံ၌ ရဗိရှန်ကာဆိုသော သားကိုဖွားမြင်၏။ ရဗိရှန်ကာသည် အသက် ၂ နှစ်နှင့် ၃ နှစ်အကြားတွင် သူ့မိဘများအား သူ့အတိတ်ဘဝ အိမ်တွင်ရှိသည်ဆိုသော ကစားစရာ အရုပ်များကို တောင်း၏။ အသက် ၆ နှစ်အရွယ်၌ ကျောင်းရှိ သူ့ ဆရာအား လူသတ်မှုအကြောင်း ပြောပြ၏။

မွန်နာ၏ဖခင် ပရာဆတ်သည် ထိုသတင်းကိုကြားသောအခါ ရဗိရှန်ကာ၏အိမ်သို့ စုံစမ်း၏။ ရဗိရှန်ကာသည် သူ့ကိုမြင်သည်နှင့် တစ်ပြိုင်နက် ဘဝဟောင်းက ဖခင်အနေဖြင့် မှတ်မိ၍ မိမိအသတ်ခံရပုံကို ပြောပြ၏။ သူ၏ ပြောပြချက်မှာ မွန်နာ အသတ်ခံရပုံနှင့် ပတ်သက်၍ ပရာဆတ်သိရှိသမျှနှင့် အသေးစိတ် (အသတ်ခံရစဉ်က မွန်နာ မာလကာသီးစားနေပုံ၊ မြစ်ကမ်းစပ်သို့ ခေါ်သွားပုံ၊ ဘုရားကျောင်းအနီးအသတ်ခံရပုံ၊ သဲထဲ၌ အလောင်းဝှက်ထားပုံ) ကိုက်ညီနေ၏။ အိမ်ဟောင်း၌ သူ၏ကစားစရာအရုပ်နှင့် အခြားပစ္စည်းများ၏ အမျိုးအမည်များ ပြောပြချက်များမှာလည်း အားလုံးမှန်ကန်နေ၏။

ရဗိရှန်ကာသည် ဘုရားပွဲတစ်ခု၌ မွန်နာကိုသတ်သည်ဆိုသော လူတစ်ဦးကို မြင်သည်နှင့် ချက်ချင်းမှတ်မိ၍ တုန်လှုပ်သွား၏။ သူသည် ဆတ္တာသည်နှင့် ခဝါသည်အားလုံးကို ကြောက်၍ ၎င်းတို့ကိုမြင်လျှင် ထွက်ပြေး၏။ သူ့လည်ပင်းတွင် မွေးရာပါအမာရွတ်တစ်ခုရှိရာ သူက ၎င်းမှာ သူအသတ်ခံရစဉ်ကရရှိသော ဒဏ်ရာအမှတ်အသားဖြစ်သည်ဆို၏။

စတီဗင်ဆင်၏ လေ့လာချက်အရ ရဗိရှန်ကာ မှတ်မိသော အချက်များမှ အဖြစ်မှန်နှင့်ကိုက်ညီနေသော ပြောပြချက်များမှာ အားလုံး ၂၇ ချက်ရှိ၏။ သူသည် ၁၁ နှစ်အရွယ်သို့ရောက်သောအခါ ဘဝဟောင်းက အဖြစ်အပျက်များကို

www.burmeseclassic.com

www.burmeseclassic.com



မေ့သွား၏။ သူငယ်စဉ်က ပြောခဲ့သောစကားများကို သတိမရတော့ချေ။ လူသတ်တရားခံများကိုမြင်ရသောအခါ ပထမ၌ ကြောက်၍ ဘာကြောင့်မှန်းမသိ။ ၁၉၆၄ ခုနှစ်၌မူ ရှေးကကဲ့သို့ ကြောက်ခြင်း၊ ဒေါသထွက်ခြင်း မရှိ။ တရားခံ တစ်ဦးကိုမူ လုံးဝမမှတ်မိတော့ချေ။

## ၂။ သီဟိုဠ် (သီရိလင်္ကာ)ကျွန်းမှ ရန်ဂျစ်မကလန္ဒ

ရန်ဂျစ်မကလန္ဒသည် ကိုလန်ဘိုမြို့၌ ၁၉၄၂ ခုနှစ်တွင် မွေးဖွား၏။ သူ့အသက် နှစ်နှစ်မပြည့်သေးမီကပင် မှတ်ဉာဏ်အထူးကောင်း၍ အမူအရာ လက္ခဏာများမှာ အခြားသီဟိုဠ်ကလေးသူငယ်များနှင့်မတူဘဲ ထူးခြားနေသည်ကို ဖခင်ဖြစ်သူက သတိပြုမိ၏။ သို့ဖြစ်၍ သူသည် သူ့မိသားစုအဖို့ သူစိမ်းတရံစာလို ဖြစ်နေ၍ သူ့မိဘများအား အခြားမွေးချင်းများကဲ့သို့ ချစ်ခင်သော အမူအရာ မပြချေ။

မကလန္ဒသည် အင်္ဂလိပ်စာကို အခြားကလေးများထက် အသက်အရွယ် စောပြီး လျင်မြန်စွာ သင်ကြားတတ်မြောက်၍ ငယ်ရွယ်စဉ်ကပင် အင်္ဂလိပ် ကလေးများ၏ အမူစရိုက်ကိုပြ၏။ အသက်နှစ်နှစ်အရွယ်၌ အော့အန်ချင်လျှင် သူ့လည်ချောင်းထဲသို့ လက်ချောင်းများထိုး၍ အန်အောင်ပြု၏။ ဤအကျင့်မှာ သီဟိုဠ်သားတို့အဖို့ ဆန်း၍ အင်္ဂလိပ်အကျင့်ဖြစ်၏။ သူသည် ဆန်ထမင်းကို မကြိုက်။ စားလျှင်လည်း သီဟိုဠ်သားကဲ့သို့ မစားဘဲ ထမင်းစေ့များကို ပါးစပ်ထဲ ပစ်ထည့်ပြီး စားလေ့ရှိ၏။ ထောပတ်များများသုတ်ထားသော ပေါင်မုန့်ကို ကြိုက်၍ အင်္ဂလိပ်တို့ကဲ့သို့ လက်နှင့်ကိုင်တွယ်စားတတ်၏။ ဟိုတယ်၌ စားသော အခါ ခက်ရင်းနှင့် ဓားကို ကျင်လည်စွာ အသုံးပြုတတ်၏။

အသက်လေးနှစ်ပြည့်ခါနီးတွင် ရန်ဂျစ်မကလန္ဒသည် အမေနှင့် အစ်ကို အစ်မများအား "ခင်ဗျားတို့ဟာ ကျွန်တော့်ရဲ့ ဆွေမျိုးသားချင်းတွေ မဟုတ်ဘူး။ ကျွန်တော့်ရဲ့ မိဘဆွေမျိုးသားချင်းတွေက အင်္ဂလန်ပြည်မှာရှိတယ်" ဟု ပြော၏။ သူ့အဖေ မစ္စတာ ဒီဆီလဗား‌ကမေးသောအခါ ရန်ဂျစ်က မိမိသည် အင်္ဂလန် ပြည်မှလာကြောင်း၊ မိဘများ၏အမည်ကို မမှတ်မိ၊ ညီအစ်ကိုနှစ်ယောက်မှာ တွမ်နှင့် ဂျင်ဖြစ်၍ ညီမမှာ မာဂရက်ဖြစ်ကြောင်း၊ ဖခင်ဖြစ်သူသည် သင်္ဘော ကြီးများပေါ်၌ အလုပ်လုပ်ကြောင်း၊ မိမိသည် ခရစ်ယာန်ဘာသာကို ကိုးကွယ်၍ ညီ၊ ညီမများကို ဘုရားရှိခိုးကျောင်းသို့ တနင်္ဂနွေနေ့တိုင်း ခေါ်သွားလေ့ရှိကြောင်း စသည်ဖြင့် ဘဝဟောင်းက အကြောင်းအရာများကိုပြောပြ၏။



မစ္စတာဒီဆီလဗားက ရန်ဂျစ်ပြောသော အကြောင်းအရာများကို သူတို့ မိသားစုအတွင်း၌ အချင်းချင်းပြောဖူးခြင်းမရှိဟု ဆို၏။ ရန်ဂျစ် အသက် လေးနှစ်ပြည့်မွေးနေ့၌ သူသည် အသံလွှင့်ရုံနှင့် ကြိုတင်စီစဉ်ထား၍ ရန်ဂျစ်အား အင်္ဂလန်ပြည်မှ သူ့အမေက ညနေငါးနာရီတွင် နှုတ်ဆက်စကားပြောလိမ့်မည်ဟု ပြောထား၏။ ရေဒီယိုမှ မိန်းမတစ်ဦးက အင်္ဂလိပ် အသံနေ အသံထားဖြင့် သူ့မွေးနေ့ကို ကြေညာသောအခါ ရန်ဂျစ်သည် ဝမ်းမြောက်ဝမ်းသာ လက်ခုပ် တီး၍ "အမေ ကျွန်တော် အခု သီဟိုဠ်ကျွန်း ရောက်နေပါတယ်၊ အိမ်ကိုပြန် ခေါ်ပါ" ဟု ပြော၏။

မစ္စတာဒီဆီလဗားမှာ အင်္ဂလိပ်ကို လိုလားသူမဟုတ်ချေ။ အင်္ဂလိပ်ကို မုန်းသောစိတ်မှာ အခြားသီဟိုဠ်သားများမှာထက် ပြင်းပြ၍ သူ့သားအား အတိတ်ဘဝကို မေ့ပစ်ရန် ကြိုးစား၏။ သို့ရာတွင် သူ၏ကြိုးပမ်းမှု မအောင် မြင်ချေ။

အသက် ၁၃-၁၄ နှစ်လောက်တွင် ရန်ဂျစ်သည် သူ့အဖေအား သူကျောင်းမှထွက်၍ မော်တော်ကား အလုပ်ရုံတွင် လုပ်ကိုင်လိုကြောင်း၊ ကားရေဆေးသောအလုပ် လုပ်ရလျှင်ပင် သူကျေနပ်ကြောင်း ပြော၏။ မည်သည့် သီဟိုဠ်ကျောင်းသားမှ ထိုအလုပ်မျိုးလုပ်ရန် စိတ်ကူးမည်မဟုတ်သဖြင့် မစ္စတာ ဒီဆီလဗားမှာ ထိုအကြံကို မနှစ်သက်ချေ။ သို့ရာတွင် ခွင့်ပြုလိုက်၍ ရန်ဂျစ်သည် မော်တော်ကား အလုပ်ရုံများတွင် လုပ်ကိုင်တော့၏။ သူသည် ကားအင်ဂျင် စက်အကြောင်းကို အံ့သြဖွယ် လျင်မြန်စွာတတ်သိနားလည်၍ ကားနှင့် မော်တော် ဆိုင်ကယ်ကို ကောင်းစွာမောင်းတတ်သွား၏။ အသက် ၁၈ နှစ်အရွယ်တွင် သူ့အဖေက သူ့အား အင်္ဂလန်သို့သွား၍ ကားအင်ဂျင်နီယာအတတ် သင်လို သလားဟုမေးရာ သူသည် သူ့အဖေအား နောက်ထပ် ဘာမျှမတိုင်ပင်ဘဲ အင်္ဂလန်သို့ သင်္ဘောဖြင့် ထွက်ခွာသွားတော့၏။

သင်္ဘောပေါ်တွင် ရန်ဂျစ်သည် အင်္ဂလိပ်ခရီးသည်များနှင့် လျင်မြန်စွာ အကျွမ်းတဝင်ဖြစ်သွား၏။ လန်ဒန်မြို့၌ ဘယ်အခါမျှ မျက်စိလည်လမ်းမှားခြင်း မရှိ။ မိမိရပ်ရွာဒေသဟောင်းသို့ ပြန်ရောက်ဘိသကဲ့သို့ စိတ်ကြည်နူးသာယာ နေ၏။ လန်ဒန်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် သွားနာလာရာ မည်သူ့ကိုမျှ မေးမနေဘဲ ဆေးရုံတစ်ခုထဲသို့ စိုက်စိုက်မတ်မတ် ဝင်သွား၍ သွားကို နှုတ်ပစ် လိုက်၏။

ရန်ဂျစ်သည် အင်္ဂလန်ပြည်၌ သူ့အတိတ်ဘဝနှင့်ပတ်သက်၍ နောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



အမှတ်သညာများ ပေါ်လာပြီး သူနေခဲ့ဖူးသော မြို့သို့မဟုတ် အိမ်ကို မှတ်မိလိမ့်မည်ဟု မျှော်လင့်၏။ သို့ရာတွင် မျှော်လင့်သည့်အတိုင်း ဖြစ်မလာချေ။ မော်တော်ကားအတတ်ပညာကို ပိုင်နိုင်ကျွမ်းကျင်မှုမှာကား ပိုမိုထင်ရှားလာ၏။ စကော့တလန်ပြည် ကားမောင်းပြိုင်ပွဲတစ်ခု၌ အခြားလူ ၂၁ ဦးနှင့်အတူ ပါဝင်ယှဉ်ပြိုင်ရာတွင် သူ ပထမရသွား၏။ ထိုကားပြိုင်ပွဲ၌ သူသည် အာရုံတိုက်မှ တစ်ဦးတည်းသောပြိုင်ပွဲဝင် ဖြစ်၏။

## ၃။ လက်ဘနွန်ပြည်မှ အိမတ်အယ်လဂါ

လက်ဘနွန်နိုင်ငံ၊ ဆီးရီးယား အစ္စရေးနှင့် ဂျော်ဒန်နိုင်ငံအချို့ဒေသများ၌ ဒရုစဟုခေါ်သော လူမျိုးစုနေထိုင်ကြ၏။ ဒရုစတို့သည် အစ္စလာမ်ဘာသာဝင်များဖြစ်သော်လည်း တမလွန်ဘဝကို ယုံကြည်ကြ၏။ သူတို့အဆိုအားဖြင့် ဘဝကူးပြောင်းခြင်းသည် သေပြီးသည်နှင့် တစ်ပြိုင်နက်ဖြစ်၍ သေခါနီးတွင် ဘဝကူးကောင်းရန် စိတ်ကို တည်ငြိမ်စွာထားရန် အရေးကြီးသည်ဆို၏။

အိမတ်အယ်လဂါသည် ဒရုစအမျိုးသားဖြစ်၍ လက်ဘနွန်ပြည်နယ်ရှိ ရွာတစ်ရွာ၌ ၂၁–၁၂–၅၈ နေ့ရက်တွင် မွေးဖွား၏။ အသက် နှစ်နှစ်လောက်တွင် အတိတ်ဘဝက သူနေခဲ့သောရွာအမည် (ခရိဘီ)မိဘအမည်၊ အခြားလူများအမည် သူပိုင်ဆိုင်သော ပစ္စည်းအမျိုးအမည်နှင့် အချို့သောဖြစ်ရပ်များကို ပြောပြ၏။ သူ့အဖေကမူ သူပြောသော စကားကို မယုံသဖြင့် သူက ခရိဘီသို့သွားလိုကြောင်း ပြောသော်လည်း ခေါ်မသွားချေ။

တစ်နေ့တွင် ခရိဘီမှ လူတစ်ယောက်သည် သူတို့ရွာသို့ အလည်လာရာ အိမတ်သည် သူ့အိမ်နီးချင်းဖြစ်ပါသည်ဟုဆိုပြီး နှုတ်ဆက်၏။ နောက်ကာလ၌ ခရိဘီအနီးရှိ ရွာတစ်ရွာမှ မိန်းမတစ်ဦးရောက်လာ၍ ထိုမိန်းမက အိမတ်ပြောသောလူများမှာ တစ်ခါက ခရိဘီ၌ နေထိုင်ခဲ့ဖူးကြောင်းအတည်ပြုသွား၏။

အိမတ်သည် ဘဝဟောင်းက ဂျမီဆိုသော မိန်းမတစ်ယောက် အကြောင်းကို မကြာခဏပြော၏။ ဂျမီမှာ အလွန်လှပသော မိန်းမတစ်ယောက် ဖြစ်သည်ဆို၏။ လူတစ်ယောက်ကို ထရပ်ကားတစ်စီးကြိတ်၍ သေဆုံးပုံနှင့် ဘတ်စ်ကားတစ်စီး မတော်တဆတိုက်မိပုံကိုလည်း ပြော၏။

ခရိဘီသို့ စိတ်ဝိညာဉ်သုတေသနဆရာ အိုင်ယန်စတီဗင်ဆင် ရောက်သွားသောအချိန်က အိမတ်သည် ခရိဘီသို့မသွားရသေးချေ။ စတီဗင်ဆင်သည် အိမတ်၊ အိမတ်၏ အဖေ၊ စကားပြန်တစ်ဦးတို့နှင့်အတူ ခရိဘီသို့ သွားကြ၏။ ခရိဘီ၌



အိမတ်အဖေ၏ အသိမိတ်ဆွေတစ်ဦးမှာ ၁၉၄၃ ခုနှစ်က ထရပ်ကားကြိတ်၍ သေဆုံးကြောင်း သိရှိရ၏။ အိဘရာဟင်ဗိုဟမ်ဇီဆိုသူ ရွာသားတစ်ဦး၏ မယားငယ်မှာ ဂျမီဟုအမည်တွင်၍ ချောမောလှပမှုအတွက် ထိုနယ်တစ်ဝိုက်တွင် နာမည်ကြီးကြောင်း အိမတ်ပြောခဲ့သည့်အတိုင်း ကျကျနနဝတ်စား၍ ခံ့မြင့်ဖိနပ်စီးလေ့ရှိကြောင်း သိရ၏။

အိဘရာဟင်သည် ဘတ်စကားထောင်၍ တစ်ခါသော် သူမောင်းသွားသော ဘတ်စကားမှာ ဘရိတ်ပျက်၍ ကုန်းလျှောတစ်ခုတွင် လိမ့်ဆင်းပြီး ခရီးသည်များ ဒဏ်ရာရရှိသွားခဲ့ဖူးကြောင်းသိရ၏။ စတီဗင်ဆင်နှင့် အခြားသက်သေများရှေ့တွင် အိမတ်က အိဘရာဟင်မှာ အမဲလိုက်ဝါသနာပါ၍ သေနတ်နှစ်လက်ရှိကြောင်း၊ ခွေးတစ်ကောင်ရှိ၍ တစ်ခါက ခွေးကိုရိုက်နှက်ကြောင်း၊ အိမ်ခြံထဲ၌ ရေတွင်းနှစ်ခုရှိကြောင်း သူသေခါနီးတွင် ဥယျာဉ်သစ်တစ်ခုပြုလုပ်နေကြောင်း ပိုက်ဆံနှင့် မြေပိုင်ရှိသော်လည်း အလုပ်မယ်မယ်ရရမရှိကြောင်း စသည်ဖြင့် အိဘရာဟင်၏ ဘဝဖြစ်စဉ်နှင့်ပတ်သက်သော အချက်များကို အသေးစိတ်ပြောပြ၏။ ယင်းအချက်အားလုံး မှန်ကန်ကြောင်း အိဘရာဟင်နှင့် ရင်းနှီးသိကျွမ်းဖူးသူများက အတည်ပြုကြ၏။ အိဘရာဟင် မသေမီနောက်ဆုံး ပြောသွားသော စကားကိုပင် အိမတ်ကပြောပြရာ ထိုအချိန်က အိဘရာဟင်၏ အိပ်ရာအနီးရှိသော သားချင်းတစ်ယောက်က အိမတ်၏ ပြောပြချက် မှန်ကန်ပါသည်ဟု ဆိုလေသည်။

အိဘရာဟင်၏ ကိုယ်ပိုင်ပစ္စည်း၊ နေရာဌာန စသည်တို့နှင့် ပတ်သက်၍ အိမတ်မှတ်မိခြင်းမှာ အံ့သြဖွယ်ရာကောင်း၏။ သူသည် အိဘရာဟင်၏ အိမ်နေရာဟောင်း၊ အိဘရာဟင် သူ့သေနတ်ကို ထားသောနေရာ၊ ခွေးကိုထားသောနေရာ၊ သူ၏အိပ်ရာ၊ ထိုအိပ်ရာ၏ မူလအနေအထား၊ အိဘရာဟင် အစ်ကို၏ ဓာတ်ပုံ စသည်တို့ကို ကောင်းစွာမှတ်မိ၏။ သူ့ညီနှင့် နှမတစ်ယောက်ကိုလည်း ချက်ချင်းမှတ်မိ၏။ အိဘရာဟင်၏ မိခင်မှာမူ အိုမင်းနေပြီဖြစ်၍ သူကောင်းစွာ မမှတ်မိတော့ချေ။

စတီဗင်ဆင် စုံစမ်းသိရှိရသော အိဘရာဟင်၏ ဘဝဖြစ်စဉ်များမှာ ကနဦးက သူသိရှိပြီးသော အိမတ်၏ စိတ်ဓာတ် စရိုက်ဖြစ်ရပ်များနှင့် ဆက်စပ်စဉ်းစားပါက စိတ်ဝင်စားဖွယ် ကောင်း၏။ အိဘရာဟင်သည် ဘတ်စကား မတော်တဆ မှောက်တော့မလိုဖြစ်မှုနှင့်ကြုံတွေ့ခဲ့ရပုံကို ဖော်ပြခဲ့ပေပြီ။ အိမတ်၏ ငယ်စဉ်ကပင် ဘတ်စကားများကို ကြောက်၍ စကားမပြောတတ်မီကပင်

www.burmeseclassic.com

www.burmeseclassic.com



ဘတ်စကားကိုမြင်လျှင် ထွက်ပြေးတတ်၏။ အိဘရာဟင်သည် အမဲလိုက်ရန် ဝါသနာပါသကဲ့သို့ အိမတ်သည် အမဲလိုက်ဝါသနာ ပါသည်ဟုဆို၏။ အိဘရာဟင်သည် အခြားလူများနှင့် ရန်ဖြစ်တတ်သကဲ့သို့ အိမတ်သည် စိတ်တို၍ သူတစ်ပါးကို ရန်လိုတတ်၏။ အိဘရာဟင်သည် ပြင်သစ်စစ်တပ်၌ အမှုထမ်းဖူး၍ ပြင်သစ်စကား ကောင်းစွာ ပြောတတ်၏။ အိမတ်သည်လည်း ကျောင်းနေစဉ် ကပင် ပြင်သစ်ဘာသာ၌ ထူးချွန်၏။ သူ့မိသားစုထဲတွင် အခြား မည်သူမျှ ပြင်သစ်စကား မပြောတတ်သော်လည်း သူသည် လျင်မြန်စွာ သင်ကြားတတ်မြောက်၏။

အိဘရာဟင်သည် အသက် ၂၅ နှစ်၌ သေဆုံး၏။ သူ၏ရောဂါမှာ ကျောရိုးတီဘီနာဖြစ်၍ လမ်းလျှောက်ရာ၌ ခက်ခဲပြီး သေခါနီး နှစ်လကြာမျှ သူ လုံးဝ လမ်းမလျှောက်နိုင်တော့ချေ။ အိမတ်သည် ပထမစတင် လမ်းလျှောက်ကာစက အလွန်ဝမ်းသာ အံ့ဩသော အမှုအရာကိုပြကြောင်း သူ့မိဘများက သတိပြုမိသည်ဆို၏။

## ၄။ ဘရာဇီးနိုင်ငံမှ မာတာလောရင့်

မာရီယာသည် ၁၈၉၀ ခုနှစ်လောက်က ဘရာဇီးပြည် တောင်ပိုင်း၌ မွေးဖွားသော အမျိုးသမီးတစ်ဦးဖြစ်၏။ သူ့အဖေမှာ ချမ်းသာကြွယ်ဝသော မြေပိုင်ရှင်တစ်ဦးဖြစ်၍ မာရီယာသည် တောအရပ်၌ ကြီးပြင်းရ၏။ သူသည် တစ်ခါတစ်ရံ ပျင်းရိငြီးငွေ့သဖြင့် ၁၂ မိုင်ခန့်ကွာဝေးသော ရွာကလေးတစ်ရွာရှိ သူ့အသိမိတ်ဆွေဖြစ်သူ အိုင်ဒါလောရင့်ထံသို့ သွားရောက်လည်ပတ်လေ့ရှိ၏။ လောရင့်မှာ ကျောင်းဆရာတစ်ဦး၏ ဇနီးဖြစ်၏။

မာရီယာသည် မိန်းကလေးတို့ဘာဝ နှစ်ကြိမ် ချစ်သူရည်းစားရှိခဲ့ဖူးရာ ဖခင်ဖြစ်သူက သဘောမတူသဖြင့် ချစ်သူနှင့် ကွဲခဲ့ရ၏။ ဒုတိယအကြိမ် ချစ်ရေးအဆင်မပြေသောအခါ စိတ်ဓာတ်ကျဆင်း၍ မိမိဘဝကို ငြီးငွေ့လာ၏။ ထိုအခါမှစ၍ မိမိကျန်းမာရေးကို ဂရုမပြုတော့ဘဲ ပေပေတေတေ သွားလာနေထိုင်ခဲ့ရာ မကြာမီ တီဘီရောဂါစွဲကပ်၍သေဆုံးသွား၏။ သူသေခါနီးတွင် အိုင်ဒါလောရင့်အား သူသည် သေချင်သောကြောင့် ရောဂါရရှိအောင် တမင်ပြုလုပ်ခဲ့ကြောင်း ပြောပြ၍ လောရင့်၏သမီးအနေဖြင့် ပြန်လာမည်ဖြစ်ကြောင်း၊ မိမိဘဝအကြောင်းကို ပြောပြမည်ဟုလည်း ကတိပြုသွား၏။ နောက်တစ်နေ့ ၁၉၁၇ခုနှစ် အောက်တိုဘာလတွင် အသက် ၂၈ နှစ်၌ သူသေဆုံးလေသည်။



နောက် ၁ နှစ်အကြာ ၁၉၁၈ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့၌ လောရင့်တွင် သမီးကလေး မာတာကိုဖွားမြင်၏။ မာတာသည် အသက် နှစ်နှစ်နှင့် ခြောက်လတွင် သူ၏ဘဝဟောင်းအကြောင်းကို စတင်ပြောပြ၏။ သူ၏အိမ်၌ နွားနှင့်ဆိတ်များရှိ၍ ခြံထဲတွင် လိမ္မော်ပင်များစိုက်ထားကြောင်း၊ သူ့အဖေတွင် နီဂရိုးမိန်းမ ထမင်းချက်နှင့် နီဂရိုးအိမ်ဖော်သူငယ်ကလေးတစ်ယောက်ရှိကြောင်း၊ တစ်ခါက အိမ်ဖော် နီဂရိုးသူငယ်ကို ရေမခပ်ရကောင်းလားဆိုပြီး သူ့အမေက ရိုက်ရာ သူ(မာရီယာ)က ဝင်ပြီးဆွဲထားလိုက်ရကြောင်း၊ ရေကို ရေတွင်းမှငင်ယူရကြောင်း၊ သူ(မာရီယာ)သေခါနီး၌ သူ့လည်ချောင်းကို ထိုးပြပြီး အသံဝင်နေ၍ စကား မပြောနိုင်ကြောင်း၊ သူ့အမေနားနားကပ်၍ လေသံဖြင့် ပြောခဲ့ကြောင်း စသည်များကို ပြောပြ၏။ သူ၏ပြောပြချက်များမှာ အားလုံးမှန်ကန်နေတော့၏။

မာတာသည် ဘဝဟောင်းက သူ့အဖေနှင့် သူ့ရည်းစားတစ်ယောက်ကို မြင်မြင်ချင်းမှတ်မိ၏။ သူ့နာရီတစ်လုံးကိုလည်း မှတ်မိ၏။ မာရီယာ၏ ဘဝဖြစ်စဉ်နှင့် ပတ်သက်၍ သူ(မာတာ)က ပြောပြသောအချက်များနှင့် မာရီယာသိသော လူများကို သူမှတ်မိခြင်းမှာ အားလုံး အချက် ၁၂၀ ထက်မနည်းချေ။ မာတာသည် အသက်ခုနစ်နှစ်ကျော်သောအခါ မာရီယာအကြောင်းကို သူ့အလိုအလျောက် မပြောတော့ချေ။

မာရီယာနှင့် မာတာတို့တွင် အံ့ဩဖွယ်ရာ တူညီသောအချက်များရှိ၏။ သူတို့နှစ်ဦးစလုံးကို သိသောသူများက သူတို့၏လက်ရေးများပါ တူညီပါသည်ဟုဆို၏။ မာရီယာ၏အဖေအိမ်၌ တစ်ခါက အလုပ်လုပ်ခဲ့ဖူးသော နီဂရိုးမိန်းမကြီးတစ်ဦးက မာတာမှာ မာရီယာနှင့် ရုပ်သွင်ပြင်တူသည်ဟု ပြော၏။ သူတို့နှစ်ဦးစလုံးကပင် ကြောင်ကိုချစ်၏။ အကဝါသနာပါ၏။ မာရီယာသည် အချုပ်အလုပ်မတတ်။ မာတာသည်လည်း အပ်ချုပ်ပညာကို ဝါသနာမပါချေ။ သူတို့နှစ်ဦးစလုံး မိုးရေနှင့် သွေးထွက်သံယိုမှုကို ကြောက်သည်။ မာတာသည် သူ့လက်ချောင်း ထိခိုက်ရှနာ၍ သွေးယိုစီးသည်ကိုမြင်ရာမှ စိတ်တုန်လှုပ်ချောက်ချားသွားပုံမှာ မာရီယာ သွေးထွက်သည်ကို မြင်စဉ်ကအတိုင်း တုန်လှုပ်ပုံအတိုင်းဖြစ်သည်ဟု မာရီယာကိုသိကျွမ်းသော်လည်း မာတာအနေဖြင့် လူဝင်စားဖြစ်နေသည်ကို မသိသောလူတစ်ဦးက ပြော၏။

မာရီယာသည် ပညာလိုချင်သော်လည်း တောအရပ်၌နေရသဖြင့် ပညာသင်ကြားခွင့် မရချေ။ မာတာမှာလည်း ကျောင်းဆရာမ ဖြစ်ချင်သော်လည်း သူ့မိဘများက ဆရာအတတ်သင်ကျောင်းသို့ ပို့မပေးနိုင်သဖြင့် သူ့အလိုဆန္

www.burmeseclassic.com



မပြည့်ဝခဲ့ချေ။ မာရီယာမှာ သေခါနီး၌ လည်ချောင်းနာပြီး အသံဝင်နေသဖြင့် စကားမပြောနိုင်ချေ။ မာတာမှာလည်း အသက်၁၀နှစ်အထိ အသက်ရှုလမ်းကြောင်းတွင် ဝေဒနာစွဲကပ်ပြီး မကြာခဏ အသံဝင်နေတတ်၏။

## ၅။ အလတ်စကားပြည်နယ်မှ ဝီလယမ်ဂျော့

မြောက်အမေရိကတိုက် အလတ်စကားပြည်နယ်၏ အရှေ့မြောက်ပိုင်း၌ တလင်းဂျစ်ဟုခေါ်သော အင်ဒီးယန်းလူမျိုးစုတို့ နေထိုင်ကြ၏။ တလင်းဂျစ်တို့သည် တမလွန်ဘဝကိုခံယူ၍ သူတို့အယူမှာ မျှော်လင့်ချက်နှင့် ယှဉ်တွဲနေသော အယူဖြစ်၏။ သူတို့သည် ယခုဘဝ၌ ကုသိုလ်ကံ အကျိုးပေးညံ့သောသူသည် တမလွန်ဘဝ၌ ကောင်းစားလိမ့်မည်ဟု ယုံကြည်ကြ၏။ သို့ဖြစ်၍ သေရမည်ကို မကြောက်ဘဲ အလွန်ရဲစွမ်းသတ္တိရှိကြ၏။

ဝီလယမ်ဂျော့မှာ သူ့အရပ်ဒေသ၌ ထင်ရှားသော တလင်းဂျစ် အင်ဒီးယန်းအမျိုးသား တံငါသည်ကြီးတစ်ဦးဖြစ်၏။ အသက်အတော်ကြီးသောအခါ သူသည် တမလွန်ဘဝကို မယုံသလိုလိုရှိ၍ တစ်ဖက်ကလည်း သေပြီးနောက် ဘဝသစ်တစ်ဖန်ဖြစ်ရန် စိတ်ဆန္ဒပြင်းပြလာ၏။ သူ့သားဖြစ်သူ ရယ်ဂျီနယ်ဂျော့နှင့် သူ့ချွေးမအား "တမလွန်ဘဝတကယ်ရှိရင် ငါပြန်လာပြီး မင်းတို့ရဲ့သားအနေနဲ့ ဘဝကူးပြောင်းမယ်။ အဲဒီအခါ မင်းတို့ငါ့ကိုမှတ်မိမှာပဲ။ ဘာကြောင့်လဲဆိုတော့ ငါ့မှာ ဟောဒီလို မွေးရာပါအမှတ်တွေ ရှိလိမ့်မယ်" ဟုပြော၍ သူ့ဘယ်ဘက်ပခုံးပေါ်ရှိ မှဲ့တစ်လုံးနှင့် သူ့ဘယ်ဘက်လက်မောင်းပေါ်ရှိ မှဲ့တစ်လုံးကို ပြ၏။ ၁၉၄၉ ခုနှစ်၌ သူသည် သေလျှင် ပြန်လာမည်ဖြစ်ကြောင်း ထပ်ပြော၍ သူ့သားအား ရွှေလက်ပတ်နာရီတစ်လုံးကို ပေး၏။ "ဒီလက်ပတ်နာရီကို ငါ့အတွက် မင်း သိမ်းထားပါ။ နောက်ဘဝကျရင် ငါဟာ မင်းရဲ့သားဖြစ်လိမ့်မယ်" ဟု ပြော၏။ သားဖြစ်သူသည် နာရီကို သူ့မယားအားပေးအပ်၍ မယားကရင်းကို လက်ဝတ်လက်စားသေတ္တာထဲ၌ သိမ်းထားလိုက်၏။

ထို့နောက် မကြာမီ ထိုနှစ် ဩဂုတ်လ၌ ဝီလယမ်ဂျော့သည် မော်တော်ဘုတ်နှင့် ငါးဖမ်းရင်း စုပ်စမြုပ်စပျောက်ကွယ်သွား၏။ သူ၏ အလောင်းကိုလုံးဝရှာမရ။ သူ့ကံကြမ္မာကို မည်သူမျှမသိရချေ။

သူ ပျောက်ကွယ်သွားပြီးနောက် ကိုးလအကြာ ၅-၅-၁၉၅၀ ရက်နေ့၌ သူ့ချွေးမဖြစ်သူသည် သားကလေးတစ်ယောက် မွေးဖွား၏။ မီးဖွားနေစဉ် သူ့ယောက္ခမကို အိပ်မက်မက်ရာ အိပ်မက်ထဲ၌ အဘိုးကြီးက သူ့သားကိုတွေ့ရန်



သူစောင့်နေကြောင်း ပြော၏။ မီးဖွားပြီးနောက် ကလေးကို စစ်ဆေးကြည့်ရာ အဘိုးကြီးပြောသည့်အတိုင်း မွေးရာပါ အမှတ်များကို တွေ့ရ၏။ ကလေးကို ဝီလယမ်ဂျော့ဂျူနီယာ (အငယ်) ဟု အမည်ပေးလိုက်ကြ၏။

ဝီလယမ်ဂျော့ဂျူနီယာသည် ကလေးအရွယ်ကပင် သူသည် သူ့အဘိုးဝင်စားခြင်းဖြစ်သည်ဟု ပြော၏။ သူ့ဘိုး၏နှမမှာ သူ့နှမဖြစ်သည်။ သူ့အဖေ၏ အစ်ကိုနှင့်အစ်မ (သူ့ဦးလေးနှင့်အဒေါ်)တို့မှာ သူ့သားနှင့်သမီး ဖြစ်သည်ဆို၏။

တစ်နေ့တွင် သူ့အဖေသည် ငါးဖမ်းထွက်မည်ပြုသောအခါ ပင်လယ်တစ်နေရာကို ညွှန်ပြ၍ ထိုနေရာ၌ ငါးဖမ်းပါ။ တစ်ခါက ထိုနေရာတွင် သူ ငါးအတော်များများ ဖမ်းမိဖူးပါသည်ဟုပြော၏။ သူပြောသည့်အတိုင်း ထိုနေရာ၌ ငါးအမြောက်အမြားရရှိ၏။

သူ့အသက် လေးငါးနှစ်အရွယ်၌ တစ်နေ့တွင် သူ့အမေသည် အိပ်ခန်းထဲရှိ လက်ဝတ်လက်စားသေတ္တာကိုဖွင့်၍ ရွှေငွေပစ္စည်းများကို စစ်ဆေးကြည့်ရင်း သူ့ယောက္ခမ၏ ရွှေလက်ပတ်နာရီကို ထုတ်ယူလိုက်၏။ ထိုခဏ၌ သူ့သားသည် အခန်းထဲသို့ဝင်လာရာ ထိုနာရီကိုမြင်လျှင် ကောက်ယူပြီး "ဒါဟာ ကျွန်တော့်နာရီပဲ" ဟုဆို၏။ ထိုအချိန်အထိ နာရီမှာ သေတ္တာထဲ၌ရှိ၍ ရှေးက ထုတ်မကြည့်ဖူးကြောင်း၊ နာရီအကြောင်းကို ကလေးနှင့်သော်လည်းကောင်း၊ ကလေးရှိစဉ် မိမိတို့အချင်းချင်းသော်လည်းကောင်း တစ်ခါမျှမပြောဖူးကြောင်း သူ့မိဘနှစ်ဦးစလုံး အခိုင်အမာ ပြောကြ၏။

ဝီလယမ်ဂျော့ဂျူနီယာမှာ သူ့အဘိုးနှင့်တူညီသောအချက် အတော်များများရှိ၏။ အဘိုးကြီးသည် ငယ်စဉ်က ဘတ်စကက်ဘော ကစားရင်း ခြေထောက်တွင် အနာတရဖြစ်၍ ထိုမှ နောက်တွင် ခြေဆွံ့ပြီး ထော့နဲ့ထော့နဲ့နှင့် လမ်းသွားရ၏။ သူ့မြေးသည်လည်း လမ်းလျှောက်လျှင် ထော့နဲ့ထော့နဲ့ လျှောက်လေ့ရှိ၏။ မြေးအဘိုးနှစ်ယောက်မှာ မျက်နှာပေါက်ချင်းလည်း ဆင်တူ၏။ သူ့အဘိုးကဲ့သို့ပင် ဝီလယမ်ဂျော့ဂျူနီယာသည် စိုးရိမ်ပူပန်တတ်၍ သူ့ဝန်းကျင်ရှိ လူများအား သတိပေးလေ့ရှိ၏။ လှေအကြောင်းနှင့် ငါးဖမ်းနည်းအကြောင်းကို ငယ်ရွယ်စဉ်ကပင် ကျွမ်းကျင်နားလည်၏။ ငါးများများရနိုင်သော နေရာများကိုသိနေ၍ လှေနှင့်ပထမအကြိမ် လိုက်ပါသွားသောအခါ မည်သို့ ကွန်ပစ်ရမည်ကို အလိုလိုသိရှိပြီးဖြစ်၏။ အခြားကလေးများထက် ပိုမိုတည်ငြိမ်၍ လိမ္မာပါးနပ်သော အမူအရာလက္ခဏာရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

အ ခ န်း [ ၁၅ ]

## မယုံသူများ၏အဆို

အမေရိကန် စိတ်ဝိညာဉ်သုတေသနအသင်းမှ ပုံနှိပ်ထုတ်ဝေသော စာအုပ်၌ အိုင်ယန်စတီဗင်ဆင်သည် မိမိ စူးစမ်းလေ့လာထားသော လူဝင်စားမှု (၂၂)မှုကို တင်ပြထားပေရာ ယင်းတို့ထဲမှ အမှုငါးမှုကို လွန်ခဲ့သောအခန်း၌ အကျဉ်းချုပ်၍ ပြဆိုခဲ့ပေပြီ။ ကျန်အမှုများမှာ ဤအမှုငါးမှုနှင့် ယေဘုယျ သဘောလက္ခဏာ ထပ်တူဖြစ်သောကြောင့် ဤစာအုပ်၌ဖော်ပြရန် မလိုချေ။ ယခု ကျွန်ုပ်တို့သည် ထိုအမှုများကို ဆင်ခြင်သုံးသပ်၍ အကြောင်းတရားများကို ရှာဖို့လို၏။ တစ်နည်းဆိုသော် ယင်းတို့သည် လူဝင်စားခြင်း ဖြစ်နိုင် မဖြစ်နိုင်၊ အကယ်၍ လူဝင်စားခြင်း မဖြစ်နိုင်ပါက ယင်းတို့ကို ရှင်းပြရန် အခြားအဆို ရှိ မရှိ စဉ်းစားရန်လို၏။

စတီဗင်ဆင်တင်ပြသောအမှုများကို ဆန်းစစ်ရာ၌ ကျွန်ုပ်တို့သည် လူဝင်စားခြင်းဖြစ်သည်ဆိုသော အယူကို ရှေးဦးပထမပယ်၍ ယင်းအစား အခြားအဆိုများကို စဉ်းစားပါအံ့။ မည်သည့်အဆိုပင်ဖြစ်စေ၊ အကြောင်းယုတ္တိ ခိုင်လုံရန်အတွက် လူဝင်စားမှုများ၏ ယေဘုယျဒိဋ္ဌဓမ္မများနှင့် ကိုက်ညီရပေမည်။ ဤတွင် လူဝင်စားမှုဆိုသည်မှာ စတီဗင်ဆင် သိပ္ပံနည်းကျကျ လေ့လာထားသော အမှုများကိုသာ ဆိုလိုခြင်းဖြစ်၏။ ထိုအမှုများကို လေ့လာဆန်းစစ်ပါက အောက်ပါယေဘုယျ လက္ခဏာခြင်းရာ ငါးခုကို တွေ့ရပေမည်။

၁။ လူဝင်စားခြင်းဖြစ်သည်ဆိုသောသူသည် ကလေးအရွယ် အသက် နှစ်နှစ် သုံးနှစ်လောက်ကစတင်၍ အတိတ်ကပုဂ္ဂိုလ်အကြောင်းကို မှန်ကန်စွာ ပြောနိုင်ခြင်း။



၂။ အတိတ်ပုဂ္ဂိုလ်၏ မိဘဆွေမျိုးသားချင်း မိတ်ဆွေ အပေါင်းအသင်းနှင့် ကိုယ်ပိုင်ပစ္စည်းဥစ္စာများကို ကောင်းစွာ ခွဲခြားမှတ်မိခြင်း။

၃။ မိမိဘဝဟောင်းနှင့် ပတ်သက်၍ စိတ်လှုပ်ရှားခံစားမှုရှိခြင်း။ ပုံစံအားဖြင့် အတိတ်ဘဝက နေရာဟောင်းကို သွားလိုသော ဆန္ဒပြင်းပြ၍ မိဘများအား ထိုနေရာသို့ ခေါ်သွားရန် ပူဆာခြင်း၊ အတိတ်ဘဝက မိမိအား သတ်ခဲ့သူကို ကြောက်ခြင်း။

၄။ လူဝင်စားနှင့် အတိတ်ဘဝက ပုဂ္ဂိုလ်တွင် စရိုက်ဝါသနာတူညီမှု ရှိခြင်း။

၅။ အချို့သော လူဝင်စားမှုများ၌ အတိတ်ဘဝနှင့် ဆက်စပ်နေဟန် ရှိသော မွေးရာပါအမှတ်အသားများကို လူဝင်စား၌တွေ့ရှိခြင်း။

လူဝင်စားဆိုသောအမှုများကို ဆန်းစစ်ရာ၌ ရှေးဦးစွာ ကျွန်ုပ်တို့ စဉ်းစားရန်ရှိသောအဆိုမှာ ထိုအမှုအားလုံးသည် လိမ်လည်လှည့်စားမှုဖြစ်သည် ဟူသော အဆိုဖြစ်သည်။ သုတေသနဆရာသည် မည်မျှ စေ့စေ့စပ်စပ် နိုက်နိုက် ချွတ်ချွတ် စူးစမ်းလေ့လာသည်ဆိုစေ၊ သူသည် များစွာသောအချက်တို့ကို တစ်ဆင့်စကားဖြင့် သိရှိရခြင်းဖြစ်၏။ ကလေးသည် မိမိအတိတ်ဘဝအကြောင်းကို စတင်ပြောပြစဉ်က သုတေသနဆရာမှာ အနီး၌ရှိသည်မဟုတ်။ နောက် နှစ်ကာလအတန်ကြာမှ မိဘဆွေမျိုးများနှင့် သူတို့အပေါင်းအသင်းများထံမှ ကြားသိရ၏။ သို့ဖြစ်လျှင် သူတို့စကားကို အဘယ်ကြောင့် လက်ခံယုံကြည်ရ ပါမည်နည်း။ သူတို့စုပေါင်း၍ လိမ်လည်ခြင်း မဖြစ်နိုင်ပါသလော။ သုတေသန ဆရာကိုယ်တိုင် စမ်းသပ်စစ်ဆေး၍ သိရှိရသောအချက် (ပုံစံအားဖြင့် အတိတ် ဘဝက အသိမိတ်ဆွေ ပစ္စည်းဥစ္စာများကို ကလေးကမှတ်မိခြင်း) များမှာလည်း ကလေး၏ မိဘများနှင့် အတိတ်ဘဝ ပုဂ္ဂိုလ်ဆွေမျိုးသားချင်းများ ပူးပေါင်းပါဝင် လှည့်စားခြင်း ဖြစ်နိုင်သည်မဟုတ်ပါလော။

သို့ရာတွင် ဤအဆိုမှန်ပါက လိမ်လည်သူတို့တွင် ရည်ရွယ်ချက်ရှိရမည် ဖြစ်ပေရာ ထိုရည်ရွယ်ချက်ကို ကျွန်ုပ်တို့ စဉ်းစား၍ မရချေ။ လူဝင်စားမှုများ တွင် ကလေးသူငယ်နှင့် မိဘဆွေမျိုးများသည် ခဏယာယီ ထင်ပေါ်သော်လည်း သူတို့၏ ထင်ပေါ်မှုမှာ ပိုက်ဆံကြေးငွေ လာဘ်သပ်ပကာရရှိသော ထင်ပေါ်မှု မဟုတ်ချေ။ လူဝင်စားမှုဖြစ်ပွားသော အရပ်ဒေသများမှာလည်း အများအားဖြင့် အတိတ်ဘဝကို လူတို့ အစဉ်အလာ လက်ခံယုံကြည်ခဲ့ကြသော ဒေသများဖြစ်ကြ သောကြောင့် ထိုအမှုများကို စိတ်မဝင်စားဘဲ ဘာမျှမဆန်းသော ဖြစ်ရိုးဖြစ်စဉ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်များအနေဖြင့် လျစ်လျူပြုထားကြသည်ကများ၏။ အကယ်၍ လူဝင်စားမှုသည် မဟတ္တမဂန္ဒီ၊ ဗိုလ်ချုပ်အောင်ဆန်း စသော ပုဂ္ဂိုလ်ကျော်တို့၏ ဝင်စားမှုဖြစ်လျှင်လည်း လူအများစိတ်အာရုံစူးစိုက်၍ ထိုနည်းဖြင့် ထင်ပေါ်လိုသောသူများ ရှိပေလိမ့်မည်။ သို့ရာတွင် လူဝင်စားမှုသည် ထိုသို့သော သမိုင်းဝင်ပုဂ္ဂိုလ်ကျော်တို့ လူဝင်စားမှုများမဟုတ်။ လူဝင်စားသည်ဆိုသော အတိတ်ဘဝပုဂ္ဂိုလ်များမှာ မထင်ရှားသော သာမညလူသတ္တဝါများဖြစ်ကြ၍ အချို့အမှုများ၌မူ အဆင့်အတန်း ယုတ်နိမ့်သောသူများပင် ဖြစ်ကြ၏။ စတီဗင်ဆင် လေ့လာသော သီဟိုဠ်ကျွန်းမှ အမှုတစ်ခုတွင် လူဝင်စားမှုမှာ အတိတ်ဘဝက လူသတ်မှုကျူးလွန်၍ ကြိုးပေးခံခဲ့ရသူ ဖြစ်လေသည်။

ထို့ကြောင့် ဆိုင်ရာကလေး၏ မိဘဆွေမျိုးများသည် လူဝင်စားမှုကို လုပ်ကြံဖန်တီးလိုသော ဆန္ဒရှိလိမ့်မည်ဟု ကျွန်ုပ်တို့ ယူဆရန်အကြောင်းမရှိချေ။ စင်စစ် လူဝင်စားမှုသည် သူတို့အစဉ်အလာ ယုံကြည်ချက်နှင့် ကိုက်ညီသော်လည်း သူတို့မလိုလားသောအမှုဖြစ်၏။ အတိတ်ဘဝကို ယုံကြည်သော အချို့အရှေ့တိုင်းသားတို့နှင့် အလတ်စကားပြည်နယ်မှ တလင်းဂျစ်အင်ဒီယန်းလူမျိုးစုသည် အတိတ်ဘဝကို မှတ်မိသောကလေးမှာ ငယ်ငယ်ရွယ်ရွယ် သေတတ်သည်ဟု အယူရှိကြ၏။ သို့ဖြစ်၍ လူဝင်စားသောကလေးကို အားမပေးဘဲ အတိတ်ဘဝအကြောင်း မပြောအောင် ဖိနှိပ်ချုပ်ချယ်တတ်ကြ၏။ ကလေးက အတိတ်ဘဝမှ မိဘများထံ ပို့ပေးရန်ပြောသော်လည်း ဂရုမစိုက်ဘဲ တစ်ခါတစ်ရံ ကလေးကို ရိုက်နှက်၍ နားမပူအောင် ပိတ်ပင်တားမြစ်လေ့ရှိ၏။

ကလေးနှင့် သူ၏မိဘဆွေမျိုးများသည် လိမ်လည်လိုသော ဆန္ဒရှိသည့်တိုင် ထိုသို့လိမ်လည်ပြုလုပ်ရန်မှာလည်း လွယ်ကူသောကိစ္စမဟုတ်ချေ။ ကလေးကို လူကြီးများက အတော်အပင်ပန်းခံ၍ သွန်သင်ရပေမည်။ အချို့အချက်များမှာ မိသားစုအတွင်းလူများသာ သိရှိသော အချက်များဖြစ်ရာ ယင်းတို့ကိုသိရှိရန် မည်သို့ပြုလုပ်ရပါမည်နည်း။ အတိတ်ဘဝက သူ၏ ဆွေမျိုးသားချင်းနှင့် ပစ္စည်းများကို မှတ်မိရန်နှင့် ဆိုင်ရာစိတ်လှုပ်ရှားမှု ခံစားမှုကိုပြရန်မှာလည်း ကလေးအဖို့ လွယ်ကူသော အလုပ်မဟုတ်။ သုတေသနဆရာ၏ရှေ့၌ မိမိ ပီပီရိရိ သရုပ်ဆောင်ပြနိုင်ရန်အတွက် အချိန်ကာလအတန်ကြာအောင် တင်ကြိုလေ့ကျင့်ထားရပေမည်။ လူဝင်စားမှုများမှာ အများအားဖြင့် တောအရပ်၌ တွေ့ရှိရပေရာ ဘဝရပ်တည်မှုအတွက် ရုန်းကန်နေရသော တောသူတောင်သားတို့မှာ မိမိတို့ ကိုယ်ကျိုးစီးပွားအတွက် ဘာမျှ မျှော်လင့်စရာမရှိသော အလုပ်ကိုလုပ်ရန် အချိန်ရှိမည်မဟုတ်။ အလိုဆန္ဒလည်း ရှိမည်မဟုတ်ချေ။



ဤအချက်များကိုထောက်ချင့်၍ လူဝင်စားမှုများမှာ လိမ်လည်လှည့်စားမှု မဖြစ်နိုင်ကြောင်း ထင်ရှား၏။ သို့ဖြစ်၍ အခြားအဆိုတစ်ခုကို ကျွန်ုပ်တို့ ယခု စဉ်းစားရပေမည်။

ထိုအဆိုအားဖြင့် ကလေးသည် လူတစ်ဦးအကြောင်းကို တစ်နည်းနည်းဖြင့် သိရှိထား၍ နောက်ကာလတွင် မည်သို့မည်ပုံသိရှိခဲ့သည်ကို လုံးဝမေ့သွားပြီး ထိုလူ၏ အကြောင်းအရာများသည်သာ အမှတ်သညာအဖြစ် ကျန်ရစ်၏။ မိဘမောင်နှမ သားချင်းများသည်လည်း မည်သည့်နည်းဖြင့် ကလေးသိရှိသည်ကို မသိကြ။ သို့ဖြင့် သူတို့မိသားစုမှာ အတိတ်ဘဝကို မိရိုးဖလာ လက်ခံယုံကြည်ခဲ့ကြသူများ ဖြစ်ရကား ကလေးသည် မိမိ၏အသိအမြင်ကို အတိတ်ဘဝမှ ရရှိသည်ဟု ထင်မှား၍ လူကြီးမိဘများကလည်း သူ့ကို လူဝင်စားဟု အထင်မှားကြခြင်း ဖြစ်သည်ဟုဆို၏။

အကြောင်းအရာတစ်ခုကို ကောင်းစွာ မှတ်မိသော်လည်း မည်သည့်အချိန်က မည်သည့်နေရာ၌ မှတ်မိကြောင်း လုံးဝမသိခြင်းမှာ မဆန်းလှချေ။ စာဖတ်သောသူသည် စာအုပ်များမှ ဆန်းသစ်သော အတွေးအခေါ်များ ရရှိ၍ နောက်ကာလအတန်ကြာသော် အချို့သော အတွေးအခေါ်များ၏ အရင်းမူလမှာ မေ့ပျောက်သွား၏။ ထိုအခါ ယင်းတို့မှာ မိမိဘာသာမိမိ ကြံစည်သုံးသပ်၍ ရရှိသော အတွေးအခေါ်များ ဖြစ်သည်ဟု ထင်မြင်လာ၏။ မိန်းမတစ်ယောက်သည် ဓာတ်စီးနေသောအခိုက်၌ သူမသိသော ဘာသာစကားဖြင့် စာပိုဒ်ရှည်ကြီးများကို ရေးသားပြရာ အချို့စာပိုဒ်များမှာ တစ်ခါက သူဖတ်ဖူးသော စာအုပ်မဂ္ဂဇင်းများမှ ဖြစ်နေသည်ကို နောက်ကာလ၌ စုံစမ်းသိရှိရ၏။

သို့ရာတွင် ဤအစမေ့ပျောက်မှုမျိုးဖြင့် လူဝင်စားမှုများကို ရှင်းပြရန် မလွယ်ကူချေ။ လူဝင်စားသည်ဆိုသော ကလေးသိရှိသည့် သေသူ၏ အကြောင်းအရာများမှာ အတော်အတန် များပြား၍ ယင်းတို့ကို ကလေးသိရှိရန် အလွန်ခဲယဉ်း၏။ လူဝင်စားကလေးများ နေထိုင်သော အရပ်ဒေသများ၌ ရေးသားထားသောစာအုပ်များမရှိ။ စာအုပ်ရှိသည့်တိုင် ထိုစာအုပ်ကို အသက် ၃–၄နှစ် အရွယ်ကလေးသည် ဖတ်တတ်မည်မဟုတ်ချေ။

ကလေးသည် သေသူ့အကြောင်းကို သူစိမ်းတရံစာ လူတစ်ဦးတစ်ယောက်ထံမှ သိရှိရန်မှာလည်း မဖြစ်နိုင်။ အိန္ဒိယ၊ အလက်စကား စသော ပြည်ရှိ ကျေးရွာများ၌ ကလေးများသည် လူစိမ်းသူစိမ်းများနှင့် ဆက်ဆံပုံမရှိ။ ထို့အပြင် လူတစ်ဦးတစ်ယောက်သည် ကလေးအား အဘယ်ကြောင့် သေသူ၏

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ပြောပြရပါမည်နည်း။ ပြောပြသည့်တိုင် ကလေးသည် စိတ်ဝင်စားပါမည်လော။ ပြောပြရမည့် အချက်များမှာလည်း အပေါ်ယံ အနည်းအကျဉ်း မဟုတ်။ အတွင်းကျကျ အသေးစိတ် အချက်အလက်အများအပြားဖြစ်ကြောင်း သတိပြုသင့်ပေသည်။

ကလေးသည် သေသူ့အကြောင်းကို တစ်နည်းနည်းဖြင့် သိရှိပြီး ဖြစ်သည် ဆိုစေ၊ သေသူ၏ဘဝဖြစ်စဉ်မှ လူများ၊ အရာဝတ္ထုနှင့် နေရာဌာနများကို ကလေး မှတ်မိခြင်းမှာ အဘယ်ကြောင့်ပါနည်း။ ထိုသို့မှတ်မိရန်မှာ လွယ်ကူသော ကိစ္စ မဟုတ်။ မှတ်မိမှုသည် စဉ်းစားဆင်ခြင်မှုမပါဘဲ ရုတ်ခြည်းဖြစ်ပွားသော စိတ် အစဉ်ဖြစ်၍ သေသူ့အကြောင်းအရာများကို အစုံအလင် သိရှိထားကာမျှဖြင့် သူနှင့်ပတ်သက်သော နေရာ၊ လူနှင့် ဝတ္ထုပစ္စည်းများကို ချက်ချင်းခွဲခြားသိရှိရန် မဖြစ်နိုင်ချေ။

စင်စစ် အစမေ့ပျောက်မှုနှင့် လူဝင်စားမှုမှာ သဘောလက္ခဏာမတူချေ။ အချို့လူများ ဓာတ်စီးနေခိုက် သို့မဟုတ် အိပ်မွေ့ချသော အချိန်၌ မိမိတို့ တစ်ခါက ဖတ်ရှုခဲ့ဖူးသော စာများကို ပြောပြနိုင်သည်ဆိုရာ၌ နဂိုအတိုင်း လုံးစေ့ပတ်စေ့ ရွတ်ဆိုနိုင်ခြင်းဖြစ်၍ အခြားအမှုအရာလက္ခဏာ ပြောင်းလဲခြင်း မရှိချေ။ လူဝင်စားမှု၌မူ ကလေး၏ သိမှုမှာ တစ်ခါက ဖတ်ရှုလေ့လာဖူး၍ ရရှိထားသောသိမှုနှင့်တူ၏။ တစ်နည်းဆိုသော် သူ၏သိမှုမှာ သေသူ၏အမူအရာ လက္ခဏာနှင့် အမြဲယှဉ်နေသော သိမှုဖြစ်၏။

စိတ်ဝိညာဉ်သုတေသန မှတ်တမ်း၌လာသော အစမေ့ပျောက်မှုတစ်ခုတွင် နတ်ဝင်သည် မိမိကိုယ်ကို ဒုတိယ ရိချတ်ဘုရင် လက်ထက်က နန်းတွင်းသူ တစ်ဦးဖြစ်သည်ဆို၍ ထိုနန်းတွင်းသူနှင့် တူအောင် ပြောဆိုပြုမူ၏။ သူ၏သရုပ် ဆောင်မှုမှာ အသက် ၁၂ နှစ်အရွယ်က ဖတ်ရှုရရှိခဲ့သော ဗဟုသုတအပေါ်၌ အခြေပြုထားကြောင်း နောက်မှစုံစမ်းသိရ၏။ သို့ရာတွင် အတိတ်ပုဂ္ဂိုလ် အကြောင်း သိမှုနှင့် သူ၏စရိုက်လက္ခဏာများသည် နတ်ဝင် ဓာတ်စီးနေခိုက်၌သာ ပေါ်လာ၍ အခြားအချိန်များ၌ ပေါ်မလာချေ။ လူဝင်စားမှု၌ကား ထိုသို့မဟုတ်ဘဲ ကလေးနှင့် အတိတ်ပုဂ္ဂိုလ်သည် သိမှု ခံစားမှု လက္ခဏာအားဖြင့် အမြဲထာဝရ တစ်ထပ်တည်း တစ်သားတည်း တစ်ဦးတစ်ယောက်တည်း ဖြစ်နေဟန်ရှိ၏။

အစမေ့ပျောက်မှုအနေဖြင့် စိတ်ဝိညာဉ်သုတေသီဆရာအချို့ ခံယူထားသော အချို့အမှုများမှာ အစမေ့ပျောက်မှုအမှန်ဖြစ်သည်ဟု ကျွန်ုပ်တို့မဆိုသာချေ။ အခန်း(၁၀)၌ ပြဆိုခဲ့သော မစ္စက်ကာရန်၏ ရေးသားချက်များမှာ တမလွန်



ဘုံသားတစ်ဦး၏ လက်ရာဖြစ်သည်ဆိုခြင်းကို ငြင်းဆို၍ ရှေးအခါက ဖတ်ရှု လေ့လာထားသော အချက်များဖြစ်သည်ဟု ဆိုကြ၏။ သို့ရာတွင် ထိုအချက် များ၏ အရင်းမူလကို မည်သူမှတိတိကျကျ ထောက်မပြနိုင်သေးချေ။ အိပ်မွေ့ ချ၍ အတိတ်ဘဝကို ဖော်ထုတ်သည်ဆိုသော ဘရိုင်ဒီမာဖီအမှုမှာလည်း ထိုနည်း နှင်နှင် အစမေ့ပျောက်မှုဖြစ်သည်ဟူသော အဆိုအတွက် အထောက်အထား အခိုင်အမာမပြနိုင်သော အမှုဖြစ်၏။

ကလေးက မိမိ အတိတ်ဘဝက အဖြစ်အပျက်များ ဖြစ်ပါသည်ဆို၍ ပြောပြသော အကြောင်းအရာများသည် တစ်ခါက စာအုပ်တစ်အုပ်၌ သူ အမှတ် မထင် သူဖတ်ရှုခဲ့ဖူးသော အကြောင်းအရာများနှင့် တူညီနေခြင်းကို ကျွန်ုပ်တို့ အသေအချာ ထောက်ပြနိုင်သည်ဆိုပါစို့။ ထိုအခါ၌ပင် အကယ်၍ ကလေး၏ အမှုသည် ဤအခန်းအစ၌ ပြခဲ့သော လူဝင်စားမှု၏ အခြားလက္ခဏာများနှင့် ကိုက်ညီနေပါက ထိုအကြောင်းတစ်ခုတည်းဖြင့် ကလေး၏စကားကို ကျွန်ုပ်တို့ မပယ်သင့်ချေ။ ယထာဘူတကျရန် တူညီမှု၏ အတိုင်းအတာ အတိမ်အနက်ကို စဉ်းစားရပေမည်။

ပုံစံအားဖြင့် တစ်ခါက ကလေးဖတ်ရှုဖူးသော သို့မဟုတ် ကြားဖူးသော ပုံပြင် တစ်ခုမှာ မိဘစကားကို နားမထောင်သဖြင့် ဒုက္ခကြုံတွေ့ရသော လူတစ်ဦး အကြောင်းဖြစ်သည်ဟု ဆိုပါစို့။ ကလေးပြောပြသော သူ့အတိတ်ဘဝမှာ ထိုပုံပြင်နှင့် တူနေသည်ဆိုပါက မိဘစကား နားမထောင်မှုနှင့် ဒုက္ခကြုံတွေ့ရမှု၌ အသေးစိတ် တူညီခြင်း ရှိ မရှိ စဉ်းစားရပေမည်။ အစစအရာရာ ထပ်တူဖြစ်နေ ပါက ယင်းမှာ အစမေ့ပျောက်မှုဖြစ်နေပေရာ၏။ ထိုသို့မဟုတ်ဘဲ ယေဘုယျ သဘောလက္ခဏာ တူညီမှုဖြစ်နေပါက အစမေ့ပျောက်မှုဖြစ်သည်ဟု တပ်အပ် မဆိုသာချေ။

စင်စစ် အတိတ်ဘဝသည် ဧကန်မုချ ရှိသည်မှန်ပါက ယင်းနှင့်သဘော လက္ခဏာတူသော ဘဝအတွေ့အကြုံ အသိအမြင်များသည် အတိတ်ကို ဖော် ဆောင်ရာ၌ အရေးပါမည်ဖြစ်၏။ ကျွန်ုပ်တို့ ရှေးအခါက ဖတ်ဖူးသောစာ၊ ကြည့်ဖူးသော ရုပ်ရှင်ကားများသည် ယင်းတို့နှင့် သဘောလက္ခဏာတူသော အတိတ်ဘဝက အမှတ်သညာများကို နှိုးဆွ၍ အသိဝိဉာဏ်နယ်သို့ ပို့ဆောင် ပေးရပေမည်။ စတီဗင်ဆင် လေ့လာသော လူဝင်စားမှုနှစ်ခု၌ ရုပ်ရှင်ကြည့်ရာမှ အစပြုပေါ်လာသော အတိတ်ဘဝက အဖြစ်အပျက်များကို ပြောပြသော စကား များမှာ မှန်ကန်နေကြောင်း တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်စေ လူဝင်စားသည်ဆိုသော ကလေး၏ ပြောပြချက်နှင့် ရှေးအခါက သူဖတ်ဖူးကြားဖူးသော အကြောင်းအရာများ အပေါ်ယံ ယေဘုယျ တူညီမှု မတူညီမှုသည် ပမာဏမဟုတ်။ သူ၏ပြောပြချက်များ မှန်ကန်မှု၊ သေသူနှင့် ပတ်သက်သော ပစ္စည်းများကို မှတ်မိမှု စသောအချက်ငါးချက်သည်သာ ပမာဏ ဖြစ်၏။ လူဝင်စားမှုကို အစမှဲ့ပျောက်မှုအနေဖြင့် ရှင်းပြသောအဆိုမှာ ထိုအချက် ငါးချက်နှင့် ဘောင်မဝင်ချေ။

အချို့က ကလေး၏ပြောပြချက်များမှန်ကန်ခြင်းမှာ မျိုးရိုးဗီဇနှင့်ဆိုင်သော အမှတ်သညာကြောင့်ဖြစ်သည်ဆို၏။ ဤအဆိုအားဖြင့် ကလေး၏ မှတ်မိခြင်းမှာ သူ၏ဘိုးဘေးများ အတွေ့အကြုံကို စွဲမှီ၍ဖြစ်သော အမှတ်သညာများကို ဗီဇ ဆက်ခံရရှိ၍ ယင်းတို့ နိုးကြားလာခြင်းဖြစ်၏။ ဥပမာသော်ကား ငှက်ငယ်သည် မိခင်ငှက်မက အသိုက်မှ တွန်းထုတ်ပစ်သောအခါ မည်သို့ပျံသန်းရမည်ကို အလိုလိုမှတ်မိသကဲ့သို့ ဖြစ်၏။ သို့ရာတွင် အမှတ်သညာများ မျိုးရိုးဗီဇလိုက် သည်ဆိုခြင်းမှာ သိပ္ပံပညာ၌ အမှတ်အသားမရှိ။ ထိုဗီဇအမှတ်သညာများ ရှိသည် ဆိုစေ၊ ယင်းတို့ပါဝင်သော အမှုများ၌ သေသူသည် ကလေး၏ ဘိုးဘေးထဲမှ တစ်ဦးဦးဖြစ်ရပေမည်။ လူဝင်စားမှုများမှာ အများအားဖြင့် ထိုသို့မဟုတ်ဘဲ (ဝါ) ကလေးနှင့် သေသူသည် မည်သို့မျှ သွေးသားမတော်စပ်ဘဲ မျိုးရိုးဗီဇ တခြားစီဖြစ်သော သတ္တဝါနှစ်ဦး၏ အမှုများဖြစ်၏။ သို့ဖြစ်၍ ဤဗီဇ အမှတ်သညာအဆိုမှာ လူဝင်စားမှုများအတွက် ခိုင်လုံသော အဆိုမဟုတ်ချေ။

ကလေးက အတိတ်ကာလက သေပြီးသူအကြောင်း သိရှိခြင်းကို အကြောင်းရင်း ရှာကြံရာ၌ အချို့သုတေသီဆရာတို့သည် ပရဝိဉာဉ်ကို ရှေ့တန်း တင်လာကြ၏။ သူတို့အလိုအားဖြင့် ကလေးမှာ ထူးခြားသော ပရဝိဉာဉ် (ဝါ) တယ်လီပသီတန်ခိုးသတ္တိရှိသည်။ သူသည် ပရဝိဉာဉ်ဖြင့် သေသူ၏ အကြောင်းအရာကို အတော်များများ သိရှိ၍ ထိုအသိအမြင်များကြောင့်ပင် နောက်ဆုံး၌ မိမိကိုယ်ကို သေသူပင်ဖြစ်သည်ဟု ယုံကြည်လာပြီး အခြားလူများ အားလည်း ထိုသို့ယုံကြည်အောင် ပြုလုပ်နိုင်ခြင်း ဖြစ်သည်ဆို၏။

ဤအဆိုမှာ ကလေးက ရှေးက ကွယ်လွန်ခဲ့ပြီးသော လူတစ်ဦး၏ အကြောင်းအရာကို နှံ့နှံ့စပ်စပ် အတွင်းကျကျ သိရှိခြင်းနှင့်ပတ်သက်၍ စဉ်းစား သင့်သောအဆိုဖြစ်၏။ ကလေး၏ ပရဝိဉာဉ်ကို ကျွန်ုပ်တို့ လက်ခံရမည် ဆိုပါက ကလေးသည် သေသူ၏အကြောင်းကိုသိသော ကြားပုဂ္ဂိုလ်တစ်ဦး တစ်ယောက်နှင့် အဆက်အသွယ်ရှိရန်မလိုချေ။ ထိုပုဂ္ဂိုလ် သို့မဟုတ် သေသူ၏



ပစ္စည်းတစ်ခုခုကို အမှတ်မထင် တွေ့မြင်ကာမျှနှင့် ပရဝိဉာဉ်၏ အစွမ်းသတ္တိဖြင့် သေသူ၏အကြောင်းအရာကို အတော်များများ သိရှိနိုင်ပေရာ၏။ သို့ရာတွင် ဤအဆို ရင်ဆိုင်ရမည့်အခက်အခဲများရှိ၏။ ကလေး၏ ပရဝိဉာဉ်သည် အဘယ် ကြောင့် သေသူ လူအမြောက်အမြားထဲမှ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကို ရွေးချယ်၍ ထိုပုဂ္ဂိုလ်အကြောင်းကိုသာ သိရှိပါသနည်း။ အကယ်၍ ကလေး၏ မိဘဆွေမျိုးများသည် ထိုပုဂ္ဂိုလ်ကိုသိ၍ သူ့ကို အမြဲသတိရနေသည်ဆိုပါက ပရဝိဉာဉ်၏ ဦးတည်ချက်မှာ မဆန်းလှချေ။ သို့ရာတွင် သူတို့က သေသူကို လုံးဝမသိသော အမှုများနှင့် ပတ်သက်၍ မည်သို့ရှင်းပြရပါမည်နည်း။

ဤပြဿနာမှာ အခြေခံသဘောအားဖြင့် နတ်ဝင်မစ္စက်ပိုက်ပါကို စာတ်စီး နေသည်ဆိုသော တမလွန်ဘုံသားက ဂျီပီ၏ အသိမိတ်ဆွေများကို မှတ်မိမှုနှင့် ပတ်သက်သော ပြဿနာနှင့်ထပ်တူ ဖြစ်၏။ အခန်း (၁၀) စာတ်စီးခံ မစ္စက် ပိုက်ပါသည် လူ ၁၅၀ထဲမှ G.P ၏ မိတ်ဆွေဟောင်း လူ ၃၀ကို မှန်ကန်စွာ ရွေးချယ်ခွဲထုတ်နိုင်၏။ ဤနေရာ၌ သေသူက မှတ်မိသောလူများ၏ဦးရေသည် ပမာဏမဟုတ်။ လူ ၃၀ ထဲမှ အချို့ကိုမှတ်မိခြင်းမရှိသည့်တိုင် သံသယဝင်ရန် မလို။ မသေမီ မျက်မှောက်ဘဝ၌ပင် အသိမိတ်ဆွေဟောင်း အချို့ကို ကျွန်ုပ်တို့ မှတ်မိခြင်းမှာ ထင်ရှား၏။ အံ့ဩဖွယ်ရာကောင်းသည်ကား မှတ်မိမှုအားလုံး သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းနှင့် သက်ဆိုင်နေမှုဖြစ်၍ ဤအချက်ကို ပရဝိဉာဉ်ဖြင့် ရှင်းပြရန် မဖြစ်နိုင်ချေ။

ထိုနည်းအတူ ကလေး၏ သိမှုနှင့် မှတ်မိမှုအားလုံးသည် ပုဂ္ဂိုလ်တစ်ဦး တည်းနှင့်သာ ဆပ်စပ်နေခြင်းမှာ ပရဝိဉာဉ်ကြောင့်ဖြစ်သည်ဟု မဆိုသာချေ။ ပရဝိဉာဉ်၏ သိမြင်မှုဖြစ်သည် မှန်လျှင်လည်း အတိတ်ဘဝမှတ်မိမှုနှင့် အဘယ် ကြောင့် ဆပ်စပ်နေပါသနည်းဟု စဉ်းစားရန်ရှိ၏။ အတိတ်ဘဝမှတ်မိသည် ဆိုခြင်းမှာ လူသေ–လူပြန်ဖြစ်သည်ဟု မိရိုးဖလာ ယုံကြည်မှု ရှိသောကြောင့် ဖြစ်သည်ဆို၏။ သို့ရာတွင် လူဝင်စားမှုများမှာ ထိုယုံကြည်မှုလုံးဝမရှိသော တိုင်းပြည်များ၊ ထိုအယူကို လုံးဝမကြားဖူးသော မိသားစုများ၌လည်း ဖြစ်ပွား တတ်၏။ အတိတ်ဘဝကို အစဉ်အလာအားဖြင့် လက်မခံသော အမေရိကန်၊ အင်္ဂလန်နှင့် အခြားဥရောပနိုင်ငံများ၌ လူဝင်စားမှုများကို တစ်ခါတစ်ရံ တွေ့ရှိ ရပေရာ ယင်းတို့မှာ အာရှတိုက်မှ လူဝင်စားမှုများကဲ့သို့ အချက်အလက် စုံလင် ခြင်းမရှိသော်လည်း ယေဘုယျပုံစံလက္ခဏာများမှာ သိပ်မခြားနားလှချေ။

လူဝင်စားသည်ဆိုသောကလေးများ၌ ပရဝိဉာဉ်အစွမ်းသတ္တိရှိသည်

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါက အဘယ့်ကြောင့် လူဝင်စားမဟုတ်သော အခြားကလေးများ၌ ထိုသတ္တိ မတွေ့ရပါသနည်းဟုလည်း စဉ်းစားရန်ရှိ၏။ စိတ်ဝိညာဉ်သုတေသီတို့၏ အဆိုအားဖြင့် ပရဝိညာဉ်အစွမ်းပြသော ကလေးများမှာ အလွန်ရှားပါးလှပေရာ လူဝင်စားမှုများကို ပရဝိညာဉ်ဖြင့် ရှင်းပြခြင်းမှာ သဘာဝယုတ္တိမတန်ချေ။ နတ်ဝင်တို့၏ ပရဝိညာဉ်တန်ခိုးသတ္တိနှင့် လူဝင်စားမှုတခြားစီဖြစ်နေခြင်းကိုလည်း ကျွန်ုပ်တို့သတိပြုရပေမည်။ လူဝင်စားသည်ဆိုသော ကလေးသည် နတ်ဝင်ကဲ့သို့ မိမိအား သေသူက စာတ်စီး၍ပြောသည်ဟုမဆို။ နတ်ဝင်သည်လည်း လူဝင်စားကဲ့သို့ မိမိသည် အတိတ်ဘဝက မည်သူမည်ဝါဖြစ်ပါသည်ဟု ဘယ်အခါမျှ မပြောချေ။

ပရဝိညာဉ်ဖြင့် ရှင်းပြရန် အထူးခက်ခဲသော လူဝင်စားမှု၏ လက္ခဏာခြင်းရာတစ်ခုမှာ ကလေးက မိမိကိုယ်ကို ရှေးအခါက ကေန်ထင်ရှားရှိခဲ့သော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ဖြစ်ခဲ့သည်ဟု အစွဲအမြဲထင်မြင် ယုံကြည်နေခြင်းဖြစ်၏။ ဤသည်မှာ ဟန်ဆောင်မှုဖြစ်သည်ဟုမဆိုနိုင်ချေ။ ကလေးသည် ထိုသို့ ဟန်ဆောင်ရန် အကြောင်းဘာမျှမရှိ။ ထိုသို့ ဟန်ဆောင်နေခြင်းဖြင့် မည်သည့် အကျိုးကျေးဇူးမျှ ခံစားရမည်မဟုတ်။ စင်စစ် မိမိ၏ယုံကြည်မှုကြောင့် တစ်ခါတစ်ရံ ဒုက္ခကြုံတွေ့ရ၏။ မိဘများ၏ အားပေးမှုကိုမရရှိဘဲ မိမိဘဝဟောင်းက ဆွေမျိုးများထံ ပို့ပေးရန် နားပူသောအခါ ဆူပူရိုက်နှက်ခြင်း ခံရတတ်၏။

ထို့အပြင် အကယ်၍ ကလေး၏ ထင်မြင်ယုံကြည်မှုသည် ဟန်ဆောင်မှု ဖြစ်လျှင် ထိုဟန်ဆောင်မှုသည် ကြာရှည်တည်မြဲမည် မဟုတ်ချေ။ ယခုမူ ကလေးက မိမိကိုယ်ကို ရှေးကကွယ်လွန်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု ထင်မြင်မှုသည် လပိုင်းအတွင်း ပျောက်ကွယ်မသွားဘဲ နှစ်ကာလတာရှည်သော ထင်မြင်မှုဖြစ်၏။ စတီဗင်ဆင် လေ့လာသော လူဝင်စားမှုများတွင် အတိုဆုံး ကာလတာမှာ ၂-နှစ်ဖြစ်၍ အရှည်ဆုံးမှာ ၁၆-နှစ်ဖြစ်၏။ ပထမတွင် ကလေးသည် သူ့အတိတ်ဘဝအကြောင်း အလိုအလျောက် ပြောခြင်းရပ်စဲ၍ မေးမှ ပြော၏။ နောက်ကာလတွင် မှတ်မိသောအချက်များ တစ်စတစ်စ နည်းပါးလာ၍ နောက်ဆုံးတွင် ဘာမျှမမှတ်မိတော့ချေ။ အတိတ်ဘဝနှင့် ဆက်စပ်နေဟန်ရှိသော အမူအရာလက္ခဏာများမှာ ထိုထက်နောက်ကျ၍ အသက် ၁၄-၁၅ နှစ်လောက်ကျမှ ပျောက်ကွယ်သွားလေ့ရှိ၏။

ကလေး၏ ထင်မြင်ယုံကြည်မှုသည် မိဘများ၏ပယောဂကြောင့် ဖြစ်သည်ဟု မဆိုနိုင်ချေ။ အချို့မိဘများသည် မိမိတို့၏ကလေးများကို ကွယ်လွန်



လေပြီးသော ပုဂ္ဂိုလ်အကျော်အမော်များနှင့်တူအောင် ငယ်စဉ်ကစ၍ ပုံသွင်းရန် ကြိုးစားအားထုတ်ကြ၏။ သို့ရာတွင် လူဝင်စားမှုများ၌ အတိတ်ဘဝက ပုဂ္ဂိုလ်များမှာ စံပြပုဂ္ဂိုလ်များ မဟုတ်ချေ။ ထိုအတိတ်ဘဝပုဂ္ဂိုလ်သည် အခန်း(၆)၌ ဖော်ပြခဲ့သော ကလေး၏ နာမ်ခန္ဓာခွဲတစ်ခုလည်း မဖြစ်နိုင်ချေ။ အဘယ့်ကြောင့် ဆိုသော် ထိုပုဂ္ဂိုလ်သည် အတိတ်ကာလက ကေန်ထင်ရှား ရှိခဲ့သည့်အပြင် ကလေး၏ဘဝကို အပိုင်စီးထားခြင်း မရှိချေ။ ကလေးသည် အတိတ်ဘဝက မိမိမှာ မည်သူမည်ဝါဖြစ်သည်ဟု ယုံကြည်သော်လည်း ဘဝနှစ်ခုကို မရောထွေးဘဲ ခွဲခြား၍ သိမြင်နားလည်ကြောင်း သတိပြုရပေမည်။

လူဝင်စားမှုများကို စိတ္တဇဝေဒနာအမူများ အနေဖြင့်လည်း အထင်မမှားသင့်ချေ။ လောက၌ မိမိကိုယ်မိမိ ဘိုးဘိုးအောင်ဖြစ်သည်၊ စကြာမင်းဖြစ်သည်၊ နပိုလီယန်စစ်ဗိုလ်ကြီးဖြစ်သည် စသည်ဖြင့် ယုံကြည်နေကြသော သူများရှိ၏။ ထိုသူများမှာ စိတ်ဖောက်ပြန်သောသူများဖြစ်ပေရာ သူတို့အမူများနှင့် လူဝင်စားမှုများမှာ အစစအရာရာ သဘောလက္ခဏာကွဲပြားခြားနား၏။ လူဝင်စားသည် ဆိုသော ကလေးများမှာ မိမိတို့အတိတ်ဘဝကို ပြောပြခြင်းမှအပ အခြားနေရာများ၌ အခြားသက်တူရွယ်တူ ကလေးများနှင့် ကွဲပြားခြားနားခြင်း မရှိ။ စိတ်ပုံမမှန်ဘဲ ဖောက်ပြန်ချွတ်ယွင်းသော လက္ခဏာများကိုလည်း လုံးဝမတွေ့ရချေ။

ပရဝိညာဉ်ဖြင့် ရှင်းပြ၍မရအပ်သော လူဝင်စားမှုများ၏ အခြားလက္ခဏာခြင်းရာမှာ အချို့နေရာများ၌ လူဝင်စားသူများ၏ ကျွမ်းကျင်လိမ္မာမှု ဖြစ်၏။ စတီဗင်ဆင်လေ့လာထားသော လူဝင်စားမှုများ၌ ဝီလယန်ဂျော့မှာ ငါးဖမ်းကျင်လည်ပုံ၊ အိမတ်မှာ ပြင်သစ်ဘာသာ၌ ထူးချွန်ပုံများကို ဖော်ပြခဲ့ပေပြီ။ ထိုသူတို့မှာ မျက်မှောက်ဘဝ၌ ဆိုင်ရာအတတ်ပညာများကို အားထုတ်၍ လေ့လာသင်ကြားခဲ့ခြင်း မရှိချေ။ ဆိုင်ရာအတိတ်ဘဝပုဂ္ဂိုလ်များ၌မူ ထိုကျွမ်းကျင်လိမ္မာမှုများမှာ ထင်ရှား၍ များစွာသော လူများအဖို့ ဤအချက်မှာ အတိတ်ဘဝက ပါရမီဓာတ်ခံကို လက်ခံယုံကြည်ရန် အထောက်အထားတစ်ခု ဖြစ်နေပေသည်။

အတိတ်ဘဝကို လက်မခံလိုသော စိတ်ဝိညာဉ်သုတေသီဆရာတို့က လူဝင်စားမှုကို ရှင်းပြရန်တင်ပြသော နောက်ဆုံးအဆိုကို ယခု ကျွန်ုပ်တို့ စဉ်းစားရန်ရှိ၏။ ထိုဆရာတို့ အလိုအားဖြင့် အချို့သောလူတို့သည် အသက်ဇီဝိန် ချုပ်သောအခါ တမလွန်လောကသို့ ချောချောမောမော ရောက်ရှိမသွားကြချေ။ သူတို့၏ ဝိညာဉ်များသည် လူ့ဘဝကို စွဲလမ်းနေသောကြောင့် လူ့ပြည်၌ လှည့်လည်သွားလာ၍ အခါအခွင့်သင့်သောအခါ သက်ရှိလူများသို့ ဝင်ပူးလေ့

www.burmeseclassic.com

www.burmeseclassic.com



ရှိကြ၏။ သို့ဖြစ်၍ လူဝင်စားသည်ဆိုသော ကလေးသည် ရှေးအခါက သေဆုံးသွားသော ပုဂ္ဂိုလ်တစ်ဦးနှင့် ဘဝချင်းဆက်နေသောကလေးမဟုတ်။ ထိုသေသူ၏ လိပ်ပြာဝိညာဉ် အခိုက်အတန့် ပူးဝင်မှီးကပ်ခြင်းခံနေရသော ကလေးဖြစ်သည်ဆို၏။

အပမှီသည်ဆိုခြင်းမှာယုံတမ်းစကားမဟုတ်ဘဲ အကြောင်းယုတ္တိရှိကြောင်း သာဓကနှင့်တကွ အခန်း(၉)တွင် ပြဆိုခဲ့ပေပြီ။ အချို့သော အပမှီမှုများနှင့် လူဝင်စားမှုများမှာ တူညီသောအချက်များရှိ၏။ အပမှီခံရသောသူသည် မိမိကိုယ်ကို အတိတ်ကာလက သေဆုံးခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဆို၍ သူ၏ အတိတ်ဘဝအကြောင်းကို မှန်ကန်စွာ ပြောပြနိုင်၏။ အတိတ်ပုဂ္ဂိုလ်၏ ဆွေမျိုးသားချင်းများကို မှတ်မိ၏။ ထိုပုဂ္ဂိုလ်၏ အမူအရာ စရိုက်ဝါသနာများကိုလည်း အထင်အရှားပြတတ်၏။

ဤနေရာ၌ လူဝင်စားမှုနှင့် ယှဉ်းများဖွယ်ရာဖြစ်၍ စတီဗင်ဆင်လေ့လာခဲ့သော အိန္ဒိယပြည်မှ ဂျက်စပီ၏အမှုကို ဖော်ပြပါအံ့။

ဥတ္တာပရာဒစ်ပြည်နယ်မှ အသက် သုံးနှစ်နှင့် ခြောက်လအရွယ်ရှိ ဂျက်စပီဆိုသော ကလေးငယ်သည် ၁၉၅၄ ခုနှစ်၌ ကျောက်ကြီးရောဂါစွဲကပ်ပြီးနောက် ပြန်လည်ကျန်းမာလာသောအခါ ဘဝ လုံးဝပြောင်းလဲသလို ဖြစ်သွား၏။ သူက မိမိမှာ ဝေဖောဒီဆိုသောရွာမှ ဇာတ်ကြီးဗြဟ္မဏသျှန်ကာ၏ သားဖြစ်ကြောင်း၊ အတိတ်ဘဝက သူ့အမည်မှာ ဆောဘာရမ်ဖြစ်ကြောင်း၊ ထိုအခါက သူသည် မင်္ဂလာဆောင်တစ်ခု၌ ရွာတစ်ရွာမှ သတို့သမီးကိုခေါ်၍ပြန်လာစဉ် မြင်းလှည်းပေါ်မှ ကျ၍ သေဆုံးခဲ့ကြောင်း ပြောပြ၏။ ဂျက်စပီသည် ဇာတ်ကြီးသည်ဆိုပြီး အိမ်တွင်ချက်သောထမင်းကိုမစားဘဲ ဗြဟ္မဏမိန်းမတစ်ယောက်က သနားသဖြင့် သူတို့ထုံးစံနှင့်အညီ ချက်ပေးသောထမင်းကိုမှ စား၏။ သူက နားပူသဖြင့် ဆောဘာရမ်၏ မိသားစုများရှိသော ရွာသို့ ခေါ်သွားရာ သူသည် သူတို့အိမ်သို့ စိုက်စိုက်မတ်မတ် ဦးဆောင်သွား၏။ ဆောဘာရမ်၏ မိသားစုအားလုံးကို မှတ်မိ၍ အတိတ်ဘဝက သူနှင့်မည်သို့ကော်စပ်ကြောင်း မှန်ကန်စွာပြောပြနိုင်၏။ ဂျက်စပီက ကနဦးကပြောပြထားသော ဆောဘာရမ်နှင့် ပတ်သက်သည့် အချက်များမှာလည်း အားလုံးမှန်ကန်၍ ဆောဘာရမ်မှာ ၁၉၅၄ ခုနှစ် မေလက မြင်းလှည်းပေါ်မှကျ၍ သေဆုံးကြောင်း **သူ၏မိဘဆွေမျိုးများက** အတည်ပြုကြ၏။

၁၉၆၁ ခုနှစ်က ဂျက်စပီသည် စတီဗင်ဆင်**က**မေးသဖြင့် မိမိသည် ဆောဘာရမ်အနေဖြင့် သေ**ဆုံးပြီးနောက် ဆာဒူးဘုန်း**ကြီးတစ်ပါးနှင့် တွေ့၍



ဘုန်းကြီးက ဂျက်စပီကို မှီးကပ်နေရန် အကြံပေးခဲ့သည်ဆို၏။ ၁၉၆၄ ခုနှစ်၌မှု ထိုကြားကာလဆိုင်ရာ သူ့အမှတ်သညာများမှာ မှိုးတဝါးဖြစ်လာ၍ သူ၏စကားများမှာ ရှေ့နောက်မညီတော့ချေ။ အတိတ်ဘဝကိုမူ ထိုအချိန်အထိ သူကောင်းစွာ မှတ်မိနေသေးသည်ဆို၏။

ဤအမှု၌ အတိတ်ဘဝက ပုဂ္ဂိုလ်သေဆုံးသော အချိန်တွင် ကလေးမှာ အသက် သုံးနှစ်ကျော်နေပြီ ဖြစ်သောကြောင့် လူဝင်စားမှု မဟုတ်ဘဲ အပမှီမှု ဖြစ်ကြောင်း ထင်ရှား၏။ အခန်း (၁၄)၌ ဖော်ပြခဲ့သော ရဗိသျှန်ကာအမှု၌ ကလေးမွေးဖွားသောအချိန်နှင့် အတိတ်ဘဝပုဂ္ဂိုလ် သေဆုံးသောအချိန်မှာ ခြောက်လတာမျှသာခြား၍ ယင်းအမှုမှာလည်း အပမှီမှုဖြစ်ပေလိမ့်မည်။

ဤသို့လူဝင်စားမှုနှင့် ဆင်တူယှဉ်းများ ဖြစ်နေသော အပမှီမှုများရှိသော်လည်း အချို့သောအပမှီမှုများမှာ လူဝင်စားမှုများနှင့် သဘောလက္ခဏာ သိသိသာသာ ကွဲပြားခြားနား၏။ အထောက်အထား အခိုင်မာဆုံး အပမှီမှုဖြစ်သော ဂစ်ဖို့-သွန်မဆင်တို့၏ ဖြစ်ရပ် (အခန်း-၉) မှာ လူဝင်စားမှုနှင့် လုံးဝမတူချေ။ သွန်မဆင်သည် လူဝင်စားများကဲ့သို့ ကွယ်လွန်သူ ဂစ်ဖို့၏ ဘဝအဖြစ်အပျက်များကို စုံလင်စွာ အသေးစိတ်ပြောပြနိုင်ခြင်းမရှိ။ သူ့ကိုယ်သူ တစ်ခါက ဂစ်ဖို့ဖြစ်ခဲ့ပါသည်ဟုလည်း ဘယ်အခါမှ မပြောချေ။

အပမှီမှုနှင့် လူဝင်စားမှုမတူသော အခြားအချက်များရှိသေး၏။ လူဝင်စားသည်ဆိုသော သူများမှာ ကလေးများဖြစ်၍ အပမှီခံရသောသူများမှာ အများအားဖြင့် ကလေးများမဟုတ်ချေ။ လူဝင်စားများသည် အတိတ်ဘဝက သူတို့နေခဲ့ဖူးသော အရပ်ဒေသနေအိမ် စသည့်နေရာဌာနများသို့ ရောက်သွားသောအခါ အမှတ်သညာအားကောင်း၍ အတိတ်အဖြစ်အပျက်များကို ပိုမိုမှတ်မိလာ၏။ အပမှီခံပုဂ္ဂိုလ်များမှာမူ မှီးကပ်နေသော သေသူ၏နေရာဌာနဟောင်းသို့ ရောက်ရှိသော်လည်း ထိုသို့မှတ်ဉာဏ်ပြောင်းလဲလာခြင်း မရှိချေ။

အပမှီသည်ဆိုသော အယူဖြင့် ရှင်းပြရန် ခက်ခဲသော လူဝင်စားမှု၏ လက္ခဏာ ခြင်းရာများကိုလည်း ကျွန်ုပ်တို့ သတိပြုရပေမည်။ လူဝင်စားသည်ဆိုသော ကလေးများသည် သူတို့ကိုမေးမြန်းစုံစမ်းသောအခါ သို့မဟုတ် သူတို့ အတိတ်ဘဝနှင့် နီးစပ်သောအာရုံများနှင့် ထိတွေ့သောအခါ ပြန်လည်မှတ်မိသော လက္ခဏာများကိုပြ၏။ စတီဗင်ဆင်လေ့လာသော အိန္ဒိယပြည်မှ အမှုတစ်ခုတွင် ဆွမ်လာတာခေါ် ဟိန္ဒူကလေးမကလေးသည် အတိတ်ဘဝက အရှေ့ဘင်္ဂလား ပြည်နယ်၌ နေထိုင်ခဲ့ပါသည်ဆိုလျှင် ရှေးယခင်က သူမကြားဖူးသော ဘင်္ဂါလီ

www.burmeseclassic.com

www.burmeseclassic.com



သီချင်းများကို လူအများကဆိုနိုင်းလျှင် ဆိုပြ၏။ ဤနေရာ၌ ဆွမ်လာတာကို အပမှီနေသည်ဆိုပါက ထိုသေသူ့ဝိညာဉ်သည် အဘယ်ကြောင့် သူ့အလို အလျောက် ဆိုမပြပါသနည်း။ ဆွမ်လာတာကို ဆိုနိုင်းမှ ထွက်ပေါ်လာပြီး ၎င်းကဆိုပြခြင်းဖြစ်သလော။ လူဝင်စားမှုများသည် စင်စစ် အပမှီနေသည် ဆိုပါက သေသူ့ဝိညာဉ်သည် အဘယ်ကြောင့် သူ့အတိတ်ဘဝကို အားလုံး မမှတ်မိပါသနည်း။ ကလေးသည် အနည်းအကျဉ်းမျှသာ မှတ်မိခြင်းကို ထောက် ချင့်၍ သူနှင့်အခိုက်အတန့် ဆက်စပ်နေသောအရာမှာ သေသူ့ဝိညာဉ်မဟုတ်ဘဲ အမှတ်သညာ အကြွင်းအကျန်မျှသာ ဖြစ်သည်ဆိုပါက ပို၍သဘာဝ ယုတ္တိရှိပေ လိမ့်မည်။

အပမှီသည်ဆိုသော အယူနှင့် ကိုက်ညီရန် အခက်အခဲဆုံး ဖြစ်သော လူဝင်စားမှုများမှာ မွေးရာပါ အမှတ်အသားများကို အထောက်အထားအနေဖြင့် တွေ့ရှိရသော ကလေးအမှုများဖြစ်၏။ စတီဗင်ဆင်နှင့် သူ၏အဖော်များ စူးစမ်း လေ့လာသောလူဝင်စားမှုများတွင် အမှုငါးဆယ်မှာ ထိုမွေးရာပါ အမှတ်အသား များ ပါရှိသောအမှုများဖြစ်၏။ သီဟိုဠ်မှ အမှုတစ်ခုတွင် လူသတ်မှုကျူးလွန်၍ ကြိုးပေးခံရပြီးနောက် လူဝင်စားဖြစ်လာသည်ဆိုသော လူတစ်ယောက်မှာ ညာဘက်လက်မောင်းမှာ သိမ်၍ လက်ချောင်းများ ပုံမမှန်ဘဲ အနေအထားပျက် နေသည်ကို တွေ့ရ၏။ အလတ်စကားမှ လူဝင်စားမှု၌ အတိတ်ဘဝက သေနတ် ပစ်ခံရသည်ဆိုသော လူဝင်စားတွင် သေနတ်ထိမှန်သောနေရာ၌ အမာရွတ် ဖြစ်နေသည်ကို တွေ့ရ၏။ အတိတ်ဘဝက သတ်ခံရသော အိန္ဒိယမှ ရဗိသျှန်ကာ ၏ လည်ပင်း၌ အမာရွတ်တွေ့ရပုံနှင့် အလတ်စကားပြည်နယ်မှ အတိတ်ဘဝ ပုဂ္ဂိုလ်နှင့် လူဝင်စားနှစ်ဦးစလုံး၌ ကိုယ်ခန္ဓာတစ်နေရာထဲတွင် မှဲ့တွေ့ရပုံကို လွန်ခဲ့သော အခန်း၌ဖော်ပြခဲ့ပေပြီ။

ဤအခြင်းအရာကို အပမှီသည်ဟူသောအဆိုဖြင့် ရှင်းပြရန် မဖြစ်နိုင်ချေ။ အလတ်စကားမှ အမှု၌ လူဝင်စားမှုနှင့် အတိတ်ဘဝပုဂ္ဂိုလ်မှာ မြေးအဘိုးဖြစ်၍ မြေး၌မှဲ့ရှိခြင်းမှာ မျိုးရိုးဗီဇလိုက်ခြင်း ဖြစ်သည်ဟု အချို့က ဆိုပေလိမ့်မည်။ စတီဗင်ဆင်၏ အဆိုအားဖြင့် ကိုယ်ခန္ဓာမှတစ်နေရာ၌ မှဲ့ရှိမှုသည် မျိုးရိုးလိုက် ခြင်းဖြစ်နိုင်သော်လည်း ထိုကဲ့သို့သော မျိုးရိုးလိုက်မှုများမှာ အလွန်ရှား၏။ အထက်ပါ အလတ်စကားမှ လူဝင်စားမှုတွင် ကလေး၌ မှဲ့ရှိခြင်းမှာ မျိုးရိုးဗီဇ ကြောင့် ဖြစ်သည့်တိုင် ကလေးတွင် တစ်အူတုံဆင်း ညီအစ်ကိုမောင်နှမသားချင်း ကိုးယောက် ရှိပေရာ အဘယ်ကြောင့် သူတစ်ဦးတည်းတွင်မှ သူ့အဘိုး၌ရှိသော ကိုယ်ခန္ဓာနေရာ၌ မှဲ့ကိုတွေ့ရပါသနည်း။



သို့ဖြစ်၍ အချို့သော လူဝင်စားသည်ဆိုသော အမှုများသည် အပမှီမှု ဖြစ်ဟန်ရှိသော်လည်း ထိုအမှုအားလုံးကို အပမှီမှုများ ဖြစ်သည်ဟု မယူဆသင့် ချေ။ အထောက်အထားခိုင်လုံသော လူဝင်စားမှုနှင့် အပမှီမှုများမှာ လက္ခဏာ ခြင်းရာ သိသိသာသာ ကွဲပြားခြားနား၏။ ခက်သည်ကား တချို့လူတို့သည် တမလွန်ဘဝကို လက်ခံကြသော်လည်း ရုပ်တရားမရှိသော သို့မဟုတ် ကျွန်ုပ်တို့ မမြင်အပ်သော ရုပ်ထူးရှိသည့် အရူပဘုံအနေဖြင့်သာ လက်ခံလိုကြ၏။ စင်စစ် လူသည် သေပြီးနောက် ဘဝသစ်တစ်ဖန် ဖြစ်သည်ဟု ကျွန်ုပ်တို့ လက်ခံပါက လူပြန်ဖြစ်သည်ဆိုသောအယူကို လက်မခံနိုင်စရာခိုင်လုံသောအကြောင်းမရှိချေ။

www.burmeseclassic.com

www.burmeseclassic.com

## အ ခ န်း [ ၁၆ ]

# ပြန်လည်သုံးသပ်ချက်

အတိတ်ဘဝကို မှတ်မိသည်ဆိုသော ကလေးသူငယ်များနှင့်ပတ်သက်၍ လူဝင်စားမှုကို မယုံကြည်သောသူတို့၏ ထင်မြင်ယူဆချက်အမျိုးမျိုးကို လွန်ခဲ့သောအခန်း၌ လေ့လာဆန်းစစ်ခဲ့ပေပြီ။ ထိုယူဆချက်များအနက် အပမှီခြင်းဖြစ်သည်ဆိုသော အယူမှတစ်ပါး အခြားအယူများမှာ လူဝင်စားမှု၏ ယေဘုယျသဘောလက္ခဏာများ (ဝါ) သုတေသီဆရာတို့၏ တွေ့ရှိရချက်များနှင့် ဆန့်ကျင်နေသောကြောင့် သဘာဝယုတ္တိမရှိချေ။ အပမှီမှုမှာကား လူဝင်စားမှုနှင့် အချို့နေရာများတွင် တူသောကြောင့် အချို့သောလူဝင်စားမှုမှာ အပမှီမှုနှင့် ခွဲခြား၍မရအပ်ချေ။

လူဝင်စားသည်ဆိုသော အချို့ကလေးများအမှု၌ စင်စစ် လူဝင်စားခြင်း မဟုတ်ဘဲ အပမှီခြင်းဖြစ်မှုသည် ထင်ရှား၏။ စတီဗင်ဆင် လေ့လာသော အိန္ဒိယပြည်မှ အမှုတစ်ခုတွင် လူဝင်စားသည်ဆိုသော ကလေးမွေးသောအချိန်နှင့် အတိတ်ဘဝပုဂ္ဂိုလ်သေသော အချိန်မှာ လေးရက်ခွဲမျှသာခြား၏။ ယိုးဒယားပြည်မှ အမှုတစ်ခုတွင် ၁၈ နာရီခြား၍ ဂျာမနီပြည်မှ အမှုတစ်ခုတွင် ရက်သတ္တ ခြောက်ပတ်ခြား၏။

သို့ရာတွင် လူဝင်စားမှုအားလုံးကို အပမှီမှုများဖြစ်သည်ဟု မဆိုသာချေ၊ အချို့အမှုများမှာ အခြေခံအားဖြင့် မတူကြောင်း ယင်းတို့၏ အချို့သော ခြင်းရာ လက္ခဏာများကို အပမှီမှုအဆိုဖြင့် ရှင်းပြ၍ မရအပ်ကြောင်း လွန်ခဲ့သော အခန်း၌ ပြဆိုခဲ့ပေပြီ။ သို့ဖြစ်၍ လူဝင်စားမှုအမြောက်အမြားကို စေ့ငုသေချာစွာ



လေ့လာခဲ့သော သုတေသနဆရာ ဒေါက်တာ စတီဗင်ဆင်က အတိတ်ဘဝကို မှတ်မိသည်ဆိုသော ကလေးများ၏အပြုအမူနှင့် သူတို့၏ ထူးခြားသောစွမ်းရည်သတ္တိနှင့် မွေးရာပါအမှတ်များ၊ ကိုယ်အင်္ဂါပုံပန်းပျက်နေမှုများကို လေ့လာခြင်းဖြင့် လူသေပြီး လူပြန်ဖြစ်မှုအတွက် သက်သေအထောက်အထားများမှာ လူဝင်စားမှုများအကြောင်း ပထမ စတင်ရေးသားသော ၁၉၆၀ ခုနှစ်၏နောက်ပိုင်းတွင် ပိုမိုများပြားလာသည်ဟု ဆိုလေသည်။

စတီဗင်ဆင်ကဲ့သို့ လူဝင်စားမှုမျိုးကို သိပ္ပံနည်းကျကျ စူးစမ်းလေ့လာခဲ့သော ပုဂ္ဂိုလ်မှာ မစ္စတာ ဖရန်စစ်စတိုရီဖြစ်၏။ ဖရန်စစ်စတိုရီမှာ တစ်ခါက မြန်မာနိုင်ငံတွင် အတန်ကြာနေထိုင်ဖူး၍ သီဟိုဠ်ကျွန်း၌ ကွယ်လွန်သွားသော ဗုဒ္ဓဘာသာဝင် အနောက်တိုင်းသားတစ်ဦးဖြစ်၏။ ဖရန်စစ်စတိုရီသည် လူဝင်စားမှုကို အပမှီမှုနှင့်ခွဲခြားရန်အတွက် အရေးပါသောမွေးရာပါ အမှတ်များနှင့် ပတ်သက်၍ အထောက်အထားခိုင်မာသော လူဝင်စားမှုများကိုတွေ့ရှိခဲ့၏။ ယိုးဒယားမှအမှုတစ်ခုတွင် အတိတ်ဘဝက သေလောက်သော ဓားဒဏ်ရာရရှိခဲ့သည်ဆိုသော ဦးခေါင်းတစ်နေရာ၌ အမာရွတ်ကို တွေ့ရ၏။ သေခါနီးတွင် ဒဏ်ရာရထားသည်ဆိုသော ခြေမမှာလည်း ပုံပန်းပျက်နေသည်ကို တွေ့ရ၏။ မြန်မာနိုင်ငံမှ အမှုတစ်ခုတွင် အတိတ်ဘဝက ဆေးရုံတွင်ခွဲစိတ်၍ သွေးသွင်းသောနေရာ ခြေမျက်စေ့၌ ပလတ်စတာကပ်ထားသောအရာ မွေးရာပါအမှတ် ပါရှိလာ၏။ အင်္ဂလန်မှ အမှုတွင် အတိတ်ဘဝက သေနတ်ထိမှန်သေဆုံးသော လူဝင်စား၌ သေနတ်ကျည်ဆန် ဒဏ်ရာအရွယ်ပမာဏရှိသော ဝိုင်းဝိုင်းနီကျင့်ကျင့် မွေးရာအမှတ်တစ်ခု ပါလာ၏။ အင်္ဂလန်၊ ဘရာဇီးနှင့် အမေရိကန်နိုင်ငံများ၌လည်း အလားတူ လူဝင်စားမှုများကို တွေ့ရှိရသည်ဆို၏။

လူဝင်စားမှုများ၌ အတိတ်ဘဝ အကြောင်းကို မှန်ကန်စွာပြောပြနိုင်ခြင်း၊ အတိတ်ဘဝဆိုင်ရာမှ ပုဂ္ဂိုလ်များကို ခွဲခြားမှတ်မိခြင်း၊ အတိတ်ဘဝနှင့်ပတ်သက်၍ စိတ်လှုပ်ရှားခံစားမှုရှိခြင်း၊ စိတ်စရိုက် ဝါသနာများ တူညီနေခြင်း၊ အချို့လူဝင်စားများ၌ ထူးခြားသော မွေးရာအမှတ်များရှိခြင်း၊ ကလေးသည် မိမိကိုယ်ကို အတိတ်ဘဝက ပုဂ္ဂိုလ်ဖြစ်သည်ဟု သူ့အလိုအလျောက် အစွဲအမြဲယုံကြည်နေခြင်း စသောလက္ခဏာများမှာ အပမှီမှုများမှာထက် ပိုပြင်လှုပ်ရှား၍ လူဝင်စားခြင်းကို ငြင်းဆိုရန် မလွယ်ကူချေ။ ထိုအချက်များအပြင် လူဝင်စားမှုအဆိုနှင့် ကိုက်ညီသော အခြားအချက်များကိုလည်း ကျွန်ုပ်တို့သတိပြုရပေမည်။

ကလေးသည် အသက်သုံးလေးနှစ်အရွယ် မတိုင်မီ အတိတ်ဘဝ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို စတင်ပြောပြတတ်ပေရာ လူဝင်စားဖြစ်သည်မှန်ပါက ဤအချက်မှာ ဘာမျှအံ့သြစရာမရှိချေ။ ဘဝအတွေ့အကြုံ အမှတ်အသားလုံးဝမရှိသေးသော ထိုအသက်အရွယ်၌ အတိတ်ဘဝက ပါလာသော အမှတ်သညာများမှာ အနှောင့်အယှက်မရှိဘဲ သစ်လွင်လန်းဆန်း၍ ပူပူနွေးနွေးရှိနေမည်ဖြစ်၏။ အတိတ်ဘဝအကြောင်း ကလေးများပြောပြရာ၌ ထူးခြားချက်မှာ သေခါနီးအဖြစ်အပျက်များနှင့် ပတ်သက်သော ပြောပြချက်များဖြစ်၏။ အများအားဖြင့် ကလေးများသည် အတိတ်ဘဝက သူတို့ မည်သို့မည်ပုံ သေဆုံးသည်၊ အသက်ထွက်ခါနီး မည်သို့ဖြစ်ပျက်သည်၊ မည်သည့်စကားကို သူတို့ပြောခဲ့သည် စသည်တို့ကို ကောင်းစွာမှတ်မိဟန်ရှိ၏။ အတိတ်ဘဝက ကြိုးပေးအသတ်ခံရသော သီဟိုဋ္ဌ်ကျွန်းမှ လူဝင်စားမှုတွင် ကလေးသည် ထိုအချိန်က သူအသတ်မခံရမီ ငါးရက်အလိုတွင် သူ့ညီက သူ့အတွက်ထောင်ထဲ၌ အလှူဒါနပြုပုံ၊ ကြိုးစင်ကိုပြင်ဆင်ကြပုံ၊ သတ်ခါနီး၌ ဘုန်းတော်ကြီးက တရားဟောပုံ၊ မသတ်မီ သူ့ခေါင်းကို အဝတ်နက်စွပ်ပုံ စသည်တို့ကို အသေးစိတ် စုံလင်စွာပြောပြ၏။ ဤသို့ အတိတ်ဘဝက သေခါနီးအဖြစ်အပျက်များကို ကောင်းစွာမှတ်မိခြင်းမှာ မဆန်းလှချေ။ ယင်းတို့မှာ မျက်မှောက်ဘဝနှင့် အချိန်ကာလ အနီးကပ်ဆုံးပူပူနွေးနွေး အမှတ်သညာများဖြစ်၍ သေခါနီးဖြစ်ပျက်မှုကဲ့သို့သော စိတ်ခံစားရချက် အထူးခြားဆုံး အဖြစ်အပျက်များသည် သညာစေတသိက်၌ အထူးစွဲမြဲ ကျန်ရှိနေမည် အမှန်ဖြစ်၏။

လူဝင်စားများသည် အံသက် ၁၄–၁၅ နှစ်အရွယ်၌ အတိတ်ဘဝက အကြောင်းအရာများကို လုံးဝမေ့ပျောက်သွားသည်ဆိုခြင်းမှာလည်း အံ့သြစရာမရှိချေ။ ကလေးဘဝက အမှတ်သညာများသည်ပင် ကြာရှည်မတည်မြဲပါက ဘဝဟောင်းမှ အမှတ်သညာများသည် အဘယ်မှာ တည်မြဲပါမည်နည်း။ ထို့အပြင် စိတ်ပညာရှင်တို့သည် မှတ်ဉာဏ်နှင့် ဦးနှောက် ဆက်သွယ်နေပုံကို ခြေခြေမြစ်မြစ် ရှင်းမပြနိုင်သော်လည်း ဆက်သွယ်နေခြင်းကိုကား လက်ခံယုံကြည်ကြ၏။ ဘဝဟောင်းနှင့်ဆိုင်သော အမှတ်သညာများသည် ယင်းတို့၏ မူလအခြေခံ ရုပ်ဝတ္ထုပျက်စီးသွားပြီဖြစ်၍ ဘဝသစ်၌ ကြာရှည်မတည်မြဲဘဲ ချုပ်ငြိမ်းပျောက်ကွယ်ရမည်မှာ ဓမ္မတာဖြစ်၏။

အံ့သြဖွယ်အချက်သည်ကား လူဝင်စားအားလုံးလိုလိုပင် ဘဝဟောင်းချုပ်ငြိမ်းပြီးနောက် ဘဝသစ်ပြန်မဖြစ်မီ ကြားကာလက အဖြစ်အပျက်များကို ဘာမျှ ပြောမပြနိုင်ခြင်းဖြစ်၏။ ကြားကာလမှာ လူဝင်စားတစ်ဦးနှင့်တစ်ဦး အတိုင်းအတာမတူချေ။ စတီဗင်ဆင်လေ့လာသော အမှုများတွင် အတိုဆုံး



ကာလမှာ လပိုင်းမျှသာရှိ၍ အရှည်ဆုံးကြားကာလမှာ နှစ်ပေါင်း ၆၀ကျော်ကြာ၏။ အိန္ဒိယပြည်မှ လူဝင်စားမှုများမှာ ပျမ်းမျှခြင်းအားဖြင့် ငါးနှစ်မှ ဆယ်နှစ်အထိ ကြားကာလရှိ၏။

စတီဗင်ဆင် လေ့လာသော လူဝင်စားများတွင် ဂျက်စပီတစ်ဦးသာ ထိုကြားကာလကို ဝိုးတဝါး မှတ်မိဟန်ရှိ၏။ သို့ရာတွင် ဂျက်စပီ၏အမှုမှာ လူဝင်စားမှုမဟုတ်ဘဲ အပမှီမှုဖြစ်၏။ ဖရန့်စစ်စတိုရီကမူ ကြားကာလကို မှတ်မိသော လူဝင်စားများကို တွေ့ရှိခဲ့သည်ဟုဆို၏။ သူ၏အဆိုအားဖြင့် ထိုလူဝင်စားများက ပြောပြသောကြားကာလ အကြောင်းအရာများမှာ အခြေခံသဘောလက္ခဏာတူ၍ နတ်ဝင်တို့ ဓာတ်စီးနေခိုက် ပြောပြသော အချက်များနှင့် အချို့နေရာများတွင် ကိုက်ညီနေ၏။ အစပထမ သေသူသည် မိမိသေမှန်းမသိဘဲ ခံစားရမှုမှာမေ့ဆေးပေးထားသောလူနာ၏ခံစားရမှုမျိုးဖြစ်၏။ သို့ရာတွင် ရုပ်ဒြပ်မရှိသော ဝိညာဉ်သက်ဖြစ်သည်ဆိုခြင်းမှာ မမှန်ချေ။ တမလွန်ဘုံသားတို့သည် လူသားတို့ အသိအမြင်ဖြင့် ထိတွေ့ရန်မဖြစ်နိုင်သော်လည်း အလွန်သိမ်မွေ့သော ရုပ်ထုရှိကြသည်ဆို၏။

ကြားကာလကို မှတ်မိသည်ဆိုသော လူဝင်စားများ၏ ပြောပြချက်အရ တမလွန်ဘုံသို့ စတင်ရောက်ရှိလာသောသူများကို ကူညီ၍ လမ်းညွှန်ပြသသော ပုဂ္ဂိုလ်များရှိ၏။ ဖရန့်စစ်စတိုရီ လေ့လာခဲ့သော မြန်မာဘုန်းကြီးတစ်ပါး၏ လူဝင်စားမှု၌ လမ်းညွှန်ပုဂ္ဂိုလ်သည် သူသေပြီးနောက် မကြာမီပေါ်လာ၍ သူကူးပြောင်းရမည့် ဘဝသစ်ကို ညွှန်ပြ၏။ နောက်ကာလ၌ ဘုန်းကြီးဆင်းရဲဒုက္ခကြုံတွေ့နေရစဉ် အိပ်မက်ထဲ၌ အကြံဉာဏ်များ ပေးသည်ဆို၏။ အလားတူ လူဝင်စားမှုတစ်ခုကို အမေရိကန်ပြည်၌ တွေ့ရ၏။ သို့ရာတွင် သေသူအားလုံးသည် တမလွန်ဘဝ၌ ဤသို့ ကူညီစောင်မမှုရရှိသည်မဟုတ်။ အချို့သာလျှင် ဆိုင်ရာလမ်းညွှန်ပုဂ္ဂိုလ်များနှင့် တွေ့ရှိရသည်ဆို၏။

အတိတ်ဘဝသည် ဧကန်မုချရှိသည်ဆိုစေ၊ ကမ္ဘာပေါ်၌ အတိတ်ဘဝက အဖြစ်အပျက်များကို မှန်ကန်စွာ ပြောပြနိုင်သောသူများမှာ ကမ္ဘာလူဦးရေနှင့်စာသော် ဘာမျှမပြောပလောက်ချေ။ သို့ဖြစ်၍ လူသတ္တဝါအမြောက်အမြားမှာ မည်သည့်ဘဝသို့ ရောက်ရှိသွားပါသနည်း။ သေပြီးလူပြန်ဖြစ်ပါလျက် အတိတ်ဘဝကို မမှတ်မိကြခြင်း ဖြစ်လေသလော။ လူသတ္တဝါ အနည်းငယ်သာ အဘယ်ကြောင့် ဘဝဟောင်းကို မှတ်မိကြပါသနည်း စသည်ဖြင့် စဉ်းစားရန်ရှိ၏။

ဤနေရာတွင် လူဝင်စားများ၏ ထူးခြားချက်တစ်ရပ်ကို ကျွန်ုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



သတိပြုရပေမည်။ သူတို့သည် သူတို့၏ပြောပြချက်အရ အများအားဖြင့် အတိတ်ဘဝက အသက်ငယ်ရွယ်စဉ် သေဆုံး၍ မဖျားမနာဘဲ ဥပစ္ဆေဒကကံဖြင့် သေဆုံးကြသည်ကများ၏။ စတီဗင်ဆင်လေ့လာသော လူဝင်စားမှုများတွင် အတိတ်ဘဝက မိမိကိုယ်မိမိ သတ်သေသူ၊ ရေနစ်သေသူ၊ အသတ်ခံရသူ၊ ကြိုးပေးခံရသူ၊ မတော်တဆ ထိခိုက်ဒဏ်ရာရ၍သေသူ အတော်များများပါဝင်၏။ သေဆုံးသော အသက်အရွယ်များမှာ ကလေးအရွယ် လူပျိုအပျိုအရွယ်နှင့် အသက် ၂၀-၃၀ ပတ်ဝန်းကျင်အရွယ်များ ဖြစ်ကြ၏။ ဖရန့်စစ်စတိုရီကလည်း သီဟိုဠ်ကျွန်းနှင့် ယိုးဒယားနိုင်ငံတွင် သုတေသနပြုချက်အရ လူဝင်စားများမှာ အတိတ်ဘဝက အသက်ငယ်ရွယ်စဉ် ဥပစ္ဆေဒကကံဖြင့် သေဆုံးကြသူများ ဖြစ်ပါသည်ဟု ဆိုလေသည်။

သို့ဖြစ်၍ သူတို့သည် လောကီအာရုံ ကာမဂုဏ်ကို ခံမင်နှစ်သက်၍ ဘဝတဏှာအားကောင်းနေစဉ် ဥပစ္ဆေဒကကံက အသက်ကိုဖြတ်၍ မမျှော်လင့်ဘဲ ရုတ်တရက် သေဆုံးကြရခြင်းဖြစ်ပေရာ ဘဝတဏှာပြင်းပြနေသောကြောင့် လူဝင်စားဖြစ်လေသလောဟု စဉ်းစားရန်ရှိ၏။ ဘဝတဏှာအားကောင်းမှုမှာကား သူတို့သေခါနီး၌ လူ့ဘဝပြန်ဖြစ်ရန်တောင့်တကြောင်း သူတို့ပြောသော စကားများ၌ ထင်ရှား၏။ ဝီလီယမ်ဂျော့၊ မာတာလောရင့်နှင့် အခြားအချို့သော လူဝင်စားများသည် အတိတ်ဘဝက မိမိတို့သေပြီးနောက် မည်သူ့ဝမ်း၌ဝင်စားမည်ဟု သေခါနီးတွင် ပြောခဲ့ကြ၏။ သီဟိုဠ်ကျွန်းမှ အမှုတစ်မှုတွင် လူဝင်စားသည် အတိတ်ဘဝက ကြိုးပေးအသတ်ခံရခါနီးဆဲဆဲတွင် ယခုဘဝ၌ သူ့အဖေဖြစ်နေသော ထိုဘဝက သူ့အစ်ကိုကို အာရုံပြုခဲ့သည်ဆို၏။

ဤလူဝင်စားများကို ထောက်ချင့်၍ လူများသေခါနီး၌ ဘဝတဏှာပြင်းပြခြင်း၊ မိမိလိုလားတောင့်တသော ဘဝသစ်ကို အာရုံစူးစိုက်နေခြင်းသည် တမလွန်ဘဝဖြစ်ပေါ်မှု၌ အရေးပါသော အကြောင်းတရားများဖြစ်သည်ဟု ယူဆဖွယ်ရှိ၏။ အတိတ်ဘဝက ယောကျ်ားလေးဖြစ်ပြီး ယခုဘဝ၌ မိန်းကလေးဖြစ်နေသော သီဟိုဠ်ကျွန်းမှ လူဝင်စားမှုတစ်မှုမှာ အထက်ပါအတိုင်းယူဆရန် အထောက်အထားတစ်ခုဖြစ်၏။ စတီဗင်ဆင်၏ အဆိုအားဖြင့် တစ်ဘဝနှင့်တစ်ဘဝ လိင်ပြောင်းလဲမှုဖြစ်သော လူဝင်စားမှုများမှာ နည်းပါး၍ သူလေ့လာခဲ့သော အမှု ၆၀၀ တွင် တစ်ဆယ်ရာခိုင်နှုန်းမျှပင် မရှိဟုသိရ၏။

စတီဗင်ဆင်လေ့လာသော သီဟိုဠ်ကျွန်းမှ အမှုတွင် လူဝင်စားသော မိန်းကလေးသည် အတိတ်ဘဝက ယောကျ်ားကလေးဖြစ်၍ သူ၏မိသားစုတွင်



သူခင်မင်ရင်းနှီးသော ယောကျ်ားအဖော်မရှိချေ။ သူခင်မင်သောအစ်ကိုနှင့် သူ့အဖေမှာ အိမ်၌မရှိဘဲ အခြားအရပ်သို့ သွားနေကြသည်က များ၏။ အခြားအစ်ကိုတစ်ယောက်ရှိသော်လည်း ထိုအစ်ကိုမှာ သူနှင့်မသင့်မြတ်ချေ။ သူသည် ကလေးအရွယ်တွင် ကုလားထိုင်ပေါ်မှလိမ့်ကျ၍ ဆေးရုံတွင်သေဆုံး၏။ သူသည် မသေမီက မိန်းကလေးများနှင့်သာ အတူသွားလာနေထိုင်၍ မိန်းကလေးကဲ့သို့ ပြုမူလုပ်ကိုင်နေလေ့ရှိ၏။

သူသေပြီးနောက် သုံးလေးနှစ်ခန့်ကြာသောအခါ အခြားတစ်နေရာမှ လူဝင်စားမိန်းကလေးတစ်ဦးသည် သူ၏အတိတ်ဘဝအကြောင်းကို ပြောပြရာ ထိုအတိတ်ဘဝမှာ အထက်ပါယောကျ်ားကလေး၏ ဘဝပင်ဖြစ်နေတော့၏။ သူသည် အခြားလူဝင်စားများကဲ့သို့ပင် လွန်ခဲ့သောဘဝ ယောကျ်ားကလေးဖြစ်စဉ်က အဖြစ်အပျက်များကို မှန်ကန်စွာပြောပြနိုင်၍ ဘဝဟောင်းကလူများကို ကောင်းစွာခွဲခြား၍ မှတ်မိ၏။ ထူးခြားချက်မှာ သူသည် ငယ်စဉ်ကပင် ယောကျ်ားကလေး၏အမူအရာလက္ခဏာများကို ပြ၏။ အခြားရွယ်တူ မိန်းကလေးများကဲ့သို့ ကြောက်ရွံ့သောစိတ်မရှိဘဲ သတ္တိကောင်း၏။ အခြားမိန်းကလေးများထက် စိတ်ဓာတ်ရင့်ကျက်၍ စကားပြောသောအခါ စကားကြီး စကားကျယ်များကို သုံးစွဲလေ့ရှိ၏။ သူပြောသော အချို့ဝေါဟာရစကားများမှာ သူ့မိဘဆွေမျိုးသားချင်းများပင် ပြောဆိုလေ့မရှိချေ။ သူသည် ငယ်စဉ်ကပင် ဆရာဝန်နှင့် ဆေးရုံများကို ကြောက်၏။ မြင့်သောအရာဝတ္ထုများပေါ်သို့လည်း မတက်လိုချေ။

ဤနေရာ၌ သူငယ်မမှာ ယောကျ်ားကလေးဖြစ်စဉ် အတိတ်ဘဝက ကုလားထိုင်ပေါ်မှလိမ့်ကျ၍ ဆေးရုံတွင် သေဆုံးရခြင်းကို ကျွန်ုပ်တို့ သတိပြုရပေမည်။ စတီဗင်ဆင်လေ့လာသောအမှုများ၏ စိတ်ဝင်စားဖွယ်ကောင်းသော အချက်တစ်ရပ်မှာ လူဝင်စား၏ စိတ်ဓာတ်စရိုက် ဝါသနာ အမူအကျင့်များနှင့် အတိတ်ဘဝ ဆက်စပ်နေသည်ကို တွေ့ရှိရခြင်းဖြစ်၏။ ဤသည်မှာ လူသတ္တဝါတို့၏ အမျိုးမျိုးထွေပြားသော စိတ်နေစရိုက်များကို လေ့လာရာ၌ အထူးစဉ်းစားသင့်သောအချက်ဖြစ်၏။

အတိတ်ဘဝကို လက်မခံဘဲ ပယ်ထားပါက လူသတ္တဝါတစ်ဦး၏ စိတ်စရိုက်အားလုံးကို ရှင်းပြရန် မဖြစ်နိုင်ချေ။ သိပ္ပံပညာရှင်တို့သည် ဗီဇနှင့် ပတ်ဝန်းကျင်ကို မူလအကြောင်းတရားနှစ်ပါးအနေဖြင့် လက်ခံယုံကြည်ကြ၏။ ဗီဇမှာ မိဘနှစ်ပါးထံမှ သတ္တဝါတစ်ဦး ဆက်ခံရရှိသော မျိုးစေ့ ခရိုမိုဆုန်းများ ဖြစ်၍ ပတ်ဝန်းကျင်မှာ မျိုးစေ့ဗီဇမှတစ်ပါး သတ္တဝါကို ပြုပြင်စီရင်သော

www.burmeseclassic.com

www.burmeseclassic.com



အခြားအကြောင်းတရား အားလုံးဖြစ်၏။ ဗီဇနှင့် ပတ်ဝန်းကျင် အကြောင်းအရာကို *(ဗီဇနှင့်ပတ်ဝန်းကျင်)* အမည်ဖြင့် စာအုပ်တစ်အုပ် ရေးသားပြီးဖြစ်၍ ဤနေရာ၌ အကျယ်ထပ်မံ ရေးသားရန်မလိုချေ။

ဗီဇနှင့်ပတ်ဝန်းကျင်သည် လူသတ္တဝါတစ်ဦး၏ စရိုက်ဝါသနာ စိတ်နေသဘောထားစွမ်းရည်သတ္တိ စသည်တို့အတွက် အရေးပါသောပဓာန အကြောင်းတရားများဖြစ်သည်ကား မှန်၏။ သို့ရာတွင် ယင်းတို့၏အကျိုးပြုမှုမှာ ယေဘုယျသဘောဖြစ်၍ လူသတ္တဝါတစ်ဦး၏ ဝိသေသ လက္ခဏာခြင်းရာများအတွက် ယင်းတို့ကို အကြောင်းတရားအနေဖြင့် ပြရန်မလွယ်ကူချေ။ ဤအချက်မှာ တစ်မိတည်းပေါက် ညီအစ်ကိုမောင်နှမ သားချင်းများ၌ ထင်ရှား၏။ ၎င်းတို့သည် ဉာဏ်ထက်မြက်ခြင်း၊ ဉာဏ်နုံ့နှေးခြင်း၊ အကျင့်စာရိတ္တကောင်းခြင်း၊ မကောင်းခြင်းစသော သာမညစရိုက်လက္ခဏာများတွင် အများအားဖြင့် တူညီကြ၍ ဝိသေသလက္ခဏာများတွင် မတူညီကြချေ။ သတ္တဝါတစ်ဦးသည် မိဘများ၏ ဗီဇမျိုးစေ့အားလုံးကို ဆက်ခံရရှိသည်မဟုတ်၊ အမိ၏ မျိုးစေ့တစ်ဝက်၊ အဖ၏ မျိုးစေ့တစ်ဝက်ကိုသာရရှိခြင်းဖြစ်၍ ဗီဇဆက်ခံရရှိပုံချင်း မတူသောကြောင့် တစ်အူတုံဆင်းညီအစ်ကိုရင်းများပင် တစ်ဦးနှင့်တစ်ဦး စရိုက်လက္ခဏာ မတူညီခြင်း ဖြစ်ပါသည်ဟု အချို့က ဆိုကြပေမည်။ သို့ရာတွင် ဤအဆိုမှာ ညီအစ်ကိုနှစ်ယောက်တွင် တစ်ဦးက ရေကိုအလွန်ကြောက်၍ တစ်ဦးက ရေကူးကျင်လည်နေခြင်း၊ မွေးချင်းခြောက်ယောက်တွင် ငါးယောက်က ပန်းချီပညာကို လုံးဝဝါသနာမပါဘဲ ကျန်တစ်ယောက်က ငယ်ရွယ်စဉ်ကပင် ပန်းချီဝါသနာကြီးနေခြင်း စသော ထူးခြားသည့် အသေးစိတ် ကွဲပြားခြားနားမှုများကို ရှင်းပြရန်အတွက် မခိုင်လုံချေ။

အချို့ဆရာတို့ကမူ ပတ်ဝန်းကျင်ကို အကြောင်းပြကြ၏။ အချို့လူတို့သည် အကြောင်းရှာ၍မရဘဲ တစ်စုံတစ်ခုသောအရာ သို့မဟုတ် တစ်စုံတစ်ဦးသော ပုဂ္ဂိုလ်ကို ချစ်ခြင်း၊ မုန်းခြင်း၊ နှစ်သက်ခြင်း၊ ရွံရှာခြင်း၊ ကြောက်ခြင်း၊ တပ်မက်ခြင်း စသည်များ ဖြစ်တတ်ပေရာ ဤသို့ဖြစ်ခြင်းမှာ ကလေးဘဝက အတွေ့အကြုံတစ်ခုခုကြောင့် ဖြစ်သည်ဆို၏။ ကျွန်ုပ်တို့ အကြောင်းရှာ၍ မရသော စိတ်ဓာတ်စရိုက်နှင့် အပြုအမူများသည် ယခု လုံးဝမေ့ပျောက်နေပြီဖြစ်သော ငယ်စဉ်က ကိုယ်တွေ့ဖြစ်ရပ်များနှင့် ဆက်စပ်နေသည်ဆိုခြင်းမှာ မှန်ပေလိမ့်မည်။ သို့ရာတွင် ကလေးဘဝ အတွေ့အကြုံများ၏ အကျိုးပြုမှုအတိုင်းအတာကို ကျွန်ုပ်တို့ ဂဃနဏ မသိရသေးချေ။ ကလေးနှစ်ယောက်သည် အတွေ့အကြုံ



တူညီစေကာမူ တုံ့ပြန်ပုံ မတူခြင်းမှာကား မျက်မြင်အထင်အရှားဖြစ်၏။ မိဘများ၏ ဖိနှိပ်ချုပ်ချယ်မှုကို အမြဲခံနေရသော ညီအစ်ကိုနှစ်ဦးသည် ကြီးပြင်းလာသောအခါ တစ်ဦးက မိမိထင်ရာ ဇွတ်တရွတ်လုပ်တတ်သောသူဖြစ်၍ အခြားတစ်ဦးမှာမူ ဘာကိုမျှ မိမိဘာသာ မဆုံးဖြတ်ရဲဘဲ သူတစ်ပါးကို တိုင်ပင်ပြီးမှ လုပ်ကိုင်တတ်သောသူ ဖြစ်လာပေလိမ့်မည်။

ဤသို့ ပတ်ဝန်းကျင်အကြောင်းတရား တူညီပါလျက် စိတ်ဓာတ်စရိုက် မတူညီခြင်းမှာ ဗီဇကြောင့်ဖြစ်သည်ဟု ပညာရှင်များက ဆိုကြပေမည်။ အတိတ်ဘဝကပင် ဝသီစရိုက်တစ်မျိုးစီ ဖြစ်ခဲ့သောကြောင့် ယခုဘဝ၌ စရိုက်မတူခြင်းဖြစ်သည်ဟု ယူဆကြပေမည်။ ဤတွင် ပထမအဆိုသည်သာ သိပ္ပံနည်းကျ၍ မှန်ကန်သည်၊ ဒုတိယအဆိုမှာ အတွေးအခေါ်မျှသာဖြစ်၍ လုံးဝလွဲမှားသည်ဟု တစ်ထစ်ချဖွဲ့မှတ်မထားသင့်ပေ။ စိတ်ဓာတ်စရိုက်ကို သားသမီးက မိဘ၏ဗီဇအနေဖြင့် တစ်စိတ်တစ်ဒေသ ဆက်ခံရရှိသည်ဟု ယူဆရန်အကြောင်း ရှိသော်လည်း သိပ္ပံနည်းကျ အခိုင်အမာပြသရန် မဖြစ်နိုင်ချေ။ လူသတ္တဝါတစ်ဦး၏ စိတ်ဓာတ်စရိုက်နှင့် အတိတ်ဘဝ၌ ဆက်စပ်နေသည်ဆိုခြင်းမှာ ရှေးအခါက အတိတ်ဘဝကို လက်ခံသူများ၏ ထင်မြင်ချက်မျှသာ ဖြစ်သော်လည်း စတီဗင်ဆင်၏ လူဝင်စားမှုများမှာ ခိုင်မာသော အထောက်အထားများ ရရှိနေပေပြီ။

လူဝင်စားများကို သိပ္ပံနည်းကျရှုစမ်းလေ့လာမှုမှာ စတီဗင်ဆင်၏ လေ့လာမှုဖြင့် ပြီးဆုံးပြီဟု မဆိုနိုင်ချေ။ လေ့လာရန်အချက်များ ကျန်ရှိသေး၍ စတီဗင်ဆင်နှင့် အခြားစိတ်ဝိညာဉ်သုတေသီတို့သည် ဆက်လက်၍ ကျယ်ကျယ်ပြန့်ပြန့် နိုက်နိုက်ချွတ်ချွတ် လေ့လာကြရပေလိမ့်မည်။ လူဝင်စားများသည် အသက် ၁၅-နှစ် ၁၆-နှစ်အရွယ်လောက်၌ ဘဝဟောင်းကို သတိမရတော့ဘဲ ဆိုင်ရာအမှတ်သညာနှင့် အမူအရာလက္ခဏာများ ပျောက်ကွယ်သွားသည်ဆိုရာ ထိုမှနောက်ကာလ၌ မည်သည့်ထူးခြားမှု ရှိပါသနည်း။ အတိတ်ဘဝနှင့် ဆက်စပ်နေသော စရိုက်ဝါသနာများသည် မည်မျှကြာအောင် တည်မြဲနေပါမည်နည်း။ ဥရောပ အမေရိကန်နိုင်ငံများမှ လူဝင်စားမှုများမှာ အာရှလူဝင်စားမှုများနှင့် မည်မျှတူညီပါသနည်း။ လူဝင်စားများကို အိပ်မွေ့ချ၍ အတိတ်ဘဝကို ဖော်ကြည့်ပါက မည်သို့တွေ့ရှိပါမည်နည်း။

ဤမေးခွန်းနှင့် အခြားမေးခွန်းများကို ဖြေဆိုနိုင်ရန်အတွက် စိတ်ဝိညာဉ်သုတေသီတို့သည် လူဝင်စားများကို ဆက်လက်၍ ရှုစမ်းလေ့လာကြရမည်ဟု မျှော်လင့်ရ၏။ ယိုးဒယား၊ အိန္ဒိယစသော အချို့အရှေ့နိုင်ငံများ၌ လူဝင်စားမှု

www.burmeseclassic.com

www.burmeseclassic.com



နှင့် အခြားစိတ်ဝိညာဉ်အခြင်းအရာများကို လေ့လာသော သုတေသနအသင်းများ ရှိ၏။ မြန်မာနိုင်ငံ၌လည်း အလားတူ သုတေသနအသင်းများဖွဲ့၍ လူဝင်စားမှု များကို သိပ္ပံနည်းကျစူးစမ်းလေ့လာသင့်ပေပြီ။

အခန်း ၊ [ ၁၇ ]

## အခြားစဉ်းစားဖွယ်ရာများ

တမလွန်ဘဝပြဿနာမှာ စိတ်ဝိညာဉ်သုတေသီဆရာတို့ သဘောအယူ ကွဲလွဲနေသော ပြဿနာဖြစ်၏။ အချို့ဆရာတို့က စူးစမ်းလေ့လာတွေ့ရှိရချက် များကို အခြေပြု၍ တမလွန်ဘဝကို လက်ခံကြ၏။ အချို့ကမူ လက်မခံကြချေ။ မည်သို့ဖြစ်စေ များစွာသော လူတို့သည် ပုဂ္ဂိုလ်သတ္တဝါတစ်ဦး သေသည်၏ အခြားမဲ့၌ မည်သို့ ဖြစ်သွားသည်ကို တွေးခေါ်ကြဆ၍ အမျိုးမျိုး ထင်မြင် ယူဆကြ၏။ သို့ဖြစ်၍ လူအများစိတ်ဝင်စားသော စိတ်ဝိညာဉ်ပြဿနာနှင့် ပတ်သက်၍ သုတေသနပြုမှုမပါဘဲ အတွေးအခေါ် သက်သက်ပေါ်၌ အခြေပြု သော ထင်မြင်ယူဆချက်များကို လေ့လာဆန်းစစ်ဖို့ လိုပေသည်။

ကမ္ဘာပေါ်၌ လူသေလျှင် အချည်းနှီးမဖြစ်ဘဲ ဘဝသစ်တစ်ဖန် ဖြစ် သည်ဟု ယုံကြည်သော အသိပညာရှင် အတော်များများရှိ၏။ အချို့မှာ နာမည် ကျော် ဒဿနဆရာ၊ သိပ္ပံဆရာ၊ စာရေးဆရာ *(e.g Plato, Pythagoras Victor Hugo, Geothe, Benjamin Franklin, etc.)* များဖြစ်သောကြောင့် သူတို့၏အယူ မုချမှန်ရမည်ဟု မဆိုသာချေ။ ကမ္ဘာကျော်ပညာရှင်တို့သည် တစ်ခါတစ်ရံ အတွေးအခေါ်လွဲမှားတတ်ကြောင်း သိပ္ပံပညာသမိုင်းက သက်သေ ခံလျက်ရှိ၏။ တမလွန်ဘဝကို လက်မခံဘဲ လူသေလျှင် ဘဝပြတ်သည်ဟု ယုံကြည်သော နာမည်ကျော်သိပ္ပံပညာရှင်များ *(e.g Einstein, Sigmund Freud, Samerset Maugham, Bernard Shaw.)* ရှိခြင်းကိုလည်း ကျွန်ုပ် တို့ သတိပြုရပေမည်။ မည်သို့ဖြစ်စေ တမလွန်ဘဝပြဿနာမှာ ပညာရှင်တို့၏ အဆိုအမိန့်များဖြင့် ဆုံးဖြတ်၍ မရအပ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



လူသတ္တဝါတို့သည် အများအားဖြင့် တမလွန်ဘဝကိုလက်ခံ၍ သေပြီးသည့်နောက် ဘဝပြတ်မသွားဘဲ ဘဝသစ်တစ်ဖန်ဖြစ်ခြင်းကို လိုလားတောင့်တကြပေရာ ဤအချက်သည်ပင် တမလွန်ဘဝ မုချရှိသည်ဟု ကျွန်ုပ်တို့ ယူဆရန် ခိုင်မာသောအထောက်အထားဖြစ်သည်ဟု အချို့ဆရာတို့က ဆိုကြ၏။ သူတို့၏ အလိုအားဖြင့် သေပြီးနောက်ဘဝသစ်တစ်ဖန်ဖြစ်လိုမှုသည် လူသတ္တဝါ၌ ပင်ကိုသန္ဓေကပါလာသော စိတ်ဆန္ဒဖြစ်ပေရာ ယင်းသည် သဘာဝဓမ္မက ဖန်တီးထားသော စိတ်ဆန္ဒဖြစ်ရပေမည်။ သို့ဖြစ်၍ ယင်းမှာ အကြောင်းမဲ့ အဓိပ္ပာယ်မရှိဘဲ လူ၏စိတ်သန္တာန်၌ ရှိနေသောအလိုဆန္ဒမဟုတ်။ တစ်နည်းဆိုသော် တမလွန်ဘဝကို အလိုရှိခြင်းသည် ကြောက်ခြင်း၊ အစာစားလိုခြင်း၊ မေထုန်မှီဝဲလိုခြင်း စသော စိတ်များကဲ့သို့ အဓိပ္ပာယ်ရှိသော လူ့ဇာတိစိတ်တစ်မျိုးဖြစ်သည်။ ဇာတိစိတ်ဟူသည် ဆိုင်ရာဝတ္ထုအာရုံ အထင်အရှားရှိ၍ စိတ်အလိုပြည့်မှုသည်လည်း ရှိသည်။ ပုံစံအားဖြင့် ကြောက်စရာရန်သူ အထင်အရှားရှိ၍ ကြောက်သည်။ ထွက်ပြေးခြင်း ခုခံကာကွယ်ခြင်းဖြင့် မိမိကိုယ်လုံခြုံမှုအတွက် အလိုဆန္ဒပြည့်သည်။ ဆာမွတ်သောအခါ စားရန်အစာရှိ၍ စားသောက်မှုဖြင့် အလိုပြည့်သည်။ ကာမရာဂစိတ်မှာလည်း ထို့အတူပင် ဖြစ်သည်။ ထို့ကြောင့်ဘဝသစ်တစ်ဖန် ဖြစ်လိုမှု၌ အခြား လူ့ဇာတိစိတ်များမှာကဲ့သို့ပင် ဦးတည်ရာ တမလွန်ဘဝသည် မုချရှိ၍ ထိုအလိုပြည့်ရန် ဘဝကူးပြောင်းမှုသည်လည်း ဧကန်ရှိရမည်ဟု ယူဆကြ၏။

ဤယူဆချက်မှာ လူသတ္တဝါတို့ ပြင်းပြစွာ လိုလားတောင့်တသော အရာသည် ဧကန်ရှိရမည် (ဝါ) လိုလားတောင့်တသည့်အတိုင်း မုချဖြစ်ရမည်ဟူသော သဘောသက်ရောက်နေ၍ အချို့အသိပညာရှင်များက လက်ခံလိုမည် မဟုတ်ချေ။ မျက်မြင်အားဖြင့်ကား လူသားတို့၏ အလိုဆန္ဒနှင့် အရှိတရား (ဝါ) ဒိဋ္ဌဓမ္မသည် အများအားဖြင့် တခြားစီဖြစ်၏။ လူသတ္တဝါအားလုံး၏ မျှော်လင့်တောင့်တမှုသည် ရုပ်လုံးပေါ်ရမည် အမှန်ဖြစ်ပါက ဤကမ္ဘာကြီးသည် သာယာဝပြောသော ကမ္ဘာကြီးဖြစ်နေရပေမည်။ အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာကြွယ်ဝခြင်းကို လူတိုင်းအလိုရှိကြသော်လည်း ထိုအလိုဆန္ဒပြည့်ဝသောသူများ မည်မျှရှိပါသနည်း။

သို့ရာတွင် ဘဝသစ်တစ်ဖန် ဖြစ်လိုမှုသည် အခြားလူ့အလိုဆန္ဒများထက် များစွာ ပိုမိုအားကြီး၍ အသက်ဇီဝိန်ချုပ်သည်နှင့် တစ်ပြိုင်နက် ဘဝပြတ်မသွားစေရန် တစ်နည်းနည်းဖြင့် ထောက်ကူသော အကြောင်းတရား ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ပလေတို စသော ရှေးပညာရှိများက ဘဝသစ်တစ်ဖန့် ဖြစ်ခြင်း



သည် တဏှာအားကောင်းနေစဉ် ရုတ်တရက် သေဆုံး၍ အချို့မှာ သေခါနီးတွင် ဘဝသစ်တစ်ဖန်ဖြစ်ရန် ဆန္ဒပြုခဲ့ကြသူများ ဖြစ်ကြောင်း လွန်ခဲ့သောအခန်း၌ ပြဆိုခဲ့ပေပြီ။

တမလွန်ဘဝကို အလိုရှိခြင်းသည် သဘာဝဓမ္မက ဖန်တီးထားချက်ဖြစ်သည်ဟု အခိုင်အမာ မဆိုနိုင်သော်လည်း မျက်မှောက်ဘဝကို တွယ်တာသော လူ့သဘာဝစိတ်နှင့် ဆက်စပ်နေခြင်းမှာ ယုံမှားစရာမရှိချေ။ မိမိဘဝကို တပ်မက်မှုသည် သဘာဝဓမ္မ၏ ဖန်တီးချက်ဖြစ်၍ ထိုစိတ်မရှိပါက လူသတ္တဝါမျိုးစုသည် တည်မြဲမည်မဟုတ်ချေ။ ထိုဘဝတဏှာသည် အတ္တမာနနှင့် ယှဉ်တွဲနေ၍ လူသည် သေမင်းကို ရင်ဆိုင်ရသောအခါ အရှုံးမပေးလိုသောကြောင့် ဘဝသစ်တစ်ဖန် ဖြစ်ခြင်းကို လိုလားတောင့်တ၏။ ဤသည်မှာ တမလွန်ဘဝကို လူတို့ယုံကြည်ခြင်း၏ မူလအစဖြစ်၏။ သို့ရာတွင် ကျွန်ုပ်တို့သည် လူတို့ယုံကြည်ချက်တစ်ခု၏ မူလအစကို ထောက်ပြနိုင်ကာမျှဖြင့် ထိုယုံကြည်ချက်ကို မှားသည်ဟုမဆိုသာချေ။ ပုဂ္ဂိုလ်တစ်ဦး၏ မူလအစကိုကြည့်၍ သူ၏အကောင်းအဆိုးကို အကဲဖြတ်ရန် မဖြစ်နိုင်သကဲ့သို့ လူတို့ခံယူချက်တစ်ခု၏ ဖြစ်ပေါ်လာပုံကိုကြည့်၍ အမှားအမှန် ဆုံးဖြတ်ရန်မဖြစ်နိုင်ချေ။

အချို့ဆရာတို့က လူ့ဘဝ၏ မွန်မြတ်မှုကို အကြောင်းပြု၍ တမလွန်ဘဝကို လက်ခံယုံကြည်ကြ၏။ လူသတ္တဝါမျိုးစုသည် ဤကမ္ဘာပေါ်၌ သက်ရှိများ စတင်ဖြစ်ထွန်းပြီးနောက် အဆင့်အတန်းအလွန်နိမ့်ကျ၍ ဘာမျှမထင်ရှားသော သက်ရှိဖြစ်၍ နှစ်ပေါင်းကုဋေကုဋာကြာအောင် အဆင့်ဆင့်တရွေ့ရွေ့ ပြောင်းလဲတိုးတက်၍ ယခုအခါ သတ္တလောကတွင် အထွတ်အထိပ်သို့ ရောက်ရှိနေခြင်း ဖြစ်သည်။ ထိုအဆင့်အတန်းအမြင့်ဆုံးသတ္တဝါသည် နှစ်ပေါင်း ၈၀ မျှသာ သက်တမ်းရှိပေရာ တိုတောင်းလှသောဘဝခရီး၌ အချည်းအနှီးဖြစ်ရမည်ဆိုခြင်းမှာ သဘာဝယုတ္တိကင်းမဲ့၍ တမလွန်ဘဝ မုချရှိရမည်ဟု ဆိုကြ၏။

ဤသည်မှာ ဇာတိမာနလွန်ကဲ၍ လူသတ္တဝါကို အကြောင်းမတန် ချီးပင့်ထားသော အဆိုဖြစ်၏။ ဤစကြဝဠာထဲရှိ အခြားဂြိုလ်များမှ သတ္တဝါတို့သည် လောဘဒေါသထူပြော၍ ဇာတ်တူသားချင်း အနိုင်ကျင့်မှု မတရားမှုပေါများသော ကျွန်ုပ်တို့လူ့ပြည်ကို အထင်ကြီးမည် မဟုတ်ချေ။ လူသားသည် အကယ်ပင် မြင့်မြတ်သောသတ္တဝါဖြစ်သည်မှန်စေဦး၊ မြင့်မြတ်သော ကြောင့် သေသောအခါ ဘဝသစ်ဖြစ်ရမည်ဟု အဘယ်ကြောင့်ဆိုနိုင်ပါမည်နည်း။ ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မီးလောင်ခြင်း စသော သဘာဝဓမ္မက ဖန်တီးသည့် ကြမ္မာဆိုးများ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လူများသေကြေပျက်စီးမှုများ၌ သဘာဝမေ့သည် လူဆိုးလူကောင်း မခွဲခြားတတ်ကြောင်း ထင်ရှား၏။

အချို့ကမူ လူသတ္တဝါတိုင်းသည် လူတော်လူကောင်း မဟုတ်သော်လည်း လူတော်လူကောင်းဖြစ်ရန် အလားအလာရှိသည်ဟု ယုံကြည်၍ ထိုအလားအလာကို သေမင်းက အကြွင်းမဲ့ ဖျက်ဆီးပစ်နိုင်သည်ဆိုခြင်းကို လက်မခံလိုကြချေ။ လူမှန်းသူမှန်းမသိတတ်သေးမီ ဖျားနာ၍ သေဆုံးကြသော ကလေးငယ်များ၊ ပညာသင်ကြားနေစဉ် သေမင်း၏ ခေါ်ငင်ခြင်းခံကြရသော လူငယ်လူရွယ်များ၊ တိုင်းပြည်တာဝန်ကို ထမ်းဆောင်နေစဉ် မကျန်းမာ၍ ဖြစ်စေ၊ ဥပဒ္ဒဝေက ကံကြောင့်ဖြစ်စေ အသက်စွန့်လွှတ်ကြရသော ပုဂ္ဂိုလ်များ ဤသို့ဖြင့် ဗီဇသတ္တိများ အကျိုးပေးခွင့်မရဘဲ လုပ်ငန်းကိစ္စတန်းလန်းနှင့် သေဆုံးကြရသော သူတို့၏ဘဝသည် အသက်ဇီဝိန်ချုပ်သည်နှင့် အချည်းနှီးဖြစ်မည် ဆိုပါက အဘယ်မှာ အဓိပ္ပာယ်အနှစ်သာရ ရှိပါမည်နည်း။ ဗီဇသတ္တိများ ပြီးမြောက်မှုအတွက် တမလွန်ဘဝသည် ကေန်ရှိရမည်ဖြစ်သည်ဆို၏။ ဤသည်မှာ ကျွန်ုပ်တို့ မျှော်လင့်ချက်မျှသာဖြစ်၍ မျက်မြင်အားဖြင့်ကား ယူဆရန် ခိုင်မာသောအထောက်အထားမရှိချေ။

အချို့က လူသည် သဘာဝအားဖြင့် တိုးတက်သောသတ္တဝါဖြစ်၍ တိုတောင်းသော မျက်မှောက်ဘဝတစ်ခုတည်းဖြင့် မည်သူမျှ အစွမ်းကုန်တိုးတက်နိုင်မည် မဟုတ်။ သို့ဖြစ်၍ ဘဝအသိဉာဏ်ရင့်ကျက်ပြီး တိုးတက်မှု ပြီးပြည့်စုံရန်အတွက် ဘဝပေါင်းများစွာ ကျင်လည်ရသည်ဆို၏။ လူသည် သဘာဝအားဖြင့် တိုးတက်နေသော သတ္တဝါဖြစ်သည်ဆိုခြင်းကို ယခုကာလ အသိပညာရှင်များက လက်ခံလိုမည်မဟုတ်ချေ။ ယင်းအဆိုမှန်သည်ထားဦး။ လူသေလူပြန်ဖြစ်သည်ဆိုသော အယူနှင့် တခြားစီဖြစ်၏။ အကြောင်းမူ လူ့ဘဝ၏ တိုးတက်မှုသည် အတိတ်ကာလအတွေ့အကြုံများကို မှတ်မိမှုနှင့် ဆက်စပ်လျက်ရှိပေရာ အတိတ်ဘဝနှင့်ပတ်သက်၍ အမှတ်သညာ လုံးဝမရှိသော ပုဂ္ဂိုလ်သတ္တဝါသည် အဘယ်မှာ ဘဝသစ်တစ်ဖန် ဖြစ်ခြင်းဖြင့် ဆက်လက်တိုးတက်နိုင်ပါမည်နည်း။

လောက၌ မှန်မြတ်သော တရားသည် ကေန်ထင်ရှားရှိ၍ တမလွန်ဘဝသည်လည်း မုချရှိရမည်ဆိုသော သူတို့၏ ခံယူချက်ကို ယခု စဉ်းစားရန်ရှိ၏။ ထိုသူတို့အလိုအားဖြင့် သတ္တဝါအပေါင်းကို ချစ်ခင်ကြင်နာခြင်း၊ သူတစ်ပါးကို ကူညီစောင့်ရှောက်ခြင်း၊ ကတိသစ္စာရှိခြင်း၊ အမှန်တရားကို မြတ်နိုးခြင်းစသော အမြတ်တရားကို ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်သတ္တဝါနှင့် ခွဲခြား၍မရအပ်။ ယင်းတို့



သည် လူသားများကို အမှီပြု၍ ထင်ရှားရှိရကား လူသတ္တဝါသည် သေသည်နှင့် အချည်းနှီး ဖြစ်သည်ဆိုပါက ထိုသတ္တဝါ၏ အမြတ်တရားများသည်လည်း အချည်းနှီးဖြစ်ရပေတော့မည်။ စင်စစ် အမြတ်တရားမည်သည် ထာဝရတည်မြဲသောတရားဖြစ်၍ အချည်းနှီးဖြစ်ခြင်းမရှိ။ ထို့အတူ အမြတ်တရား ကိန်းအောင်းရာ လူသား၏ ဝိညာဉ်သည်လည်း ပြတ်တောက်မသွားဘဲ ဘဝသစ်တစ်ဖန်ဖြစ်ရမည်အမှန်ဖြစ်၏။

ဤအဆိုမှာ သဘာဝယုတ္တိမရှိချေ။ ပုဂ္ဂိုလ်တစ်ဦး ကွယ်လွန်သောအခါ တမလွန်ဘဝ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိုသူ အမြတ်တနိုးတန်ဖိုးထားသော တရားများသည် ဆက်လက်တည်ရှိနေမည်သာ ဖြစ်၏။ တစ်နည်းဆိုသော် အမြတ်တရားများသည် ကမ္ဘာပေါ်၌ လူသတ္တဝါများရှိနေသမျှ ကာလပတ်လုံး လုံးဝပျောက်ကွယ်သွားရန် အကြောင်းမရှိ။ လူသတ္တဝါမျိုးစုသည် အနိစ္စတရားကို မလွန်ဆန်နိုင်ဘဲ နောက်ဆုံးတစ်နေ့တွင် ပျောက်ကွယ်သွားရန် ကိန်းရှိသည်မှန်၏။ တစ်နေ့သောအခါ၌ ဤကမ္ဘာပေါ်ရှိ သတ္တဝါအားလုံးသည် အသက်ရှင်နေရန်အတွက် အပူဓာတ်ကို နေထံမှ လုံလုံလောက်လောက် မရရှိသဖြင့် ဆိတ်သုဉ်းသွားကြလိမ့်မည်ဟု သိပ္ပံပညာရှင်တို့ယူဆကြ၏။ သို့ရာတွင် ထိုနေ့သို့ ရောက်ရှိရန် နှစ်ပေါင်း ကုဋေကုဋာလိုပေသေး၏။

သို့ဖြစ်၍ လူတို့နှင့်အတူ ပေါ်ထွန်းလာသော အမြတ်တရားများသည် နှစ်ပေါင်း ကုဋေကုဋာကာလတာမျှ ဆက်လက်တည်ရှိနေမည်ဖြစ်၏။ အနောက်နိုင်ငံမှ အချို့သော တမလွန်ဘဝသမားများသည်ကား ဤမျှနှင့် မကျေနပ်ဘဲ အမြတ်တရားများ၏ ထာဝရတည်မြဲမှုကို တောင်းဆိုကြ၏။ တမလွန်ဘဝမရှိဘဲ လူသတ္တဝါမျိုးစုသည် နောက်ဆုံးတစ်နေ့၌ ဆိတ်သုဉ်းရမည်ဖြစ်ပါက ထိုအခါ၌ အမြတ်တရားများသည် အချည်းနှီးဖြစ်ရပေမည်။ သို့ရာတွင် အမြတ်တရားမည်သည် ဘယ်အခါမျှ အချည်းနှီးဖြစ်ခြင်းမရှိ။ ယင်းသည် ထာဝရတည်မြဲ၍ လူသတ္တဝါသည်လည်း ဘဝပြတ်ခြင်းမရှိ။ ဘဝသစ်တစ်ဖန်ဖြစ်ခြင်း မုချရှိရမည်ဟု ဆိုကြ၏။

ဤအဆိုမှာ လောက၌ ထာဝရတည်မြဲသော တရားမှသာလျှင် ကောင်းသည်၊ မြတ်သည်ဟူသောခံယူချက်ဖြစ်၍ ကျွန်ုပ်တို့ ဝေဖန်ဆန်းစစ်ဖို့လို၏။ လူ့ဘဝသည် တမလွန်ဘဝမရှိပါက မှန်မြတ်သည်ဟု ဆိုနိုင်ပါမည်လောဟု အချို့က ယုံမှားသံသယရှိကြ၏။ ဤသို့အမြတ်တရားသည် ထာဝရမြဲရမည် ဆိုခြင်းမှာ ဝတ္ထုပစ္စည်းတစ်ခုကို အရည်အသွေးမကြည့်ဘဲ အထည်ပမာဏ

www.burmeseclassic.com



ကိုသာကြည့်၍ တန်ဖိုးဖြတ်သည်နှင့် တူလှချေသည်။ စင်စစ် အရာဝတ္ထုတစ်ခု သို့မဟုတ် ဂုဏ်ဒြပ်သတ္တိတစ်ခု သို့မဟုတ် ပုဂ္ဂိုလ်သတ္တဝါတစ်ဦး၏ အနှစ်သာရသည် တည်မြဲမှုအချိန်ကာလ အတိုင်းအတာနှင့် မသက်ဆိုင်ချေ။

"ကောင်းသောအရာသည် ထာဝရတည်မြဲနေခြင်းဖြင့် ပို၍ကောင်းလာမည်မဟုတ်၊ ကာလတာရှည်ခံသော ဝတ္ထုအဖြူတစ်ခုသည် တစ်ရက်မျှသာခံသော အခြားဝတ္ထုတစ်ခု အဖြူတစ်ခုထက် ပိုပြီး ဖြူသည်ဟု မဆိုနိုင်ချေ"ဟု ရှေးဂရိပညာရှင်ကြီး အာရစ္စတိုတယ်က မိန့်ဆိုခဲ့၏။ ရှေးဂရိနိုင်ငံသည် ကြာရှည်မတည်မြဲသော်လည်း ထိုမတည်မြဲမှုကြောင့် ယင်း၏ဂုဏ်ကျက်သရေ ယုတ်လျော့မသွားချေ။ အလောင်းဘုရား၊ ဗိုလ်ချုပ်အောင်ဆန်း၊ သမ္မတကနေဒီ စသော ပုဂ္ဂိုလ်တို့သည် သက်ဆိုးမရှည်သော်လည်း သူတို့၏ထူးချွန်မှုကို အသိအမှတ်ပြုရမည်သာ ဖြစ်၏။ မိမိနိုင်ငံနှင့်လူမျိုးအတွက် သို့မဟုတ် အမှန်တရားအတွက် ပုဂ္ဂိုလ်တစ်ဦး၏စွန့်စားမှုသည် အချိန်ကာလအားဖြင့် တဒင်္ဂမျှသာဖြစ်၍ အသက်ဆုံးရှုံးမှုဖြင့် နိဂုံးချုပ်ရသော်လည်း မွန်မြတ်သောဘဝအနေဖြင့် ကျွန်ုပ်တို့ ဂုဏ်ပြုကြရမည်ဖြစ်၏။

စင်စစ် လူသတ္တဝါသည် မျက်မှောက်ဘဝတွင် ဗီဇစွမ်းအင်ရှိသလောက် တိုးတက်ကြီးပွားရန် မဖြစ်နိုင်သောကြောင့် သို့တည်းမဟုတ် လူတို့ဦးထိပ်ထားသော အမြတ်တရားများ ထာဝရတည်မြဲရန် လိုအပ်သောကြောင့် တမလွန်ဘဝရှိရမည်ဆိုခြင်းမှာ လူသားကို သဘာဝဓမ္မနယ်၏ ပြင်ပမှ ပုဂ္ဂိုလ်သတ္တဝါအနေဖြင့်သော်လည်းကောင်း၊ သဘာဝဓမ္မနယ်အတွင်းရှိ အခွင့်ထူးခံ ပုဂ္ဂိုလ်သတ္တဝါအနေဖြင့်သော်လည်းကောင်း ရှုမြင်သော သဘောသက်ရောက်၏။ သိပ္ပံပညာ၏ အမြင်အားဖြင့်ကား လူတို့သည် သဘာဝဓမ္မ၏ သားသမီးများဖြစ်ကြ၏။ သတ္တလောက၌ ထိပ်ဆုံးနေရာကို ရရှိထားသော်လည်း ထိုသို့ရရှိခြင်းမှာ အသိဉာဏ်စွမ်းအားကြောင့်ဖြစ်၍ သဘာဝဓမ္မက အထူးအရေးပေးထားသောကြောင့် မဟုတ်ချေ။ သဘာဝဓမ္မသည် လူသတ္တဝါ၏ ကြီးပွားတိုးတက်မှုနှင့် ဦးထိပ်ထားမှုများကို မည်သို့မျှဂရုမပြုဘဲ လျစ်လျူရှုထားရမည်သာဖြစ်၏။

ဤသည်မှာ အတွေးအခေါ် လွဲမှားမှုများကိုသာ ထောက်ပြခြင်းဖြစ်၍ တမလွန်ဘဝအယူကို ငြင်းဆိုခြင်းမဟုတ်ချေ။ ယုံကြည်ချက်တစ်ခုသည် အကြောင်းပြချက် လွဲမှားစေကာမူ မှန်ကန်ကောင်းမှန်ကန်နေပေလိမ့်မည်။ ကျွန်ုပ်တို့လက်ခံရန် ခိုင်လုံသောအခြားအကြောင်းများ ရှိကောင်းရှိပေမည်။ ဘဝတဏှာကြောင့် ဘဝသစ်တစ်ဖန် ဖြစ်သည်ဆိုခြင်းမှာ အတန်ယုတ္တိရှိကြောင်း



လူဝင်စားမှုများ၌ ထင်ရှား၏။ လူ၏အလိုဆန္ဒသည် အလွန်ပြင်းပြပါက အလိုရှိသည့်အတိုင်း ဖြစ်တတ်ခြင်းမှာ မျက်မှောက်ဘဝ၌ ကျွန်ုပ်တို့ မကြာခဏကြုံတွေ့ရသော အခြင်းအရာတစ်ခုဖြစ်၏။ ဂျပန်ပြည်၌ ယုံကြည်မှုနှင့် ဆုတောင်းမှုကို အဓိကထား၍ ဟောပြောသော မဟာယနဗုဒ္ဓဘာသာဂိုဏ်းတစ်ခုရှိရာ ထိုဂိုဏ်းမှာ အလွန်ကြီးပွားအောင်မြင်၍ ယခုအခါ အမေရိကန်ပြည်သို့ပြန့်ပွားပြီး ထိုဂိုဏ်းကို သက်ဝင်ယုံကြည်သော အမေရိကန်လူမျိုး အမြောက်အမြားရှိကြောင်း သိရှိရပေသည်။ *(တမလွန်ဘဝဖြစ်ပေါ်မှု၌ ဘဝတဏှာနှင့် ယုံကြည်ချက် အရေးပါပုံ အခြားအထောက်အထားများကို နောက်ဆက်တွဲ (၂) နှင့် (၅) တွင် ဆက်လက်ဖော်ပြထားပါသည်။)*

ဘဝတဏှာကြောင့် မည်သို့မည်ပုံ ဘဝသစ်တစ်ဖန်ဖြစ်ခြင်းကို ကျွန်ုပ်တို့ နားမလည်ကြောင်း ဝန်ခံပါ၏။ သို့ရာတွင် ထိုသို့နားမလည် သဘောမပေါက်သောကြောင့် တမလွန်ဘဝကို ငြင်းဆိုရမည်ဖြစ်ပါက လောက၌ များစွာသော ဒိဋ္ဌဓမ္မများကိုလည်း ငြင်းဆိုရပေလိမ့်မည်။ အကြောင်းမူ မည်သို့မည်ပုံ ဖြစ်ပျက်သည်ဟု အသေအချာမသိရဘဲ ကျွန်ုပ်တို့ လက်ခံယုံကြည်သော အချက်များမှာ မနည်းလှချေ။ ပုံစံပြရသော် မျက်စိဖြင့် မမြင်နိုင်အောင် အလွန်တရာ သေးငယ်သော အဖ၏ သုတ်ပိုးနှင့် အမိ၏မျိုးဥ ပေါင်းဆုံရာမှ လူသတ္တဝါဖြစ်လာပုံကို ခြေခြေမြစ်မြစ် မည်သူနားလည်ပါသနည်း။ မိဘ၏ ဗီဇမျိုးစေ့များက လူသတ္တဝါအား ပြုပြင်ဖန်တီးပုံ နည်းဟန်ကို အပ်ချမတ်ချမည်သူရှင်းပြ နိုင်ပါမည်နည်း။

တမလွန်ဘဝရှိသည်ဆိုခြင်းသည် မိမိတို့ အသိအမြင်နှင့် ဘောင်မဝင်သောကြောင့် မဖြစ်နိုင်ဟု အချို့က စွဲမှတ်ထားကြ၏။ ကျွန်ုပ်တို့၏ အသိအမြင်သည် မည်မျှ မြင့်မားစေကာမူ နယ်နိမိတ် အကန့်အသတ်ရှိ၍ အရာရာကို များသည်မှန်သည် ယတိပြတ်ဆုံးဖြတ်နိုင်စွမ်း မရှိကြောင်း သတိပြုရပေမည်။ ယနေ့ လူတို့အဖို့ ရိုးနေသော ဒိဋ္ဌဓမ္မများနှင့် သံသယ စိုးစိမျှမရှိဘဲ လက်ခံယုံကြည်သောအချက်များသည် တစ်ရံရောအခါက အသိပညာရှင်များကပင် မဖြစ်နိုင်ဟု ငြင်းဆိုခဲ့သော အရာများဖြစ်ခြင်းကို ကျွန်ုပ်တို့မမေ့သင့်ချေ။ တယ်လီဖုန်းတီထွင်လိုက်ပြီဆိုသောသတင်းကို ကြားသောအခါ အိဒင်ဗားတက္ကသိုလ်မှ ပါမောက္ခတစ်ဦးက "ဒါ သက်သက်လိမ်ညာတာဖြစ်ရမယ်၊ သူတို့ပြောသလို အဝေးကနေပြီး စကားပြောဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး" ဟု ဆို၏။ ဒသနိကဆရာကြီးဘေကွန်သည် ကမ္ဘာက နေကို လှည့်ပတ်သွားသည်ဆိုခြင်းကို သူသေသည့်နေ့အထိ လက်မခံချေ။ သိပ္ပံဆရာ အက်ဒီဆင် တီထွင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သော အသံသွင်းဓာတ်ပြားကို ပဲရစ်မြို့ရှိပညာဗိမာန်အသင်း၌ ပထမအကြိမ်ဖွင့်ပြသောအခါ နားထောင်နေသောသိပ္ပံပညာရှင်အားလုံးက သတ္တုပြား၌ လူ့အသံသွင်းထားရန် မဖြစ်နိုင်ဟုဆို၍ စားပွဲအောက်တွင် အသံတုဝိဇ္ဇာတစ်ဦးထားပြီး သူတို့ကို လှည့်စားခြင်းဖြစ်သည်ဟု စွပ်စွဲကြ၏။ သိပ္ပံပညာသမိုင်း၌ ဤကဲ့သို့သော သာဓကအတော်များများ ရှိ၏။

ကျွန်ုပ်တို့ တမလွန်ဘဝပြဿနာကို ယနေ့အထိ တိကျပြတ်သားစွာဆုံးဖြတ်၍ မရသေးသော အခြားပြဿနာများမှာကဲ့သို့ပင် ယထာဘူတ ဓမ္မဒိဋ္ဌာန်ကျကျ ဆင်ခြင်သုံးသပ်ကြရပေမည်။ တစ်နည်းဆိုသော် တမလွန်ဘဝကို မျက်စိမှိတ်၍ ငြင်းဆိုခြင်း၊ ခံယူခြင်းမပြုသေးဘဲ ရှေးဦးစွာ ဆိုင်ရာဒိဋ္ဌဓမ္မများကို လေ့လာဆန်းစစ်ရပေမည်။ ရှေ့အခန်း၌ စိတ်ဝိညာဉ် သုတေသီဆရာတို့ စူးစမ်းလေ့လာ၍ တွေ့ရှိရသော အချက်များကို အမှီပြုပြီး ဖြစ်နိုင်သောအချက်များကို ကျွန်ုပ်တို့ ဉာဏ်မှီသမျှ စုပေါင်းတင်ပြပါအံ့။

အခန်း ၊ [ ၁၈ ]

## ဒိဋ္ဌဓမ္မမှ ကောက်ချက်

တမလွန်ဘဝပြဿနာနှင့် ပတ်သက်၍ ဖြစ်နိုင်သော အချက်များကို ယခု ကျွန်ုပ်တို့ စဉ်းစားဖို့လို၏။ ထိုသို့ စဉ်းစားရာ၌ စိတ်ဝိညာဉ် သုတေသီတို့ သိပ္ပံနည်းကျစူးစမ်းလေ့လာရာမှ တွေ့ရှိရချက်များကို အမှီသဟဲပြုရမည်ဖြစ်ပေရာ ပထမရှေးဦးစွာ ထိုတွေ့ရှိရချက်များကို အကျဉ်းချုံး၍ ထပ်မံဖော်ပြပါအံ့။

ရုပ်ဝါဒအလိုအားဖြင့် စိတ်သည် ရုပ်တရား၏ အစွယ်အပွားမျှသာဖြစ်၍ လူ၏ကိုယ်ခန္ဓာကို အမြဲအမှီပြုနေသည်ဟု အဆိုရှိရာ ထိုအဆိုနှင့်ဆန့်ကျင်သော အခြင်းအရာများကို စိတ်ဝိညာဉ်သုတေသနနယ်၌ အတော်များများတွေ့ရှိရပြီဖြစ်၏။ အထူးထင်ရှားသောအခြင်းအရာနှစ်ခုမှာ နား၊ မျက်စိ စသောအာရုံခံအင်္ဂါများနှင့် မထိတွေ့ဘဲ အလိုလိုသိမြင်မှု(တယ်လီပသီ)နှင့် လူတစ်ကိုယ်နှစ်ကိုယ်ခွဲနိုင်မှုဖြစ်၏။ တယ်လီပသီမှာ များစွာသော လူတို့၏ကိုယ်တွေ့သာဓကများအရသော်လည်းကောင်း၊ အမေရိကန်ပြည် ဂျူ့တက္ကသိုလ်မှ ဒေါက်တာရိုင်းကဲ့သို့သောပညာရှင်တို့၏ လက်တွေ့စမ်းသပ်လေ့လာမှု အရသော်လည်းကောင်း၊ လူ၏စိတ်ပိုင်းဂုဏ်သတ္တိ တစ်ခုဖြစ်ခြင်းကို ယုံမှားစရာ မရှိချေ။ လူတစ်ကိုယ်နှစ်ကိုယ်ခွဲနိုင်မှု (ဝါ) ကိုယ်ခန္ဓာကို ဖဲခွာ၍ စိတ်ဝိညာဉ်က အခြားတစ်နေရာသို့ သွားလာလှုပ်ရှားမှုမှာလည်း အထောက်အထားခိုင်လုံသော တွေ့ရှိရချက်ဖြစ်၏။

စိတ်ပိုင်းဘဝ၏ ထူးခြားမှုသည် စိတ်ဝိညာဉ်ဆရာတို့ လေ့လာသိရှိရသော တစ္ဆေအကြောင်းခြင်းရာ၌လည်း ထင်ရှား၏။ သုတေသီတို့၏ တွေ့ရှိချက်မှာ လူတို့ အစဉ်အလာလက်ခံသော တစ္ဆေပုံပြင်များနှင့်မတူ။ တစ္ဆေသည် သေသူ၏

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝိညာဉ်ဖြစ်သည်ဟု မဆိုနိုင်သော်လည်း သေသူ၏ နာမ်ခန္ဓာနှင့် တစ်နည်းနည်းအားဖြင့် ဆက်စပ်နိုးနွှယ်နေသော အရာဖြစ်သည်ဟု ယူဆရန် ခိုင်မာသော အထောက်အထားများရှိ၏။

နတ်ဝင်တို့မှာ အများအားဖြင့် လူလိမ်လူညာများ ဖြစ်သော်လည်း အချို့နတ်ဝင်များကို မည်သည့်သုတေသီဆရာကမှ ထိုသို့မစွပ်စွဲနိုင်ချေ။ ဓာတ်စီးထားသောအခါ၌ သူတို့သည် သေသူ၏ ဟန်ပန်အမူအရာလက္ခဏာများကို ပြကြ၏။ သေသူ၏ မိတ်ဆွေအပေါင်းအသင်းများကို အခြားလူများနှင့် ခွဲခြား၍ မှတ်မိသိရှိကြ၏။ သေသူ၏ လျှို့ဝှက်သောအတွင်းကျကျ ကိစ္စများကို မှန်ကန်စွာ ဖော်ပြနိုင်ကြ၏။ သေသူနှင့် ဆက်သွယ်ကြောင်း နတ်ဝင်၏ ပြသမှုမှာ ထူးထွေများပြား၍ အံ့ဖွယ်သရဲဖြစ်ပေရာ ထိုသို့ပြသနိုင်ခြင်းသည် တယ်လီပသီ၏ အစွမ်းဖြစ်သည်ဆိုပါက တယ်လီပသီသည် ဘာဝနာဉာဏ်တစ်မျိုးဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

လူဝင်စားများမှာ နတ်ဝင်များထက် ပို၍စိတ်ဝင်စားဖွယ်ကောင်း၏။ အသက်နှစ်နှစ်၊ သုံးနှစ်အရွယ်၌ သူတို့၏အတိတ်ဘဝအကြောင်းကို စတင်ပြော၍ သူတို့၏ပြောပြချက်များမှာ အသေးစိတ်မှန်ကန်နေတတ်၏။ ဘဝဟောင်းက သူတို့၏ မိဘမောင်နှမသားချင်းနှင့် အသိမိတ်ဆွေအပေါင်းအသင်းများကို ကောင်းစွာခွဲခြား၍ သိရှိမှတ်မိကြ၏။ အတိတ်ဘဝနှင့် ဆက်စပ်နေသော အလေ့အကျင့် စရိုက်ဝါသနာ အမူအရာများကိုလည်း ပြတတ်၏။ အချို့လူဝင်စားများတွင် ဘဝဟောင်းက ပါလာဟန်တူသော မွေးရာပါ အမှတ်များကို တွေ့ရ၏။ လူဝင်စားမှုများမှာ လိမ်လည်လှည့်စားမှု ပရဝိညာဉ်၏ အစွမ်းပြမှု ယခုဘဝတွင် တစ်ခါက ရရှိခဲ့သော အမှတ်သညာများ ပြန်လည်လှုပ်ရှားလာမှုများ မဖြစ်နိုင်ချေ။ အချို့အမှုများမှာ အပမှီမှုများနှင့် ယိုးမှားဖွယ်ဖြစ်သော်လည်း အများအားဖြင့်ကား ယင်းတို့မှာ အပမှီမှုများနှင့် သဘောလက္ခဏာကွဲပြားခြားနား၏။

ဤအချက်များကို ဆိုင်ရာအခန်းများ၌ စုံစုံစေ့စေ့ ရေးသားဖော်ပြခဲ့ပေပြီ။ ယင်းတို့ကို အခြေပြု၍ မဖြစ်နိုင်သော အခြင်းအရာများကို ယခုကောက်ချက်ချရန် ရှိ၏။

လူသတ္တဝါသည် အသက်ဇီဝိန်ချုပ်ပြီးသည့်နောက်၌ ဘဝပြတ်မသွားချေ။ သေသည်၏ အခြားမဲ့၌ ကိုယ်ခန္ဓာသည် အခြေအနေပြောင်းလဲ၍ ကျန်ရှိသည့်နည်းတူ နာမ်ခန္ဓာ၏ တစ်စုံတစ်ခုသော အစိတ်အပိုင်းသည် ဆက်လက်ကျန်ရှိပေရာ၏။ သို့ရာတွင် ကိုယ်ခန္ဓာကဲ့သို့ နောက်ဆုံး၌ ပျက်စီးခြင်းမရှိဘဲ သက်ရှိ



ပုဂ္ဂိုလ် သတ္တဝါတစ်ဦးတစ်ယောက်နှင့် ပူးပေါင်းမိသောအခါ သက်ဝင်လှုပ်ရှားလာ၏။ တစ်နည်းဆိုသော် ထိုနာမ်ပိုင်းသည် နတ်ဝင်ကို မှီးကပ်၍ သေသူ၏ အမှတ်သညာ အမူအရာလက္ခဏာများကို ပြ၏။ တစ်ခါတရံ ကိုယ်ခန္ဓာဟောင်းကို စွန့်ခွာ၍ နှစ်ပေါင်းအတန်ကြာပြီးနောက် အိမ်ထောင်သည် မိန်းမတစ်ဦးနှင့် ပူးပေါင်း၍ လူဝင်စားဖြစ်လာ၏။

ဤသို့ လူသတ္တဝါသည် သေသည်၏အခြားမဲ့၌ ဘဝသစ်တစ်ဖန်ဖြစ်ခြင်းမှာ ဘဝတဏှာကြောင့် ဖြစ်သည်ဟု ယူဆရန် အထောက်အထားများရှိ၏။ လူဝင်စားများသည် အများအားဖြင့် အတိတ်ကာလက သူတို့ဘဝကို တွယ်တာစွဲလမ်းသော အသက်အရွယ်၌ သေဆုံးခဲ့ကြပြီး အချို့မှာ သေခါနီး၌ ဘဝသစ်တစ်ဖန်ဖြစ်ရန် တောင့်တခဲ့ကြသူများ ဖြစ်ကြ၏။ လူဝင်စားမှုများကို အများအားဖြင့် တမလွန်ဘဝ ယုံကြည်သောလူမျိုးများတွင် တွေ့ရ၏။ ဥရောပ၊ အမေရိကစသော အနောက်နိုင်ငံများ၌ လူဝင်စားမှုများရှိသော်လည်း အရှေ့နိုင်ငံနှင့်စာသော် ဦးရေအားဖြင့် မပြောပလောက်ချေ။ သူတို့နိုင်ငံများ၌ တမလွန်ဘဝ အယူရှိသော်လည်း သူတို့၏ယုံကြည်ချက်မှာ အရှေ့နိုင်ငံများမှာလောက် မခိုင်မာချေ။ လူတို့၏ ယုံကြည်ချက်နှင့်အလိုဆန္ဒသည် အမြဲယှဉ်တွဲ၍ နေလေ့ရှိရကား ဘဝသစ်တစ်ဖန်ဖြစ်ရန် လိုလားတောင့်တသောစိတ်မှာ အရှေ့တိုင်းသားများ၌ ပိုမိုပြင်းပြလိုသည်ဟု ဆိုရပေမည်။

အနောက်နိုင်ငံများ၌ နတ်ဝင်များကို မှီးကပ်၍ တမလွန်ဘဝလောကသို့ မိမိတို့ရောက်ရှိနေပုံကို ပြောပြသောသူမှာလည်း အသက်ရှိစဉ်က တမလွန်ဘဝကို လက်ခံယုံကြည်ခဲ့သောသူများ ဖြစ်ကြ၏။ တမလွန်ဘဝကို မလိုချင်၊ ထို့ကြောင့် မယုံကြည်သော ဆစ်ဂမာန်ဖရိုက်၊ ဘားနတ်ရှော၊ ဘာထရန်ရပ်ဆယ် အစရှိသည့် ကွယ်လွန်သူများက တမလွန်လောကမှနေ၍ နတ်ဝင်များနှင့် ဆက်သွယ်ကြောင်း ကျွန်ုပ်တို့ လုံးဝမကြားဖူးချေ။

တမလွန်ဘဝပြဿနာနှင့် ပတ်သက်၍ အထောက်အထားခိုင်မာသော အကြောင်းအချက်များကို ပြဆိုခဲ့ပေပြီ။ ထိုအချက်များကို အမှီပြု၍ လူသတ္တဝါသည် သေပြီးသည့်နောက်၌ အချည်းနှီးမဖြစ်ဘဲ တစ်စုံတစ်ခုကျန်ရှိ၍ ဘဝသစ်တစ်ဖန် ဖြစ်သည်ဟု ကောက်ချက်ချနိုင်ကြောင်း ရေးသားခဲ့ပေပြီ။ ဘဝသစ်သည် ဘဝဟောင်းနှင့် မည်သို့ဆက်စပ်နေပါသနည်း။ ယခုဘဝ ဦးနီသည် အတိတ်ဘဝက ဦးဖြူဖြစ်ခဲ့သည်ဆိုပါက ဦးနီသည် ဦးဖြူနှင့် မည်သို့မည်ပုံ ဆက်စပ်နိုးနွှယ်နေပါသနည်း။ တစ်နည်းဆိုသော် တမလွန်ဘဝသည် ကျွန်ုပ်တို့ မည်သည့်

www.burmeseclassic.com

www.burmeseclassic.com



အနက်အဓိပ္ပာယ် ဆောင်ပါသနည်းဟု ယခု စဉ်းစားရန် ရှိ၏။

ဤပြဿနာမှာ ပုဂ္ဂိုလ်သတ္တဝါ၏ ပရမတ္ထသဘာဝနှင့် ပတ်သက်သော ကျွန်ုပ်တို့၏ ခံယူချက်ပေါ်၌ တည်သည်ဟု ဆိုရပေမည်။ လူသတ္တဝါ၌ ရုပ်နာမ် တရား နှစ်ပါးအပြင် ထာဝရတည်မြဲသော အတ္တဝိညာဉ်ရှိသည်။ ထိုအတ္တသည် ခန္ဓာကိုယ်လုံးဝ ပျက်စီးသွားသော်လည်း တည်မြဲ၍ ဘဝသစ်တစ်ဖန်ဖြစ်သည်ဟု ခံယူပါက သေခြင်းသည် ဘဝကူးပြောင်းမှုဖြစ်၍ တမလွန်ဘဝပုဂ္ဂိုလ်သည် ယခုဘဝပုဂ္ဂိုလ်ပင်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်၏။

သို့ရာတွင် ထာဝရတည်မြဲသော အတ္တအယူသည် ယခုခေတ် သိပ္ပံ ပညာ၏ အမြင်နှင့် မဝင်ဆန့်ချေ။ သိပ္ပံပညာရှင်တို့သည် အတ္တပြဿနာကို ခတ်ခွဲခန်း၌ လေ့လာစမ်းသပ်၍ တိတိပိုင်ပိုင် ဆုံးဖြတ်နိုင်စွမ်း မရှိသည်ကား မှန်၏။ သို့ဖြစ်စေကာမူ နက္ခတ္တဗေဒ စိတ္တဗေဒ စသော သိပ္ပံပညာရပ်များ၌ တွေ့ရှိရချက်မှာ အတ္တအယူနှင့်ဆန့်ကျင်၍ လူသတ္တဝါသည် နိစ္စဓုဝ အမာခံခတ် ဘာမျှမရှိဘဲ ရုပ်နာမ်ဖြင့်သာ ပြီးသော သတ္တဝါဖြစ်သည်ဟုယူဆရန် အထောက် အထားများဖြစ်၏။ သိပ္ပံပညာမလေ့လာဘဲ မိမိတို့ဉာဏ်ဖြင့် လူ၏ ပရမတ္ထ သဘာဝကို နက်နက်နဲနဲ ဆင်ခြင်သုံးသပ်သော ကမ္ဘာ့တွေးခေါ်ရှင်ကြီးများသည် လည်း ထိုသို့ပင် လူ၏အနတ္တသဘောကို လက်ခံယုံကြည်ကြ၏။ ဤအကြောင်း ကို အခြား စာအုပ်တစ်အုပ်၌ အကျယ်ပြဆိုခဲ့ပြီးဖြစ်၏။ *(“ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ” စာအုပ်)*

မြဲသောအတ္တအယူကိုပယ်ပါက တမလွန်ဘဝသည် ကျွန်ုပ်တို့အဖို့ မည်မျှ အဓိပ္ပာယ်အနှစ်သာရ ရှိပါသနည်းဟု စဉ်းစားရန်ရှိ၏။ တမလွန်ဘဝသည် ယခုဘဝနှင့် ထပ်တူဖြစ်နိုင်ပါမည်လော။ ယခုဘဝ ဦးဖြူသည် မိမိကိုယ်ကိုမိမိ သေပြီးနောက် ဖြစ်ပေါ်လာမည့် ဦးနီနှင့် ထပ်တူပြုနိုင်ပါမည်လော။ ဦးနီသည် ကွယ်လွန်သူ ဦးဖြူကို မည်သည့်အတိုင်းအတာအထိ ကိုယ်စားပြုပါသနည်း စသည်ဖြင့် မေးဖွယ်ရှိ၏။

အမှန်ဆိုသော် ထာဝရအတ္တမရှိပါက ယခုမျက်မှောက်ဘဝ၌ပင် အသက် ၆၀ အရွယ်ရှိ ဦးဖြူကို အသက် ၁၆ နှစ်အရွယ်က မောင်ဖြူနှင့် ထပ်တူပြုရန် မဖြစ်နိုင်ချေ။ ဤနေရာ၌ ကျွန်ုပ်တို့သည် သတ္တဝါတို့ကို အနိစ္စတရားစိုးမိုး၍ ရုပ်နာမ်တရားများ ခဏမစဲ တဖွဲဖွဲဖြစ်ပေါ်ချုပ်ပျောက်နေပုံကို လေးလေးနက်နက် ဆင်ခြင်သုံးသပ်နေရန် မလို။ မောင်ဖြူနှင့် ဦးဖြူတို့၏ ရုပ်သွင်ပြင်လက္ခဏာနှင့် စိတ်စရိုက် အမူအရာများ ကွဲပြားခြားနားခြင်းသည် အလွန်ထင်ရှား၏။ မောင်ဖြူ



သည် တဖြည်းဖြည်းကြီးပြင်း၍ ဦးဖြူဖြစ်လာသောအခါ၌ ရုပ်နာမ်တရားများသည် များစွာပြောင်းလဲနေပြီဖြစ်၏။ သို့ဖြစ်၍ ဦးဖြူသည် ပရမတ္ထအားဖြင့် မောင်ဖြူ မဟုတ်၊ သမုတိပညတ်အားဖြင့်သာ ဦးဖြူသည် ငယ်စဉ်က မောင်ဖြူဖြစ်ခဲ့ပါ သည်ဟု ဆိုရမည်ဖြစ်၏။

ဦးဖြူသေသည်၏ အခြားမဲ့၌ မောင်နီတည်းဟူသော ဘဝသစ်တစ်ဖန် ဖြစ်သည်ဆိုပါစို့။ မျက်မှောက်ဘဝ၌ လောကဝေါဟာရအားဖြင့် မောင်ဖြူသည် ဦးဖြူဖြစ်လာသည်ဟု ဆိုနိုင်သကဲ့သို့ ဦးဖြူသည် သေပြီးနောက် မောင်နီဖြစ်လာ သည်ဟု ဆိုနိုင်ပါမည်လော။ တစ်နည်းဆိုသော် ဦးဖြူသည် တမလွန်ဘဝ၌ မောင်နီဖြစ်လာသည်ဆိုခြင်းမှာ သမုတိသစ္စာနယ်၌ပင် မည်မျှမှန်ကန်ပါသနည်း။

ဤမေးခွန်းကို ဖြေဆိုနိုင်ရန်အတွက် ကျွန်ုပ်တို့သည် ဦးဖြူသည် ငယ်ရွယ်စဉ်က မောင်ဖြူဖြစ်ခဲ့ပါသည်ဟုဆိုရခြင်း၏ အကြောင်းရင်းကို ဆင်ခြင် သုံးသပ်ဖို့ လိုပေလိမ့်မည်။ ပရမတ္ထနယ်၌ ဦးဖြူနှင့် မောင်ဖြူသည် တခြားစီ ဖြစ်သည်။ သို့တည်းမဟုတ် ဦးဖြူ မောင်ဖြူဟူသော ပုဂ္ဂိုလ်သတ္တဝါပင်မရှိဟု ဆိုရမည်ဖြစ်သော်လည်း သမုတိသစ္စာနယ်၌ မောင်ဖြူက ဦးဖြူဖြစ်လာသည်ဟု ဆိုခြင်းမှာ (၁) ဦးဖြူသည် မောင်ဖြူကို အကြောင်းပြု၍ ဖြစ်ပေါ်လာ၏။ (၂) မောင်ဖြူမှ ဦးဖြူအထိဖြစ်ပေါ်ခဲ့သော ရုပ်နာမ်ခန္ဓာစဉ်သည် မြစ်ရေလျဉ်ကဲ့သို့ တစ်ဆက်တည်းဖြစ်၏။ (၃) ဦးဖြူသည် မောင်ဖြူနှင့် ခြားနားသော်လည်း အကြမ်းဖျင်းတူညီသော အချက်များရှိ၏။ (၄) ဦးဖြူသည် မိမိငယ်ရွယ်စဉ် မောင်ဖြူ၏ဘဝအဖြစ်အပျက်များကို မှတ်မိ၏။ ဤအကြောင်းများကြောင့် ဦးဖြူသည် ငယ်စဉ်က မောင်ဖြူဖြစ်ခဲ့သည်ဟု ကျွန်ုပ်တို့ ဆိုရခြင်းဖြစ်ပေသည်။

ဦးဖြူသည် သေပြီးနောက် မောင်နီဖြစ်ပေါ်လာရာ၌ကား အထက်ပါ အချက်များကို အပြည့်အစုံအထင်အရှား မတွေ့ရချေ။ မောင်နီသည် ဦးဖြူကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည်မှန်၏။ သို့ရာတွင် ရုပ်ခန္ဓာသည် လုံးဝပြတ်စဲ ၏။ မောင်နီသည် ဦးဖြူနှင့် တူညီသောအချက်များရှိကြောင်း စတီဗင်ဆင်၏ လူဝင်စားမှုလေ့လာချက်အရ သိရှိရသော်လည်း ဘဝသစ်အခြေအနေအရ ခြားနား သော အချက်များက များစွာအလေးသာပေလိမ့်မည်။ မောင်နီသည် လူဝင်စား ဖြစ်ပါက အတိတ်ဘဝက ဦးဖြူအကြောင်း ပြန်လည်မှတ်မိပေမည်။ သို့ရာတွင် ထိုအမှတ်သညာများမှာ ကြာရှည်မမြဲဘဲ ၁၄–နှစ်၊ ၁၅–နှစ်အရွယ်၌ ပျောက်ကွယ် သွားကြောင်း စတီဗင်ဆင်၏ သုတေသနပြုချက်အရ သိရှိရ၏။

သို့ဖြစ်၍ ဦးဖြူနှင့် တမလွန်ဘဝ မောင်နီ၏ ဆက်စပ်မှုမှာ ဦးဖြူနှင့်

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ရွယ်စဉ်က မောင်ဖြူ၏ဆက်စပ်မှုနှင့်မတူချေ။ ဤသည်မှာ စတီဗင်ဆင်၏ လူဝင်စားမှုသုတေသနကို အခြေပြု၍ကောက်ချက်ချရခြင်းဖြစ်၏။ လူဝင်စားမှုများကို သိပ္ပံနည်းကျ စူးစမ်းလေ့လာခြင်းမှာ ယခုအခါ အစမျှသာ ရှိပေသေးရာ လေ့လာမှု ပိုမိုကျယ်ပြန့်၍ ဆိုင်ရာအကြောင်းအချက်များကို ပိုမိုစုံလင်စွာ တွေ့ရှိရပါက ကျွန်ုပ်တို့၏ အမြင်ကို ပြောင်းလဲတန် ပြောင်းလဲရပေလိမ့်မည်။ ယခုအထိ သိရှိရသော အချက်များကို အမှီပြု၍ ကောက်ချက်ချရပါမူ မောင်ဖြူသည် ဦးဖြူဖြစ်သွားသကဲ့သို့ ဦးဖြူသည် သေပြီးနောက် မောင်နီဖြစ်သွားသည်ဟု သမုတိသစ္စာအားဖြင့်ပင် ဆိုနိုင်ရန် အထောက်အထား အခိုင်အမာ မရှိချေ။

ထို့ကြောင့် အချို့သော အနောက်တိုင်းသားတို့သည် လူသေလူဖြစ်အယူကို လက်ခံရာ၌ ထာဝရ အတ္တအယူနှင့်တွဲ၍ လက်ခံကြ၏။ အချို့ပညာရှင်တို့သည် တမလွန်ဘဝ အယူအမျိုးမျိုးရှိသည့်အနက် လူသေလူဖြစ်အယူမှာ သဘာဝယုတ္တိအရှိဆုံးအယူဖြစ်သည်ဟု အသိအမှတ်ပြုသော်လည်း ထိုသို့သော တမလွန်ဘဝမျိုး၌ အဓိပ္ပာယ်အနှစ်သာရကို ရှာ၍မတွေ့ကြချေ။ ပြင်သစ်ပညာရှင်တစ်ဦးက ပုဂ္ဂိုလ်သတ္တဝါတစ်ဦး သေပြီးနောက် တရုတ်ပြည်၌ ဘုရင်အဖြစ်သို့ ကူးပြောင်းသည်ဆိုခြင်းမှာ ဘာအဓိပ္ပာယ်ရှိပါမည်နည်း။ အနန္တတန်ခိုးရှင်က ထိုပုဂ္ဂိုလ်ကို သေစေပြီးနောက် အခြားပုဂ္ဂိုလ်တစ်ဦးကို ဖန်တီးလိုက်ခြင်းဖြစ်သည်ဟုသာ ဆိုရပေမည်ဟု ရေးသားခဲ့၏။

အထက်ပါအချက်များကို လေးလေးနက်နက် ဆင်ခြင်သုံးသပ်ပါက ကျွန်ုပ်တို့သည် တမလွန်ဘဝပြဿနာကို တိကျပြတ်သားစွာ ဆုံးဖြတ်ရန် မဖြစ်နိုင်ချေ။ တစ်နည်းဆိုသော် တမလွန်ဘဝရှိပါသလောဟူသော မေးခွန်းကို ရှိသည်ဟူ၍သော်လည်းကောင်း၊ မရှိဟူ၍သော်လည်းကောင်း တစ်ခွန်းတည်းသောစကားဖြင့် ဖြေဆို၍မရအပ်ချေ။ ပုဂ္ဂိုလ်သတ္တဝါဟူသည် အဘယ်နည်း။ ဘဝဟူသည် မည်သို့သောအဓိပ္ပာယ်ကို ဆောင်သနည်း။ တမလွန်ဘဝရှိသည်ဆိုလျှင် မည်သို့မည်ပုံ ရှိမည်နည်း။ မရှိဟုဆိုလျှင် မည်သို့မည်ပုံ မရှိသနည်း စသည်တို့ကို အကျယ်ရှင်းပြဖို့ လိုပေလိမ့်မည်။

တမလွန်ဘဝအယူနှင့် ပတ်သက်၍ လူတို့သည် ရှိသည်ဟူ၍သော်လည်းကောင်း၊ မရှိဟူ၍သော်လည်းကောင်း ပြတ်သားစွာ ခံယူထားကြသည်က များ၏။ ရှိသည်ဟူ၍လည်း ပြောနိုင်သည်၊ မရှိဟူ၍လည်း ပြောနိုင်သည်ဆိုပါက တိကျပြက်သားမှု မရှိဟုဆို၍ ကျေနပ်ကြမည်မဟုတ်ချေ။ သို့ရာတွင် တိကျပြတ်သားမှုကို အလေးထားသော သိပ္ပံပညာရှင်သည်ပင် အချို့သော ပြဿနာများနှင့်



ပတ်သက်၍ တိကျပြတ်သားမှု မရှိခြင်းကို ကျွန်ုပ်တို့သတိပြုသင့်ပေ၏။ *("သိပ္ပံနည်း စူးစမ်းမှုနှင့် သိပ္ပံပညာသဘော")*

စင်စစ် လူတို့၏ နေ့စဉ်အတွေ့အကြုံများမှ ရရှိအပ်သော အသိအမြင်များသည်ပင် တိကျပြတ်သားမှု မရှိကြောင်း အချို့သောဝေါဟာရစကားများ၌ ထင်ရှား၏။ ပုံစံကား မသိတသိ, မကျက်တကျက်, မတိုမရှည်, မကြီးမငယ်, မကောင်းတကောင်း, မကြိုက်တကြိုက်။ တိကျပြတ်သားမှုလက္ခဏာကို ဆောင်သော ကျွန်ုပ်တို့၏ ထင်မြင်ချက်များသည် အများအားဖြင့် လွဲမှားနေတတ်၏။ နေ့စဉ် အတွေ့အကြုံနှင့် အနီးစပ်ဆုံး ထင်မြင်ချက်များမှ ပုံစံပြရမည်ဆိုသော် ကျွန်ုပ်တို့သည် လူများကို သနားကြင်နာတတ်သောသူ၊ သနားကြင်နာစိတ်ကင်းမဲ့သောသူ၊ ရက်ရောသောသူ၊ တွန့်တိုသောသူ၊ အများကောင်းစားရေးကို ရှေးရှုသောသူ၊ တစ်ကိုယ်ကောင်းစိတ်ရှိသောသူ စသည်ဖြင့် ခွဲခြားသတ်မှတ်လေ့ရှိကြ၏။ စိတ်ပညာရှင်တို့၏ အမြင်အားဖြင့်မူ ပုဂ္ဂိုလ်သတ္တဝါတို့ကို ထိုသို့ တိကျပြတ်သားစွာ ခွဲခြား၍ မရအပ်ချေ။ ထိုအစွန်းတစ်ဖက်ရောက် စိတ်ဓာတ်စရိုက်ရှိသူများမှာ အလွန်တရာနည်းပါး၍ ယေဘုယျအားဖြင့် ထိုဆန့်ကျင်ဘက်စိတ်ဓာတ်စရိုက် နှစ်မျိုးစလုံး အနည်းနှင့်အများရှိသော ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ *("လူ့စိတ်သဘာဝ")*

သို့ဖြစ်၍ လူကောင်း၊ လူယုတ်မာ၊ လူလိမ္မာ၊ လူမိုက်စသော ဝေါဟာရစကားများသည် ရာခိုင်နှုန်းပြည့် တိကျမှန်ကန်ခြင်းမရှိ။ သို့ရာတွင် အနက်အဓိပ္ပာယ် လုံးဝကင်းမဲ့သည်ဟူ၍ကား မဆိုသာချေ။ ဆိုင်ရာစိတ်ဓာတ် စရိုက်များ၏ အားကြီးမှုကိုကြည့်၍ ပုဂ္ဂိုလ်သတ္တဝါများကိုခွဲခြားရန် ယင်းတို့ကို သုံးစွဲရခြင်းဖြစ်၏။ သို့ဖြစ်စေကာမူ ကျွန်ုပ်တို့သည် ထိုစကားများနှင့် ပတ်သက်၍ အစွဲဥပါဒါန်မရှိစေရန် သတိပြုရပေမည်။ လူကောင်းဟု ကျွန်ုပ်တို့ခေါ်သော ပုဂ္ဂိုလ်များသည် ရာခိုင်နှုန်းပြည့် အပြစ်အနာကင်းမည်မဟုတ်။ လူယုတ်မာဟု သမုတ်ခြင်းခံရသူများသည်လည်း ကောင်းသောဂုဏ်အင်္ဂါရပ်တစ်ခုနှစ်ခု ရှိတတ်ခြင်းကို မမေ့သင့်ချေ။

ထိုနည်းအတူ တမလွန်ပြဿနာနှင့် ပတ်သက်၍ ပုဂ္ဂိုလ်သတ္တဝါ သေပြီးနောက်ဘဝရှိသည် သို့မဟုတ် ဘဝပြတ်သည်ဟူသော စကားများ၌ အစွဲဥပါဒါန်မရှိရန် သတိပြုရပေမည်။ အစွဲဥပါဒါန်ကိုပယ်၍ ဆိုင်ရာ အကြောင်းအချက်အားလုံးကို လေးလေးနက်နက် ဆင်ခြင်သုံးသပ်ပါမှ ကျွန်ုပ်တို့၏ အမြော်အခေါ်သည် အမှန်တရားနှင့် နီးစပ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၁၉ ]

# ဤဘဝ ထိုဘဝ

တမလွန်ဘဝသည် ကျွန်ုပ်တို့အဖို့ မည်မျှအရေးကြီးပါသနည်းဟု ယခု စဉ်စားရန်ရှိ၏။

ကျွန်ုပ်တို့အဖို့ တစ်စုံတစ်ခုသော အရာ၏ အရေးကြီးမှု-မကြီးမှုသည် ထိုအရာနှင့် ကျွန်ုပ်တို့၏ ဆက်စပ်မှု အတိုင်းအတာပေါ်၌ တည်၏။ ထာဝရ တည်မြဲသော အတ္တအယူကို ကျွန်ုပ်တို့လက်မခံပါက တမလွန်ဘဝနှင့် ယခုဘဝ၏ ဆက်စပ်မှုအကြောင်းတရား၊ အကျိုးတရားအနေဖြင့် ဆက်စပ်မှုမျှသာ ဖြစ်၏။ တစ်နည်းဆိုသော် ယခုဘဝကိုစွဲမှီ၍ ဖြစ်သော ဘဝတဏှာကို အကြောင်းပြု၍ တမလွန်ဘဝ ဖြစ်ပေါ်လာရ၏။ တစ်စုံတစ်ခုသော နိစ္စရုပ ထာဝရဓာတ် ကူးပြောင်းမှုကြောင့် ဘဝသစ်ဖြစ်ပေါ်လာခြင်း မဟုတ်ချေ။ သို့ဖြစ်၍ ဘဝသစ် ဖြစ်ပေါ်ရာ၌ ပုဂ္ဂိုလ်သတ္တဝါဘဝကူးပြောင်းသည် သို့မဟုတ် ဆက်လက် တည်ရှိသည်ဟု ဆိုရန်မဖြစ်ချေ။ ဤအချက်ကို ထည့်သွင်းစဉ်းစားပါက မျက်မှောက် ဘဝ၏ တစ်ခုသောအပိုင်းသို့ ရောက်ရှိနေသော ပုဂ္ဂိုလ်တစ်ဦးအဖို့ နောက်လာ မည့် ဘဝကဏ္ဍသည် အရေးကြီးသကဲ့သို့ (ပုံစံအားဖြင့် အသက် ၅၀ ကျော် သက်ကြီးတစ်ဦးအဖို့ ဇရာဘဝကဏ္ဍသည် အရေးကြီးသကဲ့သို့) သက်ရှိပုဂ္ဂိုလ် တစ်ဦးအဖို့ တမလွန်ဘဝသည် အရေးကြီးခြင်းမရှိကြောင်း ထင်ရှား၏။

ယခုဘဝနှင့်တမလွန်ဘဝ ဆက်စပ်မှုကို မိဘနှင့်သားသမီး၏ သတ္တာဗေဒ သဘော ဆက်စပ်မှုနှင့် နှိုင်းယှဉ်ကြည့်ပါက ကျွန်ုပ်တို့အဖို့ စဉ်းစားစရာအချက်များ ပေါ်လာပေလိမ့်မည်။ ပုဂ္ဂိုလ်တစ်ဦး၏ သားသမီးများသည် တမလွန်ဘဝကဲ့သို့ပင်



ဘဝတဏှာကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားဖြစ်၏။ သို့ရာတွင် ဆက်စပ် မှုမှာ ပိုမိုလေးနက်၏။ ဆိုလိုသည်မှာ ကလေးသူငယ်တစ်ယောက်၏ဘဝကို ပြုပြင်ဖန်တီးရာ၌ မိဘများ၏ နေရာကဏ္ဍသည် မသေးငယ်လှချေ။ ကလေးသည် မိဘများထံမှ အချို့သောဗီဇမျိုးစေ့များကို ဆက်ခံရရှိ၍ လူလားမြောက်သည် အထိ မိဘများ၏ ပြုပြင်စီရင်မှုကို ခံယူရ၏။

ထိုသို့ မိဘက သားသမီးအား ပြုပြင်ဖန်တီးနိုင်စွမ်း ရှိမှုနှင့်စာသော် (စတီဗင်ဆင်၏ လူဝင်စားမှုလေ့လာတွေ့ရှိချက်များကို အမှီပြု၍ မှတ်ချက် ချမည်ဆိုပါက) ကျွန်ုပ်တို့က တမလွန်ဘဝကို ပြုပြင်ဖန်တီးမှုမှာ အတိုင်းအတာ အားဖြင့် မပြောပလောက်ချေ။ လူဝင်စားများသည် အတိတ်ဘဝနှင့် ဆက်စပ်သော စရိုက်ဝါသနာနှင့် စိတ်ခံစားရချက်များကို ပြကြသည်မှန်၏။ သို့ရာတွင် ထိုအတိတ်ဘဝက ပါလာသော စိတ်စေတသိက်များမှာ မိဘထံမှ ရရှိသော ဗီဇသတ္တိနှင့် ပတ်ဝန်းကျင်တရားများကို လွှမ်းဆန်နိုင်မည်မဟုတ်ချေ။ အမှန် ဆိုသော် မိဘက သားသမီးကို ပြုပြင်နိုင်စွမ်း ရှိမှုသည်ပင် နယ်နိမိတ် အကန့် အသတ်ရှိ၏။ ကလေးသည် မိဘ၏ဗီဇသတ္တိအားလုံးကို ဆက်ခံရရှိသည်မဟုတ်။ ဆိုလိုသည်မှာ မိဘလုပ်သူသည် ကလေးအား မိမိအလိုကျ ဗီဇအမွေပေးနိုင်ခြင်း မရှိ။ ကလေးအားပြုပြင်မည့် ပတ်ဝန်းကျင်တရားများကိုလည်း အစစအရာရာ မိမိအလိုကျ ဖန်တီးနိုင်ခြင်းမရှိချေ။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် သားသမီးများ၏ ဘဝကိုသော်မှ အစိုးမရပါက သေပြီးသည့်နောက် သားသမီးကဲ့သို့ပင် အစွယ် အပွားအဖြစ် ကျန်ရှိ၍ ဘာမျှမသိမမြင်ရသေးသော မျိုးရိုးဗီဇ၊ ပတ်ဝန်းကျင် တရားများနှင့် ဆက်စပ်နေမည့် တမလွန်ဘဝကို အဘယ်မှာ အစိုးရပါမည်နည်း။

မည်သို့ပင်ဖြစ်စေ တမလွန်ဘဝသည် များစွာသော လူတို့၏ မှီခိုအား ထားရာ ဖြစ်၏။ လူတို့သည် ဘဝတဏှာနှင့် ငါစွဲ အတ္တစွဲကြောင့် သေပြီး ဘဝပြတ်မှုကို ကြောက်၍ တမလွန်ဘဝကို အလိုရှိကြ၏။ ယေဘုယျအားဖြင့် လူတို့သည် ယခုဘဝ၌ ကြီးပွားအောင်မြင်ခြင်းမရှိ။ မိမိတို့အလိုဆန္ဒ မပြည့်ဘဲ ကွယ်လွန်ကြရမည်ဖြစ်ရကား တမလွန်ဘဝကို မျှော်လင့်တောင့်တကြ၏။ လူသတ္တဝါသည် မျှော်လင့်ချက်ဖြင့် ရှင်သန်ကြီးပွားရပေရာ များစွာသော လူတို့ အဖို့ သေခါနီး၌ မျှော်လင့်ချက်ရှိဖို့ အရေးကြီး၏။ ထို့ကြောင့် တမလွန်ဘဝ မရှိသည့်တိုင် အချို့သောလူများအဖို့ တမလွန်ဘဝကို ဖန်တီးပေးရန် လိုပေ လိမ့်မည်။

တမလွန်ဘဝကို ယုံကြည်သောသူတို့သည် တမလွန်ဘဝ၌ မျှော်လင့်ချက်

www.burmeseclassic.com

www.burmeseclassic.com



ထားရှိသောကြောင့် မျက်မှောက်ဘဝ ကြီးပွားတိုးတက်မှုကို ဂရုမပြုဘဲ ဆုတ်ယုတ်ညံ့ဖျင်းနေကြသည်ဟု အချို့က ဆိုကြ၏။ ဤအဆိုမှာ လူများစုအဖို့ မှန်လိမ့်မည်ဟု ကျွန်ုပ်တို့ မထင်ချေ။ ထိုကို အားကိုးသော အချို့လူများသည် လူပျင်းလူညံ့များဖြစ်ပေရာ ထိုသူတို့ ပျင်းရိညံ့ဖျင်းခြင်းမှာ ထိုကြောင့်မဟုတ်ဘဲ နဂိုမူလက သူတို့၏ဗီဇစရိုက်ကြောင့် ဖြစ်ပေရာ ထိုမရှိလျှင်လည်း ပျင်းရိညံ့ဖျင်းနေမည်သာ ဖြစ်၏။ ထို့အတူ အချို့လူများကြီးပွားတိုးတက်မှုမရှိခြင်းမှာ ဗီဇဓာတ်ခံ ညံ့ဖျင်းမှုကြောင့်ဖြစ်၍ တမလွန်ဘဝကို သူတို့မယုံကြည်လျှင်လည်း ကြီးပွားတိုးတက်မည် မဟုတ်ချေ။ တမလွန်ဘဝကို လက်ခံသောသူအမြောက်အမြားရှိသော ဂျပန်၊ ဂျာမနီနှင့် အမေရိကန်နိုင်ငံများ ကြီးပွားတိုးတက်နေခြင်းမှာ ကျွန်ုပ်တို့ မျက်မြင်အထင်အရှားဖြစ်၏။

အချို့လူများက အကယ်၍ တမလွန်ဘဝမရှိလျှင် ကောင်းမှု၊ မကောင်းမှုဟူသော စကားများမှာ အဓိပ္ပာယ် အနှစ်သာရရှိတော့မည် မဟုတ်ဟု ဆိုကြ၏။ လူတို့သည် မျက်မှောက်ဘဝတွင် မိမိတို့ပြုသော ကောင်းမှု၊ မကောင်းမှုများအတွက် ထိုက်တန်သော ကောင်းကျိုးဆိုးပြစ်များကို မည်သူမျှ အပြည့်အဝ ရရှိခံစားကြရသည်မဟုတ်။ သို့ဖြစ်၍ လူသတ္တဝါအသီးသီးအတွက် ထိုက်တန်သောနေရာကဏ္ဍကို ဖန်တီးပေးမည့် တမလွန်ဘဝသည် ရှိရမည်ဖြစ်၏။ တမလွန်ဘဝမရှိပါက ကောင်းမှုပြုလုပ်နေရန် မလို။ မကောင်းမှုကို ရှောင်ကြဉ်နေခြင်းသည်လည်း အချည်းနှီးသာဖြစ်လိမ့်မည်ဟု အချို့က ယူဆကြ၏။

ဤအယူမှာ လူသတ္တဝါအများစုအဖို့ မှန်ကန်သည်ဟု ဆိုရပေမည်။ တမလွန်ဘဝကို ယုံကြည်မှုသည် များစွာသောလူတို့၏ ကိုယ်ကျင့်တရားအတွက် အရေးပါသော ယုံကြည်မှုဖြစ်၏။ သို့ရာတွင် လူတို့ အကျင့်စာရိတ္တကောင်းရန်အတွက် ထိုယုံကြည်မှုသည် အရေးကြီးဆုံးဖြစ်သည်ဟူ၍ကား စွဲမှတ်မထားသင့်ချေ။ တမလွန်ဘဝကို ယုံကြည်သူတိုင်းသည် လူကောင်းမဟုတ်။ မယုံသောပုဂ္ဂိုလ်များသည်လည်း အားလုံး အကျင့်စာရိတ္တပျက်ပြားနေသည်ဟု မဆိုသာချေ။ ဤအချက်ကို ထောက်ချင့်၍ လူတို့ ကိုယ်ကျင့်တရားကောင်းမှုအတွက် ထိုယုံကြည်ချက်အပြင် အခြားအရေးကြီးသော အကြောင်းတရားများရှိသေးကြောင်း သတိပြုသင့်ပေ၏။

အမှန်ဆိုသော် တမလွန်ဘဝ ယုံကြည်မှုတစ်ခုတည်း၌ အခြေခံသော ကိုယ်ကျင့်တရားသည် အဆင့်အတန်းနိမ့်ကျသော ကိုယ်ကျင့်တရားဖြစ်သည်ဟု ဆိုရပေမည်။ တမလွန်ဘဝ ယုံကြည်မှုဖြင့်သာလျှင် အကျင့်စာရိတ္တကောင်းနေ



ကြသောလူများသည် ဆရာသမား၊ လူကြီးမိဘများပေးမည့် ဆုလာဘ်ကို မျှော်လင့်၍သော်လည်းကောင်း၊ အပြစ်ဒဏ်ကို ကြောက်၍သော်လည်းကောင်း၊ လိမ္မာနေသော ကလေးသူငယ်များနှင့် သိပ်မခြားနားလှချေ။ အသိအမြင် အလိမ္မာ ရင့်ကျက်သောပုဂ္ဂိုလ်သည် တမလွန်ဘဝကို မစဉ်းစားဘဲ ကောင်းမှုကိုပြု၍ မကောင်းမှုကို ရှောင်ကြဉ်မည်ဖြစ်၏။ တမလွန်ဘဝ ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ၊ လူသတ္တဝါတို့အား အကျိုးပြုသော လောကပါလတရားများကို ကောင်းမှု အနေဖြင့် အသိအမှတ်ပြုမည်သာ ဖြစ်၏။

ယခုအခါ အနောက်နိုင်ငံများ၌ တမလွန်ဘဝကို ယုံကြည်မှုသည် ရှေးကကဲ့သို့ အားမကောင်းတော့ဘဲ တစ်စတစ်စ အားနည်းလျက်ရှိပေရာ ထိုအားနည်းမှုကြောင့် အကောင်းအဆိုးနှင့် ပတ်သက်၍ လူတို့၏ အတွေးအခေါ်များမှာလည်း ပြောင်းလဲလျက်ရှိ၏။ ရှေးအခါက အနောက်တိုင်းသားတို့သည် တမလွန်ဘဝကို အစွဲအမြဲ ယုံကြည်ကြ၏။ လူသားသည် ဒုစရိုက်သတ္တဝါဖြစ်၍ သေပြီးသောနောက်မှသာလျှင် ထာဝရဘုံသို့ ရောက်ရှိပြီး မွန်မြတ်သော သတ္တဝါဖြစ်လာသည်ဟု အယူရှိ၏။ သို့ဖြစ်၍ လူ့ဘဝ၏ မူလအစဖြစ်သော ကာမဂုဏ်ခံစားမှုကို မကောင်းမှုအနေဖြင့် မြင်၍ ထာဝရဘုံသို့ ပို့ဆောင်သော သေခြင်းတရားကိုမှု အပြစ်မမြင်ကြချေ။ ယခုအခါ၌ကား သေလျှင် ဘဝပြတ်သည်ဆိုသော ရုပ်ဝါဒ ထွန်းကားလာသောကြောင့် ကာမဂုဏ်ခံစားမှုသည် မသေမီခံစားအပ်သော အကောင်းဆုံးချမ်းသာသုခဖြစ်လာ၍ ထိုခံစားမှုအားလုံးကို အဆုံးသတ်၍ လူ့ဘဝကို အချည်းနှီးဖြစ်စေမည့် သေခြင်းတရားသည်သာ စက်ဆုပ်အပ်သော အမင်္ဂလာတရားဖြစ်လျက် ရှိပေပြီ။

ထို့ကြောင့် ကာမဂုဏ်ခံစားမှု၊ သေမှုနှင့်ပတ်သက်သော သူတို့အတွေးအခေါ်များမှာ ရှေးကအတွေးအခေါ်များနှင့် ပြောင်းပြန်ဖြစ်လျက်ရှိ၏။ ကာမဂုဏ်ခံစားမှုမှာ ရှက်ကြောက်အပ်သော အမှုမဟုတ်တော့ချေ။ ကာမရာဂ သောင်းကျန်းမှုကို သူတို့စာပေနှင့် ရုပ်ရှင်များက အထင်းသားဖော်ဆောင်လျက် ရှိ၏။ ထိုသို့ ကာမတဏှာနယ် ကျယ်လာသည်နှင့်အမျှ သေရမည်ကို အလွန်ကြောက်လာ၏။ သေခြင်းတရားကို မစဉ်းစားအပ် မပြောဆိုသော အမင်္ဂလာတရားကဲ့သို့ စွဲမြဲမှတ်ယူထား၍ လူသေသောအခါ အနိဋ္ဌာရုံတရားများကို ဖုံးဖိရန် အလောင်းကို နည်းအမျိုးမျိုးဖြင့် ပြုပြင်စီရင်လေ့ရှိကြ၏။ (“ဘဝဆည်းဆာ”)

အရှေ့တိုင်းသားများမှာမူ တမလွန်ဘဝကိုယုံကြည်သောကြောင့် သေရမည်ကို ထိုမျှလောက်မကြောက်ချေ။ သို့ရာတွင် ယေဘုယျအားဖြင့်ကား တမလွန်

www.burmeseclassic.com

www.burmeseclassic.com



ဘဝရှိသည်ဟု စွဲစွဲမြဲမြဲယုံကြည်သော သူသည်လည်းကောင်း၊ တမလွန်ဘဝမရှိ၊ သေလျှင် ဘဝပြတ်သည်ဟု အစွဲအမြဲ ယုံကြည်သောသူသည် လည်းကောင်း သေခါနီး၌ မိမိ၏ယုံကြည်မှုကို အစွဲပြု၍ စိတ်တုန်လှုပ်ချောက်ချားသွားခြင်း မရှိချေ။ အဘယ်ကြောင့်ဆိုသော် လူသတ္တဝါတစ်ဦး၏ တမလွန်ဘဝကို ခံယူမှု သို့မဟုတ် တမလွန်ဘဝကို ငြင်းဆိုမှုသည် ထိုသူ၏ အလိုဆန္ဒနှင့် ကိုက်ညီနေတတ်၏။ ဆိုလိုသည်မှာ လူတို့သည် တမလွန်ဘဝအယူကို ဆန္ဒစွဲနှင့် ခံယူကြသည် သို့မဟုတ် ငြင်းဆိုကြသည်က များ၏။ ထိုသို့ မိမိနှစ်သက်သောအယူကြောင့် လူတို့သည် သေခါနီး၌ စိတ်တုန်လှုပ်ရန် အကြောင်းမရှိချေ။

စင်စစ် တမလွန်ဘဝအယူသည်သာမဟုတ်။ အခြားအယူများသည်လည်း လူတို့၏အလိုဆန္ဒ၌ အကြောင်းရင်းခံနေတတ်သည်ကများ၏။ မိမိတို့၏ ယုံကြည်ချက်အတွက် အထောက်အထားများပြစေကာမူ ယင်းတို့မှာ အပရိကဖြစ်၍ အလိုဆန္ဒစိတ်ဓာတ်စရိုက် စသည်တို့သည်သာ ပဓာနဖြစ်၏။ ယေဘုယျအားဖြင့် တမလွန်ဘဝကို ယုံကြည်သောသူသည် တမလွန်ဘဝကို အလိုရှိသောကြောင့် ထိုသို့ ယုံကြည်ခြင်းဖြစ်၏။ မယုံကြည်သောသူသည်လည်း တမလွန်ဘဝကို အလိုမရှိဘဲ ဘဝပြတ်စဲလိုသောကြောင့် မယုံကြည်ခြင်းဖြစ်၏။

ဤအချက်မှာ အချို့သောအနောက်တိုင်းသားတို့၏စာပေ၌ ထင်ရှား၏။ ဗြိတိသျှကဗျာစာဆို တင်နီဆင်က "အကယ်၍ တမလွန်ဘဝသာ မရှိပါလျှင် ကျွန်ုပ်သည် ပင်လယ်ထဲသို့ ခုန်ဆင်း၍သေတော့မည်" ဟု ပြောဆိုဖူး၏။ ဥရောပစာဆိုကြီး ဒန်တီကလည်း "မိစ္ဆာအယူအမျိုးမျိုးရှိသည့်အနက် လူသေလျှင် ဘဝပြတ်သည်ဆိုသောအယူမှာ အမိုက်မဲဆုံး အယုတ်မာဆုံး အဆိုးဝါးဆုံး အယူဖြစ်သည်" ဟု ရေးသားခဲ့၏။ ဤသည်မှာ စိတ်ပညာရှင်တို့ အမြင်အားဖြင့် ဆန္ဒစွဲဖြင့် ရေးသားထားခြင်းဖြစ်ကြောင်း ယုံမှားစရာမရှိချေ။ ကျွန်ုပ်တို့သည် မိမိအယူနှင့်ဆန့်ကျင်သော အခြားအယူကို ပြင်းထန်စွာ အသားလွတ်ဝေဖန်ပုတ်ခတ်ပါက မိမိ၏အယူသည် အသိဉာဏ်နှင့်မယှဉ်ဘဲ ဆန္ဒစွဲသက်သက်ဖြင့် လက်ခံထားသော အယူဖြစ်ရပေမည်။

လူသေလျှင် ဘဝပြတ်သည်ဟု ယုံကြည်သော အနောက်တိုင်း အသိပညာရှင်တို့သည်လည်း တမလွန်ဘဝကို မိမိတို့အလိုမရှိကြောင်း ပွင့်ပွင့်လင်းလင်း ရေးသားပြောဆိုခဲ့ကြ၏။ ဗြိတိသျှ စာရေးဆရာကြီး ဘားနတ်ရှော၊ သိပ္ပံပညာကျော် အဲလဗတ်အိုင်စတိန်နှင့် ဆိုင်ကိုနောလစ် စိတ်ပညာရှင် ဆစ်မန်ဖရိုက်တို့က မိမိတို့သည် တမလွန်ဘဝကို မယုံကြည်၊ တမလွန်ဘဝကိုလည်းမလိုချင်ကြောင်း



သတင်းစာဆရာတစ်ဦးအား ပြောပြခဲ့ကြ၏။ နာမည်ကျော် ဗြိတိသျှစာရေးဆရာ ဆွမ်မားဆက်မွန်သည်လည်း တမလွန်ဘဝကို လက်မခံ။ လိုလားတောင့်တခြင်းလည်း မရှိကြောင်း အောက်ပါအတိုင်း ရေးသားခဲ့၏။

"ကျွန်ုပ်၏ဘဝမှာ အခြားလူများ၏ ဘဝနှင့်စာသော် အတော်အောင်မြင်သော ဘဝဖြစ်ပါသည်။ သို့ရာတွင် ထိုဘဝခရီးကို ပြန်၍ မသွားလိုတော့ပါ။ ပြန်သွားရမည်ဆိုပါက ရှေးကဖတ်ဖူးခဲ့သော စုံထောက်ဝတ္ထုတစ်ပုဒ်ကို ပြန်ဖတ်ရသကဲ့သို့ ပျင်းရိငြီးငွေ့ဖွယ်ရာဖြစ်ပါသည်။ တမလွန်ဘဝ ရှိသည်မှန်ပါက လူပြန်ဖြစ်ပြီး ယခုဘဝ၌ အကြောင်းအမျိုးမျိုးကြောင့် မရရှိခဲ့သော အတွေ့အကြုံများရရှိပြီး မလေ့လာခဲ့ရသောအကြောင်းအရာများကို လေ့လာရလျှင် ကောင်းလေမည်လားဟု ရှေးက တစ်ခါတစ်ရံ စိတ်ထဲ၌ ဖြစ်ပေါ်ခဲ့ပါသည်။ ယခုမူ ထိုသို့ ဘဝအသစ်တစ်ဖန် ဖြစ်လိုသောဆန္ဒ မရှိတော့ပါ။ ကျွန်ုပ်သည် တမလွန်ဘဝကို ယုံလည်းမယုံ။ လိုလည်းမလိုချင်ပါ။ သေလျှင် မနာမကျင်ဘဲ မြန်မြန်သေလိုပါသည်။ အသက်ဇီဝိန်ချုပ်သည်နှင့် ကျွန်ုပ်၏ အသက်ဝိညာဉ်သည်လည်း ချုပ်ငြိမ်းပြတ်စဲသွားမည်ဖြစ်ကြောင်း ကျွန်ုပ်သိရှိ၍ ကျေနပ်ပါသည်။"

တမလွန်ဘဝနှင့်ပတ်သက်သော ခံယူချက်များမှာ ထိုသို့ အလိုဆန္ဒပေါ်၌ အခြေတည်သော လျှော့နဲ့ဓားထစ်ခံယူချက်များဖြစ်သောကြောင့် လူတို့သည် တမလွန်ဘဝပြဿနာကို လေးလေးနက်နက် လေ့လာသုံးသပ်လိုသောဆန္ဒ မရှိကြချေ။ သေလျှင်ဘဝပြတ်သည်ဟု ခံယူထားသော လူတို့သည် စိတ်ဝိညာဉ်သုတေသနအသင်း၏ စူးစမ်းလေ့လာတွေ့ရှိရချက်များနှင့် လူဝင်စားမှုအကြောင်း လေ့လာသိရှိရချက်များကိုကျော်ခိုင်းထားတတ်ကြ၏။ တမလွန်ဘဝကို မယုံကြည်သောသူများကလည်း ထိုတွေ့ရှိရချက်များနှင့်ပတ်သက်၍ စဉ်းစားဆင်ခြင်ဖွယ်ရာများ (အခန်း ၁၂၊ ၁၆၊ ၁၇) ကို ဂရုမပြုကြချေ။ လူအများစု၏ အမြင်အားဖြင့် တမလွန်ဘဝပြဿနာမှာ စူးစမ်းလေ့လာရန်မလို။ အထူးစဉ်းစားစရာ ဘာမျှမရှိဘဲ အပြီးအပြတ် ဆုံးဖြတ်ပြီးသော ပြဿနာဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဤပြဿနာနှင့်ပတ်သက်၍ မိမိနှင့် အမြင်ချင်းမတူသောသူအား ကဲ့ရဲ့ပြစ်တင်ရန်မလိုချေ။ သူတစ်ပါးအား မိမိအယူသို့ပါအောင် စိတ်ဆန္ဒစော၍ အားမထုတ်သင့်ချေ။ နှစ်ဖက်စလုံး၌ စဉ်းစားစရာအချက်များရှိကြောင်း မိမိ၏ ယုံကြည်မှု၌လည်း မိမိ၏အလိုဆန္ဒအနည်းအများပါရှိ၍ အလိုဆန္ဒမတူသောသူ အချင်းချင်းငြင်းခုံခြင်းသည် အချည်းနှီးဖြစ်ကြောင်း သတိပြုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့သော အနောက်တိုင်းသား သိပ္ပံပညာရှင်များသည်ကား တမလွန်ဘဝနှင့်ပတ်သက်၍ မည်သည့်အယူကိုမျှလက်ခံမထားကြချေ။ တစ်နည်းဆိုသော် တမလွန်ဘဝပြဿနာကို မည်သို့မျှမဆုံးဖြတ်ဘဲ လျစ်လျူပြုထားကြ၏။ တမလွန်ဘဝရှိမရှိ ကျွန်ုပ်တို့ မည်သို့မျှ သိနိုင်မည်မဟုတ်။ သို့ဖြစ်၍ ထိုပြဿနာကို လုံးဝမစဉ်းစားဘဲ မျက်ကွယ်ပြုထားခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ခံယူထားကြ၏။ ဤခံယူချက်မှာ သာမာန်လူအများစုအဖို့ မဖြစ်နိုင်ချေ။ လူသတ္တဝါသည် မည်သည့်ကိစ္စ၌မဆို ယုံကြည်ချက်တစ်ခုခု ရှိစမြဲဖြစ်၏။ တမလွန်ဘဝကိစ္စကို ငယ်ရွယ်စဉ်က ဂရုမပြုဘဲ လျစ်လျူပြုထားစေကာမူ ဇရာအရွယ်နှင့် နီးကပ်လာသောအခါ စိတ်ဝင်စား၍ ယုံကြည်ချက်တစ်ခုခု ရှိလာမည်ဖြစ်၏။

တမလွန်ဘဝနှင့်ပတ်သက်သော ယုံကြည်ချက်သည် လူသတ္တဝါတို့အဖို့ အလွန်အရေးကြီး၍ အတွေးအခေါ်ကို စိုးမိုးနေသည်ဟု အချို့က ဆိုကြပေရာ ဤအဆိုမှာ သံသယဝင်ဖွယ်ရှိ၏။ သူဌေးသူကြွယ်များသည် ကာမဂုဏ်စည်းစိမ် ယစ်မူးနေ၍ သေခြင်းတရားကိုပင် လုံးဝမစဉ်းစားကြ။ လူသတ္တဝါအများစုမှာမူ မိမိတို့ဝမ်းရေးနှင့် ကြီးပွားတိုးတက်ရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသဖြင့် တမလွန်အရေးကိစ္စကို သတိမရကြချေ။ မည်သို့ဖြစ်စေ ယုံကြည်ချက်သည် မိမိ၏အလိုဆန္ဒနှင့် သဟဇာတဖြစ်ပါက ကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦး၏ ချို့ယွင်းချက်ကိုကြည့်၍ ထိုသူ၏ ယုံကြည်ချက်ကို ပြစ်တင်ဝေဖန်ခြင်းသည် အခါခပ်သိမ်း မှန်ကန်လိမ့်မည် မဟုတ်ချေ။ တမလွန်ဘဝ ယုံကြည်သောသူတစ်ဦး ကြီးပွားတိုးတက်မှုမရှိခြင်းသည် သူကိုယ်နှိုက်က ညံ့ဖျင်းသောကြောင့် ဖြစ်ရပေမည်။ သူကဲ့သို့ ယုံကြည်ပြီး ကြီးပွားနေသောသူ အမြောက်အမြားရှိခြင်းကို ကျွန်ုပ်တို့ သတိပြုရပေမည်။ ထို့အတူ သေလျှင် ဘဝပြတ်သည်ဟု ခံယူထားသော သူတစ်ဦး အကျင့်စာရိတ္တပျက်ပြားနေခြင်းမှာလည်း သူ၏ ခံယူချက်ကြောင့်ဖြစ်သည်ဟု မဆိုသာချေ။ သူကဲ့သို့ ယုံကြည်ပြီး ကိုယ်ကျင့်တရား ကောင်းနေသောသူများ ရှိကြောင်း သတိပြုသင့်ပေ၏။

ဤနေရာ၌ အထက်က ဖော်ပြခဲ့သော တမလွန်ဘဝကိုမယုံသော အချို့ အနောက်တိုင်းသားတို့ သေခြင်းတရားကို အကြောင်းမတန် လွန်လွန်ကဲကဲ ရွံမုန်းမှုကို ပြန်လည်စဉ်းစားရန်ရှိ၏။ သူတို့သည် မူလပထမ တမလွန်ဘဝကို လက်ခံထားရာမှ သံသယဝင်လာပြီး အမြင်ပြောင်းလဲသွားကြခြင်းဖြစ်၏။ သို့ရာတွင် အမြင်သစ်မှာ အမြင်ဟောင်းကဲ့သို့ အတ္တစွဲရှိခြင်း၊ ဘဝတဏှာအားကောင်းခြင်း၊ ကာမဂုဏ်ချမ်းသာကို မက်မောခြင်း စသော သူတို့၏ ရှိရင်းစွဲ



အလိုဆန္ဒ စရိုက်ဝါသနာများနှင့် မကိုက်ညီချေ။ သို့ဖြစ်၍ သေခြင်းတရားကို သူတို့ ရွံရှာမုန်းတီးကြခြင်း ဖြစ်၏။ နဂိုမူလကပင် အတ္တစွဲနှင့် ဘဝတဏှာနည်းပါးသော အိုင်စတိုင်း, ဆစ်ဂမန်ဖရိုက်, ဆွမ်မာဆက်မွန် အစရှိသော အသိပညာရှင်များမှာမူ သေလျှင် ဘဝပြတ်သည်ဟု ယုံကြည်ကြသော်လည်း သေခြင်းတရားကို မကြောက်ကြချေ။

အမှန်ဆိုသော် မိမိ၏အလိုဆန္ဒ, စိတ်ဓာတ်စရိုက်နှင့် အံဝင်ခွင်ကျဖြစ်သော ယုံကြည်ချက်ကို လေးလေးနက်နက် ခံယူထားသော ပုဂ္ဂိုလ်သည် သေရမည်ကို အလွန်အမင်းကြောက်နေမည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် မိမိ၏ ယုံကြည်ချက်သည် မိမိ၏ အလိုဆန္ဒနှင့်အညီ မျှော်လင့်မှုကို ဖန်တီးပေး၍ စိတ်သက်သာရာ ရရှိမည်အမှန်ဖြစ်၏။ တမလွန်ဘဝကို လက်ခံသောသူများသည် သေပြီးနောက် ဘဝသစ်တစ်ဖန်ဖြစ်မှုကို လိုလားတောင့်တသူများဖြစ်၍ ယခုဘဝ၌ ပြုခဲ့သော ကောင်းမှုအတွက် တမလွန်ဘဝ၌ အကျိုးခံစားရလိမ့်မည်ဟု မျှော်လင့်နိုင်ကြ၏။ အနောက်တိုင်းသားတို့မှာမူ သူတို့၏ခံယူချက်နှင့်အညီ ထာဝရဘုံသို့ ရောက်ရှိ၍ ကွယ်လွန်လေပြီးသော ဆွေမျိုးသားချင်း အပေါင်းအသင်းများနှင့် ပြန်လည်တွေ့ဆုံမည့်အရေးကို မျှော်တွေး၍ သေမင်းကို ရင်ဆိုင်နိုင်မည်ဖြစ်၏။

သေလျှင် ဘဝပြတ်သည်ဟု ခံယူထားသော ပုဂ္ဂိုလ်သည်လည်း ကနဦးမူလက ဘဝတဏှာအားနည်း၍ ဘဝသစ်တစ်ဖန်ဖြစ်မှုကို အလိုမရှိသောသူ ဖြစ်ပါက သေခြင်းတရားကို ကြောက်နေမည်မဟုတ်ချေ။ အသက်ဇီဝိန်ချုပ်မှုကို မိမိနောက်ဆုံး အိပ်ပျော်မှုအနေဖြင့် မှတ်ယူပေလိမ့်မည်။ ရှုပင်ဟွာ၊ အီပီကူးရပ်၊ ဆောကရေးတီး စသော ရှေးပညာရှင်တို့၏ အဆိုအမိန့်များကို ဆင်ခြင်သုံးသပ်၍ သေမင်းကို ရင်ဆိုင်နိုင်မည်ဖြစ်၏။ ဂရိတွေးခေါ်ရှင် အီပီကူးရပ်က "ကျွန်ုပ်တို့သည် သေခြင်းတရားကို ဂရုစိုက်စရာမလိုပါ၊ အကောင်းနှင့်အဆိုးသည် ခံစားမှု၌သာရှိ၍ သေသောအခါ ခံစားမှုချုပ်ငြိမ်းသွားမည်ဖြစ်၏။ ဘဝပြတ်၍ ဘဝမှုမရှိခြင်းသည် ကြောက်စရာမဟုတ်ပါ။ ဘာမှုမရှိခြင်းကို မကြောက်ပါက သေမင်းကို ရင်ဆိုင်ရဲရမည်ဖြစ်၏။ အကြောင်းမူ ကျွန်ုပ်တို့ရှိသောအခါ၌ သေခြင်းတရားသည်မရှိ။ သေခြင်းတရားရှိသောအခါ၌ ကျွန်ုပ်တို့မရှိတော့ပါ"ဟု ဆို၏။ တမလွန်ဘဝကို အလိုမရှိသောသူသည် ဤသို့သော ရှေးပညာရှင်တို့၏ အဆိုအမိန့်များကို နှလုံးသွင်း၍ သေခါနီး၌ စိတ်ငြိမ်းချမ်းမှုကို ရရှိနိုင်ပေသည်။

*(ဂျာမန်ပညာရှင် ရှုပင်ဟွာ၏အမြင်ကို "ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ"၌ ဖော်ပြထားသည်။ ဂရိပညာရှင် ဆောကရေးတီး၏ အဆိုကို "ဘဝဆည်းဆာ"၌ ကြည့်ပါ။)*

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တမလွန်ဘဝနှင့်ပတ်သက်၍ မိမိ၏အလိုဆန္ဒနှင့် ကိုက်ညီသော ခံယူချက်တစ်ခုခုရှိထားခြင်းသည် သမုတိသစ္စာနယ်၌သာ ဉာဏ်ကျက်စား၍ မျက်မှောက်ဘဝ၌ စိတ်ငြိမ်းချမ်းမှုကို အလိုရှိသော လူများအဖို့ မှားသည်ဟု မဆိုသာချေ။ သို့ရာတွင် မည်သည့်ခံယူချက်ပင်ဖြစ်စေ အစွဲဥပါဒါန်မရှိဖို့ အရေးကြီး၏။ အစွဲဥပါဒါန်ဟူသမျှသည် ကျွန်ုပ်တို့အား ကောင်းကျိုးမပေးကြောင်း ယုံမှားစရာမရှိချေ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် တမလွန်ဘဝကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ မိမိ၏ခံယူချက်ကို ဝေဖန်ဆန်းစစ်ရန် မလိုသော်လည်း အစွဲဥပါဒါန် မရှိစေရန် သတိပြုသင့်သော အချက်များရှိ၏။

တမလွန်ဘဝကို ယုံကြည်သောပုဂ္ဂိုလ် သတိပြုသင့်သော အချက်မှာ တမလွန်ဘဝထက် မျက်မှောက်ဘဝက ပိုမိုအရေးကြီးမှုဖြစ်၏။ တမလွန်ဘဝကို ခံယူသော ရှေးပညာရှိတို့သည် တမလွန်ဘဝရှိကြောင်း ဟောပြောကြသော်လည်း ယင်းကိုအစွဲအလမ်းမထားဘဲ ပစ္စုပ္ပန်ကိုဂရုပြုရန် အလေးအနက်သတိပေးခဲ့ကြပေရာ (“ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ”) ဤသည်မှာ သဘာဝယုတ္တိရှိ၍ မှန်ကန်ကြောင်း ယုံမှားစရာမရှိချေ။ ယခုဘဝနှင့် တမလွန်ဘဝသည် အကြောင်းအကျိုးအားဖြင့် ဆက်စပ်လျက်ရှိ၍ ယခုဘဝကောင်းလျှင် တမလွန်သည်လည်းကောင်း ရမည် အမှန်ဖြစ်၏။ ဤနေရာ၌ ဥပမာအနေဖြင့် ကျွန်ုပ်တို့ဘဝခရီး၏ အပိုင်းကဏ္ဍများ ဆက်စပ်နေပုံကို စဉ်းစားရာ၏။ ကျောင်းသားလူငယ်သည် မိမိဘဝ ကဏ္ဍ၌ အရေးကြီးဆုံးဖြစ်သော ပညာသင်ကြားမှုကို အလေးဂရုပြုရပေမည်။ မိမိဘဝကဏ္ဍ၏ ပဓာနလုပ်ငန်းကိစ္စကို ဂရုမပြုဘဲ လူကြီးအရေးကိစ္စများ၌ စိတ်ဝင်စားနေ၍ လူကြီးဘဝကို မျှော်မှန်းပြီး စိတ်ကူးယဉ်နေပါက ဘဝတာဝန် ပျက်ကွက်၍ ကြီးပွားတိုးတက်မည် မဟုတ်ချေ။ ထိုနည်းအတူ တမလွန်ဘဝကို အလွန်အကျွံ ယုံကြည်စွဲလမ်း၍ မျက်မှောက်ဘဝ၌ မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို မျက်ကွယ်ပြုထားပါက ယခုဘဝနှင့် အနာဂတ်ဘဝပါ အကျိုးစီးပွား ဆုတ်ယုတ်မည်အမှန်ဖြစ်၏။

တမလွန်ဘဝကို လက်မခံသော ပုဂ္ဂိုလ်မှာကား သေသည်၏အခြားမဲ့၌ မျှော်လင့်ချက်မရှိသောကြောင့် ဘဝတဏှာနည်းပါးရန် လိုအပ်ပေရာ ထိုလိုအပ်ချက်အတွက် လူ့ဘဝ၏ဆင်းရဲမှု မတည်မြဲမှုနှင့် အစိုးမရမှုများကိုအလေးအနက် ဆင်ခြင်သုံးသပ်ဖို့ အရေးကြီး၏။ လူသေလျှင် ဘဝပြတ်သည်ဟု ခံယူခြင်းသည် လူ့ဘဝကို တန်ဖိုးနှိမ့်ချရန် အကြောင်းမဟုတ်ချေ။ ဘဝ၏အနှစ်သာရကို ရှာရာ၌ ကျွန်ုပ်တို့သည် ငါစွဲအတ္တစွဲဖြင့် မကြည့်ဘဲ လူ့လောကကို အကျိုးပြုရန်ဖြစ်ကြောင်း သတိပြုရပေမည်။ (“ဘဝဆည်းဆာ”)



တစ်နည်းဆိုသော် လူသတ္တဝါတစ်ဦး အသက်ရှင်နေခြင်းသည် ပဓာနအားဖြင့် လူသတ္တဝါမျိုးနွယ် ကြီးပွားတိုးတက်ရန်အတွက်ဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦးသေသောအခါ၌ သူ၏အသိအမြင် အတွေးအခေါ် ဓလေ့စရိုက်နှင့် လုပ်ကိုင်ဆောင်ရွက်မှုများသည် အခြားလူများ၌ ထင်ဟပ်၍ အကျိုးတရားများ ကျန်ရစ်မည်ဖြစ်၏။ အကျိုးတရားများမှာ ဆိုင်ရာပုဂ္ဂိုလ်၏ နှလုံးရည်အသိဉာဏ်နှင့် ဝီရိယစွမ်းအားကိုလိုက်၍ အတိမ်အနက် အတိုင်းအတာကွာခြားပေလိမ့်မည်။ ပုံစံအားဖြင့် သိပ္ပံပညာရှင်တစ်ဦး၏ ရှူးစမ်းရှာဖွေတွေ့ရှိမှုသည် ကမ္ဘာ့လူသားအားလုံးအဖို့ ပညာအမွေဖြစ်၍ သာမန်လူတစ်ဦး၌ကြိုးပမ်းမှုမှာကား သူ သေသောအခါ သားသမီးများ၌သာ ထင်ဟပ်ကျန်ခဲ့မည်ဖြစ်၏။ မည်သို့ဖြစ်စေ လူတစ်ဦး သေသည်၏အခြားမဲ့၌ သူ၏စိတ်ဓာတ်စရိုက်နှင့်ဆောင်ရွက်မှုများသည် အချည်းနှီး မဖြစ်ဘဲ အကျိုးတရားများ ကျန်ရှိခဲ့ခြင်းမှာ ထင်ရှား၏။

သို့ဖြစ်၍ တမလွန်ဘဝကို ပယ်ခြင်းသည် မိမိဘဝကို စိတ်ပျက်ငြီးငွေ့ရန် အကြောင်းမဟုတ်ချေ။ ကျွန်ုပ်တို့ပြုသော အမှုများသည် ကျွန်ုပ်တို့အသက်ရှိစဉ် သူတစ်ပါးအား အကျိုးပြု၍ အသက်ဇီဝိန် ချုပ်ငြိမ်းသွားသောအခါ၌လည်း အချည်းနှီးမဖြစ်ဘဲ သူတစ်ပါးအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း သတိပြုရပေမည်။ တမလွန်ဘဝ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သတ္တဝါအများအကျိုးကို ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်၏အသက်ဝိညာဉ်သည် နောင်လာနောက်သားတို့၏ နှလုံးသား၌ ထာဝရစွဲမြဲ ကျန်ရှိနေပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

အ ခ န် း [ ၂၀ ]

# နိဂုံး

စိတ်ဝိညာဉ်သုတေသီဆရာတို့ စူးစမ်းလေ့လာ၍ တွေ့ရှိရသော အချက်များကို အတော်အတန် စုံစုံလင်လင် ဖော်ပြခဲ့ပေပြီ။ ထိုတွေ့ရှိရချက်များကို အားလုံးခြုံ၍ ဆင်ခြင်သုံးသပ်ပြီးလျှင် နောက်ဆုံးရေးသားရန် အချက်များ ကျန်ရှိသေး၏။

စိတ်ဝိညာဉ်သုတေသနနယ်မှ ကျွန်ုပ်တို့ အခိုင်အမာသိရသော အချက်မှာ ဤကမ္ဘာပေါ်၌ သိပ္ပံပညာရှင်က ရှင်းပြ၍မရအပ်သော ဒိဋ္ဌမေ့ အမြောက်အမြား ရှိခြင်းဖြစ်၏။ ထိုဒိဋ္ဌမေ့များသည် သိပ္ပံပညာ၏ သမားရိုးကျ ခံယူချက်များနှင့် ဘောင်မဝင်ချေ။ စိတ်ဝိညာဉ်လက္ခဏာကင်းလွတ်၍ သိပ္ပံနည်းဖြင့် နှိုက်ချွတ်လေ့လာ၍ မရအပ်သော ဒိဋ္ဌမေ့များ ဖြစ်လျက်ရှိ၏။

စိတ်ဝိညာဉ်ဆရာတို့ လေ့လာတွေ့ရှိရချက်များအရ ကျွန်ုပ်တို့သည် ရုပ်ဝါဒကို တရားသေ လက်ခံထားရန် မဖြစ်နိုင်ချေ။ စိတ်နှင့်ကိုယ်ခန္ဓာသည် မည်သို့မည်ပုံ ဆက်သွယ်နေသည်ကို ကျွန်ုပ်တို့ အတိအကျမသိရသော်လည်း ရုပ်တရားသည် အရာရာ၌ ပဓာနမဟုတ်။ သိမှုသည် အခါခပ်သိမ်း နားမျက်စိစသော အာရုံဒွါရများပေါ်၌ တည်သည်မဟုတ်။ နားမျက်စိကို မသုံးဘဲ စဉ်းစားကြံစည်ခြင်းလည်း မပြုဘဲ သိမှုဖြစ်ပေါ်နိုင်ကြောင်း၊ ထိုသိမှု၌ ကာလဒေသ ကန့်သတ်ချက် မရှိကြောင်း ကျွန်ုပ်တို့ သိရပေပြီ။ စိတ်သည် ရုပ်တရားကို ဖန်တီးစေစားနိုင်ကြောင်းကိုလည်း သိရှိရပေပြီ။



သို့ရာတွင် ဤတွေ့ရှိရချက်များကြောင့် ကျွန်ုပ်တို့သည် တစ်ဖက်စွန်းသို့ အတွေးအခေါ် လွဲချော်မသွားစေရန် သတိပြုရပေမည်။ လူသတ္တဝါအားလုံးအဖို့ စိတ်သည်သာ ပဓာနအချုပ်အခြာဖြစ်သည်။ ရုပ်တရားမှာ စိတ်၏ပြုပြင်ဖန်တီးမှုမျှသာဖြစ်သည်ဟု ထင်မှတ်ပါက လွဲမှားပေလိမ့်မည်။

ရှေးဦးစွာ ပရဝိညာဉ်သည် ယခုခေတ်၌ လူတို့၏တိုးကက်မှုကြောင့် ပေါ်ထွန်းလာသော သတ္တိဖြစ်လေသလော။ သို့တည်းမဟုတ် ရှေးပဝေသဏီကပင် လူတို့၌ ရှိခဲ့လေသလောဟု စဉ်းစားရန်ရှိ၏။ စိတ်ဝိညာဉ်သုတေသီတို့ကမူ ပရဝိညာဉ်သည် ရှေးလူတို့၌ရှိခဲ့သော စိတ်စွမ်းအင်ဖြစ်သည်ဟု ယူဆကြ၏။ ရှေးဟောင်းစာပေများ၌ တန်ခိုးဣဒ္ဓိများအကြောင်း အထူးဖော်ပြထားခြင်းကို သတိပြုသင့်ပေ၏။ ပရဝိညာဉ်သည် ရှူးလူး၊ အက်စကီးမိုးစသော သမိုင်းဦးလူမျိုးစုများ၌ ပိုမိုတွေ့ရကြောင်း အနောက်တိုင်းသားခရီးသည်တို့၏ ထူးဆန်းထွေလာ ကိုယ်တွေ့မှတ်တမ်းများအရ ကျွန်ုပ်တို့ သိရ၏။ ထင်ရှားသောသာဓကမှာ အာဖရိကတိုက်၌ တစ်ရွာမှတစ်ရွာသို့ ဗုံတီး၍ သတင်းပို့သော ဓလေ့ဖြစ်၏။ ခါတွန်မြို့၌ အင်္ဂလိပ်ဗိုလ်ချုပ် ဂေါ်ဒန်ကျဆုံးစဉ်က မိုင်ပေါင်းများစွာ ကွာဝေးသော ကိုင်ရိုမြို့သို့ ခါတွန်မှ လူတစ်ဦးတစ်ယောက်မျှ မရောက်မီ ထိုသတင်း ပျံ့နှံ့သွားသည်ဆို၏။

ပရဝိညာဉ်သည် ငါ၊ သူတစ်ပါး မခွဲခြားဘဲ လူသတ္တဝါအားလုံး တစ်စိတ်တည်းတစ်ဝမ်းတည်းဖြစ်၍ အုပ်စုစိတ်ကြီးစိုးနေသော သမိုင်းဦးခေတ်က အားကောင်း၍ ငါစွဲပုဂ္ဂလိကစိတ်လွန်ကဲသော ယခုခေတ်၌ အားနည်း၍ မြုပ်ကွယ်နေဟန်လက္ခဏာရှိ၏။ သို့ဖြစ်၍ ၎င်းနိုးကြားထကြွလာစေရန် ပရိယာယ်သုံးကြရ၏။ အာဖရိကတိုင်းရင်းသားတို့ တယ်လီပသီဖြင့် သတင်းပို့ရန် ဗုံတီးခြင်း၊ မြန်မာနိုင်ငံရှိ တောင်တန်းသားများ အမှုကိစ္စ တစ်စုံတစ်ခုမပြုမီ နိမိတ်ကောက်ရန် ကြက်ရိုးထိုးခြင်း၊ မှန်စာချခြင်း စသည်တို့မှာ ပရဝိညာဉ် နိုးကြားလာစေရန် ပရိယာယ်ဆင်ခြင်းများ ဖြစ်သည်ဟု အချို့ပညာရှင်တို့ ယူဆကြ၏။

ယခုခေတ်၌ လူတို့ ဗဟုသုတကြွယ်ဝ၍ အသိဉာဏ်တိုးပွားလာကြခြင်းသည် ပရဝိညာဉ်အားနည်းရန် အကြောင်းတစ်ရပ်ဖြစ်၏။ ပရဝိညာဉ်သည် မနောဝိညာဉ်၏ အောက်ဆုံးပိုင်းအလွှာဖြစ်၍ အသိအမြင် အတွေးအခေါ်များက ၎င်းကို ပိတ်ပင်၍ ကာစီးထားတတ်၏။ သုတေသီဆရာတစ်ဦး၏ အလိုအားဖြင့် ပရဝိညာဉ် စွမ်းအားကောင်းသောသူသည် မြို့ကြီးသားမဟုတ်ဘဲ တောနေလူတန်းစားဖြစ်တတ်သည်။ စက်ပစ္စည်းထက် သဘာဝအလှကို ပိုမိုနှစ်သက်

www.burmeseclassic.com



သည်။ သိပ္ပံပညာကိုအထင်မကြီးဘဲ သိပ္ပံဆရာတို့ကြဲစည်၍ မရအပ်သော ပရလောကကို လက်ခံယုံကြည်သူ ဖြစ်တတ်သည်ဆို၏။

စင်စစ် ပရစိတ်ညာဉ်အားကောင်း၍ အကြားအမြင်ရသည်၊ စိတ်တန်ခိုးဖြင့် အံ့ဖွယ်သရဲအမှုများ ပြုလုပ်နိုင်သည်ဆိုသော ပုဂ္ဂိုလ်များမှာ ကမ္ဘာလူဦးရေနှင့်စာသော် အလွန်နည်းပါး၍ ထိုသူတို့ကို လူ့သမိုင်းမှ ဉာဏ်ကြီးရှင်များ၊ သူတော်သူမြတ်များနှင့် နှိုင်းယှဉ်စဉ်းစားရပေမည်။ ကျွန်ုပ်တို့သည် ဉာဏ်ကြီးရှင်နှင့်သူတော်သူမြတ်များကို သတ္တလောက၌ လူသတ္တဝါကြီးပွားတိုးတက်မှု၏ အတိုင်းအတာပြယုဂ်အနေဖြင့် အသိအမှတ်ပြုကြ၏။ သို့ရာတွင် ထိုပုဂ္ဂိုလ်ထူးများမှာ လူနည်းစုများဖြစ်ပေရာ အလားအလာရှိသည်ဆိုစေ၊ ယေဘုယျအားဖြင့်ကား လူတို့သည် အသိဉာဏ်အရာ၌သော်လည်းကောင်း၊ အကျင့်သီလအားဖြင့်သော်လည်းကောင်း၊ ထိပ်တန်းသို့မရောက်ဘဲ အလယ်အလတ် သို့မဟုတ် အောက်တန်း၌ ရှိနေကြခြင်းမှာ မျက်မြင်အထင်အရှားဖြစ်၏။

စင်စစ် ပရစိတ်ညာဉ်အားကောင်းသော ပုဂ္ဂိုလ် (ဝါ) စိတ်တန်ခိုးသတ္တိရှိ၍ အကြားအမြင်ရသောပုဂ္ဂိုလ်သည် ဉာဏ်ကြီးရှင်ကဲ့သို့ပင် ကမ္ဘာ၏ လူနည်းစုပုဂ္ဂိုလ်ထူးဖြစ်၍ ဉာဏ်ကြီးရှင်နှင့် တူညီသော လက္ခဏာအင်္ဂါများရှိ၏။ ပရစိတ်ညာဉ်စွမ်းအားသည် ဉာဏ်ကြီးရှင်၏ အသိဉာဏ်စွမ်းအားကဲ့သို့ပင် အားထုတ်မှုလေ့လာသင်ကြားမှုနှင့်မဆိုင်ဘဲ ပဋိသန္ဓေကပါလာသော ဗီဇသတ္တိတစ်မျိုးဖြစ်၏။ ယနေ့အထိ အနောက်တိုင်း သုတေသနဆရာတို့ လေ့လာခဲ့ကြသော အကြားအမြင်ရ ပုဂ္ဂိုလ်တို့သည် လေ့လာအားထုတ်ခြင်း၊ ဆရာတစ်ဦးက လေ့ကျင့်သင်ကြားပေးခြင်းဖြင့် သူတို့တန်ခိုးဣဒ္ဓိ ရရှိခဲ့ကြပါသည်ဟု မဆိုချေ။ အဘယ်နည်းဖြင့် အကြားအမြင်ရ၍ အံ့ဖွယ်သရဲအမှုများ ပြုလုပ်နိုင်ပါသနည်းဟုလည်း သူတို့ပြောမပြနိုင်ကြချေ။

အချို့သောဉာဏ်ကြီးရှင်များသည် ကိုယ်ကျင့်တရားအရာ၌ အားနည်းချို့တဲ့သောသူများ ဖြစ်ကြပေရာ အကြားအမြင်ရ ပုဂ္ဂိုလ်များမှာလည်း ထိုနည်းအတူဖြစ်၏။ တစ်နည်းဆိုသော် ပရစိတ်ညာဉ်အားကောင်းမှုနှင့် အကျင့်သီလကောင်းမှုသည် တခြားစီဖြစ်၏။ အချို့သော နာမည်ကျော် နတ်ဝင်များသည် အံ့ဖွယ်သူရဲပြုလုပ်ပြသနိုင်ကြသော်လည်း ထိုသို့မပြသနိုင်သော အခါများ၌ တစ်ခါတစ်ရံ လိမ်လည်လှည့်စားကြ၏။ အခြားသော တန်ခိုးဣဒ္ဓိရှင်များမှာလည်း သီလသမာဓိအားဖြင့် သာမန်လူများထက် ထူးခြားသည်ကို မတွေ့ရချေ။

အသိဉာဏ်ပညာအားဖြင့်လည်း ဣဒ္ဓိရှင်တို့သည် ထူးချွန်သောသူများ မဟုတ်ကြချေ။ သုတေသီဆရာတို့ အံ့သြအောင် စိတ်တန်ခိုးသတ္တိပြသခဲ့သော နတ်ဝင်တစ်ဦးမှာ စာမဖတ်တတ်၊ မရေးတတ်သော အီတလီကျေးတောသူမတစ်ဦး ဖြစ်၏။ အကြားအမြင်ရသော ပုဂ္ဂိုလ်တို့မှာ တရား "ပေါက်" ပြီးသောသူများဖြစ်၍ သိမ်မွေ့နက်နဲသော တရားကို ထိုးထွင်းသိမြင်ကြသည်ဟု အရှေ့တိုင်းသားတို့ ယုံကြည်ကြပေရာ ဤအစဉ်အလာ ယုံကြည်ချက်မှာ သုတေသီဆရာတို့၏ တွေ့ရှိရချက်နှင့် မကိုက်ညီချေ။ ဣဒ္ဓိရှင်တို့ကလည်း သူတို့သည် တရားအသိအမြင် ရင့်ကျက်ပြီးသောသူများဖြစ်ပါသည်ဟု မဆိုကြချေ။ တမလွန်လောကအကြောင်း အကြားအမြင်ရသော နတ်ဝင်တို့၏ ပြောပြချက်များမှာ တစ်ဦးနှင့်တစ်ဦး ညီညွတ်ခြ င်းမရှိ။ တစ်ယောက်တစ်မျိုးစီ ဖြစ်၍ ဆန္ဒစွဲဝါဒများ ပါဝင်နေဟန် လက္ခဏာရှိသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီက ပေါလ်ဗရွတန်ဆိုသော ဗြိတိသျှစာရေးဆရာတစ်ဦးသည် အိန္ဒိယပြည်၌ အနှံ့အပြားလှည့်လည်သွားလာ၍ ဟိန္ဒူယောဂီဘုန်းကြီးများကို တွေ့ဆုံလေ့လာပြီးလျှင် သူ၏အတွေ့အကြုံများကို ရေးသားခဲ့ရာ သူ၏ စာအုပ်မှာ လူကြိုက်များ၍ အကြိမ်ကြိမ် ပြန်လည်ပုံနှိပ်ရ၏။ စာအုပ်ထဲ၌ အိန္ဒိယယောဂီတို့၏ အံ့ဖွယ်သရဲ တန်ခိုးဣဒ္ဓိများကို ဖော်ပြထားပေရာ ကျွန်ုပ်တို့သတိပြုရန်ရှိသည်ကား ထိုဣဒ္ဓိရှင်အားလုံးမှာ သီလသမာဓိပညာဂုဏ်အားဖြင့် ထူးခြားခြင်းမရှိ။ စာရေးသူအား တရားထူးတရားမြတ် ဟောပြောပြသနိုင်ခြင်းမရှိ။ စာရေးသူအား တရားရေအေးတိုက်ကျွေး၍ စိတ်နှလုံးငြိမ်းအေးချမ်းမြေ့အောင် ပြုလုပ်နိုင်သောပုဂ္ဂိုလ်မှာ တန်ခိုးဣဒ္ဓိ စိုးစဉ်းမျှမပြဘဲ တရားစကား တစ်ခွန်းနှစ်ခွန်းမျှ မိန့်ကြားခဲ့သော အိန္ဒိယပြည်တောင်ပိုင်းမှ သူတော်စင် မဟာရသျှိ ဖြစ်လေသည်။

ဤသို့ သီလသမာဓိပညာအတွက် အထောက်အကူမပြုသော ပရစိတ်ညာဉ်စွမ်းအား (ဝါ) တန်ခိုးဣဒ္ဓိများသည် (ထို့ကြောင့် ကမ္ဘာ့ဘာသာတရားကြီးများသည် တန်ခိုးဣဒ္ဓိပြမှုကို အားမပေးချေ။ "ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ") လူသား၏ ကြီးပွားတိုးတက်မှုအား အခြားမည်သည့်နည်းဖြင့် အကျိုးပြုပါမည်နည်းဟု စဉ်းစားရန်ရှိ၏။ ပရစိတ်ညာဉ် ဖွံ့ဖြိုးတိုးတက်ပါက လူတို့သည် သမားရိုးကျနည်းဖြင့် ဖြေရှင်း၍မရသော လူမှုပြဿနာများကို ဖြေရှင်းနိုင်ကြလိမ့်မည်ဟု အချို့က ယုံကြည်ကြ၏။ အမေရိကန်ပြည်ရှိ အချို့သော အသံလွှင့်ရုံများသည် ပရစိတ်ညာဉ်အားကောင်းသော ပုဂ္ဂိုလ်များကို ငှားရမ်းထားကြောင်း၊ ထိုပုဂ္ဂိုလ်တို့သည် တယ်လီဖုန်းဖြင့် မေးမြန်းစုံစမ်းသော သောတရှင်များ၏ ကျန်းမာရေး၊



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေး၊ အိမ်ထောင်ရေးပြဿနာများကို စိတ်တန်ခိုးဖြင့် ဖြေရှင်းပေးကြောင်း နယူးစဝီမဂ္ဂဇင်း(၈-၄-၇၄) အဆိုအားဖြင့် သိရ၏။

သို့ရာတွင် ပရဝိညာဉ်စွမ်းအားမှာ အခါခပ်သိမ်း ယုံကြည်ကိုးစားရန် မဖြစ်နိုင်ချေ။ ၎င်းသည် အတတ်ပညာ သို့မဟုတ် ကိုယ်ပိုင်သတ္တိတစ်ခုခုကဲ့သို့ နှစ်ကာလတာရှည်မတည်မြဲဘဲ အလိုအလျောက် ငြိမ်ဝပ်ငုပ်ကွယ်သွားတတ်သော စွမ်းအင်တစ်မျိုးဖြစ်၏။ ငြိမ်ဝပ်နေသောအခါ၌ ပရဝိညာဉ်ကို သက်ဝင်လှုပ်ရှားလာအောင် ပြုလုပ်ရန် မဖြစ်နိုင်ချေ။ တစ်ခါက အမေရိကန်သမ္မတ ကနေဒီ အသတ်ခံရမည်ကို ကြိုတင်သိမြင်၍ အခြားရှေ့ဖြစ်များကို အံ့ဖွယ်လိလိ တိကျမှန်ကန်စွာ ဟောပြောခဲ့သော နာမည်ကြီးနတ်ဝင် ဂျင်းဒစ်ဆင်မှာ ယခုအခါ မေးမှိန်လျက်ရှိပေပြီ။ အမေရိကန်ပြည်၌ ဂျင်းဒစ်ဆင်ကဲ့သို့ ပရဝိညာဉ်အားကောင်းသောသူများရှိပေရာ အက်ဖ်ဘီအိုင်က ခက်ခက်ခဲခဲ ထောက်လှမ်းရသော အမှုကြီးများ၌ ထိုသူတို့က ထိထိရောက်ရောက် ကူညီသောသတင်းကို ကျွန်ုပ်တို့ မကြားရချေ။

ပရဝိညာဉ်သည် ထိုသို့မဟုတ်ဘဲ လူအများ၌ အမြဲတစေ အားကောင်း၍ နိုးကြားထကြွနေသော စွမ်းအင်သတ္တိဖြစ်လျှင်လည်း လူ့လောကအား ကောင်းကျိုး ပြုပါမည်လောဟု စဉ်းစားရန်ရှိ၏။ ဆိုင်ကိုအနာလစ်ခေါ် စိတ်ပညာရှင်တို့၏ အလိုအားဖြင့် လူတို့သည်ယေဘုယျအားဖြင့် အဘိဇ္ဈာဣဿာ မစ္ဆရိယ စသော စိတ်ယုတ်စိတ်ညံ့များ လွှမ်းမိုး၍ အပေါ်ယံဟန်ဆောင်နေလေ့ရှိကြပေရာ တယ်လီပသီအားဖြင့် တစ်ဦးစိတ်ကို တစ်ဦး အမှန်အတိုင်း သိမြင်နေရပါက လူချင်း ပေါင်းသင်းဆက်ဆံရေးမှာ ဆုတ်ယုတ်ပျက်ပြားသွားမည်အမှန်ဖြစ်၏။ နောင်ကာလ၌ မည်သို့မည်ပုံဖြစ်ပျက်မည်ကို ပရဝိညာဉ်ဖြင့် မကြာခဏ ကြိုတင်သိမြင်နေမည်ဆိုလျှင်လည်း ချမ်းသာသုခထက် ဆင်းရဲဒုက္ခက ပိုမိုများပြားသော ဤလူ့ဘုံ၌ ကျွန်ုပ်တို့မှာ စိတ်ငြိမ်းချမ်းသာမှု ရရှိတော့မည်မဟုတ်ချေ။ စင်စစ် ကျွန်ုပ်တို့ ပေါင်းသင်းဆက်ဆံနေသော လူများ၏အကြောင်းအရာကို အကုန်အစင် မသိရခြင်း အနာဂတ်ကိုကြိုတင်မသိမြင်ခြင်းသည် တစ်နည်းအားဖြင့် ကျွန်ုပ်တို့ အဖို့ ကောင်းသည်ဟု ဆိုရပေမည်။

ပရဝိညာဉ်အားကောင်း၍ အမြဲရှင်သန်လှုပ်ရှားနေပါက ကျွန်ုပ်တို့ နေ့စဉ်ရင်ဆိုင်နေကြရသော ပြဿနာနှင့် အခက်အခဲများ နည်းပါးသွားမည်ကား မှန်၏။ သို့ရာတွင် ယင်းတို့နည်းပါးသွားသည်နှင့်အမျှ ကြိုးစားအားထုတ်မှု၊ စိတ်ကူးကြံစည်မှုနှင့် စွန့်စားရှာဖွေမှုများသည်လည်း ယုတ်လျော့သွားပေလိမ့်



မည်။ သမိုင်းဦးခေတ်ကစ၍ လူသတ္တဝါသည် ပရဝိညာဉ်အားကောင်းခဲ့ပါက ယခုကဲ့သို့ ကြီးပွားတိုးတက်ခဲ့မည် မဟုတ်ချေ။ ပရဝိညာဉ်အားနည်းသောကြောင့် လူ့ဘဝသည် မသေချာ၊ မရေရာသောဘဝဖြစ်သည်မှန်၏။ သို့ရာတွင် ထိုမသေချာ၊ မရေရာမှုကြောင့် ကြံစည်အားထုတ်ရခြင်း၊ စွန့်စားလုပ်ကိုင်ရခြင်းနှင့် စိတ်ကူးမျှော်မှန်းရခြင်းသည်ပင် လူ့ဘဝ၏ အနှစ်သာရများဖြစ်သည် မဟုတ်ပါလော။

လူတို့သည် တန်ခိုးဣဒ္ဓိရှင်များကို အထင်အမြင်ကြီး၍ တန်ခိုးဣဒ္ဓိကို အလိုရှိကြ၏။ စင်စစ် တန်ခိုးဣဒ္ဓိနှင့် ကြီးပွားချမ်းသာမှုသည် ဘခြားစီဖြစ်ကြောင်း သတိမပြုမိကြချေ။ ဤနေရာ၌ ဂဏန်းဝိဇ္ဇာများအကြောင်း (အခန်း-၂)ကို ပြန်လည်စဉ်းစားရာ၏။ ထိုဂဏန်းဝိဇ္ဇာများသည် ကိန်းရှည်ကြီးများပါဝင်သည့် ဂဏန်းပုစ္ဆာများကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် အဖြေကို ဒိုးဒိုးဒေါက်ဒေါက် ပြောနိုင်စွမ်းရှိကြပေရာ ဤအစွမ်းသတ္တိမှာ သိပ္ပံပညာတိုးတက်မှုအတွက် လိုအပ်သော အထက်တန်းသင်္ချာပညာ လေ့လာရာ၌ မည်သို့မျှ အရေးမပါချေ။ ထို့ကြောင့် ဂဏန်းဝိဇ္ဇာများသည် ပထမတွင် ဟိုးလေးတကျော်ဖြစ်ခဲ့သော်လည်း ကြီးပွားအောင်မြင်ခြင်းမရှိဘဲ တိမ်မြုပ်သွားသည်ကများ၏။

အခြားတန်ခိုးဣဒ္ဓိများသည်လည်း ထိုနည်းနှင်နှင်ဖြစ်၏။ ကျွန်ုပ်တို့သည် ဣဒ္ဓိရှင်များကို ချီးကျူးအံ့သြ၍ တစ်ခါတစ်ရံ ကိုယ်ရေးကိစ္စများအတွက် အကူအညီ တောင်းနိုင်သည်မှန်သော်လည်း အသိအလိမ္မာ၊ ဆင်ခြင်တုံတရား၊ အကြားအမြင် ဗဟုသုတ၊ အတိတ်ကာလအတွေ့အကြုံ၊ လုံ့လဝီရိယ၊ ဇွဲသတ္တိ စသည်တို့ကို အခြေပြု၍ လုပ်ကိုင်ဆောင်ရွက်ကြရပေမည်။

ပရဝိညာဉ်ကို ကြီးပွားချမ်းသာမှုအတွက် အားကိုးရန် မဖြစ်နိုင်သော်လည်း ယင်းအကြောင်းကို လေ့လာရာမှ ကျွန်ုပ်တို့၏ အသိအမြင်တိုးတက်ရင့်ကျက်လာခြင်းကိုကား ယုံမှားစရာမရှိချေ။ ရုပ်ဝါဒသည် ရာခိုင်နှုန်းပြည့် တိကျမှန်ကန်၍ ပြီးပြည့်စုံသော ဝါဒမဟုတ်ကြောင်း ရုပ်လောကသည် ကျွန်ုပ်တို့ ပတ်ဝန်းကျင်လောက၏ တစ်ခုသော အစိတ်အပိုင်းမျှသာဖြစ်၍ စိန္တာမယဉာဏ်ဖြင့်သော်လည်းကောင်း၊ သိပ္ပံပညာဖြင့်သော်လည်းကောင်း နှိုက်ချွတ်၍ မရအပ်သော စိတ်ဝိညာဉ်လောကသည် ရှိကြောင်း အသေအချာသိရပေပြီ။

လူသတ္တဝါသည် ရုပ်တရား၏ ပြုပြင်စီရင်မှုကို အမြဲငုံ့ခံနေရန်မလိုဘဲ စိတ်အစွမ်းသတ္တိဖြင့် မိမိ၏ဘဝကြမ္မာကို အထိုက်အလျောက် ဖန်တီးနိုင်ကြောင်း စိတ်ဝိညာဉ်သုတေသနက အထင်အရှားပြလျက် ရှိပေပြီ။ ပရဝိညာဉ်သည် ရုပ်

www.burmeseclassic.com

www.burmeseclassic.com



တရားကို စိုးမိုး၍ အံ့ဖွယ်သရဲအမှုများ ပြုလုပ်နိုင်သည်မှန်ပါက လူတို့၏ ကြီးပွားတိုးတက်မှု၌ စိတ်ဓာတ်၏ အရေးပါခြင်းကို ယုံမှားစရာမရှိချေ။ ပြင်းပြသော အလိုဆန္ဒနှင့် ခိုင်မာသော ယုံကြည်မှု၏ အကျိုးတရားသည် အသိဉာဏ်အမြော်အမြင်နှင့် လုံ့လဝီရိယထူးချွန်သော ပုဂ္ဂိုလ်တို့၏ အောင်မြင်မှု၌သာလျှင် ထင်ရှားသည်မဟုတ်။ ဘုရားရှိခိုးခြင်း၊ ဆုတောင်းခြင်း၊ ပရိတ်ရွတ်ဖတ်ခြင်းစသော သမားရိုးကျ ဘာသာရေးအမှုများ ပြုသောသူတို့၏ အောင်မြင်မှုများ၌လည်း ထင်ရှား၏။ အကယ်၍ သူတို့မအောင်မြင်ပါက အသိဉာဏ်လုံ့လဝီရိယစသည်တို့ အားနည်းမှုကြောင့်ဖြစ်၍ အစဉ်အလာ ဘာသာရေးလုပ်ငန်းများကို ပြစ်တင်ဝေဖန်ဖို့မလိုချေ။ ယင်းတို့မှာကြီးပွားချမ်းသာမှုအတွက် အရေးပါသော စိတ်ဓာတ်ကို အားသစ်လောင်းပေးသည့်အလုပ်ဖြစ်ကြောင်း သတိပြုရပေမည်။

စိတ်ဝိညာဉ်၏ ထူးထွေဆန်းပြားသော အကြောင်းခြင်းရာများကို လေ့လာရာ၌ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်သတ္တဝါ အသက်ဇီဝိန်ချုပ်ငြိမ်းပြီးသည်၏အခြားမဲ့၌ စိတ်ဝိညာဉ်မည်သို့ဖြစ်သွားပါသနည်းဆိုသော ပြဿနာကို ရင်ဆိုင်ကြရမည်ဖြစ်၏။ လူသည် သေဆုံးပြီးနောက် အချည်းနှီး မဖြစ်ဘဲ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ တစ်စုံတစ်ခု ကြွင်းကျန်သည်ဟူ၍သော်လည်းကောင်း၊ ဘဝသစ်တစ်ဖန် ဖြစ်မှုရှိသည်ဟူ၍သော်လည်းကောင်း ယူဆရန် ခိုင်မာသော အထောက်အထားများရှိကြောင်း သိရပေပြီ။ သို့ရာတွင် ထိုဘဝသစ် တစ်ဖန်ဖြစ်ခြင်း သည် လူအများ အစဉ်အလာ နားလည်ခံယူထားသော ဘဝတစ်ပါးကူးပြောင်းမှုဖြစ်သည်ဟု ဆိုနိုင်ပါမည်လောဟု အလေးအနက် ဆင်ခြင်စဉ်းစားဖို့ လိုပေလိမ့်မည်။

ဤပြဿနာနှင့်ပတ်သက်၍ လူတို့သည် အချုပ်အားဖြင့် မိမိတို့အလိုဆန္ဒ စိတ်ဓာတ်စရိုက်နှင့် လျော်ညီသော အဆိုကို ခံယူကြရမည် ဖြစ်ကြောင်း လွန်ခဲ့သောအခန်း၌ ပြဆိုခဲ့ပေပြီ။ ကျွန်ုပ်တို့၏ခံယူချက် မည်သို့သော ခံယူချက်ပင်ဖြစ်စေ စိတ်ဝိညာဉ်သုတေသနမှုရရှိအပ်သော သင်ခန်းစာသည်ကား မိမိ၏ အယူ၌ အစွဲဥပါဒါန်ကြီးမှု မိမိနှင့် အမြင်ချင်းမတူသောသူတို့၏အယူကို ကဲ့ရဲ့ ပုတ်ခတ်မှုကို ရှောင်ကြဉ်ရပေမည်။

စိတ်ဝိညာဉ်သုတေသနလုပ်ငန်းမှာ ယခုအခါ အနောက်နိုင်ငံများ၌ အခြေခိုင်မာ၍ ကြီးပွားတိုးတက်လျက်ရှိ၏။ ရုပ်ဝါဒကို ဦးထိပ်ထားသော ဆိုဗီယက်၊ ရုရှားနိုင်ငံ၌ပင် သိပ္ပံပညာရှင်တို့သည် ပရဝိညာဉ်ကို စိတ်ဝင်စား၍ သုတေသန ပြုနေကြပြီဖြစ်၏။ သီဟိုဠ်၊ ယိုးဒယားစသော အရှေ့နိုင်ငံများ၌လည်း ယခုအခါ



စိတ်ဝိညာဉ်သုတေသနအသင်းများရှိ၍ အိန္ဒိယနိုင်ငံ၌မူ အစိုးရအကူအညီဖြင့် သိပ္ပံနည်းကျကျ စူးစမ်းလေ့လာသော သုတေသနဌာနများရှိ၏။ နတ်ကတော်၊ ဝိဇ္ဇာ၊ ပျောက်စေဆရာ စသည်တို့ ပေါများလှသော မြန်မာနိုင်ငံ၌လည်း စိတ်ဝိညာဉ်သုတေသနအသင်းတစ်ခု ပေါ်ထွက်ရန် အချိန်တန်ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆက်တွဲ

### (၁) တယ်လီပသီအကြောင်း နောက်ထပ်လေ့လာတွေ့ရှိချက်

၁၉၆၉ ခုနှစ်၊ ဒေါက်တာအိုင်ယန်စတီဗင်ဆင် (လူ့ဝင်စားမှုများကို လေ့လာခဲ့သော သုတေသီဆရာ)သည် ဗြိတိသျှနှင့် အမေရိကန် စိတ်ဝိညာဉ် သုတေသန အသင်းဂျာနယ်များ၌ပါရှိသော တယ်လီပသီအမှုများထဲ၌ အထောက် အထားခိုင်မာသော အမှုပေါင်း ၁၆၀ နှင့် နောက်ထပ် အသစ်တွေ့ရှိခဲ့သော အမှု ၃၅ ခုကို သေချာစွာလေ့လာဆန်းစစ်ပြီးလျှင် တယ်လီပသီ၏ယေဘုယျ လက္ခဏာခြင်းရာများကို ရေးသားတင်ပြခဲ့၏။ (Ian Stevensen, "Telepathic Impressions") စတီဗင်ဆင်၏ တင်ပြချက်များကို အကျဉ်းချုပ်ဖော်ပြပါအံ့။

တယ်လီပသီဖြင့် စိတ်ဓာတ်ဆက်သွယ်မှု၌ ပုဂ္ဂိုလ်တစ်ဦးသည် အခြား ပုဂ္ဂိုလ်တစ်ဦး၏ ကြုံတွေ့ခံစားရချက်များကို အလိုလိုစိတ်ဖြင့် သိရှိရခြင်းဖြစ်၍ ပုဂ္ဂိုလ်နှစ်ဦး ရှိစမြဲဖြစ်၏။တစ်နည်းဆိုသော် ပုဂ္ဂိုလ်တစ်ဦးမှာ တယ်လီပသီဖြင့် သတင်းပို့သူဖြစ်၍ အခြားတစ်ဦးမှာ သတင်းလက်ခံသူဖြစ်၏။ စတီဗင်ဆင်၏ လေ့လာတွေ့ရှိချက်အရ သတင်းလက်ခံရာ၌ ယောကျာ်းနှင့်မိန်းမ ရာခိုင်နှုန်း သိပ်ကွာခြားခြင်းမရှိ။ သတင်းပို့ရာ၌မူ ယောကျာ်းကမိန်းမထက် သိသိသာသာ ပိုများ၏။ သတင်းပို့သူနှင့် လက်ခံသူမှာ အများအားဖြင့် လင်နှင့်မယား၊ မိဘနှင့် သားသမီး၊ ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းနှင့် မိတ်ဆွေသူငယ်ချင်းများ ဖြစ်နေတတ်၍ သူစိမ်းတရံစာများ ပါဝင်သော အမှုများမှာ အလွန်နည်းပါး၏။ ဤအချက်ကို ထောက်ချင့်၍ တယ်လီပသီဖြင့် ဆက်သွယ်နိုင်ရန်အတွက် တစ်ဦးနှင့်တစ်ဦး ခင်မင်ရန်စိတ်ဓာတ်စရိုက် နီးစပ်မှုရှိရန် လိုအပ်ကြောင်း ထင်ရှား၏။

သတင်းရရှိသောအချိန်၌ သတင်းပေးပို့သောသူမှာ မီးဘေး၊ ရေဘေး စသော အသက်အန္တရာယ်တစ်ခုခုကို ကြုံတွေ့နေရတတ်၏။ ကားတိုက်ခံရခြင်း၊ လေယာဉ်ပျံပျက်ကျခြင်း၊ မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်း စသော အသက် အန္တရာယ်တစ်ခုခု ဆိုက်ရောက်နေတတ်၏။ မမာမကျန်းဖြစ်၍ အသက် ထွက်ခါနီးဆဲဆဲ ဖြစ်နေတတ်၏။ သို့ရာတွင် နာတာရှည်များနာနေမှုမဟုတ်ဘဲ



အပေါ်ယံအားဖြင့် လူကောင်းပကတိလိုဖြစ်နေရာမှ ရုတ်တရက် မကျန်းမမာဖြစ်၍ ရက်အနည်းအငယ်အတွင်း မမျှော်လင့်ဘဲ သေဆုံးသွားသောအမှုမျိုးက များ၏။

တယ်လီပသီဖြင့် ပေးပို့သောသတင်း ရောက်လာသောအချိန်၌ သတင်း ရရှိသောသူသည် အများအားဖြင့် အိပ်ပျော်မနေဘဲ နိုးကြားနေတတ်၏။ မိမိ တစ်ဦးတည်းမဟုတ်ဘဲ အနီးအနား၌ အခြားလူများရှိသောအခါ၌လည်း သတင်း ရရှိတတ်၏။ သတင်းရရှိခါနီး၌ သတင်းပို့သူ မည်သို့ဖြစ်ပျက်နေသည်ကို အတိ အကျမသိဘဲ ထိုသူအတွက် စိတ်လေးခြင်း၊ စိုးရိမ်ပူပန်ခြင်း ဖြစ်လာတတ်၏။ ထိုသူ့ထံ ချက်ချင်းသွားရောက်ကြည့်ရှုလိုသော စိတ်ဆန္ဒလည်း ဖြစ်ပေါ်လာ၍ တယ်လီပသီအမှုများ၌ သတင်းရသူသည် ကြောင့်ကြမှုမနေဘဲ သတင်းပို့သူ အကြောင်း ကြေးနန်းရိုက်မေးမြန်းခြင်း၊ ကိုယ်တိုင်သွားရောက်ခြင်း စသည်ဖြင့် တစ်စုံတစ်ခု ပြုလုပ်သည်ကများ၏။

စင်စစ် တယ်လီပသီဖြင့် သတင်းပို့ခြင်းသည် ဆားဒုက္ခကြုံတွေ့နေသော ပုဂ္ဂိုလ်တစ်ဦးက စိတ်ဓာတ်နီးစပ်သော အခြားသူတစ်ဦးအား အကူအညီတောင်း ခြင်း၊ သို့တည်းမဟုတ် လူတစ်ဦး၏ ခံစားရမှုများက စိတ်ဓာတ်နီးစပ်သော အခြားလူတစ်ဦးသို့ ပုံတင်ရိုက်ခတ်မှုဖြစ်၏။ ထိုသို့ ရိုက်ခတ်ထင်ဟပ်ရာ၌ တစ်ခါတစ်ရံ စိတ်ခံစားရချက်မရှိဘဲ ကိုယ်ခန္ဓာခံစားရမှုများ ပါဝင်တတ်၏။ လူတစ်ဦးက တစ်စုံတစ်ခုသော ဝေဒနာခံစားနေရသောအခိုက်၌ စိတ်ဓာတ် နီးစပ်သော အခြားလူတစ်ဦးတွင် အလားတူဝေဒနာ ထူးဆန်းစွာ ဖြစ်ပေါ် သောအမှုများကို စိတ်ဝိညာဉ်သုတေသနစာပေ၌ အတော်များများ တွေ့ရပေသည်။

အထောက်အထား အတန်ခိုင်လုံသော အမှုတစ်ခုမှာ အင်္ဂလန်နိုင်ငံရှိ မိန်းမတစ်ယောက်သည် နေ့မစေ့ဘဲ ကလေးမွေး၏။ သူ ကလေးမွေးသောနေ့၌ လန်ဒန်မြို့ရှိ သူ၏မိခင်မှာ သုံးနာရီကျော်ကြာ ဗိုက်ထဲတွင် ဝေဒနာအပြင်းအထန် ခံစားရ၏။ နာကျင်သောနေရာကိုကား အတိအကျမပြောနိုင်။ မခံမရပ်နိုင်အောင် နာကျင်နေပါသည်ဟု ဆို၏။ ထိုနေ့က သူ့သမီး မီးဖွားကြောင်း သူမသိ။ နေမစေ့ဘဲ ကလေးမွေးလိမ့်မည်ဟုလည်း သူလုံးဝမထင်ခဲ့ချေ။

စိတ်ဝိညာဉ်သုတေသီတစ်ဦး၏ စာအုပ်၌ ဖော်ပြထားသော အမှုတစ်ခု၌ လူတစ်ယောက်သည် ကောလိပ်ကျောင်းရှိ မိမိသမီးထံသို့ စာရေးသားပြီး ဆုံးခါနီးတွင် ညာဘက်လက်မှာ ရုတ်တရက် ပူလောင်လာ၏။ အလွန်နာကျင်၍ ဖောင်တိန်ကိုပင် မကိုင်နိုင်တော့ချေ။ နောက်တစ်နာရီမျှ မကြာမီ ကောလိပ် ကျောင်းမှ တယ်လီဖုန်းဖြင့် သူ၏သမီးမှာ ကျောင်းဓာတ်ခွဲခန်း၌ အစ်စစ်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်တွယ်မိပြီး ညာဘက်လက် အပြင်းအထန်မီးလောင်ခံရကြောင်း သတင်းရှိ၏။ သမီး မီးလောင်ခံရသောအချိန်မှာ သူဝေဒနာခံစားရသော အချိန်နှင့် တိုက်ဆိုင်နေ၏။

အခြားအမှုတစ်ခု၌ မိန်းမတစ်ယောက်သည် အိပ်ပျော်နေစဉ် ညာဘက်လက်မောင်းနှင့် လက်တွင် အလွန်နာကျင်သော ဝေဒနာဖြစ်ပေါ်၍ နိုးလာ၏။ နိုးကာနီး၌ အိပ်မက်မက်နေ၍ ထိုအိပ်မက်ကို သူ၏ခင်ပွန်းနှင့် သားသမီးများအားပြောပြ၏။ အိပ်မက်ထဲ၌ သူသည် ရပ်ဝေးရှိ ကောလိပ်ကျောင်းတစ်ကျောင်းမှ သူ့သား သူ့ထံ လျှောက်လာသည်ကို တွေ့မြင်၍ သူ့သားမှာ ဘာကြောင့်မှန်းမသိ၊ ခါတိုင်းနှင့်မတူသည်ကို သတိပြုမိသည်ဆို၏။ နောက်တစ်နေ့၌ သူ့သားသည် မမျှော်လင့်ဘဲ အိမ်သို့ရောက်ရှိလာ၏။ ညာဘက်လက်မှာ ပတ်တီးစည်းထား၍ မတော်တဆထိခိုက်ပြီး လက်မှာ အပြင်းအထန်ဒဏ်ရာရရှိသွားသည်ဆို၏။ သားဖြစ်သူ ထိခိုက်ဒဏ်ရာရသောအချိန်မှာ မိခင်က လက်တွင် ရုတ်တရက်နာကျင်၍ အိပ်ရာမှ လန့်နိုးလာသောအချိန်ပင် ဖြစ်၏။

နာမည်ကျော် စိတ်ပညာရှင်ကြီး စီ–ဂျီ–ယွန်း(C.G Jung)သည် သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်၌ တယ်လီပသီဖြင့် ဝေဒနာခံစားရပုံ ကိုယ်တွေ့တစ်ခုကို ဖော်ပြထား၏။ သူသည် စိတ္တဇဝေဒနာရှင်တစ်ဦးအား ကုသခဲ့ရာ လူနာမှာ အတန်သက်သာ၍ သူ့အားများစွာ ကျေးဇူးတင်လျက်ရှိ၏။ သူသည် လူနာအား စိတ်ရောဂါပြန်ပေါ်လာပါက မိမိထံသို့ ပြန်လာရန် မှာလိုက်သော်လည်း လူနာသည် ပေါ်မလာ။ ဇနီးဖြစ်သူက သဘောမတူသဖြင့် လူနာမှာ မိမိထံသို့ မလာခြင်းဖြစ်ကြောင်း နောက်မှသိရှိရ၏။ ယွန်းသည် လူနာ၏သတင်းကို ကာလအတန်ကြာ ဘာမျှမရဘဲရှိပြီးနောက် အောက်ပါအတိုင်း ကြုံတွေ့ရ၏။

"ထိုနေ့ညက သန်းခေါင်ယံအချိန်လောက်တွင် ကျွန်ုပ်သည် ဟိုတယ်သို့ ပြန်လာ၍ အသိမိတ်ဆွေများနှင့်အတူ စားသောက်ပြီးလျှင် အိပ်ရာသို့ ချက်ချင်းဝင်ပါသည်။ သို့ရာတွင် အိပ်မပျော်ဘဲ အတန်ကြာ မျက်စိကြောင်နေပါသည်။ ၂ နာရီလောက်တွင် အိပ်နေရာမှ လန့်နိုးလာပါသည်။ တစ်စုံတစ်ယောက်သော သူသည် တံခါးကို လျင်မြန်စွာဖွင့်၍ အခန်းထဲသို့ ဝင်လာသည်ဟု ထင်ပြီး ကြောက်စိတ်ဝင်လာပါသည်။ လူတစ်ဦးတစ်ယောက် အခန်းတံခါးမှားပြီး ဖွင့်လေသလားဟု ထင်သဖြင့် မီးဖွင့်ပြီးအပြင်ထွက်ကြည့်သော်လည်း လူစလူန ဘာမျှ မတွေ့ရပါ။ ထို့နောက်မှ ပြန်စဉ်းစားကြည့်ရာ အိပ်ရာမှလန့်နိုးစဉ်က နဖူးကို အရာဝတ္ထု တစ်စုံတစ်ခု ထိမှန်သကဲ့သို့ နာကျင်ပြီး ယင်းဝတ္ထုမှာ ကျွန်ုပ်၏



ဦးခေါင်းခွံထဲသို့ တိုးဝင်သွားသလို ခံစားလိုက်ရသည်ကို ပြန်လည်သတိရပါသည်။ နောက်တစ်နေ့၌ လူနာမှာ မိမိကိုယ်မိမိ သတ်သေကြောင်း ကြေးနန်းစာကို ကျွန်ုပ်ရရှိပါသည်။ သူသည် မိမိကိုယ်မိမိ သေနတ်ဖြင့် ပစ်၍သတ်သေသွားပါသည်။ သေနတ်ကျည်ဆံကို သူ၏ ဦးခေါင်းခွံနောက်ပိုင်း၌ တွေ့ရကြောင်း နောက်မှ ကျွန်ုပ်သိရှိရပါသည်။"

တယ်လီပသီဖြင့်ရရှိသော သတင်းများမှာ အဘယ်ကြောင့် အမင်္ဂလာသတင်းများချည်းသာ ဖြစ်နေပါသနည်း။ လူတစ်ဦးထိပေါက်ခြင်း၊ ရာထူးတိုးခြင်း၊ အသည်းအသန်ဖျားနာနေရာမှ ပြန်လည်ကျန်းမာလာခြင်း၊ အကြံအစည် အောင်မြင်ခြင်း စသော မင်္ဂလာသတင်းများကို အဘယ်ကြောင့် ရပ်ဝေးရှိ ဆွေမျိုးသားချင်းနှင့် မိတ်ဆွေများက တယ်လီပသီဖြင့် မရရှိပါသနည်းဟု စဉ်းစားရန်ရှိ၏။ ဆင်းဒုက္ခကြုံတွေ့နေသော အချိန်၌ တယ်လီပသီဖြင့် သတင်းပို့နိုင်ခြင်းမှာ ရပ်ဝေးရှိ လူတစ်ဦးနှင့် ဆက်သွယ်ရန် အလွန်ခက်ခဲသောသမိုင်းဦးခေတ်က လူတို့အား အသက်တည်မြဲမှုဖြစ်စေရန် သဘာဝမှက အထောက်အကူပြုထားခြင်း ဖြစ်ကောင်းဖြစ်ပေမည်။ လူတို့သည် ဆွေမျိုးသားချင်းနှင့် အပေါင်းအသင်းများကို ချမ်းသာပျော်ရွှင်နေသောအခါ၌ သတိရခဲ၍ အသက်အန္တရာယ် ကြုံတွေ့ရသောအခါ၌ ပိုမိုသတိရတတ်ခြင်းကိုလည်း မမေ့သင့်ချေ။

မင်္ဂလာသတင်းကို မပို့နိုင်စေကာမူ တယ်လီပသီဖြင့် လူတစ်ဦးက တစ်ဦးအား ကူညီစောင်မ,နိုင်ခြင်းကိုကား စိတ်ဝိညာဉ်သုတေသီဆရာတို့ လက်ခံယုံကြည်ကြ၏။ ဤသည်မှာ လူတို့၏ ရှေးအစဉ်အလာ ဆုတောင်းပတ္တနာပြုခြင်း၊ မေတ္တာပို့သခြင်း၌ ထင်ရှား၏။ ရှေးပညာရှိ သူတော်သူမြတ်အားလုံးက အလေးအနက် ဟောခဲ့သော မေတ္တာတရား၏ အာနိသင်ကို ကျွန်ုပ်တို့ ယုံမှားစရာမလိုချေ။ ယုံယုံကြည်ကြည် ဆုတောင်း၍ အလိုဆန္ဒပြည့်ဝသော သူများမှာလည်း မည်သည့်နိုင်ငံ မည်သည့်လူမျိုးဘာသာ၌မဆို အမြောက်အမြားရှိ၏။ ရုပ်ဝါဒီတို့ကမူ ဆုတောင်းခြင်းဖြင့် အလိုပြည့်ဝမှုကို ငြင်းဆိုကြပေလိမ့်မည်။ သို့ရာတွင် အချို့လူတို့ အံ့ဖွယ်လိလိ ဆုတောင်းပြည့်မှု၊ အခန်း(၁)၌ ဖော်ပြခဲ့သော ဆုတောင်းမှုကို အဦးပြုသည့် ဂျပန်ဗုဒ္ဓဘာသာဂိုဏ်း အမေရိကန်ပြည်၌ ကြီးပွားတိုးတက်နေခြင်းကို ရုပ်ဝါဒီတို့က မည်သို့ရှင်းပြပါမည်နည်း။

စာအုပ်စာဖောင်များသွားမည်စိုး၍ အထောက်အထားခိုင်လုံသော အံ့သြဖွယ်ရာ ဆုတောင်းပြည့်သော အမှုများကို မဖော်ပြတော့ပါ။ အမေရိကန် စိတ်ဝိညာဉ်သုတေသနဂျာနယ်၌ လာသော အမှုတစ်ခုကို ဖော်ပြပါအံ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်ညနေခင်း၌ အမျိုးသမီးတစ်ဦးသည် နေအိမ်မှ ၆ မိုင်ကွာ ပင်လယ်ကမ်းစပ်၌ ကစားနေသော အသက် ၆နှစ်အရွယ်ရှိ မိမိသားငယ်မှာ ပင်လယ်ထဲသို့ လှေငယ်တစ်စင်းနှင့် မျောပါသွားကြောင်း တယ်လီပသီဖြင့် အလိုလိုသိရှိလာ၏။ သားငယ်က "မာမိ၊ မာမိ" ဟု အော်ခေါ်နေသည်ကို ကြားယောင်လာ၏။ သူသည် သားငယ်အတွက် အလွန်စိုးရိမ်ပူပန်သော်လည်း ကားမရှိသဖြင့် ပင်လယ်ကမ်းခြေသို့ မသွားနိုင်ချေ။ ထို့ကြောင့် ဒူးထောက်ပြီးသားငယ်အသက် ချမ်းသာရာရပါစေ။ လှေထဲ၌ မတ်တတ်မရပ်ဘဲ ငြိမ်ငြိမ်ထိုင်နေပါစေဟု ဆုတောင်း၏။ သူသည် သားငယ်အကြောင်း ဘာသတင်းမှ မရရှိသေးမီ မိမိ တွေ့ကြုံခံစားချက်ကို မိတ်ဆွေအချို့အား ပြောပြ၍ ထိုသို့ပြောပြကြောင်း မိတ်ဆွေတစ်ဦးက နောက်ကာလ၌ အတည်ပြု၏။ ထိုနေ့ညနေ၌ပင် သူ၏သားငယ်သည် အကယ်ပင် လှေတစ်စင်းနှင့် ပင်လယ်ထဲသို့ မျောပါသွားကြောင်း၊ မာမိမာမိဟု အော်သံကြား၍ လူများက ကယ်ဆယ်လိုက်ရကြောင်း သတင်းရရှိ၏။ ကလေးအသက် ချမ်းသာရာရရှိခြင်းမှာ လှေထဲ၌ မတ်တတ်မရပ်ဘဲ ထိုင်နေသောကြောင့် ဖြစ်ကြောင်း ကယ်ဆယ်သူများက ပြော၏။

ဒေါက်တာစတီဗင်ဆင်သည် မိမိလေ့လာတွေ့ရှိရချက်များကို တင်ပြပြီးနောက် အောက်ပါအတိုင်း နိဂုံးချုပ် ရေးသားထား၏။

"တယ်လီပသီနှင့်ပတ်သက်သော ဖြစ်ရပ်များမှာ လူအများ ထင်သည်ထက် ပို၍ မကြာခဏကြုံတွေ့ရတတ်၍ ယင်းတို့သည် ကျွန်ုပ်တို့ထင်သည်ထက်ပို၍ ကျွန်ုပ်တို့အပြုအမူများကို ပြုပြင်ဖန်တီးတန်ရာ၏။ ထိုဖြစ်ရပ်များမှာ အသေးစိတ် အချက်အလက်များမပါရှိသောကြောင့် ကျွန်ုပ်တို့ သိရှိ၍ မှန်မမှန် ဆုံးဖြတ်ရန် ခဲယဉ်း၏။ *(ဤနေရာ၌ စတီဗင်ဆင်သည် အာရုံမထင်ဘဲ အလိုလိုသိသော တယ်လီပသီဖြစ်ရပ်ကို ဆိုလိုခြင်းဖြစ်၏။)* အာရုံထင်မှု အိပ်မက်မက်မှုပါဝင်သော ဖြစ်ရပ်များမှာ အသေးစိတ်အချက်အလက်များ ပါရှိသောကြောင့် လူတို့စိတ်ထဲ၌ စွဲမြဲကျန်ရစ်ပြီး စိတ်ဝိညာဉ်သုတေသန မှတ်တမ်းများ၌ ယင်းတို့ကို ပိုမိုတွေ့ရှိရခြင်းဖြစ်ပေလိမ့်မည်။ သို့ရာတွင် လူတစ်ဦးနှင့်တစ်ဦး တယ်လီပသီနည်းဖြင့် စိတ်ဓာတ်ဖလှယ်မှုသည် ကျွန်ုပ်တို့ မသိသော်လည်း လူအများတွင် အခါခပ်သိမ်း ဖြစ်ပွားနေ၍ စိတ်အာရုံခံစားရမှုနှင့် အပြုအမူများကို ပြုပြင်ဖန်တီးနေသည်ဟု ယူဆရန်ရှိ၏။

ခေတ်အဆက်ဆက် အတိုင်းတိုင်းအပြည်ပြည်မှ ပညာရှိများက လူသတ္တဝါတို့သည် မိမိတို့မသိသော လျှို့ဝှက်သောနည်းများဖြင့် အချင်းချင်း



ဆက်သွယ်နေကြ၍ ထိုဆက်သွယ်မှုသည် လူသတ္တဝါတစ်ဦး၏ ဘဝကံကြမ္မာကို အကျိုးပြုသည်ဟု ဟောပြောခဲ့ကြ၏။ စိတ်ဝိညာဉ်သုတေသနလုပ်ငန်းကို ရှေးဦးလက်မွန်ဆောင်ရွက်ခဲ့ကြသော မေယာ၊ ဂျိမ်း၊ ဘတ်ဂဆင် (Myers, James, Bergson) စသော ပုဂ္ဂိုလ်များသည်လည်း ထိုအချက်ကို လက်ခံယုံကြည်ခဲ့ကြ၏။ ထိုဆက်သွယ်နေမှုသည် လူသတ္တဝါအားလုံး၌ ထင်ရှားခြင်းမရှိသည်ကား မှန်၏။ သို့သော် တစ်ခါတစ်ရံတွင် အချို့သောလူများ၌သာ ထိုလက္ခဏာခြင်းရာကို တွေ့ရှိရသည်ဆိုစေ၊ ယင်းသည် အဘယ်ကြောင့် လူအများ၌ ငုပ်ကွယ်နေပြီး အချို့သော လူအနည်းငယ်၌သာ ထင်ရှားပါသနည်းဟု စဉ်းစားရန်ရှိ၏။ ဤအချက်ကို စူးစမ်းလေ့လာခြင်းသည် လူသတ္တဝါ၏ စိတ်ပိုင်းဘဝကို ကျွန်ုပ်တို့ သိရှိနားလည်ရန်အတွက် အထောက်အကူဖြစ်ပေလိမ့်မည်။

## (၂) သေခါနီးလူနာများ၏ နိမိတ်အာရုံထင်မှု။

တယ်လီပသီအမှုများတွင် အထက်ကဖော်ပြခဲ့သည့်အတိုင်း သေခါနီးဆွေမျိုးသားချင်း လူနာများကို အာရုံထင်သော ပုဂ္ဂိုလ်တို့ ကြုံတွေ့ခံစားရသော အမှုများပါဝင်၏။ ထိုအမှုမျိုးအတော်များများ ရှိသော်လည်း ထိုသေခါနီးဆဲဆဲလူနာများ၏ ကြုံတွေ့ခံစားရမှုများကား ရှေးအခါက သုတေသီဆရာတို့ စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် စူးစမ်းလေ့လာခြင်း မပြုခဲ့ကြချေ။ အသက်ဓိဝိန်ချုပ်တော့မည်ဖြစ်သော လူနာများမှာ အကယ်၍ တမလွန်ဘဝရှိသည်မှန်ပါက ထိုဘဝနှင့် နီးကပ်နေပြီဖြစ်ရကား တမလွန်ဘဝပြဿနာကို စူးစမ်းရာ၌ တစ်နည်းတစ်လမ်း အထောက်အကူဖြစ်ပေလိမ့်မည်။

တစ်ခါက သေခါနီးလူနာများ၏ နိမိတ်အာရုံထင်မှုများကို သုတေသနပြုခဲ့ကြသောပညာရှင်တို့၏တွေ့ရှိရချက်များအရဆိုသော် ထိုနိမိတ်အာရုံ ထင်မှုများသည် အများအားဖြင့် တမလွန်ဘဝကို ညွှန်ပြ၏။ လူနာသည် အရင်က သေပြီးသော မိဘနှင့်ဆွေမျိုးသားချင်းများကို အာရုံထင်လာ၏။ မိမိတို့ကို ခေါ်ရန် သူတို့ရောက်ရှိလာကြခြင်းဖြစ်သည်ဟု အချို့လူနာများက ပြော၏။ သေပြီးနောက် ဘဝသစ်တစ်ဖန် ဖြစ်သည်ဟု ယူဆရန်အတွက် အတော်အတန် အထောက်အထား ခိုင်မာသော အောက်ပါအမှုမျိုးလည်း ရှိ၏။

၁၉၂၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့က မစ္စက် B မှာ အင်္ဂလန်ပြည် ဆေးရုံတစ်ခု၌ အသက်ထွက်ခါနီးဆဲဆဲဖြစ်၏။ သူ၏ညီမဗီဒါမှာ ၁၉[illegible] ခု ဒီဇင်ဘာလ ၂၅ ရက်နေ့က သေဆုံးသွားပြီဖြစ်သော်လည်း မစ္စက် B မှာ

www.burmeseclassic.com

www.burmeseclassic.com



အသည်းအသန်ဖြစ်နေသဖြင့် ညီမဖြစ်သူ ဖျားနာသေဆုံးကြောင်း သူမသိအောင် အထူးလျှို့ဝှက်ထားကြ၏။ မစ္စက် B သည် ပထမသော် "သိပ်မှောင်တာပဲ၊ ကျွန်မ ဘာမှမမြင်ရဘူး" ဟုဆို၏။ နောက်တစ်ခဏအကြာတွင် "အို သိပ်သာယာလှပတာပဲ၊ ရှင်တို့ ကျွန်မမြင်သလို မမြင်ကြရပါဘူး" ဟုဆို၏။ နောက်တစ်ခဏ၌ "ကျွန်မဖေဖေကို မြင်ပြီ၊ သူဟာ သိပ်ပျင်းပုံရတယ်၊ ကျွန်မကို သူ့ဆီလာစေချင်နေတယ်" ထို့နောက် အံ့ဩသောအမူအရာနှင့် "သူနဲ့အတူ ဗီဒါရှိနေပါလား" ဆိုပြီး သူ့မိခင်ဘက်သို့လှည့်၍ "မေမေ၊ ဗီဒါက သူ့ဆီရောက်နေတယ်"ဟု ပြော၏။ နောက်တစ်ခဏ၌ မစ္စက် B မှာ အသက်ဇီဝိန်ချုပ်သွား၏။

ဤအမှုကို ထိုအချိန်က မစ္စက် B ကို သွားရောက်ကြည့်ရှုရသော ဆေးရုံ ဆရာဝန်ကြီးတစ်ဦးက သုတေသီဆရာထံ ပထမသတင်းပို့၏။ မစ္စက် B ၏မိခင်နှင့် သူနာပြုဆရာမကြီးက ဗီဒါအကြောင်း မစ္စက် B ပြောသည်ကို ကြားပါသည်ဟု လက်မှတ်ရေးထိုး အတည်ပြုကြ၏။

သေခါနီးလူတို့၏ နိမိတ်အာရုံထင်မှုများကို လေ့လာရန်မှာ လွယ်ကူသောကိစ္စမဟုတ်ချေ။ လူနာက သေပြီးသောသူတို့ကို အာရုံထင်ခြင်းမှာ သူ၏မျှော်လင့်ချက်ကြောင့် ထင်ခြင်းဖြစ်ကောင်း ဖြစ်ပေမည်။ သေခါနီးလူနာ၏ စိတ်ဓာတ်ကို ပြုပြင်ဖန်တီးသော အကြောင်းတရားတို့မှာ ဘာသာရေးယုံကြည်မှု၊ ရောဂါ၏အခြေအနေ၊ ဆေးဝါးများ၏ ပြုပြင်စီရင်မှု၊ ဆွေမျိုးသားချင်းများ၏ စိတ်နေသဘောထား စသည်ဖြင့် များပြားလှပေရာ ယင်းတို့ကို ထည့်သွင်းစဉ်းစားပါမှ သုတေသနပြုမှုမှာ ယထာဘူတကျပေလိမ့်မည်။

ထိုအချက်များကိုသဘောပေါက်၍ အမေရိကန်စိတ်ဝိညာဉ်သုတေသနပညာရှင်တစ်စုသည် မေးခွန်းလွှာများ စီစဉ်ရေးသား၍ ဆရာဝန်များနှင့် သူနာပြုဆရာမတစ်သောင်းထံသို့ ပေးပို့ခဲ့ရာ ဆရာမပေါင်း ၆၄၀ ထံမှ အဖြေလွှာများ ပြန်လည်ရရှိခဲ့၏။ ထို့နောက် သူတို့ပြောပြသော အမှုများကို တယ်လီဖုန်းနှင့်သော်လည်းကောင်း၊ စာရေး၍သော်လည်းကောင်း မေးမြန်းစုံစမ်းပြီး သုတေသနပြုကြ၏၊ အောက်ပါမှာ သူတို့တွေ့ရှိရချက်များ၏ အကျဉ်းချုပ်ဖြစ်၏။ (Karlis Osis "Deathbed Observations by Physicians and Nurses")

ဆရာဝန် ဆရာမများ၏ အဆိုအားဖြင့် သေခါနီးလူနာများ၌ ကြောက်သော အမူအရာလက္ခဏာကို များစွာမတွေ့ရချေ။ အံ့ဩစရာကောင်းသောအချက်မှာ လူနာများသည် သေခါနီး နောက်ဆုံးအချိန်၌ စိတ်သာယာကြည်လင်သော



အမူအရာကိုပြကြ၏။ မူလပထမက မအိမသာ နာကျင်နေသော လူနာများသည်ပင် အသက်ထွက်မည့် နောက်ဆုံး နာရီပိုင်းတွင် တည်ငြိမ်လာကြ၏။ အချို့မှာ ပထမနေ့တွင် ရောဂါသက်သာလာ၍ ဘာမှမဖြစ်သလို လန်းလန်းဆန်းဆန်းရှိပြီး နောက်တစ်နေ့တွင် သေဆုံးသွားကြ၏။

ထိုသို့ သေခါနီးလူနာများ စိတ်ကြည်နူးခြင်းမှာ ဦးနှောက်ထဲသို့ သွေးအရောက်နည်းသွားသောကြောင့် ဖြစ်သည်ဟု ဆရာဝန်အများက ယူဆကြ၏။ သုတေသီတို့က စေ့စေ့သေချာစွာ လေ့လာဆန်းစစ်သောအခါ၌ကား သေခါနီး၌ စိတ်သာယာခြင်း၊ တည်ငြိမ်ခြင်းမှာ လူနာ၏ ကိုယ်ခန္ဓာအခြေအနေ၊ စားထားသောဆေး၊ ပညာအရည်အချင်း၊ ယောကျ်ား သို့မဟုတ် မိန်းမဖြစ်ခြင်းနှင့် ဆက်စပ်နေသည်ကို မတွေ့ရချေ။ ဘာသာရေးယုံကြည်မှု တမလွန်ဘဝကို ယုံကြည်မှုနှင့် ဆက်စပ်နေခြင်းကိုကား လူနာအတော်များများ၌ တွေ့ကြရ၏။

သေခါနီး၌ စိတ်လန်းဆန်းနေခြင်းမှာ လူနာ၌ နိမိတ်ထင်မှုကြောင့် ဖြစ်သည်ဟုလည်းဆို၏။ နိမိတ်ထင်မှုဆိုရာ၌ တမလွန်ဘဝအယူနှင့် ယှဉ်တွဲနေသော နတ်ပြည်ဘုံဗိမာန်၊ ကောင်းကင်ဘုံ၊ တောတောင်ရေမြေနှင့် အခြားရှုခင်းများ ထင်မြင်လာမှုကို ဆိုလိုခြင်းဖြစ်၏။ နိမိတ်ထင်မှုသည် ရိုးရိုးလူများမှာထက် သေခါနီးလူနာများ၌ ပိုမိုဖြစ်ပွားတတ်၏။

သုတေသီဆရာတို့ လေ့လာသောအမှုများတွင် ငရဲကို နိမိတ်ထင်သော အမှုတစ်ခုနှင့် မိမိကိုယ်ကို အရှင်လတ်လတ် မြေမြှုပ်ခံရသည်ထင်သော အမှုတစ်ခုမှတစ်ပါး အခြားအမှုအားလုံးမှာ ဣဋ္ဌာရုံထင်မှုများဖြစ်၏။ နိမိတ်ထင်သော လူနာများ၏ ကိုယ်တွေ့မှာ သာယာလှပမှုနှင့်စိတ်ငြိမ်းချမ်းမှုဖြစ်၏။ သေငယ်ဇောနှင့် မြောနေရာမှ ပြန်လည်သတိရလာသော လူနာများရှိပေရာ အချို့မှာ ဘာမျှမမှတ်မိသော်လည်း အချို့က မေ့မြောနေစဉ် နိမိတ်ထင်၍ သူတို့၏ နိမိတ်များမှာ အခြားလူနာတို့၏ နိမိတ်များနှင့် အမျိုးအစား ကွဲပြားခြင်းမရှိ။ ထူးခြားချက်မှာ သူတို့၏ စိတ်ငြိမ်းချမ်းသာယာမှု ဒီဂရီပိုများ၏။ သို့ဖြစ်၍ အချို့က "ဒေါက်တာ ဘာကြောင့် ကျွန်တော့်ကိုသတိပြန်လည်အောင် လုပ်ရတာလဲ၊ ဟိုမှာ သိပ်ကောင်းတာပဲ"ဟုပြော၍ အချို့က "ကျွန်တော် ပြန်သွားချင်တယ်၊ ပြန်သွားပါရစေ" ဟု ပြောကြသည်ဆို၏။

သေခါနီးလူနာများသည် နိမိတ်ထင်သောအခါ၌ အများအားဖြင့် သတိလက်မလွတ်ဘဲ စိတ်ကြည်ကြည်လင်လင်နှင့် ထင်ကြ၏။ အသက်အရွယ် အခြေခံပညာ ရောဂါအခြေအနေနှင့် ယောကျ်ားသို့မဟုတ် မိန်းမဖြစ်ခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



နိမိတ်ထင်ရန်အတွက် ပဓာနမဟုတ်။ ဘာသာတရားနှင့် တမလွန်ဘဝ ယုံကြည်မှုမှာ အရေးပါဟန် လက္ခဏာရှိ၏။ ဘာသာတရားလေးစားသူနှင့် တမလွန်ဘဝ ယုံကြည်သူများသာ နိမိတ်ထင်ကြ၏။ ဤအချက်ကိုထောက်၍ ဘာသာတရား ကြည်ညိုသူတို့သည် နိမိတ်ထင်ရန် မျှော်လင့်ထား၍ ထိုမျှော်လင့်ချက်ကြောင့်ပင် နိမိတ်ထင်ခြင်းဖြစ်သည်။ သို့တည်းမဟုတ် တမလွန်ဘဝသည် ဧကန်ထင်ရှားရှိ၍ စိတ်အာရုံ၌ အစဉ်အလာယုံကြည်ချက်နှင့်အညီ ပေါ်လာခြင်းဖြစ်သည်ဟု ယူဆရန်ရှိ၏။

အာရုံထင်မှုမှာ သေခါနီးလူနာများတွင် လူကောင်းများမှာထက်ပို၍ များ၏။ ကျန်းမာသောလူများသည် အများအားဖြင့် အသက်ထင်ရှားရှိနေသော ပုဂ္ဂိုလ်များကို အာရုံထင်၍ သေခါနီးလူနာများမှာမူ အရင်က သေဆုံးပြီးသော သူများကို အာရုံထင်ကြ၏။ အာရုံထင်မှု၌ အသက်အရွယ်နှင့် လူနာဝေဒနာ ခံစားမှုသက်သာစေရန် ဆေးပေးကျွေးထားခြင်းသည် ပဓာနမဟုတ်။ အိပ်ဆေး ပေးမထားသော လူနာသည် အိပ်ဆေးပေးထားသော လူနာထက်ပို၍ သေပြီး သူများကို အာရုံထင်တတ်၏။ အာရုံထင်မှုသည် သတိချွတ်ယွင်းနေသော အခါမှာထက် ကောင်းစွာ သတိရ၍ စိတ်ကြည်လင်နေသောအခါ၌ ဖြစ်တတ်၏။

လူနာအာရုံထင်သောပုဂ္ဂိုလ်များမှာ သေပြီးသော မိဘဆွေမျိုးသားချင်းနှင့် ကောင်းကင်တမန်၊ မာရ်နတ် သူတော်သူမြတ်စသော ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များဖြစ်၏။ လူနာများ၏ အဆိုအားဖြင့် သေဆုံးပြီးသူများ ပေါ်လာခြင်းမှာ လူနာကို အားပေးရန် အတိတ်ကာလ အဖြစ်အပျက်များကို ပြန်ဖော်ရန်နှင့် တမလွန်ဘဝသို့ လူနာကို ခေါ်သွားရန်ဖြစ်ရာ တမလွန်ဘဝသို့ ခေါ်သွားရန် သေသူပေါ်လာသောအမှုများမှာ ရာခိုင်နှုန်း အများဆုံးဖြစ်၏။ လူနာများသည် အများအားဖြင့် အာရုံထင်ပြီး နောက်တစ်ရက်အတွင်း၌ သေဆုံးကြ၍ အချို့မှာ အာရုံထင်ပြီးနောက် “ကဲ အင်နီ၊ ငါလာတော့မယ်” စသည်ဖြင့် ဆို၍ ချက်ချင်း သေဆုံးသွားကြကြောင်း ဆရာဝန်နှင့် သူနာပြုအတော်များများက ပြောပြကြ၏။

အာရုံထင်ပြီးသည့်နောက်၌ လူနာသည် စိတ်ငြိမ်းချမ်းသာယာသွား သည်က များ၏။ သေဆုံးသောလူနာသည် မသေမီက မိခင်ကို အများဆုံး အာရုံထင်တတ်၏။ မသေသောလူနာများ၌မူ မိခင်ကို အာရုံထင်မှု နည်း၏။ သေသောလူနာနှင့် မသေသောလူနာတို့၏ အခြားမတူညီသောအချက်မှာ မသေ သောလူနာအား သူ့အာရုံထင်သော ပုဂ္ဂိုလ်က တမလွန်ဘဝသို့ ကူးပြောင်းရန် ခွင့်မပြုခြင်းဖြစ်၏။ ဤသို့ ပိတ်ပင်တားမြစ်မှုကို လူနာသည် မေ့မြော၍ သေမင်း တံခါးဝသို့ ရောက်ရှိနေစဉ် ကြုံတွေ့ရတတ်သည်ဆို၏။



လူနာသည် သေခါနီး၌ အရင်သေပြီးသူများ ပေါ်လာခြင်းမှာ ဒိဋ္ဌဓမ္မ ဖြစ်သည်ဟု ယုံကြည်၏။ ထိုသို့ သူယုံကြည်ခြင်းမှာ အကြောင်းမဲ့မဟုတ်။ သေသူများကို သူမြင်သောအခါ၌ သူ့မှာ သတိကောင်းစွာရ၍ မိမိ၏ ပတ်ဝန်း ကျင်နှင့် ကြည်ကြည်လင်လင် ထိတွေ့လျက်ရှိ၏။ သေသူကို မြင်ရခြင်းမှာ အိပ်မက်မှုမျိုးမဟုတ်။ သုတေသီတို့ လေ့လာသောအမှုများအနက် ၅၀ရာခိုင်နှုန်း အမှုများတွင် သေသူက လူမမာကို တမလွန်လောကသို့ခေါ်ဆောင်ရန် လာရောက် ခြင်းဖြစ်သည်ဆို၏။ လူနာအား ခေါ်ဆောင်မှုမှာ အမှု ၃၃ မှု၌ ရှောရှောရှုရှု ပြီးမြောက်၍ အမှုလေးမှု၌ လူနာက ငြင်းဆန်သဖြင့် အဓမ္မအကြမ်းဖက်မှုများ ပါရှိသည်ဆို၏။

ဤသုတေသနမှတ်တမ်း၌ ပုဂ္ဂိုလ်တစ်ဦး သေပြီးနောက် ထိုသို့သေ ကြောင်း လူနာကမသိဘဲ သေခါနီး၌ အာရုံထင်သော အခြားသောသူများနှင့် အတူ တွေ့မြင်ရသည်ဆိုသော အမှုများကို ဖော်ပြမထားချေ။ သို့ရာတွင် ဤ အချက်မှလွဲ၍ ကျန်အချက်များမှာ ရှေးကသုတေသီဆရာများနှင့် ဆရာဝန်များ *(သေခါနီးလူနာများသည် ကြောက်သောအမှုအရာမပြဘဲ စိတ်တည်ငြိမ်လာ ကြကြောင်း ရှေးအခါကလည်း ဆရာဝန်များ ရေးသားခဲ့ကြ၏။ “ဘဝ ဆည်းဆာ”)* ၏ တွေ့ရှိရချက်များနှင့် ထပ်တူဖြစ်၏။ အချုပ်ကား လူနာတို့သည် အများအားဖြင့် သေခါနီးနောက်ဆုံးအချိန်၌ တည်ငြိမ်အေးဆေးသော လက္ခဏာ ကိုပြ၏။ မိမိတို့ဘာသာရေး ခံယူချက်နှင့်အညီ နိမိတ်ထင်ကြ၏။ ကွယ်လွန်ပြီး သော မိဘဆွေမျိုးသားချင်းများကို အာရုံထင်ကြ၏။ ထိုသေသူများသည် မိမိတို့ ခေါ်ဆောင်ရန် ပေါ်လာကြသည်ဆို၏။ ဤသို့ နိမိတ်အာရုံထင်မှုမှာ အသက် အရွယ် ပညာဗဟုသုတ ရောဂါအခြေအနေနှင့် ဆေးဝါးများကြောင့်မဟုတ်ဘဲ ဘာသာတရားနှင့် တမလွန်ဘဝယုံကြည်မှုနှင့် ဆက်စပ်နေဟန်ရှိ၏။

ဤတွေ့ရှိရချက်များကို ဆင်ခြင်သုံးသပ်ပါက သေခါနီးလူနာများ၏ တွေ့ကြုံခံစားရမှုများမှာ ဘာသာရေးယုံကြည်ချက်ကြောင့် ဖြစ်ရပေမည်။ သို့တည်းမဟုတ် တမလွန်ဘဝမှာ ဧကန်ထင်ရှားရှိ၍ လူနာ၏ ဘာသာရေးခံယူ ချက်မှာ ထိုအရှိတရားနှင့် ကိုက်ညီနေခြင်း ဖြစ်ရပေမည်ဟု ယူဆရန်ရှိ၏။

## (၃) အတိတ်ဘဝနှင့် ယခုဘဝ ခံစားမှု

တစ်စုံတစ်ခုသော နေရာဌာနသို့ ရှေးကမရောက်ဖူးဘဲ ရောက်ဖူးသလိုလို စိတ်၌ထင်ခြင်းသည် အချို့သောလူများ၌ စိတ်အထင်သက်သက် မဟုတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



အမှတ်သညာနှင့် ဆက်စပ်နေတတ်၏။ ထိုသူတို့သည် မိမိတို့ပထမအကြိမ်ရောက်ရှိနေသော နေရာဌာန၏ အကြောင်းကို နံ့နံ့စပ်စပ် တိတိကျကျသိကြ၏။ မည်သည့်နေရာ၌ ဘာရှိသည်ဟု မှန်ကန်စွာ ပြောပြနိုင်ကြ၏။ လူဝင်စားမှုများမှာကဲ့သို့ အတိတ်ဘဝအကြောင်းကိုကား သူတို့ ဘာမျှမပြောနိုင်ကြချေ။

လူဝင်စားမှုနှင့်အလားတူ ဆက်စပ်နေဟန်ရှိသော အခြားစိတ်ပိုင်းလက္ခဏာခြင်းရာတစ်ခုမှာ တစ်စုံတစ်ခုသောနေရာဌာန၊ ပုဂ္ဂိုလ်သတ္တဝါ၊ အမည်နာမ အစားအစာ သို့မဟုတ် ဝတ္ထုပစ္စည်းကို အကြောင်းမဲ့ အလိုလိုကျွန်ုပ်တို့နှစ်သက်မှု သို့မဟုတ် ရွံမုန်းမှုဖြစ်၏။ စိတ်ပညာဆရာတို့၏ အလိုအားဖြင့် ထိုစိတ်ခံစားရချက်များသည် ငယ်ရွယ်စဉ် ကလေးဘဝက အတွေ့အကြုံများ၌ အခြေတည်၍ ထိုအတွေ့အကြုံများကို ကောင်းစွာပြန်လည် မှတ်မိပါက အကြောင်းရှာ၍မရသော ကြောက်မှု၊ ရွံရှာမှု အစရှိသည့် ဒေါမနဿ စေတသိက်များ ပျောက်ကွယ်သွားသည်ဆို၏။ ပုံစံအားဖြင့် ကြွက်ကို အကြောင်းမဲ့ကြောက်နေခြင်းသည် ကလေးဘဝက ကြွက်နှင့်ပတ်သက်သော ထိတ်လန့်ဖွယ်ရာ အတွေ့အကြုံတစ်ခုခုကြောင့် ဖြစ်ပေလိမ့်မည်။ သို့ရာတွင် အလားတူ အတွေ့အကြုံမျိုးရှိသော ကလေးအားလုံးသည် ကြီးပြင်းသောအခါ ကြွက်ကို ကြောက်နေလိမ့်မည်ဟု မဆိုသာချေ။ သို့ဖြစ်၍ အချို့မှာ အဘယ်ကြောင့် အစွဲဥပါဒါန်မရှိ။ အချို့မှာ အစွဲရှိနေပါသနည်းဟု မေးဖွယ်ရှိ၏။

လူဝင်စားမှုများ၌ ထိုအစွဲဥပါဒါန်များသည် အတိတ်ဘဝနှင့် ဆက်စပ်နေကြောင်း စတီဗင်ဆင်၏လေ့လာချက်အရ ကျွန်ုပ်တို့သိရပေပြီ။ စတီဗင်ဆင်၏ မှတ်တမ်း၌လာသော အနောက်နိုင်ငံမှ အလားတူအဖြစ်အပျက်နှစ်ခုကို ဖော်ပြပါအံ့။

ကမ္ဘာလှည့် အမေရိကန် ဇနီးမောင်နှံနှစ်ဦးသည် အိန္ဒိယပြည် ဘုံဘေမြို့သို့ ရောက်ရှိလာ၏။ သူတို့သည် မြို့ထဲ၌ လမ်းပြမပါဘဲ တစ်နေရာမှတစ်နေရာသို့ သွားတတ်သည်ကို အံ့သြဖွယ်ရာ တွေ့ရ၏။ လမ်းထောင့်တစ်ခုကိုချိုးလိုက်လျှင် ဘာတွေ့ရမည်ဟု အချင်းချင်းပြော၍သွားရာ သူတို့ပြောသည့်အတိုင်း မှန်ကန်နေသည်ကိုတွေ့ရ၏။ အထူးသဖြင့် အိမ်တစ်အိမ်နှင့် ညောင်ပင်တစ်ပင်ရှိသော နေရာကို သူတို့စိတ်ထဲ၌ မြင်ယောင်လာသဖြင့် ထိုနေရာသို့သွားကြ၏။ ထိုနေရာ၌ အိမ်နှင့်ညောင်ပင် မတွေ့ရချေ။ ရဲသားတစ်ဦးကို တွေ့သဖြင့် မေးကြည့်ရာ ရှေးက ထိုနေရာတွင် အိမ်တစ်အိမ်နှင့် ညောင်ပင်တစ်ပင်ရှိခဲ့သည်ဟု ရဲသားက ပြောပြ၏။ အိမ်မှာ ဘန်းဆိုသော မိသားစုပိုင်အိမ်ဖြစ်သည်ဟုလည်း ရဲသားက



ပြော၏။ ဘန်းမှာ အဘယ်ကြောင့်မှန်းမသိ။ အမေရိကန်ဇနီးမောင်နှံက နှစ်သက်သဖြင့် သူတို့၏သားအား ပေးထားသောနာမည်ဖြစ်နေလေသည်။

ဟင်နရီတီရစ အမည်ရှိ ဒတ်(ချ)အမျိုးသမီး ပန်းချီဆရာမတစ်ဦးသည် ဝစ္စဆိုသော လူတစ်ဦးနှင့် လက်ထပ်၍ နောက်ကာလ၌ ထိုလူနှင့် ကွာရှင်းလိုက်၏။ ဒတ်(ချ)မိန်းမများသည် ယောကျ်ားနှင့်ကွာရှင်းပြီးနောက် ငယ်နာမည်ကို ယူလေ့ရှိသော်လည်း မစ္စက်ဝစ္စသည် အဘယ်ကြောင့်မှန်းမသိ။ ဝစ္စဆိုသော နာမည်ကို ကြိုက်နှစ်သက်သဖြင့် မစွန့်လိုချေ။ သူ့အမေက မစ္စက်ဝစ္စရစဟုသာ ခေါ်၏။

မစ္စက်ဝစ္စရစသည် ပဲရစ်မြို့သို့ သွားရောက်၍ ပန်းချီရေးဆွဲခြင်းဖြင့် အသက်မွေး၏။ တစ်ညနေတွင် ပင်ပန်းနွမ်းနယ်သဖြင့် အိပ်ရာသို့ ဝင်အိပ်ရာ တစ်စုံတစ်ယောက်က "ပျင်းမနေပါနဲ့၊ ထပြီးအလုပ်လုပ်ပါ"ဟု ပြောနေသံကို ကြားယောင်လာ၏။ ပထမတွင် ဂရုမစိုက်ဘဲနေသော်လည်း အသံက အထပ်ထပ် တိုက်တွန်းသဖြင့် သူသည် ထပြီးလျှင် အလုပ်ခန်းသို့သွား၍ အသံကပြောသည့်အတိုင်း မှောင်ထဲ၌ပင် ပန်းချီကားတစ်ခုကို ကမန်းကတန်း ရေးဆွဲလိုက်၏။ ရေးဆွဲပြီးသောအခါ နေသာထိုင်သာရှိလာ၍ အိပ်ရာထဲဝင်ပြီး အိပ်ပျော်သွား၏။ နံနက်၌ အိပ်ရာမှနိုး၍ကြည့်လိုက်ရာ ညကသူရေးဆွဲထားသောပုံမှာ လှပသော မိန်းမငယ် တစ်ဦးပုံ ဖြစ်နေသည်ကို တွေ့ရ၏။

မစ္စက်ဝစ္စရစသည် သူ၏ မိတ်ဆွေတစ်ဦးအား သူ့အဖြစ်အပျက်ကို ပြောပြ၍ ထိုမိတ်ဆွေ၏ တိုက်တွန်းချက်အရ နတ်ဝင်တစ်ဦးထံသွား၏။ သူသည် ဘာမျှမပြောဘဲ သူမရေးဆွဲထားသော ပန်းချီကားကို စားပွဲပေါ်၌ တင်ထားလိုက်၏။ နတ်ဝင်သည် ပန်းချီကားကို ဆွဲကိုင်လိုက်ပြီးလျှင် မကြာမီတောတစ်ီးလာ၍ ဤသို့ပြော၏။ "ကျွန်မ စာလုံးတွေကိုမြင်ရတယ်၊ နာမည်တစ်ခုကို ပေါင်းပြနေတယ်၊ နာမည်က ဂိုယာတဲ့။ အခု သူက ကျွန်မကိုပြောပြတယ်။ သူဟာ နာမည်ကျော်စပိန် ပန်းချီဆရာကြီးဖြစ်တယ်။ ရန်သူတွေကြောင့် သူ့နိုင်ငံက သူထွက်ပြေးရတယ်။ အဲဒီအချိန်က ရှင်ဟာ ပြင်သစ်ပြည်တောင်ပိုင်းက မြို့ကြီးတစ်မြို့မှာ သူ့ကိုသူ ကွယ်လွန်တဲ့အချိန်အထိ ရှင့်အိမ်မှာ ကျွေးမွေးပြုစုခဲ့တယ်။ ဒါကြောင့် သူဟာ ရှင့်ကို သိပ်ကျေးဇူးတင်ပြီး ကူညီချင်တယ်။ သို့ပေမယ့် သူ့အလိုဆန္ဒ မပြည့်ခဲ့ဘူး။ ရှင်ဟာ သိပ်ခုခံငြင်းဆန်တယ်။ ရှင် တက္ကသိုလ် ပညာကို အစွဲကြီးတယ်။ စိတ်ကိုဖြေလျှော့မထားဘူး။ ရှင့်ကို ကူညီဖို့ သိပ်ခက်တယ်။ ဒါကြောင့် ရှင့်ဟာရှင် ဘာလုပ်လို့ဘာလုပ်မှန်းမသိအောင်

www.burmeseclassic.com

www.burmeseclassic.com



သူက ရှင့်ကို မှောင်ထဲမှာ ပန်းဆွဲခိုင်းရတယ်လို့ဆိုတယ်--"

ထိုအချိန်က မစ္စက်ဝစ္စရာဇသည် စပိန်ပန်းချီကျော် ဂိုယာအကြောင်း ဘာစာမှ မဖတ်ဖူးချေ။ ထိုညနေ၌ သူသည် အသိမိတ်ဆွေတစ်ဦးထံမှ ဂိုယာ အတ္ထုပ္ပတ္တိ စာအုပ်တစ်အုပ်ကို ငှား၍ဖတ်ကြည့်၏။ ထိုစာအုပ်၌ ဂိုယာသည် ကွယ်လွန်သည့်အချိန်အထိ ပြင်သစ်ပြည် အိမ်တစ်အိမ်တွင် နေထိုင်ခဲ့ပုံနှင့် ထိုအိမ်ရှင် လီယိုကာဒီယာဝစ္စဆိုသော မိန်းမအကြောင်း ရေးသားထားသည်ကို အံ့သြဖွယ်ရာ တွေ့ရသည်။

## (၄) မြန်မာနိုင်ငံမှ လူဝင်စားမှုနှစ်မှု

အခန်း(၃)၌ လူဝင်စားမှုများကို ဖော်ပြခဲ့ရာတွင် နိုင်ငံခြားမှ လူဝင်စားမှုများကို ဦးစားပေး၍ ဖော်ပြခဲ့ပါသည်။ မြန်မာနိုင်ငံမှ လူဝင်စားမှုများမှာ သိပ္ပံနည်းကျ စူးစမ်းလေ့လာခြင်း မပြုရသေးသည့်အပြင် စာဖတ်သူများ ကြားဖူးမည်ဖြစ်သောကြောင့် ချန်လှပ်ထားခဲ့ပါသည်။ သို့ရာတွင် အချို့အမှုများမှာ အထောက်အထား အတန်ခိုင်လုံ၍ အထက်က ပြဆိုခဲ့သော နိုင်ငံခြားမှ လူဝင်စားမှုများနှင့် နှိုင်းယှဉ်ကြည့်ရန် မြန်မာလူဝင်စားမှုနှစ်မှုကို ဖော်ပြပါမည်။ *(ဤလူဝင်စားမှုနှစ်မှုမှာ ဦးဝင်းမောင်၏ မှတ်တမ်းများမှ ကောက်နုတ်ရေးသားထားခြင်းဖြစ်သည်။ ဦးဝင်းမောင်မှာ အမေရိကန်သုတေသနဆရာ ဒေါက်တာ စတီဗင်ဆင် မြန်မာနိုင်ငံသို့လာစဉ်က စတီဗင်ဆင်နှင့်အတူ လိုက်ပါ၍ လူဝင်စားမှု သုတေသနပြုရာတွင် ကူညီဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။)*

### ၁။ ဗလပြန်အမှု

ဗလပြန်မှာ ဓာတ်မင်းသမီးဖြစ်၍ နာမည်ရင်းမှာ ဒေါ်စောနန်းရွှေ ဖြစ်သည်။ သူ၏ကပုံမှာ ပထမ ကမ္ဘာစစ်မဖြစ်မီက ဓာတ်မင်းသမီးအဖြစ်ကပြ၍ နာမည်ကြီးခဲ့သော အောင်ဗလ၏ကပုံနှင့် တူလှသောကြောင့် ပွဲကြည့်ပရိသတ်က ဗလပြန်ဟု နာမည်ပေးထားခြင်းဖြစ်သည်။

ဗလပြန်သည် ပဲခူးနယ် ထုံးကြီးမြို့အနီး ရေအေးစန်းရွာရှိ ဦးချမ်းအေး ဒေါ်ရွှေမိတ် ကရင်ဇနီးမောင်နှံ၏ သားသမီးခုနစ်ယောက်အနက် အငယ်ဆုံး ဖြစ်သည်။ သူသည် အသက် ၆-နှစ်အရွယ်ကစ၍ သူ၏အတိတ်ဘဝအကြောင်းကို ပြောသည်။ သူ၏အမည်မှာ **အောင်ဗလဖြစ်သည်**။ သူ၏ဇနီး မသဲညွန့်နှင့် တူ ဘလှ၊ တူမ မညွန့်ရီတို့ကို တွေ့ချင်သည်ဟု ဆိုသည်။



နောက်ကာလ၌ အောင်ဗလ၏ ဇနီး ဒေါ်သဲညွန့်သည် ထိုသတင်းကို ကြား၍ ရေအေးစန်းရွာသို့ သွားသည်။ စောနန်းရွှေသည် ဒေါ်သဲညွန့်ကို မြင်သည်နှင့်တစ်ပြိုင်နက် မှတ်မိသည်။ မိဘများ၏ခွင့်ပြုချက်အရ ရန်ကုန်ကို လိုက်သွားသည်။ ဦးဘလှနှင့် ဒေါ်ညွန့်ရီတို့သည် ပထမတွင် စောနန်းရွှေကို အောင်ဗလ ဝင်စားသည်ဟုမယုံ။ စောနန်းရွှေက အောင်ဗလ၏ပစ္စည်းများကို ထောက်ပြပြီး သူကြိုက်နှစ်သက်သော စာအုပ်များအကြောင်းမေး၍ သူ၏ ဓာတ်မင်းသမီး အဝတ်အစားများကို အခြားမျိုးတူ အဝတ်စုံများနှင့် ခွဲခြားပြသောအခါမှ သူ့စကားကို ယုံရမလိုဖြစ်လာကြသည်။

ရန်ကုန်၌ရှိစဉ် ဒေါ်သဲညွန့်သည် စောနန်းရွှေကို ကျောက်တန်းသို့ ခေါ်သွားသည်။ ကျောက်တန်း၌ စောနန်းရွှေသည် တစ်ခါက အောင်ဗလပိုင် ဆန်စက်ကို လက်ညှိုးထိုးပြ၍ ၎င်းကို လက်ဦးပထမ အောင်ဗလနှင့် ဓာတ်မင်းသားကြီး ဦးဖိုးစိန်တို့ စပ်တူဝယ်ခဲ့၍ နောက်တွင် ဦးဖိုးစိန်က သူ၏ရှယ်ယာအားလုံးကို အောင်ဗလအား ရောင်းလိုက်ကြောင်း ပြောပြသည်။ ဘဝဟောင်းက သူပိုင်ခဲ့သော လယ်မြေနှင့် အခြားပစ္စည်းများကိုလည်း မှန်ကန်စွာ ပြနိုင်သည်။

ရန်ကုန်မှ သူ့မိဘရပ်ရွာသို့ပြန်ရောက်သောအခါ စောနန်းရွှေမှာ သီချင်းဆိုချင်၊ ကချင်သောစိတ် အလိုလိုပေါ်လာသည်။ သူဆိုသောသီချင်းမှာ မည်သူကမျှ မသင်ရဘဲ အောင်ဗလ၏ နာမည်ကျော်သီချင်းများဖြစ်၍ သူ၏ကပုံမှာ အောင်ဗလကပုံမျိုးဖြစ်နေသည်။ မိဘများက အားမပေးသော်လည်း သူ၏စိတ်ဆန္ဒမှာပြင်းပြလှသောကြောင့် သူ့အလိုသို့လိုက်၍ အသက်၁၂-နှစ်အရွယ်တွင် ဓာတ်မင်းသမီးဖြစ်လာတော့သည်။

စောနန်းရွှေ၏ မိဘများဖြစ်သော ဦးချမ်းအေးနှင့် ဒေါ်ရွှေမိတ်တို့သည် အောင်ဗလ၏ပွဲကို အလွန်ကြိုက်နှစ်သက်ကြ၍ ရွှေမော်ဓောဘုရားပွဲ၌ အောင်ဗလ တစ်နှစ်တစ်ကြိမ် လာရောက်ကပြစဉ်က မလွတ်တမ်း ကြည့်ခဲ့ကြသည်။ နောက်သော် သူတို့သည် အောင်ဗလနှင့် ခင်မင်ရင်းနှီးလာကြသည်။ အောင်ဗလသည် သူတို့၏သားကလေး ရွှေစန်းကို အလွန်ချစ်သဖြင့် မွေးစားလိုကြောင်း ပြောသည်။ ကရင်ဇနီးမောင်နှံက ကလေး ကြီးပြင်းလာသည်အထိ စောင့်ရန် ပြော၏။ အောင်ဗလ၏အလိုဆန္ဒအတိုင်း ကလေးကို ရှင်ပြုခွင့်ပေးပါမည်ဟု ကတိပြုကြသည်။ သို့ရာတွင် နောက် နှစ်နှစ်သုံးနှစ်ခန့်အကြာ ၁၉၁၃ ခုနှစ်၌ အောင်ဗလမှာ မန္တလေးမြို့၌ အဆုတ်ရောဂါဖြင့် ကွယ်လွန်သည်။

ဒေါ်ရွှေမိတ် ကိုယ်ဝန်ရှိစ ပထမလများတွင် တစ်ညသ၌ အောင်ဗလကို

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်မက်၏။ အောင်ဗလသည် ဓာတ်မင်းသမီး အဝတ်အစားနှင့် သူ့ထံသို့ လာ၍ ကျွန်တော် နော်ရွှေစန်းကို ချစ်သည်။ သို့ဖြစ်၍ အစ်မနှင့်အတူ လာနေမည်ဟု ဆိုသည်။

အောင်ဗလ အသက်ထင်ရှားရှိစဉ်က အူရောဂါဖြစ်၍ ခွဲစိတ်ကုသခဲ့ရာ ဗလပြန်က သူ၏ဝမ်းဗိုက်တွင် ခွဲစိတ်ထားသော အမှတ်အသားလိုလို ချုပ်ရိုးကြောင်းလိုလို မွေးရာပါ အမှတ်ခုနစ်ခု ရှိသည်ဟုဆိုသည်။

## ၂။ မပုရိအမှု

မပုရိသည် ပခုက္ကူနယ် တောင်သူဦးမြမောင် ဒေါ်ထားကြည်တို့၏ သားသမီးခြောက်ယောက်အနက် အထွေးဆုံးဖြစ်သည်။ စကားပြောတတ်စတွင် သံဒိုင်၊ တာကြီးနှင့် ဂျမ်းဟူ၍ ပြောလေ့ရှိသည်။ မိဘများမှာ သူဘာဆိုလိုသည်ကို နားမလည်ကြချေ။ မပုရိသည် မိမိအစ်ကို အစ်မများနှင့်မကစားဘဲ သူ့ဘာသာ တစ်ယောက်တည်း နေတတ်သည်။ တောင်ဘက်အရပ်သို့ ငေးမျှော်နေတတ်၍ အနည်းငယ်အသက်ကြီးလာသောအခါ ရေနံချောင်းသို့ခေါ်သွားရန် ပြောသည်။ မိဘများမှာ အလုပ်မအားသဖြင့် သူ့အလိုဆန္ဒကို မဖြည့်နိုင်ကြချေ။

သူ့အသက် ၇-နှစ်ရှိသောအခါ တစ်နေ့တွင် သူတို့ရွာသို့ ရေနံချောင်းမှ မိန်းမကြီးတစ်ဦး ရောက်ရှိလာသည်ကြားသဖြင့် သွားတွေ့၍ သံဒိုင်၊ တာကြီးနှင့် ဂျမ်းတို့ ရှိသေးသလားဟု မေးသည်။ မိန်းမကြီးက သူတို့ရှိကြသေးသည်ပြော၍ သူတို့ကို သိသလားဟုမေးသည်။ ထိုအခါ ကလေးသည် ဘဝဟောင်းက သူနေခဲ့ဖူးသော အရပ်ဒေသအကြောင်းကို ပြောပြသည်။

ရဟန်းဘောင်သို့ ရောက်ရှိနေသော မပုရိ၏အစ်ကိုအကြီးဆုံးသည် သူ့နှမမှာ လူပြုစားခံနေရသည်ဟု ထင်သဖြင့် မပုရိကို ရေနံချောင်းသို့ခေါ်သွား၍ ဆေးကုသရန် သူ့မိဘများကို တိုက်တွန်းသည်။ ထိုအခါ မပုရိမှာ အသက် ၁၆-နှစ်ရှိပြီဖြစ်သည်။ သို့ဖြစ်၍ ဦးမြမောင်သည် မပုရိအား သူတစ်ခါမျှ မရောက်ဖူးသော ရေနံချောင်းသို့ ခေါ်သွားသည်။ သူတို့သည် ချောက်မှ ရေနံချောင်းသို့ ဘတ်စ်ကားဖြင့်သွားကြရာ မပုရိအဖို့ ဇာတိရပ်ရွာမှ ရပ်ဝေးသို့ ပထမဆုံးအကြိမ်သွားရောက်ခြင်းဖြစ်သော်လည်း သူကပင် ရှေ့ဆောင်လမ်းပြသည်။ ရေနံချောင်းသို့ ရောက်၍ ဘတ်စ်ကားမှဆင်းကြပြီး ဦးမြမောင်က သူတို့သွားလိုသော နေရာကို စုံစမ်းမည်ပြုရာ မပုရိက "ဖေဖေ၊ ကျွန်မ နေရာကိုသိတယ်၊ ဘယ်သူ့မှ မေးနေဖို့ မလိုဘူး"ဆိုပြီး ရှေးကသွားသည်။



သံကုန်းရပ်ကွက် ဘုရားအနီးသို့ရောက်သောအခါ သူက အိမ်တစ်အိမ်ကို လက်ညှိုးထိုးပြ၍ "ဖေဖေ အဲဒါ ကျွန်မတို့အိမ်ပဲ၊ ဒါပေမယ့် အိမ်ကိုပြင်ဆောက်ထားတယ်" ဟုဆိုသည်။ ထိုအချိန်၌ ဘဝဟောင်းက ခင်ပွန်းဖြစ်သော ဦးသံဒိုင်မှာ အိမ်တစ်အိမ်၌နေထိုင်၍ အစ်မဖြစ်သူ (ဦးသံဒိုင်၏သမီး) ဒေါ်ခင်ဂျမ်းမှာ အနီးရှိ အခြားအိမ်တစ်အိမ်၌ နေသည်။ ဒေါ်ခင်ဂျမ်းအိမ်သို့ သူတို့ပထမသွားကြသည်။

ဒေါ်ခင်ဂျမ်းသည် မပုရိ၏စကားကို မယုံသောကြောင့် စမ်းသပ်ကြည့်ရန် ဓာတ်ပုံဟောင်းတစ်ခုကို ထုတ်ပြသည်။ ဓာတ်ပုံမှာ ဒေါ်အေးလှုနှင့် အစ်မညီမများ စုပေါင်း၍ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရာ မပုရိသည် ဘဝဟောင်းက သူ၏ရုပ်ပုံ(ဒေါ်အေးလှု၏ရုပ်ပုံ)ကို မှန်ကန်စွာ ထောက်ပြသည်။ အခြားလုံချည်ဟောင်းများနှင့် ရောထားသော ဒေါ်အေးလှု၏ လုံချည်ဟောင်းကိုလည်း ဆွဲပြသည်။ တာကြီးခေါ် မောင်စိုးနိုင်သည် အိမ်ထဲသို့ဝင်လာရာ မပုရိက ချက်ချင်း "တာကြီး မင်းဘယ့်နှယ်နေသလဲ"ဟုမေးသည်။ အိမ်နီးချင်းများရောက်လာသောအခါ တစ်ယောက်ပြီး တစ်ယောက် အမည်တပ်ခေါ်၍ ရှေးဟောင်းနှောင်းဖြစ်များကို ပြောသည်။

ဘဝဟောင်းက သူမကျန်းမမာဖြစ်နေစဉ် ဆေးကုသခဲ့ဖူးသော ဘုန်းကြီး ဦးမဟိန္ဒရောက်ရှိလာရာ မပုရိသည် ချက်ချင်းမှတ်မိ၍ ဦးမဟိန္ဒဟုအမည်ကို အော်ခေါ်သည်။ ဘုန်းကြီးမှာ အံ့ဩ၍ မိမိကို သိသလားဟုမေးရာ "သိပါသည်။ တပည့်တော်မ ဖျားနေစဉ် အရှင်ဘုရားဆေးထိုးပေးခဲ့ပါသည်"ဟု ဆိုသည်။

## (၅) အလိုဆန္ဒ၊ ယုံကြည်မှုနှင့် လူဝင်စားမှု

အလိုဆန္ဒ သို့မဟုတ် ယုံကြည်မှုနှင့် ဘဝသစ်တစ်ဖန်ဖြစ်မှုသည် တစ်နည်းနည်း ဆက်နွယ်နေသည်ဟု ယူဆရန် အထောက်အထားများကို စတီဗင်ဆင် ကျယ်ကျယ်ပြန့်ပြန့် နိုက်ချွတ်လေ့လာထားသော လူဝင်စားမှုသုတေသန မှတ်တမ်းများ၌ တွေ့ရပေသည်။

စတီဗင်ဆင်၏ စူးစမ်းလေ့လာချက်အရ ကမ္ဘာအရပ်ရပ်၌ လူဝင်စားသည် ဆိုသော အမှုများရှိခဲ့သော်လည်း လူဝင်စားမှု အများဆုံးတွေ့ရသောနိုင်ငံများမှာ အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာနှင့် ယိုးဒယားနိုင်ငံများဖြစ်၏။ တရုတ်၊ ဂျပန်၊ ကိုရီးယား စသော အရှေ့နိုင်ငံများသည် မြန်မာနိုင်ငံကဲ့သို့ ဗုဒ္ဓဘာသာနိုင်ငံများဖြစ်ပါလျက် လူဝင်စားမှု နည်းပါးခြင်းကို စဉ်းစားရန်ရှိ၏။ ထိုနိုင်ငံများ၌ ရှင်တို၊ ကွန်ဖြူးရှပ် စသော အခြား အယူဝါဒများသည် ရှေးပဝေသဏီကစ၍

www.burmeseclassic.com

www.burmeseclassic.com



ယနေ့အထိ အားကောင်းလျက်ရှိခြင်း၊ တရုတ်၊ ဂျပန်တို့သည် အာရှတောင်ပိုင်းသားများကဲ့သို့ တမလွန်ဘဝကို မစွဲလန်းဘဲ မျက်မှောက်ဘဝအား ဦးစားပေးကြခြင်းကို သတိပြုသင့်ပေ၏။

ကမ္ဘာ၏အနောက်ပိုင်း၌ အရှေ့တောင်အာရှနိုင်ငံများမှာကဲ့သို့ လူဝင်စားမှုပေါများသော အရပ်ဒေသမှာ တလင်းဂျစ် အင်ဒီးယန်းများနေထိုင်ရာ မြောက်အမေရိကတိုက် အလတ်စကားပြည်နယ် အရှေ့တောင်ပိုင်းဒေသဖြစ်၏။ တလင်းဂျစ်အင်ဒီးယန်းတို့၏ လူဝင်စားမှုတစ်ခုကို ဖော်ပြခဲ့ပေပြီ။ တလင်းဂျစ်တို့သည် အက်စကီးမိုးလူမျိုးစုကဲ့သို့ပင် တမလွန်ဘဝကို အယူရှိ၍ အာရှတိုက်မှ ရျှိဟန်တူ၏။ သူတို့၏ လူဝင်စားမှုများမှာ လူဦးရေ အချိုးကျအားဖြင့် အရှေ့တောင်အာရှနိုင်ငံများမှာထက် ပိုမိုများ၏။

တလင်းဂျစ်တို့၏ လူဝင်စားမှုများမှာ အထူးစိတ်ဝင်စားဖွယ်ကောင်း၏။ အဘယ်ကြောင့်ဆိုသော် သူတို့လူဝင်စားမှု၏ လက္ခဏာခြင်းရာများမှာ သူတို့၏ အာသီသဆန္ဒနှင့် အစဉ်အလာယုံကြည်ချက်များနှင့် ကိုက်ညီလျက်ရှိ၏။

တလင်းဂျစ်တို့သည် စစ်တိုက်ဝါသနာပါ၍ တိုက်ခိုက်သေရခြင်းသည် မြတ်သည်။ ရန်သူနှင့်တိုက်ခိုက်ရင်း သို့မဟုတ် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား လုပ်ကိုင်ရင်း သေသောသူသည် မြန်မြန်လူပြန်ဖြစ်၍ ပိုမိုကောင်းမွန်သောဘဝသို့ ရောက်ရှိသည်ဟု ယုံကြည်ကြ၏။ သေသူသည် လိင်ပြောင်းလဲခြင်းမရှိဘဲ မိမိဆွေမျိုးသားချင်းအတွင်း၌ ဘဝသစ်တစ်ဖန် ဖြစ်သည်ဟုယူဆကြ၏။ လူပြန်ဖြစ်သောအခါ၌ ဘဝဟောင်းကမည်သူမည်ဝါဖြစ်သည်ဟု သိရှိရန် အမှတ်အသားရှိလိမ့်မည်ဟု မျှော်လင့်ယုံကြည်ကြ၏။

စတီဗင်ဆင်၏ စူးစမ်းလေ့လာချက်အရဆိုသော် တလင်းဂျစ်တို့၏ လူဝင်စားမှုများမှာ သူတို့၏ ယုံကြည်ချက်နှင့်အညီဖြစ်၏။ သူတို့တွင် ယောက်ျားဘဝမှ မိန်းမဘဝ သို့မဟုတ်၊ မိန်းမဘဝမှ ယောက်ျားဘဝသို့ ကူးပြောင်းခြင်းမရှိ။ စတီဗင်ဆင်လေ့လာသောအမှု ၄၃ မှုအနက် ၇၀ ရာခိုင်နှုန်းကျော်ကျော်မှာ မိမိဆွေမျိုးသားချင်း၌ ပြန်၍ဝင်စားသောအမှုများဖြစ်၏။ လူဝင်စား ကိုယ်ဝန်ရှိနေစဉ် မိခင်လောင်းသည် မွေးမည့်ကလေးမှာ ဘဝဟောင်းက မည်သူမည်ဝါဖြစ်သည်ဟု မမွေးမီကကြိုတင်၍ပြောပြကာ ထိုပြောပြချက်သည် မှန်ကန်စမြဲဖြစ်၏။

တလင်းဂျစ်လူဝင်စားမှုများ၏ အခြားထူးခြားချက်မှာ လူဝင်စားသောကလေးများ၌ မွေးရာပါအမှတ်များ ပါရှိခြင်းဖြစ်၏။ စတီဗင်ဆင်လေ့လာသော



လူဝင်စားမှုများ၏ တစ်ဝက်ကျော်ကျော်မှာ မွေးရာပါ အမှတ်ပါ လူဝင်စားမှုများဖြစ်၍ အခြားနိုင်ငံများ၌ ထိုလူဝင်စားမှုမျိုးကို ထိုမျှ များများစားစား မတွေ့ရချေ။ မွေးရာပါ အမှတ်များမှာ ဓား၊ လှံ၊ သေနတ်ဒဏ်ရာနှင့် ရောဂါဒဏ်ရာအမှတ်များနှင့် တူနေသည်ကို တွေ့ရ၏။ ယင်းတို့မှာ ဘဝသစ်တစ်ဖန်ဖြစ်ပြီးနောက် ဘဝဟောင်းကို သိရှိလိုသော တလင်းဂျစ်တို့၏ အလိုဆန္ဒကို ဖြည့်စွမ်းရန် အထောက်အကူများဖြစ်နေပေသည်။

ဘဝသစ်တစ်ဖန်ဖြစ်မှုကို လူတို့၏ ယုံကြည်ချက်များနှင့် ဆက်စပ်လေ့လာပါက အခြားလူမျိုးများတွင်လည်း ယုံကြည်ချက်နှင့် အညီဖြစ်သော လက္ခဏာခြင်းရာများကို တွေ့ရပေမည်။ မြန်မာတို့သည် အချို့တိရစ္ဆာန်များကို လူ့ဘဝနှင့် နီးစပ်သည် (ဝါ) လူသေလျှင် တိရစ္ဆာန်ဖြစ်နိုင်သည်ဟု ယုံကြည်ကြရာ ထိုယုံကြည်ချက်နှင့် ကိုက်ညီသော အမှုများကို မြန်မာနိုင်ငံ၌ တစ်ခါတစ်ရံ တွေ့ရ၏။ လူသေလူဖြစ်သည်ဟု ယုံကြည်သော တလင်းဂျစ်တို့၏ အရပ်ဒေသ၌ ထိုအမှုမျိုးကို လုံးဝမတွေ့ရချေ။

## (၆) ဘဝသစ် တစ်ဖန်ဖြစ်ခြင်းနှင့် ပတ်သက်၍ ကမ္ဘာ့အသိပညာရှင် နှစ်ဦး၏ ခံယူချက်

လူသေပြီးနောက် ဘဝသစ်တစ်ဖန် ဖြစ်မှုနှင့်ပတ်သက်၍ အချို့သော ကမ္ဘာ့ပညာရှင်တို့သည် မိမိတို့၏ ထင်မြင်ချက်ကို ထုတ်ဖော်မိန့်ကြားခဲ့ကြပေရာ ပညာရှင်နှစ်ဦး၏အဆိုမှာ ကျွန်ုပ်တို့ အထူးဆင်ခြင်သုံးသပ်ဖွယ်ဖြစ်၏။ တစ်ဦးသောပုဂ္ဂိုလ်မှာ ဘဝသစ်တစ်ဖန်ဖြစ်မှုကို လက်မခံသောသူဖြစ်၍ အခြားတစ်ဦးမှာ လက်ခံယုံကြည်သောသူဖြစ်၏။

နာမည်ကျော် ဗြိတိသျှ စာရေးဆရာကြီး ဂျော့ဘားနတ်ရှော (George Bernard Shaw) မှာ တမလွန်ဘဝကို လက်မခံချေ။ သူ၏အဆိုမှာ အောက်ပါအတိုင်းဖြစ်၏။

"လူတို့သည် အသက်ဇီဝိန်ချုပ်ပြီးနောက် မအို၊ မနာ၊ မသေရသော အမတဘုံတွင် ထာဝရပျော်စံရလိမ့်မည်ဟု မျှော်မှန်းကြရာ အကယ်၍ ဤသည်မှာ စိတ်ကူးမျှော်မှန်းချက်မဟုတ်ဘဲ သေပြီးနောက် ကေန်မုချကြုံတွေ့ရမည့် အရှိတရားဖြစ်ကြောင်း တမလွန်ဘုံသားတစ်ဦးက လူတို့ယုံကြည်အောင် ပြောပြနိုင်ပါက လူ့လောကသည် ပွက်လောရိုက်၍ ပြင်းထန်စွာ ထုန်လှုပ်ချောက်ချားသွားပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်တုံတရားကင်းလွတ်အောင် ကြီးမားသည့် အတ္တမာနစွဲကပ်ခြင်း မရှိပါက မည်သည့်ပုဂ္ဂိုလ် သတ္တဝါသည် အဆုံးမရှိ ထာဝရတည်မြဲမည့် အဖြစ်မျိုးကို လိုလားနှစ်သက်ပါမည်နည်း။ ထာဝရတည်မြဲမှုကို လက်ခံလိုသော သူတို့က ထိုအမတဘုံ၌ လူတို့သည် ရာခိုင်နှုန်းပြည့် သန့်စင်မွန်မြတ်သော ပုဂ္ဂိုလ်ထူးများ ဖြစ်လာလိမ့်မည်ဟု ဆိုကြ၏။ သို့ရာတွင် အကယ်၍ ကျွန်ုပ်သည် ထိုသို့သော ပုဂ္ဂိုလ်ဖြစ်သွားပါက ထိုဘဝနှင့် ယခုဘဝမှာ လုံးလုံးလျားလျား တခြားစီဖြစ်၍ ရှောဘားနတ်ရှောမှာ လုံးဝဇာတ်သိမ်း၍ ချုပ်ငြိမ်းပြတ်တောက်သွားပြီဟု ဆိုရပေမည်"

အခြားပညာရှင်မှာ ဂျာမန်လူမျိုး ဂိုထေးဖြစ်၏။ ဂိုထေးသည် သူ့ခေတ်က အလွန်ထင်ရှားကျော်ကြားသော စွယ်စုံပညာရှင်ဖြစ်၏။ ဂိုထေးသည် လူသေလျှင် ဘဝပြတ်သည်ဆိုသော အယူကို လက်မခံ။ မိမိသည် အသက်ဇီဝိန်ချုပ်သည် အထိ မနားမနေ အလုပ်လုပ်သွားပါက မိမိ၏စိတ်ဝိညာဉ်သည် လက်ရှိဘဝနှင့် ရပ်တည်ရန် မဖြစ်နိုင်တော့သဖြင့် သဘာဝဓမ္မက ဘဝသစ်တစ်ခု ဖန်တီးပေးလိမ့်မည်ဟု ယုံကြည်၏။ သို့ရာတွင် သူသည် နတ်ပြည်၊ ငရဲပြည်ကို မယုံ၊ သေရမည်ကို မကြောက်၊ တမလွန်ဘဝအတွက် စိုးရိမ်ပူပန်ခြင်းလည်းမရှိ။ မျက်မှောက်ဘဝ၌ အလိုဆန္ဒမပြည့်သောလူသည် တမလွန်ဘဝ၌ အလိုပြည့်လိမ့်မည်ဆိုသော အယူကိုလည်းပယ်၏။ သူ၏အလိုအားဖြင့် လူသတ္တဝါသည် မိမိအလုပ်ကို သတ္တိရှိရှိ တက်တက်ကြွကြွ လုပ်ရမည်။ မိမိ၏စွမ်းရည်သတ္တိကို ဖွံ့ဖြိုးအောင်လုပ်၍ သူတစ်ပါး၏ အကျိုးစီးပွားကို ဆောင်ရွက်ရမည်။ တမလွန်ဘဝမှာ မိမိအလုပ်နှင့်လျော်ညီစွာ အကျိုးပေးမည်ဖြစ်၍ လျစ်လျူပြုထားရမည် ဖြစ်၏။

သူ၏မိတ်ဆွေတစ်ဦးအား ပြောပြချက်အရဆိုသော် "ဤတမလွန်ဘဝကိစ္စမှာ ကျွန်ုပ်တို့ သိရှိနားလည်ရန် မဖြစ်နိုင်သဖြင့် စဉ်စားတွေးခေါ်နေရန် မလိုပါ။ ယခုဘဝချုပ်ငြိမ်းပြီးနောက် ဘဝသစ်တစ်ဖန် ဖြစ်သည်ဆိုလျှင် ကျွန်ုပ်ကျေနပ်ပါပြီ။ ထိုတမလွန်လောက၌ ယခုတမလွန်ဘဝကို ယုံကြည်သောသူ တစ်ဦးတစ်ယောက်ကိုမျှ ကျွန်ုပ် မတွေ့လိုပါ။ သူတို့ကိုတွေ့ပါက ကျွန်ုပ်မှာ ဒုက္ခတွေ့ရပေဦးမည်။ ကျွန်ုပ်တို့ ဝိုင်းပြီး "ဘယ့်နှယ်လဲ၊ တို့ပြောတာ မမှန်ဘူးလား" ဘာလားညာလား စသည်ဖြင့် စကားကြော ရှည်ကြပေဦးမည်။ တမလွန်ဘဝကို စွဲလန်းမှုမှာ ယခုဘဝ၌ စိတ်အလိုမပြည့်သော လူများနှင့်



ဘာမျှအလုပ်လုပ်စရာမရှိသော သူများအတွက်သာ ဖြစ်ပါသည်။ အရည်အချင်းရှိ၍ ယခုဘဝတွင် ရည်ရွယ်ချက်တစ်ခုခု ပေါက်မြောက်အောင် လုပ်ကိုင်သွားလိုသော သူမှာ နေ့စဉ် ကြိုးစားရန်းကန်လှုပ်ရှားနေရသောကြောင့် တမလွန်ဘဝကို စဉ်းစားရန် အချိန်မရပါ။ လက်ရှိဘဝကို ကောင်းစွာအသုံးချခြင်းဖြင့် အချိန်ကုန်သွားမည်ဖြစ်ပါသည်။"

## (၇) တန်ခိုးဣဒ္ဓိရှိရန် ကျင့်ကြံအားထုတ်မှု

အိန္ဒိယနိုင်ငံ၌ ယောဂအလုပ်ကို ကျင့်ကြံအားထုတ်ခြင်းဖြင့် တန်ခိုးဣဒ္ဓိများရရှိနိုင်သည်ဟု ရှေးပဝေသဏီကပင်စ၍ ယနေ့အထိ လူတို့အစဉ်အလာ ယုံကြည်ခဲ့ကြပေရာ အချို့သော အိန္ဒိယယောဂီတို့ တန်ခိုးဣဒ္ဓိရရှိသည်ဆိုခြင်းမှာ ကျင့်ကြံအားထုတ်မှုဖြင့် ရရှိခြင်းပေလောဟု စဉ်းစားရန် ရှိ၏။

အိန္ဒိယယောဂီတို့၏ လောကီပညာအစွမ်းကို ကျွန်ုပ်တို့ မကြာခဏ ဖတ်ရဖူး၏။ ဒုတိယကမ္ဘာစစ်မဖြစ်မီက ပေါလ်ဘရန်တန်ဆိုသော ဗြိတိသျှစာရေးဆရာတစ်ဦးသည် အိန္ဒိယပြည်၌ သူ တွေ့မြင်ခဲ့ရသော ယောဂီတို့၏ တန်ခိုးဣဒ္ဓိပြမှုများအကြောင်း စာအုပ်တစ်အုပ် ရေးသားခဲ့ရာ ထိုစာအုပ်မှာ လူအများစိတ်ဝင်စား၍ အကြိမ်ကြိမ်ပြန်လည်ပုံနှိပ်ရ၏။ သူတွေ့မြင်ခဲ့ရသော အံ့ဖွယ်သရဲအမှုများမှာ အနောက်နိုင်ငံ စိတ်ဝိညာဉ်သုတေသန စာပေ၌ တွေ့ရသော အံ့ဖွယ်သရဲမျိုးမဟုတ်။ ယောဂီတစ်ဦးသည် ငှက်သေတစ်ကောင်ကို အသက်ပြန်ရှင်လာအောင် ပြုလုပ်ခြင်း၊ အခြားယောဂီတစ်ဦးကမူ နှလုံးခုန်မှုကို ရပ်စဲသွားအောင် ပြုလုပ်ခြင်းကို တွေ့မြင်ခဲ့ရသည်ဆို၏။

အိန္ဒိယယောဂီတို့၏ လောကီပညာကို ရှေးအခါက အနောက်တိုင်းပညာရှင်တို့ သိပ္ပံနည်းကျ လေ့လာခြင်းမပြုခဲ့ကြချေ။ ယခုအခါ၌မူ အချို့ပညာရှင်တို့ စတင်လေ့လာနေကြပြီဖြစ်၏။ ၁၉၅၈ ခုနှစ်က အိန္ဒိယနိုင်ငံ၌ လှည့်လည်သွားလာခဲ့သော ဗြိတိသျှစာရေးဆရာ (Arthur Koestler, "The Lotus and The Robot" pp 109-25) တစ်ဦးသည် ယောဂလမ်းစဉ်ကို ကျင့်ကြံအားထုတ်ခဲ့ဖူးသောပုဂ္ဂိုလ်များကို မေးမြန်းစုံစမ်းခဲ့ရာ တန်ခိုးဣဒ္ဓိ ရရှိသည်ဆိုသော သူများကို မတွေ့ခဲ့ရချေ။ ထိုပုဂ္ဂိုလ်များမှာ အနည်းဆုံး ရက်သတ္တသုံးပတ်မှ ၁၂-ပတ်ကြာအထိ အားထုတ်ခဲ့ကြဖူးသော အစိုးရအရာရှိ သတင်းစာဆရာ အစရှိသည့် အသိပညာရှင်များဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှ စာရေးဆရာသည် ထိုအခါက ယောဂကျင့်စဉ်၏ တန်ခိုးအာနိသင်ကို သိပ္ပံနည်းကျ စူးစမ်းလေ့လာနေသော အိန္ဒိယယောဂ သုတေသနဌာနသို့ သွားရောက်စုံစမ်းရာ ထူးထူးခြားခြား ဘာမျှမတွေ့ခဲ့ရချေ။ ယောဂီတစ်ဦးအား ကျင်းတစ်ခုထဲ၌ အပေါ်မှလေအလုံပိတ်၍ မြှုပ်ကြည့်ခဲ့ဖူးကြောင်း၊ သို့ရာတွင် ကျင်းထဲသို့ နံဘေးမြေကြီးများမှ လေစိမ့်ဝင်သဖြင့် စမ်းသပ်မှုမှာ မအောင်မြင်ခဲ့ကြောင်း သုတေသနဦးစီးမှူးက ပြောပြ၏။ အခြားယောဂီတစ်ဦးအား ကျင်းထဲ၌ နှစ်နာရီမှ ရှစ်နာရီအထိ သုံးကြိမ်မြှုပ်၍ အသက်ရှူခြင်း၊ နှလုံးခုန်ခြင်း၊ ဦးနှောက်လှုပ်ရှားခြင်း စသော ရုပ်တရားပြောင်းလဲမှုများကို လေ့လာခဲ့ကြသည် ဆို၏။

၁၉၅၇ ခုနှစ်၌ အိန္ဒိယပြည် အနွရဆေးတက္ကသိုလ်၌ နှလုံးခုန်ခြင်းကို ရပ်ဆိုင်းသွားအောင် ပြုလုပ်နိုင်သည်ဆိုသော ယောဂီတစ်ဦးကို ပညာရှင်များ လေ့လာခဲ့ကြ၏။ အစမ်းသပ်ခံပုဂ္ဂိုလ်မှာ ယောဂလမ်းစဉ်ကို ၁၆–နှစ်ကြာမျှ လေ့ကျင့်ခဲ့သော ရာမနန္ဒဆိုသော ယောဂီဖြစ်၏။ ရာမနန္ဒသည် နှလုံးခုန်ခြင်းနှင့် သွေးတိုးကို စက္ကန့်သုံးဆယ်ကြာမျှ သိသိသာသာ အရှိန်လျှော့ကျသွားအောင် ပြုလုပ်ပြသ၏။ ဤသို့ပြသနိုင်ခြင်းမှာ အသက်ရှူနည်းကို တစ်မျိုးတစ်ဖုံ ပြုပြင်လေ့ကျင့်ထားခြင်းကြောင့်ဖြစ်၍ ပရစိညာဉ်၏ စွမ်းအင်မပါချေ။ အမေရိကန်နိုင်ငံ၌ ထိုသို့လေ့ကျင့်၍ နှလုံးခုန်ခြင်းကို နှေးကွေးစေပြီး ငါးစက္ကန့်ကြာမျှ လုံးဝရပ်ဆိုင်းသွားအောင် ပြုလုပ်ခဲ့သောလူတစ်ဦးအကြောင်း ကာလီဖိုးနီးယားဆေးပညာဂျာနယ်၌ ဖော်ပြထား၏။

အိန္ဒိယလောကီပညာကို အကဲဖြတ်ရာ၌ သာမန်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်တွေ့ကို ထောက်ပြရုံနှင့် ပြီးမည်မဟုတ်ချေ။ အိန္ဒိယယောဂီတို့၏ အံ့ဖွယ်သရဲ ပညာစွမ်းအကြောင်း ရေးသားချက်များမှာ အများအားဖြင့် အင်္ဂလိပ်နက်ဝင် ဒန်ဂလပ်ဟုမ်း၏ တန်ခိုးဣဒ္ဓိနှင့်ပတ်သက်၍ ယထာဘူတကျကျသိရှိရန် အိန္ဒိယစိတ်ဝိညာဉ်သုတေသီတို့၏ စူးစမ်းလေ့လာ တွေ့ရှိရချက်များကို ကျွန်ုပ်တို့ စောင့်ကြည့်ရပေလိမ့်မည်။

မည်သို့ဖြစ်စေ၊ အချို့သော အိန္ဒိယယောဂီတို့၏ တန်ခိုးဣဒ္ဓိ မရရှိကြခြင်းနှင့် အနောက်နိုင်ငံများ၌ အားမထုတ်ဘဲ အကြားအမြင်ရသော ပုဂ္ဂိုလ်များ ရှိနေခြင်းဖြစ်၏။ ဤအချက်များကို ထောက်ချင့်၍ အချို့သော ယောဂီများ တန်ခိုးဣဒ္ဓိရရှိခြင်းမှာ အားထုတ်မှု သက်သက်ကြောင့် မဟုတ်ဘဲ ပရစိညာဉ်ဗီဇတတ်ခံရှိသောကြောင့် ဖြစ်သည်ဟု ယူဆဖွယ်ရှိ၏။



## (၈) ပရစိညာဉ် အားနည်းမှု

ပရစိညာဉ်၏ စွမ်းအင်ကို အဘယ်ကြောင့် လူအများ၌ အထင်အရှားမတွေ့ရပါသနည်း။ လူအများ၌ ပရစိညာဉ်အားနည်းနေခြင်းမှာ ပဓာနအားဖြင့် အကြောင်းတရား နှစ်ခုကြောင့်ဖြစ်၏။

သိပ္ပံပညာထွန်းကားသောယခုခေတ်၌ လူတို့သည် အစစအရာရာ၌ အသိပညာဖြင့် ဆင်ခြင်သုံးသပ်မှုကို ရှေ့တန်းသို့တင်ထားကြပေရာ ထိုဆင်ခြင်သုံးသပ်မှုသည်ပင် ပရစိညာဉ်ကို ပိတ်ပင်တားဆီးသော တရားဖြစ်သည်။ ပရစိညာဉ်သည် ဘဝင်စိတ်နှင့် ဆက်စပ်နီးနွယ်လျက်ရှိပေရာ ဘဝင်စိတ်နှင့် စဉ်းစားဆင်ခြင်မှုသည် လုပ်နည်းလုပ်ဟန်နှင့် ဦးတည်ချက်အားဖြင့် တခြားစီဖြစ်၏။ ဤနေရာ၌ ဘဝင်စိတ်မှာ ဗုဒ္ဓဘာသာအဘိဓမ္မာကျမ်း၌လာသော ဘဝင်စိတ်ကိုမဆိုလိုဘဲ အနောက်တိုင်း စိတ်ပညာကျမ်းများ၌ ပြဆိုထားသော မသိစိတ် သို့မဟုတ် ရုတ်ချည်းသိမြင်သောဉာဏ်(Subcoscious or intuition) ဆိုလိုခြင်းဖြစ်၏။

စဉ်းစားဉာဏ်သည် သဒ္ဒါရမ္မ (Phenomena) များကို ခွဲခြမ်းစိစစ်၍ အကြောင်းအကျိုးကို ဆက်စပ်သုံးသပ်၏။ ဘဝင်စိတ်သည် အကြောင်းအကျိုးကို မကြည့်ဘဲ သဒ္ဒါရမ္မတို့၏ မူလဘူတကို ရုတ်ခြည်းမြင်၏။ စဉ်းစားဉာဏ်သည် သမုတိသစ္စာနယ်၌ ကျက်စား၍ လူသတ္တဝါ၏ ဘဝတည်မြဲမှုနှင့် ကြီးပွားချမ်းသာမှုကို အကျိုးပြု၏။ ဘဝင်စိတ်မှာမူ ထိုဦးတည်ချက်ကိုလွန်၍ ပညာရှိသူတော်သူမြတ်တို့၏ ပရမတ္ထသစ္စာနယ်၊ သိပ္ပံဆရာအနုပညာရှင်တို့၏ တီထွင်ဖန်တီးမှုနယ်နှင့် အချို့ပုဂ္ဂိုလ်သတ္တဝါတို့၏ နီးစပ်သော ပရစိညာဉ်နယ်သို့သာလျှင် ဦးတည်ချက်ရှိ၏။

သို့ဖြစ်၍ စဉ်းစားဉာဏ်သည် ဘဝင်စိတ်၏ လုပ်ငန်း၌ အနှောင့်အယှက် အတားအဆီး ဖြစ်နေတတ်၏။ တရားပွားများအားထုတ်သော ယောဂီသည် စိတ်ကူးကြံစည်မှု များပြားနေပါက အမှန်တရားကို ရှာဖွေတွေ့ရှိမည်မဟုတ်။ ထို့ကြောင့် တရားအားထုတ်ရာ၌ ကြံစည်သုံးသပ်မှုကို ပယ်ရ၏။ သိပ္ပံဆရာသည် ပြဿနာတစ်ရပ်ကို လေ့လာရာ၌ လက်ဦးပထမတွင် အကြောင်းအကျိုး ခွဲခြားစိစစ်၍ ဆင်ခြင်သုံးသပ်ရသည် မှန်သော်လည်း နောက်ဆုံး၌ ဆင်ခြင်သုံးသပ်မှု လုံးဝရပ်စဲ၍ စိတ်ကို ဖြေလျှော့ထားသောအခါ၌သာလျှင် ရှာဖွေသော အဖြေသည် လင်းခနဲပေါ်ထွက်လာစမြဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပရဝိဉာဉ်၏ လုပ်နည်းလုပ်ဟန်သည်လည်း ထိုနည်းအတူဖြစ်၏။ အသိဉာဏ်နှင့် ဆင်ခြင်တုံတရားကို ဦးထိပ်ထားသော ပုဂ္ဂိုလ်၌ ပရဝိဉာဉ် နိုးကြားထကြွလာရန် မလွယ်ကူချေ။ ထို့ကြောင့် ပရဝိဉာဉ်၏ စွမ်းအင်ကို ကြီးပွားတိုးတက်သော လူမျိုးကြီးများမှာထက် အသိဉာဏ်ကို ရှေ့တန်းမတင်ဘဲ ရှေးအစဉ်အလာ ယုံကြည်မှုများဖြင့် သွားလာလှုပ်ရှားနေကြသော အက်စကီးမိုး၊ ဖူးလူး အစရှိသည့် သမိုင်းဦးလူမျိုးများ၌ ပိုမိုတွေ့ရှိရခြင်းဖြစ်၏။

ပရဝိဉာဉ်၏ အခြားရန်သူမှာ အတ္တစိတ်ဖြစ်၏။ အတ္တစိတ်လွှမ်းကဲနေသောအခါ၌ ပရဝိဉာဉ် နိုးကြားလာရန် မဖြစ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ပရဝိဉာဉ်သည် ငါသူတစ်ပါး မခွဲခြားဘဲ တစ်စုတစ်ပေါင်းတည်းရှိသော မနောဝိညာဏဓာတ်၌ အရင်းမူလရှိသည်ဟု ယူဆရန်အကြောင်းရှိ၏။

လူသတ္တဝါတို့သည် နာမ်ခန္ဓာအားဖြင့် တစ်သီးတခြား အကွဲကွဲအပြားပြား ရှိသည်မဟုတ်။ လူအားလုံးနှင့်ဆိုင်သော တစ်ခုတည်းသော မနောဝိညာဏဓာတ် (The Group Mind) ရှိသည်ဆိုသော အယူမှာ အချို့သော စိတ်ဝိဉာဉ် သုတေသီဆရာတို့၏ အဆိုဖြစ်၍ ထိုအဆိုကို သိပ္ပံနည်းဖြင့် အတည်ပြုရန် မဖြစ်နိုင်သော်လည်း ကျွန်ုပ်တို့ စဉ်းစားရန် အထောက်အထားများရှိ၏။ ဘာဝနာတရား ပွားများအားထုတ်ကြသော အရှေ့တိုင်းနှင့်အနောက်တိုင်း ယောဂီတို့က နောက်ဆုံး၌ ငါသူတစ်ပါး ကွဲပြားမှု မရှိသော သဘောတရားကို မိမိတို့ ထင်ထင်လင်းလင်း သိမြင်ကြပါသည်ဟု တညီတညွတ်တည်း ဆိုကြ၏။ ကမ္ဘာ့စိတ်ပညာရှင်ကြီး တစ်ဦးဖြစ်သော စီဂျီယွန်းကလည်း လူတို့၏ အိပ်မက်နှင့် ဒဏ္ဍာရီပုံပြင်တို့ကို လေ့လာဆန်းစစ်ပြီးနောက် လူတို့၌ လူသားမျိုးနွယ်အားလုံးနှင့်သက်ဆိုင်သော ဘဝင်စိတ်ရှိသည်။ ထိုဘဝင်စိတ်သည် လူသတ္တဝါတစ်မျိုးစု အဆက်ဆက်၏ အတွေ့အကြုံကို သိမ်းမှီးထားသောစိတ် (The Racial Unconscious) ဖြစ်သည်ဟူသော အဆိုကိုတင်ပြခဲ့ပေသည်။

ဤအဆိုမှာ တိရစ္ဆာန်တို့၏ ထူးဆန်းအံ့သြဖွယ်ကောင်းသော အချို့ အပြုအမူများကို ရှင်းပြရန်အတွက် အထောက်အကူဖြစ်သည်ဟု အချို့ဆရာတို့ ယူဆကြ၏။ ပုံစံအားဖြင့် အခန်း(၃)၌ ဖော်ပြခဲ့သော အင်္ဂလန်ပြည်မှ ပျံလွှားငှက်များ အလွန်ဝေးလံသော တောင်အာဖရိကတိုက်သို့ နှစ်စဉ်ပျံသွား၍ မိမိတို့ အသိုက်ရှိရာသို့ တန်းတန်းမတ်မတ် ပြန်လာနိုင်ကြခြင်းမှာ အခြားနည်းဖြင့် ရှင်းပြရန် ခဲယဉ်းသော်လည်း ပျံလွှားငှက်များ၌ ဆိုင်ရာ အုပ်စုဝိညာဏဓာတ် ရှိသည်ဟု ယူဆပါက ယင်းတို့၏ အပြုအမူကို အံ့သြစရာအကြောင်းမရှိချေ။



လူသတ္တဝါအားလုံးနှင့်သက်ဆိုင်သော မနောဝိညာဏဓာတ်ရှိသောကြောင့် လူတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်ဓာတ်ချင်း ကူးလူး ဆက်သွယ်နေကြ၍ တစ်ဦး၏အကြံအစည် စိတ်ကူးစိတ်သန်းနှင့် ခံစားရချက်များက အခြားတစ်ဦး၏ စိတ်ဝိဉာဉ်၌ ရိုက်ခတ်ထင်ဟပ်ခြင်းဖြစ်သည်ဟု အချို့သုတေသီဆရာတို့ ယူဆကြ၏။ ဤအယူမှန်သည် မှားသည်အပထား၍ အတ္တစိတ်လွှမ်းကဲသောအခါ၌ ပရဝိဉာဉ် အားနည်းနေတတ်ခြင်းမှာကား ယုံမှားစရာမရှိချေ။ အတ္တစိတ်နည်းပါး၍ လူတစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြင်နာမှု၊ ယုံကြည်မှု၊ ကူညီစောင့်ရှောက်လိုမှု ရှိသောခါ၌သာ ပရဝိဉာဉ်သက်ဝင် လှုပ်ရှားလာလေ့ရှိခြင်းကို သုတေသီ ပညာရှင်အားလုံးက ဝန်ခံကြ၏။ ပရဝိဉာဉ်ကို စမ်းသပ်လေ့လာရာ၌ အစမ်းခံ ပုဂ္ဂိုလ်၏ စိတ်ဓာတ် အရေးကြီးပုံကို ထောက်ပြကြ၏။ ပုံစံအားဖြင့် စမ်းသပ်သူနှင့် အစမ်းသပ်ခံသူများသည် ကျောင်းဆရာနှင့် တပည့်များဖြစ်ပါက ပိုမိုအောင်မြင်မှု ရှိသည်ကို တွေ့ရသည်ဆို၏။

ပရဝိဉာဉ်ကို ပိတ်ပင်တားဆီးထားသော အခြားအရာများ ရှိသေး၏။ သဘာဝတရားသည် ပရဝိဉာဉ်ကို အားပေးလိုဟန်မရှိ။ ပုဂ္ဂိုလ်တစ်ဦး၏ စိတ်ဝိဉာဉ်ကို အခြားလူများ၏ စိတ်ဝိဉာဉ်များက မကြာခဏဝင်နှောင့်နေပါက စိတ်အစဉ် ရှုပ်ထွေး ပျက်ပြား၍ ဘဝတည်မြဲမှုအတွက် အန္တရာယ်ရှိပေရာ ထိုဘေးမှ ကာကွယ်ရန် ပရဝိဉာဉ်ကို ထိန်းကွပ်ထားလိုဟန်ရှိ၏။ သို့ဖြစ်၍ ပရဝိဉာဉ်သည် နိုးကြားလာသောအခါ၌ပင် မနောဝိဉာဉ်အပေါ်လွှာသို့ ဖြောင့်ဖြောင့်တန်းတန်း ရောရောရှုရှု မလာနိုင်ဘဲ ကွေ့ကောက်၍ ခက်ခက်ခဲခဲ ထွက်ပေါ်လာရ၏။

လူသတ္တဝါ၏ အတ္တမာနကလည်း ပရဝိဉာဉ်ကို ခုခံတားဆီးတတ်၏။ အခြားလူတို့၏ စိတ်များက ကျွန်ုပ်တို့၏ မနောဝိဉာဉ်ထဲသို့ လွတ်လပ်စွာ သွားလာဝင်ထွက်နိုင်သည်မှန်ပါက ငါစွဲအတ္တသည် အချည်းနှီးဖြစ်ရပေတော့မည်။ ထို့ကြောင့် အတ္တမာနသည် ပရဝိဉာဉ်ကို လက်မခံ။ အချို့အသိပညာရှင်များသည် ယုတ္တိအထောက်အထား အတန်ခိုင်လုံသော တယ်လီပသီကိုပင် လက်မခံလိုကြခြင်းမှာ သူတို့အစွဲအမြဲ ခံယူထားသော သိပ္ပံပညာဖြင့် ရှင်းပြရန် မဖြစ်နိုင်သောကြောင့်သာမဟုတ်။ သူတို့၏ အတ္တမာနကလည်း ဆန့်ကျင်ခုခံသောကြောင့် ဖြစ်ပေလိမ့်မည်။

ပရဝိဉာဉ်ကို ခုခံရာ၌ အတ္တမာနအား စဉ်းစားဉာဏ်က အထောက်အကူပြု၏။ ဆန္ဒစွဲဝါဒစွဲ အတ္တစွဲရှိသော စဉ်းစားဉာဏ်သည် ပရဝိဉာဉ်အတွက်

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အထောက်အထားကိုမျှ လက်ခံမည်မဟုတ်ချေ။

ဤနေရာ၌ ဗြိတိသျှ အမျိုးသမီးတစ်ဦး၏ ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို ဖော်ပြပါအံ့။

အချိန်မှာ ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၉၃၀ ခုနှစ်များနောက်ပိုင်းလောက်ကဖြစ်၏။ မစ္စက်ရှိစလင်ဟေးဝုသည် အမေရိကန်ပြည် ဝါရှင်တန်မြို့၌ ဗြိတိသျှသံရုံးအရာရှိတစ်ဦး၏ ဇနီးအဖြစ် နေထိုင်လျက်ရှိသည်။ ထိုအခါက ပါတီများ၌ မကြာခဏတွေ့ဆုံ၍ သူနှင့်ချစ်ခင်ရင်းနှီးသော မိတ်ဆွေမှာ ချောမောလှပသော ဂျူလီယာအမည်ရှိ အမေရိကန် အမျိုးသမီးတစ်ဦးဖြစ်၏။

တစ်နေ့သော် သူဌေးတစ်ဦး၏အိမ် ရေကူးကန်၌ မစ္စက်ဟေးဝုနှင့် ဂျူလီယာအပါအဝင် မိတ်ဆွေများ တွေ့ဆုံကြ၏။ အချင်းချင်းဝိုင်းဖွဲ့၍ ရောက်တတ်ရာရာ ပြောဆိုနေကြစဉ် ဂျူလီယာသည် ဘာစိတ်ကူးရသည်ကိုမသိ။ သူ့လက်ကိုဆန့်၍ မစ္စက်ဟေးဝုအား "ကျွန်မကို လက္ခဏာကြည့်စမ်းပါ" ဟု ဆို၏။ မစ္စက်ဟေးဝုက ရယ်ပြီး သူ့လက်ကိုကြည့်၏။ ကြည့်ပြီးသောအခါ၌မူ မရယ်တော့ဘဲ "ရှင်ဟာ ဒီဘဝမှာ ရှင်ရှာနေတဲ့ဟာကို တွေ့မှာမဟုတ်ပါဘူး" ဟုပြန်ပြော၏။ နောက်ရက်သတ္တပတ် အနည်းငယ်ကြာသောအခါ ဂျူလီယာသည် ပီရူးနိုင်ငံသို့ သွားရမည်ဖြစ်သဖြင့် အသိမိတ်ဆွေများအား နှုတ်ဆက်ပွဲပါတီ တစ်ခု ပေး၏။ ထိုအခါက သူသည် မစ္စက်ဟေးဝုအား သူ၏ဓာတ်ပုံတစ်ပုံကို မှတ်မှတ်ရရပေးခဲ့၏။

နောက် တစ်ရက်နှစ်ရက်ကြာသောအခါ ဂျူလီယာလိုက်ပါသွားသော လေယာဉ်ပျံမှာ တောင်အမေရိကတိုက် အင်းဒီးတောင်တန်းပေါ်၌ ပျက်ကျ၍ ခရီးသည်အားလုံး အသက်ဆုံးရှုံးကြောင်း သတင်းထွက်ပေါ်လာ၏။ မစ္စက်ဟေးဝုမှာ အတော်စိတ်မကောင်းဖြစ်သွား၏။ သို့သော် ဂျူလီယာမှာ ဆွေမျိုးသားချင်းမဟုတ်။ အချစ်ဆုံးမိတ်ဆွေသူငယ်ချင်းလည်း မဟုတ်သောကြောင့် အလွန်အမင်းဝမ်းနည်းကြေကွဲ၍ စိတ်ထိခိုက်ခြင်းမရှိ။ သို့ရာတွင် ထူးဆန်းသည်ကား နောက် ၄၈ နာရီကြာ ကာလတာပတ်လုံး ဂျူလီယာက မိမိအား ချုပ်ကိုင်စိုးမိုးနေသလို အဖြစ်မျိုးကို ကြုံတွေ့ခံစားရ၏။ ဂျူလီယာကို မိမိခေါင်းထဲမှ ဖျောက်ပစ်၍မရ။ ကားမောင်းနေသောအခါ၌ပင် "ဂျူလီယာ၊ ဂျူလီယာ" ဟု ရေရွတ်နေမိတော့၏။

နောက်နှစ်ရက်ကြာသောအခါ အနည်းငယ်စိတ်ပေါ့သလိုလို ဖြစ်သွား၍ ဂျူလီယာ၏ မိခင်ထံသို့ ဝမ်းနည်းကြောင်း စာတစ်စောင်ရေး၏။ စာရေးပြီး



နောက် ဆိုဖာပေါ်၌ ထိုင်နေစဉ်ခဏ၌ နံရံ၌ချိတ်ဆွဲထားသော ပန်းချီကားတစ်ချပ်မှာ ရုတ်တရက် အောက်သို့ ဝုန်းခနဲပြုတ်ကျသွား၏။ ကောက်ယူ၍ ကြည့်ရာ ပန်းချီကားမှာပျက်စီးခြင်းမရှိ။ ဆွဲထားသောကြိုးနှင့် နံရံပေါ်ရှိ သံမှာလည်း ဘာမျှမချို့ယွင်းဘဲ နဂိုအတိုင်းပင်ရှိ၏။ မစ္စက်ဟေးဝုမှာ ဘာကြောင့် ပြုတ်ကျပါလိမ့်ဟု တွေဝေစဉ်းစားနေစဉ် ဂျူလီယာ၏ မိခင်ထံသို့ ရေးသားထားသောစာပေါ်သို့ မျက်စိရောက်သွား၏။ ထိုခဏ၌ ခေါင်းထဲတွင် ဂျူလီယာ၏ အသံကို ကြားယောင်လာ၏။ ဂျူလီယာက "ဟိုစာကို ပို့မနေပါနဲ့။ ကျွန်မ အမေဆီကို အခုသွားပါ။ ငိုမနေဖို့ သူ့ကိုပြောစမ်းပါ။ ကျွန်မ အခုသိပ်ပျော်နေတယ်။ သူငိုနေတာကို ကျွန်မ မမြင်ချင်ဘူး" ဟုဆိုသည် ထင်ရ၏။

မစ္စက်ဟေးဝုသည် ကားကိုထုတ်၍ ဂျူလီယာ၏ မိခင်အိမ်သို့ မောင်းသွား၏။ အိမ်၌ ပြတင်းပေါက်လိုက်ကာအားလုံးချထား၍ ခန်းမထဲတွင် မိန်းမတစ်စု မျက်နှာမသာမယာနှင့် တိုးတိုးတိတ်တိတ် စကားပြောနေကြသည်ကို တွေ့ရ၏။ ဂျူလီယာ၏မိခင်အကြောင်း မေးမြန်းရာ အိပ်ရာထဲ၌ ရှိကြောင်း သူတို့ကပြော၏။ သူ့ကိုသွားတွေ့ရန် သူတို့က သဘောမတူကြ။ သို့ရာတွင် မစ္စက်ဟေးဝုက အတင်းမရမက ပြောသဖြင့် အခန်းထဲသို့ ခေါ်သွားကြ၏။ မှောင်ထဲအိပ်ရာပေါ်တွင် ဂျူလီယာ၏မိခင်မှာ သမီးအတွက်ပူဆွေးလျက် ခွေအိပ်နေသည်ကို တွေ့ရ၏။ မစ္စက်ဟေးဝုက ဂျူလီယာထံမှ သတင်းကို ပြောပြသောအခါ၌ကား မိန်းမကြီးမှာ ချက်ချင်း မျက်နှာကြည်လင်လာပြီး "ဟုတ်တယ်၊ ဟုတ်တယ်၊ သူက ငိုနေတာကိုကြိုက်မှာမဟုတ်ဘူး၊ ငါထပြီး တစ်ခုခုလုပ်နေတော့မယ်၊ မငိုတော့ဘူး" ဟု ဆိုလေသည်။

ထိုအချိန်မှစ၍ မစ္စက်ဟေးဝုမှာ စိတ်လက်ပေါ့ပါးသွား၍ ဂျူလီယာမှာလည်း သူ၏စိတ်အာရုံမှ ပျောက်ကွယ်သွား၏။ နောက်မှသိရသည်ကား အခြားသံရုံးတစ်ရုံးမှ အရာရှိတစ်ဦး၏ဇနီးသည်လည်း ကွယ်လွန်သူ ဂျူလီယာကို တွေ့မြင်၍ အလားတူသတင်းကို ဂျူလီယာ၏မိခင်ထံ သွားရောက်ပြောကြားခဲ့သည်ဆို၏။

မစ္စက်ဟေးဝုမှာ သိက္ခာသမာဓိရှိသော အမျိုးသမီးဖြစ်၍ ပရဝိညာဉ်အစွမ်း ထက်မြက်သည်ဟု မိတ်ဆွေအပေါင်းအသင်းများ၏ အသိအမှတ်ပြုခြင်းကို ခံရ၏။ ဗြိတိသျှစိတ်ဝိညာဉ်သုတေသနအသင်း၏ ကောင်စီလူကြီးဖြစ်၍ ပရဝိညာဉ်နှင့်ပတ်သက်၍ မကြာခဏဟောပြောခြင်း၊ အသံလွှင့်ခြင်း၊ စမ်းသပ်လေ့လာခြင်းများ ပြုလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ပရဝိဇ္ဇာဉ်ကို လုံးဝလက်မခံလိုသော သူတို့ကမူ အထက်ပါ ကိုယ်တွေ့သည် ဘာမျှမထူးဆန်း။ အကြောင်းမဲ့တိုက်ဆိုင်မှု၊ ကွယ်လွန်သော မိတ်ဆွေသူငယ်ချင်းကို စွဲလမ်း၍ အာရုံထင်မှု အတွေးခေါင်မှုမျှသာဖြစ်သည်ဟု ဆိုကြပေလိမ့်မည်။

## (၉) ပြင်သစ်နိုင်ငံမှ အမြင်ရပုဂ္ဂိုလ်ထူးများ

သေသူနှင့် ဆက်သွယ်သည်ဆိုသော နတ်ဝင်တို့၏ စကားများ အံ့ဖွယ်လိလိ မှန်ကန်နေခြင်းမှာ သေသူ၏ ပယောဂကြောင့်မဟုတ်ဘဲ နတ်ဝင်၏ ပရဝိဇ္ဇာဉ်အစွမ်းကြောင့်ဖြစ်သည်ဟု အချို့သောသုတေသနဆရာတို့က ယူဆကြပေရာ ထိုသို့ယူဆရန် အထောက်အထား တစ်ခုရှိ၏။ ယင်းတို့မှာ အချို့သော အမြင်ရပုဂ္ဂိုလ် (Sensitive) တို့သည် သေသူနှင့် လုံးဝမဆက်သွယ်ဘဲ ရှေ့ဖြစ်နောက်ဖြစ်များကို နတ်မျက်စိရထားဘိသကဲ့သို့ အံ့သြဖွယ်ရာ တိကျမှန်ကန်စုံလင်စွာ သိမြင်နိုင်ကြ၏။ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ စိတ်ဝိဇ္ဇာဉ် သုတေသနအသင်း၏ ညွှန်ကြားရေးမှူး ဒေါက်တာယူဂျင်းအော်စတီ Dr. Eugene Osty သည် ထိုပုဂ္ဂိုလ်ထူးများကို နှစ်ပေါင်းများစွာ စူးစမ်းလေ့လာခဲ့ပေသည်။

ထိုအမြင်ရ ဆရာတို့အား မေးမြန်းလိုသောသူသည် မိမိပိုင်ဝတ္ထုပစ္စည်းတစ်ခုခုကို ပေးရ၏။ အရာဝတ္ထုသည် ဆရာ၏ ပရဝိဇ္ဇာဉ်ကို အသက်သွင်းပေးလိုက်ဟန်ရှိ၏။ အရာဝတ္ထုကို ပိုင်ဆိုင်မှုသည် ပဓာနမဟုတ်။ ယင်းကို ထိကိုင်မှုးဖို့သာလို၏။ ပုံစံအားဖြင့် A ပိုင်ပစ္စည်းကို B ကယူ၍ C မှတစ်ဆင့် အမြင်ရဆရာအား ပေးလိုက်ကြားအံ့။ ဆရာသည် ရှေးဦးပထမ C ၏ အကြောင်းကို ပြောပြီး နောက်ထပ်မေးမှ B အကြောင်းကို ပြောပြီး နောက်ဆုံးကျမှ ပိုင်ရှင် A ၏အကြောင်းကို ပြောပြပေလိမ့်မည်။ ဒေါက်တာအော်စတီ၏ အခြားတွေ့ရှိချက်မှာ အမြင်ရဆရာသည် ဝတ္ထုကိုင်ပြီး ပရဝိဇ္ဇာဉ် လှုပ်ရှားပြီးသည်နောက်၌ ဝတ္ထုကိုဖျက်ဆီးပစ်လိုက်စေကာမူ သူ၏အစွမ်းသတ္တိမှာ ပျက်ပြယ်သွားခြင်းမရှိ။ ဝတ္ထုပျက်စီးပြီးသည့်နောက်မှ ဖြစ်ပျက်သောအရာများကိုပင် ပြောပြနိုင်၏။ မေးသူ၏ လက်ထဲ၌ ဝတ္ထုရှိခဲ့သော အချိန်ကာလသည် ပဓာနမဟုတ်။ အမြင်ရဆရာသည် ပရဝိဇ္ဇာဉ်အားဖြင့် ပစ္စည်းရှင်နှင့် ဆက်သွယ်မိသောအခါ သူ့လက်ထဲ၌ ပစ္စည်းရှိနေသောအချိန်ကာလဘဝကဏ္ဍကိုသာလျှင် သိမြင်သည်မဟုတ်ဘဲ ပစ္စည်းရှင်၏ ဘဝတစ်ခုလုံးကို သိမ်းကြုံးသိမြင်နိုင်သည် ဆို၏။



ဤတွေ့ရှိချက်များအရဆိုသော် အမြင်ရဆရာ ရရှိသောသတင်းများသည် အရာဝတ္ထုထဲမှ ထွက်ပေါ်လာခြင်းမဟုတ်။ အရာဝတ္ထု၏ လုပ်ငန်းကိစ္စမှာ ဆရာ၏ ပရဝိဇ္ဇာဉ်ကို အသက်ဝင်စေ၍ ဆိုင်ရာပုဂ္ဂိုလ်နှင့် ဆက်သွယ်ပေးရန်ဖြစ်ဟန်ရှိ၏။ အမြင်ရဆရာသည် သေသူနှင့်ဆက်သွယ်ခြင်းမရှိ။ သို့ရာတွင် သူ၏ဟောပြောချက်များမှာ အံ့ဖွယ်လိလိ မှန်ကန်နေတတ်၏။

ပုံစံအားဖြင့် အော်စတီသည် ကပ္ပတိန် C ထံမှ စာတစ်စောင်ရရှိရာ စာရေးသူမှာ သေဆုံးပြီဖြစ်ကြောင်းမှတစ်ပါး အခြားအကြောင်း သူဘာမျှ မသိရချေ။ ထိုစာကို အမြင်ရဆရာက လက်ထဲ၌ဆုတ်ချေပြီးနောက် စာရေးသူမှာ သေပြီ။ စစ်သားဖြစ်သည်။ အလွန်ခေါင်းမာသည်။ တက်ကြွသည်၊ အသိဉာဏ်ထက်မြက်သည်။ ကက်သလစ်ဘာသာဝင်ဖြစ်သည်၊ ဘုရားတရားကြည်ညိုသည်။ အစ်ကိုကြီးတစ်ယောက်ရှိသည် စသည်ဖြင့် သူ့စိတ်ထဲမြင်သမျှကို ပြောပြ၏။ ပြောပြချက်များအနက် ၂၄–ချက်မှာ မှန်ကန်၍ အချက်လေးချက်မှာ မမှန်စုံစမ်း၍မရ။ မှားသောအချက်ဟူ၍ မရှိချေ။

အမြင်ရဆရာသည် ဝတ္ထုပစ္စည်းကို ကိုင်၍ ပစ္စည်းရှင်၏ အတိတ်ဖြစ်ရပ် လက်ရှိဘဝအခြေအနေနှင့် စိတ်ဓာတ်စရိုက်ကိုသာ ပြောနိုင်သည်မဟုတ်။ ၎င်း၏ နောက်ကိုပါ မှန်ကန်စွာဟောနိုင်၏။ ဟောပြောချက်များမှာ နေရာဒေသနှင့်သာဆိုသော အချက်များ (မည်သည့်နိုင်ငံ၌စစ်ဖြစ်မည်။ မည်သည့်နေရာ၌ မီးရထားနှစ်စင်းတိုက်လိမ့်မည် စသည်) မဟုတ်ဘဲ ပစ္စည်းရှင်နှင့် တိုက်ရိုက်ပတ်သက်သော အချက်များဖြစ်၏။ ပုံစံအားဖြင့် နောက်တစ်နှစ်ကြာသောအခါ စစ်ဖြစ်လိမ့်မည်ဟုမဆိုဘဲ ပစ္စည်းရှင်မှာ သေနတ်ကိုင်၍ ခံတုတ်ကျင်း တူးနေသည်ကို မြင်ရပါသည်ဟု ဆိုပေလိမ့်မည်။

ဒေါက်တာအော်စတီသည် သူကြုံတွေ့ရမည့် ဖြစ်ရပ်များအကြောင်း အမြင်ရ ဆရာတစ်ဦးက နှစ်ကြိမ် တင်ကြိုဟောပြောပုံကို ဖော်ပြထား၏။ နှစ်နှစ်လောက်အလိုတွင် အမြင်ရဆရာက "အို––ဒုက္ခပါပဲ၊ မတော်တဆ ထိခိုက်မှုနဲ့တူတယ်၊ ဒါပေမယ့် ခင်ဗျား ဘာမှမဖြစ်ပါဘူး" ဟု ဆို၍ လေးလခန့်အလိုတွင် "သတိထားနော်၊ ခင်ဗျား အန္တရာယ်တစ်ခုခုကြုံရဖို့နီးပြီ၊ ဝုန်းခနဲ တိုက်သံကို ကျုပ်ကြားတယ်၊ ဟာ သိပ်ကံကောင်းတာပဲ၊ ခင်ဗျား ဘာမှဖြစ်မှာ မဟုတ်ဘူး၊ မြေကြီးပေါ်မှ လူတစ်ယောက်သွေးတွေနဲ့လဲနေတာကို ကျုပ်မြင်တယ်၊ သူက ညည်းနေတယ်၊ သူ့ပတ်ဝန်းကျင်မှာလဲ ဘာတွေမှန်းမသိဘူး ပြန့်ကြဲနေတယ်" ဟုဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်ကို ၁၉၁၁ ခုနှစ်မတ်လတွင် ဟောပြော၍ ထိုနှစ်ဩဂုတ်လ ၁၅ရက်နေ့၌ အော်စတီသည် သူ့ကားကို ဖြည်းဖြည်းမောင်းသွားစဉ် အရက်မူးသမားတစ်ယောက် မောင်းလာသော မြင်းလှည်းနှင့်တိုက်မိ၏။ သူနှင့် သူ့အဖော်မှာ ဘာမျှမဖြစ်။ လှည်းမှာ ဘီးများအပေါ်ထောင်၍ ကျင်းထဲကျသွား၏။ အရက်သမားမှာ လမ်းအလယ်တွင် သွေးများယိုစီး၍လဲနေပြီး သူ့ဘေားတစ်ဝိုက်တွင် ပေါင်မုန့်များ ပြန့်ကြဲနေသည်ကို တွေ့မြင်ရလေသည်။

ထူးဆန်းသည်ကား ထိုပြင်သစ်အမြင်ရဆရာတို့သည် မိမိတို့၏အနာဂတ်အဖြစ်အပျက်များအကြောင်းကိုမူ ဘာမျှတင်ကြို၍ မပြောပြနိုင်ကြချေ။

## (၁၀) ပရဝိဇ္ဇာဉ်ဖြင့် ရောဂါကုသခြင်း

ကမ္ဘာ့ပေါ်ရှိ တိုင်းနိုင်ငံအားလုံးလိုလို၌ စိတ်တန်ခိုးဖြင့် အနာရောဂါများ ပျောက်ကင်းအောင် ကုသပေးနိုင်သည်ဆိုသော ဆရာများရှိကြ၏။ ထိုဆရာအတော်များများမှာ လူလိမ်လူညာများ ဖြစ်ကောင်း ဖြစ်ပေမည်။ သူတို့အားလုံးကို လိမ်ညာသော ဆရာတုဆရာယောင်များ ဖြစ်သည်ဟူ၍ကား သိမ်းကြုံး၍ စွပ်စွဲရန် မဖြစ်နိုင်ချေ။ လူလိမ်ဆေးသမားသည် အချိန်ကာလ အနည်းငယ်အတွင်း၌ လူနာအနည်းငယ်ကိုသာ လိမ်ညာ၍ ကုသပေးနိုင်ပေမည်။ စိတ်တန်ခိုးဖြင့် ကုသပေးနိုင်သည်ဟု အုတ်အော်သောင်းနင်းဖြစ်၍ လူနာအမြောက်အမြားက ယုံကြည်ကိုးစားသည်ဆိုပါက ယုံကြည်စရာအထောက်အထားတစ်ခုခု ရှိရပေမည်။ စင်စစ် အချို့သော ထိုဆရာတို့သည် ရောဂါပျောက်အောင် ကုသပေးနိုင်ခြင်းမှာလည်း ယုံမှားသံသယဖြစ်ရန် အကြောင်းမရှိချေ။

အမေရိကန်နိုင်ငံ၌ အကျော်ထင်ရှားခဲ့သော ပျောက်စေဆရာမှာ အက်ဒဂါကေစီဖြစ်၏။ ဤပုဂ္ဂိုလ်ထူး၏ အကြောင်းကို အထက်က အနည်းငယ်ဖော်ပြခဲ့ပေပြီ။ ကေစီသည် အသက် ၂၁ နှစ်၌ အသံဝင်သော ရောဂါတစ်ခု စွဲကပ်၍ အိပ်မွေ့ဆရာတစ်ဦးက အိပ်မွေ့ချပြီး ကုသပေးခဲ့၏။ အိပ်မွေ့ချထားစဉ် အသံတစ်ခုက ရောဂါအခြေအနေကို ငါတို့မြင်နိုင်သည်။ စိတ်တန်ခိုးဖြင့် အမိန့်ပေး၍ ကုသနိုင်သည်ဟု ပြောသံကြားရသည်ဆို၏။ အိပ်ရာမှနိုးသောအခါ သူ၏အသံရောဂါမှာ ပျောက်ကင်းသွား၏။ အိပ်မွေ့ဆရာအား ပြောပြရာ ဆရာက သူ့အား အိပ်မွေ့ချခံပြီး သူ (ဆရာ) ၌ စွဲကပ်နေသော အစာအိမ်ရောဂါကို စစ်ကြည့်၍ မည်သို့ ကုသရမည်ဟု ညွှန်ကြား၏။ ဆရာသည် ထိုညွှန်ကြားချက်နှင့်အညီ ကုသရာ ရောဂါရှင်းရှင်းပျောက်သွား၏။



ထိုအချိန်မှစ၍ ကေစီသည် မိမိကိုယ်မိမိ အိပ်မွေ့ချတတ်အောင်ပြုလုပ်၍ လူနာများကို ကုသ၏။ တစ်ခါတစ်ရံ ဆရာဝန်များလက်လျှော့ထားသော လူနာများကိုပင် ပျောက်ကင်းအောင် ကုသနိုင်သဖြင့် ထင်ရှားကျော်ကြားလာ၏။ အချို့လူနာများမှာ သူ့ထံမသွားရဘဲ သူက အဝေးမှနေ၍ ကုသရာ ရောဂါပျောက်ကင်းသက်သာသည်ဆို၏။ ကေစီသည် တမလွန်ဘုံသားတို့၏ အကူအညီဖြင့် (မြန်မာအဆိုအားဖြင့်မူ အထက်ဆရာကြီးတို့၏အမိန့်အရ) ကုသပေးသည်ဟုဆို၍ ပိုက်ဆံကြေးငွေမယူ။ လူနာများပေးသရွေ့ သဒ္ဓါကြေးကို လက်ခံ၍ ၁၉၄၄ခုနှစ် ကွယ်လွန်သည်အထိ လူနာအမြောက်အမြားကို ကုသပေးခဲ့၏။

ကေစီကို လိမ်ညာပါသည်ဟု ဆရာဝန်များကပင် မစွပ်စွဲနိုင်ချေ။ သမားတုသမားယောင်နှင့် နတ်ဝင်လူလိမ်များကို ဖော်ထုတ်ခြင်းဖြင့် နာမည်ကြီးနေသော ဟားဗတ်တက္ကသိုလ်မှ ဒေါက်တာဟူဂိုမန်စတားဘတ်သည် ကေစီ၏ လုပ်နည်းလုပ်ဟန်ကို သုံးရက်ကြာမျှ လေ့လာဆန်းစစ်ပြီးနောက် သူ၏ ဖြူစင်ရိုးသားမှုကို ထောက်ခံအတည်ပြုခဲ့ပေသည်။

အင်္ဂလန်နိုင်ငံ၌ ထင်ရှားကျော်စောသော ပျောက်စေဆရာမှာ ဟယ်ရီအက်ဒဝပ်ဆိုသူဖြစ်၏။ သူ့ထံသို့ နှစ်စဉ် လူနာ ငါးထောင်ကျော်မျှ လာရောက်ကုသကြ၍ ၁၉၅၈ခုနှစ်၌ ကုသပေးသောလူနာပေါင်း ခြောက်သိန်းကျော်မျှရှိ၏။ သူသည် ရောဂါမျိုးစုံ ကုသပေးနိုင်သည်ဆိုသော မျက်မြင်သက်သေများရှိ၏။ နိုင်ငံအရပ်ရပ်သို့ လှည့်လည်ကုသပေး၍ ခန်းမ၌ လူပရိသတ်ရှေ့တွင် သူ၏ ပညာစွမ်းကို ပြသဖူး၏။ လေဖြတ်ထားသဖြင့် သူ့ထံသို့ လက်တွန်းလှည်းယူလာသောလူနာအချို့မှာ စင်မြင့်ပေါ်မှ အောက်သို့ လူကောင်းပကတိကဲ့သို့ ဆင်းလျှောက်သွားသည်ကို မြင်ကြရသည်ဆို၏။

အနောက်နိုင်ငံများ၌ ယခုအခါ ပရဝိဇ္ဇာဉ်နည်းဖြင့် ဆေးကုသသော အချို့ဆရာတို့ အသုံးပြုသော ကုထုံးမှာ ရေဒီယာသိစ်ယာ သို့မဟုတ် ရေဒီဩနစ် (Radiesthesia or Radionics) ဟုခေါ်သော ကုထုံးဖြစ်၏။ သူတို့အဆိုကား မည်သည့်အရာဝတ္ထုမဆို ရေဒီယေးရှင်းတစ်မျိုးမျိုးကို ထုတ်လွှင့်၍ ထိုရေဒီယေးရှင်း အမျိုးအစားကို ပရဝိဇ္ဇာဉ်ဖြင့် သိရှိနိုင်၏။ ထိုသို့သိရှိရန် ချိန်သီးတစ်ခုကို သုံးရ၍ ထိုချိန်သီးဖြင့် ရောဂါကိုထုတ်ဖော်နိုင်သည်။ မည်သို့ကုရမည်ကို သိနိုင်သည်ဆို၏။ လူနာမရှိသော အခါ၌ပင် လူနာ၏ သွေး၊ ဆီး သို့မဟုတ် တံတွေးနမူနာရရှိပါက ရောဂါကို သိရှိနိုင်၏။ ထို သွေး၊ ဆီး စသည်တို့ကို လက်တစ်ဖက်ကကိုင်၍ အခြားလက်တစ်ဖက်ဖြင့် ချိန်သီးကို လူ့ကိုယ်ခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com



ဒိုဇိုင်းရုပ်ပုံပေါ်၌ ကိုင်ထားပါက ချိန်သီးသည် လှုပ်ရှား၍ ရောဂါဖြစ်နေသော ကိုယ်ခန္ဓာအပိုင်းကို ညွှန်ပြသည်ဆို၏။

ကမ္ဘာအရပ်ရပ်၌ စိတ်တန်ခိုးဖြင့် ကုသ၍ ရောဂါပျောက်ကင်းသော လူနာများရှိသော်လည်း ဆရာဝန်များက အသိအမှတ်မပြုလိုကြချေ။ စိတ်ဝိဉာဉ်သုတေသီပညာရှင်တို့ကလည်း ထိုအမှုမျိုးကို စိတ်မဝင်စားဘဲ လျစ်လျူပြုထားကြ၏။ စိတ်ကြောင့်ဖြစ်သော ရောဂါများကို ကုသရာ၌ ပရဝိဉာဉ်သည် အရေးပါသည်မှန်သော်လည်း ရုပ်တရားဖောက်ပြန်မှုသက်သက်ဖြစ်သော ရောဂါများကိုကား သိပ္ပံဆေးပညာကသာ ကုစွမ်းနိုင်သည်ဟု ခံယူထားကြဟန်ရှိ၏။ သို့ရာတွင် ရောဂါဝေဒနာတစ်ခု ဖြစ်ပေါ်ရာ၌ ရုပ်တရားနှင့် စိတ်ဝိဉာဉ်ကို နေရာကဏ္ဍ တိတိကျကျ ခွဲခြား၍မရအပ်ဘဲ ယင်းတို့၏အကျိုးပြုမှုများသည် ရောထွေးယှက်တင် ဖြစ်နေခြင်းကို များစွာသောဆေးသိပ္ပံပညာရှင်တို့က အသိအမှတ်ပြုထားကြပေပြီ။

ရောဂါပျောက်ကင်းချမ်းသာမှုအတွက် လူနာ၏စိတ်ဓာတ် အရေးကြီးပုံကိုလည်း ဆရာဝန်တိုင်း သိရှိနားလည်ကြ၏။ အင်္ဂလန်နိုင်ငံရှိ အချို့သော ဆေးရုံများ၌ ယခုအခါ စိတ်တန်ခိုးဖြင့် ဆေးကုသပေးသော ဆရာများအား သူတို့လူနာများကို လာရောက်ကြည့်ရှုရန် ခွင့်ပြုထား၏။ နောင်မကြာမီသော တစ်နေ့၌ စိတ်ဝိဉာဉ်သုတေသီတို့သည် ဆရာဝန်များနှင့်လက်တွဲ၍ စူးစမ်းလေ့လာခြင်းဖြင့် လူ့သတ္တဝါ၏ ကျန်းမာရေး၌ ပရဝိဉာဉ်၏ အရေးပါမှု အတိုင်းအတာကို ကျွန်ုပ်တို့ သိရှိလိမ့်မည်ဟုမျှော်လင့်ရပေသည်။

## (၁၁) ရေကြောဝိဇ္ဇာများ

အနောက်နိုင်ငံအချို့သော တောနယ်အရပ်ဒေသများ၌ လူတို့သည် မည်သည့်နေရာ၌ ရေတွင်းတူးရမည်ကို သိရှိလိုသောအခါ ရေကြောဝိဇ္ဇာ (Dowser or Water-diviner) ထံ ချဉ်းကပ်လေ့ရှိကြ၏။ ရေကြောဝိဇ္ဇာ ညွှန်ပြသောနေရာကို တူးပါက ရေကြောကို တွေ့ရသည်ကများ၏။ ရေကြောဝိဇ္ဇာသည် ကုန်းမြေအနိမ့်အမြင့် မြေဆီလွှာ အမျိုးအစားနှင့် နဂိုရှိပြီးရေတွင်းများ၏အနေအထား စသည်တို့ကို ကြည့်ရှုလေ့လာ၍ ရေရှိမည့်နေရာကို သိမြင်ခြင်းဖြစ်သည်ဟု ရှေးက ယူဆခဲ့ကြ၏။ သို့ရာတွင် စိတ်ဝိဉာဉ်သုတေသီတို့၏ စူးစမ်းလေ့လာချက်အရ ရေကြောဝိဇ္ဇာတို့မှာ ပရဝိဉာဉ် အစွမ်းသတ္တိရှိသည်ဟု ယူဆရန် လက္ခဏာ အထောက်အထားများကို တွေ့ရ၏။



သုတေသီ တစ်ဦးသည် ရူပဗေဒပညာရှင် ဆာဝီလယမ်ဘာရက်နှင့်အတူ ရေကြောဝိဇ္ဇာများကို လေ့လာပြီးနောက် သူတို့၏ အံ့ဩဖွယ်ရာအောင်မြင်မှုများကို တင်ပြခဲ့၏။ အိုင်ရာလန်ပြည် အရပ်ဒေသတစ်ခု၌ ရေတွင်းတူးလိုသော သူတို့သည် ဘူမိဗေဒဆရာက ရေကြောကို ရှာဖွေမတွေ့ရှိသဖြင့် ဂျွန်မူလင်ဆိုသူ ရေကြောဝိဇ္ဇာတစ်ဦးကို အကူအညီတောင်းကြ၏။ မူလင်မှာ အခြားတစ်နယ်သားဖြစ်၍ ထိုနယ်၏ပထဝီအနေအထားကို သိသူမဟုတ်။ သို့စဉ်လျက် သူသည် ရေရရှိမည့် နေရာကို ချက်ချင်းထောက်ပြ၍ ပေအနက်မည်မျှတူးလျှင် ရေတွေ့ရမည်ဟု ပြော၏။ တူးကြည့်ရာ သူပြောသည့်အတိုင်း မှန်ကန်နေသည်ကို တွေ့ရ၏။

အချို့ဆရာတို့က မူလင်၏ အောင်မြင်မှုမှာ မြေမျက်နှာသွင်ပြင်ကို အကဲဖြတ်ရာ၌ ကျွမ်းကျင်လိမ္မာခြင်း သို့မဟုတ် ကံကောင်းသောကြောင့်ဖြစ်သည်ဟု ဆိုကြ၏။ ၁၉၅၀ ခုနှစ် အမေရိကန် စိတ်ဝိဉာဉ်သုတေသီတစ်စုက ရေကြောဝိဇ္ဇာများကို စနစ်တကျလေ့လာစမ်းသပ်ကြည့်ကြရာ ထူးထူးခြားခြား အောင်မြင်သည်ကို မတွေ့ရချေ။ ကမ္ဘာအရပ်ရပ်မှ ဘူမိဗေဒပါရဂူများကလည်း ရေကြောဝိဇ္ဇာတို့၏ ပညာစွမ်းကို မယုံဘဲ မြေအောက်ရေ အမြောက်အမြားရှိသော နေရာဒေသများ၌သာ သူတို့၏ဟောပြောချက်မှန်ကန်ပါသည်ဟု ဆိုကြ၏။

သို့ရာတွင် မိုးခေါင်ရေရှားဒေသများ၌လည်း ရေကြောဝိဇ္ဇာတို့၏ ပညာစွမ်းကို တွေ့မြင်ရ၏။ တစ်ခါက မေဂျာပေါ်ဂဆင်ဆိုသူမှာ ဘုံဘေအစိုးရ၏ ရေကြောဝိဇ္ဇာဖြစ်၍ နာမည်ထင်ရှား၏။ သူညွှန်ပြသော နေရာများ၌ တူးသော ရေတွင်းပေါင်း ၄၉ ခုအနက် တွင်းနှစ်တွင်းမှတစ်ပါး တခြားတွင်းအားလုံး၌ ရေကို တွေ့ရ၏။ ထိုတွင်းများမှာ အမြဲလိုလို မိုးခေါင်နေ၍ သမားရိုးကျနည်းများဖြင့် ရေကြောရှာ၍ မတွေ့သောဒေသ၌ တူးသောတွင်းများဖြစ်၏။ သို့ရာတွင် မေဂျာပေါ်ဂဆင်၏ ပညာစွမ်းကို စိတ်ဝိဉာဉ်သုတေသီတို့ မလေ့လာခဲ့ကြချေ။ သူကလည်း အခြားအရပ်ဒေသသို့ သွားရောက်လုပ်ကိုင်ပါက အောင်မြင်မည်မဟုတ်ဟု သံသယရှိ၏။

ရေကြောဝိဇ္ဇာတို့သည် လက်ကိုဆန့်ထား၍ သစ်ကိုင်းတုတ်ကလေးတစ်ခုကိုကိုင်ပြီး ရေကြောရှာလေ့ရှိကြ၏။ သစ်ကိုင်းသည် အောက်သို့ အလိုလို နိမ့်ဆင်းသွားပါက ထိုနေရာ၌ ရေရှိသည်ဆို၏။ တုတ်လှုပ်ရှားခြင်းမှာ လျှပ်စစ်ဓာတ်ကြောင့်လိုလို ရေဒီယေးရှင်းကြောင့်လိုလို ဖြစ်သည်ဟု သူတို့ဆိုသော်လည်း သူတို့၏ အတွင်းဘဝင်စိတ်ကြောင့် ဖြစ်ဟန်ရှိ၏။ ဘဝင်စိတ် သို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပရဝိဉာဉ်သည်သာ ပဓာနဖြစ်သောကြောင့် သူတို့၏လုပ်နည်းလုပ်ဟန်မှာ ပုံသေမဟုတ်ဘဲ တစ်ဦးနှင့်တစ်ဦး ခြားနား၏။ အချို့က စပယ်ရှယ်တုတ်တစ်မျိုးကို သုံး၍ အချို့ကမသုံး။ အချို့က တုတ်ကိုမသုံးဘဲ ကြိုးဖြင့်ဆွဲထားသော ချိန်သီးကို သုံး၏။ အချို့ကမူ မည်သည့်အရာဝတ္ထုကိုမျှအသုံးမပြုဘဲ သူတို့ထင်နေသော နေရာကို ညွှန်ပြကြ၏။ အချို့မှာ ရေကြောကိုသာမဟုတ်။ ဓာတ်သတ္တုနှင့် ပျောက်ဆုံးသော အဖိုးတန်ပစ္စည်းများကိုပါ ရှာပေးနိုင်စွမ်းရှိကြ၏။

## (၁၂) တိရစ္ဆာန်များနှင့် ပရဝိဉာဉ်

ခွေးကြောင် စသော တိရစ္ဆာန်များသည် သရဲတစ္ဆေများကို မြင်ကြရသည်။ ညအခါ ခွေးအူလျှင် သို့မဟုတ် ကျီးပြိုလျှင် မကောင်းဆိုးဝါးများ ရှိတတ်သည်။ အချို့ကျေးငှက် ပိုးမွှားများသည် ရာသီဥတု အပြောင်းအလဲကို ကြိုတင်သိရှိကြသည်။ ပုရွက်ဆိတ်များ အသိုက်ပြောင်းလျှင် မိုးရွာတတ်သည် စသည်ဖြင့် မြန်မာတို့ အယူရှိကြ၏။ အနောက်ပိုင်းနိုင်ငံများ၌လည်း အလားတူ အယူများကို တွေ့ရ၏။

အခန်း ၇ ၌ဖော်ပြခဲ့သော သုတေသန မှတ်တမ်းလွှာ မစ္စက်မော်တန်၏ အိမ်တစ္ဆေချောက်မှု၌ အိမ်တွင်မွေးထားသော ခွေးသည် တစ်ခါတစ်ရံ ထူးဆန်းစွာ ပြုမူသည်။ လူမရှိဘဲ တစ်စုံတစ်ယောက်က သူ့ထံသို့ လာသကဲ့သို့ အမြီးတနှံ့နှံ့ ဖြစ်နေရာမှ တစ္ဆေကို မြင်ဘိသကဲ့သို့ ကြောက်လန့်ပြီး ထွက်ပြေးသည်ဆို၏။ စိတ်ဝင်စားဖွယ်ကောင်းသော အမှုများမှာ အင်္ဂလန်ပြည်မှ ပျံလွှားငှက်များကဲ့သို့ အလွန်ဝေးလံသော ဒေသရှိ သူတို့လိုရာ ဌာနသို့ သူတို့ဘာသာ သွားတတ်သော တိရစ္ဆာန်များ၏အမှု ဖြစ်၏။

ဒေါက်တာရိုင်း၏ မှတ်တမ်း၌ ထိုအမှုမျိုးတစ်ခုကို ဖော်ပြထား၏။ အီလီနွိုက်ပြည်နယ်၌ တော်နီဆိုသော ခွေးတစ်ကောင်ကို သူ၏ပိုင်ရှင်များက တခြားလူများအားပေးပြီး မိုင်ပေါင်းများစွာဝေးသော မီချီဂင်ပြည်နယ်တစ်နေရာသို့ ပြောင်းရွှေ့သွားကြ၏။ နောက်ရက်သတ္တခြောက်ပတ်အကြာတွင် တော်နီသည် သူ၏ မူလပိုင်ရှင်များ၏ အိမ်သစ်သို့ စိုက်စိုက်မတ်မတ် ရောက်ရှိလာ၏။ ခွေးနှင့် မူလပိုင်ရှင် မစ္စတာဒူလန်သည် အချင်းချင်း ကောင်းစွာမှတ်မိကြ၏။ ခွေး၏ကော်လာ၌ မစ္စတာဒူလန် ဖြတ်ထားသော နေရာအမှတ်အသားပါရှိ၍ တော်နီဖြစ်ကြောင်း ယုံမှားစရာ မရှိချေ။ ဤအမှု၌ ပရဝိဉာဉ်မှတစ်ပါး အခြားနည်းဖြင့် ခွေးရောက်ရှိလာခြင်းကို ရှင်းပြရန် မဖြစ်နိုင်ချေ။ ခွေးမှာ ထိုအရပ်



ဒေသသို့ ရှေးက တစ်ခါမှ ရောက်ဖူးခြင်းမရှိ။ ဟိုသွား၊ ဒီသွား၍ အနံ့ခံပြီး မိမိသခင်ကို ရှာဖွေရန်မှာလည်း ခရီးက ဝေးလံလှ၏။

အချို့တိရစ္ဆာန်များ၌ ပရဝိဉာဉ်အစွမ်းရှိကြောင်း အထောက်အထားများ ရှိ၏။ အုပ်ဖွဲ့၍ ကျက်စားနေသော တိရစ္ဆာန်များတွင် တစ်ကောင်က ရန်သူကို အနံ့ရသည်နှင့် တစ်ပြိုင်နက် အားလုံးလန့်ပြီး ထွက်ပြေးကြ၏။ ဆော်လမွန်ငါးများသည် သမုဒ္ဒရာထဲ၌ ကာလကြာရှည် လှည့်လည်သွားလာပြီးနောက် သူတို့၏ မူလနေရာ မြစ်ချောင်းများသို့ ပြန်လာကြ၏။ ခိုများသည် သူတို့ အသိုက်နှင့် အလွန်ဝေးသော နေရာသို့ ယူဆောင်၍ လွှတ်လိုက်သော်လည်း အသိုက်သို့ တန်းတန်းမတ်မတ် ပျံသွားကြ၏။ ဤအခြင်းအရာများကို သိပ္ပံဆရာတို့က ကျေနပ်ဖွယ်ကောင်းအောင် ရှင်းမပြနိုင်ကြချေ။ တိရစ္ဆာန်များ၏ အာရုံခံ အစွမ်းသတ္တိကို ကျွန်ုပ်တို့ ပြည့်ပြည့်စုံစုံ မသိရသေးသဖြင့် ထိုအပြုအမူများ၌ ပရဝိဉာဉ်၏ ပယောဂပါဝင်ခြင်း ရှိမရှိ ဆုံးဖြတ်နိုင်ရန် အချိန်တော်တော်ကြာကြာ သုတေသနပြုရပေလိမ့်မည်။

ငှက်များသည် ကမ္ဘာ့သံလိုက်စက်ကွင်း(Eath's magnetic field)ကို ကြည့်၍ ခရီးဝေး ပျံသန်းသွားနိုင်ကြခြင်း ဖြစ်သည်ဟု တစ်ခါက ယူဆခဲ့ကြ၏။ သို့ရာတွင် ၎င်းတို့ အရပ်မျက်နှာ ရှာနိုင်ခြင်းမှာ သံလိုက်ဓာတ်နှင့် မည်သို့မျှ မသက်ဆိုင်ကြောင်း စမ်းသပ်လေ့လာ၍ သိရှိရပေပြီ။ ခိုများသည် အလုံပိတ်ထားသော သေတ္တာထဲ၌ထည့်၍ ဝေးလံသောနေရာသို့ ယူဆောင်ပြီး လွှတ်လိုက်ရာ မိမိတို့ မူလအသိုက်ရှိရာသို့ပင် ပျံသန်းသွားကြသည်ကို တွေ့ရ၏။

ပရဝိဉာဉ်အစွမ်းသတ္တိသည် အချို့တိရစ္ဆာန်သတ္တဝါများ၌ ယခုတိုင် ရှိနေသေးသော သဘာဝသတ္တိဖြစ်၍ လူတို့၏ ပရဝိဉာဉ်သတ္တိမှာ အိဗော်လူးရှင်း နိယာမအရ သတ္တဝါမျိုးစုများ အဆင့်ဆင့်ပြောင်းလဲ၍ လူအဖြစ်သို့ မရောက်မီက ရှိခဲ့သော သတ္တိ၏ အကြွင်းအကျန်ဖြစ်သည်ဟု အချို့ဆရာတို့က ဆိုကြပေရာ ဤအဆို မှန်မမှန်ဆုံးဖြတ်ရန် မလွယ်ကူချေ။ မည်သို့ဖြစ်စေ၊ တိရစ္ဆာန်များ၌ ပရဝိဉာဉ်ကဲ့သို့သော အစွမ်းသတ္တိမျိုးရှိခြင်းမှာ ထင်ရှား၏။ အမေရိကန်မဂ္ဂဇင်းတစ်စောင်၌ ဖော်ပြထားသော အောက်ပါအမှုကို ကြည့်ပါက တိရစ္ဆာန်တို့တွင် လူ့ဝင်စားမှုကဲ့သို့သော ဘဝသစ်တစ်ဖန် ဖြစ်မှုပင်ရှိလေသလောဟု စဉ်းစားဖွယ်ရှိ၏။

ဒိုဆီမှာ ကာလီဖိုးနီးယားပြည်နယ်မှ အက်ဒဝပ်နှင့် အင်နီစီတ် ဖနီးမောင်နှံ၏ ခွေးမကလေးဖြစ်၏။ တစ်နေ့သော် သူတို့သည် ကားဖြင့် ခရီးထွက်

www.burmeseclassic.com

www.burmeseclassic.com



ရင်း ဇန်ကိုကာ·ဒေယ်ကို ဖြတ်သွားစဉ် တစ်နေရာသို့ ရောက်သောအခါ ဒိုဆီသည် ဂျော့ပင်ငြိမ်ဘဲ အတော်အတန် စိတ်လှုပ်ရှားသော အမူအရာ ပြလာ၏။ ထိုအချိန်က ကား·သည် တစ်နာရီ မိုင် ၆၀ နှုန်း မောင်းနေသော်လည်း ဒိုဆီသည် ရုတ်တရက် ခုန်ချလိုက်၏။ ကံအားလျော်စွာ ထိခိုက်ဒဏ်ရာရခြင်း မရှိဘဲ သူတို့ကား ဖြတ်သန်း၍ နောက်၌ကျန်ရစ်ခဲ့သော ခြံတစ်ခုဆီသို့ ပြေးသွား၏။

အက်ဒဝပ်တို့သည် ကားကိုရပ်၍ ဒိုဆီနောက်သို့ ပြေးလိုက်ကြ၏။ ဒိုဆီသည် ခြံစည်းရိုးကို တိုးဝင်ရန် ကြိုးစားနေ၏။ အင်နီက ပွေ့ချီထားစဉ် ခြံအတွင်းထဲမှ မိန်းမကြီးတစ်ယောက် ထွက်လာရာ ဒိုဆီသည် အင်နီလက်ထဲမှ ရုန်း၍ ခြံစည်းရိုးကိုခုန်ပြီး မိန်းမကြီးဆီသို့ ပြေးသွား၏။ မိန်းမကြီးကို အလွန်ဝမ်းသာရွှင်လန်းသော အမူအရာနှင့် ပါးလျက်နားလျက် ပြုလုပ်ပြီးနောက် အိမ်ထဲသို့ ဝင်ပြေး၏။ အိမ်ထဲတွင် ဟိုဟိုဒီဒီ လျှောက်ကြည့်ပြီး အိမ်ထဲမှထွက်၍ ဂိုဒေါင်ရှိရာသို့ ပြေးသွား၏။

အက်ဒဝပ်တို့သည် ဂိုဒေါင်ထဲသို့ လိုက်၍ကြည့်ကြရာ အံ့သြဖွယ်ရာဖြစ်ရပ်ကို တွေ့မြင်ကြရ၏။ ဂိုဒေါင်ထဲ၌ အထပ်ခိုးသို့တက်ရန် လှေကားတစ်ခု ထောင်ထားရာ ဒိုဆီသည် နေ့စဉ်နေ့တိုင်း သူတက်နေကျ ဖြစ်ဘိသကဲ့သို့ လှေကားကို မဆိုင်းမတွ တက်သွား၏။ အပေါ်၌ တအိအိအော်၍ ဟိုလျှောက်ဒီလျှောက်ပြီး အနံ့ခံနေရာ သူ့သခင်က အပေါ်တက်၍ အောက်သို့ ပွေ့ချီယူလာရ၏။

ခွေးမကလေး အတော်ငြိမ်ကျသွားသောအခါ အားလုံးဝိုင်းထိုင်၍ မိန်းမကြီးက အောက်ပါအတိုင်း ပြောပြလေ၏။

လွန်ခဲ့သော ၆ နှစ်လောက်က မစ္စက်ဝုဗို့(မိန်းမကြီး၏အမည်)၌ ကွီနီဆိုသော ခွေးမကလေးတစ်ကောင်ရှိရာ ထိုခွေးမကို မစ္စက်ဝုဗို့၏ သားရောဘတ်က လှေကားကို တက်တတ်အောင် သင်ပေးထား၏။ သို့ဖြင့် ကွီနီသည် အထပ်ခိုးပေါ်တက်၍ ခွေးကလေးများ မွေး၏။ နောက်နှစ်ရက်အကြာတွင် မစ္စက်ဝုဗို့မှာ အလွန်အရေးကြီးသော ကိစ္စတစ်ခုဖြင့် အပြင်သို့ သွားရမည်ဖြစ်ရာ ထိုအချိန်၌ ရောဘတ်မှာ ကောလိပ်ကျောင်းသို့ ရောက်နေ၍ အိမ်တွင် လူမရှိ။ ကွီနီမှာ အိမ်မီးဖိုခန်းထဲ၌ အစာစားနေရာ မစ္စက်ဖို့သည် စိတ်ယောက်ယက်ခတ်နေ၍ ဘာမှ သတိမရတော့ဘဲ အိမ်ကိုသော့ခတ်ပြီး ထွက်သွား၏။

နောက်နှစ်ရက်ကြာမှ သူအိမ်သို့ ပြန်ရောက်လာရာ ထိုအခါ၌ ကွီနီမှာ သူ့သားသမီးများအတွက် အရူးတစ်ပိုင်း ဖြစ်နေတော့၏။ တံခါးဖွင့်လိုက်သည်



နှင့်တစ်ပြိုင်နက် ဂိုဒေါင်ထဲသို့ပြေး၍ လှေကားကို အမြန်တက်သွား၏။ အပေါ်အရောက်တွင် ခဲလုံးတစ်ခုကို တက်နင်း၍ ခြေချော်ပြီး အောက်သို့ကျသွား၏။ သံငုတ်တစ်ခုပေါ် တည့်တည့်ကျ၍ ချက်ချင်း အသက်ထွက်သွားရှာတော့သည်။

## (၁၃) စိတ်ဝိညာဉ်သုတေသနနှင့် သိပ္ပံပညာ

စိတ်ဝိညာဉ်သုတေသနတို့သည် သိပ္ပံနည်းကျကျ စူးစမ်းလေ့လာနေကြ၍ ထိုသို့ စိတ်ဝိညာဉ်သုတေသနပြုနေကြသောသူတို့တွင် သိပ္ပံပညာရှင်များပါဝင်ကြောင်း ဖော်ပြခဲ့ပေပြီ။ သို့ရာတွင် စိတ်ဝိညာဉ်သုတေသနလုပ်ငန်းများကို အထင်အမြင်သေး၍ မလိုလားသော သိပ္ပံဆရာ အတော်များများ ရှိ၏။ သူတို့မလိုလားခြင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်၏။

ပထမအကြောင်းမှာ စိတ်ဝိညာဉ်သုတေသနပြုရာ၌ တွေ့ရှိရသော အချက်များမှာ အလွန်ဆန်းကြယ်လှ၍ လူတို့သည် အသစ်အဆန်းကို လက်မခံလိုကြချေ။ သိကျွမ်းနားလည်သော အရာကိုသာ လက်ခံ၍ မသိနားမလည်သော အသစ်အဆန်းကို သက်ာမကင်း ရှိတတ်၏။ စင်စစ် ကျွန်ုပ်တို့သည် အမှန်တရားကို ရှာဖွေရာ၌ ဆန်းကြယ်မှုကို ဂရုမပြုဘဲ ဆိုင်ရာသင်္ခါရဓမ္မများကို ယထာဘူတကျကျ စူးစမ်းလေ့လာဖို့လို၏။ သို့ရာတွင် သိပ္ပံဆရာတို့သည် သိပ္ပံပညာနယ်၌ သာမန်လူတို့ကဲ့သို့ပင် အစွဲဥပါဒါန်မကင်းသူများဖြစ်၍ အသစ်အဆန်းကို လက်မခံလိုကြပေ။ သို့ဖြင့် သိပ္ပံပညာသမိုင်း၌ ဆန်းသစ်သော အဆိုနှင့် တီထွင်မှုများသည် လက်ဦးပထမ၌ အချို့သောသိပ္ပံဆရာတို့၏ ငြင်းဆိုပစ်ပယ်ခြင်း ခံခဲ့ကြရသည်ကများ၏။

လောက၌ လူတို့အဖို့ မသိနားမလည်သော အရာများသည် ဆန်းကြယ်စမြဲဖြစ်၏။ သို့ရာတွင် ကျွန်ုပ်တို့ သေချာဂဏ တိတိကျကျ သိရှိနားလည်သော အရာမည်မျှ ရှိပါသနည်း။ များစွာသော သင်္ခါရဓမ္မတို့နှင့် ပတ်သက်သော လူတို့၏ သိမှုသည် စင်စစ် အပေါ်ယံသိမှုမျှသာ ဖြစ်၏။ ခြေခြေမြစ်မြစ် လေ့လာစိစစ်၍ နိုက်နိုက်ချွတ်ချွတ် ဆင်ခြင်သုံးသပ်ပါက ကျွန်ုပ်တို့ အစဉ်အလာ ခံယူချက်များမှာ သဘာဝယုတ္တိမရှိ။ ပကတိအရှိတရားကို ကျွန်ုပ်တို့မသိ။ ထိုသို့သောကြောင့် နားမျက်စိ စသည်တို့ဖြင့် တွေ့ထိရသမျှသည် ဆန်းကြယ်နေသည်ကို တွေ့ရမည်ဖြစ်၏။

ဤနေရာ၌ ကျွန်ုပ်တို့ နေ့စဉ်တွေ့မြင်နေရသော စားပွဲ၊ သစ်ပင်၊ ခွေး၊ ကြောင် စသော သက်ရှိသက်မဲ့ ရုပ်ဝတ္ထုများအကြောင်းကိုပင် စဉ်းစားကြည့်သင့်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပေ၏။ ယင်းတို့ကို လူတို့သည် အဆင်းသဏ္ဌာန်၊ အသံ၊ အနံ့၊ အတွေ့အထိ အားဖြင့်သာလျှင် သိ၍ ထိုသိမှုသည် နား၊ မျက်စိ၊ နှာခေါင်းအာရုံ နာဗကြော စသော ကိုယ်အင်္ဂါများကို စွဲမှီ၍ဖြစ်၏။ လူနှင့် ရုပ်ဓာတ်ချင်းမတူ၊ မျက်စိ၊ နား စသည်တို့ ဖွဲ့စည်းတည်ဆောက်ပုံခြင်းလည်း လုံးဝမတူသော အင်္ဂါဂြိုဟ်မှ သတ္တဝါ၏ သိမှုမှာ တစ်မျိုးတစ်ဖုံ ဖြစ်ရပေမည်။ ဥပမာ–စားပွဲနှင့်ပတ်သက်၍ လူ၏အသိနှင့် အင်္ဂါဂြိုဟ်သား၏ အသိသည် ကွဲပြားခြားနားမည်ဖြစ်ရာ မည်သူ ၏အသိက မှန်သည်ဟု ဆိုပါမည်နည်း။ စင်စစ် စားပွဲကို သိမှုသည် ဆိုင်ရာ ပဥ္စအာရုံကို သိမှုမျှသာဖြစ်၍ နဂိုပကတိ အရှိအတိုင်း ကျွန်ုပ်တို့သိသည်ဟု မဆိုနိုင်ချေ။

သို့ဖြစ်၍ ဂရိရှေးပညာရှင် ပလေတိုမှစ၍ ယနေ့အထိ များစွာသော ဒဿနိက ဆရာတို့က ကျွန်ုပ်တို့သည် ပြင်ပလောက၏ အရိပ်နိမိတ်သဏ္ဌာန် ကိုသာသိ၍ ယင်း၏ပရမတ္ထ သဘာဝကိုမသိ။ တစ်နည်းဆိုသော် ပကတိ အရှိတရားကိုမသိဘဲ ယင်းကြောင့် ဖြစ်ပေါ်သော စိတ်ဝိညာဉ်(စက္ခုဝိညာဉ်၊ သောတဝိညာဉ် စသည်)ကိုသာ သိခြင်းဖြစ်သည်ဟု ယူဆကြ၏။ *["ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ"]* ဤသည်မှာ မဆန်းပါလော။ ဤဆန်းကြယ်မှုကို လျစ်လျူပြု၍ အဘယ်ကြောင့် စိတ်ဝိညာဉ်သုတေသနနယ်၌ တွေ့ရှိရချက်များကို ဆန်းကြယ် သည်ဆိုပြီး သံသယရှိရပါသနည်း။

ထိုတွေ့ရှိချက်များကို အချို့သိပ္ပံဆရာတို့ လက်မခံလိုကြခြင်းမှာ သိပ္ပံ ပညာ၏ ခံယူချက်များနှင့် ဆန့်ကျင်နေသောကြောင့် ဖြစ်၏။ စိတ္တဗေဒဆရာ တစ်ဦးက အကယ်၍ စိတ်ဝိညာဉ် သုတေသန၏ တွေ့ရှိရချက်များ မှန်ကန်ခဲ့လျှင် သိပ္ပံပညာ၏ ကြိုးပမ်းမှုမှာ အချည်းနှီး ဖြစ်ရပေတော့မည်ဟု ဆို၏။ သတ္တဗေဒ ဆရာ တစ်ဦးကလည်း အကယ်၍ တယ်လီပသီအတွက် အထောက်အထားများ နိုင်လုံပါက သိပ္ပံဆရာတို့သည် စုပေါင်း၍ ယင်းတို့ကို လူများမသိအောင် လျှို့ဝှက်ထားသင့်သည်ဟု ဆိုဖူး၏။

အမှန်ဆိုသော် သိပ္ပံဆရာသည် စူးစမ်းလေ့လာရာ၌ မည်သည့် ခံယူချက် ကိုမျှ အစွဲအမြဲ ဆုပ်ကိုင်မထားဘဲ လွတ်လပ်စွာ ဆင်ခြင်သုံးသပ်ရမည်ဖြစ်၏။ သို့ဖြစ်၍ သိပ္ပံပညာသမိုင်းတစ်လျှောက်၌ သိပ္ပံဆရာတို့၏ခံယူချက်များ မကြာ ခဏ ပြောင်းလဲခဲ့၏။ သိပ္ပံပညာသည် အဆိုတစ်ခုကို လက်ခံထားသော်လည်း အကြောင်းယုတ္တိ ပိုမိုခိုင်လုံသော အခြားအဆိုတစ်ခု ပေါ်လာပါက မူလအဆိုကို ပြန်လည်စိစစ်၍ ပြင်ဆင်တန် ပြင်ဆင်၊ စွန့်လွှတ်တန် စွန့်လွှတ် ရစမြဲ ဖြစ်၏။

သိပ္ပံဆရာသည် စိတ်ဝိညာဉ်သုတေသနနယ်၌ တွေ့ရှိရချက်များကို



လက်ခံစဉ်းစားရန်အတွက် သိပ္ပံပညာ၏ ခံယူချက်နိယာမ တရားများကို စွန့်လွှတ် ရန်မလိုချေ။ မိမိ၏ ကျဉ်းမြောင်းသော ရုပ်ဝါဒအမြင်ကိုကား ပြန်လည်သုံးသပ်ဖို့ လိုပေလိမ့်မည်။ နား၊ မျက်စိ စသည်တို့ဖြင့်လည်းကောင်း၊ သိပ္ပံပစ္စည်း ကိရိယာ များဖြင့်သော်လည်းကောင်း၊ တွေ့ထိသော ရုပ်လောကသည် သဘာဝဓမ္မ၏ တစ်ခုတည်းသော ပြီးပြည့်စုံသော လောကမဟုတ်ကြောင်း။ ထိုသို့ တွေ့ထိ စမ်းသပ်၍မရအပ်သော စိတ်ဝိညာဉ်လောကသည် ကေန်ရှိကြောင်း အသိအမှတ် ပြုရပေမည်။

စိတ်ဝိညာဉ်လောက ရှိခြင်းမှာ စိတ်ဝိညာဉ် သုတေသနနယ်မှ တွေ့ရှိ ရချက်များဖြင့် ထင်ရှား၏။ ဤအခြင်းအရာကို သုတေသန ဆရာတစ်ဦးက ရှေးက သိပ္ပံပညာရှင်ကောပါးနီးကပ်(Copernicus)၏ တွေ့ရှိရချက်နှင့် ပုံခိုင်း ထား၏။ ကောပါးနီးကပ်သည် လူသားတို့၏ ကမ္ဘာက စကြဝဠာ၏ အလယ် ဗဟို၌ တည်ရှိသည်ဆိုသော ရှေးအယူကိုတော်လှန်ခဲ့ပေရာ စိတ်ဝိညာဉ်သုတေသန ကလည်း လူတို့၏ အသိပညာနယ်၌ အလယ်ဗဟိုနေရာကို ယူထားသော ရုပ်လောကကို တော်လှန်လိမ့်မည်ဆို၏။ ဤအဆိုမှာ မှန်ချင်မှ မှန်ပေမည်။ လူသားသည် အသက်ရှင်နေမှုကြီးပွားတိုးတက်မှုအတွက် ရုပ်လောကကို ပစ်ပယ် ၍ မရအပ်ချေ။ သို့ရာတွင် ရုပ်ပိုင်းကြီးပွားမှုမှတစ်ဆင့်တက်၍ လူသတ္တဝါ၏ အကြောင်းအရာကို ခြေခြေမြစ်မြစ် ပြည့်ပြည့်စုံစုံ သိရှိရန် စိတ်ဝိညာဉ်လောကကို လေ့လာရပေမည်။

စိတ်ဝိညာဉ် သုတေသနပြုရာ၌ သိပ္ပံနည်းကို အမြဲအသုံးပြုရန် မဖြစ် နိုင်ချေ။ စိတ်ဝိညာဉ်မှာ ရုပ်လောကကို သိပ္ပံဆရာတို့ လေ့လာသကဲ့သို့ မိမိတို့ အလိုကျ ပြုပြင်ဖန်တီး၍ လေ့လာရန် မဖြစ်နိုင်ကြောင်း သတိပြုရပေမည်။ ဒေါက်တာရိုင်း စသော အချို့ပညာရှင်တို့သည် အလွန်သိပ္ပံနည်းကျသော စူးစမ်း မှုများ ပြုလုပ်နေသည်မှန်သော်လည်း စိတ်ဝိညာဉ် သုတေသနနယ်၌ သိပ္ပံနည်း စူးစမ်းမှု၏ အရေးပါမှုကို ပိုမိုမတွက်ဆသင့်ချေ။ စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာ တွေ့ရှိရချက်များမှာ အများအားဖြင့် သိပ္ပံစမ်းသပ်ခန်း၌ မဟုတ်ဘဲ များစွာသော လူတို့၏ အတွေ့အကြုံများကို အမှီပြု၍ တွေ့ရှိရခြင်းဖြစ်၏။

သုတေသနအတွက် တွေ့ကြုံခံစားရချက်များကို မှတ်သားရာ၌ကား သိပ္ပံနည်းကျဖို့ အလွန်အရေးကြီး၏။ နေ့ရက်၊ အချိန်၊ နာရီနှင့်တကွ သက် သေများ၏ အတည်ပြုချက်များကို တိတိကျကျ ရေးမှတ်ထားဖို့လို၏။ အမှတ်အသားမရှိ၊ အထောက်အထား မခိုင်လုံသော အတွေ့အကြုံများသည် ယထာဘူတကျကျ သုတေသနပြုမှုအတွက် များစွာအကျိုးရှိမည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



## ဝေါဟာရများ

| | |
|---|---|
| စိတ်ဝိညာဉ် | mind, spirit, personality |
| စိတ်ဝိညာဉ် သုတေသန | psychical research |
| တယ်လီပသီ | telepathy |
| တစ္ဆေ | apparition, ghost |
| ဒိဋ္ဌဓမ္မ | fact, reality |
| ဓာတ်စီး | control |
| နိမိတ်ထင်မှု | seeing visions |
| နတ်ပွဲ | seance |
| နတ်ဝင် | medium |
| နာမ်ခန္ဓာကွဲခြင်း | dissociation of personality |
| ပရစိတ်ညာဉ် | Extra-sensory Perception (ESP) |
| ပရစိတ္တဗေဒ | parapsychology |
| ပဟေဠိစာပေ | cross-correspondence |
| ပုဏ္ဏကတိုက်ခြင်း | Poltergeist phenomena |
| ဘဝင်စိတ် | subconscious |
| ဘဝင်ကျနေမှု | trance |
| မသိစိတ် | unconscious |
| သဏ္ဍါရမ္မ | phenomenon |
| ရေကြောဝိဇ္ဇာ | dowser, water diviner |
| လူဝင်စားမှု | reincarnation |
| အတိတ်ထင်လာမှု | retrocognition |
| အတိတ်လိုလိုခံစားမှု | de javu |
| အနာဂတ်ကို သိမြင်မှု | precognition |
| အကြားအမြင်ရပုဂ္ဂိုလ် | clairvoyant, sensitive |
| အပမှီမှု | possession |
| အာရုံထင်မှု | hallucination |
| အိပ်မွေ့ချခြင်း | hypnosis |
| အုပ်စုစိတ်၊ အုပ်စုဝိညာဏ | the Group mind, Racial unconscious |
| အော်တိုမက်တစ်စာပေ | automatic writing |

BURMESE CLASSIC .com

## မှီငြမ်းပြုသော စာအုပ်များ


1. Broad, G.D. "The Mind and its place in Nature."
2. Bernstein, Morey. "The Search for Bridey Murphy."
3. Brean, Herbert. "Bridey Murphy puts a nation in a hypnotism." Life, March 19,1956
4. Carington, W.W. "Apparition" Chambers Encyclopaedia.
5. Carington, W.W. "Survial of Death." Chambers Encyclopaedia
6. Dollier, J.L "Science Probes the Mystery of PK" Readers Digest, April. 1974
7. Dingwall, E.J and Langdon-Davies. "The Unknown is it nearer?"
8. Eysenck, H.J "Sense and Nonsense in Psychology."
9. Heywood, Rosalin. "The Infinite Hive."
10. Hunt, Douglas. "Exploring the Occult."
11. Koestler, Arthur "The Lotus and the Robot."
12. Langdon-davies. "On the Nature of Man."
13. Lamont, Corliss. "The Illusion of Immortality."
14. Lodge, Sir Oliver. "Why I Believe in Personal Immortality."
15. Miller, Dewitt. "Reincarnation."
16. Montgomerry, Ruth. "Here and Hereafter."
17. Myers, F.W.H "Human Personality and its Survival of Death."
18. Osis, Karlis. "Deathbed Observations by Physicians and Nurses."
19. Smith, A.J "Immortality: the Scienrtific Evidence."
20. Stevenson, Ian. "Twenty cases suggestive of Reincarnation."


www.burmeseclassic.com

www.burmeseclassic.com



21. Stevenson, Ian. "Cultural Patterns in cases suggestive of Reincarnation among the Tlingit Indians of S.E Alaska." Journal of American Society for Psychical Research, July, 1966
22. Stevenson, Ian. "The Evidence for Survival from claimed memories of former incarnations." Journal of A.S.P.R.
23. Stevenson, Ian. "Telepethic Impercessions."
24. Story, Francis. "The Case for Rebirth."
25. Tyrrell, G.N.M. "The Personlity of Man."
26. Time Magazine. March 4, 1974
27. West, D.J "Psychical Research Today."

BURMESE CLASSIC .com

www.burmeseclassic.com